A HOME CONTEST THAT'S ALL ABOUT STYLE INSIDE

မြန်မာတိုင်း(မ)

THE MYANMARTIMES

ဝင်္ဂဒဂု

သင်ယနေ့ဖတ်ရမည့် အနာဂတ်သတင်းစာစောင် www.mmtimes.com အတွဲ ၃၁၊ အမှတ် ၆၁၀ (၁ - ၇၊ ၃၊ ၂၀၁၃)

ပြည်တွင်းငွေလဲနှုန်း လက်တွေ့စီးပွားရေးနှင့် တစ်ထပ်တည်းမကျသေး

ဝင်းကိုကိုလတ်နှင့် နေးသီတာကျော်

ပြည်တွင်းခ်ဲ လက်ရှိဘဏ္ဍာနှစ်ဆန်းပိုင်း မှစခါ တရားဝင်လက်ခံ ကျင့်သုံးလျက်ရှိသော အမေရိကန် တစ်ဒေါ်လာ ကျပ် ၈၅၀ဝန်းကျင် ငွေလဲနှုန်းသည်လက်တွေ့ စီးပွားရေးနယ်ပယ်နှင့် ပြည်သူများအတွက် တစ်ထပ်တည်း အံဝင်မှုရှိမနေသေးကြောင်းနှင့် ငွေကြေးအဖွဲ့အစည်းက ယင်းကိုမျက်ခြည်မပြတ် အကဲခတ်လေ့လာနေရမည်ဖြစ်ကြောင်း လွှတ်တော် တာဝန်ရှိသူများနှင့် စီးပွားရေးအသိုင်းအဝိုင်းက ပြောသည်။

လက်ရှိဖြစ်ပေါ်နေသော ငွေလဲနှုန်းမှာ ပြည်သူလူထုနှင့် ပြည်တွင်းသုံးစွဲမှုတန်ဖိုးကို အမှန်တကယ် အကျိုးမပြုကြောင်းနှင့် ယင်းမှာ ငွေလဲနှုန်းတွင်သာမြင့်တက်နေခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

စီးပွားရေးအတွက်၊ ပြည်သူလူထုအကျိုးစီးပွားအတွက် ဘဏ်စနစ်ကောင်းမွန်ရန်လိုသကဲ့သို့ ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒများသည်လည်း

စာမျက်နှာ ၄ သို့



သမ္မတဦးသိန်းစိန်အား နော်ဝေနိုင်ငံခြားရေးဝန်ကြီး Espen Barth Eide **နှင့်အတူ အော်စလိုမြို့တွင် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က တွေ့ရစဉ်။ အနောက်နိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာရန်အတွက် ဦးသိန်းစိန်သည် ၎င်း၏ဥရောပခရီးစဉ်အဖြစ် နော်ဝေ၊ ဖင်လန်၊ ဩစတြီးလျား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ သွားရောက်ရန် နေပြည်တော်မှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က စတင်ထွက်ခွာခဲ့သည်။** ဓာတ်ပုံ-အေအက်ဖ်ပီ



ဘုန်းတော်ကြီး ဒက်စမွန်တူးတူးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ရန်ကုန်မြို့ရှိ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် တွေ့ရစဉ်။ လူအခွင့်အရေးလှုပ်ရှားသူ ဦးမ်းချမ်းရေးနိုဗယ်ဆုရှင် ဒက်စမွန်တူးတူးသည် မြန်မာနိုင်ငံသို့ အလည်လာရောက်စဉ်အတွင်း ဦးမ်းချမ်းရေးနိုဗယ်ဆုရှင်ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သည်။ ဒက်စမွန်တူးတူးသည် တောင်အာဖရိကတွင် ၁၉၈၄ ခုနှစ်က ဦးမ်းချမ်းရေးနိုဗယ်ဆု ချီးမြှင့်ခံခဲ့ရကာ ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံနေရစဉ်အတွင်း လွတ်မြောက်ရေးအတွက် အမြဲတစေ ဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ဓာတ်ပုံ-အေအက်ဖ်ပီ

မအူပင်တွင် လယ်ယာမြေ ပြန်လည်ရယူရန် ကြိုးပမ်းမှုကို တားဆီးရာမှ ရဲတစ်ဦးသေဆုံး

နိုနိုအောင်

ဖေဖော်ဝါရီလ ၂၆ ရက် ညနေပိုင်းအချိန်က မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စုတွင် လယ်ယာမြေပြန်လည်ရယူရန် ကြိုးပမ်းသူ ကျေးရွာသားများနှင့် ၎င်းတို့အား လူစုကွဲစေရန် ပြုလုပ်ခဲ့သော ရဲတပ်ဖွဲ့ဝင်တို့ အချင်းပွားရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ကျေးရွာသား ၁၀ ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဓားခုတ်ခံရတဲ့ဒဏ်ရာနဲ့ ဒီနေ့ဆုံးသွားပါတယ်။ ဒဏ်ရာရရဲတပ်ဖွဲ့ဝင် ၂၉ ဦးရှိပြီး ရွာသားတွေဘက်က ၁၁ ဦး ဆေးရုံတင်ထားရပါတယ်။ အခုအချိန်ထိတော့ သိမ်မွေ့ညင်သာစွာနဲ့ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ ဒီနေ့အခြေအနေကတော့ ဒီကလွတ်တော် ကိုယ်စားလှယ်တွေရော၊ ပါတီတွေရော၊ လယ်သမားအသင်းတွေရော၊ လူမှုကူညီရေးအသင်းအဖွဲ့တွေ စုစုပေါင်း ၂၁ ဖွဲ့လောက် အင်အားနဲ့ပါ ကူညီနေတယ်"ဟု မအူပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီလင်းက ယခုလ ၂၇ ရက်နေ့ မွန်းလွဲ ၂ နာရီခန့်တွင် မြန်မာတိုင်း(မ)ကို ပြောသည်။

ပလောင်၊ အဓိတ်၊ ပပင်၊ ဇီးကုန်း၊ ကိုဒိုင်းကလေး စသည့် ရွာငါးရွာမှ ကျေးရွာသူရွာသားများမှာ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှစတင်၍ ၁၉၉၆ ခုနှစ်က ဆုံးရှုံးခဲ့ရသော ၎င်းတို့၏ လယ်ယာမြေများကို ပြန်လည်ရရှိရန် တောင်းဆိုကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီး ခြောက်ရက်မြောက်သော ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါနေ့ညနေ ၅ နာရီအချိန်ခန့်တွင် ရဲတပ်ဖွဲ့က လူစုခွဲရန် ကြိုးပမ်းစဉ် ရွာသားများနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ရိုက်နှက်မှုများ၊ ရော်ဘာကျည်ဆန်ဖြင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ပါတယ်။ အခြေအနေက ငါးကန်တွေချိုးတာတို့၊ မီးတွေရှို့တာတို့ လုပ်လာပြီး အပြုအမူတွေကလည်း ကြမ်းတမ်းလာတယ်။ ရွာသားတွေရဲ့ တောင်းဆိုမှုကနေ ပဋိပက္ခအသွင်ဖြစ်လာတယ်။ အဲဒီကနေမှ အကြမ်းဖက်ဆန့်ကျင်တဲ့ အသွင်ကို ဆောင်လာပါတယ်။ အဲဒါကြောင့် အခြေအနေတွေကို ထိန်းနိုင်အောင် ဥပဒေပညာရှင်တွေနဲ့

စာမျက်နှာ ၄ သို့





နေပြည်တော်အတွက် ဘတ်ဂျက်လျာထားချက် ဝေဖန်ခံရ

ဝင်းကိုကိုလတ်

သမ္မတ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်၌ ရှိသော နေပြည်တော်ကောင်စီနယ်မြေ ၂၀၁၃-၁၄ ခုနှစ်အတွက် ဘတ်ဂျက်လျာထားချက်သည် လိုအပ်သည်ထက် ပိုမိုများပြားနေသည်ဟု ယခုလ ၂၅ ရက်နှင့် ၂၆ ရက်နေ့တို့တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ပြောကြားခဲ့သည်။

"နေပြည်တော် တည်ဆောက်ရေးအတွက် မဖြစ်မနေ အသုံးပြုရမယ်ဆိုလက်ရှိလျာထားချက်ရဲ့ ၁၀ ရာခိုင်နှုန်းသာ ခွင့်ပြုသင့်ပါတယ်"ဟု ဒိုက်ဦးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေက ပြောသည်။

၂၀၁၃-၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းကဏ္ဍ လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက် ကျပ်ဘီလျံ ၅,၀၀၀ ကျော်တွင် နေပြည်တော်ကောင်စီ၏ လျာထားချက် ကျပ်ဘီလျံ ၁၇၈ ကျော်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ အဆိုပြုတောင်းခံချက် ကျပ် ၁ ဒသမ ၅ ဘီလျံ ပါဝင်နေသည်ဟု ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူက ပြောကြားခဲ့သည်။

ထို့ကြောင့် ပထမဦးစွာအနေဖြင့် နောက်ဆက်တွဲအခန်း ၂(က)ပါလုပ်ငန်းစီမံကိန်းလျာထားချက်တွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ အဆိုပြုလျာထားချက် ကျပ် ၁ ဒသမ ၅ ဘီလျံကို ခေါင်းစဉ်ပယ်ဖျက်၍ နေပြည်တော်ကောင်စီ၏ လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက် ခေါင်းစဉ်အောက်သို့ ပြောင်းလဲလျာထား သတ်မှတ်ရန် ဦးမင်းသူက အဆိုတင်သွင်းခဲ့သည်။



နေပြည်တော်ရှိ ဇီဇဝါပန်းအဝိုင်းကို ဖေဖော်ဝါရီလလယ်ခန့်က တွေ့ရစဉ်။ ဓာတ်ပုံ-ဘူးသီး

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်ကောင်စီ၏ လက်အောက်ဌာနတစ်ခုအဖြစ် သတ်မှတ်ထားနိုင်သကဲ့သို့ နိုင်ငံတော်သမ္မတ ရုံးနှင့် နေပြည်တော်ကောင်စီသည် အဆင့်တူသော သီးခြားပြည်ထောင်စု အဆင့်အဖွဲ့များဖြစ်သည်ကြောင်း တွေ့ရသည်ဟု ဦးမင်းသူက ပြောသည်။

နေပြည်တော်ကောင်စီနှင့် သက်ဆိုင်သော စီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်ကျပ် ၂၀ ဘီလျံကိုနိုင်ငံတော်သမ္မတရုံးခေါင်းစဉ်အောက်တွင် ထည့်သွင်းဖော်ပြထားသဖြင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီထောက်ပြချက်ကြောင့် နေပြည်တော်ကောင်စီမှမူနှင့် အခြေခံသဘောဆွေးနွေးရှင်းလင်းရာတွင် နေပြည်တော်ကောင်စီ လျာထားချက်တွင် ပြန်လည်ထည့်သွင်းပေးမည်ဟု ကတိပြုသွားပြီးဖြစ်သည်ဟု ဦးမင်းသူက ပြောသည်။

ထို့ပြင် လူဦးရေ တစ်သိန်းပင်မပြည့်သေးသည့် နေပြည်တော်ကောင်စီနယ်မြေတွင် ကျပ်သန်း ၁၂ ဘီလျံကျော် ကုန်ကျမည့် ခုတင် ၅၀၀ ဆံ့ ဆေးရုံသုံးရုံနှင့် ပင်စင်စား တပ်မတော်အငြိမ်းစား ဆေးရုံများ တည်ဆောက်ခြင်းအစား နိုင်ငံအနှံ့ရှိ အမှန်တကယ်လိုအပ်နေသည့် အနေးကြီးသော ဆေးရုံတိုးချဲ့မှုလုပ်ငန်းများအတွက် လွှဲပြောင်းအသုံးပြုရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက တိုက်တွန်းခဲ့သည်။

ပြည်နယ်ခုနစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုကျပ် ၁၂ ဘီလျံကျော်သာဖြစ်ပြီး နေပြည်တော် ရင်းနှီးမြှုပ်နှံမှု၏ ၆၈ ဒသမ ၈၃ ရာခိုင်နှုန်းသာရှိသည့်အတွက် ဆင်းရဲနွမ်းပါးမှုကွာဟမှု လျှော့ချရေးအတွက် နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုတစ်ဝက်ခန့်ကို ပြည်နယ်ခုနစ်ခုသို့ လွှဲပြောင်းပေးရန် ဒေါက်တာဗညားအောင်မိုးက တင်ပြခဲ့သည်။

၂၀၁၃-၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် နေပြည်တော်ကောင်စီ၏ လုပ်ငန်းလျာထားချက် ၂၀ အနက် လျာထားငွေ ကျပ်သန်း ၁၇၈,၃၀၀ အနက် ၂၂ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းကြား လျှော့ချခွင့်ပြု၍ ယင်းငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးများ၌ လျာထားအသုံးပြုရန်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းအား ပြန်လည်ရေးဆွဲတင်ပြရန် ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူးဦးမောင်တိုးက ပြောသည်။

နေပြည်တော်ကောင်စီ နယ်မြေတွင် ၂၀၁၄ အာဆီယံအစည်းအဝေးအတွက် တည်ဆောက်နေသော ရှူဘီဟော၊ သီရိငါးမြို့နယ်တွင် အိမ်ရာများ၊ မြို့ကွက်သစ်တည်ဆောက်ရေးများအတွက် ကျပ်ဘီလျံ ၈၀ နှင့် တစ်မိုင်လျှင် ၇၇၂ သန်း ကုန်ကျမည့် နေပြည်တော်လမ်းများ ဖောက်လုပ်ရေးအတွက် ကျပ်ဘီလျံ ၈၀ ခန့် လျာထားသော်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ၁၈ ဘီလျံခန့်သာ လျာထားသတ်မှတ်ထားသည်ဟု ကိုယ်စားလှယ်များက ပြောသည်။

"နိုင်ငံတော်အတွက်နဲ့ ဝန်ထမ်းပြည်သူများအတွက် အဆောက်အအုံအိမ်ရာအသစ်များ တည်ဆောက်ရေးအတွက် အထူးစိစစ်ဖြတ်တောက်ရန် မလိုအပ်သော်လည်း နေပြည်တော်လမ်းများ ဖောက်လုပ်နေမှုအတွက် စိစစ်ဖြတ်တောက်ရန် လိုပါတယ်" ဟု ဦးမင်းသူက ပြောသည်။ ■

ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ အရှိန်မြှင့်တင်ဆောင်ရွက်ရေး ကူညီရန် ကနေဒါ ကတိပြု

ကနေဒါအစိုးရမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုလိုက်ပြီး အဆိုပါလုပ်ငန်းစဉ်များအား အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပါလီမန်ဆိုင်ရာ အတွင်းဝန် Mr.Dee pak Obhrai က ကတိပေးပြောကြားလိုက်သည်။

အဖွဲ့ဝင် ၁၄ ဦးပါဝင်သော ကနေဒါလ ၁၆ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်လေ့လာခဲ့ရာ အဆိုပါ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ လွှတ်တော်ရေးရာ တာဝန်ရှိသူများ၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အခြားသောအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ အခု ဒီကိုလာတာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းတွေမှာ ကူညီဖို့ပါ။ ကနေဒါနိုင်ငံဟာ လွှတ်တော်ရေးရာကိစ္စရပ်တွေ ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အတွေ့အကြုံရှိပြီးသားပါ။ ဒီအတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ လွှတ်တော်ဆိုင်ရာ အရေးကိစ္စတွေမှာ ကူညီပေးဖို့ကတိပြုပါတယ်" ဟု Mr.Dee pak Obhrai က မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

Mr.Dee pak Obhrai က ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အဓိကကျသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရေးအတွက် မိမိတို့တတ်နိုင်သလောက် အစွမ်းကုန်ကူညီသွားမည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပခြင်း၊ အခွန်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာ စသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်ကျကောင်းမွန်သည့် အလေ့အထ ဖြစ်ထွန်းရန် ရည်ရွယ်ကြောင်း ပြောသည်။

"လက်ရှိဆောင်ရွက်နေတဲ့ ဒီမိုကရေစီကျကျ ပြုပြင်ပြောင်းလဲမှုတွေကို အားရစရာတွေရှိပေမယ့် တိုင်းရင်းသားလူမျိုးစုပြဿနာ၊ လူအခွင့်အရေးဆိုင်ရာ ပြဿနာတွေနဲ့ သတင်းလွတ်လပ်ခွင့် စတဲ့ပြဿနာတွေကို ဆက်လက်ဖြေရှင်းဖို့ လိုအပ်နေပါသေးတယ်"ဟု Mr.Dee pak Obhrai က ပြောသည်။

ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံအပေါ် ၂၀၀၇ ခုနှစ်မှစတင်ခါ စီးပွားရေးအရ ကုန်သွယ်မှုပိတ်ပင်ထားရာ ၂၀၁၂ ခုနှစ်၊ ဧပြီလအတွင်း အနည်းငယ်ဖြေလျှော့မှုများ ပြုလုပ်ခဲ့သော်လည်း လက်နက်ရောင်းဝယ်မှုအပါအဝင် အချို့သောအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်အချို့အား ဆက်လက်ပိတ်ပင်ထားဆဲပင် ဖြစ်သည်။

အိအိတိုးလွင်



တောင်သူလယ်သမားဆိုင်ရာ ကြေညာချက် သမ္မတနှင့်တာဝန်ရှိသူများထံ အကြံပြုတောင်းဆို

အိအိတိုးလွင်

"မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ"ကို ရန်ကုန်မြို့တွင် နှစ်ရက်တာကျင်းပခဲ့ရာ ဆွေးနွေးပွဲအပြီးတွင် ထွက်ပေါ်လာသောကဏ္ဍခြောက်ခုပါဝင်သည့် ကြေညာချက်အား နိုင်ငံတော်သမ္မတအပါအဝင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများထံ အကြံပြုတောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမား၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၆ အထိ ကျင်းပခဲ့သော အဆိုပါနှီးနှောဖလှယ်ပွဲတွင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ လယ်သမားအရေးလှုပ်ရှားဆောင်ရွက်သူများ၊ နိုင်ငံရေးသမားများ၊ စိုက်ပျိုးရေး၊ မိုးလေဝသနှင့် ဥပဒေပညာရှင်များအပါအဝင် လူဦးရေနှစ်ရာခန့် တက်ရောက်ကာ တောင်သူလယ်သမားများ၏ လက်ရှိကြုံတွေ့နေရသောအခက်အခဲများ၊ တောင်သူရေရာမှုဝါဒများ၊ ဥပဒေများကို ဆွေးနွေးခဲ့ကြသည်။

"တောင်သူလယ်သမားတွေ ကြုံတွေ့နေရတဲ့အခက်အခဲ၊ အောင်မြင်မှု၊ ဆန္ဒတွေကို တစ်စုတစ်စည်းတည်း ပေါ်ထွက်လာစေချင်တဲ့အတွက် တစ်နိုင်ငံလုံးက တောင်သူလယ်သမားတွေ ပါဝင်တဲ့ ဒီပွဲကိုကျင်းပဖြစ်တာ။ တောင်သူလယ်သမားတွေအတွက် အဓိကအရေးကြီးတဲ့ ကဏ္ဍခြောက်ခုအပေါ် အခြေခံဆွေးနွေးကြတာပါ။ ဆွေးနွေးပွဲအပြီးထွက်ပေါ်လာတဲ့ကြေညာချက်ကိုလည်း မကြာခင် တာဝန်ရှိတဲ့သူတွေလက်ထဲ ရောက်အောင် ပို့သွားဖို့ အားလုံးသဘောတူခဲ့တယ်"ဟု ပြင်ဦးလွင်တောင်သူလယ်သမား အသိပညာဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ ကိုစည်သူက ပြောသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲ၌ ပါဝင်ဆွေးနွေးသူတစ်ဦး။ ဓာတ်ပုံ-ဘူးသီး

နှစ်ရက်တာကာလအတွင်း တောင်သူလယ်သမားများသည် တောင်သူနှင့် စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးရေးမူဝါဒ၊ လယ်ယာမြေဆုံးရှုံးမှု၊ လယ်ယာမြေဥပဒေ၊ ချေးငွေနှင့်အာမခံစျေးကွက် စသည့်ကဏ္ဍခြောက်ခုနှင့် ပတ်သက်၍ တောင်သူများ လက်ရှိကြုံတွေ့နေရသောပြဿနာများနှင့် အစိုးရသို့အကြံပြုတောင်းဆိုချက်များကို ထည့်သွင်းကာ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ လယ်သမားတွေအတွက် စိန်ခေါ်နေတဲ့ အခက်အခဲဆိုတာက လယ်ယာမြေသိမ်းဆည်းမှု တစ်ခုတည်းမဟုတ်ဘူး။ ချေးငွေနဲ့စိုက်ပျိုးရေးမူဝါဒတွေ၊ အာမခံချက်ရှိတဲ့စျေးကွက်ဖြစ်ထွန်းလာဖို့စတဲ့အချက်တွေကလည်း အရေးပါတဲ့ အချက်တွေပါပဲ"ဟု တောင်သူ ကိုရဲထင်ကျော်က ပြောသည်။

တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရာတွင် ခေတ်နှင့်လျော်ညီသော အသိပညာအားနည်းသဖြင့် အစိုးရမှ စနစ်တကျ စိုက်ပျိုးနည်းပညာများပံ့ပိုးပေးရန်၊ လယ်ယာမြေမှုခင်းဖြစ်သော မြေပိုင်ဆိုင်မှုပြဿနာများ ရှိနေပါက လယ်ယာမြေ မှတ်ပုံတင်ကာလကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းပေးရန်၊ ခွဲခြားမှုမရှိဘဲ အတိုးမဲ့ခွဲစရှည်ချေးငွေ ထုတ်ပေးရန်၊ စစ်တပ်၊ ကုမ္ပဏီနှင့် အစိုးရဝန်ကြီးဌာနများမှ စီမံကိန်းများအကြောင်း ပြကာ တောင်သူလယ်သမားများထံမှ သိမ်းယူထားသော လယ်ယာမြေများအား လယ်မြေ၊ ယာမြေမခွဲခြားဘဲကာလပေါက်စျေးနှင့်အညီ အပြည့်အဝပေးရန်၊ လယ်ယာမြေဥပဒေပါ အချို့အချက်များအား ပြင်ဆင်ပြဋ္ဌာန်းပေးရန်စသည့် ၎င်းတို့၏အခက်အခဲများအား တင်ပြတောင်းဆိုခဲ့ကြသည်။

"ကျွန်တော်တို့ အခုအားလုံးသဘောတူထားတာက အခုကျွန်တော်တို့ပြန်ရောက်တာနဲ့ ကိုယ့်လယ်မြေတွေကို တစ်ပြိုင်တည်းမှတ်ပုံတင်ဖို့ပဲ"ဟု ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်မှ တောင်သူ ဦးအောင်ကြီးက ပြောသည်။

ထို့ပြင် အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားကွန်ရက်တစ်ခုဖွဲ့စည်းရန် တက်ရောက်လာသော ကိုယ်စားလှယ်များက သဘောတူခဲ့ကြောင်း သိရသည်။

"ပြဿနာတွေကတော့ အများကြီးပါပဲ။ အခုလိုမျိုးလုပ်တဲ့အတွက် စကားပြောခွင့်တွေရတယ်။ အားလုံးပါဝင်တဲ့ အတွက်လည်း တိုင်းရင်းသားအားလုံး ပါဝင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကိုဖော်ဆောင်ဖို့ခိုင်မာတဲ့မူဝါဒတွေ ပေါ်ပေါက်လာမယ်လို့ ယုံကြည်တယ်။ အားလုံးရဲ့ ဆန္ဒသဘောထားတွေကို တစုတစည်းတည်း ထွက်ပေါ်လာဖို့ မျှော်လင့်တယ်"ဟု ကချင်ပြည်နယ်မှ တောင်သူဦးလဖိုင်ဇော်တောင်က ပြောသည်။ ■

ဝန်ထမ်းလစာတိုးပေးနိုင်ရေး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒုတိယအကြိမ် တိုက်တွန်း

ဝင်းကိုကိုလတ်

နိုင်ငံ့ဝန်ထမ်းများအတွက် လစာငွေနှင့် ထောက်ပံ့ငွေပေးနိုင်ရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းစိစစ် ဆောင်ရွက်လျှင် ဖြစ်နိုင်ခြေရှိကြောင်းကို လေ့လာတွေ့ရှိထားပြီး လွှတ်တော်သို့တင်ပြလာလျှင် အတည်ပြုပေးသင့်သည်ဟုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖေဖော်ဝါရီလ ၂၅ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

"လွှတ်တော်ကို တင်ပြလာမယ့် သာမန်အသုံးစရိတ်ငွေများကို စိစစ်ပြီး အမှန်တကယ်လိုအပ်မှာနဲ့ မလိုအပ်သေးတာတွေကို ခွဲခြားကာ စိတ်ကောင်းစေတနာဖြင့် တာဝန်ယူ၊ တာဝန်ခံပြီး ရုံးအဆင့်အတန်းအလိုက် လျော်ညီစွာ အသုံးပြုရန် သင့်တင့်မျှတသော ရုံးအသုံးစရိတ်၊ အထွေထွေစရိတ်၊ ဝန်ထမ်းများ၏ နေ့တွက်စရိတ်၊ ခရီးစရိတ်၊ အခြားစရိတ်များကို စိစစ်တိုးမြှင့်ပေးဖို့နဲ့ တကယ်လို့ငွေပိုနေသေးရင် ဝန်ထမ်းများအတွက် လစာငွေနဲ့ ထောက်ပံ့ငွေပေးနိုင်ရေးအတွက် သက်ဆိုင်ရာတို့နဲ့ ညှိနှိုင်းစိစစ်ဆောင်ရွက်ရင် ဖြစ်နိုင်ခြေရှိနိုင်ကြောင်းကိုလည်း လေ့လာတွေ့ရှိထားပါတယ်"ဟု သူရဦးရွှေမန်းက တိုက်တွန်းခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများ လက်ရှိရရှိနေသော လုပ်ခ၊ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများသည် ယနေ့ခေတ်ကာလနှင့်လိုက်လျောညီထွေမရှိသဖြင့် ထိုက်သင့်သလို အလျင်အမြန်တိုးပေးရန် ပြီးခဲ့သည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပထမဆုံးအကြိမ်အဖြစ် တိုက်တွန်းခဲ့ဖူးသည်။

ယမန်နှစ် ဘတ်ဂျက်အစည်းအဝေး ကာလတွင် ဆွေးနွေးခဲ့ကြသည့်အတွက် နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ငွေ ကျပ် ၃၀,၀၀၀ ပေးနိုင်ခဲ့သည်။

ယမန်နှစ်က ရရှိခဲ့သည့် ထောက်ပံ့ငွေကိုလစာငွေအဖြစ်လည်းကောင်း၊ ထပ်၍ သာမန်အသုံးငွေမှစိစစ်၍ စိစစ်ပြီး ရရှိလာသောငွေကို ထောက်ပံ့ငွေအဖြစ်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါကြောင်းကို ပြသဖော်ဆောင်နိုင်မည်ဖြစ်သည်ဟု သူရဦးရွှေမန်းက ပြောကြားသည်။

"ဒါကြောင့် နောက်ဘဏ္ဍာနှစ်မှာ လစာတိုးပေးမယ်ဆိုတဲ့ကတိစကားများကို လွှတ်တော်ကိုယ်စားလှယ်များက မှတ်သားပြီး ယခုလွှတ်တော်အတွင်းမှာ ဆွေးနွေးတောင်းဆိုမှုများဟာလည်း အစိုးရအပေါ်နဲ့ နိုင်ငံ့ဝန်ထမ်းများအပေါ် စေတနာထားခြင်းဖြစ်သလို နိုင်ငံကောင်းအောင် ဆွေးနွေးတောင်းဆိုခြင်းပဲလို့ မှတ်ယူလက်ခံပြီး ကျေးဇူးလည်း တင်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

"ကိုယ့်နိုင်ငံမှာ သင်ကြားတတ်မြောက်ထားတဲ့ ပညာနဲ့ အစိုးရဝန်ထမ်းအဖြစ် ဝင်လုပ်မယ်ဆိုရင် ရတဲ့လစာနဲ့ စရိတ်က ဘဝရပ်တည်ရှင်သန်ရေးအတွက် အခက်အခဲရှိလို့ နိုင်ငံခြားကို ထွက်ခွာသွားနေတာတွေ ဘယ်လောက်ရှိပြီလဲ။ တချို့ကျတော့ အပြင်မှာလည်း အလုပ်မရှိ။ အလုပ်မရ။

"ဒါကြောင့် ဒီမှာကပ်ပြီး ဖြစ်သလိုလုပ် ဖြစ်သလို နေနေရတာတွေ ဘယ်လောက်များနေလဲ"ဟု သူရဦးရွှေမန်းက ပြောသည်။ ■



MCM
MYANMAR CONSOLIDATED MEDIA Ltd.
အယူဆောင်အရာရှိချုပ်နှင့် စာတည်းမှူးချုပ် (မြန်မာ) ဒေါက်တာတင်ထွန်းဦး
management@myanmartimes.com.mm
drtto@myanmartimes.com.mm
စာတည်းမှူးချုပ် (အင်္ဂလိပ်) ရော့(စ်)ဒန်ကလီ
rsdunkly@gmail.com
စီမံခန့်ခွဲမှုအရာရှိချုပ် ဝေလင်း
wailin@myanmartimes.com.mm
စီမံခန့်ခွဲမှုကော်မတီ ဒေါက်တာတင်ထွန်းဦး (ဥက္ကဋ္ဌ)
စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ ဒေါက်တာခင်မိုးမိုး၊ ရော့စ်ဒန်ကလီ၊ ဘေလ်ကလောက်၊ ဦးမင်းစိန်၊ ဦးဝေလင်း၊ သောမတ်စ်ကင်း(နှ်)၊ ဦးဇော်မြင့်
စာတည်းမှူး (မြန်မာ) ဇော်မြင့်
editormtm@myanmartimes.com.mm
စာတည်းမှူး (အင်္ဂလိပ်) သောမတ်စ်ကင်း(နှ်)
စာတည်းမှူး (အထူးအချပ်ပို့) မျိုးလွင်
myolwin@myanmartimes.com.mm
ဒု–စာတည်းမှူး ဆန်းဦး
sannoo@myanmartimes.com.mm
အကြီးတန်းစာတည်း မြင့်မိုး၊ မောင်သွေးသစ်
အတိုင်ပင်ခံစာတည်း မသိဂီ
ဒု–သတင်းစာတည်း ကျော်ဆုမွန့်
စီးပွားရေးစာတည်း (အင်္ဂလိပ်) စတူးဝပ်ဒီ
အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်
အိမ်ခြံမြေစာတည်း ထားထားဆင်
property@myanmartimes.com.mm
အားကစားစာတည်း ထွန်းနေအောင်
sports@myanmartimes.com.mm
လူမှုဘဝစာတည်း (အင်္ဂလိပ်) ဒေါက်ကလပ်လောင်း
လူမှုဘဝစာတည်း မို့မို့သော်
timeout2@myanmartimes.com.mm
နိုင်ငံတကာစာတည်း တင်မိန်
ဘာသာပြန်ဌာနတာဝန်ခံ ကိုကို
ဓာတ်ပုံဌာန (မန်နေဂျာ) ကောင်းထက်
ဓာတ်ပုံသတင်းထောက်များ ဘူးသီ၊ ကိုတိတ်
မန်နေဂျာ (အထူးစီမံကိန်းများ) ဝေလင်း
wailin@myanmartimes.com.mm
စာအုပ်ထုတ်ဝေရေးအတိုင်ပင်ခံစာတည်း လှမိုး
စာအုပ်ထုတ်ဝေရေးစာတည်း ဝင်းထွန်း
မန္တလေးရုံးခွဲ
mdybranch@myanmartimes.com.mm
နေပြည်တော်ရုံးခွဲမန်နေဂျာ စိုးသန်းလင်း
capitalbureau@myanmar.com.mm
ထုတ်လုပ်ရေးမန်နေဂျာနှင့်
စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ အောင်ကျော်ဦး
production@myanmartimes.com.mm
လ/ထ စာပေစိစစ်ရေးဆက်သွယ်ရေးအရာရှိ ရဲမင်းသူ
ကြော်ငြာဒီဇိုင်းတာဝန်ခံ တင်ဇော်ထွေး
ပုံနှိပ်ဌာနမှူး ဌေးမောင်
printing@myanmartimes.com.mm
ကုန်လှောင်ရုံမန်နေဂျာ ရဲလင်းဌေး
မန်နေဂျာ (ပုံနှိပ်စက်) ခင်မောင်
ကြော်ငြာဌာနဒါရိုက်တာ ခင်သန္တာဌေး
advertising@myanmartimes.com.mm
ကြော်ငြာအရောင်းတာဝန်ခံ ညီညီထွန်း
အရောင်းမန်နေဂျာ (Classies) ခင်မွန်မွန်ရည်
ငွေစာရင်းမန်နေဂျာ မွန်မွန်သာဆိုင်
finance@myanmartimes.com.mm
စီမံရေးရာမန်နေဂျာ နန်းမေစိုကျော်
administration@myanmartimes.com.mm
ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး(မြေ–၀၄၁၄၂)
အိုင်တီမန်နေဂျာ ခင်မောင်သော်
webmaster@myanmartimes.com.mm
ဖြန့်ချိရေးဒါရိုက်တာ ဂျေဆီဂေ့ချ်
distmgr@myanmartimes.com.mm
circulation@myanmartimes.com.mm
ကြော်ငြာနှင့် လပေးဝယ်ယူရေး ကိစ္စများ ဖုံစမ်းရန်
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈၊ ဖက်စ် (၉၅၁) ၂၅၄ ၁၅၈
Email: management@myanmartimes.com.mm
မြန်မာတိုင်း(ပြ)သတင်းနှင့် စီးပွားရေးဂျာနယ်ကို မြန်မာကွန်ဆိုလီဒိတ်တက် ပီဒီယာ (Myanmar Consolidated Media) က ပိုင်ဆိုင်ငြီး ၎ခေစင် ပုံနှိပ်တိုက် (၁၃၆၈) နှင့် စွယ်ဆုံပီဒီယာ (၀၈၁၂) က တာဝန်ယူ ပုံနှိပ်ထုတ်ဝေ ပါသည်။ ခေါင်းစီးစာသားမှာ အင်္ဂလိပ်ဘာသာအားဖြင့် The Myanmar Times ဖြစ်ပြီး မြန်မာဘာသာအားဖြင့် မြန်မာတိုင်း(ပြ)ဟူ၍ ဖြစ်ကာ မြန်မာတိုင်း(ပြ)၏အမှတ်တံဆိပ်လိုဂို (Logo) အပါအဝင် သက်ဆိုင်သော သင်္ကေတအမှတ်အသားများအားလုံးကိုလည်းကောင်း၊ စာစောင်များတွင် ပါရှိသော သတင်း၊ ဓာတ်ပုံ အစရှိသည့် အကြောင်းအရာအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း မြန်မာကွန်ဆိုလီဒိတ်တက် ပီဒီယာ (Myanmar Consolidated Media) ၏ စာဖြင့် ရေးသားခွင့်ပြုချက်မပါဘဲ ပြန်လည် ကူးယူဖော်ပြခြင်း မပြုကြရန်။
MCM
Myanmar Consolidated Media Ltd.
www.mmtimes.com
၃၈၉/၃၈၃၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း (၉၅၁) ၂၅၃ ၆၄၂၊ ၃၉၂ ၉၂၈။ ဖက်စ်(၉၅၁) ၂၅၄ ၁၅၈
မန္တလေးရုံးခွဲ– အမှတ် ၁၃၈၊ ၎၄လမ်း(၃၁ နှင့် ၃၂လမ်းကြား)၊ ချမ်းအေးသာစံ၊ မန္တလေး။ ဖုန်း (၀၂) ၂၄၄၅၀၊ ၆၅၃၉၁၊ ၆၅၃၉၂။ ဖက်စ် (၀၂) ၂၄၄၆၀
နေပြည်တော်ရုံးခွဲ– အမှတ် ၁၀/၎၂၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်အောင် (၁)ရပ်ကွက်၊ ပျဉ်းမနား။ တယ်လီဖုန်း (၀၆၇) ၂၃၀၆၄၊ ၂၃၀၆၅။



မအူပင်တွင် လယ်ယာမြေ ပြန်လည်ရယူရန် . . .

စာမျက်နှာ ၁ မှ

တိုင်ပင်ပြီး ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့ရပါတယ်။

"ဥပဒေနဲ့အညီ ပုဒ်မထုတ်ပြီးသွားပေမယ့် လူစုမကွဲသေးတဲ့အတွက် ညနေပိုင်းမှာ ရဲတွေက ဒိုင်းတွေနဲ့တိုးပြီး လူစုကွဲအောင် လုပ်တယ်။ လူတွေက ဖယ်ပေးလိုက်ပြီးတော့ ရဲတွေလွန်သွားပြီဆိုမှ ဝိုင်းရိုက်တဲ့အနေအထားမျိုးဖြစ်သွားတယ်။ ပထဝီအနေအထားအရ အခင်းဖြစ်တဲ့နေရာက ကျဉ်းကျပ်တော့ ရဲတပ်ဖွဲ့ဝင်အတော်များများ ထိခိုက်ဒဏ်ရာရတယ်။ အဲဒီမှာ ရဲတွေက ရော်ဘာကျည်ဆန်တွေနဲ့ ပြန်ပစ်တယ်။ ရွာသား ၁၅၀ နီးပါး ကို ရဲအင်အား ၁၀၀ နဲ့ လူစုခွဲခဲ့တာပါ"ဟု ဦးညီညီလင်းက ပြောသည်။

သို့သော် အဆိုပါဖြစ်ရပ်တွင် ပါဝင်ခဲ့သူ ပလောင်ရွာမှ ကိုမောင်ကြိုင်ကမူ ရဲတပ်ဖွဲ့ဝင်များဘက်က ကျေးရွာသူ အမျိုးသမီးများအား စတင်ရိုက်နှက်သဖြင့် ရွာသားများက ပြန်လည်ခုခံရာမှ ဖြစ်ပွားခြင်းဖြစ်သည်ဟု ဆိုသည်။

"ကျွန်တော်တို့ လုပ်ကိုင်နေရင်းကနေ ယူသွားတဲ့လယ်တွေကိုတကယ်လည်း ဘာမှမလုပ်ထားပါဘူး။ နှစ်ပေါင်းများစွာ အဲဒီမြေအများစုကို ပစ်ထားပြီးတော့ လယ်ယာမြေတွေမှာ ရေတွေဝင်နေတယ်။ မြက်ပင်၊ ပေါင်းပင် အရှည်ကြီးတွေ ပေါက်နေတယ်။ အဲဒီတော့ လယ်စိုက်လို့ ရအောင်ဆိုပြီး ကျွန်တော်တို့ ၂၂ ရက်နေ့က ရေတွေထွက်သွားအောင် တာရိုးတွေ ဖောက်ချ လိုက်တယ်။ မြက်ပင်၊ ပေါင်းပင်တွေကို မီးရှို့ ရှင်းလင်းတယ်။ ၂၃ ရက်လောက်ကတည်းက ရဲတွေရောက်လာပြီး နောက်ဆုတ်ပေးဖို့ လုပ်ထားတဲ့ မြောင်းတွေ ပြန်ပိတ်ပေးဖို့တွေ ပြောတယ်။ နောက်ပြီး ဝါးစည်းရိုးကာပြီး ရွာသားတွေ ဝင်မလာဖို့ပြောတယ်။ ကျွန်တော်တို့ မဝင်ပါဘူး။ ၂၆ ရက်နေ့ ညနေမှာတော့ ရဲတွေက အဲဒီဝါးစည်းရိုးကနေ ထွက်လာပြီး လူစုခွဲတယ်။ ကျွန်တော်တို့ နှစ်ဖက်ခွဲပြီး ရှောင် ပေးလိုက်တော့ အမျိုးသမီးတစ်ယောက်ကို စရိုက်တယ်။ ကျွန်တော်တို့ဘက်က ပြန်ခုခံတော့ သေနတ်နဲ့ စပစ်တယ်" ဟု ကိုမောင်ကြိုင်က ပြောသည်။

အခုအချိန်ထိတော့ သိမ်မွေ့ညင်သာစွာနဲ့ ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ ဒီနေ့အခြေအနေကတော့ ...

စုစုပေါင်း ဧက ၄၆၀ ကျော် အဆိုပါလယ်မြေများမှာ ယခင်က မြေလွတ်မြေရိုင်းများ ဖြစ်ခဲ့ဖူးပြီး ညောင်တုန်းကျွန်း ရေနက်ကွင်းဖော်ထုတ်ရေးစီမံကိန်းဟု ဆိုကာ လယ်စိုက်စေခဲ့ကြောင်း၊ ရွာလေးရွာမှ လယ်သမား ၂၀၀ ကျော်မှာ အဆိုပါမြေများအား ကိုယ်တိုင်ခုတ်ထွင်ရှင်းလင်းကာ လယ်ယာမြေအဆင့်ရောက်အောင် ပြုပြင်စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို သုံးနှစ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၉၆ ခုနှစ်တွင် အော့ချတ်ဒ်ကုမ္ပဏီက ၎င်းတို့ပိုင်မြေများဖြစ်သည်ဟုဆိုကာ သိမ်းယူခဲ့ကြောင်း၊ လယ်ယာမြေများအား မြေတူးစက်ဖြင့် ဖျက်ဆီးခဲ့ပြီး အများစုကို အသုံးမချဘဲထားခဲ့ကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့ ငါးကန်တွေကို ဖျက်ဆီးခဲ့တာ မဟုတ်ဘူး။ တကယ် ငါးမွေးတဲ့ကန်၊ ငါးရှိတဲ့ကန်က မီးရှို့လို့မရဘူး။ ကျွန်တော်တို့က ဘာမှမလုပ်ဘဲထားတဲ့ နွံတွေနဲ့ ကန်ကိုပဲ ရေဖောက်ချခဲ့တာ"ဟု ပလောင်ရွာမှ ကိုကျော်ဌေးက ပြောသည်။

"ကျွန်တော့်ကို ချွန်တဲ့အရာတစ်ခုခုနဲ့ ထိုးလိုက်တယ်။ အခြေအနေက ရှုပ်နေတော့ ဓားလား၊ ဘာလဲ မသေချာဘူး။ သေနတ်မှန်တာ နှစ်ယောက်ရှိတယ်။ ရော်ဘာကျည်ဆန်ဆိုပေမယ့် ဝါးကိုင်းတောင် ပြတ်တယ်။ ၁၉၉၆ တုန်းက ကုမ္ပဏီနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ပေါင်းပြီး သိမ်းလိုက်တော့ ကျွန်တော်တို့တွေ နေစားလုပ်လိုက်၊ စပါးရိတ်ချိန်ကျရင် သွားကူလိုက်၊ ဝိုင်းလုပ်ဝိုင်းစားအဖြစ်နဲ့ နေခဲ့ရတယ်။ ဘယ်မှလည်း တိုင်လို့ ပြောလို့မရခဲ့ဘူး"ဟု တံတောင်ဆစ်နှင့် လက်ဖျံမှ ဒဏ်ရာများကြောင့် မအူပင်ဆေးရုံတွင် တက်ရောက်ကုသနေသူ ကိုကျော်ဌေးက ပြောသည်။

"လက်ရှိအခြေအနေကတော့ ဆေးရုံတင်ထားရတာ ရွာသား ၁၅ ဦး ရှိပါတယ်။ အမျိုးသမီး ငါးဦးပါတယ်။ အပြင်မှာလည်း ထိခိုက်ဒဏ်ရာရတဲ့သူတွေ ရှိနေပါတယ်။ ဆေးရုံတင်ရတဲ့အထိ မဟုတ်ပေမယ့် လန့်ပြီး တောထဲမှာ သွားပုန်းနေတဲ့သူတွေထဲမှာရော၊ အပြင်မှာ ရှိနေတဲ့သူတွေထဲမှာပါ ဒဏ်ရာရသူတွေ တော်တော်များများ ရှိတယ်"ဟု ဒဏ်ရာရသူများအား ဆေးကုသရန်အတွက် အကူအညီပေးနေသော မအူပင်မြို့နယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းကွန်ရက် (Maubin NGO network)မှ ကိုသူက ယခုလ ၂၇ ရက်နေ့တွင် မြန်မာတိုင်း(မ်)ကို ပြောသည်။

"ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၄ ဆိုတာ အကျဉ်းချုံးပြောရရင်တော့ တားဆီးနှောင့်ယှက်ထိခိုက်ခြင်းဖြစ်သည့်အရာကို ဖြစ်စေ၊ ဟန့်တားနှောင့်ယှက်ခြင်းဖြစ်သည်ဟု စိုးရိမ်ရန်ရှိသည့်အရာကိုဖြစ်စေ၊ လူအသက်၊ ကျန်းမာမှု၊ သို့မဟုတ် လုံခြုံမှုကို ထိခိုက်အန္တရာယ်ဖြစ်စေမည့် လက္ခဏာရှိသည့်အရာကိုဖြစ်စေ စသဖြင့် မဖြစ်ပွားစေရန် တားဆီးနိုင်တဲ့ ဥပဒေလို့ ပြောနိုင်ပါတယ်။ အသေးစိတ်ကိုတော့ ဥပဒေစာအုပ်ထဲမှာ သေချာလေ့လာမှရမယ်။ ဒီဥပဒေကို ရုန်းရင်းဆန်ခတ်မှု လက်စွဲပါ စာအုပ်နဲ့အညီ တာဝန်ပေးအပ်ခံရတဲ့ တရားသူကြီး၊ သို့မဟုတ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအရာရှိ တစ်ဦးဦးက ဆောင်ရွက်နိုင်တယ်"ဟု တရားလွှတ်တော်ရှေ့နေ၊ စာရေးဆရာ ဦးဟန်ညွန့် (ဥပဒေ)က ပြောသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းကမူ ယခုကိစ္စသည် ယခင်အစိုးရလက်ထက် မြေယာအမှုမှစတင်ခဲ့ ဖြစ်ပွားလာခြင်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ လယ်ယာမြေကော်မရှင်များနှင့် ညှိနှိုင်း၍ တရားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။ ■

ပြည်တွင်းငွေလဲနှုန်း လက်တွေ့စီးပွားရေးနှင့် . . .

စာမျက်နှာ ၁ မှ

အရေးကြီးပြီး နိုင်ငံငွေကြေးတန်ဖိုး မလိုအပ်ဘဲ မြင့်မားအောင် ဖန်တီးပြုလုပ်မှုကို လက်မခံဘဲ နိုင်ငံစီးပွားရေး ဆက်လက်ကောင်းနေအောင် ငွေလဲလှယ်နှုန်းကို သင့်တော်သလို ထိန်းညှိပေးခြင်းကို မကျင့်သုံးခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မေးခွန်းထုတ်လိုက်သည်။

"ငွေလဲလှယ်နှုန်းကို သင့်တော်သလို ထိန်းညှိပေးလို့ စီးပွားရေးကောင်းလာပြီး ဆက်လက်ကောင်းအောင်လည်း ဆောင်ရွက်နိုင်တဲ့နိုင်ငံများကို သိသာထင်ရှားစွာ တွေ့မြင်နေပါလျက်နဲ့ ကျွန်တော်တို့နိုင်ငံဟာ ထိုနိုင်ငံများကဲ့သို့ ဘာလို့ မကျင့်သုံးနိုင်ရတာလဲဆိုတဲ့ မေးခွန်းတွေမေးစရာဖြစ်လာပါတယ်"ဟု သူရဦးရွှေမန်းက ယခုလ ၂၅ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် အလုပ်သမားများ၏ဝင်ငွေ တစ်ဦးချင်းကို နိုင်ငံခြားငွေနှင့်ဖော်ပြရာတွင် အမြင်ကောင်းအောင်၊ ကိန်းဂဏန်းများစေရန် တစ်ဒေါ်လာငွေလဲနှုန်း ကျပ် ၈၅၀ ဝန်းကျင်တွင်ပဲ ထားနေခြင်းလား၊ တစ်ဒေါ်လာ ကျပ် ၉၅၀၊ ကျပ် ၁,၀၀၀ နှုန်းဝန်းကျင် ထားရှိဆောင်ရွက်မှ နိုင်ငံနှင့်ပြည်သူအတွက် ကောင်းမည်ကို သိလျက်နှင့် မျက်ကွယ်ပြုနေကြတာလားဆိုသည့် အသံများ၊ ပြည်တွင်းစိုက်ပျိုးရေး၊ မွေးမြူရေးသမားများသာမက ကုန်ထုတ်လုပ်သူ စီအမ်ပီလုပ်ခ လစာ စားနေသူများသည် ငွေလဲလှယ်နှုန်းကြောင့် အခက်အခဲများဖြစ်နေသည်ကို မျက်ကွယ်ပြုထားခြင်းသည်ကောင်းကြသလား၊ တာဝန်ကျေကြသလားဆိုသည့် ငြီးတွားသံတွေ ကြားသိနေရကြောင်း ၎င်းကပြောသည်။

"ဒီအသံတွေဟာလည်း မှန်နေပြီဆိုရင်၊ တကယ်လို့ တာဝန်ယူဖို့ တာဝန်ခံဖို့ အခက်အခဲရှိနေကြလျှင်လည်း ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်ကို ဖော်ဆောင်ပေးပါမယ်လို့ ခံယူထားတဲ့ ကျွန်တော်တို့လွှတ်တော်က တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးဖို့ လိုပါပြီ။ လိုပြီလို့ဆိုရင် လိုအပ်သော ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်မှုတွေ အမြန်လုပ်ဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်ကလည်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လက်ရှိ အနေအထား အရမြန်မာကျပ်ငွေတန်ဖိုး မြင့်မားနေသည်ဟု ဆိုနိုင်ကြောင်းနှင့် အကြောင်းရင်းမှာ ပြည်ပက ရင်းနှီးမြှုပ်နှံမှုအပါအဝင် နိုင်ငံခြားငွေစီးဝင်မှု များပြားနေခြင်းကြောင့်ဖြစ်ကြောင်း ပြောသည်။

အခြားအရေးကြီးသည့်အချက်မှာ အမေရိကန်ပြည်ထောင်စုက ၎င်းတို့စီးပွားရေး ပြန်လည်ဦးမော့အောင် ဆောင်ရွက်ရာတွင် ပျော့ပျောင်းသော ငွေကြေးမူဝါဒကို ကျင့်သုံးသည့်အတွက် အမေရိကန်ဒေါ်လာတန်ဖိုးမှာ မြန်မာနိုင်ငံ အပါအဝင် အခြားသော နိုင်ငံများနှင့် ငွေကြေးနှင့်လဲလှယ်ရာမှာ တန်ဖိုးလျော့ကျနေကြောင်း ၎င်းကပြောသည်။

အစိုးရသည် မြန်မာ့စီးပွားရေးစနစ် တစ်ခုလုံး၏ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် အမှန်တကယ်ထင်ဟပ်စေသော နိုင်ငံခြားငွေနှင့် ကုန်သွယ်မှုများတွင် အတားအဆီးများ လျှော့ချပြီး စစ်မှန်သော ငွေလဲနှုန်းဖြစ်ပေါ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာကျပ်ငွေ မာလာခြင်းသည် သဘာဝမဟုတ်ငွေ့၊ ကျောက်စိမ်း စသည့် ကဏ္ဍများမှ နိုင်ငံခြားငွေများ စီးဝင်နေခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့ မြန်မာနိုင်ငံတွင် အတိုးနှုန်းမြင့်မားခြင်းကြောင့် နိုင်ငံခြားငွေများ စီးဝင်နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်ဟု ဗဟိုဖွဲ့ဖြိုးတိုးတက်ရေးအင်စတီကျူးမှ ဒါရိုက်တာ ဦးအောင်သူငြိမ်းက သုံးသပ်ပြောကြားသည်။

"ဦးရွှေမန်းပြောတာကို ကျွန်တော် သဘောမတူပါဘူး။ အဲသလိုတော့ ကျွန်တော်မထင်ပါဘူး (တစ်ဦးချင်းဝင်ငွေမြင့်စေရန် ငွေလဲလှယ်နှုန်း ၈၅၀ ထားခြင်း)။ တကယ်လို့ အစိုးရက ကျပ်ငွေ ဈေးကျအောင် ချရင်တောင် ကျချင်မှကျမှာပါ"ဟု ၎င်းကပြောသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် တစ်ဒေါ်လာလျှင် ကျပ် ၈၅၀ နှုန်း ပေါက်နေခြင်းသည် တစ်ဦးချင်းဝင်ငွေ မြင့်မားစေရန် ပြုလုပ်သည်ဟု စွပ်စွဲခြင်းမဟုတ်ဘဲ ယခုနှုန်းထားသည် မဖြစ်သင့်သည့်အတွက် ဘဏ္ဍာရေးပိုင်းက ပြောင်းလဲလိုက ပြောင်းလဲနိုင်ရန် ပြောခြင်းဖြစ်နိုင်သည်ဟု သာပေါင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ပြောသည်။

"ဗဟိုဘဏ်ဥပဒေပေါ် အောင်လုပ်နေတာ အဲဒါကြောင့်ပဲ။ နောင် လွတ်လပ်တဲ့ဗဟိုဘဏ် သီခြားပေါ် လာရင် ဗဟိုဘဏ်က ဒီတစ်ပတ်ထဲ ဒေါ်လာကို ထုတ်ရောင်းမယ်၊ ရွှေကို အရုန်ထားမယ် စသဖြင့် အမျိုးမျိုးလုပ်လို့ရတယ်" ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလဆန်းပိုင်းက ဘဏ္ဍာအခွန်ဝန်ကြီး မီဒီယာများနှင့် တွေ့ဆုံရာတွင် ဗဟိုဘဏ်ဥပဒေသည် လွတ်တော်အပြီး ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ယင်းဗဟိုဘဏ်ဥပဒေသစ် ပေါ်ပေါက်မလာမီ လက်ရှိ ဗဟိုဘဏ်ဥပဒေ ၁၉၉၀ နှင့်ပင် ပြည်တွင်း၌ နှစ်ပေါင်း ၅၀ ကျော်ကြာ ဈေးကွက်တွင်းအမျိုးမျိုး ဖြစ်ပေါ် နေသော ငွေလဲနှုန်း တစုတစည်းဖြစ်ရေးကို ဧပြီလ ၂ ရက်နေ့က ဆောင်ရွက်ခဲ့သည်။ ■





ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်မိန့်ခွန်းပြောကြားစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

ည့်ဝန်ဆောင်မှုနှင့် ခရီးသွားဆွေးနွေးပွဲစတင်

ယုယုမော်

မြန်မာနိုင်ငံ ည့်ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲ (Myanmar hospitality and tourism conference) ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပလျက်ရှိသည်။

ဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အပါအဝင် ဩစတြေးလျ၊ အမေရိကန်၊ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ လန်ဒန်၊ ဟာဝါရီ၊ အိန္ဒိယ၊ နော်ဝေ၊ အင်ဒိုနီးရှားစသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ခရီးသွားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများနှင့် ရင်းနှီးမြှုပ်နှံသူများ ၃၀၀ နီးပါး တက်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်ရန် စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံသည် ထူးခြားကွဲပြားခြားနားသော ခေတ်အဆက်ဆက် ယဉ်ကျေးမှုအစဉ်အလာများနှင့် သမိုင်းကြောင်းများရှိသည့်အတွက် နိုင်ငံတကာမှ ခရီးသည်များ လာရောက်လေ့လာကြည့်ရှုရန် အထူးအခွင့်အလမ်းတစ်ခုဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့သော Australian Tourist Commission ၏ မန်နေဂျင်းဒါရိုက်တာဟောင်းဖြစ်သူ Mr John Morse AM က "ဒီဆွေးနွေးပွဲမှာ နိုင်ငံတကာနဲ့ ထိတွေ့ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးနိုင်တဲ့အတွက် အကျိုးသက်ရောက်မှုက များပါတယ်။ အရမ်းကောင်းတဲ့ အစီအစဉ်ပါ။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေကိုလည်း သိရှိနားလည်နိုင်တဲ့အတွက် တက်ရောက်လာတဲ့သူတွေလည်း အကျိုးရှိသလို ပြည်တွင်းပြည်ပ လုပ်ငန်းအချင်းချင်းလည်း ချိတ်ဆက်မိနိုင်တဲ့ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်" ဟု ပြောသည်။

ထိုင်းနိုင်ငံအခြေစိုက် ည့်ဝန်ဆောင်မှုဆိုင်ရာကျွမ်းကျင်သူ Mr Dhammaras B. Kasem က "မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ဒီပွဲတက်ဖို့ရောက်တာပါ။ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဘယ်လိုရှုထယ်ဆိုတာကိုလာလေ့လာရင်း ဟိုတယ်လုပ်ငန်းရှင်တွေနဲ့ လာတွေ့တာပါ။ ဖြစ်နိုင်ရင် ဒီကဟိုတယ်လုပ်ငန်းရှင်တွေနဲ့ပူးပေါင်းပြီး ည့်ဝန်ဆောင်မှုအတွက် ပူးပေါင်းဆောင်ရွက်ချင်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ပင်မစီမံကိန်းသည် ကောင်းမွန်သည့် ခြေလှမ်းဖြစ်သော်လည်း ဟိုတယ်ဇုန်တည် ဆောက်မှုလုပ်ငန်းအတွက် အသေးစိတ်သိရှိနိုင်ရန် လိုအပ်နေသေးကြောင်း ဟိုတယ်လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ ClubMed မှ အရှေ့တောင်အာရှဒေသဆိုင်ရာ တာဝန်ရှိသူ Ms Geraldine GIRAUD က ပြောသည်။

ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည့်အပြင် လူဦးရေ ကန့်သတ်ထားသည့်အတွက် နိုင်ငံတကာမှ ဟိုတယ်လုပ်ငန်းရှင်ကြီးများ ပါဝင်မှုအနည်းငယ်နည်းနေသော်လည်း နောင်ကျင်းပမည့် ဆွေးနွေးပွဲများတွင် ပိုမိုတက်ရောက်နိုင်ရန် မျှော်မှန်းသည်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူ ဦးခင်အောင်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲသူ Mr Paul Roger က လည်း "မြန်မာနိုင်ငံမှာ လာရောက် ရင်းနှီးမြှုပ်နှံဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်တဲ့နေရာမှာ အနုတ်လက္ခဏာဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်မလာစေဖို့ ဘယ်သူတွေက ဘယ်လိုမျိုး စီးပွားရေးလုပ်ဆောင်မလဲ၊ ဒေသခံပြည်သူတွေကို ဘယ်လို အကျိုးပြုနိုင်မလဲ၊ မပြုနိုင်ဘူးလဲဆိုတာကို ကြိုတင်သိရှိနားလည်ထားဖို့လိုပါမယ်" ဟု ပြောသည်။

ထိုဆွေးနွေးပွဲကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် Sphere conference တို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ■

ဆန္ဒပြခွင့်တားမြစ်ခံရသည့် ဥက္ကံ ကြံစိုက်တောင်သူများ ထပ်မံ အယူခံဝင်မည်

စိုးစန္ဒာဦး

ဥက္ကံမြို့နယ်ရှိ ကြံစိုက်တောင်သူများက အသိမ်းခံထားရသော ၎င်းတို့၏ယာမြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒထုတ်ဖော်ခွင့်ကို ယခုလ ၁၅ ရက်တွင် တင်ထားရာ တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူးက ၂၁ ရက်နေ့တွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်မပြုခဲ့သောကြောင့် ထပ်မံအယူခံဝင်သွားမည်ဖြစ်ကြောင်း ကြံစိုက်တောင်သူများက ပြောသည်။

"အမှန်က ၂၂ ရက်နေ့မှ စီတန်းလှည့်လည်ခွင့်ပြုဖို့ လျှောက်ထားတာကို ၂၁ ရက် ညနေ ၃ နာရီလောက်မှာ သိမ်းထားတဲ့ မြေတွေကို ပြန်ပေးမယ်ဆိုပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောတယ်။ ဒီလို ပေးမယ်လို့ပြောပြီးမှ နောက်နေ့ပြရင် အဖမ်းခံရမှာပေါ့။ တကယ်တော့ ပါးစပ်နဲ့ပဲပေးတာပါ။ ပြီးတော့ ချက်ချင်းတော့ မဟုတ်ဘူး။ လက်ရှိ စိုက်ထားတဲ့ လက်ကျန် ဖုန်းဆိုး၊ လမိုင်းလေးတော့ စားပါရစေဦးလို့ပြောတယ်" ဟု ကြံစိုက်တောင်သူ ဦးလှမြင့်က ပြောသည်။

အဆိုပါကြံစိုက်ခင်းများကို အမှတ် (၁၃)၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဥက္ကံသကြားစက်မှ ၂၀၀၅၊ ၂၀၀၆ ခုနှစ်ကတည်းက သိမ်းယူထားခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် တောင်သူများအား ပြန်လည်ပေးအပ်မည်ဟု စတင်ပြောကြားထားကြောင်း ၎င်းက ပြောသည်။

"စိုက်ခင်းတွေအတွက်ကို တောင်သူတွေက မြေလွတ်၊ မြေရိုင်းတွေ ခုတ်ထွင်ရှင်းလင်းပြီး ဖော်ထုတ်ခဲ့ကြရတာပါ။ သကြားစက်ရောက်လာတော့ စီမံကိန်းအရဆိုတော့ သကြားစက်ကိုပဲ သတ်မှတ်ဈေးအတိုင်း စက်ကိုပဲသွင်းရတယ်။ ကြဲသကာလည်း ထုတ်ရောင်းခွင့်မရှိတော့ဘူး။ အဲဒီအချိန်မှာပဲ တောဆင်ရိုင်းတွေသောင်းကျန်းလို့ကျန်စိုက်တောင်သူတွေက ထပ်ပြီးဒုက္ခရောက်ကြရတယ်။

"ဒါကြောင့် ထွက်ပေါက်ရှာတဲ့အနေနဲ့ ဆင်မဖျက်ဆီးတဲ့ ပဲ၊ နှမ်းကို ပြောင်းပြီး စိုက်ကြရတယ်။ ၂၀၀၅၊ ၂၀၀၆ မှာပဲ ဦးပိုင်သကြားစက်က ဒီမြေတွေကို ကြံအဆိုပါ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရန်အတွက် တောင်သူဦးရေ ၁၀၀ က ၎င်းတို့၏ လယ်မြေ ၂၉၃ ဧကပြန်လည်ရရှိရေးအတွက် စာတင်ထားခြင်းဖြစ်သည်။

ဥက္ကံမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးမြင့်သိန်းက "ပြန်ပေးမယ်ဆိုတာကို ၇၅ ရာခိုင်နှုန်းလောက် ယုံလို့ရမယ်လို့ ထင်ပါတယ်။ တောင်သူတွေက စာလည်းမတတ်ကြတော့ ၂၀၁၀ လောက်ကတည်းက ပြန်ပေးမယ် ပြောပြီးမှ ကြိုးရှည်ရှည်နဲ့ လှုန်ထားတဲ့သဘော ရှိတယ်။ လက်ရှိ ကြံစိုက်တဲ့နေရာမှာ မစိုက်လို့ဆိုပြီး သိမ်းတယ်။ သိမ်းတဲ့အချိန်တုန်းက စစ်တပ်ကို ပါ ခေါ်ပြီး သိမ်းတာ။ ပါးတောင် အရိုက်ခံခဲ့ရတယ်။ ဒီမြေကို ကြံပြန်စိုက်တဲ့နေ့ ပြန်ပေးမယ်ဆိုတော့ ဖြောင့်ဖြောင့်တန်းတန်း ပြန်မပေးဘူး"ဟု ၎င်းက ပြောသည်။

အမှန်က ၂၂ ရက်နေ့မှ စီတန်းလှည့်လည်ခွင့်ပြုဖို့ လျှောက်ထားတာကို ၂၁ ရက် ညနေ ၃ နာရီလောက်မှာ . . .

အဆိုပါ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရန်အတွက် တောင်သူဦးရေ ၁၀၀ က ၎င်းတို့၏ လယ်မြေ ၂၉၃ ဧက ပြန်လည်ရရှိရေးအတွက် စာတင်ထားခြင်းဖြစ်သည်။

ဥက္ကံမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အရေးပေါ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးမြင့်သိန်းက "ပြန်ပေးမယ်ဆိုတာကို ၇၅ ရာခိုင်နှုန်းလောက် ယုံလို့ရမယ်လို့ ထင်ပါတယ်။ တောင်သူတွေက စာလည်းမတတ်ကြတော့ ၂၀၁၀ လောက်ကတည်းက ပြန်ပေးမယ် ပြောပြီးမှ ကြိုးရှည်ရှည်နဲ့ လှုန်ထားတဲ့သဘော ရှိတယ်။ လက်ရှိ ကြံစိုက်တဲ့နေရာမှာ မစိုက်လို့ဆိုပြီး သိမ်းတယ်။ သိမ်းတဲ့အချိန်တုန်းက စစ်တပ်ကို ပါ ခေါ်ပြီး သိမ်းတာ။ ပါးတောင် အရိုက်ခံခဲ့ရတယ်။ ဒီမြေကို ကြံပြန်စိုက်တဲ့နေ့ ပြန်ပေးမယ်ဆိုတော့ ဖြောင့်ဖြောင့်တန်းတန်း ပြန်မပေးဘူး"ဟု ၎င်းက ပြောသည်။





မွန်အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာသူများနှင့် မွန်အမျိုးသားကော်မတီ အကြီးအကဲများက မွန်အလံကို အလေးပြုနေစဉ်။ ဓာတ်ပုံ - အောင်ဌေးလှိုင်

မွန်အမျိုးသားနေ့ကို ခမ်းနားစွာ ကျင်းပ

လွင်မာထွန်း

အစဉ်အလာနဲ့ ထင်ရှားခဲ့တဲ့ မွန်လူမျိုးများရဲ့ (၆၆)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို ဖေဖော်ဝါရီ ၂၆ရက်နေ့ ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ ပြည်သူ့ရင်ပြင်မှာ ကြီးကျယ်ခမ်းနားစွာ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနဲ့ ကျင်းပခဲ့ပါတယ်။

ၛင်းပွဲကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ စတင်ခါ ပျော်ပွဲရွှင်ပွဲများ၊ ပြဇာတ်များနဲ့ မွန်အမျိုးသားရေး ကော်မတီအတွက် ရန်ပုံငွေရရှိရန် အကြိုကျင်းပခဲ့တာ ဖြစ်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာတော့ မွန်အမျိုးသားအဖွဲ့ဝင်များ၊ အကြီးအကဲများနဲ့အတူ ဒေါ်အောင်ဆန်းစုကြည်လည်း တက်ရောက် ခီးမြှင့်ခဲ့ပါတယ်။

ပထမဦးစွာ မွန်အမျိုးသားကော်မတီမှ အကြီးအကဲများက အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး မြန်မာနိုင်ငံအလံကို အားလုံးအလေးပြုစေပြီး မွန်အလံကိုလည်း အလေးပြုစေခဲ့ပါတယ်။

ပွဲသို့ တက်ရောက် လာသူအများစုမှာလည်း မွန်လူမျိုးများဖြစ်ပြီး အဖြူနဲ့ ပန်းရောင်စပ်ထားတဲ့ မွန်ရိုးရာဝတ်စုံများကို မိန်းကလေး၊ ယောကျ်ားကလေး အကုန်လုံး အမြတ်တနိုးဝတ်ဆင်ထားတာကိုလည်း မြင်တွေ့ရပါတယ်။

"မြန်မာနိုင်ငံမှာ မွန်လူမျိုးတွေဟာ ဘီစီ ၂၀၀၀ ကတည်းက မြန်မာပြည်ကို ဝင်ရောက်နေထိုင်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးဖြစ်ပါတယ်။ ဒါ့ပြင် တိုင်းရင်းသားတွေရဲ့ ဘာသာစကားအားလုံးထဲမှာ မွန်စာပေဝေါဟာရတွေ တွေ့ရတဲ့ အထောက်အထားအရ တစ်ပြည်လုံး နေရာအနှံ့အပြားမှာ နေထိုင်ခဲ့တယ်ဆိုတဲ့ အချက်ကလည်း ငြင်းလို့မရပါဘူး" လို့ ဒေါက်တာမင်းတင့်မွန်က မွန်လူမျိုးတွေရဲ့ ထင်ရှားတဲ့ သမိုင်းကို ရှင်းလင်းပြောပြခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က "အခုတလော ကျွန်မအမျိုးသားနေ့တွေ တက်ရတာ နည်းနည်းများနေပါတယ်။ ဒါပေမဲ့ ကျနော်တဲ့တိုင်းရင်းသားတွေနဲ့ အမျိုးစပ်ကြည့်တာ ဗမာကလွဲလို့ ဘယ်လိုမှ အမျိုးမတော်ဘဲ မွန်နဲ့ကတော့ မေမွေဘက်က စပ်လိုက်ရင် နည်းနည်း အမျိုးတော်တယ်"လို့ ပြောလိုက်တာနဲ့ ပရိသတ်သတ်များရဲ့ ကျေနပ်အော်ဟစ်သံတွေကတော့ ညံနေအောင်ပါပဲ။

"မြန်မာနိုင်ငံမှာ တစ်ဦးတည်းသော မွန်ဘုရင်မ ရှင်စောပုက မွန်အမျိုးသမီးကြီးပါ။ အဲဒါကြောင့် အများကြီး ဂုဏ်ယူပြီး မွန်အမျိုးသားနေ့ကို တက်တဲ့အခါမှာ မွန်အမျိုးသမီးနေ့ကို တက်တယ်လို့ပဲ ခံယူတယ်" လို့လည်း သူက ရယ်မောပြီး ပြောခဲ့ပါသေးတယ်။

အဲနောက်မှာတော့ ဖျော်ဖြေရေးအစီအစဉ်တွေ စတင်ခဲ့ပါတယ်။

အခမ်းအနား တက်ရောက်လာတဲ့ မဇင်မိုးဝါက "နယ်က ကျောင်းလာတက်တာဆိုတော့ ကိုယ့်လူမျိုးတူ သူငယ်ချင်းတွေနဲ့ပဲ ထမင်းချက်စားတာလောက် လုပ်ခဲ့ပါတယ်။ ဒီလိုမျိုးပွဲကို လာတက်တာတော့ ပထမဆုံးပါပဲ"လို့ ပြောပါတယ်။

အခုလိုမျိုးပွဲကို ခမ်းနားကြီးကျယ် အောင်လုပ်ပေးလို့လည်း အရမ်းသဘောကျပြီး မွန်လူမျိုးတွေအားလုံး တစ်နေရာတည်းမှာ အခုလိုကျင်းပခွင့်ရတဲ့အတွက်လည်း ပျော်ပါတယ်လို့ သူက ပြောပါတယ်။

ဒီပွဲအတွက် လွှန်ခဲ့တဲ့ သုံးလခန့်က စီစဉ်ခဲ့တာဖြစ်တယ်လို့ မွန်အမျိုးသားကော်မတီမှ အဖွဲ့ဝင် ဒေါ်မိကွန်ချစ်က ပြောပါတယ်။

မွန်အမျိုးသားနေ့ကို ၂၀၁၂ ခုနှစ်မှ စတင်ခါ တရားဝင်ကျင်းပခွင့်ပြုခဲ့တာဖြစ်ပြီး အခုနှစ်နဲ့ ဆိုရင်တော့ ဒုတိယအကြိမ်မြောက် တရားဝင်အခမ်းအနားကို ကျင်းပခြင်း ဖြစ်ပါတယ်။

သာသနာသက္ကရာဇ် ၁၁၆ ခုနှစ် (အေဒီ-၅၇၃) တပို့တွဲလပြည့်ကျော် ၁ ရက်နေ့မှာ မွန်ဘုရင် သမလ၊ ဝိမလ ညီနောင်နှစ်ပါးတို့ ဟံသာဝတီ(ပဲခူး) မြို့ကို စတင်တည်ထောင်ခဲ့တဲ့ ခုနှစ်ရက်ကို မွန်ပညာရှိများနဲ့ ရဟန်းများက မွန်အမျိုးသားနေ့လို့ သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်မှ စတင်ခါ နှစ်စဉ် မွန်လူမျိုးများက ကျင်းပပြုလုပ်ခဲ့တာ အခုဆို (၆၆)ကြိမ်မြောက် တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ■

ဂျပန်-မြန်မာ သတင်းနည်းပညာ အပြောင်းအလဲ တိုးတက်လာနိုင်

စိုးသန်းလင်း

အွန်လိုင်းမီဒီယာများကြောင့် ရုပ်/သံ နှင့် ပုံနှိပ်မီဒီယာတို့ ကြော်ငြာဝင်ငွေနှင့် စောင်ရေများ ကျဆင်းပြီး ရှင်သန်အောင်မြင်ဖို့ ခက်ခဲစေသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရချိန်တွင် မြန်မာ့သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (NPE)သည် ဂျပန်နိုင်ငံ ကျိုဒိုသတင်းအေဂျင်စီ (Kyodo News) နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (Memorandun of Understanding) လက်မှတ်ထိုးလိုက်ခြင်းသည် နှစ်နိုင်ငံအကြား သတင်းနည်းပညာနှင့် ပတ်သက်၍ ကြီးမားတိုးတက်ပြောင်းလဲမှုဖြစ်လာနိုင်ကြောင်း Kyodo News ၏ နိုင်ငံတကာဆက်ဆံရေးဌာနမှ မန်နေဂျင်းဒါရိုက်တာ Mr. Tomoki Ueda က ပြောသည်။

"နိုင်ငံတကာ မီဒီယာလုပ်ငန်းတွေမှာ အွန်လိုင်းမီဒီယာတွေကြောင့် ရုပ်/သံ နဲ့ မီဒီယာနဲ့ ပုံနှိပ်မီဒီယာတွေရဲ့ ကြော်ငြာဝင်ငွေတွေ၊ စောင်ရေတွေ ကျဆင်းနေပါတယ်။ မြန်မာနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာပါ ဒီသဘောမျိုး အလားတူ ဖြစ်လာတော့မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေကို ရင်ဆိုင်လာရတဲ့ အခြေအနေမျိုးမှာ သတင်းအေဂျင်စီတွေအနေနဲ့ တိကျမှန်ကန်ပြီး ဘက်လိုက်မှုမရှိတဲ့ သတင်းအချက်အလက်တွေကို အမြန်ဆုံး ထုတ်လွှင့်ဖြန့်ချိဖို့အတွက် မဖြစ်မနေ ဆောင်ရွက်ကြရပါမယ်။ အခုလို နှစ်နိုင်ငံ သတင်းအချက်အလက်တွေကို ဖလှယ်ဖို့ ပူးပေါင်းဆောင်ရွက်ကြဖို့ သဘောတူလက်မှတ်ထိုးလိုက်ခြင်းကြောင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား သတင်းနည်းပညာဆိုင်ရာ တိုးတက်ကြီးမားသော အပြောင်းအလဲကြီးတစ်ခု အလျင်အမြန် ပေါ်ပေါက်လာနိုင်ပါတယ်"ဟု ၎င်းက ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Kyodo News တို့ နေပြည်တော်၊ ရတနာသိမ်ဟိုတယ်၌ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် MoU လက်မှတ်ထိုးပွဲ၌ ပြောကြားခဲ့သည်။

NPE နှင့် Kyodo New တို့သည် ယခုကဲ့သို့ MoU ထိုးလိုက်ခြင်းအားဖြင့် သတင်းအချက်အလက်နှင့် ဓာတ်ပုံများအား တရားဝင်အပြန်အလှန် ရယူအသုံးပြုခြင်းအပြင် သတင်းနည်းပညာဆိုင်ရာ သင်တန်းများပို့ချခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် အကျိုးထူးများလည်း တရားဝင်ရရှိကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအစိုးရရဲ့ ခွင့်ပြုချက်ရခဲ့ရင် Kyodo News ရဲ့ Branch office ကို ရန်ကုန်မှာဖွင့်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဖွင့်နိုင်ပြီဆိုရင် အဲဒီရုံးခွဲဟာ ကျွန်တော်တို့ရဲ့ ၄၃ ခုမြောက် ရုံးခွဲဖြစ်လာပါလိမ့်မယ်။ အခုလို ရုံးခွဲဖွင့်ခြင်းဟာလည်း မြန်မာနိုင်ငံနဲ့ပါဆိုရင် ၄၃ နိုင်ငံဖြစ်လာပါမယ်"ဟု Mr. Tomoki Ueda က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားသတင်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခင က ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ Kyodo News နှင့် MoU ရေးထိုးခြင်းသည် ဂျပန်-မြန်မာနှစ်နိုင်ငံ သတင်းမီဒီယာဆက်ဆံမှု သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်းလည်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အဆိုပါ MoU ထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

"သတင်းနဲ့ စာနယ်ဇင်းလုပ်ငန်းအနေနဲ့ အိန္ဒိယနိုင်ငံ PTI သတင်းဌာနနဲ့ ၁၉၆၇ ခုနှစ်မှာလည်းကောင်း၊ လာအို သတင်းဌာန (KPL) နဲ့ ၁၉၉၈ ခုနှစ်မှာလည်းကောင်း၊ ဘင်္ဂလားသတင်းဌာန (NNN)နဲ့ ၂၀၀၆ ခုနှစ်မှာလည်းကောင်း၊ ဆင်ဟွာ သတင်းဌာနနဲ့ ၂၀၀၇ ခုနှစ်မှာလည်းကောင်း MoU တွေ လက်မှတ်ရေးထိုးပြီး သတင်းဖလှယ်မှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့နဲ့လည်း MoU တွေ ရေးထိုးနိုင်ခဲ့ပေမယ့် လုပ်ငန်းဆောင်ရွက်မှုပိုင်းမှာ ပီဂိပြင်ပြင်မရှိသေးပါဘူး။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေနဲ့လည်း မူကြမ်းတွေအပြန်အလှန် ပေးပို့ကမ်းလှမ်းနေ ဆဲဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။ ■



ရက် ၇၀၀ ကြာ ကမ္ဘာပတ်မည့် အဖွဲ့ မန္တလေးမြို့သို့ ရောက်ရှိ

ပြီးဝေဇက္ခ်ာနှင့် သန်းနိုင်စိုး

ရက်ပေါင်း ၇၀၀ ကြာ ကမ္ဘာပတ်လှည့်လည်ခရီးအတွက် ဂျာမနီနိုင်ငံမှ လွန်ခဲ့သော ငါးလခန့်ကတည်းက စတင်ထွက်ခွာလာခဲ့သော နိုင်ငံခြားသားခရီးသွားအဖွဲ့မှာ ယခုလ ၂၆ ရက်နေ့တွင် မန္တလေးမြို့သို့ ရောက်ရှိလာခဲ့သည်။

အိပ်ခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း စသည်တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော ကားများဖြင့် ခရီးလှည့်လည်နေသော အဆိုပါအဖွဲ့တွင်ကား ၂၆စီး၊ တစ်စီးလျှင် လူနှစ်ယောက် ပါဝင်သည်။ အဖွဲ့မှာ မန္တလေးမြို့ ၃၅ လမ်းပေါ်ရှိ ဂေါ်ရာကွင်း အတွင်း နှစ်ရက်တာရပ်နား၍ မြို့တွင်း၌ လည်ပတ်ကာ ယခုလ ၂၈ ရက်နေ့တွင် ရှမ်းပြည်နယ်သို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အဖွဲ့၌ပါဝင်သူများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ ကီလိုမီတာ ၂၀၀၀ ကျော် ခရီးရောက်ခဲ့ပြီးပါပြီ။ ကမ္ဘာတစ်ဝန်းမှာရှိတဲ့လူတွေကို လေ့လာချင်တယ်။ သူတို့ဓလေ့စရိုက်တွေ၊ သူတို့ဘယ်လိုနေထိုင်ကြတယ်ဆိုတာ သိချင်တယ်။ ကျွန်တော်တို့ လူတွေအကြောင်း အကုန်မသိကြဘူးမဟုတ်လား" ဟု အဖွဲ့တွင်ပါဝင်သော အသက် ၆၅ နှစ်ရှိ ဂျာမနီနိုင်ငံသား Mr.Christian Jaskulewicz က ပြောသည်။

အဖွဲ့တွင် ဂျာမနီ၊ ဩစတြီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ နိုင်ငံသားများပါဝင်ကာ အသက် ၃၀ နှစ်ခန့်မှ အကြီးဆုံး ၇၀ ကျော်အရွယ်အထိ ပါဝင်သည်။

"ဒီခရီးစဉ်က တစ်ခါတလေ တွေးမိရင် အိပ်မက်တစ်ခုလိုပေါ့။ တစ်ခါတလေလည်း စွန့်စားခန်းလို ခံစားရတယ်။ ဘာကြောင့်လဲဆိုရင် နယ်စပ်တချို့ကို ဖြတ်သန်းရတဲ့အခါမှာ တစ်ခါတစ်ရံ အရမ်းခက်ခဲခဲ့လို့ပါ" ဟု ဂျာမနီနိုင်ငံသူ Mrs. Gisela က ပြောသည်။

၎င်းမှာ လယ်ယာပိုင်ရှင်တစ်ဦးဖြစ်ကာ အလုပ်သမားပေါင်း ၂၂၀ ကျော်ရှိပြီး ယခုအခါ ၎င်း၏သားဖြစ်သူက ကြီးကြပ်ပေးနေသဖြင့် အချိန်နှစ်နှစ်ကျော် ကြာမြင့်မည့် ကမ္ဘာပတ်ခရီးစဉ်တွင် လိုက်ပါနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ခရီးစဉ် လမ်းကြောင်းအရ ဂျာမနီ၊ ယူကရိန်း၊ ဥစ္စဘက်ကစ္စတန်၊ တာကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ကနေဒါစသော နိုင်ငံများကို ဖြတ်သန်း သွားမည်ဖြစ်ကာ မြောက်မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ကနေဒါစသော နိုင်ငံများကို ဖြတ်သန်း သွားမည်ဖြစ်ကာ မြောက်



မန္တလေးမြို့တွင် ရပ်နားနေသော ဂေါ်ရာကွင်းအတွင်း ကားကြွေခိုင်ရေးအတွက် ပြန်လည်ပြင်ဆင်မှုများလုပ်နေသော ကားတချို့ကို ယခုလ ၂၇ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

ယုဇနပလာဇာ ပိတ်ရက်နှင့်ပတ်သက်၍ သဘောထားကွဲလွဲ

နိုနိုဇော်

ယုဇနပလာဇာအား အပတ်စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရန်အတွက် ပလာဇာပိုင်ရှင်ဖြစ်သူက ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း မြေညီထပ်ရှိ ဆိုင်ခန်းရှင်အများစုက သဘောမတူကြောင်း ဖေဖော်ဝါရီလ ၂၅ ရက်နေ့က လူစုလူဝေးဖြင့် ထုတ်ဖော်ပြောကြသည်။

"ယုဇနပိုင်ရှင် ဦးဌေးမြင့်က ပလာဇာကို ပိတ်ရက်မရှိဖွင့်ခိုင်းတယ်။ ကျွန်မတို့က ပိတ်မြအတိုင်း တစ်ပတ်တစ်ရက် ပိတ်ချင်တယ်။ ပိတ်ဖို့ကိုလည်း ဈေးအုပ်ချုပ်ရေးရုံးခန်းမှာ သွားတောင်းဆိုထားတယ်။ အဲဒီလိုတွေဖြစ်နေသေးတဲ့အချိန်မှာ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ 'ယုဇနပလာဇာဈေးကြီးအား ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း' ဆိုပြီး ကြော်ငြာကြီးပါလာတယ်။ တကယ်တော့ ဒီကိစ္စကို ကျွန်မတို့ မသိလိုက်ပါဘူး။ ဒါ ကျွန်မတို့ သဘောတူထားတာမဟုတ်ဘူး"ဟု ယုဇနပလာဇာ မြေညီထပ်မှ ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းဝင်းက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မြန်မာတိုင်း(မ်)ကို ပြောသည်။

ယုဇနပလာဇာအား ဖွင့်လှစ်ခဲ့စဉ်က ပိတ်ရက်မရှိ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခဲ့သော်လည်း ၂၀၀၉ ခုနှစ်မှစတင်၍ '၁၉၅၁ ခုနှစ်၊ အလုပ်သမားအက်ဥပဒေအမှတ် ၅၉ အရ ထုတ်ပြန်ထားသည့် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ အပိုဒ်(၆)၊ အပိုဒ်ခွဲ(၁)ပါ ဆိုင်နှင့် ကုန်သွယ်ဌာန အသီးသီးကို ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက် ပိတ်ထားရမည်' စာထုတ်ပြန်ကာ ဆိုင်ခန်းပိုင်ရှင်များကို လက်မှတ်ထိုးစေပြီး တနင်္လာနေ့တစ်ရက်ကို ပလာဇာပိတ်ရက်အဖြစ် သတ်မှတ်စေခဲ့သည်။

သို့သော် ၂၀၁၁-၁၂ တွင် ယုဇနပလာဇာရှိ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်နှင့် စတုတ္ထထပ်ရှိ ဆိုင်ခန်းများက ပိတ်ရက်မရှိ ပြန်လည်ဖွင့်လှစ်ရောင်းချခဲ့ပြီး မြေညီထပ်ဆိုင်ခန်းရှင်များကမူ မဲစနစ်ဖြင့် ဆုံးဖြတ်ကာ တစ်ပတ်တစ်ရက်ပိတ်ရန် သဘောတူခဲ့သည်။

မြေညီထပ်ရှိ ဆိုင်ခန်းအားလုံးမှာ ကိုယ်ပိုင်ဝယ်ယူထားသည့် ဆိုင်များဖြစ်ကြပြီး ကျန်လေးထပ်ရှိ ဆိုင်ခန်းများမှာ ယုဇနကုမ္ပဏီမှ ပိုင်ဆိုင်ကာ အငှားဖြင့် ပြန်ဖွင့်ရသော ဆိုင်များဖြစ်သည့် အတွက် ယခုကိစ္စတွင် ပတ်သက်မှုမရှိကြောင်း သိရသည်။

"ကျွန်မတို့ မြေညီထပ်ကလူတွေက လက်ကားရောင်းတဲ့သူတွေ များတယ်။ ဝန်ထမ်းတွေကလည်း ပင်ပန်းတယ်။ နေ့တိုင်းဖွင့်ပြီး ဝန်ထမ်းတွေကို အလှည့်နဲ့ ဆိုရင် မရဘူး။ လူအင်အား မနိုင်ဘူး။ တနင်္လာနေ့ ပိတ်လိုက်တော့ ခွင့်အားပြန်ဖြည့်လို့ရတယ်။ ပိတ်စေချင်တယ်" ဟု ဒေါ်စန်းစန်းဝင်းက ပြောသည်။

သို့သော် မြေညီထပ်ဆိုင်ခန်းရှင်များထဲတွင်လည်း သဘောထားကွဲလွဲမှုများရှိနေသည်။

"ကျွန်မတို့ကတော့ ဖွင့်ချင်တယ်။ ဒါပေမဲ့ အများနဲ့ဆိုတော့ မပြောရဲဘူး။ ကျန်တဲ့သူတွေနဲ့ ရန်သူဖြစ်သွားမှာ ကြောက်တယ်။ ဘာလို့ဆိုတော့ ကျွန်မတို့က ဆိုင်ခန်းကို ပိုင်ရှင်ဆီက ပြန်ငှားတာ။ ဆိုင်ခန်းငှားခက တစ်လကို ကိုးသိန်း ဝန်းကျင်မှာ ရှိတယ်။ မီတာခလိုမျိုး ဝန်ဆောင်ခက ရှိသေးတယ်။ ကျွန်မတို့ အနေနဲ့ ဆိုင်တစ်ရက်ပိတ်ရင် တစ်ရက် နစ်နာတယ်"ဟု မြေညီထပ်ရှိ ပိတ်အုပ်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယုဇနပလာဇာ မြေညီထပ်တွင် ဆိုင်ခန်းပေါင်း ၁,၀၀၀ ရှိပြီး တနင်္လာနေ့တိုင်း ဆိုင်ပိတ်ရန် သဘောတူညီထားသည့် ဆိုင်ခန်းရှင်မှာ ၇၃၃ ယောက်၊ ဆိုင်ဝန်ထမ်းဦးရေမှာ အယောက် ၁,၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

ယုဇနပလာဇာ အုပ်ချုပ်ရေးကော်မတီ ရုံးခန်းသို့မြန်မာတိုင်း(မ်)က သွားရောက်မေးမြန်းခဲ့ရာတွင် အုပ်ချုပ်ရေးမှူးနှင့် တွေ့ခွင့်မရခဲ့ပေ။ ■

ငြိမ်းချမ်းရေးလမ်းလျှောက် ခရီးစဉ် အောင်မြင်ရေး လူထုပါဝင်ရန်လို

ကချင်ပြည်နယ်၌ ဖြစ်ပွားနေသော တိုက်ပွဲများရပ်တန့်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် လမ်းလျှောက်သည့်အဖွဲ့အစည်းများ လိုင်ဇာမြို့သို့ အောင်မြင်စွာ ရောက်ရှိနိုင်ရေးအတွက် လူထုမှ ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း မြန်မာ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ ကိုနေမျိုးဇင်က ပြောသည်။

"လူထုအင်အား မဖြစ်မနေလိုပါတယ်။ မကြာခင်မှာ လူထုအစည်းအဝေးပွဲကြီးတစ်ခုကိုလည်း လိုင်ဇာမှာပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဖေဖော်ဝါရီလ ၂၇ ရက်နေ့က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဇန်နဝါရီလက လိုင်ဇာသို့သွားရောက်ရန် ကြိုးစားခဲ့သော ကိုနေမျိုးဇင်နှင့်အဖွဲ့သားများမှာ လိုင်ဇာမြို့နှင့် ၁၅ မိုင်ခန့် ကွာဝေးသော ဒေါ့ဖုန်းယန်ရွာအနီးတွင် စစ်တပ်မှ တားဆီးခြင်းခံခဲ့ရပြီး ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ထပ်မံသွားရောက်ခဲ့ရာ ၂၄ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

လိုင်ဇာမြို့၌ ဒုက္ခသည်စခန်းများနှင့် အတူ ကချင်စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးကော်မတီ ဥက္ကဋ္ဌဦးဒွဝိဆနှင့်လည်း တွေ့ဆုံခဲ့ကာ ကေအိုင်အေမှတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း ကိုနေမျိုးဇင်က ပြောသည်။

"လမ်းတစ်လျှောက်မှာ တွေ့ခဲ့ရတဲ့ပြည်သူတွေဟာ တော်တော်လေးကို ဒုက္ခရောက်နေကြပါတယ်။ စစ်သားတွေကလည်း ငြိမ်းချမ်းရေးလိုချင်နေကြပါပြီ" ဟု ၎င်းက ပြောသည်။

ပထမတစ်ကြိမ်ကကဲ့သို့ပင် ဒေါ့ဖုန်းယန်ရွာအနီးတွင် ထပ်မံတားဆီးခံခဲ့ရသော်လည်း နောက်ဆုံးတွင် စစ်တပ်က ခရီးဆက်လက်ထွက်ခွာခွင့်ပြုခဲ့ကြောင်း ကိုနေမျိုးဇင်ကပြောသည်။ **နန်းတင်ထွေး**



မြန်မာနိုင်ငံဆရာဝန်အသင်းမြေနေရာကို ပုဂ္ဂလိကထံသို့ လွှဲပြောင်းရောင်းချမည် ဆိုခြင်းကို တာဝန်ရှိသူများက ငြင်းဆို

ယမုံဗူးသစ်

မြန်မာနိုင်ငံ ဆရာဝန်အသင်းပိုင် မြေနေရာကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချမည်ဆိုခြင်းမှာ လုံးဝမဟုတ်မှန်ကြောင်း ဆရာဝန်အသင်းမှတာဝန်ရှိသူများက ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ငြင်းဆိုခဲ့သည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်း ဆရာဝန်အသင်း ခန်းမဆောင်အတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အကျိုးစီးပွားကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အသင်းကြီးကို လက်ညှိုးထိုးရောင်းချနေသည်ဟူသော ဝေဖန်ချက်များကို တရားဝင် ငြင်းဆိုသည်ဟု အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ပြောသည်။

"တာဝန်ရှိသူများ ပူးပေါင်းပြီး မြို့မြို့မြေမြေ ရနေကြတယ်၊ လုပ်စားနေကြတယ်လို့ ပြောကြားခြင်းဟာ လက်ရှိ အလုပ်အမှုဆောင်အဖွဲ့အပေါ် ထင်ကြေးပေး ပုဂ္ဂိုလ်ရေးအရစော်ကားတိုက်ခိုက်မှုများသာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြင့်သောင်းက ပြောသည်။

အဆိုပါဝေဖန်ချက်များသည် အပတ်စဉ်ထုတ် ဂျာနယ်များနှင့် အင်တာနက်တွင် ပျံ့နှံ့ခဲ့ပြီးနောက်တွင် ယခုကဲ့သို့ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း မြေနေရာအား အကျိုးရှိစွာအသုံးချရေး မူဝါဒကို လွှန်ခဲ့သည့် လေးနှစ်ကျော်ခန့်က အတည်ပြုပြီးဖြစ်ကာ ဆရာဝန်အသင်းပိုင် မြေနေရာတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ကာ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်အပေါ် မော်လမြိုင်မြို့၌ ကျင်းပခဲ့သော ဆရာဝန်ညီလာခံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်များက သဘောတူညီပြီးဖြစ်သည်ဟု ဒေါက်တာမြင့်သောင်းက ပြောသည်။

ဆရာဝန်အသင်းကြီး၏ များပြားလာသော အသင်းဝင်များအတွက် နေရာထိုင်ခင်း လိုအပ်လာခြင်း၊ ဆေးပညာပြန့်ပွားရေးအတွက် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ရန်၊ ပညာတော်သင်များ စေလွှတ်ရန်နှင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်လာခြင်း၊ ရေရှည်အကျိုးစီးပွားအတွက် အမှီအခိုကင်းမဲ့သော ရင်းနှီးမြှုပ်နှံမှုနှင့် လုံလောက်သောဝင်ငွေ ရရှိရန် လိုအပ်ခြင်း စသည်တို့ကြောင့် အကျိုးတူ ပူးပေါင်းမှုကို လုပ်ဆောင်ရခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

ပူးပေါင်းဆောင်ရွက်ရန် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားခြင်းမရှိဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုသာ ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများကို လေ့လာလျက်ရှိသည်ဟု ၎င်းကပြောသည်။

ယခုအခါတွင် ကမ်းလှမ်းထားသည့် ပြည်ပကုမ္ပဏီလေးခုနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး မည်သည့်ကုမ္ပဏီနှင့်မှ သဘောတူစာချုပ် လက်ခံဆောင်ရွက်ခြင်း မရှိသေးဟု သိရသည်။

အသင်းပိုင်မြေနေရာကို ရောင်းချမည်မဟုတ်ဘဲ အကျိုးတူပူးပေါင်းခြင်းဖြင့် အသင်း၏ အကျိုးစီးပွားအတွက် လုပ်ဆောင်သွားမည်ဟု အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က ပြောသည်။

"အသင်းကြီးရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်မှုတွေကို အသင်းနဲ့ဝေးကွာနေကြသူအနည်းစုက မီဒီယာတွေမှာ နားဖျား ရိုပ်ဖမ်းသံဖမ်းဖြင့် ရေးသားပြောဆိုနေသည်ကို တွေ့ရသည်ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပတ်သက်သော ကိစ္စရပ်များကို ပြည်တွင်း ဂျာနယ်များတွင် ရေးသားခဲ့သော အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာအောင်ခင်ဆင့်က အသင်းတာဝန်ရှိသူများဘက်မှ အသင်းဝင်များအပေါ် တိကျမှန်ကန်သော သတင်းပေးမှုနှင့် ပွင့်လင်းမြင်သာမှု အားနည်းခဲ့၍ ယခုကဲ့သို့ဝေဖန်ချက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု မြန်မာတိုင်း(မ်)ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ပြောသည်။

"အသင်းဝင်တွေကို ဒီအကြောင်းတွေကို ဂဃနဏ အရင်ဆုံး အသိပေးဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ နိုင်ငံခြားက လက်ဝါးကြီးအုပ်တော့မယ်၊ ရောင်းစားတော့မယ်လို့ သတင်းတွေထွက်နေတဲ့အတွက် ဒီလို စွပ်စွဲချက်တွေ ပေါ် ပေါက်လာတာပါ"ဟု ၎င်းက ပြောသည်။

အသင်းသားရပိုင်ခွင့်အရ ကိုယ်တိုင် လာရောက်ဆွေးနွေးမှုမရှိဘဲ နားစွန်းနာဖျား ရိပ်ဖမ်းသံဖမ်းဖြင့် ရေးသားပြောဆိုနေသည်ကို တွေ့ရသည်ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပတ်သက်သော ကိစ္စရပ်များကို ပြည်တွင်း ဂျာနယ်များတွင် ရေးသားခဲ့သော အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာအောင်ခင်ဆင့်က အသင်းတာဝန်ရှိသူများဘက်မှ အသင်းဝင်များအပေါ် တိကျမှန်ကန်သော သတင်းပေးမှုနှင့် ပွင့်လင်းမြင်သာမှု အားနည်းခဲ့၍ ယခုကဲ့သို့ဝေဖန်ချက်များ ပေါ် ပေါက်လာခြင်းဖြစ်သည်ဟု မြန်မာတိုင်း(မ်)ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ပြောသည်။

"အသင်းဝင်တွေကို ဒီအကြောင်းတွေကို ဂဃနဏ အရင်ဆုံး အသိပေးဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့ကို အသိမပေးဘဲနဲ့ နိုင်ငံခြားက လက်ဝါးကြီးအုပ်တော့မယ်၊ ရောင်းစားတော့မယ်လို့ သတင်းတွေထွက်နေတဲ့အတွက် ဒီလို စွပ်စွဲချက်တွေ ပေါ် ပေါက်လာတာပါ"ဟု ၎င်းက ပြောသည်။

ထို့ပြင် ၎င်းက အသင်းကြီးက စီစဉ်လျက်ရှိသော အကျိုးတူပူးပေါင်းမှုများကို အသင်း၏ဂုဏ်သိက္ခာအား မထိခိုက်ပါက လက်ခံသွားမည်ဟု ပြောသည်။

"ဆက်လက် စောင့်ကြည့်သွားမှာဖြစ်ပြီး အသင်းကြီးရဲ့ ဂုဏ်သိက္ခာ ထိခိုက်စေမယ့် ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်မယ် ဆိုရင် ဆရာဝန်များ စုပေါင်းလက်မှတ်ရေးထိုးပြီး ဆရာဝန်အသင်း ဥက္ကဋ္ဌနဲ့ ကျန်းမာရေးဝန်ကြီးဆီ တင်ပြသွားမှာပါ" ဟု ၎င်းက ပြောသည်။

"ရှေးယခင်ကတည်းက ပိုင်ဆိုင်ခဲ့တဲ့ ဆရာဝန်အသင်းကြီးကို ထိန်းသိမ်းလိုတဲ့ဆန္ဒ၊ ဂုဏ်သိက္ခာတက်စေချင်တဲ့ ဆန္ဒက ဆရာဝန်တိုင်းမှာရှိပါတယ်" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော်အတွင်း အဖွဲ့ဝင်အရေအတွက် ၁၈,၀၀၀ ခန့် ရှိနေကာ ဘာသာရပ်ဆိုင်ရာ ဆေးပညာရှင်အဖွဲ့ ၃၃ ဖွဲ့ဖြင့် ဆောင်ရွက်နေသည်။ ■

ပွင့်လင်းသည့်အစိုးရ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် မြန်မာနိုင်ငံပါဝင်ရန် ကြိုးပမ်း

ကျော်ဆုမွန်

ဖြိတိန်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ပွင့်လင်းမြင်သာသည့် အစိုးရများပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် မြန်မာနိုင်ငံက အသင်းဝင်နိုင်ငံအဖြစ် ၂၀၁၆ ခုနှစ်တွင် ဝင်ရောက်နိုင်ရန် မြန်မာသမ္မတကြီးဦးသိန်းစိန်က လိုလားလျက်ရှိကြောင်း ဗြိတိန်နိုင်ငံ၊ ဝန်ကြီးများခုံးဝန်ကြီး မစ္စတာဖရန်စစ်မော့ဒ်က ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ပြောသည်။

မြန်မာနိုင်ငံသို့ နှစ်ရက်တာခရီးစဉ်အဖြစ် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့သို့ ရောက်ရှိခဲ့ပြီး သမ္မတကြီး အပါအဝင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့၊ ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူတချို့နှင့်လူမှုအခြေစိုက်အဖွဲ့များမှ တာဝန်ရှိသူများနှင့်ပါ တွေ့ဆုံခဲ့သည့် ဗြိတိန်ဝန်ကြီးက သူ၏ခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲတွင် ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရများပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ အစိုးရများ၏ တာဝန်ယူနိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို တွန်းအားပေးသည့် အစီအစဉ်တစ်ခုဖြစ်ကာ လက်ရှိတွင် ဗြိတိန်နိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့မြန်မာအစိုးရကို ဒီအစီအစဉ်မှာ ပါဝင်လာနိုင်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သမ္မတကြီးဦးသိန်းစိန်က လာမယ့် ၂၀၁၆ ခုနှစ်ကျရင် ဒီမှာ အသင်းဝင်ဖြစ်ဖို့စိတ်ဆန္ဒရှိနေပါတယ်။ ဒါပေမဲ့ အသင်းဝင်ဖြစ်ဖို့အတွက် မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးတွေ ထပ်ပြီး လုပ်ဖို့လိုပါသေးတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါအစီအစဉ်အရ အသင်းဝင်ဖြစ်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် ဘက်ဂျက်သုံးစွဲမှုပိုင်းတွင် ပွင့်လင်းမြင်သာမှု ပိုမိုရှိစေရန်၊ အစိုးရအရာရှိကြီးများ၏ ပိုင်ဆိုင်မှုကို ပွင့်လင်းမြင်သာစွာ ဖော်ပြနိုင်ရန်နှင့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရန် ကြိုးစားဆောင်ရွက်ဖို့ လိုအပ်လျက် ရှိနေသေးသည်။

"ပွင့်လင်းမြင်သာမှုဆိုတာ လာဘ်ပေးလာဘ်ယူမှုရဲ့ ရန်သူပါပဲ။ ဒီအစီအစဉ်မှာ အသင်းဝင်ဖြစ်ပြီဆိုတာနဲ့ ကြီးမားတဲ့ အကျိုးကျေးဇူးတွေ ရလာမှာပါ" ဟု ၎င်းကဆိုသည်။

ထိုကဲ့သို့ အသင်းဝင်နိုင်ငံဖြစ်လာရန် အတွက် သမ္မတကြီးက စိတ်ပါဝင်စားလျက်ရှိနေသောကြောင့် ၂၀၁၆ ခုနှစ် မတိုင်မီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အတွက် ဆက်စပ်နေသော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးတချို့နှင့် လည်း တွေ့ဆုံခဲ့သေးကြောင်း ၎င်းက ပြောသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံကို ကောင်းမွန်တဲ့အစိုးရ ဖြစ်လာစေဖို့၊ ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးဖို့ကိုလည်း ဖိတ်ခေါ် ပြောဆိုခဲ့ပါတယ်"ဟု မစ္စတာမော့ဒ်က ပြောကြားသည်။ ■





ဥပဒေသမားတွေပင်လျှင် အခြေခံဥပဒေကို မကျေညက်ဘူး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က အတည်ပြုခန့်အပ်ခံရသည့် ဦးမြသိန်းကို ရန်ကုန်မြို့၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာတိုင်း(မ်) အကြီးတန်းလက်ထောက်စာတည်း စန္ဒာလွင်က တွေ့ဆုံမေးမြန်းခဲ့သည်။

*** ပထမဆုံး 'ပြည်ထောင်စုအဆင့်' ပြဿနာအပေါ် ဆရာ့အမြင် ပြောပေးပါ။**

ဒါကို အခုဒီမှာတော့ မပြောတော့ဘူး။ ဒါက အဖွဲ့နဲ့ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

*** ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်ဖို့ အရေးကြီးတယ်လို့ ပြောပါတယ်။**

ဒီလိုမဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက အသက်ဝင်ဖို့လိုတာ မဟုတ်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူတိုင်းလိုက်နာရမှာ။ အသက်ဝင်တယ်ဆိုတာက လှုပ်ရှားအောင်လုပ်တာ၊ လှုပ်ရှားအောင်လုပ်ဖို့မဟုတ်ဘူး။ ဥပဒေတွေကို လှုပ်ရှားအောင်လုပ်ဖို့ မဟုတ်ဘူး။ ဥပဒေအတိုင်းကို လိုက်နာဖို့။ ကျွန်တော့် အယူအဆကတော့ သက်ဝင်လှုပ်ရှားတယ်ဆိုတဲ့ အယူအဆထက်ကို ကျွန်တော်က ဘာကိုမြင်လဲဆိုတော့ ဥပဒေအတိုင်းလိုက်နာကြဖို့။ လိုက်နာတာက ဥပမာ ဘယ်သူ့ကိုမှ မတရားမလုပ်တဲ့သူက ဥပဒေကို တော်တော်လိုက်နာတယ်လို့ ပြောနိုင်တယ်။ လွယ်လွယ်လေး ပြောမယ်ဆိုရင် အင်္ဂလိပ်လိုပြောတော့ conscious ခေါ်တာပေါ့။ conscious ဆိုတာ ကိုယ့်ကိုယ်ကိုယ်က မဟုတ်တာမလုပ်ဘူးလို့ စိတ်ထဲမှာ ခံစားတဲ့သူတွေဟာ ဥပဒေနဲ့အညီလုပ်တယ်လို့ ပြောနိုင်တယ်။

*** ဥပဒေကြီးတစ်ခုဟာ မတရားဘူးလို့ ယူဆတဲ့သူတွေကျရင် လိုက်နာဖို့ အခက်အခဲ ရှိမှာပေါ့ဆရာ။**

မှန်တယ်၊ ဥပဒေဆိုတာက တရားလား၊မတရားလားဆိုတဲ့အပေါ်မှာတည်တယ်။ တချို့ဥပဒေတွေက လူတွေမလိုက်နာအောင် ပြဋ္ဌာန်းထားရင်တော့ ဖြင့် ဒါမတရားဘူးလို့တချို့က ပြောကြမှာပဲ။ ကိုယ့်အယူအဆနဲ့ကိုယ်၊ သူဘက်နဲ့သူ မှန်နေတာပဲ။

အဲတော့ ဘာဖြစ်သင့်သလဲလို့ပြဋ္ဌာန်းပေးရတယ်၊ အဲ ပြဋ္ဌာန်းတဲ့အပေါ်မှာ မလိုက်နာရင်၊ ဒီလူအပြစ်ပေါ့။ အဲဒီသဘောပါပဲနော်။

*** လူသိတဲ့နမူနာတစ်ခုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ နိုင်ငံအမည် မြန်မာ၊ Myanmar၊ ဒါပေမဲ့အရပ်ပြော ဗမာပြည်၊ နောက် Burma လို့ ဆက်အသုံးတွင်နေတာလည်း တချို့ ရှိတယ်။ ဒါမျိုးလေးတွေဆို ဖွဲ့စည်းပုံ အခြေခံဥပဒေကို လိုက်နာတယ်လို့ ဆိုတာလား၊ မဆိုတာလားဆရာ။**

အဲဒါကတော့ ကျွန်တော်ပြောချင်တာက ဘာလဲဆိုတော့ လူတစ်ယောက်၊ တစ်ယောက်မှာ Freedom of Expressions တွေ ရှိတယ်။ အဲတော့ ကျွန်တော်တို့က ဒီအသုံးအနှုန်းကို လိုက်နာရမယ်လို့ ဥပဒေက ပြဋ္ဌာန်းထားရင်တော့ လိုက်နာရမယ်။ အဲဒီအသုံးအနှုန်းကို လိုက်နာရမယ်လို့မပြောရင် လိုက်နာစရာလိုမယ် မဟုတ်ဘူး။ ဥပမာဒီTradersဟိုတယ်ဗျာ၊ကျွန်တော်က အက်စ်မပါဘဲ ထရေးဒါဟိုတယ်လို့ ပြောမယ်။ ခင်ဗျားက ထရေးဒါးစ်ဟိုတယ်ကို ဘာလို့ အက်စ်ထည့်မခေါ်လဲလို့ပြောရင် ကျွန်တော့်မှာ အပြစ်ရှိမလား။ ဥပဒေမှာ အဲဒီအတိုင်း ခေါ်ရမယ်လို့ဆိုပြီးတော့ ပြဋ္ဌာန်းရင်တော့ ဟုတ်မှာပေါ့။

*** မတရားဘူးလို့ ယူဆထားသူတွေ ရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို လူတွေလိုက်နာလာအောင်ဆိုရင် ဘယ်လို လုပ်ဆောင်ဖို့ လိုမလဲ။**

ကျွန်တော်တို့တစ်တိုင်းပြည်လုံးမှာ ရှိရှိသမျှ လူအားလုံး၊ ရာခိုင်နှုန်းအပြည့်ကတော့ ဘယ်ဥပဒေကိုရေးရေး အားလုံးက ကျေနပ်မှာမဟုတ်ပါဘူး။ အများကလက်ခံတယ်ဆိုရင် ကျွန်တော်တို့က ဒါတော်တော်ကောင်းတဲ့ဥပဒေလို့ ခေါ်ရမှာပေါ့။ ဒါတောင်မှ minority ဆိုတာရှိမှာပဲ။ minority တွေက ကြိုက်ချင်မှ ကြိုက်မယ်။ ဒါကြောင့် ဘယ်ဟာ တရားသလဲ ဆိုတဲ့အပေါ်မှာ အယူအဆတွေ အပေါ်မှာပဲ တည်ပါတယ်။ ကိုယ့်ရဲ့ ခံယူချက်တွေအပေါ်မှာပဲ တည်ပါတယ်။

*** ဆရာတို့ရဲ့ ရှေ့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့အပေါ် ဘယ်လို မြင်ပါသလဲ။**

သူ့အယူအဆနဲ့သူ လုပ်သွားတာမှန်တယ်။ အားလုံးမှန်တယ်။ သူ့အယူအဆနဲ့သူလို့ ပြောတာနော်။ အယူအဆတွေဆိုတာ အမျိုးမျိုးရှိတယ်။

*** လက်ရှိ အခြေခံဥပဒေကို နိုင်ငံသားတွေ နားလည်သိရှိမှု ဘယ်လောက် ရှိတယ်လို့ ဆရာသုံးသပ်ပါသလဲ။**

ကျွန်တော့်အမြင်အရဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တို့ ဥပဒေသမားတွေပင်လျှင် ကောင်းစွာ မကျေညက်သေးဘူး။ အဲဒါကြောင့်မို့လို့လည်း တစ်ဖက်နဲ့တစ်ဖက်၊ တစ်ဦးနဲ့ တစ်ဦး၊ တစ်နေရာနဲ့တစ်နေရာ အငြင်းပွားမှုတွေဖြစ်နေတာ။

ဒီလိုလား၊ ဟိုလိုလား၊ ဒါကြောင့်မို့ ကျွန်တော်တို့ ဥပဒေကို လေ့လာကြဖို့ လိုတယ်။ လူတိုင်း ဥပဒေ တတ်ရင် ပိုကောင်းပါတယ်။

ဥပမာ ငါးပါးသီလဆိုပါတော့။ ပုဒ္ဓဘာသာတွေ ငါးပါးသီလကို လိုက်နာကြနားလည်ဖို့ လိုတယ်လေနော်။ ■

အခြေခံဥပဒေခုံရုံး ဥက္ကဋ္ဌသစ် ခန့်အပ်

ဝင်းကိုကိုလတ်

ခြောက်လနီးပါးကြာမျှ လစ်လပ်နေသော အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဦးမြသိန်းနှင့် အဖွဲ့ဝင်ရှစ်ဦးကို ပြည်ထောင်စုလွှတ်တော်က ဖေဖော်ဝါရီလ ၂၅ ရက်တွင် အတည်ပြုခဲ့ပြီး သမ္မတဦးသိန်းစိန်ကလည်း ထိုနေ့မှာပင် လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။

အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ရှစ်ဦးအတွက် သမ္မတကသုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သုံးဦး အမည်စာရင်းတင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမည်စာရင်း တင်သွင်းခဲ့သူ ဦးမြသိန်း ဥက္ကဋ္ဌဖြစ်လာခြင်းဖြစ်သည်။

"အသစ်ပြင်လိုက်တဲ့ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေအရ အရင်ဥပဒေလို နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသူသာ ဥက္ကဋ္ဌဖြစ်တာမဟုတ်တော့ပါဘူး။ သုံးယောက်တိုင်ပင်လုပ်ရတဲ့သဘော ဖြစ်သွားတယ်။ အဲဒါကြောင့် လွှတ်တော်က မဲနဲ့ အနိုင်ရသွားတဲ့သဘောမျိုး ပြောလို့ရပါတယ်" ဟု သီပေါမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက ပြောသည်။

ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် ဦးမြသိန်း ဖြစ်သင့်သည်ဟု ပြောကြားခဲ့သည်။

သို့သော် အခြေခံဥပဒေဆိုင်ရာခုံရုံးသည် လွှတ်လပ်သည့် တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သည့်အတွက် လွှတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟုလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုပါရန် ပြီးခဲ့သည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ တင်ပြချက်များဖြင့် သမ္မတထံတင်ပြရာ စက်တင်ဘာလ ၆ ရက်တွင် နုတ်ထွက်ခွင့်ပြုခဲ့သည်။ ■





အလုပ်ကြော်ငြာ

IMG
International Management Group

VACANCY ANNOUNCEMENT

The International Management Group is an international organization with an office established in Yangon and is seeking the following positions for EU-funded capacity building project.

(a) Trade Officer

The Trade Officer will support the implementation of activities of IMG in the areas of trade policy, customs, standards, food safety and regional integration matters. The Officer will have at least completed a degree in economics, trade, international relations or development and show an interest in trade and private sector development. He/she will demonstrate strong research skills, excellent computer skills, and a strong command of the English and Myanmar languages.

(b) Migration Officer

The Migration Officer will liaise with government line ministries, facilitate the implementation of IMG'S migration project activities, assist to refine project design, strategy and timelines. The Officer will have at least completed a university degree in economics, law, social sciences. A good understanding of and interest on migration issues.Knowledge of ASEAN's economic and social integration agenda.He/she will demonstrate strong research skills, excellent computer skills, and a strong command of the English and Myanmar languages.

(c) Secretary/Assistant

The position requires at least 3 years professional in similar position. Experience in arranging workshops, missions and administration essential. Experience in liaison with authoritiespreferred. Proficiency in spoken and written English is required as well as excellent computer skills (Microsoft Package, internet and email).

More detailed information can be found on IMG website at **www.img-int.org.** Applicants should submit a CV and cover letter to the IMG Office at: Room 506, 5th Floor, Royal Yaw Min Gyi Condominium, No.52, Yaw Min Gyi Road, Dagon, Yangon, or via email to chocho.san@img-int.org.

Closing date: March 8th, 2013.

Executive Search

Website: www.esearchmyanmar.com

Apply Now!

- Sales and Marketing manager (pharmaceutical)
- Brand manager
- Sales manager
- Tour operation Manager
- Tour operation Assistant
- Tour Sales manager
- Sales girl - 30 staff (Fresher)
- Sales boy- 30 staff (Fresher)
- Engineers (BE/ME/)
- Accountants
- Secretary
- Human Resources Manager

No.851/853, 3rd Floor, Bogyke Aung San Road, Lanmadaw Township, Yangon.
Tel: 222963/ 229406/ 229437/ 728261
E-mail: esearch@yangon.net.mm



Ready ငါးသေတ္တာစက်ရုံ ရပ်နားရဖွယ်ရှိနေ

မြတ်ငြိမ်းဇော



ငါးသေတ္တာဘူးများ ထုတ်လုပ်ရန်အတွက် ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က တွေ့ရစဉ်။ ဓာတ်ပုံ - ဘူးသီး

ဖြည်တွင်း စားသောက်ကုန်ဈေးကွက်အတွင်း နာမည်ရစားသောက်ကုန်ထုတ်လုပ်သည့် Ready ငါးသေတ္တာစက်ရုံနေရာအား ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က Mega Marine ကုမ္ပဏီသို့ တန်ဖိုးငွေ ကျပ်သန်း ၃,၂၉၀ ဖြင့် လေလံတင်ရောင်းချခဲ့ခြင်းကြောင့် စက်ရုံကို လက်ရှိလည်ပတ်လျက်ရှိသော Myanmar Makro Industry ကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းရပ်ဆိုင်းရမည့်အနေအထားနှင့် ကြုံတွေ့နေရပြီး စက်ရုံအလုပ်သမားများအတွက်လည်း အခက်အခဲများနှင့် ကြုံတွေ့လာရမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမိုးမြင့်ကျော်က ပြောသည်။

"ကျွန်တော်တို့စက်ရုံမှာ အလုပ်သမား ၂၀၄ ယောက်ရှိပါတယ်။ သူတို့ကို မှီခိုနေတဲ့ မိသားစုတွေကလည်း ၁,၀၀၀ ကျော်လောက်ရှိပါတယ်။ စက်ရုံသာပိတ်လိုက်ရင် ဒီအလုပ်သမားတွေ ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော်တို့ဆီမှာ အလုပ်လုပ်တဲ့ အလုပ်သမားအကုန်လုံးနီးပါးက ကျွန်တော်တို့နဲ့ ၁၀ နှစ်ကျော် လက်တွဲပြီး အလုပ်လုပ်လာတဲ့ သူတွေပါ။ နောက်ပြီး ကျွန်တော်တို့ဒီစက်ရုံအတွက် နိုင်ငံတကာအရည်အသွေးမီ စည်သွတ်ဘူးတွေထုတ်နိုင်အောင် ငွေကြေးအမြောက်အမြားကိုလည်း ရင်းနှီးမြှုပ်နှံထားရပါတယ်။ ကာလပေါက်ဈေးနဲ့ တွက်မယ်ဆိုရင် ကျပ်သိန်းပေါင်းတစ်သောင်းလောက်ကိုရှိပါတယ်" ဟု ဦးမိုးမြင့်ကျော်က ပြောသည်။

Myanmar Makro Industry ကုမ္ပဏီလီမိတက်သည် ၁၉၉၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းပိုင်သော သာကေတ စည်သွတ်စက်ရုံမြေနေရာ၊ အဆောက်အအုံနှင့် စက်ပစ္စည်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တစ်နှစ်ဌားရမ်းခငွေ ကျပ် ၉ ဒသမ ၅ သန်းဖြင့် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းထံမှ အငှားစာချုပ်ကနဦးသက်တမ်း နှစ်(၂၀) ဖြင့် ငှားရမ်းခဲ့ပြီး ပြန်လည်ပြုပြင်ကာ Ready ငါးသေတ္တာအပါအဝင် စည်သွတ်ဘူးအမျိုးမျိုးကို ထုတ်လုပ်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဦးမိုးမြင့်ကျော်က ပြောသည်။

၂၀၀၈ ခုနှစ်တွင် ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပဂ္ဂလိကပိုင်ပြုလုပ်ရန် စက်ရုံများစာရင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနထံမှ တောင်းခံခဲ့ပြီးနောက်ပိုင်း အဆိုပါစည်သွတ်စက်ရုံစာချုပ်သက်တမ်းမပြည့်မီ ၂၀၁၁ ခုနှစ်တွင် ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လေလံခေါ်ယူကာ လေလံဈေးအများဆုံး ကျပ်သန်း ၃,၂၉၀ ပေးနိုင်သော Mega Marine ကုမ္ပဏီသို့ ရောင်းချခဲ့ခြင်းဖြစ်သည်။

"ပဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်က ၂၀၁၁ မှာ လေလံတင်ရောင်းချမယ်ဆိုတာ ကျွန်တော်တို့သိရတဲ့အချိန်မှာ စက်ရုံကို လက်လွတ်ဆုံးရှုံးရမှာစိုးလို့ လေလံမပစ်ခင်ကတည်းက ကျွန်တော်တို့ကိုပဲ တိုက်ရိုက်ရောင်းချပေးဖို့နဲ့ အမြင့်ဆုံးလေလံဈေးမှာ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုခုနှစ်မ်ပြီး ရောင်းပေးဖို့ ကျွန်တော်တို့ကုမ္ပဏီဘက်က အသနားခံခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ကို ဘာတစ်ခုမှ အကြောင်းမပြန်ဘဲနဲ့ လေလံအမြင့်ဆုံးပေးတဲ့ Mega Marineကုမ္ပဏီကိုပဲ ရောင်းခဲ့တယ်" ဟု ၎င်းက ပြောသည်။

စည်သွတ်စက်ရုံအား ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က လေလံတင်ရောင်းချရာတွင် Myanmar Makro Industry က ကျပ်သန်း ၁,၂၀၀ အဆိုပြုခဲ့သော်လည်း အဆိုပါစည်သွတ်စက်ရုံမြေနေရာအား ဝယ်ယူခွင့်မရခြင်းဖြစ်ပြီး ဝယ်ယူနိုင်ခဲ့သော Mega Marine ကုမ္ပဏီကလည်း ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့က ငွေကို အပြီးပေးချေခဲ့ကြောင်း မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အထွေထွေမန်နေဂျာဖြစ်သူ ဒေါက်တာပြည့်စုံက ပြောသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့က Myanmar Makro Industry ကုမ္ပဏီလီမိတက်မှ လုပ်ကိုင်လျက်ရှိသော စည်သွတ်ဘူးလုပ်ငန်းကို အဆိုပါနေရာမှ ၁၅ ရက်အတွင်းဖယ်ရှားပေးရန် တရားလွှတ်တော်ရှေ့နေတစ်ဦးက ငွားရမ်းကာ သတိပေးစာပေးပို့ခဲ့ကြောင်းလည်း ဒေါက်တာပြည့်စုံက ပြောကြားသည်။

Myanmar Makro Industry ကုမ္ပဏီလီမိတက်က ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သာကေတစည်သွတ်စက်ရုံအား ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ လေလံပစ်ခဲ့ခြင်းအား ပြန်လည်စိစစ်သုံးသပ်ဆုံးဖြတ်ပေးရန် အသနားခံ တင်ပြခဲ့သည်။ အဆိုပါအသနားခံစာနှင့်ပတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပါကိစ္စကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်နှင့် Myanmar Makro Industry ကုမ္ပဏီလီမိတက်တို့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ပြန်လည်ညွှန်ကြားခဲ့သည်။

"ကျွန်တော်တို့ဘက်က စက်ရုံအတွက် ရင်းနှီးမြှုပ်နှံထားရတာတွေကလည်း ငွေကြေးအမြောက်အမြားရှိတဲ့အတွက် ဒီလေလံဈေးကို မတတ်နိုင်ပါဘူး။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတဆီကိုလည်း အသနားခံစာတင်ထားပါတယ်။ မတတ်သာတဲ့ အဆုံးကျရင်လည်း ကျွန်တော်တို့ စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပါတယ်။

"စက်ရုံဝန်ထမ်းတွေရဲ့ ဘဝနဲ့ ကျွန်တော်တို့ရဲ့ အောင်မြင်နေတဲ့ ကုန်ချောဈေးကွက်မှာ မပျောက်သွားဖို့ အတွက် လုံလောက်တဲ့အချိန်ဖြစ်တဲ့ ကနဦးသက်တမ်းကုန်ဆုံးမယ့် ၂၀၁၇ ခုနှစ်အထိ ခွင့်ပြုစေချင်ပါတယ်"ဟု ဦးမိုးမြင့်ကျော်က ပြောသည်။

Myanmar Makro Industry ကုမ္ပဏီလီမိတက်သည် စက်ရုံဌားရမ်းစဉ် ကာလအတွင်း အဆောက်အအုံများ ပြင်ဆင်ခြင်း၊ စက်ပစ္စည်းများ တိုးချဲ့ခြင်း၊ လမ်းဖောက်ခြင်းများအတွက် ရင်းနှီးမြှုပ်နှံငွေကျပ် ၃၃၇ ဒသမ ၁၆ သန်းအား အသုံးပြုခဲ့ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"နိုင်ငံတော်ကလည်း ပွင့်လင်းမြင်သာမှုရှိလာတဲ့အချိန်မှာ နိုင်ငံတော်အနေနဲ့ SMEလုပ်ငန်းတွေကို မြှောက်စားရမယ့် အချိန်လို့ထင်ပါတယ်။ ရိုက်သတ်ဖျက်ဆီးရမယ့် အချိန်မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ ကျွန်တော်တို့ကို ရဲတပ်ဖွဲ့နဲ့ ဝင်ရောက်ဖမ်းဆီးမယ်ဆိုတာ မဖြစ်သင့်ပါဘူး။

"ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ ကုန်ပစ္စည်းကို ကျပ်သုံး လေးရာလောက်နဲ့ လူတိုင်းစားသုံးနိုင်အောင် ထုတ်လုပ်နေတာပါ။ နောက်ပြီး သား၊ ငါးရှားပါးတဲ့ တောင်ပေါ်ဒေသအထိ မြန်မာပြည်နိုင်ငံအနှံ့အပြား ဖြန့်ချိထုတ်ဝေနေတဲ့ ထုတ်ကုန်ပစ္စည်းတွေပါ။ ကျွန်တော်တို့ကို အများကြီးကူညီပေးသင့်ပါတယ်"ဟု ဦးမိုးမြင့်ကျော်က ပြောသည်။

Myanmar Makro Industry သည် Ready စည်သွတ်ငါးသေတ္တာအပြင် Ocean ငါးသေတ္တာ၊ Bravo ငရုတ်ဆီအမျိုးမျိုး စသည့် စားသောက်ကုန်ပစ္စည်းများအား ထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိလျက်ရှိပြီး တစ်လလျှင် ငါးသေတ္တာဘူးတစ်သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။ ■

UNOPS

The United Nations Office for Project Services (UNOPS) in Myanmar is inviting qualified candidates to apply for the following position:

Sr. Title and level	Duty Station	Position	Deadline
1. Consultant for Policy Engagement Mapping (IICA2)	Yangon	International	6-March-2013

For details please visit UNOPS website https://gprs.unops.org/pages/ viewvacancy/VAListing.aspx and click on the post you are interested in applying for. All applications must be made through UNOPS E-recruitment system.

မာရူဟန်ဘဏ်ရုံး လာအိုခွဲဖွင့်

မြန်မာနိုင်ငံခြံ ၂၀၁၂ ခုနှစ်က ရုံးခွဲဖွင့်လှစ်ခဲ့သော ဂျပန်နိုင်ငံ၊ မာရူဟန်ဂျပန်ဘဏ်က ကမ္ဘောဒီးယားကုန်သွယ်မှုဘဏ်ရုံးကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၌ ဖေဖော်ဝါရီလ ၁၆ ရက် နေ့က ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့၌ရှိသော ဘဏ်များနှင့် ချိတ်ဆက်ထားသည့် ရုံးများကဲ့သို့ အာဆီယံဒေသများ အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုများနှင့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်နိုင်ရန် ပံ့ပိုးပေးနိုင်မည်ဟုဆိုသည်။

ဗီယက်နမ်၏ 'ကန်'ဒေါ်လာ သန်း ၃၀၀ တန် စီမံကိန်း စတော့မည်

ဇော်ဝင်းသန်း



တည်ဆောက်ရန် စီစဉ်ထားသည့် အဆောက်အအုံများ၏ နမူနာပြပုံစံကို တွေ့ရစဉ်။

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ယခင်စက်မှု(၁)ဝန်ကြီးဌာန ရုံးမြေနေရာတွင် ဗီယက်နမ်ကုမ္ပဏီမှ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာ အဆင့်မီစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ရာ အဆိုပါ စီမံကိန်း စတင်သည့် အထိမ်းအမှတ် ပန်ကတ်တင်အခမ်းအနားအား မတ်လ အစောပိုင်းတွင် ပြုလုပ်မည်ဟု ကုမ္ပဏီ၏ မြန်မာနိုင်ငံရုံးခွဲမှ အုပ်ချုပ်ရေးဒါရိုက်တာဖြစ်သူ မစ္စတာ Cao Duy Thinh က မြန်မာတိုင်း(မဲ)ကို ပြောကြားသည်။

အဆိုပါ စီမံကိန်း မြေရိယာ အကျယ်အဝန်းမှာ ၁၈ ဒသမ ၁၃၁ ကေရှိပြီး ကြယ်ငါးပွင့်အဆင့်မီ ဟိုတယ်တစ်လုံး၊ စီးပွားရေးစင်တာတစ်ခု၊ ရုံးခန်း အဆောက်အအုံနှစ်လုံး၊ အဆင့်မြင့် လူနေအိမ်ခန်း အဆောက်အအုံလေးလုံး နှင့် စီမံကိန်းအား HAGL Construction & Development House Joint Stock Company မှ အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့် ရင်းနှီးမြှုပ်နှံပြီး HAGL MyanmarCentre အဖြစ်တည်ဆောက်မည်ဟု ၎င်းက ပြောသည်။

"လာမယ့်မတ်လဆန်းမှာ ပန်ကတ်တင် အခမ်းအနားလုပ်ပြီး စီမံကိန်းကို စတင်တော့မှာ ဖြစ်ပါတယ်။ ဒီခြောက်နှစ်ကြာ စီမံကိန်းရဲ့ ပထမအဆင့် သုံးနှစ်တာ ကာလအတွင်းမှာ စီးပွားရေး စင်တာ၊ ရုံးခန်းအဆောက်အအုံ(၁)နဲ့ ကြယ်ငါးပွင့်အဆင့်မီဟိုတယ်တစ်လုံး ထည့်သွင်း တည်ဆောက်မှာဖြစ်ပါတယ်။ စီမံကိန်း ဒုတိယအဆင့်သုံးနှစ်မှာတော့ အဆင့်မြင့်လူနေအိမ်ခန်း အဆောက်အအုံလေးလုံးနဲ့ ရုံးခန်းအဆောက်အအုံ(၂)ကိုထည့်သွင်းတည်ဆောက်မှာပါ"ဟု Cao Duy Thinh က ပြောသည်။

စီမံကိန်းအား HAGL Group မှ စတင်အကြံပြု တင်ပြခဲ့ခြင်းဖြစ်ပြီး စီမံကိန်း စတင်အကောင်အထည်ဖော်ရန်အတွက် ပြီးခဲ့သောဒီဇင်ဘာလ ၁၈ ရက်နေ့က ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် ဘီအိုတီ သဘောတူစာချုပ်နှင့် မြေဌားရမ်းမှု သဘောတူစာချုပ်တို့ကို သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မြေဌားရမ်းသဘောတူစာချုပ် အရ နှစ် ၃၀ ဖြင့် ငှားရမ်းထားပြီး ၁၅ နှစ်နှစ်ကြိမ် ထပ်မံငှားရမ်းမည်ဖြစ်သည်။

စီးပွားရေးစင်တာနှင့် ရုံးခန်း အဆောက်အအုံ(၁)အား အထပ် ၂၇ ထပ် တည်ဆောက်မည်ဖြစ်ကာ ပထမ ငါးလွှာအား စီးပွားရေးစင်တာအဖြစ်နှင့် ကျန် ၂၂ ထပ်အား ရုံးခန်းအဖြစ်အသုံးပြု ရန်ဖြစ်သည်။ စီးပွားရေးစင်တာတွင် စူပါမားကက်နှင့် လက်လီအရောင်းဆိုင်များ၊ ရုပ်ရှင်ရုံ၊ ဂိမ်းစင်တာ၊ စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်များ ဖွင့်လှစ်ရန် အတွက် ငှားရမ်းမည်ဖြစ်ပြီး သိုလှောင်ရုံနှင့် စီမံခန့်ခွဲရေးရုံးတို့ ပါဝင်မည်ဖြစ်သည်။ ရုံးခန်းအဆောက်အအုံ(၁)မှာမူ သီးသန့်ရုံးခန်းများအတွက် ငှားရမ်းမည်ဖြစ်သည်။

ထို့ပြင် ရုံးခန်းအဆောက်အအုံ(၂)၌မူ ရုံးခန်းများအတွက် ဆက်လက်ငှားရမ်းမည့်အပြင် တင်းနစ်ကစားကွင်းနှစ်ကွင်းနှင့် သီးသန့် ကော်ဖီခန်းမကိုလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

အဆင့်မြင့်လူနေအိမ်ခန်း အဆောက် အအုံလေးလုံးတွင် အိပ်ခန်းနှစ်ခန်းပါ အခန်းစုစုပေါင်း ၁,၅၄၄ ခန်း၊ အိပ်ခန်း တစ်ခန်းပါ အခန်း စုစုပေါင်း ၈၄၄ ခန်း နှင့် အသင်းအုပ်စု အခန်းရှစ်ခန်းအပြင် အခြားဝန်ဆောင်မှုများအဖြစ် ရေကူးကန်၊ တင်းနစ်ကွင်း၊ ရေနှင့် အပင်ရှုခင်းများဖြင့် မျက်စိပသာဒဖြစ်စေရန် ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။

ထို့ပြင် အခန်း စုစုပေါင်း ၁၄၁ ခန်းပါ အထပ် ၂၂ ထပ်နှင့်ကြယ်ငါးပွင့်အဆင့်မီ ဟိုတယ်တစ်လုံးကိုလည်း ထည့်သွင်း တည်ဆောက်မည်ဖြစ်သည်။

"ဒီစီမံကိန်းမှာပါမယ့် ကြယ်ငါးပွင့် အဆင့်မီဟိုတယ် အုပ်ချုပ်ရေးအပိုင်းကို နိုင်ငံတကာ ဟိုတယ်အုပ်စုတစ်ခုနဲ့ ချိတ်ဆက်လုပ်ကိုင်ဖို့ ရှိပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိ Shangri-La၊ Accor ဟိုတယ် အုပ်စုတွေဝင်နေပြီး ကျွန်တော်တို့ဗီယက်နမ်ကုမ္ပဏီရုံးက တခြားကမ္ဘာ့ဟိုတယ် အုပ်စုတွေနဲ့ ဆွေးနွေးနေပါတယ်။ Marriott မဟုတ်ရင် Sharaton ဖြစ်ဖို့ များပါတယ်။ ညှိနှိုင်းနေဆဲဖြစ်တဲ့ အတွက် အတိအကျတော့ ပြောလို့မရသေးပါဘူး"ဟု မစ္စတာ Cao Duy Thinh က ပြောသည်။

၂၀၁၂ ခုနှစ်အထိ ဝန်ကြီးဌာန စာရင်းအရ မြန်မာနိုင်ငံတွင် လက်ရှိ ဟိုတယ် အလုံးပေါင်း ၇၈၇ လုံးရှိပြီး အခန်းအရေ အတွက်ပေါင်း ၂၈,၀၀၀ ကျော်ခန့်ရှိသည်။ ■

မြန်မာ့ဒီမိုကရေစီဆွေးနွေးပွဲ ပါတီ ၅၀ တက်ရောက်

ကျော်ဆုမွန်နှင့်မာရီယာဒိန်းမတ်

ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်နေ့က ရန်ကုန် အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလများ ဆန်းစစ်သည့် နှစ်ရက်ကြာဆွေးနွေးပွဲသို့ ပါတီ ၅၀ မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။

'ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲ ကာလများတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ' နှီးနှောဖလှယ်ပွဲသည် မြန်မာ့ပါတီစုံ ဒီမိုကရေစီအစီအစဉ်၏ ပထမဦးဆုံးလှုပ်ရှားမှုပင်ဖြစ်သည်။ ယင်းအစီအစဉ်ကို ပါတီစုံဒီမိုကရေစီဆိုင်ရာ နယ်သာလန်လေ့လာရေးဌာန (NIMD)၊ ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်လေ့လာရေးဌာန (DIPD) နှင့်ငြိမ်းဖောင်ဒေးရှင်းတို့မှ ပူးပေါင်းစီစဉ်ခဲ့ကြသည်။

ဒီမိုကရေစီဆိုင်ရာ ဒိန်းမတ်လေ့လာရေးဌာနမှ ထိပ်တန်းအကြံပေးနှင့် ဆွေးနွေးပွဲ စီစဉ်သူ တစ်ဦးဖြစ်သူ ဟန်းလန်းမက်ဆန်းက ယင်းနှီးနှောပွဲ အောင်မြင်သည်ဟုပြောသည်။

"လူများများတက်ရောက်မယ်လို့ ကျွန်မတို့ မျှော်လင့်ခဲ့တဲ့အတိုင်း အောင်မြင်ပါတယ်။ ပါတီရပ်တည်ချက်တွေ အတိုင်း ပါဝင်ဆွေးနွေးကြပါတယ်။ ပါတီအားလုံးဟာ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်မှာ တက်ကြွစွာပါဝင်ဖို့ အလွန်တရာစိတ်အားထက်သန်မှုကို ပြသခဲ့ကြောင်း ကျွန်မတို့မြင်တွေ့ခဲ့ရပါတယ်"ဟု ၎င်းက ပြောသည်။

နှီးနှောဖလှယ်ပွဲ၏ အဓိကရည်မှန်းချက်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအကြောင်း ဆွေးနွေးပွဲတစ်ခုစတင်ရန် နိုင်ငံရေးပါတီများအတွက် စင်မြင့်တစ်ခုကို ဖန်တီးရန်ပင်ဖြစ်သည်။

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အထောက်အကူပေးရေးဆိုင်ရာ နိုင်ငံတကာလေ့လာရေးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထက်တန်းအရာရှိသောမတ်စ်ကော်မီရာက မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီများတွင်ရှိသည့် ရပ်တည်ချက်ကို မျှဝေကြောင်းပြောသည်။

"ကျွန်တော်ဟာ ပါတီအများကြီး ကွဲပြားပြီး စကားမပြောလိုတဲ့နိုင်ငံတွေကို ရောက်ဖူးပါတယ်။ ဒါပေမဲ့ ခိုင်မာတဲ့ ပါတီတွေဖြစ်လာဖို့ ဘယ်လိုဖန်တီးပြီး ဘယ်လိုစည်းရုံးရမလဲဆိုတဲ့အပေါ်မှာ သတင်းအချက်အလက်တွေကို ဝေဖြန့်နဲ့ ကူညီဖို့အလုပ်ဟာ အများဆန္ဒအရပဲ ဖြစ်တယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာညီညီသင်းက အင်ဒိုနီးရှား၏ ဒီမိုကရေစီကျောင်းများမှ ဒီမိုကရေစီအတွက် အင်ဒိုနီးရှားကွန်မြူနီတီ၏ တည်ထောင်သူ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ အစ်နတ်စ်ကလီဒန်၏ တင်ပြချက်တစ်ခုသည် တူညီသောအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတွင် မည်သို့အလုပ်လုပ်နိုင်သည်ကို ပြသသွားသည်ဟုပြောသည်။

"ကျွန်မတို့ အလုပ်ရုံဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူတွေဟာ ဒီမိုကရေစီကျောင်းတွေအကြောင်း လေ့လာခဲ့တယ်။ နိုင်ငံရေးသမားတွေ၊ အစိုးရအရာရှိတွေ၊ ပညာတတ်ကျွမ်းကျင်သူတွေနဲ့ လူမှုအဖွဲ့အစည်းအဖွဲ့ဝင်တွေဟာ အင်ဒိုနီးရှားမှာ ဒီကျောင်းတွေကို တက်ကြတယ်။ ပါဝင်တက်ရောက်သူ ၃၀ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်ကြတယ်"ဟု ၎င်းက ပြောသည်။

(သန်းလွင် ဘာသာပြန်သည်) ■





ရန်ကုန်ယူနိုက်တက်က ပါစီဘိုကို ဂိုးပြတ်နိုင်

အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ကြီးမှူး ကျင်းပသည့် AFC Cup ပြိုင်ပွဲ၏ အုပ်စု ပွဲစဉ်တစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက် အသင်းနှင့် အင်ဒိုနီးရှားကလပ် ပါစီဘိုအသင်းတို့၏ပွဲစဉ်ကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ယှဉ်ပြိုင်နေစဉ်။ အဆိုပါပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တိုက်စစ်မှူးကိုနေး၏ ဟက်ထရစ်သွင်းဂိုးနှင့်အတူ ၃–၀ ဖြင့် ပါစီဘိုကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ သတင်း-ကျော်ဇင်လှိုင်၊ ဓာတ်ပုံ-ဘူးသီး

ကချင်ပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်ခွင့်ပြုရန် တောင်းဆိုထား

အိအိတိုးလွင်

ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှု အမျိုးသမီးကွန်ရက်မှ ပါဝင်ခွင့်ရရှိရေးအတွက် နှစ်ဖက်ခေါင်းဆောင်များထံ ယင်းကွန်ရက်မှ တောင်းဆိုလိုက်သည်။

ပြည်နယ်နှင့်တိုင်း အသီးသီးမှ အဖွဲ့အစည်း ၃၁ ဖွဲ့ဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ယင်းကွန်ရက်သည် ကချင်ပြည်နယ်၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရရန် အချက်ခြောက်ချက်ပါဝင်သော တောင်းဆိုချက်ကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်မှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်စလွပ်ဂမ်မော်ထံ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တစ်ပြိုင်နက် ပေးပို့တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အချက်ခြောက်ချက် ပါဝင်သော အဆိုပါတောင်းဆိုချက်သည် ဖေဖော်ဝါရီလ ၄ ရက်နေ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုတို့ တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်ဖက်သဘောတူ ထုတ်ပြန်ခဲ့သည့် ကြေညာချက်အချက် ငါးချက်ပါ "ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ အရပ်ဘက်အဖွဲ့အစည်းများပါဝင်ရေး၊ စောင့်ကြည့်ရေးအဖွဲ့များပါရှိရေး" ဆိုသည့် အချက်အား အခြေခံတောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။

"ကချင်က မြန်မာပြည်ရဲ့ အရေးကြီးတဲ့ ပြဿနာတစ်ခုပါ။ ဒီလိုကိစ္စကို ဖြေရှင်းတဲ့အခါ အမျိုးသမီးတွေကိုလည်း အမျိုးသားတွေနဲ့တန်းတူ ပါဝင်ခွင့်ပေးဖို့ အကြံဉာဏ်တွေရယူဖို့ တိုက်တွန်းထားတာပါ။ ကျွန်မတို့ အမျိုးသမီးတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ လေ့လာသူအဖြစ် တရားဝင် တက်ရောက်နိုင်ဖို့၊ ဒုက္ခသည်စခန်းတွေမှာ မော်နီတာအဖြစ် စောင့်ကြည့်ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း၊ အမျိုးသမီးဌာနမှ မနီလာသိန်းက ပြောသည်။

မြန်မာနိုင်ငံသည် ပြည်တွင်းစစ်နှင့် လူအဖွဲ့အစည်းအတွင်း ပဋိပက္ခများကို နှစ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အဆိုပါပဋိပက္ခများတွင် အဓိကပေးဆပ်လိုက်ရသည့် သားကောင်များစွာမှာ အမျိုးသမီးနှင့် ကလေးသူငယ်များပင် ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိပေးဆပ်နေရဆဲပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အမျိုးသမီးနှင့် ကလေးငယ်များကို သားကောင်ဖြစ်စေသည့် ကချင်စစ်ပွဲများ ရပ်ဆိုင်းစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကွန်ရက်အဖွဲ့ဝင်များအား ပါဝင်ခွင့်ပြုရန် အလေးအနက် တောင်းဆိုကြောင်း ဖော်ပြထားသည်။ ■

ယာဉ်ဟောင်းအပ်နှံလိုသူများ နည်းပါးလာ

မော်တော်ယာဉ်တင်သွင်းခွင့် စလစ်ရှားပါးလာပြီး ဈေးများလည်း မြင့်တက်လျက်ရှိ

မြတ်မေဇင်

လွန်ခဲ့သော ရက်သတ္တာနှစ်ပတ်ခန့်မှစ၍ မော်တော်ယာဉ်တင်သွင်းခွင့် (စလစ်) ဈေးများမြင့်တက်လာခဲ့သည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစတင်ခါ 'လ' အက္ခရာ ကားများ စတင်အပ်နှံခွင့်ပြုသည်ဟု ကြေညာသော်လည်း ကားဟောင်းအပ်နှံလိုသူ နည်းပါးနေသည်ဟု ဟံသာဝတီကားဝိုင်းမှ ကားဝယ်ရောင်းများက ပြောသည်။

"အက္ခရာ အရမ်းမနိမ့်တော့ စီးလို့ရနေသေးတယ်။ အပ်ပြီးရင်လည်း ငွေကထပ်လိုက်ရဦးမှာ။ မလိုက်နိုင်သေးတော့ သွားမအပ်တော့ဘူးပေါ့"ဟု ကားဝယ်ရောင်းအကျိုးဆောင် ဦးအောင်မြတ်က ပြောသည်။

ဈေးကွက်အတွင်း ကားဟောင်းအပ်နှံလိုသူ နည်းပါးလာခြင်းကြောင့် စလစ်ရှားပါးလာပြီး စလစ်ဈေးမြင့်တက်ခြင်းသည် ကားအရောင်းစင်တာများတွင် ကျန်ရှိနေသေးသော တင်သွင်းပြီး မော်ဒယ်နိမ့်ကားများအတွက် စိန်ခေါ်မှုဖြစ်လာနိုင်သည်ဟု ရန်ကုန်မြို့တော်အတွင်းရှိ ကားအရောင်းစင်တာပိုင်ရှင်များက သုံးသပ်သည်။

ယာဉ်အိုယာဉ်ဟောင်း စတင်အပ်နှံခဲ့စဉ်အခါတွင် မော်တော်ကား အရောင်းစင်တာများအနေဖြင့် စလစ်ဖြင့်ဝယ်ယူရသော ၂၀၀၇ အောက် မော်ဒယ်ကားများတင်သွင်းထားသည်မှာ ဈေးကွက်အတွင်း ကားအစီးရေ သောင်းဂဏန်းနီးပါးကျန်ရှိနေသေးပြီး ကားဟောင်းအပ်နှံပြီး ထွက်ရှိလာသော စလစ်ဈေးကွက်သည် အဆိုပါကားများရောင်းချနိုင်ခြင်းနှင့် တိုက်ရိုက်ဆက်နွယ်ပတ်သက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်အတွင်းရှိမော်တော်ကားအရောင်းစင်တာပိုင်ရှင်များက ပြောသည်။

"လူတွေက ကားဟောင်းအပ်တယ်ဆိုတာ ကားက ခဲ့ခဲ့ချနေပြီ။ လမ်းဘေးထိုးရပ်ထားရတဲ့အဆင့် အက္ခရာအနိမ့်တွေဆိုရင် ပျော်ပျော်ကြီးသွားအပ်ကြလိမ့်မယ်။ အခုက အက္ခရာ တဖြည်းဖြည်း မြင့်လာတယ်။ အခုအပ်တာလက်ခံမယ့် 'လ' အက္ခရာဆိုရင် စူပါစလွန်း (၁၉၉၀ မော်ဒယ်) လောက်တွေပါသေးတယ်။ ဒီကားတွေကစီးလို့ ရနေသေးတယ်။ လာအပ်မှာမဟုတ်ဘူး။ လာအပ်ရင် လည်း ကားပြန်သွင်းဖို့က နောက်ထပ် သိန်းတစ်ရာကျော်လောက် လက်ထဲရှိမှ ဖြစ်မယ်။ ဒီတော့ တော်ရုံစီးလို့ရနေရင် လာမအပ်တော့ဘူး။ လာမအပ်ရင် ဈေးကွက်ထဲ စလစ်ရှားလာမယ်။ စလစ်ရှားလာတာနဲ့အမျှ ကားအရောင်းစင်တာတွေမှာ သောင်တင်နေတဲ့ ၂၀၀၇ မော်ဒယ်အောက်ကားတွေ ဘယ်လို ရောင်းတော့မလဲ။ နောက်ပိုင်းမှာ ကားအပ်တဲ့သူနည်းလာပြီး စလစ်ရှားပါးလာတာနဲ့အမျှ ကားအရောင်းစင်တာတွေမှာ သွင်းထားတဲ့မော်ဒယ်အနိမ့်ကားတွေ ပြဿနာတက်လိမ့်မယ်" ဟု The Farmer ကားအရောင်းစင်တာပိုင်ရှင် ဒေါက်တာစိုးထွန်းက မြန်မာတိုင်း(မ်) ကိုပြောသည်။

မြန်မာ မော်တော်ကားရောင်းဝယ်ရေးအသင်း(ဗဟို) ဘဏ္ဍာရေးမှူး ဦးသိန်းသန်းက "အဓိကကတော့ ကုန်ကြမ်းရှားလာတာ။ ကားဟောင်းအပ်နှံသူနည်းလာတာ။ အက္ခရာကလည်း ကုန်သလောက်ရှိနေပြီလေ။ အခု 'လ' အက္ခရာအပ်ပြီးရင် 'သ' 'အ' ကျန်တယ်။ ပြီးရင် 'ဝက' '၂က' စသည်ဖြင့်ပေါ့။ အခုစလစ်ဈေးက ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှာ ၉၇ သိန်း ဝန်းကျင်ရှိတယ်။ 'လ' အက္ခရာ အပ်နှံဖို့ မပြောခင်က ၈၅ သိန်းကျော်မှာ ဈေးက ကစားနေတာ"ဟု ပြောသည်။

"ပုံမှန်အားဖြင့် စလစ်ဈေးက ကားဟောင်းအပ်နှံခွင့်ပြုတဲ့အချိန်မှာ မူလ ဈေးထက် ၁၀ သိန်း၀န်းကျင်လောက် မြင့်တတ်တယ်။ အခု 'လ' အက္ခရာ အပ်နှံခွင့်ပေးပြီဆို စလစ်ဈေးမြင့်လာမယ်။ အဲဒါပြီးရင် နည်းနည်းပြန်ကျမယ်၊ နောက်ထပ် အက္ခရာတစ်ခုထပ်ပြီး အပ်နှံခွင့် မပြုခင် အချိန်ထိပေါ့"ဟု ဦးသိန်းသန်းက ပြောသည်။

ဒေါက်တာစိုးထွန်းက "ကားတွေ ရောင်းမကုန်လို့ နှစ်နှစ်ပြည့်ရင် ဂျပန်ကို ပြန်ပို့လို့ရတယ်ဆိုပေမယ့် အကုန်ကျခံပြီး ပို့မှာမဟုတ်ဘူး။ ဒီဈေးကွက်ထဲမှာပဲ ရအောင် ရောင်းသွားကြမှာ။ နောက်ပိုင်း ကျရင် ကားဟောင်းအပ်တဲ့စနစ်က အလုပ်ဖြစ်မှာမဟုတ်တော့ဘူး။ ကား အရောင်းစင်တာက ကားတွေကို ဘယ်လို ဆက်လုပ်ကြမလဲဆိုတာ ထပ်စဉ်းစားရတော့မယ်"ဟု ပြောသည်။ ■

ယာဉ်အိုယာဉ်ဟောင်း အစားထိုး စီမံချက်အရ 'လ'အက္ခရာများ စတင် အပ်နှံနိုင်

သီဟတိုး

ယာဉ်အိုယာဉ်ဟောင်း အစားထိုး စီမံချက်မှ 'လ'အက္ခရာယာဉ်များအား ယာဉ်များ အပ်နှံဆောင်ရွက်ခြင်းကို ယခုလ ၂၈ ရက်နေ့မှစ၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးရုံးများတွင် လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်က ပြောသည်။

ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်း စီမံချက်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ရာ ပထမအဆင့် အနေဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မှတ်ပုံတင်သက်တမ်းအနှစ် ၄၀ ကျော် "စ"၊ "ဆ"၊ "ဇ" အက္ခရာများကို လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ အနှစ်၃၀ ကျော်အတွင်း "ဈ"၊ "ည" အက္ခရာများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် အနှစ် ၂၀ ကျော်မှ အနှစ် ၃၀ ကျော်အတွင်း "ဏ"၊ "ထ"၊ "ဒ"၊ "ခ"၊ "နှ"၊ "ပ"၊ "ဗ"၊ "ဘ" အက္ခရာယာဉ်များကို စီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယခုလ ၁၄ ရက်နေ့အထိ ယာဉ်အို ယာဉ်ဟောင်း အပ်နှံမှုစီးရေ ၇၅,၁၉၈ စီး ဖြစ်၍ ဆောင်ရွက်ပြီးစီးမှုမှာ ၈၂ ဒသမ ၀၈ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

လေလံပြန်လည် မှတ်ပုံတင်ယာဉ်များဖြစ်သည့် Mazda အုပ်စုဝင်ယာဉ်များအားလုံးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှစ၍ လည်းကောင်း၊ ကျန်လေလံပြန် မှတ်ပုံတင်ယာဉ်များကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍လည်းကောင်း စီမံချက်တွင် ထည့်သွင်း အပ်နှံ ဆောင်ရွက်ပေးလျက်ရှိပြီး ၄,၆၉၆ စီး ဆောင်ရွက်ပြီးဖြစ်သည်။ ■



သတင်းတိုများ

စင်ကာပူကျောင်းဝင်ခွင့် လျှောက်ထားနိုင်

စင်ကာပူနိုင်ငံရှိ Kaplan တွင် Bachelor of Science (Honours) နှင့် Master fo Science ဘွဲ့များအတွက် ဇွန်လဝင်ခွင့်ကို စတင်လက်ခံနေပြီဖြစ်သည်။ University College Dublin, Ireland မှပေးအပ်မည့် Bachelor of Science (Honours) ကိုမူ ၁၈ လ တက်ရောက်ရမည်ဖြစ်သည်။ အသေးစိတ်ကို Study Abroad Information Centre ဒိုင်းမွန်း ကွန်ဒို၊ တိုက်(အေ)၊ (၁၁)လွှာ၊ အခန်းအမှတ် ၁၁၀၃၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် မေးမြန်းနိုင်သည်။

SR ပညာရေးပြပွဲကျင်းပ

နိုင်ငံတကာပညာရေးပြပွဲကို နိုင်ငံတကာကျောင်းများနှင့် ပူးပေါင်းပြီး SR education က ရန်ကုန်မြို့ Summit Parkview Hotel ၌ ဖေဖော်ဝါရီ ၂၂ ရက်နေ့၊ မန္တလေး၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့နှင့် ပြင်ဦးလွင်၌ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တို့က ကျင်းပခဲ့သည်။ ''အဓိက က စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ SR World Wide education ကို ကိုယ်စားပြုတဲ့ကျောင်းတွေက ကိုယ်စားလှယ်တွေ ထိုင်ပေးပါတယ်။ တက်ရောက်သူ ခန့်မှန်းခြေ ၃၀၀ လောက် ရှိပါတယ်''ဟု SR မှ တာဝန်ရှိသူက ပြောသည်။ **ယွန်းနှင်း**

ဝန်ကြီးဌာနအချို့တွင် အာဏာခွဲဝေအပ်နှင်းမှုနှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်ရှိ

ကျော်ဆုမွန်

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့အာဏာခွဲဝေအပ်နှင်းမှုများနှင့် ပတ်သက်ပြီး မကြာမီ ဝန်ကြီးဌာနအချို့တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ရှိကြောင်း သမ္မတပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ထုတ်ဖော်ပြောသည်။

အခြေခံဥပဒေအရ ပြည်ထောင်စုအဆင့် အစိုးရနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ အာဏာခွဲဝေအပ်နှင်းမှုကို အသေးစိတ်ဖော်ပြထားရာ အချို့ဝန်ကြီးဌာနများတွင် ပြည်ထောင်စုအဆင့်က တိုက်ရိုက်စီမံခန့်ခွဲမှုမပြုတော့ဘဲ အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များက လာမည့် ဘဏ္ဍာနှစ်မှ စတင်ကိုင်တွယ်နိုင်ဖွယ်ရှိကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။

"ကြားတာကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ အစိုးရတွေက အဲဒီမှာရှိတဲ့ အစိုးရဝန်ထမ်းတွေရဲ့ လစာဘတ်ဂျက်တွေကအစ ကိုင်တွယ်မယ်လို့ကြားရတယ်။ အဲဒီသတင်းထွက်လာပေမယ့် အတိအကျမသိရသေးဘူး။ လာမယ့် ဧပြီလဆန်းဆိုရင်တော့ သိနိုင်မှာပါ"ဟု အမည်မဖော်လိုသူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက လုပ်ဆောင်ခွင့်ရှိသည့်ကဏ္ဍများကို ဇယား-၂ နှင့် ဖော်ပြထားပြီး ပုဒ်မ ၂၅၆ မှာတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် မိမိဒေသအတွင်းမှာရှိသည့် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းတွေကို ဥပဒေနှင့်အညီ ကြီးကြပ်၊ စစ်ဆေးနိုင်ခွင့် ပေးထားသောကြောင့် ဖြစ်နိုင်ခြေရှိကြောင်းလည်း သုံးသပ်ရသည်။

"၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အစည်းများ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်ရေးနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာအကြီးအကဲများကို မိန့်ခွန်းပြောတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ရေးအာဏာခွဲဝေအပ်နှင်းမှုများ ဆောင်ရွက်ရာမှာ ပြည်ထောင်စုဝန်ကြီးဌာန အလိုက် တာဝန်ယူဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများက တာဝန်ယူလုပ်ဆောင်ရမယ့် လုပ်ငန်းများကို စနစ်တကျ သတ်မှတ်ဖို့၊ ပြည်ထောင်စုဝန်ကြီးဌာနတွေက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်များ ထိန်းသိမ်းမှုကို အဓိကတာဝန်ခံဖို့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ဝန်ထမ်းအဖွဲ့အစည်းတွေကို ကြီးကြပ်ပြီး ဆောင်ရွက်ဖို့ ညွှန်ကြားခဲ့ပါတယ်" ဟု ဦးရဲထွဋ်က မြန်မာတိုင်း(မ်)ကို ဖြေကြားသည်။

"အဲဒီညွှန်ကြားချက်များကိုအကောင်အထည်ဖော်တဲ့အနေနဲ့ အချို့ဝန်ကြီးဌာနများမှာ ပြင်ဆင်မှုတချို့ လုပ်ဆောင်ဖို့ ရှိပါတယ်။ အသေးစိတ်တော့ မသိရသေးပါဘူး။ လစာကိစ္စမျိုးကျတော့ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်ရဲ့ ရန်ပုံငွေခွဲဝေမှုများနဲ့လည်း ဆက်စပ်နေပါတယ်"ဟု ၎င်းက ပြောသည်။

သို့ရာတွင် ဦးရဲထွဋ်က မည်သည့် ဝန်ကြီးဌာနများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်မည်ဆိုသည်ကိုမူ ထည့်သွင်းပြောဆိုခြင်း မရှိခဲ့ချေ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်ကမူ အစိုးရဝန်ထမ်းများနှင့် သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုကို ပိုမိုသိသာစေရန်အတွက် အာဏာခွဲဝေရာတွင် ပြည်ထောင်စုအစိုးရက ဘတ်ဂျက်တစ်ခုတည်းကိုပဲ ကိုင်တွယ်ရန် လုပ်ဆောင်ခြင်းမဟုတ်ဘဲ အဆိုပါ ဝန်ထမ်းများနှင့် ပတ်သက်သည့် စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်ကအစ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံသို့ ပေးအပ်သင့်ကြောင်း ပြောသည်။

"အမှန်က တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတွေကို ဘတ်ဂျက်တစ်ခုတည်း ကိုင်ပြီး လုပ်ဆိုတာထက် ဒီဝန်ထမ်းတွေနဲ့ပတ်သက်တဲ့ စီမံခန့်ခွဲမှုအဆင့်ဆင့် လုပ်ခွင့်ရအောင် ခွင့်ပေးသင့်ပါတယ်။ ဒါမှ ဘယ်ဝန်ထမ်းက ဘယ်လောက် တော်ပြီး ဘာတွေလုပ်နေတယ်။ ရာထူး တိုးပေးဖို့ကအစ လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိကာလတွင်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် သစ်တောရေးရာ၊ လျှပ်စစ်မာတ်အား ပေးရေးအဖွဲ့ အစရှိသည်တို့ကို လစာငွေများ ကိုင်တွယ် ထုတ်ပေးလျက်ရှိနေပြီး စီမံခန့်ခွဲခွင့်ကိုမူ ပြည်ထောင်စုအစိုးရက ချုပ်ကိုင်ထားဆဲ ဖြစ်သည်။

"ဝန်ထမ်းလစာ ပေးတာကတော့ ဘယ်ဌာနက ဘယ်လောက်ဘတ်ဂျက် ဆိုတာ တက်လာရင် ပေးရတာပါပဲ။ ဒါပေမဲ့ အဓိကကျတာက ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ဘယ်သူက ဘာလုပ်တယ် ဆိုတာကို လေ့လာပြီး စီမံခွင့်ရဖို့ အရေးကြီးပါတယ်"ဟု ဦးဇော်အေးမောင်က ပြောသည်။

အရပ်သားအစိုးရ တက်လာပြီးနောက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရများ ဖွဲ့စည်းပြီးဖြစ်သော်လည်း ယခုအချိန်အထိ ဝန်ကြီးဌာနများတွင် ပြည်ထောင်စုအဆင့်ကသာ လုပ်ပိုင်ခွင့်များကို ထိန်းသိမ်းထားဆဲဖြစ်နေကြောင်း လေ့လာသူများက ဆိုသည်။ ■





အမျိုးသမီးတစ်ဦးအား လိမ်လည်ခေါ်ဆောင်သွားသူ နှစ်ဦးကို ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်

အလုပ်လုပ်ချင်သလား အိမ်ဖော်အလုပ်ရမည်ဟုပြောကာ တိုက်တစ်တိုက်၏ ၇ လွှာရှိ တိုက်ခန်းတစ်ခန်းသို့ ခေါ်သွားပြီး သားမယားအဖြစ် ဆက်ဆံခဲ့ခဲ့ရသူ တစ်ဦး၏အမှုနှင့်ပတ်သက်၍ ဖမ်းဆီးတရားစွဲဆိုထားခြင်းခံရသော လသာမြို့နယ်နေ မမိုး(ခ)မိုးသီတာနှင့် လှိုင်သာယာမြို့နယ်နေ မခိုင်(ခ)ခိုင်ခိုင်ထွန်းတို့ အပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အနောက်ပိုင်းခရိုင်တရားရုံး ဒုခရိုင်တရားသူကြီး ၇ ရုံးက ဇန်နဝါရီ ၂၄ ရက်နေ့တွင် စီရင်ချက်ချမှတ်လိုက်သည်။

မှုခင်းဖြစ်စဉ်မှာ ၇-၂-၂၀၁၂ ရက်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် လှိုင်သာယာမြို့နယ်၊ (၁) ရပ်ကွက်နေသူ ၏ မွေးစားသမီးဖြစ်သူမ---အား ကလေးထိန်းကျောင်း ပို့ခိုင်းခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ စိတ်ဆိုးပြီး နေအိမ်မှ ထွက်ပြေးသွားသဖြင့် လိုက်လံရှာဖွေရာ တစ်ရပ်ကွက်တည်းနေ မခိုင်(ခ)ခိုင်ခိုင်ထွန်းက မွေးစားသမီးအား အိမ်ဖော်အလုပ်လုပ်ရန် လသာမြို့နယ်ရှိ အိမ်တစ်အိမ်သို့ ပို့ဆောင်ထားကြောင်းသိရသဖြင့် ပြန်ခေါ်ခိုင်းခဲ့သည်ဟုဆိုသည်။

မွေးစားသမီး မ--- နေအိမ်သို့ ပြန်လည်ရောက်ရှိ၍ မေးမြန်းသောအခါ လသာမြို့နယ်ရှိ နေအိမ်တွင် အိမ်ရှင် မမိုးသီတာ(ခ)မမိုးက အမျိုးသားတစ်ဦးနှင့် ကာမဆက်ဆံရန် အမွေစေခိုင်းသဖြင့် ကာမနှစ်ကြိမ် ဆက်ဆံခြင်းခံခဲ့ရကြောင်း၊ မကြာခင် လှိုင်သာယာမှ မ---အား ပို့ခဲ့သည့် အမျိုးသမီး ရောက်လာပြီး မ---အား မွေးစားမိခင် လိုက်ရှာနေကြောင်း ပြန်လိုက်ခဲ့ရန်ပြော၍ အိမ်ရှင်အမျိုးသမီးက ၎င်းတို့ဝတ်ဆင်ပေးထားသော အဝတ်အစားများပြန်လဲခိုင်းပြီး မ---အား လှိုင်သာယာသို့ ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် မွေးစားမိခင်က လှိုင်သာယာရဲစခန်းသို့ သွားရောက်တိုင်တန်းရာ လသာရဲစခန်းအုပ်ငြိတွင် ဖြစ်ပွားမှုဖြစ်သဖြင့် လသာရဲစခန်းက စွဲချက်အမှတ် (၆၄-ခ/၂၀၁၂) ဖြင့် အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ **မင်းသုနောင်နှင့် တိုးဝေအောင်**

ဒုတိယအကြိမ် ကင်းထောက်သင်တန်း ဖွင့်လှစ်

ချယ်ရီသိန်း

အခြေခံပညာကျောင်းအဆင့် ကင်းထောက်သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ အထက(၄) အလုံမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ အထက(၁) ပြင်ဦးလွင်တို့တွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လ ၅ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

"ပထမအကြိမ်မှာ ကျောင်းတွေက အားထည့်တာကိုတွေ့ရတော့ ဒုတိယအကြိမ်နဲ့ ဒီကျောင်းနှစ်ကျောင်းကို ထပ်တိုးပြီး ကင်းထောက်သင်တန်းပေးဖို့စီစဉ်ခဲ့တာပါ။ ကလေးတွေရဲ့ အကျင့်စာရိတ္တ၊ ပင်ကိုစွမ်းရည်တွေ၊ ယဉ်ကျေးမှုနဲ့ အပြုအမူကောင်းတွေ၊ လူမှုရေးစိတ်ဓာတ်တွေကို ရရှိစေဖို့ပါ။ ကင်းထောက်ဟာ နိုင်ငံရေး၊ စစ်ရေးမဟုတ်ဘူး။ အမိန့်နဲ့ သွားနေတာ မဟုတ်ဘူး။ အသိစိတ်ဓာတ်နဲ့ လူမှုရေးစိတ်ဓာတ်နဲ့ သွားနေတာပါ။ ဥပမာ- တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ကြီးသူကို ငယ်သူက လေးစားသမှုနဲ့ အလေးပြုပြီး အရိုအသေပေးတယ်။ ဒါဟာ အမိန့်သဘောမပါပါဘူး။ ကလေးတွေကိုလည်း ဆန္ဒရှိမှ၊ မိဘက ခွင့်ပြုမှ ကင်းထောက်သင်တန်းကို တက်ခွင့်ပေးတယ်။ လူမှုရေးစိတ်ဓာတ်မရှိဘဲ ကင်းထောက်ဖြစ်ရင်လည်း အလကားပဲ။ ကျင့်ဝတ်တွေကို မစောင့်ထိန်းနိုင်ဘဲနဲ့ ကင်းထောက်မဖြစ်နိုင်ဘူး"ဟု အမှတ်(၁) အခြေခံဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးတင်ညိုက မြန်မာတိုင်း(မ်)ကို ပြောသည်။

အလားတူ သင်တန်း၏ အောင်မြင်ရလဒ်များကို အခြေခံ၍ ၂၀၁၃ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ ကင်းထောက်သင်တန်းများကို ထပ်မံတိုးချဲ့သွားရန်ဟူသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အမှာစကားအရ ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ၎င်းက ပြောသည်။

ကင်းထောက်ဆိုတာ လူထွက်လို့မရဘူး။ တစ်ကြိမ်ကင်းထောက်ဆိုရင် တစ်သက်လုံး ကင်းထောက်ပဲလို့ ခံယူထားတယ်...

ကင်းထောက် ရှစ်ရက်သင်တန်းတွင် ဆဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူ ၁၀၀ အားလေ့ကျင့်ပေးမည်ဖြစ်သည်။

ကင်းထောက်များဆိုင်ရာ ရုံးခန်းကို အထက(၄) အလုံမြို့နယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကင်းထောက်ဆိုင်ရာ လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သော ကင်းထောက်များတွေ့ဆုံပွဲ၌ ကင်းထောက်ဟောင်းကြီးများအနေဖြင့် ကင်းထောက်အဖွဲ့အသစ်ဖွဲ့စည်းခြင်းကို ဝမ်းသာကြိုဆိုကြောင်းနှင့် မိမိတို့တတ်နိုင်သည့်ဘက်မှ အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောသည်။

၇၃ နှစ်အရွယ် ကင်းထောက်ဟောင်းကြီးတစ်ဦးဖြစ်သော ဦးလှဌေးက " ကင်းထောက်ဆိုတာ လူထွက်လို့မရဘူး။ တစ်ကြိမ်ကင်းထောက်ဆိုရင် တစ်သက်လုံး ကင်းထောက်ပဲလို့ ခံယူထားတယ်။ ကင်းထောက်စိတ်ဓာတ်က ဖျောက်ဖျက်လို့မရဘူး။ လက်ရှိအခွင့်ရလည်း ဒီစိတ်ဓာတ်နဲ့ပဲနေတယ်။ ဘာဆိုမက်ထရစ်ပဲအောင်တယ်။ ပညာတတ်ကြီးမဟုတ်ပေဘူး။ ဒါပေမဲ့ စိတ်ဓာတ်ကိုတော့ မနိမ့်ကျအောင် အမြဲကြိုးစားတယ်။ စိတ်ဓာတ်ကောင်းဖို့က ကိုယ်ကျင့်ကောင်းဖို့လိုတယ်။ ကင်းထောက်က သင်ပေးတဲ့ အလေ့အကျင့်ကောင်းတွေ၊ ထားရှိရမယ့်စိတ်ဓာတ်တွေကိုကလေးတွေ လေ့ကျင့်ယူသင့်တယ်။ ကင်းထောက်အဖွဲ့ ပြန်ဖွဲ့တယ်ဆိုတာ ကြားကတည်းက မြန်မာပြည်ကောင်းပြီလို့ ခံယူမိတယ်" ဟု မြန်မာတိုင်း(မ်)ကိုပြောသည်။

အလားတူ အမျိုးသမီးကင်းထောက်ဟောင်းများဖြစ်သော ဒေါ်မိမိခိုင်၊ ဒေါ်သိန်းသိန်းဝင်းတို့ကလည်း ကင်းထောက်နှင့်ပတ်သက်သော အတွေ့အကြုံများကို လူငယ်များအား လက်ဆင့်ကမ်းခွင့်ရသည့်အတွက် ဝမ်းသာရပြီး ကင်းထောက်များ ပြန်လည်တွေ့ဆုံပွဲကြောင့် အားအင်သစ်များ ပြန်လည်ရရှိလာကြောင်း ပြောသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ကင်းထောက်သင်တန်းဆင်းခဲ့သော လမ်းမတော် အထက(၁)မှ ကင်းထောက်မောင်မယ်များဖြစ်ကြသည့် မောင်ဟိန်းတေဇာ၊ မောင်သူရိန်၊ မောင်ဝေဖြိုးဦး၊ မနန်းအိအိဝင်း၊ မငွေရတုနှင့် မသီရိဇင်တို့က ကင်းထောက်သင်တန်းသည် စိတ်ဝင်စားစရာကောင်းသည့်အပြင် မိမိတို့အတွက် အကျိုးရှိသော ရှေးဦးသူနာပြုစုနည်း၊ ကြိုးချည်နည်း၊ တဲထိုးနည်းနှင့် အလံနှင့် အချက်ပြနည်းများကို လေ့လာသင်ယူခဲ့ရကြောင်း၊ အများကူညီရန် အဆင်သင့်ဖြစ်နေရသော ကင်းထောက်လူငယ်များ ဖြစ်ခွင့်ရသည့်အတွက် ဝမ်းသာကြောင်း ပြောသည်။

"ကျောင်းထဲမှာ တဲထိုးပြီး လေ့ကျင့်ခန်း ဆင်းခဲ့ရတယ်။ အခုပွဲမှာ အခြားကျောင်းတွေက အပြင်ကို လေ့လာရေးအနေနဲ့ ထွက်တယ်ဆိုတော့ သားတို့လည်း အားကျတယ်။ နောက်တစ်ခါထွက်ခွင့်ရရင်ကောင်းမယ်။ လေ့ကျင့်ပေးတဲ့ ဆရာမတွေနဲ့ ပို့ပြီး အတူတူနေလို့ရမယ်။ မေးချင်တာ မေးလို့ရမယ်" ဟု ၎င်းတို့က ပြောသည်။

ကင်းထောက် တစ်ဦးချင်းစီသည် ကင်းထောက်အရည်အချင်းများ ပြည့်စုံနေပြီဆိုပါက နိုင်ငံအတွက် အားကိုးအားထားပြုရမည့် လူမှုဝန်ထမ်းစိတ်ဓာတ်ပြည့်ဝသော နိုင်ငံသားကောင်းများ ဖြစ်လာရန် ရည်ရွယ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောသည်။

၂၀၁၂ ပညာသင်နှစ်တွင် မြို့နယ် ၁၈ မြို့နယ်ရှိ ကျောင်း ၁၈ ကျောင်းမှ ဆဋ္ဌမတန်းကျောင်းသား ၅၀၊ ကျောင်းသူ ၅၀ စုစုပေါင်းဦးရေ ၁,၈၀၀ ဦးတို့အား ကင်းထောက်လူငယ်များအဖြစ် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ကင်းထောက်သင်တန်းကို ကျောင်းများတွင် ပြန်လည်ပို့ချနိုင်ရန်အတွက် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ၁၈ ဦး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ၅၃ ဦး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ခုနစ်ဦး၊ စုစုပေါင်း ၉၈ ဦး အား လေ့ကျင့်ပေးခဲ့သည်။ ■


EMBASSY OF INDIA
YANGON



လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ခံယူမှုလက်စွဲ မြန်မာဘာသာဖြင့် ထုတ်ဝေ

ချယ်ရီသိန်း

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ခံယူမှု မိတ်ဆက်အဖွဲ့၏ စံချိန်၊ စံနှုန်း တာဝန်ခံယူနိုင်မှုနှင့် အရည်အသွေးစီမံခန့်ခွဲမှု လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ပြီးခဲ့သည့် ရက်သတ္တပတ်က မိတ်ဆက်ခဲ့သည်။

HAP Humanitarian Accountability Partnership ၏ ၂၀၁၀ တာဝန်ခံယူနိုင်မှုနှင့် အရည်အသွေး စီမံခန့်ခွဲမှုစာအုပ်တွင် ပါဝင်သော စံသတ်မှတ်ချက်များသည် လူသားချင်း ထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၏ အကောင်းဆုံးလုပ်ဆောင်ချက်များကို စုစည်းထားခြင်းဖြစ်သည်။

လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများမှာ ပါဝင်လုပ်ဆောင်နေကြသူများ အားလုံးသည် ကောင်းမွန်သောစိတ်ထားနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ခံယူချက်များထားရှိပြီး အများပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေကြသည်ဟု ယုံကြည်ကြောင်း ဦးဆောင်ညွှန်ကြားရေးမှူးချုပ် မစ္စ မာရီယာကေစီမာ့စ်လန်က ပြောသည်။

"ကျွန်မတို့ရဲ့ လုပ်ငန်းအရည်အသွေး ဘယ်လောက်ရှိတယ်ဆိုတာကို အမှန်တကယ် အကောင်းဆုံး အဆုံးအဖြတ် ပေးနိုင်သူတွေကတော့ ကျွန်မတို့ရဲ့ အကျိုးကို ခံစားရရှိနေသူတွေပါပဲ။ အစိုးရမဟုတ်တဲ့ အရပ်ဘက်အဖွဲ့အစည်းတွေအတွက် တာဝန်ခံယူနိုင်ခြင်းကို လုပ်ဆောင်ခြင်းအားဖြင့် ဖြစ်နိုင်ခြေအများတွေ၊ မသမာမှုတွေပြုလုပ်ခြင်းနဲ့ အကျင့်ပျက်ခြစားခြင်းတို့ကို လျော့နည်းစေနိုင်မယ်လို့ ယုံကြည်ထားပြီး ဖြောင့်မတ်မှန်ကန်စွာ ဥပဒေနဲ့အညီ ရပ်တည်နိုင်မှု အချက်တွေအပေါ်မှာ အများကြီး မူတည်ပါတယ်"ဟု ၎င်းကပြောသည်။

လွန်ခဲ့သော ၁၀နှစ်မှစ၍ HAP အနေဖြင့် တာဝန်ခံယူနိုင်မှုကိုမြှင့်တင်အားပေးလုပ်ဆောင်လာခဲ့သည်။ ၂၀၁၀ စံချိန်စံနှုန်းစာအုပ်အဖြစ် ပြန်လည်သုံးသပ်လေ့လာရာတွင် နိုင်ငံပေါင်း ၅၆ နိုင်ငံမှ လူပေါင်း ၁,၉၀၀ ကျော်ပါဝင်လုပ်ဆောင်ခဲ့သည်။

မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းကို Save the Children. Mercy Malaysia နှင့် Local Resource Centre တို့က ဘာသာပြန်ဆိုခဲ့သည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်ခံယူမှု မိတ်ဖက်အဖွဲ့ကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကြောင့် ထိခိုက်ခံစားရသောသူများအပေါ် တာဝန်ယူမှု မြှင့်တင်ရန်နှင့် အဖွဲ့ဝင်၏ အခြေခံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သူများက ဖွဲ့စည်းလျက် HAP တာဝန်ခံယူမှုစံနှုန်းလမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်နိုင်သော အဖွဲ့အစည်းများ အသိအမှတ်ပြုနိုင်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။

HAP ၏ စံချိန်စံညွှန်းများနှင့်အညီ ခံယူချက်အပြည့်အဝထားကာ လုပ်ဆောင်နေကြသော အသိအမှတ်ပြုလက်မှတ်ရ အဖွဲ့အစည်း ၁၅ ဖွဲ့ရှိနေပြီဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူများအတွက် တာဝန်ခံယူမှုဆိုင်ရာ ယန္တရားအားကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးနိုင်ရန်အတွက် HAP အနေဖြင့်ထိပ်ဆုံးမှ ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။ ■

နေရောင်ခြည် စွမ်းအင်သုံး မီးအိမ်များလူဒါန်း

မြတ်ငြိမ်းဇော်

နေရောင်ခြည် စွမ်းအင်သုံးမီးအိမ်များအား ဂျပန်ပင်နာဆိုးနစ်ကုမ္ပဏီမှ လူမှုအဖွဲ့အစည်းများသို့ပေးလှူကာ ထိုမှတစ်ဆင့် လျှပ်စစ်လုံလောက်စွာမရရှိသေးသောနေရာများသို့ အဓိကထား၍ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ မီးအိမ်များ လူဒါန်းသောအခမ်းအနားတွင် တာဝန်ရှိသူများက ပြောသည်။

"လူဒါန်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့နည်းပညာမှတစ်ဆင့် ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့ လူနေမှုဘဝတွေကိုမြှင့်တင်ပြီး ပိုမိုကောင်းမွန်တဲ့ဘဝတွေ ဖြစ်လာဖို့ အတွက်ကို ရည်ရွယ်တာပါ။ အခုဆိုရင် မြန်မာနိုင်ငံဟာလည်း အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးမှုတစ်ခုအနေနဲ့ မြန်မာနိုင်ငံက လျှပ်စစ်လုံလုံလောက်လောက်မရရှိတဲ့ နေရာတွေကို ဒီလို နေရောင်ခြည်စွမ်းအင်သုံးမီးအိမ် ၃,၀၀၀ လှူဒါန်းခြင်းနဲ့ ဒီထက်ပိုပြီးကြီးမားတဲ့ရည်မှန်းချက်ကို အောင်မြင်စေဖို့ အတွက် အဆင့်တစ်ဆင့်တက်လှမ်းတယ်လို့လည်း ယုံကြည်ပါတယ်"ဟု အာရှပစိဖိတ်ဒေသ မန်နေဂျင်း ဒါရိုက်တာ မစ္စတာရိုရီဟီဆာရှိရိုခါဝါက ပြောသည်။

ပင်နာဆိုးနစ်ကုမ္ပဏီသည် နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များအား ၂၀၁၂ ခုနစ်မှ ၂၀၁၈ ခုနစ်အတွင်း အလုံးရေတစ်သိန်းလှူဒါန်းသွားရန် စီစဉ်လျက်ရှိပြီး ယခုလှူဒါန်းမှုသည် ကနဦးအလုံး ၃,၀၀၀ စတင်လှူဒါန်းမှု ဖြစ်သည်။


အဆိုပါလှူဒါန်းပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ Bridge Asia Japan (NPO) ၊ Greater Mekong Initiative (NPO) နှင့် Japan Heart (NPO)တို့အား လှူဒါန်းခဲ့သည်။

ယခုကဲ့သို့ နေရောင်ခြည်စွမ်းအင်သုံး မီးအိမ်များကို လှူဒါန်းလိုက်သည့် အတွက် လျှပ်စစ်မီးအလုံအလောက်မရရှိသောနေရာများတွင် ကျောင်းသား၊ ကျောင်းသူများ ညအခါတွင် ကောင်းမွန်စွာ စာကျက်မှတ်နိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း လျှပ်စစ်မီးမရရှိသည့်နေရာတွင် အရေးပေါ်ဆေးဝါးကုသမှုနှင့် အထူးလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း CSR and Citizenship Group မှ အထွေထွေမန်နေဂျာဖြစ်သူ မစ္စမီချီကိုအိုဂါဝါက ပြောသည်။

"ပညာရေး၊ ကျန်းမာရေးနဲ့ သန့်ရှင်းမှုနေရာမှာ မီးဆိုတာအဓိကလိုအပ်ပါတယ်။ ဒီနေ့လှူဒါန်းတဲ့ မီးအိမ်အလုံး ၃,၀၀၀ ဟာဆိုရင် အဖွဲ့အစည်းတွေကနေမှတစ်ဆင့် တကယ်လိုအပ်နေတဲ့ နေရာတွေဆီကိုရောက်ရှိအောင် လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်"ဟုဂုဒင်းကပြောသည်။

Greater Mekong Initiative (NPO) အဖွဲ့အစည်းသည် ဘုန်းကြီးကျောင်းများ၊ ညဘက်စာသင်သောကလေးငယ်များနှင့် မဲခေါင်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်ပြီး မြန်မာကြက်ခြေနီအသင်းအနေဖြင့် မြန်မာနိုင်ငံအစွန်အဖျားမှ လျှပ်စစ်မီးမရရှိသော ဒေသများတွင် အဓိကလှူဒါန်းသွားမည် ဖြစ်သည်။

Japan Heart (NPO) အဖွဲ့အစည်းသည် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသော ဆေးရုံများ၊ နေ့ကလေးထိန်းကျောင်းများ၊ ရန်ကုန်မြို့နယ်များအတွင်းရှိ နေ့ကလေးထိန်းကျောင်းများသို့လည်း လှူဒါန်းသွားမည်ဖြစ်သည်။ Bridge Asia Japan (NPO) အဖွဲ့အစည်းသည် ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိ ရုံးလုပ်ငန်းများအတွက် လျှပ်စစ်မီးမရရှိသည့်ဆေးခန်းများတွင် အသုံးပြုနိုင်ရန် လှူဒါန်းသွားမည်ဖြစ်သည်။ ■



မသန်စွမ်းသူများ အနုပညာပွဲတော် သီချင်းပြိုင်ပွဲဝင်များအား ဖိတ်ခေါ်

အနုပညာရောင်စဉ် မြန်မာနိုင်ငံမသန်စွမ်းသူများ အနုပညာပွဲတော် ၂၀၁၃ ကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပွဲတော်ကိုယ်စားပြု တေးသီချင်း ပါဝင်ယှဉ်ပြိုင်မည့်သူများအား ဖိတ်ခေါ်နေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ငွေကြေးပံ့ပိုးမှု၊ မသန်စွမ်းအသင်းအဖွဲ့များအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပထမအကြိမ်ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်ဇင်မာဖြူက မြန်မာတိုင်း(မ်)ကို ပြောသည်။

"ပွဲတော်က အောက်တိုဘာလထဲမှာ လုပ်ဖို့စီစဉ်ထားတယ်။ စာပေ၊ ဂီတ၊ အနုပညာ ဖျော်ဖြေပွဲတွေ၊ မသန်စွမ်းသူတွေရဲ့ စွမ်းရည်သရုပ်ပြပွဲတွေ ပါမယ်။ ပွဲမှာ ပါဝင်မယ့် အနုပညာရှင်တွေကိုပြည်နယ်နဲ့ တိုင်းဒေသတွေကနေတစ်ဆင့် ဖောင်တွေပို့ပြီး ဖိတ်ခေါ်ထားတယ်" ဟု ဒေါ်ဇင်မာဖြူက ပြောသည်။

ပါဝင် ယှဉ်ပြိုင်မည့်သူများသည် အမည်၊ မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ပူးတွဲဖော်ပြလျက် ကိုယ်တိုင်ဖန်တီးထားသော တေးသီချင်းဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ မတ်လ ၂၉ ရက်နေ့ နောက်ဆုံးထား၍ အနုပညာရောင်စဉ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အနုပညာပွဲတော် ကျင်းပရေးကော်မတီ နုံ အမှတ် ၁၆ (ဘီ)၊ သာယာအေးလမ်း၊ ရေတွင်းကြီးလမ်းသွယ်၊ အမှတ်(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ် myanmar aseanarts @gmail.com သို့ဖြစ်စေ ပေးပို့နိုင်သည်။ ဖုန်း -၀၉၄၅၀၀၆၇၂၄၇၊ ၀၉၇၃၁၁၂၈၆ သို့စုံစမ်းနိုင်သည်။ **ချယ်ရီသိန်း**

သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ

(၁၀(ခ)အစ အစ်မက)

မိုယိုးလင်း

(ယခင်ပတ်အမှအဆက်)

ကျွန်တော့်ရဲ့ ထောင်တွင်းအတွေ့အကြုံတွေနဲ့ပတ်သက်ပြီး ဆရာကြီးမင်းသိခ်ိန် အကြောင်း ရေးသားတဲ့အခါမှာ 'အစ်ကိုခ'၊ 'ဆရာခ'၊ 'ဆရာကြီးမင်းသိခ်ိန်' ဆိုပြီး အခေါ်အဝေါ်သုံးမျိုး ပါရှိနေပါတယ်။ ပညာရပ်ဆိုင်ရာအကြောင်းနှင့် ပတ်သက်ပြီး ခေါ်ဝေါ်သုံးနှုန်းတဲ့အခါမှာ 'ဆရာကြီးမင်းသိခ်ိန်'၊ 'ဆရာခ' ဆိုပြီး သုံးနှုန်းပါတယ်။ လူမှုရေး၊ မိသားစုပုံ သဏ္ဌာန် ခေါ်ဝေါ်တဲ့အခါမှာ 'အစ်ကိုခ'လို့သုံးနှုန်းပါတယ်။ 'အစ်ကိုခ' လို့ခေါ်ဝေါ်တာဟာ မော်ကြီး(မောင်မင်းလွင်)၊ အောင်ကြီး (အောင်ကြီးလွင်)နဲ့ ကျွန်တော်တို့ပဲ ဖြစ်ပါတယ်။ မော်ကြီး၊ အောင်ကြီးတို့ဆိုတာက အစ်ကိုခ ခေါ်ဝေါ်တဲ့ အသုံးအနှုန်းပါ။(မော်ကြီးက ယခု ဂျပန်ရောက်နေပါတယ်။ အောင်ကြီးက နယူးယောခ်မြို့မှာ ရောက်နေပါတယ်။)

ဆရာကြီးမင်းသိခ်ိန်ရဲ့ပညာတွေကို ကျွန်တော်တို့အုပ်စုထဲက သင်ယူကြမယ်ဆိုရင် လပေါင်းများစွာ နေ့စဉ် သင်ကြားပေးမှာပါ။ (အခုအချိန်ဆိုရင် ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ဟာ ထင်ရှားကျော်ကြားတဲ့ ဆရာကြီးမင်းသိခ်ိန် တပည့်ဆိုပြီး ဖြစ်နေရင် ဖြစ်နေမှာပါ။) ခက်တာက ကျွန်တော်တို့ထဲမှာ ဝါသနာပါ၊ နားလည်တဲ့သူက မရှိတော့ မသင်ကြားခဲ့ခြင်းပါ။ ပညာရပ်ဆိုတာက လည်း ဝါသနာပါဦးမှကိုး။ အခု အစ်မအနားမှာ နေနေတဲ့ ဘဏ်နီ (ခ) ဇော်မင်းဦးရယ်၊ ဩစတြေးလျမှာ ရောက်နေတဲ့ ဆန်နီကိုကိုကြီးရယ် နှစ်ယောက်ကတော့ လေ့လာသင်ယူတာ တွေ့ရပါတယ်။ ဒါက ကျွန်တော်နေခဲ့တဲ့ တစ်နှစ်နီးပါးအတွင်းမှာပါ။ ကျွန်တော်ထွက်လာပြီးနောက်ပိုင်း ကျန်ခဲ့တဲ့သူတွေထဲက ဘယ်သူတွေ သင်ကြလဲတော့ မသိပါဘူး။ ဆရာကြီးမင်းသိခ်ိန်ကို ကျွန်တော်တို့ တစ်အုပ်စုလုံးက လေးစားချစ်ခင်ကြပါတယ်။ (ဆရာခထွက်လာတော့လည်း သွားရောက်နှုတ်ဆက် ဂါရဝပြုကြပါတယ်။ တရုတ်ကပြားကလေး မျိုးသိမ်းနဲ့ ကျော်သူရကိုကိုကတော့ ဆရာခဆီ အမြဲတမ်းသွားပါတယ်။ ဆရာခ ပါဂျိန့်နဲ့ မဟာဂန္ဓာရီခရီးထွက်တော့လည်း စခန်းချ၊ စခန်းဝင်တဲ့နေရာအထိ လိုက်ပြီး တွေ့ဆုံပါတယ်။)

ကျွန်တော်တို့အုပ်စုလို့ ပြောရင် ဘကြီးမိုး (မောင်မိုးသူ)နဲ့ ဦးစိုးသိမ်း (မောင်ဝံသ)တို့လည်း ပါပါတယ်။ တစ်နေ့တည်း တစ်နေရာတည်းက ခေါ်သွားကြတာလေ။ လူကြီးတွေဖြစ်လို့ သီခြားစီ ခွဲထားကြတယ်။ ဘကြီးမိုးနဲ့က တိုက်ထဲမှာ ပြန်တွေ့ကြသေးတယ်။ အစ်ကိုမောင်ဝံသနဲ့က မဆုံဖြစ်ပါဘူး။ (ကျွန်တော်တို့ခြံထဲက ပါသွားတဲ့ အုပ်စုထဲမှာ ပထမဦးဆုံး စလွတ်ပေးတာက အစ်ကိုမောင်ဝံသ၊ အောင်ကြီးလွင် (ကိုအောင်)နဲ့ ထင်ကျော် (ဂျပန်)တို့ ဖြစ်ပါတယ်။ ကျွန်တော်က တတိယအသုတ်ထဲမှာ ပါပါတယ်။)

အစ်ကိုမောင်ဝံသဆိုလို့ ပြောရဦးမယ်။ ဦးစိုးသိမ်းကိုတော့ အစ်ကိုလို့ခေါ်တယ်၊ ငါ့ကျ အန်တီမြင့်တဲ့။ ဦးစိုးသိမ်းကတော်က ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော် ထောင်ထဲက ပြန်ထွက်လာတော့ အင်းစိန်ထောင်မှာ ၁၀(က) မိသားစုတွေနဲ့ တွေ့တဲ့အခါ အန်တီဝင်း၊ အန်တီတုံ၊ အန်တီမြင့်၊ အန်တီနုရွှေ၊ အန်တီမာလို့ ခေါ်နေကြတော့ နှုတ်ကျိုးသွားလို့ပါလို့ ရှင်းပြရပါတယ်။ တကယ်ပါ၊ အန်တီမြင့်က ငယ်ငယ်တုန်းက တော်တော်ချောပါတယ်။ အစ်ကို မောင်ဝံသနဲ့ တက္ကသိုလ် ကျောင်းသူဘဝ တွဲရိုက်ထားတဲ့ပုံ တွေ့ဖူးလို့ပါ။ ပဲခူးသူ ပဲခူးသားဘဝတုန်းကပေါ့။ အစ်ကို မောင်ဝံသဆိုရင် အမေရိကန်နိုင်ငံမှာ သတင်းစာပညာသင်သွားတုန်းက ချီကာဂိုမှာ ရိုက်ထားတဲ့ ဘေးတစောင်းပုံဟာ အမေရိကန်မင်းသားလား အောက်မေ့ရပါတယ်။ (ဟိုခေတ်တုန်းကတော့ သတင်းစာပညာလေ့လာချင်ရင် အမေရိကား သွားကြပါတယ်။ ဒီဘက်ခေတ်ကျတော့ သတင်းစာပညာလေ့လာချင်ရင် တရုတ်ပြည်သွားကြတာကို ဂုဏ်ယူနေပါတယ်။)

အစ်ကိုမောင်ဝံသဟာ ဆရာမင်းသိခ်ိန်ရဲ့ ပညာရပ်ကို ကျွန်တော်တို့အုပ်စုထဲမှာ ပထမဆုံး လက်တွေ့သိရှိခဲ့သူပါ။ အပြင်ရောက်တော့ သူမိတ်ဆွေတွေကို ဆရာမင်းသိခ်ိန်အကြောင်း ပြောပြပါတယ်။ သူမိတ်ဆွေတစ်ယောက်ဖြစ်တဲ့ ကဗျာဆရာ အယ်ဒီတာ ဆရာမောင်သွေးသစ်ကိုလည်း ပြောပြတဲ့အကြောင်း တစ်ခါတုန်းက ဆရာမောင်သွေးသစ်က ပြောပြခဲ့ဖူးပါတယ်။

ထောင်ထဲမှာ ရှိနေစဉ်တုန်းက အစ်ကိုမောင်ဝံသတို့အဖွဲ့ (ဦးရဲထွန်း၊ ဦးမိုးသူ၊ ဦးအောင်လွင်တို့)ထဲက ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နှနာရီကျရင် အင်္ဂါသားလွတ်လိမ့်မယ်လို့ ဆရာမင်းသိခ်ိန်က ပြောသတဲ့။ ဒါကို ဘယ်သူကမှ မယုံကြဘူး။ ဒီလူကြီး ဒီလိုပဲ ရွဲနေတာလို့ပြောပြီး ဝိုင်းဟားကြသတဲ့။ ဆရာမင်းသိခ်ိန်ကလည်း ပြောမယ်ဆို ပြောစရာက ရှိခဲ့ ဖူးတာကိုး။ တစ်နေ့ ကုလသမဂ္ဂ လူ့အခွင့်အရေးတာဝန်ခံ အင်းစိန်ထောင်ထဲ လာမယ်ဆိုတော့ ထောင်အာဏာပိုင်တွေက ထောင်ထဲက အဆောက်အအုံတွေကို ထုံးဖြူသုတ် မွမ်းမံခြယ်သကြတာပေါ့လေ။ ဒါကို ဆရာမင်းသိခ်ိန်က အတိတ်၊ နိမိတ်ကောက်ယူပြီး သူ ရုံးထုတ်ခံရတဲ့နေ့မှာ အစ်ကိုမောင်ဝံသတို့ကို "ကြည့်နေ၊ ကျုပ် ရုံးထုတ်က ပြန်လာတဲ့အခါကျရင် ကွင်းလုံးကျွတ်လွတ်စေ အမိန့်ချမှတ်လိုက်တာကို ခင်ဗျားတို့ကြားရလိမ့်မယ်" လို့ ပြောသတဲ့။ အဲ ရုံးထုတ်က ပြန်လာတော့ ဆရာမင်းသိခ်ိန်ကို နှစ် ၂၀ ပြစ်ဒဏ် ချလိုက်တယ်ဆိုတော့ သူပြောတာကို ဘယ်သူက ယုံကြည်တော့မှာလဲဗျာ။

အခုလည်း လာပြန်ပြီ။ ဒီတစ်ခါတော့ တကယ်မှန်သွားပါတယ်။ ဆရာမင်းသိခ်ိန် ပြောတဲ့ရက်၊ အချိန် အတိအကျမှာပဲ အစ်ကိုမောင်ဝံသ (နာမည်ရင်း ဦးစိုးသိမ်း၊ အင်္ဂါသား) ထောင်က လွတ်မြောက်ခဲ့ပါတယ်။

အဲ ခက်တာက ထောင်ပိုင်ကြီးရုံးခန်းက အစ်ကိုမောင်ဝံသကို ခေါ်တယ်ဆိုတော့ အစ်ကိုမောင်ဝံသအနေနဲ့ ထင်လိုက်တာက နောက်ထပ်ပုဒ်မတစ်ခု ထပ်တိုးပြန်ပြီလို့။ ဟိုရောက်မှ ခုချက်ချင်း လွှတ်ပြီဆိုတာ ဖြုန်းခနဲသိလိုက်ရတော့ သူပါးစပ်က "ဟာ ဒီတစ်ခါတော့ ကိုအောင်ထွန်းကြီးပြောတာ မှန်သဗျ" ဆိုပြီး လွတ်ခနဲ ထွက်သွားပါရော။ ဒါနဲ့ ထောင်ပိုင်ကြီးနဲ့တကွ တာဝန်ရှိသူတွေက "ဘာမှန်တာလဲ" ဆိုပြီး မေးကြတော့ ဆရာမင်းသိခ်ိန်ရဲ့ ဟောကြားချက်ကို ပြောချလိုက်တာပေါ့။

ဒီတော့ တာဝန်ရှိသူတွေက ဆရာမင်းသိခ်ိန်ကို ချက်ချင်းခေါ်တွေ့၊ မေးခွန်း တစ်ခုမေးတယ်။ "ခေါ်အောင်ဆန်းစုကြည်ဟာ တိုင်းပြည်မှာ တကယ် ထင်ပေါ်ကျော်ကြားတဲ့ လူထုခေါင်းဆောင် ဖြစ်လာမလား" ဆိုတဲ့ မေးခွန်း။ ဆရာမင်းသိခ်ိန်လည်း အကျပ်ရိုက်သွားတာပေါ့။ နောက်ဆုံး ငြင်းမရတဲ့အဆုံး သူ့ကို တစ်လအချိန်ပေးပါ။ သက်သတ်လွတ်စား၊ အဓိဋ္ဌာန်ဝင်ပြီးတာနဲ့ အဖြေပေးပါ့မယ်လို့ပြောပြီး တစ်လပြည့်တဲ့ အချိန်မှာ "ခေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်တွင်းသာမက ကမ္ဘာမှာပါ ထင်ပေါ်ကျော်ကြားတဲ့ ဒီမိုကရေစီခေါင်းဆောင် အမျိုးသမီးဖြစ်မှာ ဧကန်ပဲ"လို့ ဆရာမင်းသိခ်ိန က ဖြေလိုက်ပါတယ်။ "ကနေ့ ဆရာမင်းသိခ် အသက်ထင်ရှား ရှိနေသေးရင် သူ့ဟောပြောချက်အတိုင်း မှန်နေတာကို တွေ့မြင်ပြီး ဘယ်လောက် ဝမ်းသာပီတိဖြစ်နေမလဲ မသိဘူး"လို့ ဆရာမောင်သွေးသစ် ပြောပြတာကို ကြားသိခဲ့ရဖူးပါတယ်။

ဆရာခက ကျွန်တော့်ကိုလည်း "ဟေ့ကောင်၊ မင်း တစ်နှစ်မကျော်ဘူး၊ ပြန်လွတ်မှာ။ ထောင်မကျဘူး။ မင်းတို့ထဲမှာထောင်ကျမယ့်သူတွေပါမယ်။ အမည်ခံထောင်ကျပေါ့ကွာ။ ချက်ချင်းပြန်လွတ်လိမ့်မယ်။ စိတ်ဓာတ်ကျမှာစိုးလို့ ပြန်မပြောပါနဲ့"လို့မှာပါတယ်။ အစ်ကိုပဲပြောတဲ့အတိုင်း မှန်ပါတယ်။ ကျွန်တော် တစ်နှစ်မကျော်ပါဘူး။ ထိန်းသိမ်းခံဘဝနဲ့ ၁၀ လနေပြီး ပြန်လွှတ်ခဲ့ပါတယ်။ ပထမဆုံးအသုတ် အစ်ကိုမောင်ဝံသတို့က ကိုးလနဲ့ ပြန်လွတ်သွားပါတယ်။ ကျွန်တော်က တတိယအသုတ်ပါ။ ဂျင်ဘရောင်း မိုးကျော်သူနဲ့ ပျော်ဘွယ်မောင်စိုးတို့က ဒုတိယအသုတ်ပါ။ ရွှေကောက်ပွဲအနိုင်စာရင်းကြောင့် တတိယအသုတ်လွှတ်ပေးပြီး နောက်ထပ်မလွှတ်တော့ပါ။ စက်တင်ဘာလမှာ ဘန်နီဇော်မင်းဦး အဖေဆုံးတော့ ဘန်နီ့ကို ခဏထုတ်ပေးပါတယ်။ ပြန်ခေါ်သွားပြီး ရက်လည်တဲ့ ညနေမှာ အပြီးပြန်လွှတ်ပေးပါတယ်။ ကျွန်တော်တို့အုပ်စုက ကျန်တဲ့သူတွေကို ၁၉၉၂ ခုနှစ်အထိ ထားပါတယ်။ ၁၉၉၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှာ ရုံးတင် တရားစွဲဆိုပြီး ထောင်ဒဏ်ရှစ်နှစ်စီ ချပါတယ်။ ၁၉၉၂ ဧပြေလ ၂၃ ရက်နေ့မှာ ၁၁/၉၂ အမိန့်နဲ့ အားလုံး ပြန်လွတ်လာပါတယ်။ ထောင်ကျ တစ်လကျော်ပဲ နေခဲ့ရတာပါ။ ပြန်လွတ်ပေးတဲ့ပုံတွေကို ရုပ်မြင်သံကြားကနေ ပြသပါတယ်။

၃ တိုက်မှာ ရောက်နေတဲ့ ခြံထဲက အုပ်စုထဲမှာက ကိုတင်ဆွေမိုးက အသက်အကြီးဆုံးဆိုတော့ ကျွန်တော်တို့အုပ်စုရဲ့ လူကြီးပါပဲ။ ကျွန်တော်တို့အုပ်စုရဲ့ ထူးခြားချက်က အားလုံးဟာ ဘာအသွေးဘာအရောင် ဘာဂိုဏ်းဂဏအစွဲမှ မရှိခြင်းပါ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရိပ်အောက်မှာ ရပ်တည်တဲ့ သီးသန့် အုပ်စုလေးသဘော ဖြစ်နေပါတယ်။ ဘယ်နေရာ ဘယ်တိုက်ရောက်ရောက် အားလုံးနဲ့ ချစ်ခင်ရင်းနှီးကြပါတယ်။ လက်ဝဲလက်ယာ အုပ်စုတွေနဲ့လည်း နောက်ပိုင်းမှာ အတူတူနေခဲ့ကြဖူးပါတယ်။

ကိုတင်ဆွေမိုး၊ ကိုမော်၊ ကိုအောင်၊ ကိုအောင်ကျော်ဦး၊ ကျွန်တော်တို့အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို အစ်မခေါ်ရမယ့် အရွယ်တွေပါ။ မျိုးသိမ်း၊ ထင်ကျော်၊ ကျော်သူရကိုကို၊ ဘန်နီဇော်မင်းဦး၊ မိုးမြတ်သူ၊ ပေါ်လွင်ဦး၊ အောင်ကျော်မိုး တို့က အန်တီခေါ်ရမယ့်အရွယ်တွေပါ။

၁၀ ခန်းမှာက ကိုတင်ဆွေမိုး၊ ကျွန်တော်၊ ရခိုင်ကြည်ဝင်းတို့ နေကြပါတယ်။ ၉ ခန်းမှာက ကိုမော်၊ ကိုအောင်၊ မောင်မောင်ဦး (ယခုခြံထဲ အစ်မလုံခြုံရေး)၊ သာကေတ သိန်းလွင်တို့ နေကြပါတယ်။ ၈ ခန်းမှာက အင်နံအယ်လ်ဒီရန်ကုန်တိုင်းတာဝန်ခံ ရှေ့နေကြီး ဘဘဦးထွန်းတင်နေပါတယ်။ ၇ ခန်းမှာက ကမ္ဘာကျော် မြန်မာဘီလျံနာသူဌေးကြီး တစ်ဦးနဲ့ ဆွေမျိုးတော်သလို မတော်သလို ကြားရတဲ့ တရုတ်ကပြားကလေး မျိုးသိမ်းရယ်၊ ထင်ကျော် (ဂျပန်)ရယ်၊ ကျော်သူရကိုကို (ယခုခြံထဲ အစ်မလုံခြုံရေး)၊ ဘန်နီ (ခ) ဇော်မင်းဦး (ယခုခြံထဲ အစ်မလုံခြုံရေး)နဲ့ မိုးမြတ်သူ (ထောင်မှူးကြီးသား၊ မိကို့ညီလေး၊ ယခု နယူးဇီလန် ရောက်နေ)တို့ နေကြပါတယ်။ ၆ ခန်းမှာက ကျောက်ဘီလူးသား အောင်ကျော်မိုး (အော်ဇီ)၊ လာဘမ်ဘာပေါ်လွင်ဦး (အော်ဇီ)၊ ဆန်နီကလျာကိုကိုကြီး (အော်ဇီ)တို့ နေကြပါတယ်။ ၅ ခန်းတွဲသတ်သတ်ပါ။ အခန်း ၂၊ ၃၊ ၄၊ ၅လေးခန်းတွဲက သတ်သတ်ပါ။ အခန်း ၅ မှာ ဆြာကေမြိုး (ကိုမျိုးကြွယ်-ကိုလေး၀)၊ မန္တလေးက မိုးကျော်သူ (ဂျင်ဘရောင်း)၊ ပျော်ဘွယ် မောင်စိုး၊ ဝင်းမြင့်ဦးတို့ နေကြပါတယ်။ ကေမြိုးကြီးတစ်ယောက်ကတော့ ကွယ်လွန်သွားပါပြီ။ အခန်း ၄ မှာက ကိုအောင်ကျော်ဦး၊ အတာ၊ ထိန်လင်းအောင်တို့ ညီအစ်ကိုသုံးယောက် နေကြပါတယ်။

ကျွန်တော်တို့နေတဲ့ ၅ ခန်းတွဲက လူအများဆုံးပါပဲ။ ပျော်ဘွယ်မောင်စိုးနဲ့ မိုးမြတ်သူတို့ဟာ ရယ်စရာ မောစရာ ပြောတတ်ပြီး ရွှတ်နောက်နောက် နေတတ်ပါတယ်။ မိုးမြတ်သူ ရွှတ်နောက်နောက် ပြောပြီဆိုရင် ဘဘဦးထွန်းတင်က ရယ်မောပြီး သဘောကျလေ့ရှိပါတယ်။ ညစာထမင်းစားပြီးပြီဆိုရင် ပေါ်ပေါ်နဲ့ မိုးမြတ်သူက အတိုင်အဖောက်ညည်နဲ့ "ကဲ ပြီးကြပြီလား။ ပြီးရင် စတိတ်ရှိုးသွားကြမယ်"ဆိုပြီး သီချင်းဆိုတဲ့အစီအစဉ် လုပ်လေ့ရှိပါတယ်။ ၅ ခန်းတွဲရဲ့ ထိပ်ဆုံးခန်း အခန်း(၆) ကစပြီး သီချင်းဆိုပါတယ်။ ပေါ်ပေါ်က ပင်တိုင်ပါပဲ။ ဝိုလ်သီချင်းနဲ့ စဖွင့်ပါတယ်။

စာမျက်နှာ ၁၇ သို့

SAVE CASH
TAKE OUR SPECIAL OFFER
SUBSCRIBE TODAY
FOR FREE DELIVERY
Subscribe to any of our four publications and have them delivered free to your home or office.
www.mmtimes.com

Subscription	Issues	MYANMAR TIMES	မြန်မာ့အလင်းစာ	NOW!	NOW!
☐ 3 Months	☐ 13 Issues	☐ 14,000 Kyats	☐ 6775 Kyats	☐ 4680 Kyats	☐ 5850 Kyats
☐ 6 Months	☐ 26 Issues	☐ 27,300 Kyats	☐ 17,100 Kyats	☐ 8840 Kyats	☐ 11,050 Kyats
☐ 1 Year	☐ 52 Issues	☐ 53,000 Kyats	☐ 33,150 Kyats	☐ 16,640 Kyats	☐ 20,800 Kyats

Name
NRC Number
Address
Township
Division
Telephone
Fax
E-mail

Yangon
No.379/383, Bo Aung Kyaw St, KyaukMyaung Township, Yangon. Tel: (951)392 028, 253 642
•Fax: (951)254 158 •E-mail: circulation@mptmyanmar.com.mm, subscribe.mt@gmail.com
Mandalay
No.260, 79th St (Between 31st & 32nd St) Mandalay.
Tel: (02) 24430, 24460, 65291, 65392 •Fax: (02) 24460 •E-mail: mdycirculation@mptmyanmar.com.mm
Capital
No.61/72, Bo Sauk Htein St, Kan Aung (1) Quarter, Pyinmana.
Tel: (067) 23084, 23085 •E-mail: capitalbureau@mptmyanmar.com.mm

Four Publications (MTT,MTM,Crime,NOW)
1 year 25% off K111,750/-
6 months 22.5% off K57,500/-
3 months 20% off K29,700/-

Three Publications (MTM,Crime,NOW)
1 year 25% off 64,350/-
6 months 20% off 34,350/-
3 months 15% off 18,300/-

မျက်မမြင်များအတွက် ဂျပန်အကြောပြင်သင်တန်းဖွင့်မည်

ချယ်ရီသိန်း

ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် မျက်မမြင်များအတွက် နွေရာသီ ဂျပန်အကြောပြင်အခြေခံသုံးလသင်တန်းကို မတ်လ ၁၁ ရက်နေ့မှ ဇွန်လ ၆ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မျက်မမြင်အကြောပြင်ပညာ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မျက်မမြင်ကျောင်းသားဟောင်းများအဖွဲ့တို့မှ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မျက်မမြင်ကျောင်းသားဟောင်းများအဖွဲ့မှ ဦးဇော်ထွေးဦးက မြန်မာတိုင်း(မဲ)ကို ပြောသည်။

သင်တန်းသား ၁၀ ဦးကိုသာ လက်ခံသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ကျောင်းအတွင်းအဆောင်နေခွင့်၊ အစားအသောက်နှင့် ကျန်းမာရေးကိုပါ စောင့်ရှောက်ပေးသွားမည်ဖြစ်သည်။

သင်တန်း တတ်ရောက်လိုသူများသည် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး အိမ်ထောင်သည်များကိုပါ လက်ခံသွားမည်ဖြစ်သည်။

သင်တန်းတွင် ဂျပန်အကြောပြင်အခြေခံပညာများကို သင်ကြားပေးသွားမည့်အပြင် မျက်မမြင်စာမတတ်သူများကိုလည်း သင်ကြားပေးသွားမည်။ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်ပေးမည်ဖြစ်ပြီး သင်တန်းဆင်းပါက အလုပ်အကိုင်ရရှိရေးကိုပါ ဆက်လက်လမ်းညွှန် ကူညီသွားမည်ဖြစ် ကြောင်း ၎င်းကပြောသည်။

သင်တန်း တက်ရောက်လိုသူများသည် မတ်လ ၄ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ် သိလိုသူများသည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း- ၅၃၈ ၃၀၉၊ ၅၃၅ ၅၄၈ သို့ ဆက်သွယ် စုံစမ်းနိုင်သည်။ ■

ယာဉ်မတော်တဆ ဖြစ်ရပ်များကြောင့် ဖေဖော်ဝါရီလ ပထမ ၁၅ ရက်အတွင်း လူခြောက်ဦး သေဆုံး

သီဟတိုး

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပထမလဝက်အတွင်း စည်ပင်သာယာနယ်နိမိတ်အတွင်းနှင့် အပြင်တွင် ယာဉ်တိုက်မှုငါးမှု၊ ယာဉ်တိမ်းမှောက်မှုသုံးမှုနှင့် ယာဉ်မတော်တဆ ဖြစ်မှုတစ်မှုတို့ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ခြောက်ဦး၊ ဒဏ်ရာရရှိသူ ၂၁ ဦးရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ၊ မထသ(ဗဟို)မှ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၉ နာရီခွဲခန့်၌ ၂၄၈ ယာဉ်လိုင်းမှ ဘီအမ်ယာဉ်သည် တောင်ဒဂုံမှ ဆူးလေသို့ မောင်းနှင်လာစဉ် စံပြစျေးမှတ်တိုင်အနီး လမ်းဘေးတွင်ရပ်ထားသော ကားရှေ့မှ ထွက်လာသူ အမျိုးသားတစ်ဦးအား တိုက်မိပြီး ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၆ ရက်နေ့ညနေ ၅ နာရီ မိနစ် ၄၀ ခန့်၌ ၉၆ ဒိုင်နာအဝါမှ ဒိုင်နာယာဉ်သည် လှိုင်သာယာမှ သမိုင်းလမ်းဆုံသို့ မောင်းနှင်လာစဉ် သမိုင်းခုံးကျော်တံတားအဆင်း၌ ဦးဘဟန်လမ်းသွယ် မှ သမိုင်းဘူတာ ရုံးလမ်းမကြီး ပေါ်သို့ နောက်ဆုတ်လာသော မထသ (မြို့တွင်း) ၅၁ ယာဉ်ကြီးလိုင်းမှ ယာဉ်၏ ကိုယ်ထည်အား တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသားငါးဦး၊ အမျိုးသမီးကိုးဦး ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက် ၈ နာရီခွဲခန့်၌ ၂၄၈ ယာဉ်လိုင်းမှ ယာဉ်သည် လှော်ကားလမ်းမကြီးနှင့် လေးထောင့်ကန်လမ်းမကြီးအကြား အမှတ် ၆၂ ကားကြီးဂိတ်တွင် ကားပြင်ရန် ယာဉ်နောက်လိုက်သည် ကားအောက်သို့ ဂျိုက်ဝင်ထောက်စဉ် ဂျိုက်ပြုတ်ပြီး ယာဉ်၏ ရှေ့ဝင်ရိုးတန်းဖြင့် ပိမိခဲ့ကာ ယာဉ်နောက်လိုက် အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

အဆိုပါနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်ခန့်က ၄၈ အထူးယာဉ်လိုင်းမှ ယာဉ်သည် ရွာမ(ဂိတ်ရင်း)မှ ဗိုလ်တထောင်သို့ သွားစဉ် မြို့တော်ခန်းမရှေ့အရောက် လမ်းဖြတ်ကူးသူ အမျိုးသမီးတစ်ဦးအား ဝင်တိုက်မိခဲ့သောကြောင့် ယင်းအမျိုးသမီး သေဆုံးခဲ့သည်။

အဆိုပါနေ့ ည ၇ နာရီခန့်ကလည်း သန်းမြန်သူ ၈၅ ယာဉ်လိုင်းမှ ဒိုင်နာယာဉ်သည် ဂိတ်ပိတ်သိမ်းပြီး ရွှေပြည်သာမြို့နယ် ကမ္ဘာ(၁)အထည်ချုပ်စက်ရုံမှ ဝန်ထမ်းများအား တင်ဆောင်၍ မောင်းနှင်လာစဉ် ငမောက်ဈေးအလွန် ရွှေပြည်သာ ရုပ်ရှင်ရုံရှေ့အရောက် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော စက်ဘီးဆိုင်ကယ်သည် အဆိုပါယာဉ်ရှေ့တည့်တည့်သို့ မောင်းနှင်လာသဖြင့် လမ်းညာဘက်သို့ ရှောင်လိုက်ရာလမ်းပခုံးမြင့်နေသောကြောင့် ဘယ်ဘက်သို့တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၊ အမျိုးသမီး ၂၈ ဦး၊ စုစုပေါင်း ၂၉ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေ ၁၁ နာရီခွဲအချိန်ခန့်က မထသ(မြို့တွင်း) ၃၁ အထူးယာဉ်လိုင်းမှ ၃၁ (အထူး)ယာဉ်သည် လှိုင်သာယာမှ တောင်ဒဂုံသို့ သွားစဉ် ဘုရင့်နောင်လမ်းမကြီး ရေကြောင်းမှတ်တိုင်အနီး၌ လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တိုက်မိခဲ့ရာ ၎င်းတို့ ဒဏ်ရာရရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင် တစ်နှစ်လုံး ယာဉ်တိုက်မှု ၁,၁၉၆ မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ဦးရေ ၂၀၈ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၁,၈၃၀ ရှိခဲ့ပြီး ၂၀၁၂ ခုနှစ် တစ်နှစ်လုံး ယာဉ်တိုက်မှု ၁,၂၄၂ မှုဖြစ်ပွားခဲ့ကာ သေဆုံးသူ ဦးရေ ၂၉၁ ဦး၊ ဒဏ်ရာရရှိသူ ၁,၈၆၉ ဦး ရှိသည်ဟု မထသ(ဗဟို)၏ ထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ယာဉ်တိုက်မှု ၂၀ မှု၊ ယာဉ်တိမ်းမှောက်မှု လေးမှုရှိခဲ့ပြီး သေဆုံးသူ ငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၇၇ ဦး ရှိသည်ဟု သိရသည်။ ■



ဖေဖော်ဝါရီလအစောပိုင်းက ရန်ကုန်မြို့၊ ပြည်လမ်းမပေါ်၌ လိုင်းကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားစဉ်။ ဓာတ်ပုံ-ဘူးသီး

သမိုင်းမှတ်တမ်းတင်ရမယ့် အကြောင်းအရာတွေ

စာမျက်နှာ ၁၆ မှ

'လာဘမ်ဘာ' သီချင်းကို အမြဲတောင်းဆိုလို့ သီဆိုပေးရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်က ခေတ်စားခဲ့တဲ့ 'ဘနားနားဘုတ်' သီချင်းလည်း အမြဲဆိုပါတယ်။ ဒါကြောင့် ပေါ်ပေါ်ကို 'လာဘမ်ဘာ'လို့ ထည့်ထည့် ခေါ်ပေါ်ပါတယ်။ မိုးမြတ်သူကတော့ အခန်း ၇ ရဲ့ အဆိုတော်ပါပဲ။ ဘန်နီတို့က နားပြီးလို့ တော်ပါတော့ပြောလည်း ဆက်ဆိုလျက်ပါပဲ။

၈ ခန်းက ဘဘဦးထွန်းတင်ကို ကျွန်တော်က တောင်းဆိုတဲ့အတွက် ဂီတနက်သန် ကိုစောညိမ်းရဲ့ 'နွေနှောင်းရွက်ကျန်'နဲ့ ကိုမင်းသူရဲ့ 'ပုံပမာ'သီချင်းတွေကို သီဆိုပြပါတယ်။ အမြဲတမ်းတောင်းဆိုတဲ့အတွက် ဘဘဦးထွန်းတင်က အဲဒီသီချင်းနှစ်ပုဒ်ကို သင်ပေးပါတယ်။ (ကျွန်တော်က သီချင်းတွေကို ကြိုက်ပေမယ့် မဆိုတတ်ပါဘူး။) ကျွန်တော် 'ပုံပမာ' သီချင်း တောင်းဆိုတာကို အစတုန်းကတော့ အမှတ်တမဲ့ပါပဲ။ ဒါပေမဲ့ ကျော်သူရကိုကိုနဲ့ ဘန်နီက ရိပ်မိသွားတော့ 'မောင့်အနားမှာ ထိုင်လို့ရယ်' စာသားနေရာရောက်ရင် ဝိုင်းအော်ကြတယ်။ ဘဘဦးထွန်းတင်ကိုလည်း (ဘဘ အဲဒီစာသားနေရာရောက်ရင် မဆိုပြပါနဲ့) ဆိုပြီး ဘဘကိုပြောတော့ ဘဘက ဘာကြောင့်လဲဆိုပြီး ရယ်ပြီး မေးတယ်။ ကျော်သူရကိုကိုက လွန်ခဲ့တဲ့ ၁၀ နှစ်(၁၉၇၉-၁၉၈၀)ကတည်းက သူနဲ့ ကျွန်တော် သိလာကြတာပါဆိုပြီး ကျွန်တော့်အကြောင်းတွေ ပြောပြပါတယ်။ ဘန်နီလည်း သိတယ်၊ မေးကြည့်ပါပြောတော့ အားလုံးက သိသွားကြပါတယ်။

ကျော်သူရနဲ့ ဘန်နီက ကျွန်တော့်ကို အနောက်ဆုံးပါ။ သူတို့အခန်းကနေ အဲဒီသီချင်းစာသားနဲ့ အော်ဆိုပြီး နောက်ပါတယ်။ ဩဇာသံအပြည့်ရှိတဲ့ အသံအောအောနဲ့ တရုတ်ကပြားကလေး မျိုးသိမ်းကလည်း "အေး အပြင်ရောက်လို့ကတော့တွေ့ကြပြီပေါ့။ အိမ်ရှေ့ကနေသွားကို အော်မယ်"ဆိုပြီး နောက်ပါတယ်။ မိုးမြတ်သူပါးစပ်ထဲ ရောက်သွားပြီဆိုရင် ပိုဆိုးတော့တာပါပဲ။ ရယ်တဲ့အခါလည်းရယ်ရ၊ ဒေါသဖြစ်တဲ့အခါလည်း ဖြစ်ရနဲ့ ထောင်ထဲကအချိန်ကာလတွေကို ကုန်ဆုံးစေပါတယ်။

၇ ခန်းကကောင်တွေအကြောင်းလား၊ ရေးပြရဦးမှာပေါ့။ ဒီကောင်တွေနဲ့ ဘယ်လိုရေစက်ပါလာလဲတော့ မသိပါဘူး။ ဆုံနေကြတုန်း။ ထင်ကျော် ဂျပန်ရောက်နေပြီ။ အားနေတဲ့အချိန်ဆို သူမိသားစုအိမ် ရောက်ပါတယ်။ ထင်ကျော် အဖေ၊ အမေ၊ အစ်မ၊ မိန်းမနီနီ၊ သားကလေးတို့နဲ့ ရင်းနှီးခဲ့ပါတယ်။ ကျွန်တော့် မိခင်ဆုံးတဲ့ သတင်းကြားတော့ ထင်ကျော်နဲ့ နေလင်း(မှုံကြိုး)တို့က ပြည်ပကနေ ဝမ်းနည်းစကားနဲ့ ကူညီကြပါတယ်။ မိုးမြတ်သူနဲ့ အပြင်ရောက်တော့ အမြဲပဲတွေ့ပါတယ်။ အတူတူလည်း နေကြပါတယ်။ ဥမွာ၊ မီကိုတို့နဲ့ အခုနယူးဇီလန်ကို ပြောင်းသွားပါပြီ။ တရုတ်ကပြားကလေး မျိုးသိမ်းနဲ့က မတွေ့ကြတော့ပါဘူး။ ဒူဘိုင်းက ဘတ်ချ်ခါလီဖာတာဝါမှာ သွားနေသလိုလို၊ စင်ကာပူက မရီနာဘေးကို ပြောင်းနေသလိုလိုကြားမိပါတယ်။ မိချောင်နဲ့ ဘန်နီနဲ့ကတော့ အခုထက်ထိ ဆုံတုန်းပါပဲ။

(ဆက်လက်ဖော်ပြပါမည်။)



ရန်ကုန်-နေပြည်တော် အဝေးပြေးလမ်းပေါ်တွင် အရေးပေါ် ရှေးဦးပြုစုရေးစခန်း စတင်ဖွင့်လှစ်

ရှေးဦးပြုစုပေးခြင်းနှင့် နီးစပ်ရာဆေးရုံသို့ အချိန်မီရောက်ရှိရန် ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ဆောင်ရွက်နိုင်မည်

ယမုံဗူးသစ်

ရန်ကုန်–နေပြည်တော် အဝေးပြေးလမ်းမကြီးပေါ်ရှိ ၁၁၅ ပိုင် နားနေစခန်းတွင် အရေးပေါ် ရှေးဦးပြုစုရေးစခန်းကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ပြီး လမ်းမကြီးပေါ် တွင် လူနာတင်ယာဉ်ပို့ဆောင်ရေး ဝန်ဆောင်မှုကို ပိုမိုအရှိန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဟု မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရှေးဦးပြုစုခြင်းစခန်းကို စင်ကာပူ ကြက်ခြေနီအသင်း၏ လှူဒါန်းမှုဖြင့် ကျပ် ၁၉၄ သိန်းကျော် အကုန်ကျခံဆောက်လုပ်ခဲ့ကာ အမြန်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်နှင့် အခြားမတော်တဆထိခိုက်မှုများ ပေါ်ပေါက်ပါက အကြောင်းမဲ့အသက်ဆုံးရှုံးမှုများမှ ကာကွယ်ရန် ရှေးဦးပြုစုပေးခြင်းနှင့် နီးစပ်ရာဆေးရုံသို့ အချိန်မီရောက်ရှိရန် ၂၄ နာရီဝန်ဆောင်မှုဖြင့် ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဟု ကြက်ခြေနီအသင်း၏ ဒုတိယ အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ကျော်ထွဋ်က ပြောသည်။

"လမ်းမကြီးပေါ်မှာ အဝေးပြေးယာဉ်တွေ၊ ပုဂ္ဂလိကသွားလာမှုတွေများလာတဲ့အတွက် မတော်တဆဖြစ်မှုတွေ များလာတယ်။ ဒါကြောင့် ဘေးအန္တရာယ်ကြုံတွေ့ရတဲ့လူတွေကို အကြောင်းမဲ့အသက်မဆုံးရှုံးရအောင် ကယ်တင်ဖို့ ရည်ရွယ်ပါတယ်"ဟု ၎င်းကပြောသည်။

ရှေးဦးပြုစုရေးစခန်း မဖွင့်လှစ်မီ အချိန်ကတည်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဦးဆောင်မှုဖြင့် ဖြူးမြို့နယ် အသင်းခွဲမှ အရေးပေါ်ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်နေကာ တစ်နှစ်ကျော်ကာလအတွင်း မတော်တဆမှု ကြုံတွေ့ရသော လူနာစုစုပေါင်း ၁၇၀ ကျော်ခန့်ကို ဆေးရုံသို့ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု ဖြူးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ စခန်းတာဝန်ခံ ဒေါ်သန်းသန်းမြင့်က ပြောသည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများကြုံတွေ့ရပါက ဆက်သွယ်ရန် စခန်း၏ ဖုန်းနံပါတ်များကို ဖြန့်ဝေထားမည်ဖြစ်ပြီး ၂၄ နာရီဝန်ဆောင်မှုဖြင့်ဆောင်ရွက်မည်ဟု ၎င်းက ပြောသည်။

"ပြည်သူတွေဘက်က ပူးပေါင်းဆောင်ရွက်မှုလည်း အများကြီး လိုအပ်ပါတယ်။ မတော်တဆမှုကို ကိုယ်တိုင်မကြုံတွေ့ရရင်တောင် ကြုံတွေ့နေရတဲ့သူတွေကို ကူညီနိုင်ဖို့ စခန်းရဲ့ ဖုန်းနံပါတ်တွေကို မှတ်သားထားပြီး ဆက်သွယ်ပေးစေလိုပါတယ်"ဟု ၎င်းက ပြောသည်။

မတော်တဆ ထိခိုက်မှုများအပြင် အခြားသောအခက်အခဲများ ရှိပါကလည်း စခန်းသို့ဆက်သွယ်နိုင်သည်ဟု ၎င်းက ပြောသည်။

"ယာဉ်မတော်တဆမှုမှ မဟုတ်ပါဘူး။ ဥပမာ လမ်းသွားရင်း ကားပျက်တာမျိုး၊ အခြားအကူအညီ လိုအပ်တာမျိုးတွေကိုလည်း ၂၄ နာရီ ဆက်သွယ်နိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ရှေးဦးပြုစုရေးစခန်းသည် လက်ရှိတွင် စင်ကာပူကြက်ခြေနီအသင်းမှ လှူဒါန်းထားသော လူနာတင်ယာဉ် တစ်စီးဖြင့်သာ လုပ်ငန်းများ လုပ်ဆောင်နေရပြီး ပိုမိုအဆင်ပြေစေရန်အနည်းဆုံး လူနာတင်ယာဉ် နှစ်စီးခန့် လိုအပ်သည်ဟု ဒေါ်သန်းသန်းမြင့်က ပြောသည်။

"တစ်ချိန်တည်းမှာ အရေးပေါ်ကိစ္စနှစ်ခု ပေါ် ပေါက်လာပြီဆိုရင် ကားတစ်စီးတည်းနဲ့ဆို ကျွန်မတို့ ဘယ်ကိုသွားရမလဲ၊ အရမ်း ရွေးချယ်ရခက်ပါတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်-နေပြည်တော် အဝေးပြေးလမ်းမကြီးအပြင် နေပြည်တော်-မန္တလေးလမ်းပိုင်းကိုပါ တိုးချဲ့ဆောင်ရွက်ရန် စီစဉ်နေသည်ဟု သိရသည်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုနှင့် အခြားသော အခက်အခဲများ ကြုံတွေ့ရပါကအရေးပေါ် ရှေးဦးပြုစုရေးစခန်း ဖုန်းနံပါတ် ၀၉-၄၉ ၃၄၁၆၁၊ ၀၉-၄၂၈၁၂၆၀၀ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်သည်။ ■

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကျန်းမာရေးကွန်ရက် ဖွဲ့စည်း

ယမုံဗူးသစ်

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်၍ ကျန်းမာရေးကွန်ရက်ကို စတင်တည်ထောင်ကာ ပြည်သူလူထု ကျန်းမာရေးအဆင့်အတန်း တိုးမြှင့်လာရန်နှင့် နိုင်ငံတော် ကျန်းမာရေးမူဝါဒကို ပြင်ဆင်ရေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်ဟု ကွန်ရက်ဥက္ကဋ္ဌက ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ပြောသည်။

အမျိုးသားကျန်းမာရေး ကွန်ရက်ကို ၂၀၁၃ ဖေဖော်ဝါရီလ ၉ ရက်က စတင်တည်ထောင်ခဲ့ကာ အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ရွှေ့လျားဆေးကုမှုအဖွဲ့များ ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်သွားမည်ဟု ကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ပြောသည်။

"ဒီနေ့မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းနိုင်ဖို့ ဖွဲ့စည်းရခြင်းဖြစ်ပါတယ်"ဟု ၎င်းက စာနယ်ဇင်းရှင်းလင်းပွဲတွင်ပြောသည်။

ကွန်ရက်၏ ပဏာမလုပ်ငန်းစဉ်များကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ မဲဆန္ဒနယ်ဖြစ်သော ကော့မှူးမြို့နယ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကာ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ရန် လုပ်ဆောင်သွားမည်ဟု ၎င်းကပြောသည်။

အဆိုပါကွန်ရက်ကို မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဟူသော ဦးတည်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ကော်မတီဝင်းရပ်ဖြင့် ဖွဲ့စည်းထားသည်။ နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရန်ပုံငွေရှာဖွေခြင်း၊ အကူအညီ ရယူဆောင်ရွက်သွားမည်ဟု ကွန်ရက်၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းအေးက ပြောသည်။

"လာမယ့် မတ်လ ၇ ရက်နေ့မှာ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်သူတွေကို ဆေးပညာသင်ကြားရေးအစီအစဉ်ကို ပြုလုပ်ပေးခြင်းနဲ့ ကွန်ရက်ရဲ့ လုပ်ငန်းစဉ်တွေကို စတင်ပါပြီ"ဟု ၎င်းက ပြောသည်။

ကွန်ရက်၏လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေရှာဖွေပွဲကို ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်သည်။■



မြန်မာ့တိုင်းရင်းဆေးပင်များတွင် အိပ်ချ်အိုင်ဗီနှင့် ကင်ဆာ တိုက်ဖျက်နိုင်စွမ်းရှိသည့် ဒြပ်ပေါင်းတွေ့ရှိ

ဌေးရည်စောမြင့်

အိပ်ချ်အိုင်ဗီ၊ ကင်ဆာနှင့် ဋ္ဌက်ဖျားရောဂါပိုးများကို တိုက်ဖျက်နိုင်စွမ်းရှိသည့် အစွမ်းထက် ဒြပ်ပေါင်းများကို မြန်မာတိုင်းရင်းဆေးပင် ၂၅ မျိုးတွင် တွေ့ရှိခဲ့သည်ဟု ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ရန်ကုန်မြို့ရှိ သိပ္ပံနှင့် နည်းပညာသုတေသနဌာနခွဲ ပြုလုပ်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ပရဆေးသုတေသနနှင့် တိုင်းရင်းဆေး နည်းပညာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံမှ ဆေးဝါးဗေဒပညာရှင် ပါမောက္ခ ဒေါက်တာတင်ဝက စာတမ်းတင်သွင်းခဲ့သည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်လျက်ရှိသော အစွမ်းထက် အပင်အမျိုးပေါင်း ၁၀၀ ကျော်ကို သုတေသနပြုလုပ်ခဲ့ပြီး ၎င်းတို့အနက်မှ အပင် ၂၅ မျိုးတွင် အစွမ်းထက် ဒြပ်ပေါင်းများကို တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

၎င်းတို့ထဲမှ ဆေးပင်အမျိုးအစား နှစ်မျိုးမှာ ခန်းတောက်ပင်နှင့် သရဖီအပင်တို့ဖြစ်ကြပြီး ခန်းတောက်ပင်မှ တွေ့ရှိသည့် Berberine ဒြပ်ပေါင်းသည် အဆုတ်ကင်ဆာ၊ အိပ်ချ်အိုင်ဗီနှင့် ဋ္ဌက်ဖျားရောဂါတို့ကို တိုက်ထုတ်နိုင်ပြီး သရဖီပင်မှ တွေ့ရှိရသည့် Isolated ဒြပ်ပေါင်းသည် ကင်ဆာဆဲလ်များကို ကုသနိုင်သည်ကိုတွေ့ရှိကြောင်း ၎င်း၏ စာတမ်းထဲတွင် ထည့်သွင်းဖော်ပြထားသည်။

စာတမ်းရှင်ဒေါက်တာတင်ဝသည် ရန်ကုန်တက္ကသိုလ်၌ ဓာတုဗေဒဘွဲ့ရယူခဲ့ပြီး အမေရိကန်နိုင်ငံ University of Plattsburgh မှ ပါရဂူဘွဲ့ရရှိခဲ့ကာ University of Illinois ၏ ပုံနှိပ်ထုတ်ဝေရေးဌာနတွင် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆေးပညာကျမ်း ၃၀ နှင့် ၎င်း၏ သုတေသနထဲတွင် ဆေးဖက်ဝင် သဘာဝပစ္စည်းအသစ် ၁၄ မျိုးကို ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်းတို့အနက် တစ်မျိုးမှာ အိပ်ချ်အိုင်ဗီရောဂါကို ထိန်းချုပ်နိုင်သည့် အဆင့်အတန်းရှိ သဘာဝပစ္စည်းအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

"ဒီပေမဲ့ ဆေးအဖြစ်ထုတ်နိုင်ဖို့က ငွေကြေးအကုန်အကျတွေ အရမ်းများမယ် ...

"ဒီကနေ့ အလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော့်ရဲ့ လေ့လာတွေ့ရှိချက်တွေကို စာတမ်းဖတ်ပြီး တင်ပြရတာ နောင်မျိုးဆက်သစ်တွေက ဒီလိုအစွမ်းထက် မြန်မာဆေးဖက်ဝင်တွေကနေ တိုင်းရင်းဆေးတွေကို သိပ္ပံနည်းလမ်းတကျ ဆက်လက် ထုတ်သွားနိုင်ဖို့အတွက်ဖြစ်ပါတယ်"ဟု ဒေါက်တာတင်ဝက မြန်မာတိုင်း(မ)ကို ပြောသည်။

"ဒါပေမဲ့ ဆေးအဖြစ်ထုတ်နိုင်ဖို့က ငွေကြေးအကုန်အကျတွေ အရမ်းများမယ်။ အခိုင်လည်းကြာမယ်။ အစိုးရရဲ့ သုတေသနလုပ်ငန်းတွေမှာ ရန်ပုံငွေချထားပေးမှုကနည်းတော့ သူချည်းပဲ အားကိုးလို့ကတော့ ဆေးဝါးဖြစ်လာနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် နိုင်ငံတကာ အထောက်အပံ့တွေရမှ ဆေးဝါးဖြစ်လာနိုင်မယ်"ဟု ၎င်းက ပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနမှ တိုင်းရင်းဆေးဝါးဆိုင်ရာ မြန်မာပညာရှင်များ၊ ပုဂ္ဂလိကတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ တိုင်းရင်းဆေးဝါးဆိုင်ရာ ပြင်ပကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ဟန်က "ယနေ့အချိန်မှာ တိုင်းရင်းဆေးဝါးများဟာ မြန်မာနိုင်ငံမှာ ပြည်သူလူထုတစ်ရပ်လုံး လက်ခံသုံးစွဲမှု အလွန်မြင့်မားနေပါတယ်။ အကြောင်းရင်းကတော့ မြန်မာတိုင်းရင်းဆေးဝါးတွေကို ရိုးရာအစဉ်အလာအရ အားကိုးအားထားပြုခြင်းနဲ့ နောက်တစ်ချက်ကတော့ အနောက်တိုင်းဆေးဝါးတွေက ဈေးကြီးမြင့်တဲ့အတွက် ဆေးဖိုးမတတ်နိုင်တဲ့အတွက် လည်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့ကြောင့် မြန်မာတိုင်းရင်းဆေးဝါးများ၏ အဆင့်အတန်းကို ပိုမိုမြင့်မားလာစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဆေးဝါးပညာရှင်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ စုပေါင်းပြီး ကြိုးစားလုပ်ကိုင်ရန် လိုအပ်သည်ဟု ၎င်းကပြောကြားသည်။ ■

အမျိုးသားစီမံကိန်းကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်ပြင်ဆင်ရမည်

စိုးသန်းလင်း

ပြည်ထောင်စုလွှတ်တော်၏ ဆဋ္ဌမ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှ ဒသမ နေ့အထိ လွှတ်တော်ကိုယ်စားလှယ်များ ထောက်ပြဆွေးနွေးခဲ့ကြသည့် ၂၀၁၃-၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ကြမ်းနှင့်ပတ်သက်ပြီး ကိုယ်စားလှယ် အများစုတို့က အဆိုပါဥပဒေကြမ်းတွင် ပြည်သူ့ဆန္ဒနှင့်အညီ ထည့်သွင်းရေးဆွဲ ထားမှု နည်းပါးလျက်ရှိကြောင်း ပြော ကြားခဲ့ကြသည်။ ထိုသို့ ပြောကြားမှု အပေါ် ကော့မူးမြို့နယ် ပြည်သူ့လွှတ် တော် ကိုယ်စားလှယ် ဒေါ်အောင်ဆန်း စုကြည်အား မြန်မာတိုင်း(မ်)က မေးမြန်း ရာတွင် ၎င်းအမျိုးသားစီမံကိန်း ဥပဒေ ကြမ်းကို ပြည်သူ့ဆန္ဒနှင့်အညီ ပြန်လည် ပြင်ဆင်ရမည်ဟု ဖြေကြားခဲ့သည်။

"အမျိုးသားစီမံကိန်းတွေမှာ ပြည်သူ့ ဆန္ဒတွေ သိပ်မပါတာက ဒီစီမံကိန်းကို လွှတ်တော်က (ပြည်သူ့ကိုယ်စားလှယ် တွေက) ရေးဆွဲတာမှမဟုတ်တာ။ လွှတ်တော်ဆန္ဒ၊ ပြည်သူ့ဆန္ဒတွေ စီမံ ကိန်းထဲမှာ လုံးဝရောင်ပြန်မဟပ်ဘူးလို့ ပြောဖို့ကျတော့ ခက်ပါတယ်။ အတိုင်း အတာတစ်ခုအထိတော့ ရောင်ပြန်ဟပ် ပါတယ်။ ပြည်သူ့ဆန္ဒ- လွှတ်တော်ဆန္ဒ ဆိုတဲ့အတိုင်း အခုတော့ လွှတ်တော်က နေ ပြည်သူ့ဆန္ဒတွေ ဖော်ထုတ်နေတယ် လို့ ထင်တယ်လေ။ အခုလို ပြည်သူ့ ကိုယ်စားလှယ်တွေက ပြောတဲ့ကိစ္စတွေ ကို (အစိုးရအဖွဲ့က) အသိအမှတ်ပြုပြီး စီမံကိန်းတွေကို ပြန်ပြီးတော့ ပြင်ဆင်ရ မှာပေါ့။ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီအောင် တော့ ပြန်ပြင်ရမှာပေါ့"ဟု ၎င်းက ပြောသည်။

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနများက အမျိုးသားစီမံကိန်းများ ရေးဆွဲခဲ့ရာတွင် အဓိကကြီးကြပ်ပါဝင် ဆောင်ရွက်ကြသော ဌာနအသီးသီးရှိ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေး မှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကိုလည်း အဆိုပါ အမျိုးသားစီမံကိန်းများအား လွှတ်တော် ကိုယ်စားလှယ်များက ထောက်ပြ ဆွေးနွေးခြင်းများကို ကိုယ်တွေ့ကြားနာ ပြီး သင်ခန်းစာကောင်းများ ရယူနိုင်စေ ရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးသို့ လေ့လာ သူများအဖြစ် ဖိတ်ကြား၊ တက်ရောက်စေ ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုး သားစီမံကိန်း ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၌ စတင် ဆွေးနွေးသည့်ဖေဖော်ဝါရီလ ၁၃ ရက်နေ့ တွင် အဆင့်မြင့် အရာရှိကြီး ၁၄ ဦး၊ ၁၄ ရက်နေ့တွင် ၂၈ ဦးနှင့် ယနေ့ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ၂၀ ဦးတို့ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရ သည်။

"အမျိုးသား စီမံကိန်းတွေကို မူသဘောဆွေးနွေးခဲ့ကြမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှာ ဒီစီမံကိန်းရေးစဉ်က အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့ အဓိကကျတဲ့ Senior Staffs တွေကို ဖိတ်ကြားပါတယ်။ အစည်းအဝေး အစီ အစဉ်အလိုက် ကိုယ်စားလှယ်တွေ ဆွေးနွေးကြမယ့် ဝန်ကြီးဌာနတွေရဲ့ Senior Staffs တွေကို ဖိတ်တာပါ"ဟု လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးခင် မောင်ဦးက ပြောသည်။

ကျင်းပပြီးခဲ့သော လွှတ်တော်အစည်း အဝေးများအနက် တတိယပုံမှန်အစည်း အဝေးမှစပြီး MBA, ILBC နှင့် ဘွဲ့လွန် ဥပဒေသင်တန်းကဲ့သို့ တက္ကသိုလ် ကောလိပ်များမှ ကျောင်းသားကျောင်း သူများ၊ မြို့နယ်အလိုက် NLD၊ ပြည်ခိုင် ဖြိုးတို့ကဲ့သို့ နိုင်ငံရေးပါတီများ၊ ပဒေသိုး လူငယ်၊ ရှမ်းလူငယ် စသည့် ဒေသဆိုင် ရာ အဖွဲ့အစည်းများ စသည်တို့လည်း တက်ရောက်လေ့လာခဲ့ကြကြောင်း၊ ယခု ကဲ့သို့ စီမံကိန်းနှင့် ဘတ်ဂျက်အစည်း အဝေးသို့ ဝန်ကြီးဌာနတို့၏ Senior Staffsများ တက်ရောက်လေ့လာခြင်းမှာ ယခု ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အများဆုံးဖြစ်လာကြောင်းလည်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမျိုးသားစီမံကိန်းဥပဒေကြမ်းအား မူသဘောဆွေးနွေးကြမည့် အစည်း အဝေးသို့တက်ရောက်လာသော အဆင့် မြင့် အရာရှိကြီးများထဲမှ ညွှန်ကြားရေး မှူးချုပ်တစ်ဦးအား "စီမံကိန်းများတွင် ပြည်သူ့ဆန္ဒများ ပါဝင်ခြင်း လျော့နည်း နေသည်မှာ အဘယ့်ကြောင့်နည်း"ဟု မေးမြန်းသည့်အခါ ၎င်းက -

"စီမံကိန်းတွေရေးတုန်းကတော့ သေ သေချာချာ ရေးဆွဲခဲ့တာပါ။ ဒါပေမဲ့ အချိန် ကန့်သတ်မှုတွေရှိတော့ လုံလောက်တဲ့အချိန် မရခဲ့ဘူး။ အချိန် လုပြီး ရေးခဲ့ကြရတာလည်း ပါပါတယ်။ ပြည်သူ့အသံ၊ လွှတ်တော်အသံတွေ၊ ပြည်သူ့ဆန္ဒတွေ ဒီစီမံကိန်းမှာ ပါဝင်မှု အားနည်းနေတယ်ဆိုတဲ့အချက်နဲ့ ပတ် သက်ပြီး ပြောရရင် ပြောရတာတော့ ခက်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက် အနေအထားကိုလည်း ချိန်ဆရတယ်။ ကန့်သတ်ချက်အချို့ကိုလည်း စဉ်းစား ရတယ်။ အကုန်လုံးကို စဉ်းစားပြီး ဟိုဘက် သည်ဘက် မျှတတအောင် ရေးဆွဲကြရတာပါ။

"ဘယ်ဟာက အရေးကြီးသလဲ၊ ဦးစား ပေး ဘယ်လိုသတ်မှတ်မလဲ။ အဲဒီလို စဉ်းစားပြီး ရေးဆွဲနိုင်မှသာ စီမံကိန်းတွေ အောင်မြင်နိုင်မှာပါ။ အားလုံးလုပ်ချင် လို့တော့ မရနိုင်တဲ့အတွက် အဓိကတွေ ကိုပဲ ဦးစားပေးလုပ်ကြရတာပါ။ အခုလို ပြည်သူ့ဆန္ဒတွေ ပါဝင်မှု အားနည်းနေတယ်ဆိုတဲ့အချက်နဲ့ ပတ် သက်ပြီး ပြောရရင် ပြောရတာတော့ ခက်ပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက် အနေအထားကိုလည်း ချိန်ဆရတယ်။ ကန့်သတ်ချက်အချို့ကိုလည်း စဉ်းစား ရတယ်။ အကုန်လုံးကို စဉ်းစားပြီး ဟိုဘက် သည်ဘက် မျှတတအောင် ရေးဆွဲကြရတာပါ။ အခုလို ကိုယ်စားလှယ်တွေဘက်က ထောက်ပြ ပြီးတဲ့အခါ ဒီစီမံကိန်းဥပဒေကြမ်းကို ပြန်ပြင်ရမှာပါ"ဟု အမည်မဖော်လိုသူ ညွှန်ကြားရေးမှူးချုပ်တစ်ဦးက ဖြေကြား ခဲ့သည်။ ■

သင်္ဘောစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း ဖွင့်မည်

သီဟတိုး

ရေကြောင်းစီမံခန့်ခွဲမှု အတတ်သင် ကျောင်း Maritime Management Institute (MMI) မှ သင်္ဘောစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းအား မတ်လ ၂၆ ရက် နေ့တွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ကာ သင်တန်းကာလမှာ ခြောက်လကြာမြင့် မည် ဖြစ်သည်။

"သင်တန်းကာလက Level သုံးခုဖြစ် တဲ့အတွက် ခြောက်လကြာမြင့်မှာဖြစ်ပြီး တော့ Level I နှင့် II ကို မဖြစ်မနေ တက် ရောက်ရမှာဖြစ်ပါတယ်။ Level I နှင့် II တက်ရောက်ပြီးလို့ ကိုယ်က သင်္ဘော တက်လို့Level III ကို ဆက်တက်ဖို့အချိန် မရတာတို့၊ တခြားအကြောင်းအရာတွေ ကြောင့် မတက်ဖြစ်သေးတာတို့ဆိုရင် လည်း Level III က ကိုယ်အဆင်ပြေတဲ့ အချိန် အဆင်ပြေတဲ့တန်းခွဲမှာ ဝင်တက် ရောက်နိုင်ပါတယ်"ဟု သင်တန်း ဒါရိုက်တာ ဦးဇေယျာမင်းက မြန်မာတိုင်း(မ်) ကို ပြောသည်။

"ဒီသင်တန်းကို ဘွဲ့ရ မည်သူမဆို ဒီနယ်ပယ်နဲ့ အလုပ်လုပ်ကိုင်သွားမယ့် သူတွေ တက်လို့ရပါတယ်။ သင်္ဘောနယ် ပယ်မှာ လုပ်ကိုင်နေတဲ့ အမျိုးသမီးတွေ လည်း တက်လို့ရပါတယ်။ နိုင်ငံတကာ မှာဆို သင်္ဘောလိုက်တဲ့ အမျိုးသမီးတွေ ရှိပါတယ်။ မြန်မာပြည်မှာ ဒီလိုအမျိုး သမီးတွေ မရှိသေးပေမယ့် သင်္ဘော စီမံခန့်ခွဲမှုနယ်ပယ်မှာ အလုပ်လုပ်နေတဲ့ အမျိုးသမီးတွေ တက်ရောက်လို့ရပါ တယ်"ဟု အဆိုပါသင်တန်းကျောင်းမှ သင်တန်း၏ Academic Dean ဦးဌေး အောင်က ပြောသည်။

သင်တန်းမှာ စနေ၊ တနင်္ဂနွေ ရုံးပိတ် ရက် သင်တန်းဖြစ်ပြီး တက်ရောက်လိုသူ များအနေဖြင့် အမှတ်(၁၂၄)၊ (၄)လွှာ (ဘယ်)၊ ၅၇ လမ်းနှင့် မဟာဗန္ဓုလလမ်း ထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နှင့် ဖုန်းနံပါတ် ၀၁-၂၉၂၂၅၀ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ■

တစ်ကွက်ကာတွန်း





THE MYANMAR TIMES
ဒဂုံတိုင်းတိုင်း
Capital News
နေပြည်တော်သတင်း
သောကြာနေ့၊ မတ် ၁ – ဂု၊ ၂၀၁၃

လွန်ခဲ့သည့်ရှစ်နှစ်ခန့်က တပ်မှသိမ်းခဲ့သော်လည်း လွတ်နေသေးသည့် လယ်ယာမြေများကို ပြန်လည်ရလိုဟု တောင်သူများ ပြောကြား

ပြည့်သက်ဖြိုး

လွန်ခဲ့သည့်ရှစ်နှစ်ခန့်က လယ်ဝေးမြို့ တောင်ဘက်အခြမ်းရှိ ညောင်မုတ်ဆိတ်၊ ငွေတောင်၊ ဂူတောင်နှင့် သာယာအေးရွာများအတွင်း စစ်တပ်အတွက် သိမ်းဆည်းထားသည့် လယ်ယာမြေ ၅၀၀ ကျော်အတွက် နစ်နာကြေးကိုလည်းကောင်း၊ တပ်အဆောက်အအုံ မဆောက်ဖြစ်ဘဲ လွတ်နေသည့် လယ်ယာမြေများကို ပြန်လည်ရလိုသည်ဟု တောင်သူများက ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြောသည်။

"အခု အခက်အခဲဖြစ်နေပါတယ်။ အဲဒါကြောင့် ပြန်လည်လုပ်ကိုင်စားသောက်ခွင့် ရချင်ပါတယ်"ဟု သပြေပင်အုပ်စု၊ ညောင်မုတ်ဆိတ်ရွာမှ ကိုထိန်လင်းက ပြောသည်။

အဆိုပါလယ်ယာမြေများကို ၂၀၀၅ နှင့် ၂၀၀၆ ခုနှစ်ခန့်က တပ်အသစ်တည်ဆောက်ရန်ဟု ဆိုသော်ငြားလည်း သစ်တောကွင်းဟု သတ်မှတ်၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အမှတ် ၄၁၃ နှင့် ၄၁၄ ခြေမြန်တပ်ရင်းတည်ဆောက်ရန် ရေနီချောင်း(ခေါ်) မျောက်ခုန်ချောင်း ပတ်ပတ်လည်ရှိ ဧက ၅,၀၀၀ ကျော်ကို စတင်သိမ်းဆည်းခဲ့ရာ တောင်သူများက ၂၀၀၉ ခုနှစ်တွင် တိုင်ကြားမှု ပြုလုပ်ခဲ့သည့်အတွက် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ပိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း)က ဧရိယာများ ပြန်ချွေပေးသည့်အမိန့် ချမှတ်ခဲ့သောကြောင့် ဧက ၄,၀၀၀ ကျော်ကိုပြန်လည်လျှောပေါ်ပေးခဲ့သည်။

သိမ်းဆည်းပြီးနောက်လည်း ယင်းမြေများကို တောင်သူများထံ အင်ဒိုင်း(ခေါ်) သဲမြေတွင် မည်သည့်သီးနှံစိုက်ပျိုးသည်ဖြစ်စေ ပေးဆောင်ရမည့်အခွန်မှာ တင်း ၁၀ တင်းဖြစ်ပြီး မြေသားပေါ်တွင် စိုက်ပျိုးပါက ၁၅ တင်းတို့ဖြင့် ပြန်လည် အငှားချထားသည်ဟုလည်း ကိုထိန်လင်းက ပြောသည်။

"ဒီလယ်ယာမြေတွေမှာ မိဘ၊ ဘိုးဘွားတွေလက်ထက်ကတည်းက နိုင်ငံတော်ပေါက်စေးနဲ့ အခွန်ပေးဆောင်ပြီး လုပ်ကိုင်ခဲ့တာပါ"ဟု တောင်သူတစ်ဦးက ပြောသည်။

နိုင်ငံတော်ပေါက်စေးဖြစ်သည့် စပါးတစ်ကေလျှင် ၁၂ တင်းကို ကုန်သွယ်/လယ်ယာဒိုင်သို့ ပေးသွင်းခဲ့ရသည်ဟု ၎င်းက ပြောသည်။

"ကြံကိုလည်း အဲဒီတုန်းက ပေါက်စေးနဲ့ပဲ ပေးဆောင်ခဲ့ရတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

ရွာလေးရွာမှ တောင်သူများသည် ခေတ်ကာလတစ်ခုဖြစ်သော ပြည်သူ့ကောင်စီခေတ်က မြို့နယ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကော်မတီဥက္ကဋ္ဌ လက်မှတ်ဖြင့် ထုတ်ပေးထားသည့် လုပ်ပိုင်ခွင့်ရမြေနှင့် ကုန်ထုတ်မှတ်တမ်းစာအုပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသည်ဟု တောင်သူ ဦးသောင်းငွေက ဖေဖော်ဝါရီလ ၂၄ ရက်က ပြောသည်။

၁၉၈၄- ၈၅ ခုနှစ်တွင် စနစ်တစ်ခုဖြစ်သည့်ပူးတွဲငှါးရမ်းစနစ်ကိုချမှတ်ခဲ့ရာ ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော်ပေါက်စေးဖြင့် ကုန်သွယ် သမဝါယမဒိုင်သို့ တင်သွင်းခြင်းကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ထို့ပြင် ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် ရက်စွဲနှင့် မြို့နယ် မြေစာရင်း ဦးစီးဌာနမှူးလက်မှတ်ဖြင့် စည်းကမ်းချက် ခုနစ်ချက်ပါ စာအုပ်ကိုလည်း ထုတ်ပေးထားသည်ဟု ၎င်းက ပြောသည်။

"အဲဒီတုန်းက တရားဝင်ထုတ်ပေးထားတဲ့စာအုပ်ထဲက စည်းကမ်းချက်တွေအတိုင်းလည်း တစ်သွေမတိမ်း လိုက်နာခဲ့ပါတယ်"ဟု ဦးသောင်းငွေက ပြောသည်။

သို့သော်လည်း ၂၀၀၈ ခုနှစ်တွင်မူ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တောင်သူများအား လယ်ယာမြေနှင့်ပတ်သက်၍ သစ်တောမြေကို ကျူးကျော်ပါက ထောင်ချလို့ရနိုင်သည်ဟု ပြောဆိုကြောင်း ညောင်မုတ်ဆိတ်ရွာတွင် နေထိုင်သူဦးညီလေးက ဖေဖော်ဝါရီလ ၂၃ ရက်က ပြောသည်။

လက်ရှိတွင်လည်း အထက်ပါ လယ်ယာမြေများ သိမ်းဆည်းခံရခြင်းနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ အမျိုးသားလူ့အခွင့်အရေး ကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ဝေးမြို့နယ်အထူး စုံစမ်းစစ်ဆေးရေးတပ်ဖွဲ့မှူးရုံးနှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ စသည့် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဌာနများသို့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် ရက်စွဲဖြင့် တိုင်ကြားစာများ ပေးပို့ထားသည်။ ■

အောင်ချမ်းသာ လယ်မြေများကို မြို့နယ်မြေတိုင်းအဖွဲ့ စစ်ဆေးပြီး လျော်ကြေးပေးချေမည်ဟုဆို

စုလှိုင်ထွန်း

နေပြည်တော် ကောင်စီနယ်မြေ၊ အောင်ချမ်းသာရွာရှိ တောင်ဖီလာဘိလပ်မြေစက်ရုံက သိမ်းဆည်းပြီးဖြစ်သည့် လယ်မြေများအတွက် လျော်ကြေးပေးချေခြင်းကို မြို့နယ်မြေစာရင်းက မြေအမျိုးအစားခွဲခြားခြင်း၊ မြေယာပိုင်ဆိုင်မှု အထောက်အထားများနှင့် အကျယ်အဝန်းကို စိစစ်ပြီးနောက် ငွေပေးချေခြင်းများကို ဆောင်ရွက်မည်ဟု နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ တောင်ဖီလာ ဘိလပ်မြေစက်ရုံမှူးက ပြောသည်။

"မြို့နယ်မြေတိုင်းတွေက ဘယ်ဟာလယ်မြေ၊ ဘယ်ဟာယာမြေဆိုတာတွေ ဘယ်နေရာဆို ဈေးဘယ်လိုသင့်တယ်ဆိုတာ သူတို့တွေကသာ ခွဲခြားနိုင်တာပါ။ မြေတိုင်းတွေ စိစစ်ပြီးသွားရင် ငွေပေးတဲ့အဆင့်ရောက်ပါပြီ"ဟု အထက်ပါအရာရှိက ငွေပေးချေမည့် အခြေအနေကို ပြောသည်။

"တကယ်တမ်းပြောရရင် ဒီမြေတွေမှာ စက်မှု(၁)သိမ်းကတည်းက မြေဂရန် ပေါက်ပြီးသားတွေပါ။ ဒါပေမဲ့ တောင်သူတွေကို ငဲ့ညှာပြီးပေးချေမှာ ဖြစ်ပါတယ်။ မြေခွန်ဆောင်၊ သီးနှံခွန်ဆောင်ပြီး စိုက်ပျိုးသူတိုင်းကို တိတိကျကျ ပေးချေသွားမှာပါ"ဟု ၎င်းကပြောသည်။

"ငွေပေးချေဖို့ကို တိကျတဲ့ရက် သတ်မှတ်ချက်ကလေး လိုချင်တယ်။ ၂၀၀၆ က သိမ်းခဲ့တာတွေကို ဘာမှမပြောလိုပါဘူး။ ဒီကျန်တာလေးနဲ့ ဆက်ပြီး လုပ်ကိုင်စားသောက်ရမှာမို့ ဖြစ်မှာဆိုလည်း ဖြစ်ပျက်မှာဆိုလည်းပျက်ပေါ့"ဟု တောင်သူကြီး ဦးတင်ဆောင်းက မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

ယခုကဲ့သို့ မြေများသိမ်းယူခံနေရသည့်အတွက်လည်း စိုးရိမ်စိတ်များနေသည်ဟု ၎င်းက ဆိုသည်။

နေပြည်တော်ကောင်စီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက်ဖြင့် သိမ်းယူခဲ့သည့် လယ်ယာမြေများအား ပေးလျော်မည့် မြေတန်ဖိုးများကို သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲမှုအဆင့်ဆင့်၏ စိစစ်တင်ပြချက်ဖြင့် လျော်ကြေးများ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတ်မှတ်တန်ဖိုးများမှာ လယ်မြေတစ်ကေလျှင် အမြင့်ဆုံး ကျပ် သိန်း ၃၀ မှ အညံ့ဆုံး ကျပ်ငါးသိန်းအထိ အဆင့်လေးဆင့်ခွဲ၍ ပေးလျော်သွားမည်ဖြစ်သည်။

ယာမြေများကိုမူ တစ်ဧက အမြင့်ဆုံး ကျပ် ငါးသိန်းမှ ၂.၅ သိန်းအထိ အဆင့်သုံးဆင့်နှင့် ပေးလျော်ရန် အဆင့်သတ်မှတ်ချက် စံချိန်စံညွှန်းများ သက်ဆိုင်ရာ မြေစာရင်းက တိကျစွာ သတ်မှတ်ပြီး ပေးချေမည်ဟု စက်ရုံတာဝန်ရှိသူကဆိုသည်။

အောင်ချမ်းသာရွာရှိ တောင်သူများမှ တင်ပြထားသည့် လယ်မြေများတွင် မြေဧက ၁၁၀ ခန့်သာ ပေးချေရန်ရှိကြောင်း သိရသည်။ ရွာသားများပြောကြားချက် အရမူ လယ်ယာမြေ ၁၇၀ ခန့်ကို ပေးလျော်ရမည်ဟု ဆိုသည်။ ■



(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဘူးသီး

အခြားတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအတွက် လမ်းပြရန် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

ပြည့်သက်ဖြိုး

ချင်းတိုင်းရင်းသားများ စည်းလုံးမှုရှိသကဲ့သို့ အခြားသောတိုင်းရင်းသားများ စည်းလုံးညီညွတ်စေရန် ၎င်းတို့က လမ်းပြပေးပါဟု ဖေဖော်ဝါရီလ ၂၀ ရက်နေ့က နေပြည်တော်၊ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (အမ်အိုင်စီစီ)၌ ကျင်းပခဲ့သည့် (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

"ချင်းအမျိုးသားတွေရဲ့ စုစည်းမှု စည်းလုံးမှုကို နမူနာယူပြီး အခြားတိုင်းရင်းသားတွေလည်း ပိုမိုစည်းလုံးညီညွတ်အောင် ချင်းတိုင်းရင်းသားတွေက လမ်းပြပေးပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

ယင်းကဲ့သို့ အခမ်းအနားများလုပ်ပေးခြင်းအပြင် လက်တွေ့ကျကျလုပ်ကြရန်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောသည်။

လက်ရှိတွင် ချင်းပြည်နယ်အား ဖွံ့ဖြိုးတိုးတက်ရန် အထူးစီမံကိန်းများ ချမှတ်၍ ပြီးခဲ့သည့်နှစ်ထက် ပိုမိုဆောင်ရွက်သွားမည်ဟုလည်း ၎င်းကပြောသည်။

"ချင်းအမျိုးသားများနဲ့ ချင်းပြည်နယ်ရဲ့ဖွံ့ဖြိုးမှုနောက်ကျတာကို အလေးထားဆောင်ရွက်ဖို့ လိုပါတယ်"ဟု သူရဦးရွှေမန်းက ပြောသည်။

ချင်းအမျိုးသားနေ့သည် မိမိအနေဖြင့် အကြီးမားဆုံး နေ့တစ်နေ့ဖြစ်ပြီး ပြည်ထောင်စုကြီးမပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌလည်း ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

တိုင်းရင်းသားမျိုးနွယ်စုများထဲတွင် ချင်းမျိုးနွယ်စု ၅၃ စုရှိသည်ပြီး သစ္စာ၊ မေတ္တာတရား ကြီးမားသည်ဟုလည်း သိရသည်။

ချင်းအမျိုးသားနေ့ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ် ၁၅၀ ခန့်တက်ရောက်ကြသည်။ ပြီးခဲ့သည့်နှစ်က နေပြည်တော်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၌ (၆၄)နှစ်မြောက်အဖြစ် ကျင်းပခဲ့သည်။ ■

သကြားစက်ရုံမှ စက်များ မကြာခဏပျက်၍ ကြံတောင်သူများ နစ်နာမှုရှိဟုဆို

ပြည့်သက်ဖြိုး

ပဲခူးတိုင်းဒေသကြီး၊ ရေနီမြို့အနီးရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ လုပ်ကိုင်လျက်ရှိသည့် တောင်ဇဉ်အေး အမှတ်(၂)သကြားစက်ရုံစက်များ မကြာခဏ ပျက်ခြင်းအပြင် စက်ရုံမှ ကြံတင်ကားများလည်း ပုံမှန်မလာရောက်ဟု ကြံစိုက်တောင်သူများက ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ပြောသည်။

"ဒီလို ခဏခဏဖြစ်တော့ တောင်သူတွေအတွက်လည်း နစ်နာတယ်။ နိုင်ငံတော်အတွက်လည်း အများကြီးနစ်နာတယ်"ဟု တောင်သူ ကိုဇော်နိုင်က ပြောသည်။

စက်တွေချို့ယွင်းမှု တော့ရှိတယ်။ အဓိကအားဖြင့်တော့ ဘွိုင်လာအပိုင်းကပဲ ဖြစ်တာပါ ...

အဆိုပါစက်ရုံသည် ဘွိုင်လာကျွတ်ပေါက်ခြင်း၊ ကြိတ်လုံးဘောကွဲခြင်း၊ ကြိတ်လုံးချိန်းကြိုးနှင့် ကြံကုတ်သည့် ကဒက်ပျက်ခြင်း စသော အဓိကစက်ပစ္စည်းများ မကြာခဏပျက်ခြင်းတို့ ဖြစ်ပေါ်တတ်သည်ဟု ၎င်းက ပြောသည်။

ထို့ပြင် စက်ရုံမှ ကြံတင်ကားများ ကြံခင်းများသို့ လာရောက်မှု မမှန်ခြင်းလည်းရှိသည်ဟု ၎င်းက ပြောသည်။

"ကြံကားတွေလည်း နှစ်ရက်၊ သုံးရက် လောက်နေမှ လာတင်တယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်သည် ပြီးခဲ့သည့်နှစ်ထက် ကြံစိုက်တောင်သူ များသော်လည်း တွက်ခြေမကိုက်ဟု သိရသည်။

ကြံတင်ကား ၁၄၀ကျော် စက်ရုံနှင့် စာချုပ်ထားကြောင်းနှင့် တစ်နေ့လျှင် ဟီးနိုးအမျိုးအစား ကားကြီးများဖြင့် နှစ်ခေါက်၊ ဟိုက်ဒရောလစ်ကားများဖြင့် သုံးခေါက် ပုံမှန်သယ်ဆောင်လေ့ရှိသည်ဟု ကိုဇော်နိုင်က ပြောသည်။

စက်ရုံမှ ကြံတင်ကားများ ပုံမှန်လွှတ်သော်လည်း စိုက်ခင်းများသို့ မရောက်ရှိခြင်းကြောင့် ခုတ်ထားသော ကြံများမှာ နေအပူခိုန် ပြင်းထန်သည့်ဒဏ်ကြောင့် အရည်များ ခန်းခြောက်၍ ထင်းအဖြစ်သာ ရောက်ရှိသွားသည်ဟု ဗောဓိကုန်းရွာရှိ ဧက ၂၀ စိုက်ပျိုးထားသည့် တောင်သူဦးတင်ထွန်းက ပြောသည်။

"ကြံကားတွေကို နေ့စဉ် မနက်မိုးလင်းတာနဲ့ ပုံမှန်လွှတ်နေပါတယ်။ ကြံတင်သွင်းမှုများလာလို့ စက်တွေချို့ယွင်းမှုတော့ ရှိတယ်။ အဓိကအားဖြင့်တော့ ဘွိုင်လာအပိုင်းကပဲ ဖြစ်တာပါ။ ဖြစ်ရင်လည်း ချက်ချင်းပြင်ပါတယ်။ စက်ရုံလည်ပတ်မှုနဲ့ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုမရှိအောင် အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒါပေမဲ့လည်း အများနဲ့ လုပ်ရတာဆိုတော့ နည်းနည်းပါးပါးတော့ လိုအပ်ချက်လေးတွေရှိပါတယ်"ဟု စက်ရုံမှူး ဦးခင်မောင်က ပြောသည်။

စက်ရုံအနေဖြင့် ပြီးခဲ့သည့်နှစ်က ကြံတန်ချိန် ၄၃,၀၀၀ ကြိတ်ဝါးခဲ့ပြီး ယခုနှစ်တွင်မူ တန်ချိန် ခုနစ်သောင်းခွဲ ခန့်မှန်းထားသည်ဟု ၎င်းက ပြောသည်။

"ဒီနှစ်က စိုက်ပျိုးတဲ့သူ တော်တော်များလာတယ်။ နောက်နှစ်မှာ ဒီထက်ပိုများလာနိုင်တယ်"ဟုလည်း ဦးခင်မောင်က ပြောသည်။

လက်ရှိ စက်ရုံနှင့် စာချုပ်ထားသည့် ကြံဒိုင် ၂၀ ကျော်ရှိပြီး ကြံသီးနုံစိုက်ခင်းစုစုပေါင်းမှာ ဧက ၆,၀၀၀ ခန့်ရှိသည်။

တောင်ဇဉ်အေး အမှတ်(၂)သကြားစက်ကို ၁၉၉၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ၂၀၀၆ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့သည်။ ■

နေပြည်တော်လေယာဉ်ကွင်းအနီး ရွာသားများ လယ်ယာဆက်လက်စိုက်ပျိုးခွင့်ရရှိရန် လိုလားနေ

စုလှိုင်ထွန်း

နေပြည်တော် လေယာဉ်ကွင်းအနီးရှိ တောင်သူများက စီမံကိန်းနှင့် လွတ်သည့် လယ်မြေများတွင် တောင်ယာစိုက်ပျိုးခွင့် ဆက်လက် လုပ်ကိုင်ခွင့်ရလိုကြောင်း ပြောသည်။

လေယာဉ်ကွင်း စီမံကိန်းအတွက် ၂၀၀၄ ခုနှစ်တွင် လယ်မြေ၈က ၅,၅၆၉ သိမ်းယူခဲ့ကြောင်း သိရသည်။ ထိုသို့သိမ်းယူခံခဲ့ရသည့် ကျေးရွာအုပ်စု ငါးခုတွင် ယခုအခါ သော်မှော်ကုန်းအုပ်စုက တောင်သူများက မိသားစုစား၀တ်နေရေး အခက်အခဲများကြောင့် ဧက ၁,၀၀၀ ၌ ဆက်လက်စိုက်ပျိုးခွင့်ရရှိရန် လိုအပ်လျက်ရှိသည်ဟု ဆိုသည်။

တောင်သူလယ်သမားများက လေယာဉ်ကွင်း စီမံကိန်းကြောင့် လယ်မြေများ သိမ်းယူခွင့် ပေးခဲ့သော်လည်း လက်ရှိစိုက်ပျိုးနေသည့် ကျန်ရှိလယ်မြေများကို နိုင်ငံတော်စီမံကိန်း ဆက်လက်ဆောင်ရွက်မှသာ သိမ်းယူခွင့်ပေးနိုင်မည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က ပေးလျော်သော ဈေးနှုန်းမှာ ငြင်းဆိုခွင့်၊ ဆွေးနွေးခွင့်မရရှိခဲ့သောကြောင့် ထပ်မံသိမ်းဆည်းမည်ဆိုပါက သင့်တင့်သောဈေးနှုန်း၊ မိသားစုအတွက် ရေရှည်လုပ်ကိုင်စားသောက်နိုင်သည့် လျော်ကြေးမျိုးဖြင့် ညှိနှိုင်းပေးစေလိုကြောင်း ၎င်းတို့က ပြောသည်။

"အရင်ခေတ်ပေးစဉ်ကပေးတာကိုယူလည်း သိမ်းမယ်၊ မယူလည်းသိမ်းမယ်ဆိုတဲ့ အနေအထားတွေပါ။ ဘာမှ ပြောပိုင်ခွင့်မရှိဘဲ နစ်နာကြေး ယူခဲ့ရတာပါ။ အရင်ခတ်ထားတဲ့ စည်းရိုးအပြင် အခု ဒုတိယစည်းရိုး ခတ်လိုက်တဲ့အတွက် လုပ်ကိုင်စားသောက်စရာ ဘာမှမရှိတော့ဘူး"ဟု တောင်သူကိုကျော်လွင်က မြန်မာတိုင်း(မ်)ကို ပြောသည်။

သိမ်းယူခဲ့သည့် ၅,၅၆၉ ဧကအတွက် ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် လယ်တစ်ဧကလျှင် ကျပ် ၃၅၀,၀၀၀ နှင့် ယာတစ်ဧက ကျပ် ၂၅၀,၀၀၀ အသီးသီး ပေးလျော်ခဲ့ကြောင်း သိရသည်။ ယခုအခါ ထိုမြေဧကများမှ ဧက ၁,၀၀၀ မှာ မြေလွတ်များအဖြစ် ကျန်ရှိနေသည့် အတွက် တောင်သူများက လေယာဉ်ကွင်းစီမံကိန်း စတင်ကတည်းက ထွန်ယက် စိုက်ပျိုးခဲ့သည်ဟု ဆိုသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစ၍ လေယာဉ်ကွင်းစီမံကိန်းအတွက် ကျန်ရှိသည့် လယ်မြေများတွင် ဒုတိယစည်းရိုး ခတ်လိုက်သဖြင့် တောင်သူများက စီမံကိန်းအတွက် အမှန်တကယ်လိုအပ်ကြောင်းကို သက်ဆိုင်ရာသို့ စိစစ်ပေးပါရန် တင်ပြတောင်းဆိုထားပြီး စိစစ်ပြီးမှသာ စည်းရိုးခတ်ပါရန် တောင်သူ ၁၀၀ ခန့်က ရပ်ပြတောင်းဆိုခဲ့ကြသည်။

"ကျွန်တော်တို့က သမ္မတကြီးနဲ့တကွ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဆီကို အသနားခံစာ တင်ထားပါတယ်။ အဲဒီက စုံစမ်းစစ်ဆေးမှုပြီးရင်တော့ ဆက်လုပ်ပါလို့ လုပ်ငန်းဆောင်ရွက်နေတဲ့ အေရှားဝေါလ်ကုမ္ပဏီကို ပြောခဲ့ပါတယ်။ သူတို့ကလည်း ခင်ဗျားတို့လုပ်မယ်ဆိုအထက် ထိပေါက်အောင်ပြောကြ၊ သူတို့လုပ်ငန်းခွင် နှောင့်နှေးအောင်၊ ခက်ခဲအောင် မလုပ်ပါနဲ့လို့ ပြောပါတယ်"ဟု တောင်သူကိုသိန်းနိုင်က ပြောသည်။ ■



ကျပန်နိုင်ငံ အသေးစားစီမံကိန်း ထောက်ပံ့ရေးမှ ကျောင်းဆောင်နှင့် ကျေးလက်လမ်း ဖောက်လုပ်ပေး

ယွန်းနှင်း

ကျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မွန်ပြည်နယ်၊ ဘီလင်းမြို့နယ် ဝင်းကကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ကျောင်းဆောင်သစ်တစ်ဆောင်နှင့် ကျိုက်မရောမြို့နယ် မုဆိုးကျွန်းနှင့် ဂလုံကျေးရွာချင်းဆက် လမ်းတို့ကို ဖေဖော်ဝါရီ၁၄နှင့်၁၅ရက်တို့ကလွဲပြောင်းပေးအပ်ခဲ့သည်။

ဝင်းကလေးကျေးရွာ၌ အခြေခံမူလတန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၈၇,၆၁၃ နှင့် ကျိုက်မရောမြို့နယ် မုဆိုးကျွန်းနှင့် တကူဂလုံကျေးရွာချင်းဆက် လမ်းအတွက် အမေရိကန်ဒေါ်လာ ၁၀၅,၁၉၁ တို့ အသီးသီးကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ကျပန်သံရုံးမှ ဖေဖော်ဝါရီ ၁၅ ရက်နေ့က သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ဝင်းကကျေးရွာ အခြေခံမူလတန်းကျောင်းကို ၁၉၉၀ ပြည့်နှစ်၌ ဖွင့်လှစ်ခဲ့ပြီး၊ ကျောင်းသား ၁၃၆ဦးနှင့် ဆရာ၊ ဆရာမ လေးဦးတို့ဖြင့် သင်ကြားနေသည်။ ယင်းမူလတန်းကျောင်းကို စာသင်ခန်း ငါးခန်းပါ သံကွန်ကရစ်ကျောင်းဆောင်၊ အိမ်သာများ၊ ကျောင်းသုံးပရိဘောဂများနှင့် မုဆိုးကျွန်းနှင့် တကူဂလုံ ကျေးရွာချင်းဆက် လမ်းအတွက် အကျယ် ၂ ဒသမ ၃ မိတာ၊ အရှည် ၃ ဒသမ ၇ ကီလိုမီတာ ဂဝံ လမ်းကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ■

မြို့ပြနှင့် ကျေးလက် တယ်လီဖုန်း သိပ်သည်းဆ အချိုးညီ တိုးတက်စေရန် ရန်ပုံငွေထူထောင်မည်

မြို့ပြနှင့် ကျေးလက် တယ်လီဖုန်းသိပ်သည်းဆ အချိုးညီတိုးတက်စေရန် အတွက် မိုဘိုင်းဖုန်းများချထားပေးမည့် မိုဘိုင်းအော်ပရေတာများထံမှ လုပ်ငန်းရရှိမည့် ဝင်ငွေ၏ အချိုးတစ်ခုကို Universal Service Obligation (USO) ရန်ပုံငွေအဖြစ် ထူထောင်သွားရန် ရည်မှန်းထားကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းသန်းက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ပြောကြားခဲ့သည်။

ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်ပြီး မူဝါဒပိုင်းတွင် ထပ်မံဖြည့်စွက်မည့် အချက်နှစ်ချက်နှင့် ရည်မှန်းချက်ပိုင်းတွင် ထပ်မံဖြည့်စွက်မည့် အချက်များကို ၎င်းကတင်ပြခဲ့ရာ မူဝါဒပိုင်းတွင် မိုဘိုင်းတယ်လီဖုန်းများအား တပ်ဆင်အသုံးပြုသွားရာတွင် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ အသုံးပြုနိုင်သော စနစ်ဖြစ်သည့် 3G နှင့် အထက်သုံးစွဲနိုင်ရန် သတ်မှတ်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ 3G မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုနိုင်မည့် ကိစ္စရပ်များအပြင် ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်သည့် ICT Eco System ဖြစ်သည့် e-License, e-Payment, Online Billing System များကို ဆောင်ရွက်သွားဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့ပြနှင့် ကျေးလက်တယ်လီဖုန်းသိပ်သည်းဆ တစ်ပြိုင်နက် အချိုးညီတိုးတက်ရန် မျှော်မှန်းချက်အနေဖြင့် အသစ်ဖြစ်လာမည့် အော်ပရေတာများမှ လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့် ဝင်ငွေ၏ အချိုးတစ်ခုကို Universal Service Obligation (USO) ရန်ပုံငွေအတွက် ထူထောင်ပြီး လုပ်ဆောင်သွားမည်ဟု ရန်မှန်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ထူးအောင်** ■



ဆမ်ဆောင်း၏ ၇၅ လက်မ Smart LED **ရုပ်မြင်သံကြားစက်နှင့်အတူ မော်ဒယ်များကို တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင်တွေ့ရစဉ်။ အင်တာနက်အသုံးပြုနိုင်သော အရွယ်အစားကြီးများသည့် ရုပ်သံစက်များကို ဆမ်ဆောင်းက အဆိုပါနေ့တွင် ပွဲထုတ်ပြသခဲ့သည်။** ဓာတ်ပုံ - အေအက်ဖ်ပီ

ဖေစ်ဘွတ်ခ်ပြီးတော့ အက်ပဲလ်ကိုပါ တိုက်ခိုက်လာတဲ့ ဟက်ကာတွေ

ဖေစ်ဘွတ်ခ်ကုမ္ပဏီ မကြာသေးခင်က ကြုံတွေ့ခဲ့ရတဲ့ ဆိုက်ဘာ တိုက်ခိုက်ခံရမှုမျိုး အက်ပဲလ်မှာလည်း ကြုံတွေ့ခဲ့ရပြီး ဒေတာတွေ လုယက်မခံရရုံတင် တွန်းလှန်နိုင်ခဲ့တယ်လို့ အက်ပဲလ်က ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။

အမေရိကန် နည်းပညာကုမ္ပဏီတွေတစ်ခုပြီးတစ်ခု တိုက်ခိုက်ခံခဲ့ရတဲ့ မကြာသေးခင်က ဆိုက်ဘာတိုက်ခိုက်မှုတွေနဲ့ ဆက်နွယ်တယ်လို့ယူဆရတဲ့ ဟက်ကာတွေကို ဖမ်းဆီးဖို့အတွက် ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ အိုင်ဗုန်း၊ အိုင်ပက်၊ အိုင်ပေါ့နဲ့ မက်ကင်းတော့ရှ် ကွန်ပျူတာတွေထုတ်လုပ်ရာ ကုမ္ပဏီ အက်ပဲလ်က ပြောပါတယ်။

"ဝိုင်းရပ်စ်ပါတဲ့ ဆော့ဖ်ဝဲကို အသုံးချပြီး အက်ပဲလ်နဲ့ တခြားကုမ္ပဏီတွေကို တိုက်ခိုက်ခဲ့ကြပါတယ်။ ဆော့ဖ်ဝဲကုမ္ပဏီတွေအသုံးပြုတဲ့ ဝက်ဘ်ဆိုက်တစ်ခုကနေတစ်ဆင့် ဖြန့်ထားတာ"လို့ အေအက်ဖ်ပီရဲ့မေးမြန်းမှုကို အက်ပဲလ်က အီးမေးလ်နဲ့ ဖြေကြားပေးခဲ့ပါတယ်။

ဝက်ဘ်ဆိုက်အချက်အလက်ရှာဖွေရေးပရိုဂရမ်တွေအတွက် ဆော့ဖ်ဝဲတစ်ခုအဖြစ် အသုံးပြုထားတဲ့ ဂျာဗာပရိုဂရမ်ရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူအသုံးချခဲ့ကြောင်းနဲ့ အက်ပဲလ်ရဲ့ ကွန်ပျူတာစနစ်အနည်းငယ်မှာ ဝိုင်းရပ်စ်ကူးစက်သွားခဲ့ပေမယ့် ကူးစက်ခံရတဲ့ အပိုင်းတွေကို အဓိက ကွန်ရက်နဲ့ ခွဲထားခဲ့တယ်လို့ စီလီကွန်ဗယ်လီအခြေစိုက် ကုမ္ပဏီဖြစ်တဲ့ အက်ပဲလ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားပါတယ်။

"ဒေတာတွေ ချန်ခဲ့တာကိုတော့ မတွေ့ရပါဘူး"လို့ အက်ပဲလ်က ပြောပါတယ်။

ရက်ပေါင်း ၃၅ ရက်နဲ့အထက် အသုံးမပြုဖြစ်တဲ့ အားနည်းချက်ရှိတဲ့ ဂျာဗာဆော့ဖ်ဝဲကို အဆင့်မြှင့်ပေးဖို့ မက်ကင်းတော့ရှ်ကွန်ပျူတာ လုပ်ငန်းစဉ်တစ်ခုကို အက်ပဲလ်က စီစဉ်ပေးခဲ့သလို ဗိုင်းရပ်စ်ပါဆော့ဖ်ဝဲကို ရှာဖွေဖို့နဲ့ ဖယ်ရှားပစ်ဖို့ စနစ်တစ်ခုကိုလည်း စီစဉ်ပေးခဲ့ပါတယ်။

ရှုပ်ထွေးတဲ့တိုက်ခိုက်မှုတစ်ခုရဲ့ ပစ်မှတ်ထားခံခဲ့ရပြီး သုံးစွဲသူတွေရဲ့ ဒေတာတွေတော့ ထိခိုက်တာမျိုးမတွေ့ရဘူးလို့ လူမှုရေးကွန်ရက်ဖြစ်တဲ့ ဖေစ်ဘွတ်ခ်က ပြီးခဲ့တဲ့လမှာ ပြောကြားခဲ့ပြီး နောက်ပိုင်းမှာ အက်ပဲလ်တိုက်ခိုက်ခံရကြောင်း သတင်းထွက်ပေါ်လာပါတယ်။

ဝိုင်းရပ်စ်ပါတဲ့ ဆော့ဖ်ဝဲတွေဟာ မိုဘိုင်းကုမ္ပဏီတစ်ခုရဲ့ ဝိုင်းရပ်စ်ကူးစက်နေတဲ့ ဝက်ဘ်ဆိုက်တစ်ခုကနေ ဝင်လာခဲ့တာပါလို့ ဖေစ်ဘွတ်ခ်က ပြောပါတယ်။

"ဝိုင်းရပ်စ်ကူးစက်ခံထားရတဲ့ စက်အားလုံးကို ကျွန်တော်တို့ ပြင်ပြီးသွားပါပြီ။ ရဲကိုလည်း အကြောင်းကြားထားပါတယ်။ စုံစမ်းစစ်ဆေးမှုတွေလည်း ပြုလုပ်နေပါတယ်"လို့ ဖေစ်ဘွတ်ခ်က သတင်းထုတ်ပြန်ထားပါတယ်။

အက်ပဲလ်တိုက်ခိုက်ခံရတဲ့ ဝက်ဘ်ဆိုက်နဲ့ တစ်ခုတည်း ဟုတ်မဟုတ်တော့ မသိရသေးပါဘူးလို့ ပြောပါတယ်။

တိုက်ခိုက်တဲ့သူတွေဟာ အရင်ပုံစံအတိုင်း မသိမသာဝင်ရောက်တဲ့ နည်းလမ်းကိုအသုံးပြုပြီး နည်းပညာကုမ္ပဏီ Oracle ထုတ် ဂျာဗာဆော့ဖ်ဝဲရဲ့ အားနည်းချက်ကို အသုံးချခဲ့ကြပါတယ်လို့ ဖေစ်ဘွတ်ခ်က ပြောပါတယ်။ Oracle ဟာ တိုက်ခိုက်ခံရတဲ့ အခြေအနေကို သတိပေးခဲ့ပြီး ကွန်ပျူတာကုတ်တချို့ကို ပြင်ဆင်ပြီးပါပြီလို့ ပြောပါတယ်။

ဒီလိုတိုက်ခိုက်မှုမျိုးဟာ ဒီတစ်ခါမှ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ ဒီဇင်ဘာလအစောပိုင်းမှာ ဖေစ်ဘွတ်ခ်ကလို ယာဟူး၊ အဲပယ်ဒေါ့ကော့ဒ်နဲ့ ဒီဇင်ဘာလအလယ်ပိုင်းမှာ ဆိုရှယ်ဘလွတ်ကလို ကုမ္ပဏီတွေကလည်း ဒီလိုပဲ ခံစားခဲ့ကြရပါတယ်။

ဒီလိုတိုက်ခိုက်မှုတွေကို ဘယ်သူတွေက ဘယ်လိုလုပ်ဆောင်နေတယ်ဆိုတာ ဘယ်သူမှ ပြောနိုင်ကြတာ မရှိသေးပေမယ့်

ဖေ့စ်ဘွတ်ပြီးတော့ . . .

စာမျက်နှာ ၂၂ မှ

ရာနဲ့ချီတဲ့ စုံစမ်းစစ်ဆေးမှုတွေအရ ဒီအုပ်စုဟာ ယူအက်စ်သတင်းစာတိုက်တွေ၊ အစိုးရဌာနတွေနဲ့ ကုမ္ပဏီတွေရဲ့ သတင်းအချက်အလက်တွေ ခိုးယူပြောင်းလဲဖို့ ကြိုးပမ်းနေကြောင်း တွေ့ရပြီး ဒီအဖွဲ့ဟာ တရုတ်နိုင်ငံမှာ အဓိက အခြေစိုက်ပြီး ဒါကိုလည်းတရုတ်အစိုးရက သိနေတယ်လို့ ဆိုက်ဘာ လုံခြုံရေး ကုမ္ပဏီ Mandiant က ပြောပါတယ်။

ဒီကုမ္ပဏီရဲ့ အစီရင်ခံစာမှာ Advanced Persistent Threat (APTI) လို့ခေါ်တဲ့ အဖွဲ့တစ်ဖွဲ့ကိုပဲ အဓိကထား ဖော်ပြထားပါတယ်။

"အေပီတီအိုင်အဖွဲ့ပဲ ဆိုက်ဘာသူလျှိုလုပ်ငန်းကို ဒီလို နှစ်ရှည်လများနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆင်နွှဲနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဖွဲ့ပဲ အစိုးရရဲ့ တိုက်ရိုက်ထောက်ပံ့မှုရထားလို့ပါ" လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီအုပ်စုဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့ ဌာနခွဲတစ်ခုဖြစ်နိုင်ကြောင်းနဲ့ တိုက်ခိုက်မှုလမ်းကြောင်းကို ခြေရာခံကြည့်တဲ့အခါ ရှန်ဟိုင်းဆင်ခြေ ဖုံးဒေသက သာမန် ၁၂ ထပ် အဆောက်အအုံ ပတ်ဝန်းကျင်ကိုပဲ ညွှန်းနေပါတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဟက်ကာတွေရဲ့ တိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး တရုတ်အစိုးရ ပါဝင်ပတ်သက်တယ်လို့ပြောနေကြတာကို အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေပါလို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ငြင်းဆိုထားပါတယ်။ တရုတ်နိုင်ငံမှာလည်း ဆိုက်ဘာတိုက်ခိုက်မှုတွေ ကြုံနေရပြီး ပြည်ပဆိုက်ဘာတိုက်ခိုက်မှု အများစုဟာ အမေရိကန်နိုင်ငံကလာတယ်လို့တရုတ်အစိုးရကပြောပါတယ်။

အမေရိကန်နိုင်ငံရဲ့ အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကို တခြားနိုင်ငံတွေက ဖျက်ဆီးပစ်နိုင်တဲ့ အလားအလာက အဓိက စိုးရိမ်စရာကိစ္စပဲလို့ သမ္မတအိုဘားမားက အမေရိကန်ပြည်ထောင်စု မျက်မှောက်ရေးရာ အခြေအနေ မိန့်ခွန်းမှာ ပြောကြားခဲ့ပါတယ်။

"အခုအချိန်ကစပြီး နောက်ပိုင်းနှစ်တွေကို ကျွန်တော်တို့ ပြန်တွေးကြည့်လို့ မရနိုင်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ လုံခြုံရေးနဲ့ စီးပွားရေးကို တကယ် ခြိမ်းခြောက်မယ့်အရာတွေကို ရင်ဆိုင်နိုင်ဖို့ ကျွန်တော်တို့ ဘာမှမလုပ်ဖြစ်ခဲ့ကြပါဘူး။ ဒီလိုမျိုး ဘာကြောင့် မလုပ်ဖြစ်ခဲ့ရတာလဲ ကျွန်တော်သိချင်နေပါတယ်" လို့ သမ္မတက ပြောကြားခဲ့ပါတယ်။

(အေအက်ဖ်ပီ)

သီရိမင်းထွန်း ဘာသာပြန်သည်။ ■

အွန်လိုင်းပေါ်မှာရှိနေတာကို မမြင်ရအောင် အင်တာနက်အသုံးပြုသူတွေ ပိုမိုကြိုးပမ်းလာ

သုံးစွဲသူတွေက သူတို့ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်ဖို့ ကြိုးပမ်းလာကြတာတွေနဲ့ အွန်လိုင်းပေါ်မှာ ရှိနေတာကို မမြင်ရအောင် ပြုလုပ်လာကြတာတွေဟာ ဒစ်ဂျစ်တယ်ကြော်ငြာရှင်တွေကို ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့ 'ဒေတာတွင်းနက်'တစ်ခုကို ဖြစ်စေတယ်လို့ နည်းပညာဆိုင်ရာသုတေသန ကုမ္ပဏီ Ovum က ဖေဖော်ဝါရီ ၆ ရက်နေ့မှာ သတင်းထုတ်ပြန်ထားပါတယ်။

သုံးစွဲသူတွေက သူတို့အွန်လိုင်းပေါ်မှာ ရှိနေတာကို မမြင်ရအောင် ကြိုးပမ်းလာကြတဲ့အတွက် သုံးစွဲသူတွေရဲ့ ဒေတာအချက်အလက်တွေကို ခြေရာခံလို့ မရနိုင်တော့သလို သူတို့ကို ရည်မှန်းချက်ထား ဆွဲဆောင်နိုင်ဖို့မဖြစ်နိုင်တော့တာကြောင့် သုံးစွဲသူတွေရဲ့ ဒေတာလုံခြုံရေးအတွက် ကြိုးပမ်းမှုဟာ အွန်လိုင်းပေါ်က သုံးစွဲသူတွေရဲ့အချက်အလက်တွေကို မှီခိုအားထားနေရတဲ့ ကြော်ငြာရှင်တွေကို ထိခိုက်မှုသက်ရောက်စေလိမ့်မယ်လို့ Ovum ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

Ovum ကုမ္ပဏီဟာ ကမ္ဘာ့နိုင်ငံပေါင်း ၁၁ နိုင်ငံက စားသုံးသူတွေကို လေ့လာမှု စစ်တမ်းကောက်ယူခဲ့ပြီး စစ်တမ်းဖြေကြားပေးသူ ၆၈ ရာခိုင်နှုန်းဟာ အချက်အလက်တွေကို ခြေရာခံလို့မရအောင် လုပ်ထားပေးတဲ့ do not track ဆိုတဲ့လုပ်ဆောင်ချက်ကို အလွယ်တကူရတဲ့အခါ ရွေးဖြစ်ကြောင်း ပြောတယ်လို့ ကုမ္ပဏီရဲ့ ထုတ်ပြန်ချက်မှာ ရေးသားထားပါတယ်။

စားသုံးသူတွေက သူတို့ရဲ့ အချက်အလက်တွေကို ခြေရာမခံစေချင်တဲ့ သဘောထား ခိုင်မာလာတာဟာ ပုဂ္ဂိုလ်ရေး . . .

"စည်းမျဉ်းတွေ တင်းကျပ်လာတာနဲ့အတူ စားသုံးသူတွေက သူတို့ရဲ့ အချက်အလက်တွေကို ခြေရာမခံစေချင်တဲ့ သဘောထား ခိုင်မာလာတာဟာ ပုဂ္ဂိုလ်ရေးအချက်အလက်တွေ ရရှိနိုင်တဲ့လမ်း နည်းသွားပြီး ကြော်ငြာလုပ်ငန်း၊ စားသုံးသူဆက်ဆံရေးစီမံခန့်ခွဲမှု၊ အချက်အလက် လေ့လာသုံးသပ်နိုင်မှုနဲ့ တခြားဒစ်ဂျစ်တယ်လုပ်ငန်းတွေမှာ ထိခိုက်မှုအများကြီး သက်ရောက်သွားစေပါတယ်" လို့ လန်ဒန်အခြေစိုက် ကုမ္ပဏီဖြစ်တဲ့ Ovum ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

Ovum ကုမ္ပဏီရဲ့ အဓိက လေ့လာသူတစ်ဦးဖြစ်တဲ့ မာ့ခ်လစ်တဲလ်က အင်တာနက် အသုံးပြုသူတွေဟာ "အရင်က မရှိခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ရေး ဒေတာအချက်အလက်တွေ စောင့်ကြည့်ထိန်းချုပ်ကာကွယ်ပေးတဲ့ လုပ်ဆောင်ချက်တွေကို ပိုပိုပြီး အသုံးပြုလာနိုင်ကြပြီ" လို့ ပြောပါတယ်။


မိုဘိုင်းမက်ဆေ့ချ်ဝန်ဆောင်မှုတစ်ခုဖြစ်တဲ့ Whats App အက်ပလီကေးရှင်းရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ထိပါးမှုနဲ့ ပတ်သက်ပြီး မကြာသေးခင်က ထွက်ပေါ်လာတဲ့ မကောင်းသတင်းတွေနဲ့ ဖေ့စ်ဘွတ်ခ်နဲ့ ဂူးဂဲလ်က ပေါ်လစီတွေနဲ့ ပတ်သက်တဲ့ စိုးရိမ်ပူပန်မှုတွေဟာ အင်တာနက်အသုံးပြုသူတွေ ပိုပြီး သတိရှိလာစေဖို့ နှိုးဆော်ပေးနေပါတယ်လို့ Ovum ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသေးတယ်။

WhatsApp ဟာ ပုဂ္ဂိုလ်ရေးအချက်အလက် ထိန်းသိမ်းကာကွယ်ဖော်ထုတ်ရေးနဲ့ပတ်သက်ပြီး အနည်းဆုံးနိုင်ငံ နှစ်နိုင်ငံက ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ဆိုင်ရာ ဥပဒေကို ချိုးဖောက်ခဲ့တယ်လို့ ကနေဒါ-နယ်သာလန် ပူးတွဲစုံစမ်းရေးအဖွဲ့က ပြီးခဲ့တဲ့လမှာ သုံးသပ်ထားပါတယ်။

မိုဘိုင်းစမတ်ဖုန်း အသုံးပြုသူအများစုဟာ WhatsAppရဲ့ မက်ဆေ့ချ်ဝန်ဆောင်မှု အက်ပလီကေးရှင်းကို အသုံးပြုဖို့အတွက် သူတို့ရဲ့ လိပ်စာစာအုပ်တစ်ခုလုံးထဲကို ဝင်ခွင့်ပေးရတဲ့ နည်းလမ်းအပြင် တခြားလွှဲစရာမရှိတာကိုပူးတွဲစုံစမ်းရေးအဖွဲ့က တွေ့ရှိခဲ့ပါတယ်။ **(အေအက်ဖ်ပီ)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■





ဘိုင်စကုပ်ထဲကလို မမိုက်နဲ့

ပေါင်ကြာလှ

ကျွန်တော့်အမေသည် အသက်ရှစ်ဆယ်ကျော် ဖြစ်ပါသည်။ ငါးနှစ်သမီးအရွယ်တွင် သူ့အဖေ ကျွန်တော်တို့အဘိုးက ဆုံးသွားရာ မိခင်မုဆိုးမနှင့် အမေတစ်ခု၊ သမီးတစ်ခု နေခဲ့ရသည်။ ဂျပန်ခေတ်အတွင်း တောရွာမှာဖြစ်ပြန်ရာ ကျောင်းကောင်းကောင်းမနေခဲ့ရသဖြင့် စာဖတ်တတ်ရုံသာ စာတတ်ခဲ့ပြီး စာမရေးတတ်ခဲ့ချေ။ ကျွန်တော်တို့ အဘိုးသည် အင်္ဂလိပ်ခေတ်က ကျောင်းဆရာတစ်ဦးဖြစ်ရာ ကျောင်းဆရာသမီးဖြစ်လျက် စာကောင်းကောင်းမတတ်ခဲ့ရခြင်းအပေါ် အမေကခုခိုနိုင်ထိ မချင့်မရဲဖြစ်ဆဲပင်။ စာမရေးတတ်သော်လည်း စာဖတ်တတ်သော အမေသည် ထိုခေတ်ထိုအခါက တောရွာအလိုက် ရှိစုမဲ့စု စာတိုပေစကလေးများကို ကြိုးစားဖတ်ရရှာသည်။ သူ့ကို လမ်းညွှန်ပြသသူများမှာ သူ့အစ်ကိုဝမ်းကွဲ၊ မောင်ဝမ်းကွဲ ဘုန်းတော်ကြီးများ ဖြစ်သည်။ ထို့အတူ ဆွေမျိုးထဲမှ စာတတ်သည့် ဦးကြီး၊ ဦးလေးများလည်း ပါသည်။ ထိုသူများ၏ကျေးဇူးဖြင့် အမေသည် စာပေဗဟုသုတကို ရှာမှီးကာ စာပေ၏တန်ဖိုးကို သိလာပြီး သားသမီးများဖြစ်သော ကျွန်တော်တို့ကိုလည်း စာတတ်ပေတတ်များ ဖြစ်အောင် ကြိုးစားအားထုတ်ခဲ့လေသည်။

အမေတို့ခေတ်က စာဖတ်တတ်သော်လည်း ဖတ်စရာများများမရှိပါ။ တောရွာဖြစ်သဖြင့် မြို့ကြီးပြကြီးလို စာအုပ်စာတမ်းများ အရောက်အပေါက်နည်းပုံရပါသည်။ အမေဖတ်သောစာများမှာ ဘုရားရှိခိုးအမျိုးမျိုး၊ ဆယ်စောင်တွဲ၊ ဇိနတ္တပကာသနီ၊ ဦးပေါ်ဦးလျှော်ထုံး၊ ခုံတော်မောင်ကျဘမ်း၊ ငါးရှဉ့်ငါးဆယ်နိပါတ်တော် စသည့် စာအုပ်များဖြစ်သည်။ အမေတို့ရသော ဗဟုသုတအများစုမှာ ထိုခေတ်က သဘင်ပညာရှင်များက ဇာတ်ပွဲကရာတွင်ဖြစ်စေ၊ ဓာတ်စက်ခေါ် အသံချဲ့စက်ဖြင့်ဖွင့်သော ဓာတ်ပြားထဲကဖြစ်စေ၊ ဆိုကြ၊ ပြောကြသော ဇာတ်စာ၊ ဇာတ်စကားများ၊ ဝိုချင်းများကို အခြေခံကြောင်း တွေ့ရပါတယ်။ အမေစကားပြောလျှင် "ရွှေမန်းပြောသလိုပေါ့ကွယ်"၊ "စိန်အောင်မင်း ဝိုချင်းထဲကလိုပေါ့ကွယ်"၊ "ဓာတ်ဆီ၊ ဓာတ်ဆံပြောသလိုပေါ့ကွယ်" စသည်ဖြင့် ညွှန်းတတ်သည်။ ရွှေမန်းဆိုသည်မှာ ရွှေမန်းတင်မောင်ကို ဆိုလိုခြင်းဖြစ်သည်။ အမေတို့ခေတ်က ရွှေမန်းဟုပြောလျှင် ဇာတ်မင်းသားကြီး ရွှေမန်းဦးတင်မောင်ကို ပြောကြောင်း လူတိုင်းသိကြသည်။ ကျွန်တော်တို့အိမ်တွင် သူရင်းငှားလုပ်သော ဦးတင်မောင်ကိုပင် ကျွန်တော်တို့ အမေက ရွှေမန်းဟုနာမည်ပြောင်ပေးထားသည်။

ကျွန်တော်တို့ မြန်မာတွေနှင့်မစိမ်းသော စကားတစ်ခွန်းရှိပါသည်။ "ဇာတ်သမားလာရင် မှတ်သားစရာပါရမယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ရမယ်" ဟူ၏။ အဓိပ္ပာယ်မှာ အထူးရှင်းရန်မလိုပါ။ အမေတို့သည် ထိုထိုများစွာသော ဇာတ်သမားတို့ထံမှ မှတ်သားစရာများကိုယူကာ မိမိတို့၏လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ထိုခေတ်က ဇာတ်သဘင်ပညာရှင်များသည် ဗုဒ္ဓဝင်၊ ရာဇဝင်တို့မှ ကောင်းနိုးရာရာ ဇာတ်လမ်းဇာတ်ကွက်များကို ထုတ်နုတ်ကာ အများပြည်သူတို့အား ရသရော၊ သုတပါ ပေးစွမ်းနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့်လည်း ဆရာမကြီး ဒေါ်ခင်မျိုးချစ်က "မြန်မာလူမျိုးယောက်ျားကလေးမှန်ရင် အချက်သုံးချက်နဲ့ပြည့်စုံရတယ်။ (၁) ပဥ္စင်းတက်ဖူးရမယ်၊ (၂) ဇာတ်ပွဲကြည့်ဖူးရမယ်၊ (၃) ပုဂံရောက်ဖူးရမယ်။ အဲဒီအင်္ဂါသုံးရပ်မှာ တစ်ခုခုချို့တဲ့ရင် မင်းမြန်မာယောက်ျားကလေးမဟုတ်ဘူး"ဟု ပြောခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို ဆရာချစ်ဦးညိုး၏ 'ပုဂံကဗျာ၊ ပုဂံစာ' စာအုပ်နိဒါန်း၌ ရေးထားတာတွေ့ရပါသည်။

ဇာတ်သဘင်နှင့်အလားတူ ပြည်သူလူထုအတွက် အရေးပါသော ဖျော်ဖြေမှုအနုပညာတစ်ရပ်မှာ ရုပ်ရှင်အနုပညာဖြစ်ပါသည်။ အမေတို့က ဘိုင်စကုပ်ဟုခေါ်ပါသည်။ တချို့က ဓာတ်ရှင်ဟုလည်း ခေါ်ပါသည်။ ရုပ်ရှင်ဇာတ်လမ်းများမှာ ခေတ်ကာလအလျောက် ဝတ္ထုအခြေခံဇာတ်လမ်းများက ပိုများပါတယ်။ မျက်မှောက်ခေတ်ပြည်သူတို့ဘဝထဲက ဇာတ်လမ်းများဟုဆိုရပါမည်။ တစ်နည်းအားဖြင့် ရုပ်ရှင်ဇာတ်လမ်းများသည် သဘင်ဇာတ်ထုပ်များနှင့်စာလျှင် ပြည်သူတို့လက်ရှိဘဝ အခြေအနေကိုပို၍ထင်ဟပ်စေသည်။ သရုပ်ဆောင်များက ပိုင်နိုင် ကျွမ်းကျင်သည်နှင့်အမျှ ပရိသတ်က အသည်းစွဲအောင် နှစ်ခြိုက်ကြသည်။

မည်မျှအထိ စွဲလမ်းနှစ်ခြိုက်ကြပါသနည်း။ ကျွန်တော်တို့ငယ်စဉ်က များစွာနှစ်သက်ခဲ့သော ရုပ်ရှင်မင်းသားကြီး (ဦး) ရွှေဘကို ဥပမာပေးလိုပါသည်။ ငယ်စဉ်က ကျွန်တော်တို့ သူငယ်ချင်းများစစ်တိုက်တမ်း၊ မြင်းစီးတမ်း ကစားကြတိုင်း 'ရွှေဘကွ'ဟု အော်ရလျှင် အလွန်အရသာရှိသည်။ လူကြီးလူငယ်မရွေး တောရော မြို့ပါမကျန် နှစ်သက်ကြသည်။ မင်းသမီးများဆိုလျှင်လည်း အတူတူပင်။ ကြည်ကြည်ဌေး၊ တင်တင်လှ စသည်ဖြင့် နှစ်သက်အားပေးကြသည်။ ပရိသတ်များက ချစ်ခင်နှစ်သက်ကြသဖြင့် သား၊ သမီးများကိုပင် မင်းသား၊ မင်းသမီးနာမည်များ ပေးကြသည်။ ကျွန်တော်တို့ရွာမှာပင် ရွှေဘ ငါးယောက်ရှိသည်။ တင်တင်လှတွေလည်း အများကြီးရှိသည်။ ယင်းမှာ ကျွန်တော်တို့နှင့် ရွယ်တူများကို ပြောခြင်းဖြစ်သည်။ ကျွန်တော်တို့ ထက်ကြီးသူများတွင်လည်း ဘမြင့်တို့၊ မေမြင့်တို့၊ မေနွဲ့တို့ ရှိပါသေးသည်။

ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝရောက်သောအခါ ညွှန့်ဝင်း၊ ဇော်ဝမ်း၊ ကျော်ဟိန်းတို့ကို အားကျပြန်သည်။ အတုဦးကြသည်။ သူတို့ဝတ်လုံလိုက်ဝတ်ကြသည်။ မိန်းကလေးများကို ကြည့်လျှင်လည်း စန္ဒာတို့၊ ခင်သန်းနုတို့၊ မေဝင်းမောင်၊ ခင်သီတာထွန်း စသည်ဖြင့် မင်းသမီးများကို နှစ်သက်စွဲလမ်းကြသည်။ စန္ဒာကေတို့၊ အိုမိဂါတို့ လိုက်လုပ်ကြသည်။ ကျွန်တော်တို့ ယောကျ်ားကလေးများက ဆံပင်ရှည်ထားကြ၊ ပုဆိုးချက်ပြုတ်ဝတ်ကြ၊ ဘောင်းဘီဆိုလည်း ဘဲလ်တွေ၊ ဖလဲတွေ ဝတ်ကြသည်။ မိန်းကလေးများကလည်း ဘယ်ဖုံး ဖုံးကြသည်။ ဆိုရလျှင် ရုပ်ရှင်အနုပညာသည်တို့၏ ဟန်ပန်အမူအရာတို့သည် အများပြည်သူတို့၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ ဟန်ပန်အမူအရာတို့ အပေါ် လွှမ်းမိုးမှုများစွာ ရှိပါသည်။ အထူးသဖြင့် ငယ်ရွယ်သူများမှာ အသိအလိမ္မာ၊ မရင့်ကျက်သေးသဖြင့် ရုပ်ရှင်ထဲကလို အပြင်မှာလိုက်လုပ်ရင်း အများများ ကျူးလွန်တတ်ကြပါသည်။

အကယ်စင်စစ် ဇာတ်လမ်းဇာတ်ကွက်တို့၏သဘောမှာ ကောင်းတာကိုပြရသလို မကောင်းတာကိုလည်း ပြရသည်။ လူဆိုးကိုပြရသလို လူကောင်းကိုလည်းပြရသည်။ လူဆိုးဘဝကနေ အသိတရားအမြင်မှန်ရကာ လူကောင်းဖြစ်သွားတာကိုပြရသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးရပြီး မကောင်းတာလုပ်လျှင် မကောင်းကျိုးခံရတာ ပြကြရသည်။ ထိုသို့ဇာတ်လမ်းထဲက သရုပ်ဆောင်ပြသည်ကို ကြည့်ရှုခံစားရင်း အဆိုးကိုပယ်၍ အကောင်းကိုလွှေးချယ်ရန်မှာ ပွဲကြည့်သူ၏ တာဝန်ဖြစ်သည်။ ကျွန်တော်တို့အမေပြောသော ဆုံးမစကားကို မူရင်းအတိုင်းဖောက်သည်ချရလျှင် "မင်းတို့က ဘိုင်စကုပ်ထဲမှာ ကျော်ဟိန်းဆံပင်ရှည်ထားတာ၊ အင်္ကျီရင်ဘတ်ကြယ်သီးမတပ်တာ၊ ဘောင်းဘီဖင်ကျပ်ဝတ်ပြီး ဂစ်တာတီးတာ၊ ရန်ဖြစ်တာ ဒါတွေကြည့်ပြီး အတုယူရမှာ မဟုတ်ဘူး၊ ဇာတ်လမ်းကို ဆုံးအောင်ကြည့်။ နောက်ပိုင်းကျတော့ အသိတရားရပြီး ကျောင်းတက်၊ စာကြိုးစား၊ ဘွဲ့ရပညာတတ်ဖြစ်သွားတာအထိ ကြည့်ရမယ်။ လိမ္မာသွားတာကို အတုယူရမယ်။ မိုက်တာကို အတုမယူရဘူး။ အခုတော့ မဟုတ်ဘူး။ မင်းတို့ကောင်တွေက ကျော်ဟိန်းဆိုးပြတာကြည့်ပြီး အတုယူလိုက်လုပ်တော့ ဘိုင်စကုပ်ရိုက်ပြတဲ့သူက မဟုတ်တာတွေသင်ပေးသလိုဖြစ်နေတယ်။ ဘိုင်စကုပ်ထဲကလူက မမှားဘူး၊ မင်းတို့ရေလိုက်လွဲနေတာ"တဲ့။

ယခုအခါ ကိုရီးယားရုပ်ရှင်ဇာတ်လမ်းတွဲများ အလွန်လူကြိုက်များလှသည်။ မင်းသား၊ မင်းသမီးတွေ၊ သရုပ်ဆောင်တွေကလည်း အလွန်သဘာဝကျသည်။ ပရိသတ်ကို ညှို့ငင်ဖမ်းယူနိုင်စွမ်းကောင်းလှသည်။ ဤသို့ဖြင့် ကိုရီးယားမင်းသား၊ မင်းသမီးများ၏ အဝတ်အစား၊ ဆံပင်ပုံစံ၊ အသုံးအဆောင်များကအစ အတုယူကြ၊ လိုက်လုပ်ကြသည်။ အခေါ်အပြောကအစ အာပူကြီးတို့၊ အိုးမာတို့၊ အညာစေ့ယောတို့ ဖြစ်ကုန်သည်။ တစ်ခါတွင် ကိုရီးယားလူမျိုးမိတ်ဆွေတစ်ဦးနှင့် စကားပြောရင်း သူတို့ရုပ်ရှင်ဇာတ်လမ်းများအကြောင်း ရောက်သွားသည်။ ကျွန်တော်က ကိုရီးယားဇာတ်လမ်းများသဘာဝကျပုံ၊ သူတို့ရိုးရာဓလေ့အလိုက်မိသားစုများ၏ လူနေမှုဘဝပုံစံများ ချစ်စရာကောင်းပုံတို့ကို ပြောပြသည်။ ထိုအခါ သူက "အဲဒါဇာတ်လမ်းထဲမှာပဲရှိတာ။ အပြင်မှာလူတွေက အဲလိုမနေကြလို့၊ အဲဒီလိုနေကြအောင် ဇာတ်လမ်းဆင်ပြီး ရိုက်ပြတာ" ဟု ပြောပါသည်။ ထို့အတူ ကိုရီးယားရုပ်ရှင်လောကနှင့် စီးပွားရေးလုပ်ငန်းများ ဆက်နွယ်ပုံ၊ စီးပွားရေးလုပ်ငန်းကြီးများက သူတို့ထုတ်ကုန်များအရောင်းမြှင့်တင်ရေးအတွက် ရုပ်ရှင်လောကကို အသုံးချပုံများ ရှင်းပြပါသည်။ ဤသို့ဖြင့် ကိုရီးယားထုတ်ကုန်များကမ္ဘာ့စျေးကွက်သို့ ထိုးဖောက်ရန် ရုပ်ရှင်အနုပညာဖြင့် ဖမ်းစားခြင်းဖြစ်ကြောင်း သိရပါသည်။ အတိုင်းအတာတစ်ခုထိတော့ မှန်ပါမည်။ ယနေ့ကမ္ဘာအနှံ့တွင် ကင်ချီတွေစား၊ ဆိုဂျူတွေသောက်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း အတော်ခရီးရောက်နေပြီဖြစ်သည်။

ယနေ့လူငယ်များကို သိစေချင်သော အချက်မှာ ကိုရီးယားဖြစ်စေ၊ တရုတ်ဖြစ်စေ၊ အမေရိကန်ဖြစ်စေ၊ မည်သည့် ရုပ်ရှင်ဇာတ်လမ်းကို မဆို ရုပ်ရှင်ဆိုသည်မှာ အစစ်မဟုတ်။ အတုသာဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က ဆရာ(ဦး)အောင်သင်း၏ 'ချိုတကူးနှင့် ဂုဏ်ရည်မတူ' ဆောင်းပါးကို မြန်မာစကားပြေ သင်ခန်းစာတွင် သင်ရပါသည်။ 'ချိုတကူး'အမည်ရှိ မိဘမဲ့ကုလားလေးက အစစ်၊ 'ဂုဏ်ရည်မတူ' ဇာတ်ကားထဲမှ မေသစ်က အတူ။ သို့သော် ချိုတကူးကိုယ်တိုင်က မေသစ်ကို သနားနေပုံ၊ လူတို့၏ လွဲချော်နေပုံကို ဆရာက ဖွဲ့ပြခဲ့သည်။ ကိုရီးယားဇာတ်လမ်းကြည့်ပြီး အိုပါးတို့၊ ကိုရီးယားမှာ ဒီလိုပဲလား၊ တရုတ်ဇာတ်လမ်းကြည့်ပြီး တရုတ်တွေ ဒီလိုပဲ နေကြစားကြသလား၊ အမေရိကန်လည်း အလားတူပဲလား၊ အမှတ်မမှားကြစေချင်ပါ။ မည်သည့်ရုပ်ရှင်ဇာတ်လမ်းကိုဖြစ်စေ၊ ပညာမျက်စိဖြင့် ကြည့်ကြစေချင်သည်။ ကောင်းတာကိုယူ မကောင်းတာကို ပယ်ကြရပါမည်။ သို့မှသာ မိမိတို့အတွက် အကျိုးရှိမည်။ နှေးလူကြီးများပြောကြသောစကားမှာ "ပွဲဆိုတာ ကြည့်တတ်ရင် ဘဝနာ၊ မကြည့်တတ်ရင် တဏှာ"တဲ့။ ဘဝနာဆိုသည်မှာ အဆင့်မြင့်လွန်းပါသည်။ ကျွန်တော်တို့ ခေတ်ကာလအရ ပြောရလျှင် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည်ဖြင့် မည်သည့်အနုပညာမဆို ယူတတ်လျှင် ပညာရမည်။ မယူတတ်လျှင် ကချလာဖြစ်မည်။ ဇာတ်လမ်းကို ဆုံးအောင်ကြည့်ပြီး ယူသင့်တာသာ ယူစေချင်ပါသည်။ ■

The World Bank

We are recruiting staff to join our office located in Yangon for the position of :

Financial Sector Research Analyst
(Vacancy # 130115)

The East Asia and Pacific Financial and Private Sector Development Department (EASFP) is responsible for the World Bank's work in financial and private sector development within the region. The Department works to help the countries of the region achieve sustained growth and poverty reduction through developing sound and well-functioning financial systems, improving the investment climate, and promoting more dynamic private sectors. EASFP currently has an active program, including lending and technical assistance with sector issues ranging from bank restructuring, financial sector supervisory capacity building, regulatory reform, and capital markets development, to corporate governance, the promotion of innovation, and trade facilitation.

In Myanmar, EASFP is building a dynamic program that consists of three main programs at the current time, including: (1) assistance program on financial sector development with the central bank on creating the financial sector development Master Plan, reforming the legal and regulatory framework, enhancing supervision, including on- and off-site systems and crisis preparedness and exploring the policy framework for financial sector infrastructure and payments systems; (2) support to the newly formed regulatory and supervisory body for the microfinance industry; and (3) an investment climate assessment. Other projects and work is expected in the future as well.

Duties and Accountabilities

- Actively engage as part of the financial and private sector development (FPD) team responsible for the preparation, appraisal, and supervision of lending operations and economic and sector work.
- Assist in project management, as well as project development, and provide support for technical assistance projects.
- Provide strong mission (visits by Washington staff, as well as technical assistance providers and consultants) support by arranging meetings, and following up on data and information needs.
- Monitor market developments, update standard financial sector data, and undertake research on economic, financial, and private sectors in Myanmar.
- Help to develop statistical and analytical assessments of the financial and private sector in Myanmar.
- Provide support for financial sector Donor Coordination, including organizing donor meetings.

Details are available in the World Bank Careers website:

www.worldbank.org/careers. All applications must be submitted through this website. We welcome applications from individuals who are fluent speakers in Myanmar and English languages. The World Bank is committed to achieving diversity in terms of gender, nationality, culture and educational background. Individuals with disability are equally encouraged to apply. Please contact **paniti@worldbank.org for questions regarding the application process.**

Closing date is March 14, 2013

Working For a World Free of Poverty

လေယာဉ်မောင်းသင်တန်း စတင်လျှောက်ထားနိုင်

ဒုတိယအကြိမ်ဖွင့်လှစ်မည့် လေယာဉ်မောင်းသင်တန်းအတွက် မေလတွင် စတင်လျှောက်ထားနိုင်မည်ဖြစ်သည်ဟု Myanmar Aviation Academy (MAA) မှ သိရသည်။

တက်ရောက်လိုသူများသည် အသက် ၁၇ နှစ်အထက်နှင့် ၃၅ နှစ်ထက်မကြီးသူများ လျှောက်ထားနိုင်ပြီး သင်တန်းကြေးအမေရိကန်ဒေါ်လာ ၆၅,၀၀၀ ကျသင့်မည်ဖြစ်သည်။ သင်တန်းသား ၂၄ ဦးလက်ခံမည်ဖြစ်ကာ စာမေးပွဲကို လေကြောင်းညွှန်ကြားမှု ဦးစီးဌာနက သတ်မှတ်ပေးသည့်ပုံစံအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။

လေယာဉ်မောင်း သင်တန်းကျောင်းကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလက စတင်ထူထောင်ခဲ့ပြီး ပုသိမ်လေယာဉ်ကွင်း၌ တည်ရှိကာ အဆိုပါလတွင်ပင် ပထမဆုံး သင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။

"ဝင်ခွင့်ကိုတော့ မေလမှာ စမယ်။ မောင်းခွင့်လိုင်စင်ကို သက်ဆိုင်ရာ ကုမ္ပဏီက စီစဉ်ပေးမှာဖြစ်တယ်။နိုင်ငံတကာနှင့် ဒေသတွင်း လေယာဉ်မှူးလိုအပ်ချက်ဖြည့်တင်းနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးသင်တန်းကျောင်းအဖြစ် ထူထောင်ဖို့ ရည်ရွယ်တာဖြစ်တယ်"ဟု သင်တန်းကျောင်းတာဝန်ရှိသူက ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

"ICAO (Internaitonl Civil Aviation Organisation) က သတ်မှတ်ထားတဲ့ စံနှုန်းများ၊ သတ်မှတ်ထားတဲ့ လေ့ကျင့်မှုများအတိုင်း လေ့ကျင့်သင်ကြားပေးမှာဖြစ်တယ်"ဟု ၎င်းကပြောသည်။

Pivate Pilot Licence(PPL) အတွက် စတင်မပျံသန်းမီ မြေပြင်တွင် နှေးဦးစွာ ၁၂ ပတ်သင်တန်း ပို့ချမည်ဖြစ်ပြီး PPL အတွက်ပျံသန်းမှုလေ့ကျင်ရေးကို ၁၁ ပတ်စုစုပေါင်း ၄၄. ၁၅နာရီအထိ ပျံသန်းရမည်ဖြစ်ခါ Commercial Pilot License အတွက်ကိုမူ မြေပြင်သင်ကြားမှု ၁၀ ပတ်ကြာမြင့်မည်ဖြစ်ပြီး၊ ဝေဟင်ပျံသန်းမှု ကြာချိန် ၁၀၀ ဒသမ ၄၅ နာရီအထိ ဖြစ်သည်။ သင်ရိုးကိုမူ အမေရိကန်နိုင်ငံရှိ Airline Transport Pilot Licence အတိုင်း ၁၇ ဘာသာသင်ကြားမည်ဖြစ်သည်။ **ယွန်းနှင်း**

ဘီဇနက်စ်တိုင်းမ်း
Business Times
■ နိုင်ငံတကာ ■ မြန်မာ့စီးပွား
သောကြာနေ့၊ မတ် ၁ – ဂျ၊ ၂၀၁၃

‘ကန်’ရင်းနှီးမြှုပ်နှံမှုပုံမှန်ဖြစ်ရန် ကြိုးပမ်းမည်

နေးသီတာကျော်

အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင်း လာရောက်ရင်းနှီးမြှုပ်နှံရန်နှင့် ကုန်သွယ်ဆက်ဆံမှုပုံမှန်ပြုလုပ်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၅ ရက်နေ့က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသော အမေရိကန်-မြန်မာကုန်သွယ်၊ ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးနှင့် သဘောတူလက်မှတ်ရေးထိုးပွဲ US-Myanmar Trade and Investment Relations: The Path Forward တွင် အမေရိကန် စီးပွားရေးတာဝန်ရှိသူများက ပြောသည်။

ဘဏ္ဍာရေးလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းကြီးများပါဝင်သော အမေရိကန်ကိုယ်စားလှယ် ၅၀ ကျော်ပါဝင်သော အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် ယခုသဘောတူလက်မှတ်ရေးထိုးပွဲသည် ပထမအကြိမ် ဖြစ်သည်။

StateforEconomicandBusiness Affairs ၏ US Assistant Secretary Jose Fernandez က မြန်မာအစိုးရ၏ မြင်သာသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကြောင့် သမ္မတအိုဘားမားက ဧီးပွားရေးပိတ်ဆို့မှုများလျှော့ချရန် အကောင်အထည်ဖော်ခဲ့ကြောင်း ပြောသည်။

ထို့ပြင်နို၀င်ဘာလအတွင်းက ပြဋ္ဌာန်းလိုက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် ပွင့်လင်းမြင်သာပြီးရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပြီး လက်ရှိမြန်မာ နိုင်ငံအခြေအနေသည် လွန်ခဲ့သော နှစ်များထက်များစွာ ပြောင်းလဲခဲ့ပြီးဖြစ်ကာ သမ္မတ၊ အစိုးရနှင့် နိုင်ငံရေးခေါင်းဆောင်များက အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကြိုးပမ်းခဲ့ကြောင်း ပြောသည်။

“ပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့နဲ့ ကုန်သွယ်မှု ပုံမှန်သွားဖို့ဆိုတာ အမေရိကန်ကုမ္ပဏီတွေနဲ့ပြည်တွင်းကကုမ္ပဏီတွေရဲ့ အကူအညီလိုအပ်ပါတယ်”ဟု ၎င်းက ပြောသည်။

အမေရိကန်သည် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံဖြေလျှော့သည့်အနေဖြင့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က အမေရိကန်ဘဏ္ဍာရေးစနစ်သို့ ဝင်ရောက်ရန် မြန်မာ့ဧီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ်နှင့် ရောဝတီဘဏ်စုစုပေါင်းဘဏ်လေးခုကို ခွင့်ပြုလိုက်ပြီး ဖြစ်သည်။

လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဇာဏ်ထွန်းဦးက မြန်မာအစိုးရသည် စက်မှုနိုင်ငံထူထောင်နိုင်ရန် အချိန်တိုအတွင်းကြိုးပမ်းနေပြီး အဆိုပါရည်မှန်းချက်ပြည့်မီစေရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရကလည်း ပါဝင်နိုင်ရန် ကြိုးပမ်းနေကြောင်း ပြောသည်။

ရန်ကုန်မြို့လူဦးရေသည်ခြောက်သန်းကျော်ရှိနေပြီး အလျင်အမြန်တိုးပွားနေသောကြောင့် အစိုးရအနေဖြင့် နေရာအနေအထားပိုမိုကျယ်ပြန့်ပြီး ခေတ်မှီသော ရန်ကုန်မြို့ပြအဖြစ် အကောင်အထည်ဖော်ရန်ရှိကာ အနာဂတ်လူနေမှုပုံစံအတွက်လိုအပ်သော အခြေခံအဆောက်အအုံများဆောက်လုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့လယ်ခေါင်နှင့် သီလဝါအထူးစီးပွားရေးဇုန်သည် ၁၇ ကီလိုမီတာသာကွာဝေးသောကြောင့် စက်မှုဖွံ့ဖြိုးရေးအတွက် ပိုမိုအချက်အချာကျလာမည်ဖြစ်ကြောင်း ပြောသည်။

“အမေရိကန်စီးပွားရေးကုန်သည်ကြီးများအသင်းကလည်း မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ အခန်းကဏ္ဍကနေ ဆောင်ရွက်နိုင်မယ်လို့ယုံကြည်ပါတယ်။ အမေရိကန်ရဲ့ နည်းပညာနဲ့ ဘဏ္ဍာရေးအရင်းအမြစ်တွေကနေ အကူအညီပေးနိုင်မှာပါ”ဟု ၎င်းက ပြောသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူးဦးစီးဌာန၏ ဇန်နဝါရီလ ၃၁ ရက်နေ့အထိစာရင်းအရ အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၂၄၃ သန်းရှိပြီ ဖြစ်သည်။

“စီးပွားရေးပိတ်ဆို့မှုတွေကို အမေရိကန်က ဖြေလျှော့သင့်သလောက်တော့ ဖြေလျှော့ပေးခဲ့ပါပြီ။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံသူတွေ မြန်မြန်ဝင်ရောက်လာနိုင်အောင် ပိတ်ဆို့မှုအားလုံးကို ဖြေလျှော့ပေးရင် အဆင်ပြေမှာပါ။ မြန်မာနိုင်ငံက လူတွေကပိုပြီးကောင်းမွန်တဲ့လူနေမှုအခြေအနေကို မျှော်လင့်ပြီးအဲလိုအခြေအနေမျိုးရဖို့ ပိတ်ဆို့မှုတွေ အားလုံးလျှော့ချပေးမှ ဖြစ်မှာပါ။ ဒါကြောင့်အမေရိကန်အစိုးရကို ဖွံ့ဖြိုးဆဲနိုင်ငံအတွက် အသုံးဝင်တဲ့ အခြေအနေတွေ ဖန်တီးပေးဖို့ မျှော်လင့်ပါတယ်”ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းအောင်က ပြောသည်။ ■



အမေရိကန်–မြန်မာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲတွင် နှစ်ဘက်နိုင်ငံမှ တာဝန်ရှိသူများကို ရင်းနှီးစွာ တွေ့ရစဉ်။ ဓာတ်ပုံ - ကိုတိတ်



ငွေကြေးဈေးကွက်

နိုင်ငံတကာ	ငွေကြေးဈေးကွက်
▪ ဝ. ၇၆၃၆	ယူရို
▪ ဝ. ၆၅၈၃	ပြီတိသျှပေါင်
▪ ၁. ၂၃၈၉	စင်ကာပူဒေါ်လာ
▪ ၆. ၂၃၂၁	တရုတ်ယွမ်
▪ ၂၉. ၈၃၂၄	ထိုင်းဘတ်
▪ ၃. ၁၀၁၉	မလေးရှားရင်းဂစ်

ပြည်တွင်း	ငွေကြေးဈေးကွက်
သိမ်ဖြူငွေလဲကောင်တာဈေးနှုန်း	
‘ကန်’တစ်ဒေါ်လာ	ကျပ် ၈၆၀-၈၆၆
FEC တစ်ယူနစ်	ကျပ် ၈၆၀-၈၆၆
ပြင်ပပေါက်ဈေး	
‘ကန်’တစ်ဒေါ်လာ	ကျပ် ၈၆၁-၈၆၂
FEC တစ်ယူနစ်	ကျပ် ၈၆၁-၈၆၂
ပို့ကုန်ရတစ်ဒေါ်လာ	ကျပ် ၈၆၅
ဗဟိုဘဏ်ဈေးနှုန်း	ကျပ် ၈၆၂

(ဖေဖော်ဝါရီ ၂၆ ရက်နေ့ ဈေးနှုန်းများ)

စီယူပီ ငွေပေးချေကတ်စနစ်ကို စတင်အသုံးပြု

အေးသီတာကျော်



စတင်အသုံးပြုမည့် စီယူပီစနစ်မိတ်ဆက်ပွဲတွင် စီယူပီနှင့် အမ်ပီယူမှ တာဝန်ရှိသူများအား တွေ့ရစဉ်။ ဓာတ်ပုံ - သီရိလူ

မြန်မာနိုင်ငံတွင်း လာရောက်သော နိုင်ငံခြားသားများအတွက် ငွေပေးချေမှုစနစ်တစ်ခုဖြစ်သော China Union Pay (CUP)ဝန်ဆောင်မှုကို Myanmar Payment Union နှင့် ပူးပေါင်းကာ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ကစတင်၍ ဘဏ်များတွင် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ဘဏ်တာဝန်ရှိသူများက ပြောသည်။

CUP သည် အမ်ပီယူနှင့် ယမန်နှစ် နိုဝင်ဘာလကတည်းကပင် သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်သည်။ ယင်းအဖွဲ့ကို ၂၀၀၂ ခုနှစ်က တရုတ်နိုင်ငံတွင် တည်ထောင်ခဲ့ပြီး ယခုအခါနိုင်ငံပေါင်း ၁၄၁ နိုင်ငံတွင် လက်ခံသုံးစွဲလျက်ရှိကာ Payment Card Industry ၏ ထိပ်တန်းအဆင့်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်းက မြန်မာနိုင်ငံ၏ ငွေပေးချေမှုစနစ်များကို ၂၀၁၃ အရှေ့တောင်အာရှပြိုင်ပွဲအမီ ပြုလုပ်သွားမည်ဟု ပြောသည်။

"ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ငွေပေးချေမှုစနစ်ပိုပြီးလုံခြုံကောင်းမွန်ဖို့ ကြိုးစားသွားရမှာပါ" ဟု ၎င်းက ပြောသည်။

အမ်ပီယူသည် နိုင်ငံပိုင်ဘဏ်သုံးဘဏ်၊ ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့မှ ကျပ် ငွေသန်း ၂၀ စီ စုစုပေါင်း ကျပ်သန်း ၃၄၀ ဖြင့် ယမန်နှစ် စက်တင်ဘာလက စတင်တည်ထောင်ခဲ့ပြီး ယခုအခါ ယင်း Network အတွင်း အဖွဲ့ဘဏ်များ၏ အေတီအမ်စုစုပေါင်း ၁၉၈ လုံးနှင့် Point of sale ပေါင်း ၄၆၅ လုံးရှိပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

CUP အနေဖြင့် အမ်ပီယူနှင့် ပူးပေါင်းဆောင်ရွက်ကူညီခွင့်ရရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ပြီး ယမန်နှစ် နိုဝင်ဘာလတွင် စတင်အကောင်အထည်ပေါ်ခဲ့ကြောင်း အရှေ့တောင်အာရှ၏ Chief representative ဖြစ်သူ မစ္စတာယန်းဝန့်ဟွေက ပြောသည်။

"အမ်ပီယူကို အခုထက်ပိုပြီးအားကောင်းလာအောင် ကူညီပေးပါမယ်။ မြန်မာနိုင်ငံက အရှေ့တောင်အာရှမှာ အရေးပါတဲ့ဈေးကွက်တစ်ခုဖြစ်လာပါပြီ။ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲလာတဲ့ စီးပွားရေးပုံစံတွေကြောင့် ၂၀၁၃ မှာ နိုင်ငံထဲကို ဧည့်သည်ဝင်ရောက်မှုလည်း အတော်လေးများခဲ့ပါတယ်။ ဒါကြောင့် ငွေပေးချေမှုစနစ်တွေဟာလည်း အရေးပါလာပြီး ခေတ်မီပုံစံနဲ့ ဆောင်ရွက်သင့်ပါတယ်" ဟု ၎င်းက ပြောသည်။

အမ်ပီယူစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးရဲမင်းဦးက အခြားငွေပေးချေမှုစနစ်တစ်မျိုးဖြစ်သော Japanese Credit Beureau သည် နိုဝင်ဘာလ အတွင်းကပင် အမ်ပီယူနှင့်လက်မှတ်ရေးထိုးပြီးဖြစ်ကာ ယင်းကို မတ်လတွင် စတင်မည်ဖြစ်ကြောင်း ပြောသည်။ ■

ဟံသာဝတီကားဝိုင်းအတွင်းမှ ဆိုင်ခန်းများ စပေါ်အမ်းမည်

မြတ်မေဇင်

ပြောင်းရွှေ့ရန် ကြေညာထားပြီးဖြစ်သော ဟံသာဝတီယာဉ်ရောင်းဝယ်ရေး စခန်းအတွင်းရှိဆိုင်ခန်းများအား မူလသွင်းထားသည့် စပေါ်ငွေများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ ပြန်လည်ထုတ်ယူရန်အတွက် မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အဆိုပါကားဝိုင်းအတွင်းသို့ လာရောက်အကြောင်းကြားခဲ့ကြောင်း ဆိုင်ခန်းပိုင်ရှင်များကပြောသည်။

"စည်ပင်ဝန်ထမ်းရှစ်ယောက်လောက် ရောက်လာတယ်။ တစ်ဆိုင်ချင်းဆီကို ပြောတာမျိုးမဟုတ်ပဲ အားလုံးကို လက်မှတ်လာထိုးဖို့နဲ့ စပေါ်ငွေတင်ထားတာပြန်ထုတ်ပေးမယ်ဆိုပြီး ပြောတယ်။ ဆိုင်ခန်းကြီးတွေကတော့ တစ်ယောက်မှ လက်မှတ်ထိုး မပေးလိုက်ဘူး။ ဒါပေမဲ့ ကွမ်းယာဆိုင်၊ မုန့်ဆိုင်လို ဆိုင်ခန်းငယ်ထဲက တစ်ဆိုင်၊ နှစ်ဆိုင်ကတော့ လက်မှတ်ထိုးလိုက်မိတယ်"ဟု စူပါမေတ္တာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးနေမင်းသစ်က ပြောသည်။

ကားဝိုင်းအတွင်းတွင် စားသောက်ဆိုင်ခန်းကြီး ၂၂ ခန်းနှင့် ဈေးဆိုင်ငယ်ပေါင်း ၁၀၀ ကျော်ရှိပြီး ၂၀၀၁ ခုနှစ်တွင် စားသောက်ဆိုင်ခန်းကြီးများအတွက် စပေါ်ငွေ တစ်ခန်းလျှင် ကျပ် ၂၄၀,၀၀၀ ကိုမြို့တော်စည်ပင်သာယာရေးကော်မတီသို့ပေးသွင်းခဲ့ပြီး လစဉ်ဆိုင်ခန်းခတစ်ခန်းလျှင် ကျပ် ၈၀,၀၀၀ ပေးသွင်းခဲ့သည်။

"ဆိုင်ခန်းခအပြင် အမှိုက်ခွန်၊ နေရောင်ကာဖို့ ထုတ်ထားတဲ့အမိုးခွန်နဲ့ စည်ပင်ခွန်တွေလည်း ထပ်ဆောင်ရတယ်။ ပြီးခဲ့တဲ့ မတ်လကတည်းက ဆိုင်ခန်းခသွားသွင်းတော့ စည်ပင်က လက်မခံတော့ဘူး။ အဲဒီကတည်းက စိုးရိမ်နေရတာ"ဟု ဦးနေမင်းသစ်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်က ဟံသာဝတီကားဝင်းနေရာတွင် အသစ်ဆောက်လုပ်မည့် စီမံကိန်းမှာ ရန်ကုန်ကားပလာဇာဖြစ်ပြီး အဆိုပါကားပလာဇာတွင် လူနေအိမ်ခန်းများပါရှိမည်ဖြစ်ပြီး လူနေအိမ်ခန်းမှ ကားများထားရှိရန် ကားအစီး ၆၀၀ ဆံ့ကားရပ်နားဝင်းတစ်ခုပါရှိမည် ဖြစ်သည်။ မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများအတွက် ကားအရောင်းစင်တာ ၅၂ ခုကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည့်အပြင် မော်တော်ယာဉ် ၅၀၀ ဆံ့ကားရပ်နားစခန်းတစ်ခုလည်းပါရှိမည် ဖြစ်သည်။

"အခုလည်း သီရိမင်္ဂလာဈေးဟောင်းမှာ ကားတွေရောက်နေပြီ။ ဒါပေမဲ့ အဲဒီကားတွေက ကွန်တော်တို့ကားပိုင်းထဲက ကားတွေ မဟုတ်ဘူး။ ကားပိုင်းထဲမှာ နေရာမလောက်လို့ မင်းရဲကျော်စွာလမ်းပေါ်မှာ အရောင်းအဝယ်လုပ်နေတဲ့ ကားတွေရယ် ဝိုင်းအပြင်မှာ အရောင်းအဝယ်လုပ်နေတဲ့သူတွေက အခုနေရာအပြောင်းအလဲမှာ နေရာသွားဦးတဲ့သဘောပဲ။ ကားပိုင်းထဲက လူတွေဘယ်သူမှ သီရိမင်္ဂလာဈေးဟောင်းကို မသွားဘူး"ဟု ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်း မပြောင်းရွှေ့ရေးကော်မတီဥက္ကဋ္ဌဦးမင်းကိုဦးက ပြောသည်။

အဆိုပါကော်မတီ၏ စီမံကိန်းအသစ်အား ကန့်ကွက်သည့်စာကို နိုင်ငံတော်သမ္မတ၊ ရန်ကုန်တိုင်းဒေသကြီးပန်ကြီးချုပ်၊ မြို့တော်စည်ပင်ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းအား ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ပေးပို့ခဲ့သည်ဟု ၎င်းက ပြောသည်။ ■

The World Bank

We are recruiting staff to join our office located in Yangon for the position of :

Economist (Vacancy # 130447)

Within the EAP Region, the Poverty Reduction and Economic Management Department (EAP PREM) is responsible for the Bank's work in the areas of economic policy, public sector management and governance, trade, poverty and inequality, and gender. This involves the provision of policy and implementation advice as well as financial support to our clients through analytical work, technical assistance, lending and supervision in close consultation with the field-based Country Directors. Staff in the department also conducts cross-country analyses of issues that are of interest across the region, monitor regional economic developments including through contributions to semi-annual economic updates, and work with other sectoral staff to address cross-cutting challenges.

The department is highly decentralized with about three-quarters of its staff located in country offices. The management structure of the department includes a DC-based Sector Director, a DC-based sector manager/lead economist (who is also the thematic lead economist for economic policy and trade); two country office-based sector managers (in Bangkok, to whom this position will report, and Jakarta); four country-office based lead economists; and two thematic lead economists (for public sector governance and poverty/gender). This group collectively comprises the EAP PREM departmental management team and provides the overall strategic and operational leadership. Each of the thematic lead economists for public sector and governance, poverty/gender, and economic policy/trade facilitates communities of practice and provide strategic leadership in her/his respective areas of expertise. The selected candidate will work closely with the Senior Economist and Country Manager for Myanmar and report to the PREM Sector Manager in Bangkok in the matrix management environment.

Duties and Accountabilities

Under The Economist is expected to perform the following duties and accountabilities:

•Monitor developments in the economy, and research and analyze economic, financial, country and sector issues;

•Maintain a macroeconomic database and prepare and regularly update medium-term macroeconomic projections. Use/run economic/financial models and toolkits using existing software packages, or Bank's own models;

•Participate in the design, preparation and dissemination of analytical economic work and reporting on Myanmar including Myanmar and East Asia Updates, Country Policy and Institutional Assessment (CPIA) and Live Data Base (LDB);

•Participate as needed in the preparation and implementation of lending operations; and

•Develop and maintain active engagement with key Government counterparts including Ministry of Finance, Central Statistical Organization (CSO), Ministry of Planning, Central Bank and other development partners and local think tanks and researchers.

•Participate in responding to requests submitted to the PREM department from within and outside the Bank for information, data, inputs, and briefing notes.

Selection Criteria:

•Academic Training: Master Degree in macroeconomics from an internationally recognized university, and at least 5 years of relevant work experience.

•Technical Proficiency: Skills and experience in working on economic policy issues and data analysis. Proven strong conceptual, analytical and evaluative skills in these areas.

•Communication and Team Skills: High level of personal and professional integrity. Self-starter. Strong ability to function well in a multi-cultural environment, and working in teams. Results-oriented personality with proven problem-solving skills, and strong communication skills.

•Language Skills: Fluency in English and Myanmar required.

•Computer Skills: Sound knowledge of STATA or other statistical packages and MS Office programs, including Excel, is essential.

Details are available in the World Bank Careers website: www.worldbank.org/careers. All applications must be submitted through this website. The World Bank is committed to achieving diversity in terms of gender, nationality, culture and educational background. Individuals with disability are equally encouraged to apply.

Closing date is March 15, 2013



ပြည်တွင်းရွှေဈေး လကုန်ပိုင်းတွင် အနည်းငယ်ပြန်တက်လာ

စမ်းယမင်းဇော်

ဖြိုးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဈေးပြိမ်ခဲ့သည့် ပြည်တွင်းရွှေဈေးသည် လလယ်ပိုင်းမှစ၍ ဆက်တိုက်ကျဆင်းလာခဲ့ရာမှ ကမ္ဘာ့ရွှေဈေးပြန်တက်လာခြင်းနှင့်အတူ ဈေးနှုန်းအနည်းငယ်ပြန်တက်လာကြောင်း ရွှေအရောင်း အဝယ်လုပ်ကိုင်သူများက ပြောသည်။

"ရွှေဈေးကအခုလမှာအရင်လတွေနဲ့ယှဉ်ရင် အတက်အကျကြမ်းတယ်လို့ ပြောလို့ရတယ်။ လဆန်းပိုင်းကငြိမ်နေခဲ့တယ်။ လလယ်ပိုင်းမှာ ကျပြီး အခုလ ၂၅ ရက်နေ့မှာ နည်းနည်းပြန်တက်လာတယ်" ဟု တိတ်စိန်ရတနာရွှေဆိုင်မှ ဦးဇော်အောင်က ပြောသည်။

ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားကို ကျပ် ၇၄၂,၀၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် 'ကန်' ၁၅၉၂ ဒေါ်လာရှိကြောင်း ၎င်းက ပြောသည်။

"ရွှေဈေးကျသွားတဲ့အချိန်မှာ ရွှေရောင်းအားကလည်း လဆန်းပိုင်းကနဲ့ ယှဉ်ရင် ပိုတက်လာတယ်။ လက်ဝတ်ရတနာရောင်းအားလည်းတက်သလို ရွှေတုံးရောင်းအားလည်း တက်လာတယ်။ တစ်ယောက်တည်းနဲ့ ရွှေတစ်ပိသာလုံးကိုဝယ်တဲ့သူတွေလည်းရှိတယ်" ဟု ရန်ကုန် အောင်သမာဓိရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးသည် ယခုလ လဆန်းပိုင်းတွင် တစ်ကျပ်သားလျှင် ကျပ် ၇၆၃,၀၀၀ ဝန်းကျင်ဖြင့် ငြိမ်နေရာမှ ၁၅ ရက်၊ ၁၆ ရက်နေ့တို့တွင် ကျပ် ၇၅၀,၀၀၀ အထိကျသွားပြီး ၂၁ ရက်နေ့တွင် အနိမ့်ဆုံးဈေးအဖြစ် ကျပ် ၇၃၄,၀၀၀ အထိကျသွားကြောင်း ၎င်းက ပြောသည်။

"ကမ္ဘာ့ရွှေဈေးကလည်း လဆန်းပိုင်းမှာ တစ်အောင်စကို ဒေါ်လာ ၁,၆၆၀ ကနေ ၂၁ ရက်နေ့မှာ ဒေါ်လာ ၁,၅၆၀ အထိကျသွားတယ်။ ကမ္ဘာ့ရွှေဈေးကျလို့ ပြည်တွင်းရွှေဈေးလိုက်ကျပြီး အခုကမ္ဘာ့ရွှေဈေးတက်တော့ ပြည်တွင်းရွှေဈေးလိုက်တက်တာပါ" ဟု ပြောသည်။ ■

သိန်းရာကျော်ကား အရောင်းအဝယ်ဖြစ်၊ အမြင့်ကားများ ဈေးတက်

တိုးဝင်းအာင်

ရန်ကုန် ကားဈေးကွက်အတွင်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်းက အမြင့်ကားဈေးနှုန်းများမြင့်တက်လာခဲ့သော်လည်း ကျပ်သိန်းတစ်ရာကျော် ကားများသာ ပုံမှန်အရောင်းဝယ်ဖြစ်လျက်ရှိကြောင်း ကားဝယ်ရောင်းလုပ်ငန်းရှင်များက ပြောသည်။

"ဈေးကွက်ထဲမှာ အမြင့်ကားတွေဈေးတက်လာတယ်။ အရင်ကျပ်သိန်းတစ်ရာကျော်ကားတွေကတော့ ၁၀ သိန်း၊ ၁၅ သိန်းလောက် ဈေးမြင့်တက်လာတာတွေ့ရတယ်။ ဟံသာဝတီကားဝိုင်းပြောင်းရွှေ့ဖို့ကယက်ကတော့ ဒီမှာမှီခိုစားသောက်နေတဲ့မိသားစုတွေကို အခက်အခဲဖြစ်စေတယ်လေ။ အထိုင်ကျပြီးသားကိစ္စတစ်ခုကို ဖျက်ဖီးပစ်တဲ့သဘောပေါ့"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူကိုဆွေမြင့်ဦးက ပြောသည်။

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းကို သီရိမင်္ဂလာဈေးဟောင်းသို့ ပြောင်းရွှေ့ရန် ကြေညာခဲ့သော်လည်း ယခင်ယာဉ်ရောင်းဝယ်ရေးစခန်းမှာ ယခုလကုန်ထိ ရှိနေဦးမည်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ လုပ်ငန်းရှင်များက ပြောသည်။

"ဟံသာဝတီကားရောင်းဝယ်ရေးစခန်းပြောင်းရွှေ့ဖယ်ရှားဖို့ အသံတွေထွက်နေတာ တော်တော်လေးကြာနေပြီ။ ရွာသာကြီး က. ည. နှ ကွင်းထဲကမြေကွက်ကို ပြောင်းရမယ်ဆိုတဲ့သတင်းတွေ ထွက်လာပြီးတဲ့နောက်မှာ အခုသီရိမင်္ဂလာဈေးဟောင်းကို ပြောင်းမယ်ဆိုပြီး စာထွက်လာတယ်။ ကားပွဲစားတန်းဆိုတာ အများသူငါလေ့လာကြည့်ရှုဝယ်ယူလို့ရတဲ့ နေရာကွင်းကြီးကြီးကျယ်ကျယ်ပြန့်ပြန့်မဖြစ်မှာ။ အခုသီရိမင်္ဂလာ ဈေးကျတော့ကျယ်ပေမယ့် အထပ်ဖြစ်နေတယ်။ တကယ်ကားလာဝယ်မယ့်သူကဟင်းသီးဟင်းရွက်လာဝယ်တဲ့သူတွေလို့ဘယ်ဟာဘယ်လောက် ဖိုးပေးပါပြောပြီးထည့်ခိုင်းလို့ရတာမှ မဟုတ်ဘူးလေ။ ငွေတွေသိန်းပေါင်းရာချီပေးပြီး အရောင်းအဝယ်လုပ်နေတာ။ ကိုယ်ငွေပေးပြီး ဝယ်မယ့်ကားကို အပြစ်အနာအဆာပါသလား၊ ကားကောင်းရဲ့လား၊ စက်စမ်းပြီး မောင်းဖို့ဆိုတာ ကွင်းထဲမှာလို မဟုတ်ဘူးလေ။ နောက်တစ်ခုက ရောင်းသူဝယ်သူပွဲစားတွေနဲ့အခါမလတ် ရှုပ်နေတဲ့ နေရာဖြစ်တဲ့အတွက် လမ်းကြောပိုပြီး ရှုပ်လာတော့မယ်။ အရင်တုန်းက ရန်ကုန်မြို့ရဲ့အဓိက ကုန်စိမ်းရောင်းဝယ်တဲ့ ဒီဈေးကြီးကို ယာဉ်ကြောပိတ်ဆို မှုဖြစ်တယ်ဆိုတဲ့ အချက်နဲ့ပြောင်းခဲ့တယ်ဆိုတာ သတင်းဂျာနယ်တွေထဲမှာ ဖတ်ရတယ်။ ကုန်စိမ်းဈေးလွတ်နေတဲ့အခိုန်မှာ ဖားမားအော်တိုက ပုဂ္ဂလိကယာဉ်ရောင်းဝယ်ရေးစခန်းဖွင့်ဖို့လုပ်နေတာတွေ ကြားရတော့ လုပ်မယ့်လုပ်ငန်းခွင်နဲ့ သင့်တော်တယ်လို့ထင်ပါတယ်။ အခုဟာက ကားကွင်းကြီးလေ။ ကားအရောင်းပြခန်းမှမဟုတ်တာကို အဲဒီကို ပြောင်းရွှေ့ဖို့ဆိုရင် ကားတွေပိုပြီးတော့ ရှုပ်လာမယ်။ လမ်းတွေအရင်လို ပိတ်လာမယ်။ ကားကြည့်တဲ့သူတွေ လမ်းပေါ်ထွက်ကြည့်ကြမယ်။ အဲဒီအခိုန်ကျရင်လည်း အကြောင်းပြပြီးတော့ အရင်ကကြားခဲ့ကြရတဲ့ ရွာသာကြီးပေါ့ဗျာ"ဟုကားဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

လတ်တလောကားဈေးကွက်တွင် အမြင့်ကားများဖြစ်သည့် Toyota Land Cruiser ကျပ်သိန်း ၄၂၀၊ Audi Q 7 သိန်း ၉၉၉၊ Toyota Venza သိန်း ၅၀၀၊ Cadillac SRX သိန်း ၉၆၀ အသီးသီးရှိပြီး ကျပ်သိန်းတစ်ရာကျော်တန်ကားများမှာ Honda Insight ကျပ် သိန်း ၁၆၀၊ Honda Insight LX သိန်း ၁၈၀၊ Honda Civic သိန်း ၂၀၀ ဝန်းကျင်ခန့် အသီးသီး ဈေးပေါက်လျက် ရှိသည်။

အဆိုပါအမြင့်ကားများမှာ ကျပ် ၁၅ သိန်းမှ သိန်း ၂၀ ထိ ဈေးတက်လာခဲ့ပြီး ဈေးကွက်ထဲတွင် ယခင်ကလူကြိုက်များခဲ့သည့်ကားများမှာမူ ကျပ်သိန်း တစ်ရာမှ ကျပ်သိန်း ၁၅၀ ဝန်းကျင်ဈေးပေါက်သော ကားများဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

လက်ရှိအပ်နှံမှုဆောင်ရွက်နေသည့် 'ဘ' အက္ခရာကားစလစ်မှာမူ ကျပ် ၉၂ သိန်းဝန်းကျင်ဈေးရှိပြီး အပ်ကားမှာမူ ကျပ် ၈၅ သိန်းမှ သိန်း ၉၀ ဝန်းကျင်ခန့် ရှိကာ အရောင်းသွက်လျက်ရှိသော ဝယ်လက်အကြိုက် ၁,၃၀၀ စီစီကားများမှာ သိသာစွာဈေးပြောင်းလဲမှု မရှိကြောင်း ကားဝယ်ရောင်းလုပ်ကိုင်သူများက ပြောသည်။ ■

ကုန်စည်ဈေးနှုန်း

ရန်ကုန်

ရွှေ(တစ်ကျပ်သား)	ကျပ်	၃၄,၀၀၀
ဆီဈေးနှုန်း(တစ်ပိဿာနှုန်း)		
ပဲဆီ	ကျပ်	၄,၂၀၀
စားအုန်းဆီ	ကျပ်	၁,၄၃၀
နှမ်းဆီ	ကျပ်	၃,၇၀၀
ဆန် (တစ်ပြည်)		
ပေါ်ဆန်း(ရှယ်)	ကျပ်	၁,၅၀၀
တောင်ပြန်(ရှယ်)	ကျပ်	၁,၂၀၀
ဧည့်မထ	ကျပ်	၈၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
အမဲသား	ကျပ်	၄,၀၀၀
ဆိတ်သား	ကျပ်	၈,၀၀၀
ကြက်သွန်ဖြူ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၃၅၅-၆၀၀
ကြက်သွန်နီ (လက်လီ)		
အမြင့်/အနိမ့်	ကျပ်	၈၆၀ - ၅၅၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၃,၇၀၀
ဒီဇယ်	ကျပ်	၃,၉၀၉

မန္တလေး

ရွှေ (တစ်ကျပ်သား)	ကျပ်	၃၄၃,၅၀၀
ဆီ(သန့်)		
ပဲဆီ	ကျပ်	၃,၂၅၀
စားအုန်းဆီ	ကျပ်	၁,၅၅၀
နှမ်းဆီ	ကျပ်	၃,၇၀၀
သန့်စင်ပြီးဆန် (တစ်တင်းခွဲဆိတ်)		
ပေါ်ဆန်း	ကျပ်	၃၇,၀၀၀
မနော	ကျပ်	၂၉,၀၀၀
မဂျမ်းတော	ကျပ်	၃၀,၀၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
ကြက်(စီပီ)	ကျပ်	၄,၀၀၀
ကြက်(မြန်မာ)	ကျပ်	၅,၀၀၀
ဝက်သား	ကျပ်	၆,၀၀၀
ဆိတ်သား	ကျပ်	၇,၀၀၀
ကြက်သွန်ဖြူ (ပွဲခုံဈေးနှုန်း)		
ရှမ်းကြက်သွန်ဖြူ	ကျပ်	၁,၉၅၀ - ၄၀၀
ကြက်သွန်နီ (လက်ကား)		
အမြင့်/အနိမ့်	ကျပ်	၆၀၀ - ၂၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၀၀၀
ဒီဇယ်	ကျပ်	၃,၈၀၀

နေပြည်တော်ပျဉ်းမနား

ရွှေ(တစ်ကျပ်သား)	ကျပ်	၃၄၃,၅၀၀
ဆန်(တစ်ပြည်) (အသစ်)		
ပေါ်ဆန်း	ကျပ်	၁,၂၀၀-၁,၀၀၀
လုံးဆန်မွှေး	ကျပ်	၁,၃၀၀
မဂျမ်းတော	ကျပ်	၁,၂၀၀
မနောသုခ	ကျပ်	၈၀၀
ဆီ (တစ်ပိဿာနှုန်း)		
မြေပဲဆီ	ကျပ်	၃,၈၀၀
နှမ်းဆီ	ကျပ်	၃,၈၀၀
စားအုန်းဆီ	ကျပ်	၁,၅၅၀
ကြက်သွန်နီ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့် ကျပ်		၁,၀၀၀ - ၈၀၀
ကြက်သွန်ဖြူ (တစ်ပိဿာနှုန်း)		
အမြင့်/အနိမ့် ကျပ်		၂,၀၀၀ - ၁,၈၀၀
တရုတ်ကြက်သွန်ဖြူကြီး		
တစ်ပိဿာ	ကျပ်	၂,၄၀၀
ငရုတ်ခြောက်	ကျပ်	၂,၅၀၀
အသားဈေးနှုန်း (တစ်ပိဿာနှုန်း)		
စီပီကြက်	ကျပ်	၅,၀၀၀
မြန်မာကြက်	ကျပ်	၆,၀၀၀
ဝက်	ကျပ်	၄,၅၀၀
ဆိတ်	ကျပ်	၁၂,၀၀၀
အာလူး (တစ်ပိဿာနှုန်း)		
အကြီး	ကျပ်	၁,၀၀၀
အသေး	ကျပ်	၈၀၀
စက်သုံးဆီဈေးနှုန်း (တစ်ဂါလန်)		
ဓာတ်ဆီ	ကျပ်	၄,၃၀၀
ဒီဇယ်	ကျပ်	၃,၆၀၀

ရန်ကုန်ကားဈေးကွက်

Toyota Harrier (2.2)	**Pajero**(ဖားပြပ်)
၁၉၉၉ (၆၈)-သိန်း ၂၁၀	၂၀၀၀ (၁ဃ) - ၂၇၅ သိန်း
Toyota Hilux Surfs (SSRG)	**Toyota Belta** - ၁၇၅ သိန်း
၁၉၉၉ သိန်း ၂၇၀	**Suzuki Swift** - သိန်း ၁၃၀
Suzuki R+ - ၇၅ သိန်း	**Honda Fit** - ၁၆၅ သိန်း
Nissan Ad Van - သိန်း ၁၂၀	**Probox** (၁,၅၀၀ စီစီ) - သိန်း ၁၁၀
Toyota Mark X	(၁,၃၀၀ စီစီ) - သိန်း ၁၀၀
၂၀၀၄ - သိန်း ၃၂၀	**Honda CRV** သိန်း ၁၈၅
Mark II ရွှေငါး(၁ဃ) ၂၀၀၁- ၂၀၅ သိန်း	

(ဖေဖော်ဝါရီ ၂၆ ရက်နေ့ ပေါက်ဈေး)



အပူချိန်မြင့်မားလာမှုကြောင့် မွေးမြူရေးကန်ငါးများ သေဆုံးလာ

မြတ်ငြိမ်းဇော်

ဖေဖော်ဝါရီ လဆန်းပိုင်းမှစတင်ခါ အပူချိန်မြင့်မားလာမှုကြောင့် ငါးမွေးကန်အချို့တွင် ငါးများသေဆုံးခဲ့သဖြင့် သတ်မှတ်ချိန်ထက်စောစွာ ငါးကန်များဖော်ခဲ့ရသည့်အတွက် လုပ်ငန်းတွင် ထိခိုက်နစ်နာမှုများ ရှိခဲ့ကြောင်း ငါးကန်ပိုင်ရှင်များနှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ပြောသည်။

"ပြီးခဲ့တဲ့ရက်တွေက နေအရမ်းပူတော့ ငါးကန်တချို့မှာ ငါးတွေသေကုန်တယ်။ ငါးတွေသေတော့ ငါးမွေးတောင်သူတွေကစိုးရိမ်ပြီး ငါကန်တွေကို ဖော်ကြတယ်။ ငါးကန်တော်တော်များများက အကျိုးအမြတ်ကောင်းကောင်းမရဘူးပေါ့" ဟု ငါးကန်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိုးတင့်က ပြောသည်။

ထို့ပြင် ငါးများမှာ နေအလွန်ပူသည့် ရက်၌ ငါးမွေးကန် ဆယ်ကေတစ်ကန်လျှင် ငါးကောင်မှ ခြောက်ကောင်အထိ သေကျေပျက်စီးမှုရှိကြောင်း ငါးကန်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးသန်းလွင်က ပြောသည်။

ရာသီဥတုပူပြင်းမှုကိုကြိုတင်ကာကွယ်နိုင်ရန်အတွက် ငါးကန်ပေါင်များ၌ သစ်ပင်များစိုက်ပျိုးခြင်း၊ ငါးကန်များ ရေခန်းလျှင် သန့်စင်သောရေများနှင့် လဲလှယ်ပေးခြင်းများ ပြုလုပ်ပေးသင့်ကြောင်း မြန်မာနိုင်ငံငါးမွေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က မြန်မာတိုင်း(မဲ)ကို ပြောသည်။

"ဒီလိုရာသီဥတုပူပြင်းရင်တော့ ငါးတွေက သေဆုံးတတ်ကြပါတယ်။ ဒါကိုကြိုတင်ကာကွယ်ပေးရင်တော့ ဆုံးရှုံးမှုတွေ မများတော့ဘူးပေါ့။ နောက်ပြီး နွေရာသီကျရင် ငါးကန်တွေမှာ ကပ်ပါးကောင်တွေ ကျတတ်တယ်။ အဲဒီကပ်ပါးတွေကျရင်လည်း ငါးတွေသေတတ်ကြတယ်။ အဲဒါကြောင့် ဒီကပ်ပါးကောင်တွေအတွက်ဆေးတွေကိုလည်း ကြိုတင်သုံးထားဖို့လိုအပ်ပါတယ်"ဟု ဦးသန်းလွင်က ပြောသည်။

နွေရာသီတွင် ငါးမွေးကန်များ၌ သန့်စင်သည့်ရေများရရှိရန်နှင့် ရေဆိုး၊ ရေညစ်ညမ်းမှုများအား ဖယ်ရှားပြီး ရေကောင်းများသွင်းယူရန်မှာ ခက်ခဲသည့်အတွက် ငါးမွေးတောင်သူများအနေဖြင့် အခက်အခဲတွေ့လျက်ရှိကြောင်း တံ့တေးမြို့နယ်မှ ငါးမွေးတောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဆီမှာ ငါးကန်တွေက တစ်ခုနဲ့တစ်ခုဆက်နေတော့ ရေသွင်းဖို့ကမလွယ်ဘူး။ တခြားကန်တွေက ငါးသေလို့ ငါးဖော်ရင်လည်း အဲဒီက ရေဆိုးတွေက ကျန်တဲ့ငါးကန်တွေဆီဝင်ကုန်တယ်။ နောက်ပြီး မြစ်၊ ချောင်းတွေကနေရေသွင်းဖို့ကလည်း အလှမ်းဝေးတော့ သွင်းဖို့အတွက် အဆင်မပြေနိုင်ဘူး။ အဲဒါကြောင့် နွေရာသီမှာ ငါးကန်တွေအတွက် ရေကောင်းရေသန့်ရဖို့ဆိုတာ သိပ်လွယ်လှတဲ့ ကိစ္စမဟုတ်ပါဘူး" ဟု ငါးမွေးတောင်သူတစ်ဦးက ပြောသည်။

သို့သော်လည်း ယခုကဲ့သို့ ငါးမွေးကန်များ၌ ငါးများသေဆုံးမှုများကြောင့် ပြည်တွင်းနှင့် ပြည်ပငါးစေ့ကွက်များကို ထိခိုက်မှုများမရှိကြောင်း မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်းများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဘဏ္ဍာရေးမှူးဖြစ်သူ ဒေါက်တာတိုးနန္ဒာတင်က ပြောကြားသည်။

"ဒီလိုငါးတွေသေဆုံးလို့ ငါးကန်တွေစောဖော်တဲ့အတွက် စေ့းကွက်ထဲကို ငါးတွေရောက်လာပေမယ့်လည်း စေ့းကျတာမျိုးတော့မရှိပါဘူး။ ငါးမြစ်ချင်း ပြည်ပတင်ပို့မှုဆိုရင် စေ့းတောင်တက်နေပါသေးတယ်။ ပြည်တွင်းစေ့းလည်း ငြိမ်ပါတယ်" ဟု ၎င်းက ပြောသည်။

ပြည်တွင်းငါးမြစ်ချင်းစေ့းကွက်၌ ငါးမြစ်ချင်း တစ်ပိသာနှစ်ဆယ်အရွယ် ငါး ပိသာစေ့းမှာ ကျပ် ၂,၀၀၀ ခန့်ရှိပြီး ငါးကြင်းလုံးများမှာ တစ်ပိသာငါးဆယ်အရွယ် ပိသာစေ့းမှာ ကျပ် ၃,၀၀၀ အထက်ရှိသည်။ ■

သစ်လုပ်ငန်းရှင်အမှုဆောင်ရွေးချယ်မှု ကျေနပ်မှုမရှိ

ဝိုးစန္ဒာဦး

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များသည် ၎င်းတို့၏ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်သော အမှုဆောင်သစ်ရွေးချယ်ပွဲတွင် မသမာမှုများရှိနေခြင်းကြောင့် ကျေနပ်မှုမရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ယခုလ ၁၈ ရက် နေ့က ကန့်ကွက်စာတင်ထားကြောင်း အသင်းဝင်တစ်ဦးက မြန်မာတိုင်း(မ်)ကို ပြောသည်။

"အသင်းရဲ့ နှစ်ပတ်လည်အမှုဆောင်သစ်ရွေးချယ်ပွဲကို အခုလ ၁၆ ရက်နေ့က ကျင်းပခဲ့တယ်။ အရင်နှစ်တွေကတော့ ဝန်ကြီးက နာမည်နဲ့တိုက်ရိုက်ခန့်တဲ့စနစ်ပါ။ ဒီနှစ်ပထမဆုံး မဲစနစ်နဲ့ ရွေးချယ်တာကိုမသမာမှုတွေရှိနေတော့ အသင်းသားတွေက မကျေနပ်ကြဘူး။ အသင်းသား ၅၀ ကျော်လောက်လတ်မှတ်ထိုးပြီး စာတင် ထားတယ်။ ခုထိတော့ ဘာမှအကြောင်းမပြန်သေးဘူး" ဟု ၎င်းက ပြောသည်။

အဆိုပါရွေးချယ်ပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ဝိုင်းလူကြီးများအဖြစ် ကော်မရှင်ဖွဲ့ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"ကော်မရှင်က စီစစ်ရေးမှာ အားနည်းနေတာတွေ့ရတယ်။ မဲပြားဆိုပြီး ကိုယ့်ဘာသာရေးပြီး ကိုယ့်ဘာသာထည့်သွားကြတာပဲ။ ဒီအားနည်းချက်ကို အခွင့်ကောင်းယူပြီး မသမာတဲ့သူတွေက ကြိုတင်ကြိုစီပြီး လူတစ်စုတစ်ဖွဲ့ကောင်းစားရေးကို လုပ်သွားကြတယ်။ ဒီလိုရွေးချယ်ပွဲကို သေချာစီစစ်ပြီး နောက်တစ်ကြိမ်သာ နည်းလမ်းတကျပြန်လုပ်ပေးမယ်ဆိုရင် အသင်းသားတွေအားလုံးက ကျေနပ်ကြမှာပါ" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအ သင်းတွင် အသင်းဝင်ပေါင်း ၁,၄၀၀ ကျော်ခန့်ရှိရာ ဖေဖော်ဝါရီလတွင် တက်ရောက်သော အသင်းဝင်များအနက် ၁၈၀ ခန့်ကို လူတစ်ဦးတစ်ယောက်တည်းကိုသာ မဲပေးရန် ဆွယ်ထားပြီး ဖြစ်ကြောင်း အခြား အသင်းဝင်တစ်ဦးက မြန်မာတိုင်း(မဲ)ကို ပြောသည်။

"၁၆ ရက်နေ့ကလည်း အထူးအစည်းအဝေးဆိုပြီးဖိတ်တာ အမှုဆောင်သစ်ရွေးပွဲလုပ်မယ်လို့ ကြိုမပြောထားဘူး။ မဲပေးမယ့်သူ ၇၀၊ ၈၀ လောက်ပဲ ကြိုသိထားကြတာ" ဟု ၎င်းက ပြောသည်။

ပြည်ထောင်စု ဝန်ကြီးသို့ ပေးပို့သော ကန့်ကွက်စာတွင် အဆိုပါအမှုဆောင်ရွေးချယ်ပွဲတွင် မဲပေးခွင့်ရှိသော အသင်းသား များ၏ အရည်အချင်းစိစစ်မှုကို ကော်မရှင် တာဝန်ရှိသူများမှ ဆောင်ရွက်ပေးမှုမရှိကြောင်း၊ ရွေးချယ်ခံမည့်သူများကိုယ်တိုင် ကော်မရှင်၏ တာဝန်များကို ဝင်ရောက်စွက်ဖက်လုပ်ကိုင်နေသည်ကို ခွင့်ပြုထားကြောင်း၊ ကော်မရှင်သည် မဲပြားများကို စနစ်တကျမှတ်သားလက်မှတ်ရေးထိုးခြင်း၊ထုတ်ပေးခြင်းများ မပြုလုပ်ခဲ့ကြောင်း၊ မဲရေတွက်ရာတွင် ကော်မရှင်မှထုတ်ပေးထားသော မဲပြားများ ဟုတ် မဟုတ်၊ မှန် မမှန် ကို စိစစ်မှုမပြုလုပ်ကြောင်းနှင့် ရွေးချယ်ပွဲပြုလုပ်မည်ဟု ရှင်းလင်းတိကျသော အစီအစဉ်တစ်ရပ်ကို ကော်မရှင်က တိတိကျကျ ကြေငြာချက်ကြိုတင်ထုတ်ပြန်မှုမပြုလုပ်ခဲ့ကြောင်းတို့ကို ရေးသားဖော်ပြထားကြောင်း ၎င်းက ပြောသည်။

ကန့်ကွက်စာကို သစ်လုပ်ငန်းရှင် ၅၀ ကျော်က လက်မှတ်ရေးထိုးခဲ့ကြပြီး လက်ရှိပြည်တွင်းနာမည်ကြီး ကုမ္ပဏီ အချို့လည်းပါဝင်ကြောင်း ၎င်းက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သတ်၍ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးဘာဘာချိုက "ဒီလိုကိစ္စတွေ ဖြစ်သွားရတာကို စိတ်မကောင်းပါဘူး။ တာဝန်ရှိသူတွေနဲ့ ကြီးကြပ်ပေးတဲ့လူကြီးတွေ အနေနဲ့ လည်း တတ်စွမ်းသမျှ စီစဉ်ထားရတာပါ။ ပြည်ထောင်စုဝန်ကြီးကို စာတင်ထားတယ်ဆိုတော့ ဝန်ကြီးရဲ့ ညွှန်ကြားချက်ရမှ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ပေးဖို့အတွက် အဆင်သင့်ပါပဲ" ဟု ပြောသည်။ ■

နွေစပါးစျေးနှုန်း မြင့်တက်လာနိုင်ဖွယ်ရှိနေ

မြတ်မေဇင်

မြန်မာနိုင်ငံ၏ အဓိကဆန်တင်ပို့သည့် နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အစိုးရက ဖေဖော်ဝါရီလပထမပတ်အတွင်းက လယ်သမားအတွက် အခြေခံစပါးစျေးကို ၁၂ ရာခိုင်နှုန်းမြှင့်တင်ပေးလိုက်သောကြောင့် လာမည့်နွေစပါးပေါ်ခိုက်တွင် စပါးစျေးမြင့်တက်နိုင်ကြောင်းမြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းမှ ဥက္ကဋ္ဌဒေါက်တာစိုးထွန်းက ပြောသည်။

"မြန်မာနိုင်ငံက တောင်သူတွေကို ကျွန်တော်ပေးချင်တဲ့ သတင်းအချက်အလက်ကတော့ တရုတ်အစိုးရက သူ့တောင်သူတွေအတွက် အခြေခံစပါးစျေးကို ၁၂ ရာခိုင်နှုန်းမြှင့်ပေးလိုက်တယ်။ အဲဒီအတွက် တရုတ်ပြည်မှာ စပါးစျေးတက်လာတယ်။ တရုတ်မှာ စပါးစျေးတက်ပြီဆိုရင် မြန်မာပြည်မှာလည်း စပါးစျေး လိုက်တက်နိုင်တယ်။ ဒီတော့ လာမယ့်နွေစပါးပေါ်ခိုက်မှာ စပါးစျေးကောင်းနိုင်တာကြောင့် တောင်သူတွေအနေနဲ့ စပါးကိုရိတ်သိမ်းပြီးခိုက်မှာ သေချာသိလှောင်ထားပါ။ စျေးအနိမ့်တွေနဲ့ ကြိုရောင်းကြိုဝယ်တွေ မလုပ်မိဖို့ပါပဲ" ဟု ဒေါက်တာစိုးထွန်းက မြန်မာတိုင်း(မဲ) ကိုပြောသည်။

ပြည်ပဆန်တင်ပို့မှုတွင် မြန်မာနိုင်ငံမှ ၂၀၂၂-၁၃ ဘဏ္ဍာနှစ်အတွင်း ၁ ဒသမ ၃ သန်းတင်ပို့ခဲ့ပြီး အဆိုပါတင်ပို့မှုတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့တင်ပို့သော ဆန်တန်ချိန်မှာ ရှစ်သိန်းဝန်းကျင် တင်ပို့ခဲ့သည်။

ဂျပန်နိုင်ငံသို့ ငါးမှတ်ဆန်တန်ချိန် ၅,၀၀၀ တင်ပို့ရန် စာချုပ်ချုပ်ဆိုထားပြီး လက်ရှိ ရန်ကုန်ဆိပ်ကမ်းတွင်ဂျပန်သို့ တင်ပို့မည့် သင်္ဘောအပါအဝင် သင်္ဘောခြောက်စင်းဖြင့် ဆန်တန်ချိန် တစ်သိန်းကျော်အား တင်ပို့ရန် ပြင်ဆင်နေပြီး ယခုလကုန်တွင် အပြီးတင်ပို့သွားမည်ဖြစ်သည်။ ■

နိုင်ငံပိုင်ကဏ္ဍ၏ ပြည်ပသို့ တင်ပို့မှုပမာဏ သိသာစွာ လျော့ကျလာ

ဒေးဝီဒါဂျော်

ယခုဘဏ္ဍာနှစ်၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပို့ကုန်ပစ္စည်းများ စျေးနှုန်းလျော့နည်းလာခြင်းနှင့် နိုင်ငံပိုင်ကဏ္ဍ၏ တင်ပို့မှု အချို့အစားလျော့ချခဲ့ခြင်းတို့ကြောင့် ကုန်သွယ်မှုကဏ္ဍတွင် သွင်းကုန်ပမာဏများလာသော်လည်း ပို့ကုန်ပမာဏမှာ တိုးတက်လာခြင်းမရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောသည်။

ၾကာက ယခုဘဏ္ဍာနှစ်၏ ပို့ကုန်၊ သွင်းကုန် နှစ်ရပ်စလုံးအတွက် နိုင်ငံပိုင်ကဏ္ဍ၏ အချိုးအစားများကို တတ်နိုင်သလောက်လျှော့ချပြီး ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားရန် သာရှိကြောင်း အဆိုပါတာဝန်ရှိသူများက ပြောသည်။

ယခုနှစ်တစ်နှစ်လုံးတွင် မော်တော်ယာဉ်တင်သွင်းမှုများပြားခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ တင်သွင်းခြင်းတို့ကြောင့် သွင်းကုန်ပမာဏများပြားလာသော်လည်း ပို့ကုန်တွင် နိုင်ငံပိုင်တင်ပို့မှုအများစုဖြစ်သည့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် သတ္တုတွင်းထွက်များ၊ သစ်တောထွက်စသည့် တင်ပို့မှုမှာမူ ယမန်နှစ်အောက်သိသာစွာ လျော့ကျသွားခဲ့သည်။

"နိုင်ငံပိုင်တင်ပို့မှုမှာ မနှစ်ကတင်ပို့မှုအောက် လျော့ကျသွားတယ်။ ပုံမှန်ပင်လယ်ရေကြောင်း တင်ပို့မှုမှာရောနယ်စပ်တင်ပို့မှုမှာပါ လျော့ကျတာပါ။ ပုဂ္ဂလိကကို လွှတ်ပေးထားပြီး ပုဂ္ဂလိကကဏ္ဍက လုပ်နိုင်တဲ့အပေါ်မှာပဲ မူတည်နေတယ်"ဟု ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂ္ဂလိကကဏ္ဍ တင်ပို့မှုဖြစ်သည့် ပမာဏ မလျော့သော်လည်း စျေးနှုန်းလျော့ကျခြင်းကြောင့် ပို့ကုန်တက်မလာခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

"အခုပြောနေတာတွေက ငွေပမာဏနဲ့ ပြောနေတာ ဖြစ်တယ်။ ကုန်ပစ္စည်းပမာဏနဲ့ တွက်ထားတာမဟုတ်ဘူး။ ဒီနှစ်ထဲမှာ ပို့ကုန်ရပ်ငွေအခြေအနေ၊ ဒေါ်လာစျေး၊ ရွှေစျေးထိန်းကျောင်းမှုရှိလာတာတွေနဲ့လည်း တွက်ပြီးပြောရရင် ကုန်သွယ်မှုက မနှစ်ကထက်တော့ မနည်းနိုင်ပါဘူး"ဟု ၎င်းက ပြောသည်။

၂၀၁၂-၁၃ ဘဏ္ဍာနှစ်၏ ဇန်နဝါရီလ လယ်အထိ စုစုပေါင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆ဘီလျံရှိပြီး သွင်းကုန်မှာ ဒေါ်လာ ၇ ဒသမ ၁ ဘီလျံနှင့် ပို့ကုန်မှာ ဒေါ်လာ ၆ ဒသမ ၅ ဘီလျံရှိသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခန့်မှန်းလျာထားချက်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇ ဘီလျံကျော်ဖြစ်ပြီး ပို့ကုန်ပမာဏ ၉ ဒသမ ၆ ဘီလျံနှင့် သွင်းကုန်မှာ ၇ ဒသမ ၅ဘီလျံ လျာထားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုစုစုပေါင်းဒေါ်လာ ၁၈ ဘီလျံကျော်ရှိသည့်အနက် ပို့ကုန်မှာဒေါ်လာ ကိုးဘီလျံကျော်ရှိခဲ့သည်။

ဘုရင့် နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအုန်းဆိုင်က "ဒီနှစ်ထဲမှာ ကုန်သွယ်မှုဘတ်ဂျက်က အရင်နှစ်အောက်တော့ လျော့ဖို့မရှိဘူးလို့ ထင်တယ်။ လယ်ယာကိုင်းကျွန်းကဏ္ဍမှာလည်း လျော့သွားဖို့ မရှိဘူး။ ဆန်ကိုလည်း စံချိန်တင် တင်ပို့နိုင်မယ်လို့ ကြေညာထားပါသေးတယ်။ ပဲလည်း မနှစ်ကအောက်ကျသွားတာမျိုး မရှိပါဘူး။ စျေးနှုန်းကသာ မနှစ်ကစျေးအောက်ကျသွားတာပါ"ဟု ပြောသည်။

လယ်ယာကဏ္ဍမှတင်ပို့မှုတွင် ဥပမာအားဖြင့် မတ်ပဲစျေးနှုန်းမှာ ယခင်နှစ်ယခုအချိန်ကရှိသောစျေးနှုန်းနှင့် ယှဉ်ကြည့်ပါက ယခုနှစ်စျေးမှာ ၂၅ ရာခိုင်နှုန်းကျော်ကျဆင်းသွားခဲ့သည်။

"ဒီနှစ်က အခွင့်အခဒွေလည်း လျော့ခဲ့ပေးလိုက်တယ်။ ဒေါ်လာစျေးလည်း ငြိမ်တဲ့အတွက် ပို့ကုန်သမားတွေအတွက် ဆိုးဆိုးရွားရွား မဖြစ်နိုင်ပါဘူး"ဟု ၎င်းက ပြောသည်။


သို့သော် ပြည်ပသို့ ပဲမျိုးစုံတင်ပို့ပြီး ပြည်တွင်းသို့ကားတင်သွင်းသည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူ တစ်ဦးကမူ "ပို့ကုန်က အရင်နှစ်ကထက် အရမ်းတက်လာမယ့်အခြေအနေမှာတော့ မရှိဘူး။ အစိုးရအနေနဲ့ ကုန်သည်တွေဖြစ်ချင်တာအကုန်လုံးကို လုပ်မပေးသေးဘူး။ အစိုးရက ကုန်သွယ်မှုပမာဏ များချင်တယ်။ ကုန်သည်တွေ လက်တွေ့ဆောင်ရွက်နေတဲ့အပိုင်းမှာကျတော့ အဲဒီလို မဟုတ်ဘူး။ ပြည်တွင်းမှာ စျေးမြင့်နေတဲ့ ပစ္စည်းတွေကို နိုင်ငံခြားကသွင်းပြီး စျေးချပေးစေချင်ပါတယ်" ဟု ပြောသည်။ ■

ရွွေ့ေျပာင္းသယ္ေဆာင္နိုင္ေသာ မိုဘိုင္း အိမ္မ်ား တည္ေဆာက္ေရာင္းခ်သြားမည္

ေအာင္ရွင္

အရည္အေသြးျပည့္ ကြန္တိန္နာမ်ားကို ျပဳျပင္တည္ေဆာက္ထားသည့္ ရွွေ့ေျပာင္း သယ္ေဆာင္နိုင္ေသာ မိုဘိုင္း အိမ္မ်ားကို ျမန္မာနိုင္ငံ ေရွးကြက္အတြင္း စတင္ေရာင္းခ်သြားမည္ျဖစ္ေၾကာင္း Myanmar Home Design ကုမၸဏီမွ ျမန္မာတိုင္း(မ်)သို့ ဖေဖော္ဝါရီ တတိယပတ္တြင္ ေျပာၾကားခဲ့သည္။

မိုဘိုင္းအိမ္မ်ားစတင္တည္ေဆာက္ေနသည့္ Myanmar Home Design ကုမၸဏီမွဴးခ်ဳပ္ ေဖေဖာ္ဝါရီလ ၂၀ ရက္ေန့က တြဲ့ဆုိရာတြင္ လက္ေထာက္ မန္ေနဂ်ာ ျဖစ္သူ ေဒၚသန္ဘာဦးက "ကြ်န္မတို့စခဲ့တာ လွန္ခဲ့တဲ့ ခုနစ္လေလာက္ကပါ။ ခုေခတ္မွာ အိမ္တစ္လုံးေဆာက္ဖို့ မလွယ္ေတာ့ဘူးေလ။ မေနေရာ၊ အေဆာက္အအုံအတြက္ အုတ္၊ ဘိလပ္ေျမ၊ သစ္သား အစစကုန္ကၽစရိတ္ေတြက အရမ္းမ်ားတယ္။ ကြန္တိန္နာကို ျပဳျပင္ထားတဲ့ ဒီမိုဘိုင္းအိမ္ေလးေတြကၽေတာ့ ကုန္ကၽစရိတ္နည္းသလို ဘယ္ေနရာမဆို ရွွေ့ေျပာင္းသြားလို့ရတယ္ေလ။ ကြ်န္မတို့ ရည္ရြယ္ထားတဲ့ ေရွး ကြက္ကေတာ့ ေဆာက္လုပ္ေရးလုပ္ငန္း လုပ္ေနၾကတဲ့ ကုမၸဏီေတြ၊ ပင္လယ္ကမ္းျခေခ်ကၽယ္ထဲမွာ သီးသန့္အိမ္ေဆာက္ထားခၽင္တဲ့သူေတြ၊ မေနေရာကၽင္းကၽင္းမွာ ယာယီပဲျဖစ္ျဖစ္ ရုံးခန္း၊ ေရွးဆိုင္ဖြင့္ခၽင္တဲ့သူေတြ အတြက္ပါ။ ေနာက္ၿပီး တရားစခန္းေတြမွာ သီးသန့္တရားကၽင့္တဲ့ အေဆာက္



အရည္အေသြးျပည့္ကြန္တိန္နာမ်ားကို အသုံးျပဳ၍ ေဆာက္လုပ္ထားေသာ mobile house **မ်ားကို ေတြ့ရစဉ္။** ေဘာ်ပုံ - supplied

အအုံလိုမ်ိဳး ေနရာလိုမ်ိဳးအသုံးျပဳလည္း ရပါတယ္"ဟု ေျပာသည္။

Myanmar Home Design ကုမၸဏီ အေနျဖင့္ ရွွေ့ေျပာင္းနိုင္ေသာ မိုဘိုင္း အိမ္မ်ား စတင္ထုတ္လုပ္ဖို့ ဥေရာပမွ ပညာရွင္မ်ားနွင့္ စတင္စိတ္ကူးခဲ့သည္ဟုလည္း သိရသည္။

"ကြန္တိန္နာကို ေနအိမ္အျဖစ္၊ ရုံးခန္းအျဖစ္၊ ေရွးဆိုင္အျဖစ္ျပဳျပင္တည္ေဆာက္ၿပီး အသုံးျပဳတာ မြန္မာလူမ်ိဳးေတြအတြက္ အစပိုင္းမွာ စိမ္းခၽင္စိမ္းေနမွာပါ။ ဒါေပမဲ့ ခုေနာက္ပိုင္း မြေရွးေတြက အရမ္းမြင့္လာပြီ။ မြန္မာနိုင္ငံကလည္း အရမ္းဖြံ့ၿဖိုးလာေတာ့မွာဆိုေတာ့ ဒီလိုလုပ္ဖို့ စိတ္ကူးရခဲ့တာပါ။ ကြ်န္တော် အာရွဒေသတော်တော်မ်ားမ်ားမွာရော၊ မြန္မာနိုင္ငံေနရာအနံ့ရော ေရာက္ဖူးပါတယ္။ မြန္မာလူမ်ိဳးေတြရဲ့ ေနထိုင္မွဳစလေ့ကိုလည္း လ့ေလ့ာကြည့္မိတယ္။ ဥေရာပနဲ့ တခြားနိုင္ငံေတြမွာ ဒီလိုရွွေ့ေျပာင္းနိုင္တဲ့ အိမ္ေသးေသးေလးေတြေဆာက္ၿပီး အသုံးျပဳတာကြာပါပြီ" ဟု Myanmar Home Design ကုမၸဏီ၏ မန္ေနဂ်ာတစ္ဦးျဖစ္သူ ဗိသုကာပညာရွင္ ပြင့္သစ္နိုင္ငံသား မစ္စတာယန္းက ေျပာသည္။

ရွွေ့ေျပာင္းနိုင္ေသာ မိုဘိုင္းအိမ္မ်ားသည္ ကုန္တင္သေဘၤာကၽ ကြန္တိန္နာမ်ားကိုျပဳျပင္တည္ေဆာက္ထားခြင္းျဖစ္ေသာ္လည္း အပူဒဏ္၊ မီးဒဏ္နွင့္ ရာသီဥတု ဒဏ္ခံနိုင္ရည္ရွိေသာ အရည္အေသြးျပည့္မီေသာ ကြန္တိန္နာမ်ားကို သာအသုံးျပဳနိုင္သည္ဟုလည္း မစ္စတာယန္းက ေျပာသည္။

အနံ၊ အျမင့္ ရွစ္ပေနွင့္ အလ်ားေပ ၂၀ ရွိေသာ ကြန္တိန္နာမ်ားအား မိုဘိုင္းအိမ္အျဖစ္အသင့္ေျပာင္းရာတြင္ အျပင္ဘက္နံရံအား ကၽန္းသား (သို့မဟုတ္) အျခားအသားတစ္မ်ိဳးမ်ိဳးျဖင့္ အလွဆင္ထားခြင္းျဖစ္ၿပီး၊ လွပ၍ တာရွည္ခိုင္ခံစေရန္ ေရနံေခ်းသုတ္ထားသည္ဟုလည္း ၎ကလ ေျပာသည္။ "ဒီကြန္တိန္နာအိမ္အတြင္းမွာ အခန္းေတြလည္း ကန္ထားနိုင္ပါတယ္။ အိမ္ခန္း၊ ေရခ်ိဳးခန္းအိမ္သာနဲ့ လူေနအိမ္အျဖစ္ ဖန္တီးလို့ရသလို ရုံးခန္းနဲ့ စားေသာက္ဆိုင္လို အျပင္အဆင္မ်ိဳးလည္း ဖန္တီးလို့ရပါတယ္။ အျပင္ပိုင္းအကာအရံ၊ အတြင္းပိုင္းနံရံနဲ့ အခန္းဖွဲ့စည္းပုံအားလုံးကို ဒီဇိုင္းမ်ိဳးစုံလုပ္ေပးလို့ ရပါတယ္။ ကြ်န္ေတာ္တို့ ဒီဇိုင္းအသစ္ေတြထြင္နိုင္ဖို့ အျမဲတမ္းၾကိဳးစားေနပါတယ္" ဟုလည္း မစ္စတာယန္းက ေျပာသည္။

အေလးခ်ိန္အားျဖင့္ ၄ ဒသမ ၅ တန္ခန့္ရွိ ရွွေ့ေျပာင္းနိုင္ေသာ ကြန္တိန္နာအိမ္မ်ားကို စိတ်ကြိုက်ဒီဇိုင်းမျိုးစုံဖြင့် ျပဳျပင္တည္ေဆာက္နိုင္ၿပီး၊ အသုံးျပဳသော ပစ္စည္းအမ်ိဳးအစားအေပၚမူတည္ၿပီး ကုန္ကၽမည္ျဖစ္ေၾကာင္း သိရသည္။ Myanmar Home Design ကုမၸဏီတည္ေဆာက္ေနေသာ ကြန္တိန္နာအိမ္ငယ္မ်ားသည္ ခန္မွန္းခြေအားျဖင့္ အနည္းဆုံးတန္ဖိုး ကၽပ္သိန္း ၁၀၀ ခန့္ ကၽသင့္မည္ျဖစ္ၿပီး၊ ရက္ေပါင္း ၇၀ အတြင္းအၿပီးတည္ေဆာက္နိုင္သည္ဟုလည္း သိရသည္။

Myanmar Home Design ကုမၸဏီသည္ မိုဘိုင္းအိမ္မ်ားကို လတ်တလော အေနျဖင့္ ျပည္တြင္းေဈးကြက္အတြက္သာ ရည္ရြယ္ထုတ္လုပ္ေနေသာ္လည္း နောက်ပိုင်းတွင် ပြည်ပဈေးကွက်အထိပါ မွေ့ခ်မ္မန္းထားေၾကာင္းလည္း သိရသည္။ ■

ဂ်ပန္ကုန္စည္ျပပြဲ -၂၀၁၃ MCC ခန္းမ၌ကၽင္းပမည္

ထားထားဦး

Japan External Trade Organization-(JETRO Yangon) မွ ၾကိဳးမွဴးကၽင္းပသည့္ ဒုတိယအၾကိမ္ေျမာက္ Japan Festival 2013 (ဂ်ပန္ကုန္စည္ျပပြဲ ၂၀၁၃)ကို Myanmar Convention Centre-MCC Hall တြင္ မတ်လ ၉ ရက်မှ ၁၁ ရက်ထိသုံးရက်တိုင် ကၽင္းပမည္ျဖစ္ေၾကာင္း ဖေဖော်ဝါရီ ၂၂ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကၽင္းပျပလုပ်သည့် သတင္းစာရွင္းပြဲမွ သိရသည္။

အဆိုပါ ျပပြဲတြင္အရည္အေသြးျမင့္မားသည့္ Japan Brand ပစ္စည္းမ်ိဳးစုံနွင့္တကွ ဂ်ပန္ရိုးရာ ယဥ္ေက်းမွဳကို ျမန္မာျပည္သူလူထုနွင့္ မိတ်ဆက်ေပးနိုင်ရန်၊ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်ရန်နှင့် ဂျပန်နှင့် မြန်မာနှစ်နိုင်ငံကုန်သွယ်မှုတိုးတက်မြင့်မားလာစေရန်တို့အတွက် ရည်ရွယ်၍ အကျိုးအမြတ်တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ စီစဉ်ကၽင်းပခြင်းဖြစ်ေၾကာင္းလည္း သိရွိရသည္။

Japan Festival 2013 တွင် ဂ်ပန်ကုမၸဏီေပါင္း ၁၀၀ ေက်ာ္မွ ျပခန္းေပါင္း ၁၄၀ ေက်ာ် ပါဝင်ခင်းကၽင်းပြသမည်ဖြစ်ၿပီး လွၽပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများ၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ ဆေးဝါးလုပ်ငန်းသုံးပစ္စည်းများ၊ နေရောင်ခြည် သဘာဝစွမ်းအင်သုံးပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းနှင့် အလှကုန်များ၊ စားသောက်ကုန် ပစ္စည်းများအစရှိသည့် ပစ္စည်းအမျိုးအစားပေါင်းစုံကို လေ့လာကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်သည်။

"လာမယ့် ရက်သတ္တပတ်ကစတင်ပြီးတော့ ရန်ကုန်မြို့နေရာအနှံ့အပြား စုစုပေါင်း ၁၀ နေရာမှာ ပေ ၂၀ × ၉ ပေ ရှိတဲ့ billboard ၁၀ ချပ်ထောင်သွားမှာ ဖြစ်သလို ပြပွဲကၽင်းပတဲ့ MCC ခန်းမပတ်ဝန်းကၽင်မှာလည်း billboard တွေ ထောင်သွားမှာဖြစ်တဲ့အတွက် စုစုပေါင်း အရေအတွက် ၁၀ ချပ်ကျော် ထောင်သွားမှာဖြစ်ပါတယ်၊ ဒါ့ပြင် TV channel, သတင်းစာ၊ ရေဒီယိုက နေတစ်ဆင့် ကြော်ငြာဖို့လည်းစီစဉ်ထားပါတယ်"ဟု JETRO Yangon မှ Managing Director Mr.Toshihiro Mizutani က စာနယ်ဇင်းရွင်းလင်းပွဲအခမ်းအနားတွင် JETRO Japan Festival 2013 billboard ကြော်ငြာအား power point ဖြင့် ပြသ၍ရွင်းလင်းေပြာကြားခဲ့သည်။

Japan Festival 2012 ကို ပထမအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်၊ မတ်လတွင် Strand Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး ပထမအကြိမ်ကျင်းပခဲ့သည့် အတွေ့အကြုံအရသုံးရက်တာကာလတွင် လာရောက်ကြည့်ရှုသည့်ဧည့်သည် ၁၀,၀၀၀ ကျော် ဝင်ရောက်ခဲ့သည့်အတွက် ယခု တစ်ကြိမ်တွင် ပြခန်းဧရိယာ ပိုမိုကျယ်ဝန်းပြီး လာရောက်ကြည့်ရှုသည့် ဧည့်သည် ၂၀,၀၀၀ ကျော်အထိ လာရောက် လည်ပတ် ကြည့်ရှုနိုင်ရန် ခန့်မှန်း ထားကြောင်းလည်း Mr. Toshihiro Mizutani က ရှင်းလင်းပြောကြားခဲ့သည်။

Japan Festival 2013 ဖွင့်ပွဲအခမ်းအနားကို မတ်လ ၉ ရက်နေ့ မနက် ၉ နာရီတွင်ပြပွဲ ကျင်းပသည့် Myanmar Convention Centre-MCC ၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့ တက်ရောက်ခီးမြှင့်မည်ဖြစ်ကြောင်းလည်း အဆိုပါ အခမ်းအနားမှ သိရှိရသည်။

ပြပွဲအစီအစဉ်တစ်ခုမှာ ဂျပန်နိုင်ငံမှ နာမည်ကြီး J-Pop Group တစ်ခုဖြစ်သည့် Berryz Kobo အဖွဲ့မှအဖွဲ့ဝင် သုံးဦးကလည်း မတ်လ ၁၀ ရက်(တနင်္ဂနွေ) မွန်းလွဲ ၂ နာရီတွင် ပြပွဲကျင်းပရာ MCC ခန်းမသို့ လာရောက်ဖျော်ဖြေပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

Basic (1 month) အခြေခံမှစပြီး Inter mediate (2 months) and Advanced (2 months) ထိ တက်ရောက်ချင်သူများအတွက်တန်းခွဲများကိုစတင်ဖွင့်လှစ်လိုက်ပါပြီ။ Feb, March, April သုံးလအတွင်း သင်တန်းအပ်သူများကို 5% discount လျှော့ပြီး 1 Section လျှင် အနည်းဆုံး ၃ ဦးမှ ၁၀ဦးထိ လက်ခံပေးနေပါသည်။ ၃၈/၁၊ ဘော်ဓင်လမ်း၊ ဘော်ဓင်လမ်း သွယ် ၃၊ သုဝဏ္ဏ။ ဖုန်း-၀၉-၇၃၂-၅၅၂၁။

ဂျပန်

စကား၊ ယဉ်ကျေးမှု၊ အလုပ်ကိစ္စ ပြောဆိုမှု၊ အမြန်တတ်အောင် သင်သည်။ ဖုန်း-၂၂၂၄၃၄။

မြန်မာစာနှင့် အသံထွက်

အခြေခံသဘောတရားများ၊ မြန်မာ ပျဉ်း၊ သရတို့ကို အင်္ဂလိပ်လို ရေးထုံများ၊ တစ်ပြည်လုံးရှိ မြို့၊ ရွာ၊ မြစ်၊ ချောင်း၊ ကန်၊ ဆည်၊ တောင်တန်း၊ ဘုရားပုထိုးစသည် တို့၏ အမည်ရေးထုံများ ဖော်ပြ ထားသည့် မြန်မာနာမည်များကို အင်္ဂလိပ်လိုရေးတတ်ဖို့ ရှင်းလင်း သင်ပြထားသည့် အမြဲဆောင်ထား ရမည့် အဘိဓာန်ငယ်။ ဆရာကြီး ဦးသန်းဖေ (ဧည့်လမ်းညွှန်)၏ The Essential Spelling Conventions and Traditions in Writing Myanmar Names မသိမဖြစ် သိထားသင့်သော အမည်နာမရေးထုံများ။ နေပြည်တော်-ပျဉ်းမနား-ဖုန်း-၀၉-၄၄၈၅-၄၄၅၅၅။

အင်္ဂလိပ်

ဝါကျဖွဲ့အောင် ရေးတတ်ဖို့ သဒ္ဒါ ပိုင်ဖို့လိုပါတယ်။ သူပြောတာကိုယ် နားလည်ဖို့၊ ကိုယ်ပြောတာ သူ နားလည်ဖို့၊ အသံထွက်မှန်ဖို့လို ပါတယ်။ အသံထွက်မှန်ဖို့ သဒ္ဒါ ဗေဒ (Phonetics) တတ်ဖို့လိုပါ တယ်။ Phonetics တတ်ဖို့ ကမ္ဘာသုံးအသံထွက် သင်္ကေတ IPA (Int'l Phonetic Alphabet) သင်ပေးပါသည်။ U Zaw Htet-English Grammar, Speaking & Phonetics: နေပြည်တော်-ပျဉ်မနား-ဖုန်း-၀၉-၄၄၈၅-၄၄၅၅၅။

အင်္ဂလိပ်

အခြေခံအားနည်းသူများအတွက် Basic Grammar, Writing, Reading တစ်ဦးချင်းသင်စနစ်ဖြင့် သင်ပေးသည်။ ဦးမျိုးခင်-၂၄၅၅ (က)၊ ၆ လွှာ (ညာ)၊ ၎ါလမ်း၊ အလုံ၊ ဖုန်း-၂၁၀၅၁၀။

အင်္ဂလိပ်/မြန်မာ

ကလေးငယ်များ အင်္ဂလိပ်စာကို အခြေခံမှစ၍ စနစ်တကျ နားလည် တတ်မြောက်စေရန် (Grammar, Vocabulary, Comprehension, Writing, Speaking) သင်ကြားပေးသည်။ Primary Level Maths ကိုလည်း စဉ်းစားတွေးခေါ်တတ်ပြီး Problem Solving များတွက်နိုင်ရန် Topical Graded Practices များဖြင့် သင်ကြားပေးသည်။ Int'l School ကျောင်းသားများအတွက် မြန်မာစာကိုလည်း သီးသန့်သင် ကြားပေးသည်။ Tr.MOE: ဖုန်း-၅၀၀၄၈၆။

အင်္ဂလိပ်စာ

State School & Int'l School ကျောင်းသူ/သားများကို Word Form, Grammar, Vocabular, Verb Form, Structure Word, Letter, Eassay စုံလင်စွာ သင်နိုး ညွှန်းတမ်းနှင့်အညီ စိတ်ရှည်စွာ အိမ်အရောက် သင်ကြားပေးပါ သည်။ ဆရာဦးကျော်သူဝိုး BA (English): ဖုန်း-၄၀၀၉၃၄။

အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါ

စာသင်သက် နှစ် ၄၀ ကျော်ရှိပြီး အင်္ဂလိပ်စကားပြော၊ သဒ္ဒါ၊ Letter စာအုပ်များ ကိုယ်တိုင်ရေးသား ထုတ်ဝေနေသော ဝါရင့်ဆရာကြီး မှ စာအုပ်ကောင်းများကို တပည့် ၁ အုပ်၊ ဆရာ ၁ အုပ်ကိုင်၍ စနေ၊ တနင်္ဂနွေ-၃ နာရီမှ ၅ နာရီအိမ် အရောက်သင်ကြားပေးသည်။ ဆ ရာ ဦးမိုးမြင့် B.Sc, Dip in Eng (UFL): တိုက်-၁၉၊ ၄ လွှာ၊ တာ မွေဈေးလမ်း၊ တာမွေပလာဇာ။ ဖုန်း-၀၉-၅၁၅-၀၁၂၄။

တရုတ်စာ

Star Light Chinese Langugae Center: တရုတ်စာနှင့်စကား ပြောအား အတွေ့အကြုံရှိ ဝါရင့် ဆရာများမှ အထူးသင်ကြားပေး နေပါသည်။ ကလေးများအတွက် ခွေရောဘီအထူး သင်တန်းများ လည်း ဖွင့်လှစ်သင်ကြားမည်ဖြစ် သဖြင့် ဆက်သွယ်စုံစမ်း စာရင်းပေး သွင်း နိုင်ပါသည်။ နိုင်ငံခြားသွား အထူးအမြန်သင်တန်းများလည်း ဖွင့်လှစ်လျက်ရှိပါသည်။ စာရင်း ကိုင် L.C.C.I Level I, II, III သင်တန်းများလည်း ရှိပါသည်။ ဖုန်း-၀၉-၄၂၁၀-၂၅၃၁၊ ၀၉-၄၁၀၀-၃၆၈၈။

အင်္ဂလိပ်

အင်္ဂလိပ်စာကို အလွန်အမင်း ကြောက်နေသူများ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းပြီး သိမ်ငယ်ရှက်ရွံ့ နေသူများအတွက် အထူးစီစဉ်ဖွင့် လှစ်လိုက်သော Basic Spoken English Course အခြေခံ အင်္ဂလိပ် စကားပြောသက်သက် အင်္ဂလိပ် စကားပြောရဲ့ အခြေခံ အကျဆုံးနဲ့ အသုံးအဝင်ဆုံးပြော ဆိုရမှာတွေကို မရှက်မကြောက် နှုတ်သွက် လျှာသွက်ပြောတတ် အောင် အထူးလေ့ကျင့် သင်ကြား ပေးမယ်။ သင်တန်းကာလ-(၂) လ။ ဖုန်း-၀၉-၀၃၁၄-၀၁၈၆။

အင်္ဂလိပ်

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ ခြားသွားဖို့ အင်္ဂလိပ်စကား မပြော တတ်လို့အခက်တွေ့နေပါသလား။ ဝါရင့် အင်္ဂလိပ်ဆရာတစ်ဦးက အ ဖွဲ့လိုက်၊ တစ်ဦးချင်းသင်ကြား ပေး သည်။ ဖုန်း-၀၉-၀၃၁၄-၀၁၈၆။

အင်္ဂလိပ်စကားပြော

၃လ သင်တန်း။ ပြည်ပအလုပ်ရှာ အလုပ်လျှောက်ခြင်းနှင့် Job Interview ၁ လသင်တန်း။ နိုင် ငံခြားသွား ၁ လတစ်ဦးချင်း သီး သန့်။ ဖုန်း-၀၉-၀၃၁၄-၀၁၈၆။

အင်္ဂလိပ်

(၁) Job Interview တစ်ဦးချင်း လေ့ကျင့်ပေးသည်။ (၂) အင်္ဂလိပ်-မြန်မာ ဘာသာပြန်သည်။ (၃) အသံ ထွက်မှန်ကန်စေရန် Phonetics, Stress, Liaison တို့အပြင် Vocabulary, Grammar ဦးစား ပေးထားသော

English 4 Skills လူနည်းစု ၃ လသင်တန်း။ လ ဆန်းတိုင်း သင်တန်းအသစ်ရှိ သည်။ (၄) အသံထွက်မှန်မှန် Grammar ကောင်းကောင်းသင်ပေး နိုင်သော Home Tuitor များရှိသည်။ (၅) သိက္ခာရှိ၊ ကုမ္ပဏီရေ၊ ဝင်ငွေမှန်သော အိမ်လိုက်သင် Home Tution လုပ်ကိုင်လိုသူများ ကို လေ့ကျင့်သင်ကြားပေးသည်။ ၈၊ ၃၆/ဘီ၊ ဗိုလ်မိုးလမ်း၊ မြေနီ ကုန်း၊ စမ်းချောင်း။ ဖုန်း-၀၉-၅၁၂-၄၅၅၁၊ ၅၁၆၈၄၊

အင်္ဂလိပ်

Basic English Gramamr, Speaking & Phonetics သင်တန်းများ၊ ၁ ပိုင်း-၅ ဦးသာ။ အိမ်အရောက်။ ဌာနဆိုင်ရာများအတွက် အဖွဲ့လိုက်အထူးအစီအစဉ်။ ဦးဇော်ထက်-နေပြည်တော် ယျဉ်မနာ။ ဖုန်း-၀၉-၄၄၈၅-၄၄၅၅၅၅။

အင်္ဂလိပ်

အသက် ၄ နှစ်ခွဲမှ ဘွဲ့ရပြီးသူများ အထိ English Language (4 Skills + Grammar), IELTS, TOEFL တို့ကို အိမ်အရောက် သင်ကြားပေးပါသည်။ ဆရာကို မင်းလှိုင်-ဖုန်း-၀၉-၅၃၃၃၃၊ ၀၉-၅၂၃၃၃၊

အင်္ဂလိပ်

English 4 Skills ကို အခြေခံမှ စ၍ ရေးတတ်၊ ပြောတတ်၊ နားလည်အောင်၊ စနစ်တကျသင်ကြား ပေးပါသည်။ Grammar အခြေခံ မရှိသူများနှင့် အားနည်းသူများကို လည်း လွယ်ကူသောနည်းဖြင့် သင်ကြားပေးသည်။ Idiomatic Pharase, Verb Followed ကို လည်းအထူးသင်ကြားပေးသည်။ ၁ ဦးလျှင် ၂ သောင်းခွဲ။ Teacher ဟန်နီခိုချ် (၁) ဗြိုးပြတ်မွန်-ဖုန်း-၀၉-၄၃၁၈-၅၅၈၄၊

ကိုရီးယား

KPS-KLT စာမေးပွဲဖြေဆိုမည်သူများ 4 Skills & Grammar သင်ကြားလိုသော ကျောင်းသား/သူများအတွက် ကိုရီးယားဘာသာစကားအိမ်ပိုင်း လက်ခံသင်ကြားပေးပါသည်။ ဖုန်း-၀၉-၅၃၁၂-၃၁၉၆။

အင်္ဂလိပ်

ဆရာဝသန်-Spoken English, Grammar, IELTS & TOEFL အိမ်အရောက်သင်ကြားပေးသည်။ မနှစ်သက်ပါက ၃ ရက်အတွင်း ငွေပြန်အမ်းပါသည်။ ဖုန်း-၀၉-၅၅၈၅၅၊ ၀၉-၄၂၁၂၅၊

တရုတ်/ အင်္ဂလိပ်

Int'l School: ILBC, MLA, YIS, PISM, Total, Horizon စသော ကျောင်းသားများမှ ကျောင်းသား/သူများကို တစ်ဘာသာသာခြင်း၊ ဘာသာစုံ အိမ်လိုက်သင်ကြားပေးသည်။ နိုင်ငံခြားသွားလိုသူများ အင်္ဂလိပ်စကားပြောကို အချိန်တို အတွင်း တတ်မြောက်အောင် သင်ကြားပေးသည်။ အင်္ဂလိပ် သဒ္ဒါအခြေခံမှစ၍ သင်ကြားပေး သည်။ တရုတ်စာ/စကားပြော 4 Skills သင်ကြားပေးသည်။ ဖုန်း-၀၉-၄၃၂၄-၆၄၂၆၊

အင်္ဂလိပ်

စနစ်တကျသင်ကြားလိုသည့် ဆရာ/ဆရာမများအတွက် အတွေ့အကြုံရှိ အမေရိကန်ဆရာမမှ သင်တန်းများကို ပို့ချပေးနေပါသည်။ YMCA Int'l House: ဖုန်း-၂၉၄၁၈၊ ၂၉၄၁၂၉ လိုင်းခွဲ-၁၁၉၊

တရုတ်

နိုင်ငံတကာသုံး တရုတ်ဘာသာ စကားအား အိမ်အရောက် သင်ကြားပေးပါသည်။ နိုင်ငံခြားသွား အထူး အမြန်သင်ကြား ပေးပါသည်။ မိမိနှစ်သက်ရာ အသက်မွေးဝမ်းကျောင်းမှအလိုက် သက်ဆိုင်ရာ ညှိနှိုင်းသင်ရိုးညွှန်း တမ်းဖြင့် အထိရောက်ဆုံး သင်ကြားပေး နေပါသည်။ ဆရာ-စိုင်းဟက်မိန်း-ဖုန်း-၀၉-၄၅၀၀-၃၆၈၈၊

အင်္ဂလိပ်စာ

On Job Training Courses: အင်္ဂလိပ်စကားပြော နှင့် Job Interview, နိုင်ငံခြားသွားအမြန်၊ Short Cut Method, အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး နည်းလမ်း၊ အိမ်ပိုင်းသီးသန့်၊ ၁ ဦးချင်း (၁၅) ၃ ဦးပိုင်း၊ ဖုန်း-၀၉-၄၃၀-၉၀၉၆၂၊

စကားပြော

မြန်မာ၊ ထိုင်း၊ တရုတ်၊ အင်္ဂလိပ်။ ဖုန်း-၀၉-၅၄၁-၃၈၄၃၊

အင်္ဂလိပ်

စာသင်နှစ် ၃၉ နှစ် အငြိမ်းစား ဆရာ ဦးစီးသော HEGG (Hsu Ei Study Guide Group) Grammar ကိုအခြေခံမှစပြီး သင်ကြားပေးသည်။ အင်္ဂလိပ်ကို မြန်မာလို ပြန်ဆိုရအောင်နှင့် မြန်မာကို အင်္ဂလိပ်လိုပြန်ရေးတက် အောင် တစ်ဦးချင်း (သို့) ပိုင်းသီး သန့်အထူးအာမခံသင်ကြားသည်။ ဖုန်း-၀၉-၄၂၁၀-၄၉၅၅၄၊ ၀၉-၄၂၁၃၊-၅၄၄၃၄။

ကိုရီးယား၊ အင်္ဂလိပ်၊ တရုတ်

ဂျပန်နှင့် ဂျာမန်ဘာသာစကားသင် တန်းများကို အခြေခံမှအဆင့်မြင့် Level များအထိ သင်ကြားပေးပါ သည်။ ဂွိန်ကွင်း Centre (1)-ဘေလီတံတားထိပ်၊ တောင်ဥက္ကလာ။ ဖုန်း-၀၉-၀၃၀၉-၀၆၀၅၊ Centre (2) ကျောက်မြောင်းစေ့ဈေဘော။ ကိုကြွေဆံလမ်းမကြီး။ ဖုန်း-၀၉-၀၃၃၀-၆၀၉၀။

တရုတ်စာ

ရေး၊ ဖတ်၊ ပြော မူလတန်းပုံမှန် သင်တန်းနှင့်စကားပြောသင်တန်း။ ၉၈၊ ၅ လွှာ၊ ၄၉ လမ်း(လယ်)၊ ပုဇွန်တောင်။ ဖုန်း-၀၉-၀၃၃၉-၄၃၆၅၅။

အိတလီ၊ စပိန်၊ ပြင်သစ်

ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား။ ကိုရီးယား (4 Skills, သဒ္ဒါ၊ အသံ ထွက်)။ ဗီတိပန်း-၄၅၅၊ ၆ လွှာ၊ မကြီးကြေးလမ်း၊ စမ်းချောင်း။ ဖုန်း-၀၉-၀၃၀၃-၀၆၂၅၊ ၀၉-၄၂၀၃-၀၆၂၅၊

သင်တန်းကျောင်း

နွေရာသီသင်တန်းများ

၂၀၀၉ ခုနှစ်ကစပြီး နှစ်စဉ်နွေရာသီကျောင်းအားလပ်ရက်များတွင် ရင်သွေးငယ်များအား ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်းများအထူးပြုသင်ကြားပေးလျက်ရှိသည့် Optimum Education Center မှ ၂၀၁၃ ခုနှစ်၊မတ်လ ၄ ရက်နေ့မှစပြီးအတန်းအလိုက် Level သုံးမျိုးခွဲပြီး ဖွင့်လှစ်သင်ကြားပေးပါ မည်။ Certificate in Young English Course များအား ကွန်ပျူတာ သင်တန်းများအတိုင်း Gradeအလိုက် Level သုံးမျိုးခွဲပြီး စနစ်တကျသင်ကြားပေးပါသည်။ အင်္ဂလန်နိုင်ငံ အသိအမှတ်ပြုစာမေးပွဲများကိုပါ ဖြေဆိုနိုင်ရန် ၀ါရင့်ဆရာ/ ဆရာမကြီးများမှ လက်တွေ့သင်ကြားပေးမည်။ သင်တန်းများအားလုံးအား နိုင်ငံတကာအဆင့်မီ သင်ထောက်ကူ ပစ္စည်းများ၊ နောက်ဆုံးပေါ် Labtop ကွန်ပျူတာများ၊ Latest LCD နှင့် Audio စနစ်များအသုံးပြုပြီးနိုင်ငံတကာကျောင်းများ၏ သင်ကြား မှုပုံစံအတိုင်း လေ့ကျင့်ပေးမည်။ ရွှေဂိန္ဒရီ အဆင့်မြင့်အိမ်ရာ၊ တိုက် -၁၊ မြေညီ။ ဖုန်း-၅၅၃၃၉၉။ optimum.edu403@gmail.com.

ဧည့်လမ်းညွှန်

အတတ်ပညာနှင့် ဝန်ဆောင်မှု သင်တန်း ၂ လပြတ်။ ဧည့်လမ်းညွှန်လုပ်ငန်းတွင် တွေ့ကြုံရမည့် အခက်အခဲများကို ဖြေရှင်းကျော်လွှားနည်း၊ ဧည့်သည်များပေးလေ့ရှိသော မေးခွန်းများနှင့် ဖြေဆိုနည်း၊ မြန်မာနိုင်ငံ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ မန္တလေးနှင့် ပတ်ဝန်ကျင်နေရာများ ၏သမိုင်းများ။ Biking Tour ခရီးများတွင် အရေးပါသော အခြေခံ ဝန်ဆောင်မှုများကို စာတွေ့၊ လက်တွေ့ ၂ ရပ်ပေါင်းစပ်လေ့ လာနည်းများ။ လိုင်စင်ရဧည့်လမ်းညွှန်အခြေခံဖြေဆိုမည့်သူများ။ Professional ဖြစ်အောင် ထပ်မံဖြည့်ဆည်းလိုသူများကို စာတွေ့လက်တွေ့ သင်ကြားပေးသည်။ မတ်လ ၁၅ ရက်စမည်။ Mandalay In Blool (MIB) Travel Services: ၅၉/၉၊ ရွှေဝတ်မှုန်လမ်းသွယ်၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြား။ ၅၈ လမ်း၊ ရံမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၆၂၆၆၊ ၀၉-၄၀၂၆-၂၆၅၁၀။

Audio Music

Power Pop, R&B, Hiphop, House, Trance, Dubstep စသော တေးဂီတများကို ကွန်ပျူတာ ဖြင့်ဖန်တီး ပြုလုပ်နိုင်သော Audio Music Production သင်တန်းများကို စတင်ဖွင့်လှစ်နေပါသည်။ TNT Music School & Recording Studio: ၁၂၂၊ ၅၁ လမ်း (လယ်)။ ဖုန်း-၀၁-၂၉၂၂၀၅၊ ၀၉-၄၄၈၅-၄၂၀၁၀။

Speaking English

အထက်တန်းပြ ဆရာဟောင်းနှင့် ဝါရင့်ဥည့်လမ်းညွှန် ဦးခင်မောင် ကျော် (လိုင်စင်အမှတ် G-0550) ၏ Speaking English သင်ကြားမှုကို ပုဂ္ဂလိကကုမ္ပဏီများ၏ MD, GM နှင့် ဝန်ထမ်းများ စုပေါင်းဖြစ်စေ၊ သီးခြားဖြစ်စေ သင်ကြားပေး မည်။ လွန်ခဲ့သော ၂ နှစ်ကျော်မှ စ၍ အောင်မြင်သော သင်ကြားမှု များဖြင့် ကျည်ဖိုင်သည်။ ဖုန်း-၅၁၈၁၉၇၊ ၀၉-၄၂၁၀-၁၈၄၁၀။

English Centre

(MR) Most Recommended English Classes ဆရာ ဦးခွန်မောင်ငယ် BA(Art) TKT (Cambridge) Diploma in TESOL (Singapore): Special In: General English (All Levels), 4Skills English (All Levels), Business English, Grammar, English For Job, English Conversation Class. Centre (1): ၁၆၅၊ ၄၆ လမ်း၊ ၄ လွှာ၊ ဗိုလ်တထောင်။ Centre (2): တိုက်-၁၊ အခန်း-၃၀၈၊ ရွှေဝါမြို့ငယ်အိမ်ရာ၊ ၉ ရက်ကွက်၊ အင်း စိန်လမ်း၊ လှိုင်။ ဖုန်း-၀၉-၄၂၀၀-၄၁၁၅၅၊ ၅၁၅၆၊

တရုတ်စာ

ရေး၊ ဖတ်၊ ပြော မူလတန်းပုံမှန် သင်တန်းနှင့်စကားပြောသင်တန်း။ ၉၈၊ ၅ လွှာ၊ ၄၉ လမ်း(လယ်)၊ ပုဇွန်တောင်။ ဖုန်း-၀၉-၀၃၃၉-၄၃၆၅၅။

အိတလီ၊ စပိန်၊ ပြင်သစ်

ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား။ ကိုရီးယား (4 Skills, သဒ္ဒါ၊ အသံ ထွက်)။ ဗီတိပန်း-၄၅၅၊ ၆ လွှာ၊ မကြီးကြေးလမ်း၊ စမ်းချောင်း။ ဖုန်း-၀၉-၀၃၀၃-၀၆၂၅၊ ၀၉-၄၂၀၃-၀၆၂၅၊

တင်းနစ်

နွေရာသီ ၂ လပြတ် သင်တန်း၊ ၃ လပြတ်သင်တန်း။ ဆရာ ဦးအေး ထွန်း-ဖုန်း-၀၉-၄၃၀၄-၁၄၀၆၊ ၀၉-၅၁၆၀-၁၅၆၅၊

စီးပွားရေးနှင့် စီမံခန့်ခွဲမှု

သင်တန်းများကို လက်တွေ့ကျကျ သင်သည်။ Business Management, Human Resource Management, Marketing Management. ၂၁၈၊ ၄ လွှာ၊ အနော်ရထာလမ်း နှင့် ၃၂ လမ်းထောင့်၊ ပန်းဘဲတန်း။ ဖုန်း-၃၈၆၆၃၃။

ရုံးလုပ်ငန်းဆိုင်ရာ

အခြေခံသိသင့်၊ သိအပ်သော ပညာ ရပ်များ စိတ် ဝင်စားသူများ အတွက် အသက်မွေးဝမ်းကြောင်း အထူးသင်တန်းကို ၁၈-၂-၂၀၁၃ မှ ၁-၃-၂၀၁၃ ထိ၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ National YMCA အသင်းတိုက်-၁၁၉၊ ဘိုကလေး ဈေးလမ်း၊ ဗိုလ်တထောင်။ ဖုန်း-၅၅၆၉၉၀၊ ၂၄၅၆၈၀ တွင် ဖွင့်လှစ်ပါမည်။ ၁၅-၂-၂၀၁၃ တွင် စာရင်းပိတ်မည်။

တင်းနစ်

နွေရာသီ ၂ လပြတ် သင်တန်း၊ ၃ လပြတ်သင်တန်း။ ဆရာ ဦးအေး ထွန်း-ဖုန်း-၀၉-၄၃၀၄-၁၄၀၆၊ ၀၉-၅၁၆၀-၁၅၆၅၊

ကားမောင်း

မိမိ၏ ကိုယ်ပိုင်ကားများဖြင့်သာ သီးသန့် တစ်ဦးချင်း ကားမောင်း သင်လိုသူများအတွက် ကားမောင်း ၁၀ရက် အတတ်သင်တန်း။ ဝါရင့် အတွေ့အကြုံရှိဆရာများကိုယ်တိုင် သင်ကြားပေးပါသည်။ ဖုန်း-၀၉-၄၃၃၅-၂၁၅၅၊ ၀၉-၄၂၀၁-၁၆၅၀၊

တံဆိပ်ရိုက်နှိပ်

ပလတ်စတစ်အိတ်၊ အင်္ကျီနှင့်အိတ် များပေါ်တွင် တံဆိပ်ရိုက်နှိပ်ခြင်း လက်ရှိပညာသင်တန်းကို လက် တွေ့တစ်ဦးချင်းစီ တတ်မြောက်၍ ကိုယ်ပိုင်လုပ်ငန်းပြုလုပ်နိုင်သည် အထိ ကျွန်တော်တို့ ဟိန်းထက်စံ တံဆိပ်ရိုက်လုပ်ငန်းမှ သင်ကြား ပေးပါသည်။ ဖုန်း-၀၉-၄၂၃၃-၀၅၃၆၂။

ကားမောင်း

လူကြီးမင်းတို့၏ အိမ်ကားဖြင့် တစ် ဦးချင်းကားမောင်းအတတ်သင်လို သူများ။ ကုမ္ပဏီ၊ ရုံးဌာနများမှ ဝန် ထမ်းများပြင်ပမှ အုပ်စုလိုက်သင် ကြားလိုသူများအတွက် အချိန်ကုန် သက်သာစေရန် လူကြီးမင်းတို့၏ အိမ်၊ ကုမ္ပဏီ၊ ရုံးဌာနများသို့ ဆရာ ကိုယ်တိုင်လာရောက်သင် ကြားပေးပါမည်။ နယ်မှ သင်ယူ လိုသူများတွက် သင်တန်းကားဖြင့် သင်ကြားပေးပါသည်။ ဖုန်း-၀၉-၀၃၃၁-၅၅၂၈၊

ယာဉ်မောင်း

လူကြီးမင်းတို့၏ အိမ်ကားဖြင့် သာ ကားမောင်းသင်လိုပါက အမျိုးသ ဦးဆရာမကိုယ်တိုင် အမျိုးသမီး သီး သန့်အတွက် အိမ်ကိုလာရောက်သင် ကြားပေးသည်။ ယုံကြည်စိတ်ချ စွာ မောင်းနှင်နိုင်ရမည်။ ဖုန်း-၀၉-၅၁၆၆-၈၃၉၉။

အများသိစေရန်

တေးဆိုနှင့် Band

Rock Circle MTV တေးစီးရီး အတွက် ပါဝင်လိုသောတေးဆိုနှင့် Band များဆက်သွယ်နိုင်ပါသည်။ TNT Music School & Recording Studio: ၁၂၂၊ ၅၁ လမ်း (လယ်)။ ဖုန်း-၀၁-၂၉၂၂၀၅၊ ၀၉-၄၄၈၅-၄၂၀၁၀။

ညှိနှိုင်းလိုပါသည်

စိုက်ပျိုးရေးလုပ်ငန်း သုံး သဘာဝ ဇီဝဩဇာ-ဓာတုမြေ ဩဇာ 30% မှ 50% လျှော့ချပြီး၊ 15% ခန့် အထွက်နှုန်းတိုးစေ သော အမေ ရိကန်နိုင်ငံထုတ် သဘာဝဇီဝဩဇာ ဖြန့်ဖြူးရေးအတွက် မြေဩဇာ လုပ်ငန်းလုပ်ကိုင်သောအရောင်း ကိယ်စားလှယ်များနှင့် ကြိုတင် ညှိနှိုင်းလိုပါသည်။ Win Ne Win Co., Ltd: ဖုန်း-၀၉-၅၁၈-၄၉၃၃၂၊ ၀၉-၄၃၁၃-၆၀၂၄။

Office Tower ဆောက်မည်

မြေနီကုန်း၊ ပြည်လမ်းမပေါ်၊ မျက် နှာစာ ပေ ၁၂၀ (၂၀၀၀ စ/ပ) မြေပေါ် ၂၂ ထပ် ဆောက်မည်။ အလိုက် + 50% အခန်းပေးယူ ဆောက်မည့် Developer များ ဆက်သွယ်ပါ။ ဖုန်း-၀၉-၅၀၈-၁၄၆၀။

အလှူ

ပင်ပန်းမှုမရှိ ငွေကုန်ကြေးကျ မရှိဘဲ၊ click တစ်ချက်နှိပ်ရုံဖြင့် အမှန် တကယ်လိုအပ်နေသော ဝေဒနာရှင် များအတွက် အလှူ တစ်ခု ဖြစ်မြောက်နိုင်ပါသည်။ အင် တာနက်ဖြင့် ဖော်ပြထားသော link ထဲသို့ဝင်ရောက် လေ့လာနိုင်ပါ သည်။ www.goo.gl/kv2jp

ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ဖယားထိုင်း အင်တာနေရှင်နယ် ဆေးရုံကြီး (ထိုင်းနိုင်ငံ၊ ဘန် ကောက်မြို့) မြန်မာပြည်ရုံးကို ၇၅၊ ပထပ်၊ လမ်းသစ်လမ်း၊ လမ်းမ တော်၊ ရန်ကုန်။ ဖုန်း-၀၁-၂၃၀၆၀၀၊ ၀၉-၅၁၉-၉၄၀၈ သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ပတ္တမြားရတု ဝိဇာတဓင်္ဂလာ

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့ နယ်၊ ကဲမြင့်ကျေးရွာ၊ ကဲမြင့် ကျောင်းတိုက်ပဓာနနာယကသင်္ဃ တော်ရှေ့ ကံမြင့်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မာဘိဝံသ၏ သီလရက္ခာ၊ သမာဓိ ဂုဏ်၊ ပညာဂုဏ်တို့အား ပူဇော် သောအားဖြင့် ဆရာတော်ကြီး သင်္ကတော် (၁၀၀) ပြည့် ပူဇော်ပွဲ ကို ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်တွင် ဆင်ယင်ကျင်းပမည် ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား ပူ ဇော်နိုင်ရန် အကျိုးဆောင်အဖွဲ့မှ အသိပေး ဖိတ်ခေါ်အပ်ပါသည်။

သွေးအလှူရှင်

'အေ' သွေးအမျိုးအစား ကျောက် ကပ်အလှူရှင်လိုအပ်ပါသည်။ ဖုန်း -၀၉-၈၆၄-၁၁၄၈၊ ၀၉-၅၀၉-၅၅၀၂။

မောင်တို့ရွာမှ

HIV / AIDS / ကာလသားရောဂါ များအကြောင်းသိရှိလိုပါက www.maungdoeywar.com တွင် ဝင် ရောက်ကြည့်ရှုနိုင်ပြီးနှစ်ကိုယ်ကြား ဆွေးနွေးတိုင်ပင်ချင်ပါက ဖုန်း-၀၉-၀၃၁-၂၂၅၆၆ နှင့် g-mail ဖြင့် ဆက်သွယ်လိုလျှင် hotline counsellor@gmail.com တွင် တိုင်ပင် ဆွေးနွေးနိုင်ပါသည်။

အလှူရှင်များဖိတ်ခေါ်ခြင်း

ဇီဝသုခ(အခမဲ့)ဆေးခန်းကို ဇော ဝတီတိုင်း၊ ဟသံတမြို့နယ်၊ လယ်ကြီးကွင်းအုပ်စု ရွာသစ်ရွာ၊ ရဲကွင်းရွာ၊ ကြူကပိုင်လေးရွာ တို့မှ တည်ထားကိုးကွယ်လျက်ရှိ သော ရွာသစ်ရွာ မင်္ဂလာကိုဠ် ကျောင်းတိုက်၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရနှင့် ဝိုးကုတ်နယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တကောဏ္ဍည တို့မှ ဦးဆောင်၍ ဖွင့်လှစ်ထား ပါသည်။ ဆေးခန်းကို တနင်္ဂနွေ နေ့တိုင်းဖွင့်လှစ်ပြီး လူနာ ၃၀၀ နီး ပါးခန့် လာရောက်ကုသပါသည်။ ဆရာဝန်နှင့် လူနာအင်အားမမျှ သောကြောင့် တစ်နေကုန်စောင့် ၍ ကုသရသဖြင့် နေ့လည်စာ ကျွေးမွေးလျှဲဒါန်းလျက်ရှိပါသည်။ ဆေးပါးနှင့်နေ့လည်စာအတွက် ၁ ရက်စာ (၁၅) မိမိစွမ်းနိုင်သမျှ လှူ ဒါန်းနိုင်ပါသည်။ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း-အဆောင် ၄ ပထပ်၊ သိမ်ကြီးဈေး (စီ)ရုံ၊ ရွှေတိ ဂုံတုရားလမ်း။ ဖုန်း-၃၈၂၉၃၅၊ ၃၇၁၈၀၀ လိုင်းခွဲ ၃၆၄၊ ဓမ္မရောင်ခြည်သာသနာ့အကျိုးဆောင်အဖွဲ့၊ ဒေါ်ထားမေစက်ဝင်း၊ တာကလေး ရပ်၊ ဟင်္သာတမြို့။ ဖုန်း-၀၄၄-၂၁၉၅၅၊ ၀၉-၈၅၅-၁၂၃၃။

အလကားပေးပါမည်

ကျွန်တော်တွင် အသုံးမလိုတော့ သော အောက်ပါပစ္စည်းများကို လို ချင်သောသူများအား အလကား ပေးပါမည်။ Sony AA Battery Charger, Silicon Power Thumb Drive 4GB (nearly new), Imation internal CDR/W Drive (Brand new), Mini-SD to USB converter. တစ်ဦးလျှင် တစ်ခုသာပေးပါမည်။ ဖုန်း-၀၉-၅၀၄-၉၉၈၀။

ပဋ္ဌာန်းဆက်များဖိတ်ခေါ်ပွဲ

ကျိုက်ထိုမြို့အနီးဝန်ကျင်တွင် အ ဘာဝိုးမင်းခေါင်၏ ဓာတ်နန်း တည် ဆောက်မည်ဖြစ်၍ အတူလက်တွဲ သာသနုပြုလိုသော အဘ၏ ပဋ္ဌာန်းဆက် သား/သမီးများမှ ဆက်သွယ်ကြပါရန်ဖိတ်ခေါ်အပ်ပါ သည်။ ဖုန်း-၀၉-၄၃၁၀-၆၅၆၊

Marketing

ကို စိတ်ဝင်စားသော (သို့) Marketing ကို လက်ရှိ ပြု လုပ်နေသူများအတွက် ငွေကြေး ကုန်ကျမှုအရင်းမစိုက်ဘဲ အကျိုး အမြတ်များရရှိနိုင်မည့် အခွင့်အ လမ်း ကွန်တော်တို့တွင်ရှိ၍ ကိုယ် စားလှယ်လုပ်ငယ်သူများ ဆက်သွယ် ပါ။ ဖုန်း-၀၉-၄၂၅၃-၀၅၃၆။

အထွေထွေ

မွေဒီယို ရိုက်ကူးရေးနှင့်

ပရိုဂျက်တာ ဌားရမ်းခြင်း လုပ်ငန်း တို့ကို လှုကြီးမင်းများ စိတ်တိုင်း ကျ အကောင်းဆုံးဝန်ဆောင်မှု ပေးပါသည်။ Great Kyaw-အမှတ် ၄၇၊ ရန်ပြေ ၁၄ လမ်း အရှေ့၊ ၃ ရပ်ကွက်၊ သာကေတ။ ဖုန်း-၀၉-၄၂၅၀၃၀၉၆၅၅။

အဆင့်မြင့်လျှပ်စစ်ပစ္စည်းများ

အမျိုးမျိုးရောင်းဝယ်ရေး၊ အမှတ် ၃၊ မြိတ်လမ်း၊ ၂၁ ရပ်ကွက်၊ ဒဂုံတောင်ပိုင်း (၂၀ ကုန်တိုက် ဘေး၊ ဖုန်း-၀၁ ၅၉၀၂၁၅၊ ၀၉ ၅၁၁၁ ၀၁၁၉။

မိတ္တူနှင့် ပုံနှိပ်

'ရွှေလင်္ကန်' မိတ္တူ၊ ကွန်ပျူတာပုံနှိပ် တိုက်-စိတ်တိုင်းကျဆောင်ရွက် ပေးသည်။ ဟာဂျီ ဦးမောင်မောင် နှင့် သမီးများ-နေပြည်တော်၊ လယ်ဝေး။ ဖုန်း-၀၆၃-၃၀၀၁၈၊ ၀၆၃-၃၀၀၃၁။

စာပေဖြန့်ချိရေး

'ပြည်သူ့အလင်း' စာပေဖြန့်ချိရေး (သတင်းစာကိုယ်စားလှယ်)-ဦးစိန် ဝင်းနှင့်သမီးများ-အထက (၁)ရွေ့၊ ကလောမြို့။ ဖုန်း-၀၈၁-၅၀၂၄၉၊ ၀၉-၄၅၅၈၀-၄၀၆၂၅။

အသေးဆိုင်

'သိရိ မိသားစု' အသေး-ကလော ရောက်လျှင် သဘာဝစတော်ဘယ် ရီစစ်စစ် အရသာရှိရှိစားသုံးနိုင်ရန် ဒေါ်ခင်စန်းအေး-အထက် (၁) ရှေ့ မှာရှိပါတယ်။

Wireless Intercom

ငါးကန်၊ စိုက်ပျိုးရေး၌၊ Super Market, စက်ရုံ၊ Hotel များတွင် သုံးနိုင်သော Wireless Intercom များရရှိနိုင်ပါသည်။ ဖုန်း-၀၉-၅၁၆-၀၃၉၆။

Wedding Gift

'မင်္ဂလာ' Wedding Gift: ၄၃၊ မြေညီထပ်၊ မွေ့ရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ ဖုန်း-၀၁-၅၅၃၃၃၊ ၀၉-၄၂၀၄-၆၁၂၆၊ ၀၉-၅၅၀-၅၀၄၉။ Email: idakaythi79@gmail.com.

အလှူဓင်္ဂလာပွဲများအတွက်

ဒံပေါက်၊ နတ်သုဓာ၊ ထောပတ် ထမင်း၊ အုန်ထမင်း၊ မုန်းဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ရွှေတောင်ခေါက် ဆွဲ၊ ခေါက်ဆွဲကြော်၊ ပျဉ်းမနား နန်းကြီးဆုပ်၊ သန့်ရှင်းသပ်ရပ်၊ ကျေနပ်အောင် ချက်ပေးပါသည်။ အောင်ခိုင်-ဖုန်း-၀၉-၄၃၀၀၅-၈၈၉၉။

စာအုပ်

မောင်ကြာညိုရဲ့ အပြင်သစ် မြန်မာ အင်္ဂလိပ် ဆောင်းပါများစာအုပ်ကို ဖတ်ကြည့်ပါ။ ကြိုက်သွားမယ် ထင်ပါတယ်။

zu&iEi t v ty





t v&o n







t a x a x



မြန်မာစက်တူး

ရေသန့်ပုဂ္ဂလိုးရောင်းဝယ်ရေး

QUALITY GOODS FOR QUALITY WATER

QUALITY WATER FOR QUALITY LIFE

လာမည့်နွေရာသီတွင် ရေသန့်ကို စီးပွားဖြစ် လုပ်ကိုင်လိုသူများဆောက် ကမ္ဘာ့ အကောင်းဆုံး R.O + UV ရေစစ်ဆင်းကြိုးများမှ အကောင်းဆုတ်အကောင်းဆုံးနှင့် အသုံးတော့ အသုံးရွင်းလဲ
ဝေဘာ်ရေသန့်ကို ပိုမိုဝယ်ယူ ရောင်းချလိုသူများ အတွက် ဝေဘာ်ဆိုင်ကမ္ဘာ့အရောင်းရဆုံးဖြစ်သော ဒီဇိုင်းများ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပြန်လည်ပေးသွင်းမှု စနစ်တကျလုပ်ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။



၁ ရက် 2000လိတ် (2000 GPD) ၊ 20 လီတာစီ ရေသန့်ပုံးကြီး (400ပုံး) ထွက်သည့် ရေသန့်စက်၊ R.O ရေသန့်စင်နည်း +UV ပိုးသတ်နည်း၊ AUTO ရေတွန်းမော်တာ 4လုံး၊ 20လက်မ HOUSING များနှင့်
20လက်မ FILTER များ၊ 10လက်မ HOUSINGများ နှင့် 10 လက်မ FILTERများ၊ SAVE GUARD 3လုံး နှင့် 304 STAINLESS STEEL TANK များ စသည့် ပစ္စည်းဆုပ်ပြည့်စုံစွာ ပါဝင်ပါသည်။

100% MADE IN TAIWAN



1 ရက် 800လိတ် (800 GPD) ၊ 20 လီတာစီ ရေသန့်ပုံးကြီး (160ပုံး) ထွက်သည့် ရေသန့်စက်၊ R.O ရေသန့်စင်နည်း +UV ပိုးသတ်နည်း၊ AUTO ရေတွန်းမော်တာ 4လုံး၊ 20လက်မ HOUSING များနှင့်
20လက်မ FILTER များ၊ 10လက်မ HOUSINGများနှင့် 10 လက်မ FILTERများ၊ SAVE GUARD 3လုံး နှင့် 304 STAINLESS STEEL TANK များ စသည့် ပစ္စည်းဆုပ်ပြည့်စုံစွာ ပါဝင်ပါသည်။



1 ရက် 500လိတ် (500 GPD) ၊ 20 လီတာစီ ရေသန့်ပုံးကြီး (100ပုံး) ထွက်သည့် ရေသန့်စက်၊ R.O ရေသန့်စင်နည်း +UV ပိုးသတ်နည်း၊ AUTO ရေတွန်းမော်တာ 4လုံး၊ 20လက်မ HOUSING များနှင့်
20လက်မ FILTER များ၊ 10လက်မ HOUSINGများနှင့် 10 လက်မ FILTERများ၊ SAVE GUARD 3လုံး နှင့် 304 STAINLESS STEEL TANK များ စသည့် ပစ္စည်းဆုပ်ပြည့်စုံစွာ ပါဝင်ပါသည်။



1 ရက် 200လိတ် (200 GPD) ၊ 20 လီတာစီ ရေသန့်ပုံးကြီး (40ပုံး) ထွက်သည့် ရေသန့်စက်၊ R.O ရေသန့်စင်နည်း +UV ပိုးသတ်နည်း၊ AUTO ရေတွန်းမော်တာ 2လုံး၊ 20လက်မ HOUSING များနှင့် 20လက်မ FILTER များ၊
10လက်မ HOUSINGများနှင့် 10 လက်မ FILTERများ၊ SAVE GUARD 1လုံး နှင့် 304 STAINLESS STEEL TANK များ စသည့် ပစ္စည်းဆုပ်ပြည့်စုံစွာ ပါဝင်ပါသည်။

ကြီးမားသော စက်ရုံများ၊ အလုပ်ရုံများ၊ ဘဏ်များ၊ ဟိုတယ်များ၊ ဆေးရုံများ၊ ကျောင်းများ၊ ကိုယ်ပိုင်အသုံးပြုသော အသိုက်အဝန်းများအတွက် အသုံးပြုနိုင်သည့် အထူးပြုလုပ်ထားသော
စနစ်များအား သင့်တော်သည့် တန်ဖိုးသာသာဖြင့် ကျွန်ုပ်တို့ အနည်းဆိုပေးနိုင်ပါကြောင်း ယုံကြည်စေလိုပါသည်။

အမှတ် (၃၂၅)၊ ပြည်ကြီးတံခွန်၊ ဗိုလ်ဆွန်းလမ်းမ-အထက်လမ်း၊ (သာဓေဖောင်ထောင်းလေးလမ်း)၌ ဝန်းဆိတန်းဖြင့်နှုတ်၊ ရန်ကုန်မြို့၊
(ဆိုင်)၀၁-၃၈၃၄၅၂ ၊ ၀၁-၃၈၃၄၅၃ (Mobile) ၀၉ ၅၁၃၈၃၈၆ ၊ ၀၉ ၃၁၃၃၃၈၆၊ ၀၉ ၅၁၃၈၃၈၆၊ ၀၉ ၃၁၃၃၃၈၆
(ဖက်စ်) ၀၁-၂၄၃၆၈၀ web : www.myanmarawtkoo.com / www.mzhwatertreatment.com

နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွေဆီ ခြေလှမ်းနိုင်ခဲ့တဲ့ မစ္စမြန်မာအင်တာနေရှင်နယ် ဒုတိယအကြိမ်ဆင်နွှဲ

နွယ်ဘွိုင်း

မြန်မာမိန်းကလေး အချောအလှ လေးတွေကို နိုင်ငံတကာပြိုင်ပွဲတွေအထိ ပြန်လည်လမ်းခင်းပေးနိုင်ခဲ့တဲ့ မစ္စမြန်မာအင်တာနေရှင်နယ် ရွေးချယ်ပွဲရဲ့ ဒုတိယအကြိမ်မြောက် ယှဉ်ပြိုင်ပွဲကြီးကတော့ ရန်ကုန်မြို့ အမ်စီစီခန်းမမှာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အားပေးမှု၊ ဝေဖန်မှုတွေ ဝေဝေစည်စည်နဲ့ ကျင်းပပြီးစီးခဲ့ပါပြီ။

Miss Myanmar International 2013 ပွဲကျင်းပရာ စင်မြင့်ထက်မှာတော့ ပန်းပွင့်လေးတွေ လွင့်လာတဲ့အလား မြန်မာမိန်းကလေးအချောအလှလေး တွေရဲ့ယှဉ်ပြိုင်မှုက ပွဲကြည့်ပရိသတ်များကို ပွဲစဉ်တစ်လျှောက်လုံး ညှို့ယူဖမ်းစား နိုင်ခဲ့ပါတယ်။

မြန်မာဝတ်စုံတွေကို ခေတ်ပေါ် ဒီဇိုင်းတွေနဲ့ တွဲဖက်လို့ အလှပေါ် အယဉ်ဆင့်တဲ့ ဖက်ရှင်ဒီဇိုင်းတွေနဲ့ ပြိုင်တဲ့ပထမ ယှဉ်ပြိုင်မှုအပြီးမှာတော့ အားကစား ဝတ်စုံနဲ့ယှဉ်ပြိုင်မှုအနေနဲ့ အနီရောင် ရေကူးဝတ်စုံတွေနဲ့ ယှဉ်ပြိုင်ခဲ့ပြီး ကိုယ်ပိုင် အရည်အသွေးများကို ပြသတဲ့ အစီအစဉ်မှာတော့ မိမိတို့ တတ်ကျွမ်းတဲ့ အထူးစွမ်းရည်တွေကိုပြသခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့ မေးခွန်းများကို တစ်ယောက် တစ်ခု ဖြေကြားရပြီး နောက်ဆုံးမှာတော့ အနောက်တိုင်းပွဲတက် ဝတ်စုံတွေနဲ့ ယှဉ်ပြိုင်မှုနဲ့ အဆုံးသတ်ခဲ့ပါတယ်။

“တကယ်ဆို ပြိုင်ပွဲဝင်တွေအနေနဲ့က ဒီပွဲကိုဝင်ပြိုင်ရတာ သိပ်တော့မလွယ်ကူလှပါဘူး။ တခြားပြိုင်ပွဲတွေနဲ့ မတူဘဲ အဆင့်ဆင့်ပြိုင်ကြရပါတယ်။ အားလုံးကို ခြုံကြည့်ရမယ်ဆို ကျေနပ်ပါတယ်။ သူတို့လည်း အကောင်းဆုံး ကြိုးစားခဲ့ကြရတာပါ” လို့ Myanmar Tourism Services Co.,Ltd. ကမန်နေဂျင်းဒါရိုက်တာ ဦးလင်းထိန်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

“ဒီနှစ်ကတော့ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက်ကိုပဲ ကြောက်ကြတာတွေ့ရပါတယ်။ ပြိုင်ပွဲဝင်တွေကို နှစ်ပတ်တိတိ လေ့ကျင့်မှုတွေ ပေးခဲ့ပါတယ်။ ပြိုင်တဲ့သူတွေက အပြင်လူ အများစုပါကြတော့ လျှောက်လမ်းပေါ်မှာ လမ်းလျှောက်တဲ့ အပိုင်းတွေကအစ ပြန်သင်ရပါတယ်။ နောက်ပြီး အင်္ဂလိပ်လို ဖြေရမှာလည်း ကြောက်ကြတာကို တွေ့ရပါတယ်” လို့ ပြောပါတယ်။

“မနှစ်ကရော၊ ဒီနှစ်ရော ပြိုင်ပွဲဝင်တွေက ကြိုးစားကြပါတယ်။ ဒီနှစ်ကတော့ အထူးစွမ်းရည်ပြသမှုမှာ ဆန်းသစ်

စာမျက်နှာ ၄၂ သို့



မစ္စမြန်မာ အင်တာနေရှင်နယ်– ၂၀၁၃ ဆုရရှိခဲ့သော မဂုဏ်ရည်အေးကျော်။ ဓာတ်ပုံ - ဘူးသီး

အစားထိုးမရတဲ့ တိုင်းပြည်ရဲ့ အမွေအနှစ်တွေကို ခင်းကျင်းပြမယ့် ‘အမွေ’ပြပွဲ ပြုလုပ်မည်

လွင်မာထွန်း

မြန်မာနိုင်ငံရဲ့ အစားထိုးမရနိုင်တဲ့ အမွေအနှစ်တွေကို တိုင်းသူပြည်သား တိုင်း လေးစားထိန်းသိမ်းစေဖို့ ‘ရင်ထဲက . . တိုင်းပြည်ထဲက. . မျက်စိအောက်က. . ပျောက်ကွယ်သွားမှာစိုးတဲ့အမွေ’ ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ အနုပညာပြပွဲ လေးတစ်ခုကို အနုပညာသမား ငါးယောက် စုပေါင်းပြီးတော့ လာမယ့် မတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့ထိ ရန်ကုန်မြို့ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာရှိတဲ့ Gallery 65 မှာ ကျင်းပသွားမယ်လို့ ဒီပွဲမှာပါဝင်မယ့် အနုပညာရှင်တစ်ဦးက ပြောပါတယ်။

ပွဲမှာပါဝင်တဲ့ အနုပညာရှင်များကတော့ ဂရပ်ဖစ်ဒီဇိုင်းဆရာ မြင့်မောင်ကျော်၊ တေးရေးဆရာ မြင့်မိုးအောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားသူ မြင့်ဇော်၊ စာရေးဆရာ ကိုတာနဲ့ စာရေးဆရာမ ဂျူးတို့ ပါဝင်မှာ ဖြစ်ပါတယ်။

“ခါတိုင်းတော့ အနာပေါ်တဲ့နေရာမှာပဲ ဆေးကုတယ်။ ရေဆိုရေ၊ တောင်ဆိုတောင်၊ အဲဒါနဲ့ပတ်သက်တဲ့ ပြပွဲလေးတွေ လုပ်တယ်ပေါ့။ အခုကတော့ ကျန်တဲ့တိုင်းပြည်မှာရှိတဲ့ ယဉ်ကျေးမှု၊ အမွေအနှစ်တွေအားလုံးကို စဉ်းစားပြီး လုပ်တာပေါ့။ တို့ပိုင်တဲ့ အမွေတွေကို မျက်ခြည်မပြတ်ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်တယ်၊ ပိုင်ထားတဲ့အရာတွေကိုလည်း မပျက်စီးသွားအောင် ပိုတန်ဖိုးရှိလာအောင် အမြဲလုပ်ဆောင်နေရမယ်ဆိုတဲ့ ရည်ရွယ်ချက်လေးနဲ့ လုပ်ဖြစ်တာပါ”လို့ ဦးမြင့်မောင်ကျော်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

မတ်လ ၂ ရက်နေ့မှာ ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်မှာ မိတ်ဆက်ပွဲ အခမ်းအနားပြုလုပ်မှာဖြစ်ပြီး ဒီအခမ်းအနားမှာတော့ ဆရာမြင့်မိုးအောင်က ပျောက်ကွယ်လုနီးပါး၊ ပျက်စီးလုနီးပါးဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ ရိုးရာဂီတများကို တင်ဆက်ပြသမှာဖြစ်ပြီး ပြပွဲခန်းမမှာတော့ ရှေးဟောင်းအနုပညာပစ္စည်းများ၊ အနုပညာလက်ရာများနဲ့ ပန်းချီကားများကို ပြသသွားမှာ ဖြစ်ပါတယ်။

“မြန်မာနိုင်ငံအတွင်းက တောင်ပေါ်မှာနေတဲ့ လူကော၊ မြေပြန့်မှာနေတဲ့ လူကော တိုင်းပြည်ရဲ့ အမွေအနှစ်တွေကို ပိုင်ဆိုင်တာဖြစ်လို့ ‘အမွေ’ဆိုတဲ့ ခေါင်းစဉ်ပေးဖြစ်တာပါ” လို့လည်း ဦးမြင့်မောင်ကျော်က ပြောပါတယ်။

ပြပွဲမှာ ပြသထားတဲ့ လက်ရာများကို စီးပွားရေးအရ ရောင်းချမှာ မဟုတ်ပေမယ့် အမြတ်တနိုး သိမ်းထားချင်တယ်၊ စောင့် ရှောက်ချင်တယ်ဆိုရင် တော့ ရောင်းပေးမယ်လို့လည်း ပြောပါတယ်။

‘ဈေးနှုန်းကတော့ စီးပွားရေးအရ ရောင်းတာမဟုတ်တော့ မသတ်မှတ်ထားရသေးပါဘူး”လို့သူကဆိုပါတယ်။■



အဝေရာ လူမှုကွန်ရက်ရန်ပုံငွေအတွက် ‘ငွေသောင်ယံစာပေဆွေးနွေးပွဲ’ ကျင်းပ

ဇွန်ပန်းပွင့်

ချောင်းတွေ ပတ်လည်ဝိုင်းနေတဲ့ မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်မှာရှိတဲ့ ဒေသခံတွေရဲ့ နာရေးနဲ့ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ငွေကြေးအကူအညီပေးဖို့ ရန်ပုံငွေစာပေဆွေးနွေးပွဲကို ဝိုလ်တထောင်ဘုရားလမ်းနဲ့ အနော်ရထာလမ်းထောင့်မှာ ရှိတဲ့ Orchid ဟိုတယ်မှာ ဖေဖော်ဝါရီ ၂၆ ရက်နေ့က ကျင်းပခဲ့ပါတယ်။

ပွဲကို ‘ငွေသောင်ယံ စာပေဆွေးနွေးပွဲ’လို့ အမည်ပေးထားပြီး ပို့စ်မော်ဒန် စာရေးဆရာ ဇော်ဇော်အောင်က (Postmodernism ၊ Postmarxism နှင့် Society) အကြောင်းကို ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။

၁၉၉၆ ခုနှစ်မှာ ပို့စ်မော်ဒန် အကြောင်းကို သရဖူပဝဂ္ဂငင်းမှာ ပထမဆုံးစပြီး ရေးခဲ့တဲ့ ဆရာဇော်ဇော်အောင်က ပို့စ်မော်ဒန်ရဲ့ ဗဟိုချက်ကို ငြင်းပယ်တဲ့ အယူအဆနဲ့ ဗဟုဝါဒ(ဘာမှ မဟုတ်ခြင်းနှင့် အကုန်လုံးကို မျှပေးခြင်း)ဆိုတဲ့ အချက်နှစ်ချက်ကြောင့် ပို့စ်မော်ဒန်ကို သဘောကျတယ်လို့ပြောပြီး ဆွေးနွေးပွဲကို စတင်ခဲ့ပါတယ်။

“ကျွန်တော် ပို့စ်မော်ဒန်ဆောင်းပါးကို ပထမဆုံး စရေးတုန်းက စစ်အုပ်ချုပ်ရေးက အထွဋ်အထိတ်ကို ရောက်နေတဲ့ အချိန်ပါ။ အိမ်နီးချင်းကြက်ကို ခိုးပြီး ကျက်နန ချက်ပြီး မစားသေးဘဲ ထားခဲ့တယ်။ အပြင်ကပြန်လာတော့ သူဖွက်ထားတဲ့ ကြက်သားဟင်းအိုးထဲမှာ အရိုးချည်းပဲ ကျန်တယ်။ အဲဒီအခါမှာ သူက အရမ်းဒေါသပွါးပြီး ငါဟာ့ဂျုပြုထားတဲ့ ဟာ့ဂက်ကို ဘယ်ဟာ့ဂါက ဟာ့ဂျုပြုသွားလဲလို့ ပြောလိုက်တယ်။ ဒါဟာ ဗဟိုချက်ကို ငြင်းပယ်တဲ့ဆိုတဲ့ ပို့စ်မော်ဒန်ရဲ့ အယူအဆနဲ့ ရေးထားတာပါ။ စစ်အစိုးရကို ဆန့်ကျင်တယ်၊ တစ်ပါတီစနစ်ကို ဆန့်ကျင်တယ်ဆိုရင် အဲဒီအချိန်က မပြောရဲဘူး။ ဒါကြောင့် တစ်နည်း သွယ်ဝိုက်ပြီး ပြောလို့ရမယ့် ပို့စ်မော်ဒန်အယူအဆကို တင်သွင်းခဲ့ပါတယ်” လို့ ဆရာဇော်ဇော်အောင်က အခမ်းအနားမှာ ပြောသွားခဲ့ပါတယ်။

အဝေရာ လူမှုကွန်ရက်ကို ပေါက်မြို့နယ်မှာရှိတဲ့ လူငယ် ၅၀ ခန့်က စုစည်းပြီး ၂၀၁၁ နိုဝင်ဘာမှာ ဖွဲ့စည်းထားပါတယ်။ အဖွဲ့ရဲ့မတည်ဒွေအဖြစ် အဖွဲ့ဝင်တစ်ယောက်ကို တစ်လ ကျပ် ၅,၀၀၀ ကောက်ခံပြီး မြို့နယ်အတွင်းရှိ ဒေသခံ



ငွေသောင်ယံစာပေဆွေးနွေးပွဲတွင် စာရေးဆရာ ဇော်ဇော်အောင်က ပို့စ်မော်ဒန် အရေးအသားအကြောင်းကို ဆွေးနွေးနေစဉ်။ ဓာတ်ပုံ-အောင်ဌေးလှိုင်

တွေအတွက် နာရေးကိစ္စအဝဝ ပြီးဆုံးတဲ့အထိ တာဝန်ယူ ကူညီပေးပါတယ်။ တစ်နှစ်ကို နာရေးကိစ္စပေါင်း ၇၀ ကျော် တာဝန်ယူရပါတယ်။

“သူတို့မှာ ငွေကြေးက မလောက်ငတဲ့အထဲ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ နာရေးကလည်း ကြုံရပြန်သေးတယ်။ သူတို့မှာ ပြင်ပက အကူအညီကိုပဲ မှီခိုနေရပါတယ်။ သူတို့မှာ လတ်တလော လူနာတင်ယာဉ်တစ်စီး လိုအပ်နေပါတယ်” လို့ စာရေးဆရာ မင်းခိုက်စိုးစန်က အခမ်းအနားမှာ ပြောပြသွားခဲ့ပါတယ်။

“ပခုက္ကူ မြို့ကနေဆို မိုင် ၄၀ ကျော်ဝေးတဲ့ ပေါက်မြို့နယ်ဟာ ခရီးသွားရတာ လွယ်လင့်တကူ မရှိလှပါဘူး။ မီးရာသီမှာဆို တောင်ကျချောင်းတွေက ရေကြီးပါတယ်”လို့မင်းခိုက်စိုးစန်ကဆိုပါတယ်။

ပေါက်မြို့နယ်က ဒေသခံတွေကို အကူညီပေးချင်တယ်ဆိုရင် အဝေရာ လူမှုကွန်ရက်အဖွဲ့ ဖုန်း-၀၆၂ ၄၅၁၁၉ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■

နိုင်ငံတကာအလှမယ်ပြိုင်ပွဲတွေဆီခြေလှမ်းနိုင်ခဲ့...

စာမျက်နှာ ၄၁ မှ

မှုတွေ ပိုတွေ့ရပါတယ်”လို့ဆိုပါတယ်။

“ဗဟုသုတပိုင်းမှာ ဒီနှစ်ပြိုင်ပွဲဝင်တွေ အားနည်းကြတယ်ဆိုတာက မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမဲ့ တချို့ ပြိုင်ပွဲဝင်တွေက ပြိုင်ပွဲအတွေ့အကြုံ နည်းကြတော့ စင်မြင့်ကိုကြောက်ကြတာ လည်းပါပါတယ်။ ပထမ၊ ဒုတိယနဲ့ တတိယရတဲ့ မစ္စတွေကတော့ ပြိုင်ပွဲပြီးတာနဲ့ လေ့လာလေ့ကျင့်မှုတွေ အများကြီး ဆက်လုပ်ရတော့မှာပါ” လို့လည်း ပြောပါတယ်။

“တစ်နှစ်ထက်တစ်နှစ် ပိုကောင်းအောင် စီစဉ်သွားကြမှာပါ။ နောက်နှစ်ဆိုရင်တော့ အခုနှစ်ထက်ပိုပြီး ပြိုင်ပွဲဝင်ချင်တဲ့သူတွေ၊ ယှဉ်ပြိုင်ရဲတဲ့သူတွေ၊ ဒီထက်ပိုများလာဖို့ မျှော်လင့်ပါတယ်” လို့လည်း သူက ပြောပါတယ်။

“အရည်အချင်းပိုင်းကိုလည်း အများကြီး စစ်ပြီး မြန်မာနိုင်ငံရဲ့ အကြီးဆုံး မစ္စပြိုင်ပွဲလည်း ဖြစ်တယ်။ နိုင်ငံတကာ ပြိုင်ပွဲကိုလည်း လျှောက်လှမ်းနိုင်ဖို့ အခွင့်အရေးလည်း ပေးနိုင်တဲ့ ပွဲလည်း ဖြစ်တဲ့အတွက် ဒီပွဲမှာ မစ္စဆုကိုရတာ အရမ်း ဂုဏ်ယူတယ်။ အရင်က ပြိုင်ပွဲတွေမှာ မစ္စဆုကိုတစ်ခါမှ မရခဲ့ဖူးပေမယ့် ဒီလိုပြိုင်ပွဲကြီးမှာ မစ္စဆုကို ရလိုက်တော့ အရမ်းဂုဏ်ယူပါတယ်” လို့ မစ္စဆုကို ဆွတ်ခူးရရှိခဲ့တဲ့ မဂုဏ်ရည်အေးကျော်က မြန်မာတိုင်း(မ်)ကို ပြောပါတယ်။

“ပထမဆုံး မေးခွန်းဖြေပြီးတဲ့အချိန်မှာ အောက်ကပရိသတ်ကလည်း အရမ်းအားပေးတော့ ယုံကြည်မှုပိုတိုးလာတယ်။ စလျှောက်တုန်းကတော့ နည်းနည်းမိုးရိမ်တာမျိုးတော့ ဖြစ်မိတယ်” လို့ သူ့ရဲ့ ပြိုင်ပွဲအတွေ့အကြုံကို ပြောပါတယ်။

နိုင်ငံတကာပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ဖို့အတွက်ကတော့ ခုထိဘာမှ မသိရသေးဘူးလို့ဆိုတဲ့ မဂုဏ်ရည်အေးကျော် (မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၃)ကတော့ တကယ်လို့နိုင်ငံတကာ ပြိုင်ပွဲမှာ ဝင်ပြိုင်ခွင့်ရမယ်ဆိုရင် ပြင်ဆင်ရမယ့်အပိုင်းတွေ အများကြီးရှိပေမယ့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတော့ရှိတယ်လို့ ပြောပါတယ်။

“ဒီမှာ ပြိုင်ရတဲ့ ပြိုင်ပွဲတွေနဲ့တော့ အများကြီးကွာမှာဆိုတော့ ပြင်ဆင်သွားရမယ့်အပိုင်းတွေ အများကြီးပါ။ အဓိကတော့ အင်္ဂလိပ်စကားကို ထပ်လုပ်ရဦးမယ်။ ပြီးတော့ ကိုယ်ပိုင်စွမ်းရည်တွေကိုလည်း ထပ်ပြီး ပိုင်ပိုင်နိုင်နိုင် ပြန်ိုင်ဖို့ ထပ်လေ့ကျင့်ရမှာပါ။ ဒါပေမဲ့ သွားပြိုင်ရမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတော့ရှိတယ်”လို့ပြောပါတယ်။

မစ္စမြန်မာအင်တာနေရှင်နယ် ၂၀၁၃ ကို ဆွတ်ခူးရရှိသူကတော့ ဂုဏ်ရည်အေးကျော်ဖြစ်ပြီး ဒုတိယဆုကိုတော့ မဇွန်သံစဉ်က ရရှိခဲ့ပြီး တတိယဆုကိုတော့ မဆွီတီကိုက ရရှိခဲ့ပါတယ်။ ■

AIR KBZ
FLYING BEYOND EXPECTATIONS

Congratulations

Our heartfelt congratulations to the Air Kanbawza Limited (AIR KBZ) for the success of the signing of Component Support for 4 ATR 72-500 aircraft from Air France Industries which was taken place on 23 October 2012 in France. This component support cooperation is the first ever undertaken by Air France Industries to Myanmar domestic aviation and will greatly improve the safety standard of the AIR KBZ operationactivities in the future.

Saw Lu Lu Htaw
Representative for Myanmar
Air France Industries Limited

AIRFRANCE INDUSTRIES KLM Engineering & Maintenance

MAI
Myanmar Airways International

Congratulations

Our heartfelt congratulations to the Myanmar Airways International (MAI) for the success of the signing of Component Support, training of engineers and the development of the human resources, for all airbus A320 aircraft type from Air France Industries, which was taken place during 3rd Quarter of 2012 in France.
This component support cooperation is the first ever undertaken by Air France Industries to Myanmar aviation and will greatly improve the safety and services standard of the Myanmar Airways International (MAI)operation activities in the future.

Saw Lu Lu Htaw
Representative for Myanmar
Air France Industries Limited

AIRFRANCE INDUSTRIES KLM Engineering & Maintenance

သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားဖို့ သတင်းပါးခဲ့တဲ့ 'သယံဇာတကျိန်စာ'အနုပညာပြပွဲကျင်းပ



သယံဇာတကျိန်စာအနုပညာပြပွဲတွင် တွေ့ရသော ကာတွန်းလက်ရာ။ ဓာတ်ပုံ - လွင်မာထွန်း

လွင်မာထွန်း

မြန်မာနိုင်ငံမှာ လက်ရှိကြုံတွေ့နေရတဲ့ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ ဆက်နွယ်နေတဲ့ ရိုက်ခတ်မှုတွေကို ထင်ဟပ်ပြသခဲ့တဲ့ 'သယံဇာတကျိန်စာ'ဆိုတဲ့ ဓာတ်ပုံနဲ့ ကာတွန်းပြပွဲလေးကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့ထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်မှာ ပြုလုပ်ခဲ့ပါတယ်။

ဓာတ်ပုံဆရာ သုံးယောက်၊ ကာတွန်းဆရာ ငါးယောက်နဲ့ ဒီဇိုင်းဆရာ နှစ်ယောက်တို့ ပါဝင်ပြသခဲ့တဲ့ ပွဲလေးမှာ အနုပညာအားလုံးပေါင်း ၉၈ ကား ပြသခဲ့ပါတယ်။

"ကျွန်းသစ်တစ်ပင်ကို ခုတ်လိုက်ပြီး ပြန်စိုက်လို့ရတယ်။ တောင်တစ်လုံးကိုတော့ ဖြိုပြီး ပြန်လုပ်လို့မရဘူး။ ပြီးတော့ သဘာဝသယံဇာတ ဆိုတာတွေကလည်း နှစ်ပေါင်းအရမ်းကြာပြီးမှ ဖြစ်လာတာမျိုးလေ။ အဲ့ဒါတွေကိုတစ်နေ့တည်း၊ တစ်လတည်းနဲ့ ရောင်းစားလို့ရတယ်။ ဒါပေမဲ့ ဘယ်အချိန် အဲဒါတွေ ပြန်ဖြစ်လာမလဲ၊ ဖြစ်ကောဖြစ်လာဦးမှာလားဆိုတဲ့အနေနဲ့ ဒီခေါင်းစဉ်လေးပေးဖြစ်တယ်။ အဲဒါကလည်း ကျွန်တော့် စကားလုံး မဟုတ်ပါဘူး။ နိုင်ငံတကာမှာ သုံးနေတာလေးပါ။ ကြိုက်လို့ယူသုံးလိုက်တာပါ"လို့ပွဲစီစဉ်သူလည်းဖြစ်ပြီး ဓာတ်ပုံဆရာတစ်ဦးလည်းဖြစ်တဲ့ ဦးစိုးဝင်းငြိမ်းက မြန်မာတိုင်း(မ်)ကိုပြောပါတယ်။

ပြပွဲမှာ ပြသထားတဲ့လက်ရာအများစုဟာ အခုလက်ရှိ အငြင်းပွားမှုတွေဖြစ်နေတဲ့ လက်ပံတောင်းတောင်နဲ့ ပတ်သက်တဲ့ပုံများဖြစ်ပြီး ပြပွဲအတွက် ဓာတ်ပုံတွေကို လက်ပံတောင်းတောင်မှာ လွန်ခဲ့တဲ့တစ်လကျော်ကတည်းကစပြီး သွားရောက်လေ့လာ ရိုက်ကူးခဲ့တယ်လို့လည်း သူက ပြောပါတယ်။

"အဲလိုမျိုး တောင်တွေ ဖြိုလိုက်တယ်၊ အနီးနားကရွာတွေ ဖျက်သိမ်းလိုက်တဲ့ အခါအဲဒီနေရာမှာ နေထိုင်ကြတဲ့အဓိကတော့ လယ်သမားတွေပေါ့၊ သူတို့ရဲ့ဘဝ ဘယ်လိုရှေ့ဆက်ကြမလဲ။ အခုလက်ရှိ သူတို့ရင်ဆိုင်နေရတဲ့ ဘဝနေထိုင်မှုပြဿနာ၊ ကျန်းမာရေးထိခိုက်မှုနဲ့ ပြီးတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတွေကို ပြသနာတွေကို ဒီရန်ကုန်မှာရှိတဲ့လူတွေကို သိစေချင်လို့ဒီပွဲလေးကိုလုပ်ရတာပါ" လို့ ဦးဝင်းငြိမ်းက ပြောပြခဲ့ပါတယ်။

"ကာတွန်းတွေက ပိုပြီး ထိရောက်တယ်။ ဆိုလိုတဲ့ အကြောင်းအရာကို တိုက်ရိုက်ဖော်ပြထားတယ်။ ဓာတ်ပုံကတော့ အခုလက်ရှိ ဟိုမှာဖြစ်နေတဲ့ ဖြစ်ရပ်တွေကို မြင်နိုင်တယ်" လို့ ပြပွဲလာကြည့်သူတစ်ဦးက ပြောပါတယ်။

သုံးရက်ကြာ ပြုလုပ်ခဲ့တဲ့ ပြပွဲက ဓာတ်ပုံ၊ ကာတွန်းတွေအားလုံးကို ရောင်းချရန် အတွက်မဟုတ်ဘဲ ပွဲကြည့်သူများ သိစေရုံသက်သက် ပြသခဲ့တာဖြစ်ပြီး နောက်လမှာလည်း မန္တလေးမြို့မှာ ဒီအကြောင်းအရာကို ပြပွဲထပ်လုပ်ဦးမယ်လို့ ဦးစိုးဝင်းငြိမ်းကဆိုပါတယ်။ ■

နှစ်ပေါင်း ၂၅ နှစ်ကြာပြီးနောက် ပရိသတ်အတွက် မြပုဏ္ဏမာအငြိမ့် ပြန်လာပြီ

လွင်မာထွန်း

ပရိသတ်နဲ့ ၂၅ နှစ်ကြာ ကင်းကွာနေတဲ့ မြပုဏ္ဏမာအဖွဲ့ဟာ သီးလေးသီးအဖွဲ့နဲ့ နှစ်ဖွဲ့ပေါင်းပြီး မတ်လ ၂၇ ရက်နေ့မှာ ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်မှာ ကပြဖျော်ဖြေသွားမယ်လို့ ဖေဖော်ဝါရီ ၁၉ ရက်နေ့က စာနယ်ဇင်းအသိပေးပွဲ လုပ်ခဲ့ပါတယ်။

'ပြည်သူ့အငြိမ့်သဘင်'ဆိုတဲ့ နာမည်နဲ့ ကျင်းပမယ့် အဲဒီအငြိမ့်ပွဲလေး ဖြစ်မြောက်အောင် Bo Bo Entertainment က စီစဉ်ပံ့ပိုးတာဖြစ်ပြီး အနုပညာတင်ဆက်မှုတွေကို ဇာဂနာက စုစည်းတင်ပြမှာဖြစ်တယ်လို့ သိရပါတယ်။

"ပြည်သူတွေနဲ့ တစ်သားတည်း ဖြစ်တယ်လို့ ခံယူထားပြီး ပြည်သူမုန်းရင် ကျွန်တော်တို့လည်း မုန်းပြီး ပြည်သူချစ်ရင် ကျွန်တော်တို့လည်း ချစ်မယ်ဆိုတဲ့ မြပုဏ္ဏမာရဲ့မူအတိုင်း ပရိသတ်နဲ့ ပြန်လည်ထိတွေ့ဖို့ ပြန်ရောက်လာပါပြီ"လို့ လူရွှင်တော် ဇာဂနာက ပြောပြခဲ့ပါတယ်။

တစ်မူကွဲပြားတဲ့ ဒီအငြိမ့်သဘင်ဟာ စီစဉ်သူတစ်ဦးအနေနဲ့ လုပ်ဆောင်ချင်ခဲ့တာ ကြာပြီဖြစ်တဲ့ ပုံရိပ်တစ်ခုလည်း ဖြစ်တယ်လို့ Bo Bo Entertainment မှ ကိုဘိုစန်းက ဆိုပါတယ်။

"ကျွန်တော်က ထူးခြားတာတွေ လုပ်ရတာ သဘောကျတယ်လေ။ ပြီးတော့ ကိုဇာဂနာဆိုတာ ကျွန်တော်လေးစားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လို့ သူနဲ့ ဒီလိုပွဲလေးလုပ်ချင်ပြီး ကမ်းလှမ်းထားတာကြာပါပြီ။ အခုမှ သူ့ဘက်ကလည်း လုပ်မယ်ကွာဆိုပြီး ကျွန်တော်တို့ စီစဉ်ဖြစ်သွားတယ်" လို့ ပြောပါတယ်။

ထူးခြားတဲ့ရသတွေ ပေးနိုင်ဖို့ စီစဉ်ထားတာဖြစ်လို့ လာကြည့်တဲ့ပရိသတ်စိတ်ပျက်ပြီး ပြန်သွားစရာမလိုမှာကို အာမခံတယ်လို့လည်း သူက ပြောပြခဲ့ပါတယ်။

"မြပုဏ္ဏမာအဖွဲ့သား အကုန်လုံးက ဆန္ဒရှိတယ်ဆိုတာနဲ့ လုပ်ဖြစ်သွားတာပါ။ ကိုယ့်မျိုးဆက်သစ်တွေနဲ့အတူ ကရမ္ဘာကိုလည်း ပျော်တယ်။ ရှေ့က စီနီယာတွေအနေနဲ့ အခုလိုမျိုးပညာတွေ လက်ဆင့်ကမ်းနိုင်တဲ့အတွက်ကော ပျော်လို့ ပါဝင်ဖြစ်တယ်" လို့ မြပုဏ္ဏမာအဖွဲ့သားတစ်ဦးဖြစ်တဲ့ လူရွှင်တော်အရိုင်းက ပြောပါတယ်။

ဒီပွဲမှာ အနုပညာတွေကို ပိုပြီးကြိုးစားအားထုတ်ထားပြီး လိုအပ်တာများ ရှိခဲ့ရင် ကြည့်ရှုသူ ပရိသတ်များအားလုံးက ထောက်ပြ၊ ဝေဖန်၊ အကြံပေးကြပါလို့ ဆိုပါတယ်။

"ကျွန်တော်တို့ကလည်း တိုင်းပြည်ရဲ့ လိုအပ်နေတာလေးတွေကို တစ်ဖက်တစ်လမ်းက ထောက်ပြနေတာပါ" လို့ လည်း အရိုင်းက ပြောပါတယ်။

ပွဲနာမည်နဲ့ ပတ်သက်ပြီးတော့လည်း အနုပညာသမားတွေဟာ ကိုယ့်ကိုယ် ကိုယ် မပိုင်ဘဲပြည်သူတွေကသာ ပိုင်တာဖြစ်တာကြောင့် 'ပြည်သူ့အငြိမ့်သဘင်' လို့ နာမည်ပေးဖြစ်ခဲ့တယ်လို့ အရိုင်းက ပြောပါတယ်။

ပွဲမှာ သာမန်အငြိမ့်ပုံစံနဲ့ ကွဲပြားအောင် မြန်မာ့ဓိုးရာဆိုင်းပိုင်းနဲ့ မဟုတ်ဘဲ အနောက်တိုင်းသံစုံတီးဝိုင်းနဲ့ ကပြဖျော်ဖြေသွားမှာဖြစ်ပြီး တိုင်းရင်းသားအကများလည်း ပါဝင်မှာဖြစ်တယ်လို့ သူက ပြောပြခဲ့ပါတယ်။

"ကျွန်တော်တို့ အရင် ၁၉၈၃ ခုနှစ်မှာ မိုးနတ်သူဇာဆိုတဲ့ နာမည်နဲ့ ကပြဖျော်ဖြေခဲ့တော့ ကျွန်တော်တို့ကို တစ်နိုင်ငံလုံးက ပညာရှင်တွေအပါအဝင် အကုန်လုံးက လမ်းဘေးအဖွဲ့လို့ ဝေဖန်ကြပါတယ်။ ဒါပေမဲ့ အဲဒီအငြိမ့်ပုံစံက အခုလက်ရှိ မနေညအထိ မြန်မာနိုင်ငံမှာ အကုန်လုံးက မြန်မာ့အငြိမ့်ဆိုပြီး ကပြနေတဲ့ ပုံစံအသစ်ကြီး ဖြစ်ပါတယ်။ အခုလည်း အားလုံး မမြင်ဖူးသေးတဲ့ နောက်ထပ်ပုံစံအသစ်ကို တင်ဆက်သွားမှာပါ" လို့ ဇာဂနာက ပြောပြခဲ့ပါတယ်။

မြပုဏ္ဏမာအဖွဲ့ကို ၁၉၈၅ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး ၁၉၈၈ ခုနှစ်မတ်လမှာ နောက်ဆုံးဖျော်ဖြေခဲ့ပါတယ်။ နောက်ပိုင်း ခေါင်းဆောင်ဖြစ်တဲ့ ဇာဂနာနိုင်ငံရေးအကျဉ်းသားဘဝ ရောက်သွားတာကြောင့် ပရိသတ်နဲ့ ၂၅ နှစ်ကြာကင်းကွာနေခဲ့ရာက လာမယ့်မတ်လ ၂၇ ရက်နေ့မှာ ပြန်လည်ဖျော်ဖြေခွင့်ရတာဖြစ်ပါတယ်။

ပြည်သူ့အငြိမ့်သဘင်အတွက် လက်မှတ်ဈေးနှုန်းများကိုတော့ ကျပ် ၂၀,၀၀၀၊ ၁၅,၀၀၀နဲ့ ၆,၀၀၀ လို့ သတ်မှတ်ထားပါတယ်။ ■





၂၀၁၃ အော်စကာညရဲ့ ကော်ဇောနီပေါ်က အကောင်းဆုံးဝတ်စုံများ

၂၀၁၃ အော်စကာညမှာ ဂျက်ဆီကာ ချက်စ်တိန်း၊ အန်းဟက်သာဝေး၊ အမန် ဒါဆေးဖရိုင်းဒ်နဲ့ တခြားသရုပ်ဆောင် ပေါင်းများစွာ ကော်ဇောနီပေါ်ဝင့်ဝင့်ကြွားကြား လျှောက်လှမ်းလာကြရာမှာ ဘယ်သူတွေက အကောင်းဆုံးဝတ်စုံနဲ့ စတိုင်မိနေသလဲဆိုတာ ကြည့်လိုက်ကြရအောင် ....

(၁) ဆံပင်ခွေခွေလေးတွေကို ဘီးကုပ်လေးနဲ့ အပေါ်သိမ်းတင်ထားပြီး နက်ပြာရောင် ဂါဝန်ကားကားလေးကို ဆင်မြန်းကာ (သူ့ရဲ့ခွေးလေး ဆမ်မီရဲ့အမည်ကို ပေးထားတဲ့) ခွေးပုံလက်ကိုင်အိတ်လေးပိုက်ပြီး ချစ်စဖွယ် ပွဲတက်လာတာကတော့ ကိုးနှစ်သမီးလေး Quvenzhane Wallisပဲ ဖြစ်ပါတယ်။


(၁)

(၂) Zero Dark Thirty ဇာတ်ကားအတွက် အော်စကာဆု ဆန်ခါတင်စာရင်းဝင် ဂျက်ဆီကာ ချက်စ်တိန်းကတော့ Armani Prive ရဲ့ ခရမ်းစတယ် ကျောက်တွေစီထားတဲ့ အသားရောင် ပခုံးဖော် ဂါဝန်နဲ့ ဂန္ဓဝင်ဆန်ဆန် ချစ်စရာကောင်းအောင် လှပနေပါတယ်။ သူ့ရဲ့ ရွှေနီရောင် ဆံပင်ရှည်ကို ပခုံးပေါ်မှာပုံပုံလေး ချထားပုံက သိမ်သိမ်မွေ့မွေ့ရှိလှပြီး ဝတ်စုံကလည်း အပြစ်ပြောစရာမရှိပါဘူး။


(၂)


(၃)

(၃) အက်ဒဲလ်ကတော့ အော်စကာညမှာ သူ့ရဲ့ အသားအရေတွေကို သိပ်ဖော်မပြထားပါဘူး။ ဒါပေမဲ့ ဗြိတိန်ဒီဇိုင်နာ ဂျက်နီပက်ဟမ်ရဲ့ (၁၆ ကီလိုဂရမ်လေးတဲ့) မျက်စိကျိန်းလောက်အောင် တလက်လက်တောက်ပနေတဲ့ ဂါဝန်ရှည် ခိုးရိုးလေးနဲ့ လိုက်ဖက်စွာ လှပနေပါတယ်။


(၈)

(၄) The Master ဇာတ်ကားအတွက် အော်စကာဆု အဆိုပြုခံထားရတဲ့ ရွှေနီရောင်ဆံပင်ပိုင်ရှင် အေမီအက်ဒမ်ကတော့ နုဖတ်ကြွရွနေတဲ့ အပြာနုရောင် ဂါဝန်ရှည်လေးနဲ့ နတ်သမီးလေးလို လှနေပါတယ်။ ဆံပင်ကိုလည်း ခပ်လျော့လျော့လေး ထုံးထားတဲ့ သူ့ပုံစံက အရမ်းကို မိန်းမဆန်ပြီး တော်တော်လေး လှပါတယ်။



(၉)

(၅) နစ်ကိုးလ်ကစ်ဒ်မင်းကတော့ L' Wren Scott ဖန်တီးပေးထားတဲ့ အနက်ရောင်နဲ့ ရွှေရောင်စပ်ထားတဲ့ ဂါဝန်ရှည်လေးနဲ့ ရှင်းပြစရာမလို အောင် အရမ်းကို လှပနေပါတယ်။


(၆)

(၆) အန်းဟက်သာဝေးကတော့ Prada ရဲ့လက်ရာ ပန်းနုရောင်ဖျော့ဖျော့ ကျောပြောင် ဖဲဂါဝန်ပျော့လေးနဲ့ အံ့သြစရာကောင်းလောက်အောင် နုနုနယ်နယ်နဲ့ လှပနေပါတယ်။ ဂါဝန်လေးရဲ့ လည်ပင်းပုံက လေးထောင့်ပုံခပ်ကပ်ကပ်လေးဖြစ်ပြီး လည်တိုင်ကြော့ကြော့လေးမှာ နာမည်ကြီး ရတနာဆိုင် Tiffanyက လည်ဆွဲလေး ဆွဲထားပါတယ်။ မိန်းမဆန်လှတဲ့ ဒီဝတ်စုံလေးက သူ့ရဲ့ယောကျ်ားလေးပုံ ဆံပင်တိုကပ်ကပ်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေပေမယ့် မြင်ရတဲ့သူ စိတ်လှုပ်ရှားစရာကောင်းလောက်အောင် လှပနေပါတယ်။

(၇) Impossible ဇာတ်ကားအတွက် အော်စကာအဆိုပြုခံထားရတဲ့ နာအိုမီဝပ်စ်ကတော့ Armani ရဲ့လက်ရာ ခဲသတ္တုစပ်ရောင် ဝတ်စုံနဲ့ ငေးယူရလောက်အောင် လှပနေပါတယ်။ ချပ်ချပ်ရဲရဲရှိလှတဲ့ သူ့ဝတ်စုံရဲ့ ထူးခြားချက်ကတော့ ရင်ဘတ်အပေါ်ပိုင်း ပခုံးတစ်ဖက်ဖော်ထားတဲ့ပုံပါ။


(၇)

(၇) Django Unchained ဇာတ်ကားက သရုပ်ဆောင်ကယ်ရီဝါရှင်တန်ကတော့ Miu Miu ရဲ့ လက်ရာဖြစ်တဲ့ အပေါ်ပိုင်းမှာ ကျောက်တွေနဲ့ အလှဆင်ထားတဲ့ အနီရောင် ပခုံးဖော် ဂါဝန်ရှည်နဲ့ ထူးထူးခြားခြားလှပနေပါတယ်။ သူ့ရဲ့ဝတ်စုံကတော့ အရမ်းစတိုင်ကျပြီး ရတနာကျောက်တွေနဲ့ လင်းလက် တောက်ပနေပါတယ်။


(၆)




(၈) ကိုးနှစ်သမီးလေး Quvenzhane Wallis ရဲ့ ဝတ်စုံကတော့ ဒီဇိုင်နာ Marchesa ရဲ့ ဒီဇိုင်းလေးပါ။ ပန်းရောင်ပန်းနုရောင်တွေ ရောနှောထားတဲ့ ဂါဝန်ရှည်လေးကို ခါးမှာ ကြယ်သီးတွေနဲ့ ပိတ်ထားပြီး ဆံပင်ကို ဘေးစောင်းလေး ထုံးထားတာ ချစ်စရာလေး ဖြစ်နေပါတယ်။

(၉) ဂျင်မီချူးရဲ့ဖိနပ်နဲ့ Roberto Cavalli ရဲ့လက်ရာ ခပ်မြင့်မြင့် ခွဲထားတဲ့ အပြာရောင်ဂါဝန်ရှည် တွဲဖက်ဝတ်ဆင်ထားပြီး နဖူးမှာဆံပင်အတိုချထားတဲ့ ဂျနီဖာဟူဒ်ဆန်ကတော့ အော်စကာညမှာ လင်းလက်တောက်ပနေပါတယ်။

(၆)

(၁၀) ဂျင်နီဖာ လော်ပက်ဇ်ကတော့ Elie Saab ရဲ့ ဝတ်စုံလေးကို ဝတ်ဆင်ထားပြီး ဆံပင်ကို ဘေးစောင်းလေး ထုံးထားတာ ချစ်စရာလေး ဖြစ်နေပါတယ်။

(METRO)
သီရိမင်းထွန်း ဘာသာပြန်သည်။



မီးနိုးရောင် တက်စီဒိုဝတ်စုံနဲ့ အော်စကာပွဲတက်လာတဲ့ ဂျင်မီဖောက်ခ်

အရောင်အသွေးစုံလင်လာတဲ့ အမျိုးသားအော်စကာဖက်ရှင်

တနင်္ဂနွေနေ့ညက ကျင်းပခဲ့တဲ့ ၈၅ ကြိမ်မြောက်အကယ်ဒမီပွဲရဲ့ ကော်ဇောနီပေါ်မှာ အမျိုးသားတွေလည်း အမျိုးသမီးတွေလို အရောင်အသွေး စုံလင်စွာနဲ့ ပွဲတက်လာကြလိမ့်မယ်လို့ ဘယ်သူမှ ထင်ထားကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အော်စကာညမှာ အမျိုးသားတချို့ဟာ အများနဲ့မတူ တစ်မူထူးခြားနေရအောင် သူစိတ်ကြိုက်အရောင်နဲ့ တက်စီဒိုညနေခင်း ပွဲတက်ဝတ်စုံတွေ ဆင်မြန်းပြီး ကြော့ကြော့မော့မော့ ပွဲတက်လာတာကို တွေ့ရပါတယ်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကို အိမ်သယ်သွားနိုင်ခဲ့တဲ့ ဒယ်နီယယ် ဒေးလူးဝစ် ကတော့ Domenico Vacca ရဲ့ ကုတ်ကော်လာအဝိုင်းပုံချုပ်ထားတဲ့ နက်ပြာရောင် တက်စီ ဒိုဝတ်စုံကို ရွှေချယ်ဝတ်ဆင်လာခဲ့ပါတယ်။ ဒီအရောင်ကတော့ အနက်ရောင် တက်စီဒိုဝတ်စုံတွေကြား တခြားသူတွေနဲ့ ကွဲကွဲပြားပြား ဖြစ်စေလောက်တဲ့ အရောင်ပါ။


ကံကြမ္မာက ဖန်လာတော့ သူလိုပဲ နက်ပြာရောင်ကို ရွှေချယ်လာတဲ့ပွဲတက် နှစ်ယောက်စလုံး ကံမကောင်းဘူးလို့ မင်းသား နောက်တစ်ယောက် ရှိနေပါသေးတယ်။ သူကတော့ အကောင်းဆုံး ဇာတ်ပို့ဆုရ Christoph Waltz ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ တက်စီဒိုဝတ်စုံကတော့ Pradaရဲ့ ကြယ်သီးနှစ်လုံးတပ် ကုတ်ကော်လာအဝိုင်းပုံ ဝတ်စုံပါ။ အနက်ရောင်နဲ့ တအားကွဲနေတဲ့အရောင် မျိုးမဟုတ်တဲ့ နက်ပြာရောင်ကို ရွှေချယ်တတ်တဲ့သူကိုလည်း ဝတ်တတ်စားတတ်တဲ့သူလို့ ပြောလို့ရပါတယ်။

သူများထက် ထူးခြားချင်တဲ့ သူတို့ နှစ်ယောက်စလုံး ကံမကောင်းဘူးလို့ ပြောရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ Jamie Foxxက အထက်ကို ချွန်တက်နေတဲ့ ကုတ်ကော်လာပုံစံနဲ့ မီးခိုးရောင် တက်စီဒိုဝတ်စုံကို ရွေးချယ်ဝတ်ဆင်လာလို့ပါ။ ဒါပေမဲ့ အနက်ရောင်ရှပ်၊ အနက်ရောင် ဘိုးတိုင်နဲ့ တွဲဝတ်မလာဘူးဆိုရင်တော့ သူ့ရဲ့ အရောင်ရွေးချယ်မှုကို ကောင်းတယ်လို့ ပြောကောင်းပြောကြမှာပါ။ အခုတော့ တက်စီဒိုနဲ့ ရှပ်ကို ကွဲကွဲပြားပြား မတွေ့ရပါဘူး။

ဇာတ်ညွှန်းအတွက် အော်စကာဆု ရခဲ့တဲ့ Quentin Tarantinoကတော့ အနက်ရောင် နက်တိုင်းသေးသေး ရှည်ရှည်ကို လျော့ရဲရဲစည်းပြီး ပွဲတက်လာတာ တွေ့ရပါတယ်။

အော်စကာစင်မြင့်ထက်က Tarantino ရဲ့ ပြောကြားချက်အရဆိုရင် ဒီနှစ်ကတော့ စာရေးဆရာတွေရဲ့ နှစ်ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နက်တိုင်အကျယ်ကိုကြည့်ပြီး ပြောရရင်တော့ စာရေးဆရာရဲ့နက်တိုင် စတိုင်ဟာ နှစ်ပေါင်း ၃၀ လောက် နောက်ကျကျန်ခဲ့တယ်လို့ဆိုရမှာပါ။**(လေ့ဆန်းဂျလိစ်တိုင်း)**

သီရိမင်းထွန်း ဘာသာပြန်သည်။ ■



အကောင်းဆုံးတေးသီချင်းဆုရှင် အက်ဒဲလ်

ထင်မှတ်မထားတာတွေ ဖြစ်လာခဲ့တဲ့ အော်စကာည



(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်၊ အမျိုးသမီးသရုပ်ဆောင်၊ အမျိုးသမီးဇာတ်ပို့ဆုနဲ့ အမျိုးသားဇာတ်ပို့ဆုရှင်များကို တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ထိပ်တန်းဆုတွေ တသီကြီးနဲ့ ထိပ်ဆုံးက တစ်ပြေးနေတဲ့ Lincoln ဇာတ်ကားက စိတ်ပျက်စရာအဖြစ် ထိပ်တန်းဆုလေးဆုစလုံးကို Life of Pi ကို ပေးခဲ့လိုက်ရတဲ့ အော်စကာဆုပေးပွဲညမှာ Argo ဇာတ်ကားက အကောင်းဆုံးရုပ်ရှင်ဆုကို မထင်မှတ်ဘဲ ရရှိသွားခဲ့ပါတယ်။

ဇာတ်လမ်းရဲ့ ဒါရိုက်တာလည်း ဆုအတွက် အဆိုပြုခံရခြင်း မရှိတဲ့ ဇာတ်ကားတစ်ကား အကောင်းဆုံးရုပ်ရှင်ဆုရသွားတဲ့ ဒီလိုအဖြစ်မျိုး ၁၉၉၀ ခုနှစ်မှာ Driving Miss Daisy ဇာတ်ကားလည်း ကြုံခဲ့ရဖူးပါတယ်။

အီရန်မားစာခံအကြောင်း ရိုက်ကူးတင်ဆက်ထားတဲ့ ဒရာမာဇာတ်လမ်းအခုလို အကောင်းဆုံးရရုပ်ရှင်ဆုရသွားတာဟာ ဟောလိဝုဒ်ရေစီးကြောင်းထဲ ဒါရိုက်တာ ဘင်အက်ဖလက်ခ် ထူးထူးခြားခြား အောင်ပွဲခံပြီး ပြန်ဝင်လာတာကို ဖော်ပြနေတာပဲဖြစ်ပါတယ်။ ဘင်အက်ဖလက်ခ်ဟာပြီးခဲ့တဲ့သီတင်းပတ်ခြောက်ပတ်မှာ ဒါရိုက်တာဆုအတွက် ဆန်ခါတင် အရွေးခံရတဲ့စာရင်းထဲ မပါခဲ့သလို ၂၀၀၂ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အတွင်းမှာ ဂျနီဖာလိုပက်ဇ်နဲ့ သူ့ရဲ့အချစ်ရေးကို အနုပညာရှင်တွေရဲ့ အတွင်းရေးကိုမှ ဖော်ပြလေ့ရှိတဲ့ စာစောင်တွေမှာ လျှောင်ပြောင်ရေးသားခံရပြီးတဲ့နောက် သူ့ရဲ့ နာမည်ဂုဏ်သတင်းကို ပြန်တည်ဆောက်ဖို့ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရပါတယ်။

Argo ဇာတ်ကားဟာ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု ရရှိခဲ့တဲ့အပြင် အစွမ်းမွှစ်တော်လှန်ရေးအပြီး တေရန်နိုင်ငံက အမေရိကန်သံတမန်ခြောက်ဦးကို စီအိုင်အေအဖွဲ့က ကယ်တင်တဲ့အဖြစ်အပျက်ကို တင်ဆက်ပြသရာမှာ လူတွေရဲ့အာရုံကို ဆွဲဆောင်နိုင်ခဲ့တဲ့အတွက် အကောင်းဆုံးဇာတ်ညွှန်းဆုလည်း ရရှိခဲ့ပါတယ်။

"ဘဝမှာလဲပြိုခဲ့တာမျိုး ရှိခဲ့ရင်လည်း ဘာမှ စိတ်ပျက်စရာမလိုပါဘူး။ ဖြစ်ပြီးသွားပြီဖြစ်တဲ့အတွက် ဘယ်လိုပဲဖြစ်ဖြစ် လက်ခံရမှာပါ။ ကြုံခဲ့ရသမျှအဖြစ်အပျက်တွေက နာလန်ပြန်ထူနိုင်အောင် လုပ်ပေးနိုင်စွမ်းရှိပါတယ်" လို့ အသက် ၄၀ ရှိပြီဖြစ်တဲ့ ဘင်အက်ဖလက်ခ်က ဆုလက်ခံရင်း ပြောကြားခဲ့ပါတယ်။

သင်္ဘောပျက်သွားတဲ့ဇာတ်လမ်းကို တင်ပြထားတဲ့ Life of Pi ရဲ့ ဒါရိုက်တာ အန်းလီဟာ ဆုအမျိုးအစား ၁၂ မျိုးအတွက် အဆိုပြုခံထားရပြီး အော်စကာဆုနှစ်ဆုပဲပိုက်ပြီး အိမ်ပြန်ခဲ့ရတဲ့ လင်ကွန်းဇာတ်ကားက ဒါရိုက်တာကြီး စတီဗင်စပီးလ်ဘာ့ခ်ကို အနိုင်ယူပြီး အကောင်းဆုံးဒါရိုက်တာဆုကို အပ်နှင်းခံခဲ့ရတာကတော့ စိတ်ပျက်ဖွယ်ရာ လွန်းချယ်မှုပါပဲ။

Life of Pi ဇာတ်လမ်းဟာ ရုပ်ရှင်တေးသွားဆု၊ အမြင်ပိုင်းဆိုင်ရာ အထူးပြုလုပ်ချက်ဆုနဲ့ ရုပ်ရှင်ရိုက်ကူးမှုပညာဆု အမျိုးအစားတွေ အတွက်လည်း အကောင်းဆုံးဆုတွေ ရရှိခဲ့ပါတယ်။

Argo ဇာတ်ကား အကောင်းဆုံးရုပ်ရှင်ဆုရရှိကြောင်းကို မီရှဲလ်အိုဘားမားက ဗီဒီယိုကနေတစ်ဆင့် အိမ်ဖြူတော်ကနေ ဖွင့်ဖောက်ကြေညာပေးခဲ့တာကြောင့် အော်စကာဆုကို ရုပ်သံကနေ ထုတ်လွှင့်ပြသရာသမိုင်းမှာ လျှို့ဝှက်ချက်ကို အထိန်းနိုင်ဆုံး အဖြစ်အပျက်တစ်ခု ဖြစ်သွားခဲ့ပါတယ်။

ဒယ်နီရယ်လ် ဒေးလူးဝစ် ကတော့ အများမျှော်လင့်ထားတဲ့ အတိုင်းပဲ အကောင်းဆုံးသရုပ်ဆောင်ဆုအတွက် အော်စကာဆု သုံးထပ်ကွမ်း ရရှိပြီး အော်စကာသမိုင်းမှာ ရာဇဝင် တွင်သွားပါတယ်။ သူ့ရဲ့တတိယမြောက်အော်စကာဆုကတော့ ကျွန်စနစ်ဖျက်သိမ်းရေးနဲ့ အမေရိကန်ပြည်တွင်းစစ် အဆုံးသတ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ အမေရိကန်သမ္မတ အေဘရာဟင်မ် လင်ကွန်းအဖြစ် လင်ကွန်း ဇာတ်ကားမှာ အလေးအနက်ထား သရုပ်ဆောင်ခဲ့တဲ့အတွက် ရရှိသွားတာ ဖြစ်ပါတယ်။

"ဒီလိုမျိုး ဘယ်လိုလုပ် ဖြစ်လာမှန်း ကျွန်တော် တကယ်မသိပါဘူး" လို့ ဒေးလူးဝစ်က ပြောပါတယ်။

ဂျနီဖာလောရန့်စ်ကတော့ ရုပ်ရှင်ဇာတ်မြူး Silver Linings Playbook မှာ တက်ကြွတဲ့ မုဆိုးမငယ်လေးအဖြစ် သရုပ်ဆောင်ကောင်းခဲ့တဲ့အတွက်အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။ သူကတော့ ဆုလက်ခံဖို့ စင်ပေါ် အတက်မှာ သူဝတ်ထားတဲ့ Dior ရဲ့ လက်ရာဝတ်စုံနဲ့ ငြိုငြီး ခလုတ်တိုက်လိုက်ပါသေးတယ်။



အန်းလီ



အကောင်းဆုံးရုပ်ရှင်ဆုရဇာတ်ကား၏ ဒါရိုက်တာ ဘင်အက်ဖလက်ခ်

ဂျူးအသိုင်းအဝိုင်းနဲ့ မိန်းမလျာအသိုင်းအဝိုင်းကိုလည်း နောက်ပြောင်ပြောဆိုခဲ့ပါတယ်။ သူကတော့ အဆိုးဝါးဆုံးအခမ်းအနားမှူးအဖြစ် နောက်နေ့မှာ မီဒီယာတွေ သုတ်ကြမလားပဲလို့လည်း နောက်ပြောင်လိုက်ပါသေးတယ်။

အန်းဟက်သာဝေးကတော့ Les Miserable နဲ့ ဇာတ်ပို့ဆုအတွက် အကောင်းဆုံးဆု ရရှိခဲ့ပြီး "ဒါက တကယ် ဖြစ်လာတာပဲ" လို့ ရွှေစင်ရုပ်တုကို ပိုက်ရင်း ပြောကြားခဲ့ပါတယ်။ ဟက်သာဝေးဟာ ဒီဇာတ်ကားမှာ သရုပ်ဆောင်ဖို့အတွက် အစာအငတ်ခံခဲ့သလို သူ့ရဲ့ အညိုရောင်ဆံပင်ရှည်တွေကိုလည်း ညှပ်ပစ်ခဲ့ပါတယ်။

ဩစတြီးယန်းသား Christoph Waltz ကတော့ အကြိတ်အနယ်ယှဉ်ပြိုင်ရတဲ့ အော်စကာပွဲမှာ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု ရသွားတဲ့အတွက် အံ့ဩသွားပုံရပါတယ်။ သူကတော့ ဇာတ်ညွှန်းဆရာ Quentin Tarantino ရဲ့ Django Unchained ဇာတ်ကားမှာ ကြေးစားလူသတ်သမား ဖြစ်သွားတဲ့ သွားဆရာဝန်အဖြစ် သရုပ်ဆောင်ခဲ့ရာမှာ ပီပြင်တဲ့အတွက် ဒီဆုကို ရခဲ့တာပါ။


ဒီဆုကတော့ သူ့အတွက် ဒုတိယမြောက် အော်စကာဆုပါ။ သူဟာ ၂၀၁၀ ခုနှစ်မှာ Inglourious Basterds ဇာတ်ကားနဲ့ အော်စကာဆု ရခဲ့ဖူးပါတယ်။




ဝမ်းမြောက်ဝမ်းသာဖြစ်နေတဲ့ Tarantino လည်း အကောင်းဆုံးမူရင်း ဇာတ်ညွှန်းအတွက် အော်စကာဆုရခဲ့ပါတယ်။ သူ့ရုပ်ရှင်တွေ အသက်ဝင်အောင် သရုပ်ဆောင်ပေးခဲ့တဲ့ သရုပ်ဆောင်တွေကိုလည်း သူက ချီးကျူးပြောကြားခဲ့ပါတယ်။

အကောင်းဆုံး အင်နီမေးရှင်း ဇာတ်ကားဆုကိုတော့ စကော့တလန်မင်းသမီး အကြောင်း ရိုက်ကူးတင်ပြထားတဲ့ Brave ဇာတ်ကားက အော်စကာ ရွှေစင်ရုပ်တုကို အိမ်သယ်သွားနိုင်ခဲ့ပါတယ်။ **(ရိုက်တာ)**

သီရိမင်းထွန်း ဘာသာပြန်သည်။







ဒေါက်တာနေဝင်းနိုင်

ဖေဖော်ဝါရီလ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) အမ်စီစီခန်းမမှာ ဖွင့်လှစ်ခဲ့တဲ့
Victoria University College ဖွင့်ပွဲအခမ်းအနား


Mr. Steve


နွယ်နွယ်ယဉ်နှင့် ရိုလင်းနာ


Teacher Thersa Thomas

ဖေဖော်ဝါရီလ ၂၂ ရက် (သောကြာနေ့)
သဃ်နိုးကျွန်းမှာ ဖွင့်လှစ်ခဲ့တဲ့
Samsung ဆိုင်သစ်ဖွင့်ပွဲ




ကိုကျော်စွာ



ဝန်ထမ်းများ


Miss Lipice ရွေးချယ်ပွဲမှ မေသန္တာ


Parami ဆေးရုံနှင့် Ceelin, Nutroplex ကလေးအားဆေးတို့၏ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲ ပါဝင်ယှဉ်ခဲ့သူများ


ပြိုင်ပွဲဝင်တစ်ဦး


Miss Lipice ရွေးချယ်ပွဲမှ မိရှဲလ်


Fantastic Music ပြိုင်ပွဲမှ ပြိုင်ပွဲဝင်တစ်ဦး


ပြိုင်ပွဲဝင်တစ်ဦး

ဖေဖော်ဝါရီလ ၂၃ ရက် (စနေနေ့) တော်ဝင်စင်တာမှာ ကျင်းပခဲ့တဲ့ **Fantastic Music** ပြိုင်ပွဲ


စည်သူလွင်


နောင်နောင် (SF)

ဖေဖော်ဝါရီလ ၂၄ ရက် (တနင်္ဂနွေနေ့) ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တဲ့
Miss Lipice ရွေးချယ်ပွဲ


မင်းပြည့်စုံ

မြတ်ပွင့်ဖြူဝင်း






နွမ်ဘွိုင်း
စီစဉ်သည်။

ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ ပွဲတွေတော်တော်လေး နည်းနေခဲ့ပါတယ်။ ကျောင်းသစ်ဖွင့်ပွဲ၊ အလှူပေးအပ်ပွဲတွေကို သွားရောက် မုဒိတာပွားခဲ့တဲ့နောက်မှာတော့ ကလေးများပျော်ပွဲရွှင်ပွဲမှာလည်း ပျော်ရွှင်နေတဲ့ကလေးတွေနဲ့အတူ ဆိုရှယ်မမလည်း နွှဲပျော်ခဲ့ပါတယ်။ ဒါ့အပြင် ထုတ်ကုန်သစ်မိတ်ဆက်ပွဲ၊ ကံစမ်းမဲဖွင့်ပွဲတွေကို တက်ရောက်ဖြစ်ခဲ့ပါတယ်။ ပြီးတော့တစ်ခါ မြန်မာပြည်မှာ များပြားလာတဲ့ ပြိုင်ပွဲတွေထဲက အဆိုပါသနာရှင်တွေကို ရွေးချယ်ပေးတဲ့ ပြိုင်ပွဲသစ်တစ်ခုဖြစ်တဲ့ Fantastic Music ပြိုင်ပွဲနဲ့ မိန်းမလှလေးတွေကို ရွေးချယ်ပေးတဲ့ Miss Lipice ပြိုင်ပွဲကို တက်ရောက်ခဲ့ပြီး ပရိသတ်တွေနဲ့အတူ ပျော်ရွှင်စွာအားပေးရင်း ဒီတစ်ပတ်တာကိုလည်း ဖြတ်သန်းခဲ့ပြန်ပါတယ်ရှင်...။



FP Diesel မိတ်ဆက်ပွဲ အခမ်းအနားမှ မော်ဒယ်များ





Holika ကိုးရီးယားထုတ်ကုန်ရဲ့ ကံစမ်းမဲဖွင့်ပွဲမှ မော်ဒယ်တစ်ဦး



Mr. Yorihisa Skiokowa

ဖေဖော်ဝါရီလ ၂၂ ရက် (သောကြာနေ့) ဆီဒိုးနားဟိုတယ်မှာ ကျင်းပခဲ့တဲ့


Panasonic မှ နေရောင်ခြည်သုံး ဆိုလာမီးအိမ်များ လျှဒါန်းပွဲ



ဦးမျိုးဆက်အောင်



Mr. Hiroki Miyaji



Ms. Michiko Ogawa



Mr. Hideaki Matsub

ဖေဖော်ဝါရီလ ၂၂ ရက် (သောကြာနေ့) Western Park Royal မှာ ပြုလုပ်ခဲ့တဲ့

Holika ကိုးရီးယားထုတ်ကုန်ရဲ့ ကံစမ်းမဲဖွင့်ပွဲ



Mr. Kim Tae Hoon



မော်လီလင်း



ဒေါ်နီနီအေး



ပွဲတက်သူနှစ်ဦး

ဖေဖော်ဝါရီလ ၂၃ ရက် (စနေနေ့) အင်းယားလိတ်ဟိုတယ်မှာ ကျင်းပခဲ့တဲ့ **FP Diesel မိတ်ဆက်ပွဲအခမ်းအနား**



မစမ်းသီတာဦး



ထွန်းထွန်းဝင်း



Mr. Augustino နှင့် ကောင်းစည်သူ

ဖေဖော်ဝါရီလ ၁၃ ရက် (ဗုဒ္ဓဟူးနေ့) ပါရမီဆေးရုံဝင်းမှာ ကျင်းပခဲ့တဲ့ **Parami ဆေးရုံနှင့် Ceelin, Nutroplex ကလေးအားဆေးတို့၏ ကလေးများအတွက် ပျော်ပွဲရွှင်ပွဲ**



ပါဝင်ယှဉ်ပြိုင်သော မိသားစု





တစ်ပတ်စာ သင်္ဂါကံဇာတာ

ပရောဖက်မြတ်သစ် (နက္ခတ္တဝေဒပညာရှင်)
အနန်း(၂၀၁) ဒုတိယထပ်၊ တိုက်(၄)၊ သီရိဂုဏ်အိမ်ခရာ
ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်နိုးကျွန်း။
ဖုန်း - ၀၉ ၇၃၀၀ ၄၉၃၂ ၅၆၄၃၅ ၅၇၃၉၉၁။

၂၀၁၃၊ မတ်လ
၁ ရက်မှ ၇ ရက်အထိ

မိဿရာသီဖွား (Aries) မတ် ၂၂ မှ ဧပြီ ၂၀ - သက်ဆိုင်ရာနယ်ပယ်၌ ပြောရေးဆိုခွင့်ပိုရရှိနေမည်။ ဘဏ်ကိစ္စ၊ ငွေပေးငွေယူကိစ္စ၊ စာချုပ်စာတမ်းကိစ္စ အဆင်ပြေပြေဆောင်ရွက်နိုင်မည်။ ဇိမ်ခံပစ္စည်း၊ အဝတ်အထည်၊ လက်ဝတ်ရတနာနှင့် အားကစား အသုံးအဆောင်ပစ္စည်းများကြောင့် လိုအင်ဆန္ဒပြည့်ဝလိမ့်မည်။ မည်သည့်ပညာရေးကြိုးပမ်း အားထုတ်မှုမဆို အောင်မြင်မှုရလိမ့်မည်။ ဉာဏ်လွှာသုံးနိုင်လေလေ၊ လုပ်ငန်းအကျိုးအမြတ် ပေါ်ထွက်လေလေဖြစ်သည်။ **ယတြာ – တရားစာအုပ်များ ဓမ္မဒါနပြုပါ။**

ဗြိဿရာသီဖွား (Taurus) ဧပြီ ၂၁ မှ မေ ၂၁ - အကြံအစည်အောင်မည်။ ဂုဏ်သိက္ခာအဆင့်အတန်းတိုးတက်မည်။ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရန် ကြိုးပမ်းသလောက် အရာရောက်ရန် အခြေအနေကောင်းများ ပေါ်ပေါက်နေမည်ဖြစ်သည်။ လုပ်ငန်းချဲ့ထွင်ခြင်း၊ ကုန်ပစ္စည်းသစ်ထုတ်လုပ်ခြင်း၊ ပိုကောင်းသည့်အလုပ်အကိုင်ရှာဖွေခြင်းစသည် တို့၌ မျှော်မှန်းသလို ဖြစ်လာနိုင်သည်။ **ယတြာ – ဓမ္မတေးစီဒီချပ်၊ တိပိဋကွေးဒါန်းပါ။**

မေထုန်ရာသီဖွား (Gemini) မေ ၂၂ မှ ဇွန် ၂၂ - နစ်နာဆုံးရှုံးမှုဘေးမှ ကင်းဝေးနေမည်။ မိမိအပေါ် အမြင်မကြည်မလင်ဖြစ်နေသူများ ပပျောက်သွားမည်။ လူကြီးသူမ၊ ဆရာသမား၊ အကြီးအကဲတို့နှင့် နတ်ကောင်းနတ်မြတ်တို့၏ ဖေးမကူညီစောင့်ရှောက်မှု ခံရမည်။ စက်ရုံလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းတို့နှင့် စားသောက်ကုန်လုပ်ငန်းများ အထူးအကျိုးပေးနိုင်၏။ ၅ ရက်နှင့် ၇ ရက်တို့၌ အရေးကြီးကိစ္စများ ဆောင်ရွက်အောင်မြင်လိမ့်မည်။ **ယတြာ – တနလ်ာထောင့်၌ သစ်သီးဆွမ်းကပ်လှူပါ။**

ကရကဋ်ရာသီဖွား (Cancer) ဇွန် ၂၃ မှ ဇူလိုင် ၂၃ - ၁ ရက်နှင့် ၇ ရက်တို့ကံကောင်းမွန်နေပြီး အကြံအစည်များ အောင်မြင်မှုရနိုင်သည်။ သူတစ်ပါးတို့ မဆောင်ရွက်နိုင်သော ကိစ္စတိုင်းကို မိမိက တာဝန်ယူဆောင်ရွက်အောင်မြင်လိမ့်မည်။ သယံဇာတရှာဖွေတူးဖော်သည့် အလုပ်များ အကျိုးရှိမည်။ အမွေအနှစ်ရရှိတတ်သည်။ ဉာဏ်ပညာ ထက်မြက်နေမည်။ အလှူအတန်းပြုလုပ်ရန် ရည်ရွယ်ထားမှုများ ထမြောက်အောင်မြင်လိမ့်မည်။ **ယတြာ – ဗုဒ္ဓဟူးထောင့်၌ ရွှေသင်္ကန်းကပ်လှူပါ။**

သိဟ်ရာသီဖွား (Leo) ဇူလိုင် ၂၄ မှ သြဂုတ် ၂၃ - ကံကောင်းသည့် နေ့ရက်များဖြစ်နိုင်သည်။ စိတ်ဆန္ဒစောလွန်းခြင်းနှင့် စိတ်ကူးယဉ်လွန်းခြင်းတို့ ကောင်းကျိုးမပေးနိုင်။ လုပ်ငန်းကိစ္စ ခရီးဝေးသွားရတတ်သည်။ ညှိနှိုင်းဆွေးနွေးမှု တစ်ကြိမ်နှင့် ပြီးပြတ်ခြင်း မရှိနိုင်။ ကျောက်မျက်ရတနာ၊ ရွှေဟောင်းပစ္စည်း၊ ဇိမ်ခံပစ္စည်းများ အကျိုးပေးနိုင်၏။ အလုပ်အကိုင် အဆင့်အတန်းတိုးတက်အောင် ကြိုဆောင်နိုင်လိမ့်မည်။ နိုင်ငံရေးဂုဏ်သိက္ခာတိုးမည်။ **ယတြာ – မိခင်ဖြစ်သူအား နို့ထွက်ပစ္စည်းများဖြင့် ကန်တော့ပါ။**

ကန်ရာသီဖွား (Virgo) သြဂုတ် ၂၄ မှ စက်တင်ဘာ ၂၃ - ကုသိုလ်ရေးအဓိဋ္ဌာန်အောင်မြင်မည်။ ထို့ကြောင့် အကြံအစည်ဝါသနာပါသည့် အလုပ်၊ သတ္တိပျက္ခီ၊ ကိုယ်ရည်ကိုယ်သွေး၊ လုပ်ငန်းကျွမ်းကျင်မှုတို့ မြင့်မားတိုးတက်လိမ့်မည်။ အမှုအခင်းဖြစ်ပွားပါက တရားမျှတစွာ အနိုင်ရလိမ့်မည်။ ဝင်ငွေအကျိုးအမြတ်တိုးပွားမည်။ ဆရာကောင်း၊ သမားကောင်းတွေ့မည်။ ဟောပြောခြင်း၊ ပို့ချခြင်း၊ ကြားဝင်စေ့စပ်ဖျန်ဖြေခြင်း စသည်တို့ အောင်မြင်မှုရလိမ့်မည်။ **ယတြာ – ဆေးဝါးဓာတ်စာလှူဒါန်းပါ။**

တူရာသီဖွား (Libra) စက်တင်ဘာ ၂၄ မှ အောက်တိုဘာ ၂၃ - ၃ ရက်နှင့် ၇ ရက်တို့ကံတရားကောင်းမွန်နေပြီး အဓိကလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ကိစ္စများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ လေလံတင်ဒါနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားမှုများ အဆင်ပြေမည်။ ဂုဏ်သိက္ခာအဆင့်အတန်းတိုးမည်။ ဝင်ငွေနှင့် အကျိုးအမြတ်တိုးပွားလိမ့်မည်။ **ယတြာ–မွေးနေ့ထောင့်၌ရွှေထီးတစ်လက်နှင့်တံခွန်ကုက္ကား၊ အောင်သပြေပန်းများလှူပါ။**

ဗြိစ္ဆာရာသီဖွား (Scorpio) အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂ - ၁ ရက်၊ ၅ ရက်နေ့များ ကံကောင်းနေမည်ဖြစ်သည်။ ကုသိုလ်ရေးကိစ္စများ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ မိဘဆရာသမားတို့ကြောင့် ကောင်းကျိုးပိုမိုရရှိလိမ့်မည်။ အစုစပ်လုပ်ငန်း စတင်ဆောင်ရွက်သင့်၏။ ပရဟိတလုပ်ငန်းများနှင့် သံတမန်ရေးရာကိစ္စတို့၌ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ ပညာရေးအောင်မြင်မှုများ ထူးထူးခြားခြား တိုးတက်ရရှိနိုင် ချိန်ဖြစ်သည်။ **ယတြာ – ရာဟုထောင့်၌ ရွှေဖယောင်းတိုင်များ ပူဇော်ပါ။**

ဓနုရာသီဖွား (Sagittarius) နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၂ - တစ်ပတ်လုံး ယေဘုယျကံကောင်းနေမည်ဖြစ်သည်။ နက်နဲသော ပညာရပ်များ သင်ယူတတ်မြောက်နိုင်၏။ ပိုမိုအကျိုးခံစားခွင့်ရှိသော အလုပ်အကိုင်သစ်များ ပေါ်ပေါက်မည်။ မိဘ၏ လုပ်ငန်းများလည်း အဆင်ပြေတိုးတက်အောင်မြင်လိမ့်မည်။ ရန်နှင့် အခက်အခဲတို့ကို အောင်မြင်ကျော်လွှားနိုင်မည်။ လုပ်ငန်းကြီးများ လုပ်ကိုင်ဆောင်ရွက်ရလိမ့်မည်။ မိမိ၏ အရည်အချင်းကြောင့် အထူးထင်ပေါ်ကျော်ကြားနိုင်သည့် ရက်များဖြစ်သည်။

မကာရရာသီဖွား (Capricorn) ဒီဇင်ဘာ ၂၃ မှ ဇန်နဝါရီ ၁၉ - ကံကောင်းသည့် နေ့ရက်များဖြစ်သည်။ ပရဟိတလုပ်ငန်းများနှင့် အစုစပ်လုပ်ငန်းများ၌ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်လိမ့်မည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ ကံကောင်းခြင်းများ ပေါ်ပေါက်နိုင်၏။ သို့ရာတွင် ၇ ရက်နေ့၌ အကြံအစည်သစ်များ စတင်ခြင်း၊ အပေါင်းအသင်းများနှင့် အချိန်ကုန်ခံခြင်းတို့၌ နစ်နာဆုံးရှုံးမှု တွေ့ကြုံရတတ်သည်။ မည်သည့်လုပ်ငန်းသစ်ကိုမဆို ၁ ရက်နေ့၌ စတင်ကြိုးပမ်းဆောင်ရွက်သင့်၏။ **ယတြာ – အုန်းဆွမ်းကပ်လှူလောင်းလှူပါ။**

ကုံရာသီဖွား (Aquarius) ဇန်နဝါရီ ၂၀ မှ ဖေဖော်ဝါရီ ၁၉ - မိမိနားမလည်နိုင်သော ခက်ခဲခဲသည့် ပညာရပ်များကို ပိုမိုနားလည်သဘောပေါက်လာတော့မည်။ ခံစားနေရသည့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းလိမ့်မည်။ အပြိုင်အဆိုင်များသည့် လုပ်ငန်းများ အောင်မြင်လိမ့်မည်။ လက်လွန်ခွေးများ ပြန်ဝင်နိုင်သည်။ ၃ ရက်၊ ၅ ရက်နှင့် ၇ ရက်နေ့တွင် အထက်လူကြီး၊ မိတ်ဆွေများ၊ ဖောက်သည်များနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်တတ်သည်ကို သတိပြုသင့်၏။**ယတြာ–မိခင်ဖြစ်သူအား တတ်စွမ်းသမျှ ငွေကြေးဖြင့် ကန်တော့ပါ။**

မိန်ရာသီဖွား (Pices) ဖေဖော်ဝါရီ ၂၀ မှ မတ် ၂၁ - ကံကောင်းသည့် နေ့ရက်များဖြစ်သည်။ အများအကျိုးဆောင်၍ ကိုယ့်အကျိုးအောင်မည်။ စိတ်သဘောထားမြင့်မား၍ ရိုးသားဖြောင့်မတ်မှုကြောင့် အများ၏ ဦးစားပေးမှုခံရလိမ့်မည်။ ဖခင်ထံမှ ကောင်းကျိုးခွင်းသာများ ပိုမိုရရှိတတ်ခြိန်ဖြစ်သည်။ အမျိုးအနွယ်၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မိမိကြောင့် ပိုမိုမြင့်မားတိုးတက်စေလိမ့်မည်။ မွေ့လျော်မှန်းထားသည့် အလုပ်အကိုင်ကောင်းများ ရရှိနိုင်၏။ ယာယီပေါ်ပင် အလုပ်များ အကျိုးရှိ၍ တိုးချဲ့ဆောင်ရွက်နိုင်လိမ့်မည်။
ယတြာ – နေ့စဉ်ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပါ။



ကဲ . . . ကိန်းဂဏန်းတွေကို နေရာချရအောင် . . .

ကိန်းဂဏန်းတွေကို စိစဉ်နေရာချရမှာပါ။ ကစားနည်းရဲ့စည်းကမ်းကတော့ အလျားလိုက်ပဲဖြစ်ဖြစ်၊ ထောင်လိုက်ပဲဖြစ်ဖြစ်၊ မည်မည်ဘာအကွက်ကလေးမှာ တစ်ခုချင်းစီအနေနဲ့ ခွဲကြည့်ပြီးဖြစ်ဖြစ် ၁ ကနေ ၉ အထိ စီစဉ်နေရာချပေးရမှာပါ။ ဒီကစားနည်းအဖြေကို လာမယ့် တနလ်ာနေ့နောက်ဆုံးထားပြီး Tea Break ကထ္လာလို့ ခေါင်းစဉ်တပ်၊ မှတ်ပုံတင်၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ဖော်ပြလို့ မြန်မာတိုင်း(မ်)ဆီကို စာ (သို့) teabreak.timeout@gmail.com ကတစ်ဆင့် ပေးပို့ရပါမယ်။ ကံထူးရှင်တစ်ဦးတည်းကိုသာ ရွေးချယ်လို့ နေ့လယ်စာကျွေးမှာဖြစ်ပြီး အချိန်ကို ဖုန်းဆက်အကြောင်းကြားမှာဖြစ်ပါတယ်။

အမှတ်စဉ်(၃၃၆)

	2	9					1	
	1		8	5				4
					9	6		5
				7	2			1
4		7				9		2
1			5	3				
9		1	3					
8				4	6		2	
	4					1	3	

အမှတ်စဉ်(၃၃၅)အတွက် အဖြေမှန်

1	6	9	3	5	8	4	2	7
2	7	8	9	1	4	5	3	6
3	4	5	7	2	6	1	8	9
4	5	2	1	3	9	6	7	8
6	3	1	8	7	2	9	5	4
8	9	7	4	6	5	2	1	3
7	8	6	2	9	1	3	4	5
5	2	3	6	4	7	8	9	1
9	1	4	5	8	3	7	6	2

အမှတ်စဉ် (၃၃၆) ကံထူးရှင် – မသင်းသင်းထွေး၊ ၁၂/လသန(နိုင်)၀၀၈၇၈၄၊ အမှတ်(၆၀)၊ လသာလမ်း၊လသာမြို့နယ်။ ဖုန်း–၀၉ ၇၃၂၀၇၄၁။

အလုံလမ်းက အိန္ဒိယအစားအစာတွေ ရနိုင်တဲ့ Corriander Leaf

အလုံလမ်းပေါ်က Corriander Leaf ဆိုတဲ့ အိန္ဒိယစားသောက်ဆိုင်ကို ရောက်ရောက်ချင်း အယ်ဒီတာတစ်ဦးအနေနဲ့ ကျွန်တော်အရင်ဆုံး လုပ်ချင်တာက တော့ ကျွန်တော့်ဆော့ပင်အနီရဲ့ အဖုံးကိုဖွင့်၊ ဆိုင်းဘုတ်ပေါ်မှာရေးထားတဲ့ ဆိုင်အမည် Corriander က ပိုနေတဲ့ အက္ခရာ r တစ်လုံးကို ဖြုတ်ပေးလိုက်ချင်တာပါ။



ဒါပေမဲ့ ဗိုက်ဆာနေတော့လည်း အမှားပြင်ဖို့အရေးကို အသာထားပြီး ညနေခင်းလေနုအေးလေးကို ခံစားရင်း ကျွန်တော့်ဇနီးနဲ့အတူ ညစာစားရအောင် ဆိုင်အပြင်ဘက်က စားပွဲလေးဆီပဲ ဆက်သွားလိုက်ပါတယ်။

ကျွန်တော်တို့ ထိုင်လိုက်တာနဲ့ ဆိုင်ဝန်ထမ်းမိန်းကလေးက စားစရာနဲ့ သောက်စရာမီနူးတွေကို ချက်ချင်းပဲ လာချပေးပြီး ကျွန်တော်တို့ လွတ်လွတ်လပ်လပ်ရွေးချယ်လို့ရအောင် ယဉ်ယဉ်ကျေးကျေးလေး နောက်ကိုနည်းနည်းလောက် ဆုတ်ပြီး ရပ်စောင့်နေပါတယ်။ ဒါပေမဲ့ သူ့ပုံစံက ကျွန်တော်တို့ မှာတာကို အဆင့်သင့် လိုက်မှတ်ဖို့ နိုးနိုးကြားကြား ရှိနေတဲ့ပုံပါ။

ဒီစားပွဲထိုးမလေးကို ကြည့်ရတာ ဝန်ထမ်းသစ် ဖြစ်ပုံရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တခြားစားပွဲထိုးတစ်ယောက်က သူနားကို ရံဖန်ရံခါလာပြီး ရင်းနှီးဖော်ရွေပြီး တည်တည်ငြိမ်ငြိမ်လေးနဲ့ အပြစ်ပြောစရာမရှိတဲ့ ဝန်ဆောင်မှုမျိုး ပေးနိုင်အောင် တိုးတိုးလေးသင်ပေးနေပုံကို သတိထားမိလိုက်တာကြောင့်ပါ။

ဒီဆိုင်မှာ သောက်စရာအဖျော်ယမကာ အဖြစ် ကော့တေးအမျိုးမျိုးနဲ့ တခြား ယမကာတွေ ရနိုင်ပေမယ့် လည်း ကျွန်တော်ကတော့ ကျွန်တော့်အကြိုက် မြန်မာဘီယာပုလင်းကြီး (ကျပ် ၃,၀၀၀) တစ်ပုလင်းမှာလိုက်ပါတယ်။ ကျွန်တော့် အမျိုးသမီးကတော့ သူကောင်းမယ်လို့ ထင်တဲ့ ပိုင်ဖြူ (ကျပ် ၄,၀၀၀) တစ်ခွက်မှာ လိုက်ပါတယ်။

အများအားဖြင့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းဟင်းပွဲမျိုးတွေ ရနိုင်ပြီး တခြား ဒေသတွေက ဟင်းပွဲမျိုးတွေကိုလည်း ရနိုင်တာကြောင့် ရွေးချယ်စားရမယ့် ဟင်းပွဲတွေက အများကြီးပါ။ အသားမပါတဲ့ ဟင်းပွဲတွေ ရွေးစရာအများကြီးရှိတာကြောင့် အသီးအရွက်ပဲ စားတဲ့သူတွေ အကြိုက်တွေ့ကြမှာပါ။

ကျွန်တော်တို့နှစ်ယောက်စလုံးက အိန္ဒိယမြောက်ပိုင်းအစားအစာတွေကို ကြိုက်ကြပြီး စားတာများရင် အီဆိမ့်နေမှာ စိုးတာနဲ့ သရေစာတွေ မမှာတော့ဘဲ အဓိကဟင်းပွဲအဖြစ် ပန်ချာဂီဟင်းတွေ ဖြစ်တဲ့ ပန်းဂေါ်ဖီကို ဒိန်ချဉ်ဆော့စ်နဲ့ ချက်ထားတဲ့ gobhi masala (တစ်ပွဲ ကျပ် ၄,၅၀၀)နဲ့ chicken malai tikka (ကြက်သားကင်)(တစ်ပွဲ ကျပ် ၆,၅၀၀) ကိုပဲ မှာလိုက်ကြပါတယ်။ ပြီးတော့ garlic naan bread (ကြက်သွန်ဖြူပေါင်မုန့်) (ကျပ် ၁,၈၀၀) နဲ့ ထမင်းပေါင်း (ကျပ် ၄,၀၀၀) ကိုလည်း မှာလိုက်ပါတယ်။

မှာပြီး မကြာခင်မှာပဲ စားစရာတွေ လာချပေးပါတယ်။ ဒါကတော့ ဒီဆိုင်ရဲ့ ထူးခြားချက်ကို ဖော်ပြပေးတဲ့အချက်ပါ။ အစားအစာတွေ ကောင်းဖို့လိုသလို စားစရာတွေ အလျင်အမြန် ချပေးနိုင်ဖို့ ဆိုတဲ့အချက်ကလည်း စားသောက်ဆိုင်ဖွင့်ထားတဲ့သူတွေ နားလည်ထားသင့်တဲ့ အချက်တစ်ချက်ပါ။

ရန်ကုန်မှာ ဆယ်စုနှစ် တစ်စုစာ ကာလအတွင်း ကျွန်တော်စားခဲ့ဖူးတဲ့ တောင်အာရှပုံစံ အကောင်းဆုံး စားစရာတွေထဲမှာ ဒီဟင်းက အရသာရှိပြီး စားရအဆင်ပြေဆုံးဟင်းပါပဲ။ Punjabi gobhi masala က အရသာရှိပြီး မအီပါဘူး။ ကြက်ကင်ကလည်း တော်တော်လေးကို နူးပါတယ်။ နည်းနည်းတော့စပ်မယ့် ချွေးပြန်လောက်အောင်တော့ ပူစပ်မနေပါဘူး။

ဒီတစ်ခါတော့ စားဖို့မူးက တော်တယ်လို့ ကျွန်တော်ခီးကျူးလိုက်ပါတယ်။

မီနူးစာရင်းထဲက ဟင်းအမယ်(အမည်) အတော်များများက ဈေးနှုန်းအသင့်အတင့် ဖြစ်နေပေမယ့် ထမင်းပေါင်းက ၄,၀၀၀ တောင် ကျတာ သတိထားမိကြမှာပါ။ ဒီဈေးနှုန်းအရဆို ထမင်းကို ရောဂါပျောက် စေတဲ့ရေတွေနဲ့ ချက်ထားပြီး ရွှေမှုန့်တွေများ ထည့်ချက်ထားလို့များလားလို့ ထင်ကြမှာပါ။အမှန်တော့ ဘာမှမပါပါဘူး။ ကြည့်ရတာကတော့ ထမင်းနဲ့ ဟင်းအမယ်တွေ အားလုံးပေါင်း တန်ဖိုးအရ ဆိုင်ရဲ့ဝင်ငွေမြင့်သွားအောင် လုပ်ထားတဲ့ပုံပါ။ **ဒီအယ်လ်**

Corriander Leaf

အလုံလမ်း၊ တိုက်(၁၂)၊ ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်ဝင်း၊ ဒဂုံမြို့နယ်။ ■

ဖေဖေလည်းပါတယ် . . .

ဂျွန်နီလေးရဲ့. ဆရာမဟာ စေ့စပ်သေချာသူဖြစ်ပြီး သူတပည့်တွေကိုလည်း အတော်ဆုံး ဖြစ်စေချင်သူ ဖြစ်ပါတယ်။ ဒီတော့ ဂျွန်နီရဲ့အိမ်စာထဲမှာ အမှားတွေ ပရပွဖြစ်နေတဲ့အခါ ဆရာမဟာ ဒေါသ ချောင်းမြောင်းထွက်ပါတော့တယ်။

"ဖတ်ခဲ့သမျှ စာစီစာကုံးတွေထဲမှာ မင်းရေးထားတာ အဆိုးဝါးဆုံးပဲ"လို့ ဆရာမဟာ ဂျွန်နီကို ကြိမ်းမောင်းဟိန်းဟောက်လိုက်ပါတယ်။

"အမှားတွေမှ အများကြီးပဲ။ လူတစ်ယောက်ဟာ ဒီလောက်အများကြီး လုပ်နိုင်တာ ငါ . . အံ့သြလို့ကို မဆုံးဘူး" လို့လည်း ထပ်ပြောလိုက်ပါတယ်။

"လူတစ်ယောက်တည်းလုပ်တာ မဟုတ်ပါဘူး"

ဂျွန်နီလေးဟာ ခုခံတဲ့အနေနဲ့ သူ့ဆရာမကို ပြန်လည်ပြောဆို လိုက်ပါတယ်။ ပြီးတော့မှ "ဖေဖေက သားကို ကူညီပေးတာပါ" လို့ ပြောလိုက်ပြန်ပါတယ်။

မိမိ့ိသော် ဘာသာပြန်သည်။ ■





Phyo's Cooking Adventure

Phyo cuts through culture to reveal life's true taste

ဗီယက်နမ် ကော်ပြန့်လိပ်

ဒီတစ်လမှာတော့ ဗီယက်နမ်အစားအသောက်တွေကို ချက်ဖို့ပြင်ဆင်ထားပါတယ်။ သူတို့ရဲ့အစားအသောက်တွေကို ပြင်ဆင်တဲ့ ဟင်းချက်ပစ္စည်း

ဝိုင်နီ

Miguel Torres Gran Sangre de Toro Reserva 2008



စပိန်နိုင်ငံထုတ် ဒီဝိုင်နီရဲ့ အမည်က 'နွားထီးရဲ့ အားအင်ပြည့်ဝတဲ့ သွေး'လို့အဓိပ္ပာယ်ရပြီး ဟင်းခတ်အမွှေးအကြိုင်နဲ့ သင်းသလို အရသာအစပ် အဟပ်လည်း ကောင်းတဲ့ အနှံ့ အရသာနဲ့ပြည့်စုံလှတဲ့ ဒီဝိုင်ကို သောက်လိုက်တဲ့အခါ ဝိုင်ချစ်သူတွေရဲ့ စိတ်ထဲ ဒီဝိုင်ကို သောက်မိတာ မှားသလား၊ မှန်သလား စဉ်းစားနောင့်ခံစားရတာမျိုး ဖြစ်စေမှာတော့ မဟုတ်ပါဘူး။

Score Box **7/10**

ကျပ် ၁၀,၈၀၀

ဝိုင်ဖြူ

Concha y Toro Casillero del Diablo Chardonnay 2011



ပုလင်းမှာ ဖော်ပြထားတဲ့ နိမိတ်ကို သတိထားကြည့်လိုက်ပါ။ မကောင်းဆိုးဝါးက စောင့်ရှောက်ထားတဲ့ ဝိုင်လို့ ပြောကြတဲ့ အရသာရှိလှတဲ့ ဒီဝိုင်ဖြူကတော့ ငါးကင်နဲ့ နာနတ်သီး ဖျော်ရည်ရဲ့ လိုက်ဖက်မှုမျိုးကို ရှာနေတဲ့သူတွေ အတွက် ထူးခြားတဲ့ အတွေ့အကြုံ ကောင်းကို ပေးနိုင်ယ့် ဝိုင်တစ်မျိုးပါ။

Score Box **8/10**

ကျပ် ၇,၅၀၀

သီရိမင်းထွန်း ဘာသာပြန်သည်။



တွေက မြန်မာပြည်မှာ အကုန်လုံးနီးပါးရနိုင်တာမို့ အရမ်းကို အဆင်ပြေပါတယ်။ ဆစ်ဒ်နီမှာ ဖြိုးနေစဉ်က မြန်မာဟင်း၊ ခေါက်ဆွဲများ ချက်ချင်ရင် ဗီယက်နမ်ဆိုင်မှာ၊ ဒါမှမဟုတ် သူတို့အတွက် ထုတ်တားတဲ့ ခေါက်ဆွဲတို့ကိုဝယ်သုံးရတာပါ။ နန်းကြီးသုပ်ဖို့ခေါက်ဆွဲတို့၊ ညှပ်ခေါက်ဆွဲတို့ ဆိုရင် ဗီယက်နမ်ခေါက်ဆွဲဆိုပြီး ဝယ်ရတာပါ။ ဗီယက်နမ်ရပ်ကွက်ကလေးက မြန်မာတွေအကြိုက် စျေးဝယ်စရာ ကောင်းတဲ့နေရာပေါ့။

ပထမဆုံး ဗီယက်နမ်ကော်ပြန့်လိပ်ကို စပြီး ချက်စားရအောင်။ ရန်ကုန်မှာ တုန်းက ကော်ပြန့်လိပ်အမျိုးမျိုးကို အစိမ်း၊ အပေါင်း၊ အကြော် အကုန်ကြိုက်တဲ့ ဖြိုးအဖို့ ဗီယက်နမ် ကော်ပြန့်လိပ်ကို တွေ့တဲ့အခါ အထူးအဆန်းဖြစ်ပေမယ့် လည်း အရမ်းကို ကြိုက်သွားပါတယ်။ ဟင်းသီးဟင်းရွက်တွေကို လတ်လတ်ဆတ်ဆတ်ထည့်ပြီး စားတဲ့အခါ အစိမ်းစော်မနံတဲ့အပြင် လန်းလန်းဆန်းဆန်း ရှိစေတာပါပဲ။

ဖြိုးတို့က ကော်ပြန့်စိမ်းကို အရွက်တွေကြော်ပြီး ပူပူနွေးနွေးစားပေမယ့် သူတို့က စိမ်းစိမ်းလန်းလန်းနဲ့ အေးအေးလေးစားကြပါတယ်။ ဟိုတလောက ထုံးစံအတိုင်းမှာ ဟိုမွေဒီမွေလုပ်ရင်း ကော်ပြန့်ခြောက်ရွက်တွေ့တာနဲ့ အိမ်မှာလုပ်စားဖို့ ဝယ်လာရင်း ဗီယက်နမ်ဟင်းလေးတွေကို ရေးဖို့ စိတ်ကူးရသွားတာပါ။

TIPS

ကော်ပြန့်ခြောက်ရွက်ကို ရေအများကြီး မစိုစေပါနဲ့။ လိပ်ရတာခက်ပါလိမ့်မယ်။ လိုအပ်ရင်ရေလေးနဲ့ အသာဆွတ်ပေးပါ။

ပုစွန်နှင့် ဝက်သားပြားကြော်တို့ကို အနှေးခံပြီးမှ ကော်ပြန့်လိပ်ပါ။ ပါဝင်တဲ့ ဟင်းသီးဟင်းရွက်များကို ၎င်းတို့အပူကြောင့် နွမ်းသွားစေနိုင်ပါတယ်။

နောက်ဟင်းသီးဟင်းရွက်များကို ရေစင်အောင် စစ်ထားဖို့အရေးကြီးပါတယ်။ ကော်ပြန့်လိပ်ကို လိုတာထက်ပိုပြီး ရေဆွတ်လိုက်သလို မျိုးဖြစ်သွားရင် ဆန်စီးလိုမျိုး ဖြစ်သွားပါလိမ့်မယ်။

လိုတာထက်ပိုမလိပ်ဘဲ လိပ်ပြီးပြီး ချင်းစားတာ ပိုကောင်းပါတယ်။ သူတို့ကတော့ အားလုံးပိုင်းဖွဲ့ပြီး ကိုယ့်ဘာသာကိုယ် လိပ်စားကြတာ ပျော်စရာကြီးပါ။

ဗီယက်နမ်စတိုင် ကော်ပြန့်စိမ်းလိပ် (Summer Roll)

ခြောက်ယောက်စာ

ပါဝင်ပစ္စည်းများ

ဗီယက်နမ်

ဆန်ကော်ပြန့်ရွက်ခြောက် ၁၂ ရွက်

မုန့်ဟင်းခါးဖတ် ၈ရမ် ၇၀

ပုစွန်ခြောက်ကောင်

(ပြုတ်ပြီး ကျောခွဲကာ အညစ်အကြေးချောင်းထုတ်၍ အနှေးခံထားပါ)

ဆလတ်ရွက် တစ်စည်း

ကြက်သွန်ဖြူမိတ် (ခုဆိုင်) တစ်စည်း (ရေဆေးပြီး ၄-၅ စင်တီမီတာအရှည်မျှဖြတ်လျက်)

ပူစီနံ တစ်စည်း

(အရွက်များသာခွဲယူမည်)

ပင်စိမ်းရွက်(Asian basil)၁ စည်း

(အရွက်များသာခွဲယူမည်)

ကြက်သွန်မြိတ် သုံးပင်

(အပေါ်ပိုင်းအဖြူရောင်နှင့် အစိမ်းရောင် အရောင်နုပိုင်းသာယူမည်)

ပြင်ဆင်ပုံ

မုန့်ဟင်းခါးဖတ်အစိုကို ဝယ်ပြီး တော့ဖြစ်ဖြစ်၊ ဒါမှမဟုတ် မုန့်ဟင်းခါးဖတ်ခြောက်ကို ပြုတ်ပြီး ရေစစ်ကာ ပဲဖြစ်ဖြစ် သုံးနိုင်ပါတယ်။ မုန့်ဟင်းခါးဖတ်ခြောက်ကို သုံးရင် အထုတ်တွင်ပါတဲ့ ပြင်ဆင်နည်းအတိုင်းပြင်ဆင်ပြီး ရေစင်အောင် စစ်ထားပါ။

ပုစွန်များကို အကောင်လိုက် ရေစင်အောင် ဆေးပြီးရင် ဆားအနည်းငယ် ခတ်ထားသော ရေနွေးပူပူထဲတွင် သုံး-လေးမိနစ်ခန့်မျှ ပြုတ်ပါ။ ပြီးခပ်မြန်မြန်ဆယ်ကာ ရေခဲရေထဲတွင် စိမ်ပါ။ နောက်ရေစင်အောင်စစ်ကာ အခွံခွာ၊ ကျောခွဲပြီး အညစ်ကြေးချောင်းများကို ထုတ်ကာ ကျောမှ ထက်ခြမ်းခြင်းပြီး အအေးခံထားပါ။

ဆလတ်ရွက်၊ ခုဆိုင်၊ ပူစီနံ၊ basil ရွက်နှင့် ကြက်သွန်မြိတ်များကို ရေစင်အောင်ဆေးပြီးရင် ရေစစ်ထားပါ။ ရေခြောက်ဖို့လိုပါတယ်။ ကြက်သွန်မြိတ်များကြီးလျှင် နှစ်ခြမ်းမျှ ခြမ်းပါ။

ထို့နောက် ကော်ပြန့်ရွက်ခြောက်တစ်ခုလုံးစာ ဆုံမယ့် လင်ပန်း၊ သို့မဟုတ် ပန်းကန်ပြားကြီးကြီးထဲတွင် ကြက်သီးနွေးမျှ ရေနွေးပူကို အနည်းငယ်ထည့်ပါ။ ပြီးလျှင် ကော်ပြန့်ရွက်ခြောက်ကို အဖျားမှကိုင်ကာ ရေထဲတွင် ဖြည်းဖြည်းချင်းနှစ်ပြီး လှုပ်ပါ။ ပြီးနောက်အသာအယာပြန် ဆွဲယူပါ။ ကော်ပြန့်ရွက်ခြောက် လိပ်လာပြီဆိုလျှင် ရေအများကြီး မစိုပါစေနဲ့။

ထို့နောက် ပန်းကန်ပြားတစ်ခုပေါ်တွင် ပြန့်အောင်ခင်းထားပါ။

ပထမဦးစွာ ၇-၈ စင်တီမီတာအရှည်ရှိ ဆလတ်ရွက်ကို ကော်ပြန့်ရွက်ရဲ့ သုံးပုံတစ်ပုံနေရာဝန်းကျင်တွင်ခင်းပါ။

နောက် မုန့်ဟင်းခါးဖတ် လက်တစ်ဆုပ် သာသာ၊ ခုဆိုင် ၂-၃ ပင်၊ ပူစီနံနှင့် basil ရွက် ၅-၆ ရွက်စီကို စီကာ ဆလတ်ရွက်ပေါ်တွင် ထည့်ပါ။

ပြီးလျှင် ကော်ပြန့်အောက်ဆုံးရွက်ကို အပေါ်သို့ဆွဲမလာကာ အစာများပေါ်သို့ ကျော်ပြီး တင်ကာ အနည်းငယ်အပေါ်သို့ လိုမ့်ကာ အသာလေးလိပ်ပါ။ နောက်ဘယ်၊ ညာမှ အစ များကိုလည်း အလည်ပိုင်းသို့ဆွဲ၍ ကော်ပြန့်လိပ်ကို ပိတ်ပါ။ နောက် ပုစွန် အခြမ်း နှစ်ခုကို ထည့်ကာ ကြက်သွန်မိတ် တစ်ခုကို ပစ္စန်အပေါ်မှ ညှပ်ထည့်ပါ။ ပြီးကော်ပြန့်လိပ်ကို အပေါ်ပိုင်းသို့ အသာလေး ဆက်လိပ်သွားပါ။

တို့စားရန် Sauce

ပါဝင်ပစ္စည်းများ

ငံပြာရည် ၁/၄ ခွက် (၆၀ မီလီမီတာ)

ရှုလကာရည်အဖြူ (white vinegar)

၁/၄ ခွက်(၆၀ မီလီမီတာ)

သံပရာရည် စားပွဲဇွန်း နှစ်ဇွန်းခွဲ

သကြား စားပွဲဇွန်း နှစ်ဇွန်းခွဲ

ကြက်သွန်ဖြူသုံးမြွှာ (ညက်ညက်ထောင်းလျက်)

ငရုတ်သီးအနီတောင့်ရှည်တစ်တောင့် (သေးသေးနုပ်နုပ်စဉ်းလျက်)

ရေ ၁/၂ ခွက်

သကြားကို ရေထဲတွင် အရင်ပျော်အောင် ဖျော်ပြီး ငရုတ်သီးမှလွဲ၍ ကျန်ပစ္စည်းများအားလုံးကို ထည့်ကာ ခွက်တစ်ခွက်ထဲတွင် သမအောင် မွှေပါ။ ပြီးလျှင် ငရုတ်သီးများကို ဖြူးပါ။

ဗီယက်နမ်စတိုင် ဝက်သားပြားနှင့် ကော်ပြန့်စိမ်းလိပ် (မြောက်ပိုင်းမှာစားလေ့ရှိသည့်နည်း)

ဗီယက်နမ်ရိုးရာ ချက်နည်းများမှာတော့ ဝက်သားပြားကို ကင်လေ့ရှိပါတယ်။ ဒါပေမဲ့ ဖြိုးကတော့ Non stick အကြော်ဒယ်ပြားအိုးထဲမှာပဲ ဆီနည်းနည်းနဲ့ ထည့်ကြော်လိုက်ပါတယ်။ လွယ်ကူအောင်လို့ပါ။ ဟင်းရွက်များကို လတ်လတ်ဆတ်ဆတ်သုံးထားတာမို့ စားတဲ့အခါ လန်းလန်းဆန်းဆန်း ဖြစ်စေပါတယ်။ ကြိုက်တတ်ရင် သခွားသီးစိတ်၊ မုန်လာဥနီတို့ကို ခြစ်ထည့်ပြီး စားနိုင်ပါတယ်။

ဝက်သားပြားကြော် ပါဝင်ပစ္စည်းများ

ဝက်သားကြိတ်သား ၈ရမ် ၃၀၀

သကြား စားပွဲဇွန်း တစ်ဇွန်း

ဆား လက်ဖက်ရည်ဇွန်း တစ်ဇွန်း

ကြက်သွန်ဖြူ ခုနစ်မြွှာ (ညက်ညက်ထောင်းလျက်)

ငရုတ်ကောင်းဖြူ

လက်ဖက်ရည်ဇွန်း တစ်ဇွန်း

Baking soda

(မုန့်ဖုတ်ရာတွင်သုံးသည်)

လက်ဖက်ရည်ဇွန်း ၁/၄ ဇွန်း

ဟင်းသီးဟင်းရွက်ဆီ

စားပွဲဇွန်း တစ်ဇွန်းခွဲ

ပြင်ဆင်ပုံ

ဝက်သားကြိတ်သားများကို မီးဖိုချောင်သုံးတစ်ရှူးစက္ကူဖြင့် အုပ်၍ ရေများစုပ်ယူပါ။ ဟင်းသီးဟင်းရွက်ဆီမှလွဲ၍ ကျန်ပစ္စည်းများအားလုံးကို food processor ထဲတွင်ထည့်၍ အားလုံးပေါင်းစပ်သွားသည်အထိ မွှေပါ။ သို့မဟုတ် ငရုတ်ဆုံထဲတွင် ထည့်၍ ထောင်းပါ။

နောက် ဝက်သားပြားအသေးလေးများအဖြစ် ပုံသွင်းယူပါ။ (ငါးဖယ်ပြားလေးများလုပ်သည့်အတိုင်း ဖြစ်ပါသည်။) ပြီးလျှင် ရေခဲသေတ္တာထဲတွင် နာရီဝက်မျှထည့်ထားပေးပါ။

Non stick အကြော်ဒယ်ပြားအိုးထဲတွင် ဟင်းသီးဟင်းရွက်ဆီကို ထည့်ကာ မီးမပြင်းတပြင်းဖြင့် ဆီပူလာအောင် တည်ကာ ဝက်သားပြားများကို ကြော်ပါ။ ကြော်စဉ်မှာ အဖုံးအုပ်ထားပေးပါ။ တစ်ဖက်ကိုနှစ်မိနစ်မျှစီထားကာ အသားပြားများကို လှန်ပေးကာ ရွှေအို ရောင် သန်းလာသည် အထိ ကြော်ပါ။ အမြဲတမ်းအဖုံးအုပ်ထားပေးပါ။ ဒါမှ အသားများ အကျက်လွယ်မှာ ဖြစ်ပါတယ်။ အထဲမှအသားများ ကျက်လျှင် ရပါပြီ။

မီးဖိုချောင်သုံး တစ်ရှူးစက္ကူပေါ်တွင် ဝက်သားများကို တင်ထားကာ ဆီစစ်ယူပါ။ နောက် ၁ ဒသမ ၅ စင်တီမီတာ နီးပါး အထူရအောင် လှီးယူပါ။ အအေးခံထားပါ။

နောက် ပုစွန်နေရာတွင် ဝက်သားများအထပ်လိုက်စီထည့်ကာ ကော်ပြန့်ကို အထက်ပါနည်းအတိုင်းလိပ်ပါ။

သိလိုသည်များရှိလျှင် phyocooking@gmail.com သို့ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ■

SHOPPING LIST

Rice paper roll ကို market place မှဝယ်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှထုတ်လုပ်ထားတာဖြစ်ပါတယ်။

Baking powder (sodium bicarbonate) ကိုလည်း super market များတွင် ဝယ်လို့ရပါသည်။

QUOTE

"If you can organize your kitchen, you can organize your life"
– Louis Parish

NEXT WEK

ဗီယက်နမ်စတိုင် ချဉ်၊ ငန်၊ စပ်၊ ခါ့ နန်းကြီးသုပ်နှင့် ဝက်သားကင်သုပ်

Events flash

ရွှေတိဂုံပန်းချီပြပွဲ

ပန်းချီပညာရှင် ၅၀ ကျော်၏ လက်ရာများ ပါဝင်ပြသမယ့် ရွှေတိဂုံ Outdoor ပန်းချီပြပွဲကို ရန်ကုန်မြို့၊ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းမှာရှိတဲ့ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို) မှာ ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကနေ မတ်လ ၃ ရက်နေ့ထိ ပြသသွားမှာဖြစ်ပါတယ်။

ပန်းချီ၊ ပန်းပု၊ အနုပညာရေးဆွေးဟောပြောသင်ကြားမည်

ပန်းချီပညာရှင် ဆရာကြီးများရဲ့ ပန်းချီ၊ ပန်းပု၊ အနုပညာရေးဆွေးဟောပြောသင်ကြားမယ့် အစီအစဉ်ကို အမှတ်၆၂ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ လောကနတ်ပန်းချီခန်းမမှာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ မတ်လ ၂ ရက်နေ့ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

Cheers အနုပညာရှင်များ၏ အမှတ်တရလက်မှတ်ရေးထိုးသီဆိုဖျော်ဖြေပွဲ

Cheers VCD/ DVD ကာရာအိုကေ အခွေ မိတ်ဆက်ပွဲအဖြစ် ပါဝင်သီဆိုထားတဲ့ အနုပညာရှင်တွေရဲ့ အမှတ်တရ လက်မှတ်ရေးထိုးသီဆိုဖျော်ဖြေမှုကို မတ်လ ၃ ရက်နေ့ ညနေ ၃ နာရီမှ ၆ နာရီထိ လှည်းတန်း၊ စိန်ဂေဟာမှာ ကျင်းပမှာဖြစ်ပါတယ်။

အမွေအနုပညာပြပွဲ

မြင့်မောင်ကျော်၊ မြင့်မိုးအောင်၊ မြင့်ဇော်၊ ကိုတာနှင့် ဂျူးတို့၏ 'အမွေ' အနုပညာပြပွဲကို မတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့ထိ အမှတ် ၆၅၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်ရှိ Gallery 65 တွင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိ ပြသသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

DOMESTIC FLIGHT SCHEDULES

YANGON TO NAY PYI TAW

Days	Flight	Dep	Arr
MON	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
TUE	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
WED	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
THUR	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
FRI	UB-A1	07:45	08:45
	UB-B1	11:30	12:30
	UB-C1	16:00	17:00
SAT	UB-A1	08:00	09:00
SUN	UB-A1	15:30	16:30

NAY PYI TAW TO YANGON

Days	Flight	Dep	Arr
MON	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
TUE	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
WED	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
THUR	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
FRI	UB-A2	09:15	10:15
	UB-B2	13:00	14:00
	UB-C2	17:30	18:30
SAT	UB-A2	10:00	11:00
SUN	UB-A2	17:00	18:00

YANGON TO MANDALAY

Days	Flight	Dep	Arr
MON	W9 501	06:00	07:25
	YH 909	06:00	07:40
	YJ 901	06:00	08:05
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 911	10:00	11:25
	YJ 761	11:00	12:55
	YH 727	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	6T 501	13:45	15:45
	W9 109	14:00	15:55
	6T 341	15:00	16:25
	YJ 211/W97211	15:00	16:25
	YH 731	15:00	17:10
	YJ 791	15:45	17:40
TUE	W9 141	06:00	07:25
	YH 909	06:00	07:40
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 761	11:00	12:55
	YH 729	11:15	14:15
	W9 251	11:30	12:55
	K7 822	11:30	12:55
	K7 622	12:00	13:25
	W9 109	14:00	15:55
	6T 501	14:00	16:00
	YJ 791	14:30	16:25
	6T 341	15:00	16:25
	YJ 731	15:30	17:40
WED	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	6T 331	06:45	08:10
	W9 143	06:45	08:50
	W9 201	07:30	08:55
	Y5 131	08:00	09:00
	YJ 911	10:00	11:25
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	W9 119	11:45	13:40
	K7 622	12:00	13:25
	W9 501	12:00	13:25
	YJ 129/W97129	14:30	16:25
	6T 501	14:30	16:30
	YJ 791	15:00	16:25
	YH 731	15:00	17:10
	W9 129	15:30	17:25
THUR	W9 205	06:00	07:25
	YJ 201	06:00	07:25
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	K7 222	06:30	08:40
	W9 143	06:45	08:50
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 761	11:00	12:55
	YH 737	11:15	14:15
	K7 226	12:00	13:25
	6T 501	13:45	15:45
	YJ 501/W97501	14:00	15:55
	W9 129	14:30	16:25
	6T 341	15:00	16:25
	W9 501	15:00	16:25
	YH 731	15:00	17:10
FRI	YJ 901	06:00	07:25
	YH 909	06:00	07:40
	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	6T 403	06:30	08:35
	K7 222	06:30	08:40
	Y5 131	08:00	09:00
	YJ 751/W97751	11:00	12:55
	YJ 727	11:15	13:25
	K7 824	13:00	14:25
	6T 501	13:45	15:45
	6T 341	15:00	16:25
	YH 731	15:00	17:10
SAT	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	6T 341	06:30	07:55
	YH 909	06:30	08:10
	K7 222	06:30	08:40
	K7 244	06:45	08:10
	Y5 131	08:00	09:00
	YJ 761	11:00	12:55
	YJ 601/W97601	11:00	12:55
	YH 729	11:15	14:15
	YJ 109/W97109	14:30	16:25
	6T 501	14:45	16:45
	YH 731	15:00	17:10
SUN	YJ 891	06:10	08:15
	YH 917	06:10	08:30
	6T 401	06:20	08:25
	YH 909	06:30	08:10
	6T 403	06:30	08:35
	K7 222	06:30	08:40
	Y5 131	08:00	09:00
	8M 6603	09:00	10:10
	YJ 211	09:30	10:55
	YJ 751/W97751	11:00	12:55
	YH 737	11:15	13:25
	K7 622	12:00	13:25
	YH 731	14:00	15:40
	6T 501	14:15	16:20
	YJ 129/W97129	14:30	16:25

MANDALAY TO YANGON

Days	Flight	Dep	Arr
MON	YH 910	07:40	10:30
	YJ 902	08:20	09:45
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 502	09:10	11:05
	Y5 132	09:30	10:30
	W9 504	15:45	17:10
	6T 502	16:05	17:30
	W9 109	16:10	18:15
	YJ 762	16:35	18:00
	K7 623	16:40	18:05
	YH 728	16:45	18:10
	6T 342	16:45	18:50
	YH 732	17:10	19:15
	W9 120	17:50	19:15
	YJ 792	17:55	20:00
TUE	YH 910	07:40	10:30
	YH 918	08:30	10:25
	YJ 892	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 143	09:05	11:00
	Y5 132	09:30	10:30
	YJ 762	16:00	17:55
	W9 109	16:10	18:15
	6T 502	16:20	17:45
	K7 623	16:40	18:05
	YJ 792	16:40	18:45
	6T 342	16:45	18:50
	8M 6604	17:20	18:30
	YH 732	17:40	19:45
	YH 730	18:00	19:25
	K7 823	18:00	19:25
	W9 252	18:35	20:00
WED	YH 910	08:10	10:15
	6T 332	08:30	09:55
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 144	09:05	11:10
	Y5 132	09:30	10:30
	K7 623	16:40	18:05
	YJ 792	16:40	18:45
	6T 502	16:50	18:55
	YH 732	17:10	19:15
	YH 738	17:25	18:50
	W9 129	17:40	19:45
	W9 120	17:50	19:15
	YJ 752/W97752	17:50	19:15
THUR	W9 205	07:40	09:45
	YH 910	08:10	10:15
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	W9 143	09:05	11:10
	Y5 132	09:30	10:30
	YJ 202	10:30	11:55
	YJ 117/W97117	13:10	15:05
	YJ 202	14:30	15:55
	K7 227	15:50	17:15
	6T 502	16:05	17:30
	YJ 501/W97501	16:10	17:35
	YJ 762	16:35	18:00
	YJ 762	16:35	18:00
	W9 129	16:40	18:05
	6T 342	16:45	18:50
	YH 732	17:10	19:15
	8M 6604	17:20	18:30
FRI	YJ 901	07:40	10:30
	YH 910	07:40	10:30
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	6T 404	08:55	10:55
	K7 223	09:00	11:05
	Y5 132	09:30	10:30
	6T 502	16:05	17:30
	YH 728	16:45	18:10
	6T 342	16:45	18:50
	YH 732	17:10	19:15
	YH 732	17:10	19:15
	K7 825	17:40	19:05
	YJ 752/W97752	17:50	19:15
SAT	YH 910	08:10	10:15
	6T 342	08:15	10:20
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 762	16:35	18:00
	YJ 109/W97109	16:40	18:05
	YH 732	17:10	19:15
	6T 502	17:50	19:10
	YH 730	18:00	19:25
SUN	YH 910	08:10	10:15
	YJ 892	08:30	10:25
	YH 918	08:30	10:25
	6T 402	08:45	10:45
	6T 404	08:55	10:55
	K7 223	09:00	11:05
	Y5 132	09:30	10:30
	YJ 212	14:30	15:55
	YH 732	15:40	18:40
	K7 623	16:40	18:05
	6T 502	16:40	18:45
	YJ 129/W97129	16:40	18:45
	8M 6604	17:20	18:30
	K7 823	17:20	18:45
	YH 738	17:25	18:50

YANGON TO NYAUNG U

Days	Flight	Dep	Arr
MON	YJ 901	06:00	07:20
	W9 501	06:00	08:10
	YH 909	06:00	08:25
	YH 917	06:10	07:45
	YJ 891	06:10	07:30
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	6T 351	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	W9 143	07:00	08:20
	YJ 911	10:00	12:10
	W9 109	14:00	16:40
	YJ 109/W97109	14:00	16:40
	YJ 211/W97211	15:00	17:10
	6T 341	15:00	17:15
	YH 731	15:00	17:55
	YJ 791	15:45	18:25
TUE	W9 205	06:00	07:20
	W9 141	06:00	08:10
	YH 909	06:00	08:25
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	6T 351	06:30	07:50
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 143	06:45	08:05
	YH 711	11:00	13:20
	W9 109	14:00	16:40
	YJ 791	14:30	17:10
	6T 341	15:00	17:15
	YH 731	15:30	18:25
WED	YJ 901	06:00	07:20
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	YH 909	06:30	08:55
	W9 143	06:45	08:05
	K7 242	06:45	08:05
	6T 351	11:15	12:35
	YJ 129/W97129	14:30	17:10
	6T 501	14:30	17:20
	YJ 791	15:00	17:10
	YH 731	15:00	17:55
	W9 129	15:30	18:10
THUR	W9 205	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	W9 141	06:30	07:50
	6T 351	06:30	07:50
	YH 909	06:30	08:55
	W9 143	06:45	08:05
	YH 711	10:30	12:50
	W9 501	15:00	17:10
	6T 341	15:00	17:15
	YH 731	15:00	17:55
FRI	YJ 901	06:00	08:10
	YH 909	06:00	08:25
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	6T 403	06:30	07:50
	K7 222	06:30	07:50
	K7 242	06:45	08:05
	6T 341	15:00	17:15
	YH 731	15:00	17:55
SAT	YJ 911	06:00	07:20
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	6T 341	06:30	08:45
	YH 909	06:30	08:55
	6T 451	10:45	12:05
	6T 501	14:45	17:35
	YH 731	15:00	17:55
SUN	YJ 901	06:00	08:10
	YJ 891	06:10	07:30
	YH 917	06:10	07:45
	6T 401	06:20	07:40
	YJ 141/W97141	06:30	07:50
	K7 222	06:30	07:50
	6T 403	06:30	07:50
	YH 909	06:30	08:55
	YH 731	14:00	17:20
	K7 224	14:15	16:25
	6T 501	14:15	17:10
	YJ 129/W97129	14:30	17:10

NYAUNG U TO YANGON

Days	Flight	Dep	Arr
MON	YJ 902	07:35	09:45
	YH 918	07:45	10:25
	YJ 891	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 351	08:05	11:10
	YH 910	08:25	10:30
	W9 502	08:25	11:05
	W9 144	08:35	09:55
	YJ 911	11:40	14:45
	K7 225	16:40	18:00
	W9 109	16:55	18:15
	YJ 211/W97211	17:25	18:45
	6T 342	17:30	18:50
	YH 732	17:55	19:15
	YJ 792	18:40	20:00
TUE	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	6T 351	08:05	11:10
	W9 143	08:20	11:00
	YH 910	08:25	10:30
	W9 141	08:25	11:25
	YH 712	13:20	15:15
	W9 109	16:55	18:15
	YJ 792	17:25	18:45
	6T 342	17:30	18:50
	YH 732	18:25	19:45
WED	YJ 902	07:35	09:40
	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	YH 910	08:55	10:15
	W9 144	09:50	11:10
	YJ 911	12:25	15:30
	6T 351	12:50	15:55
	K7 225	16:40	18:00
	YJ 129/W97129	17:25	18:45
	YJ 792	17:25	18:45
	6T 502	17:35	18:55
	YH 732	17:55	19:15
	W9 129	18:25	19:45
THUR	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	W9 141	08:05	11:05
	6T 351	08:05	11:10
	W9 143	08:20	11:10
	W9 205	08:25	09:45
	YH 910	08:55	10:15
	YH 712	12:50	14:45
	6T 342	17:30	18:50
	YH 732	17:55	19:15
FRI	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	6T 403	08:05	10:55
	YJ 141/W97141	08:05	11:05
	YJ 902	08:25	10:30
	YH 910	08:25	10:30
	K7 225	16:40	18:00
	YJ 792	17:25	18:45
	6T 342	17:30	18:50
	YH 732	17:55	19:15
SAT	YJ 911	06:00	07:20
	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	YJ 141/W97141	08:05	11:05
	YH 910	08:55	10:15
	6T 342	09:00	10:20
	6T 451	12:20	14:25
	YJ 602/W97602	16:25	17:45
	K7 225	16:40	18:00
	6T 502	17:50	19:10
	YH 732	17:55	19:15
SUN	YJ 902	07:35	08:55
	YJ 891	07:45	10:25
	YH 918	07:45	10:25
	6T 401	07:55	10:45
	6T 403	08:05	10:55
	YJ 141/W97141	08:05	11:05
	YH 910	08:55	10:15
	K7 225	16:40	18:00
	YH 732	17:20	18:40
	6T 502	17:25	18:45

YANGON TO MYITKYINA

Days	Flight	Dep	Arr
MON	W9 503	11:00	13:55
	K7 622	12:00	14:55
TUE	W9 251	11:30	14:25
	K7 622	12:00	14:55
WED	K7 622	12:00	14:55
THUR	YJ 201	06:00	08:50
SUN	YJ 211	09:30	12:20
	K7 622	12:00	14:55

MYITKYINA TO YANGON

Days	Flight	Dep	Arr
MON	W9 504	14:15	17:10
	K7 623	15:10	18:05
TUE	K7 623	15:10	18:05
	W9 252	17:05	20:00
WED	K7 623	15:10	18:05
THUR	YJ 202	09:05	11:55
SUN	YJ 211	12:35	15:55
	K7 623	15:10	18:05

YANGON TO HEHO

Days	Flight	Dep	Arr
MON	YH 909	06:00	09:20
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	W9 141	06:30	08:45
	6T 351	06:30	08:45
	YJ 141/W97141	06:30	08:45
	K7 828	10:00	11:15
	YJ 911	10:00	13:05
	YJ 761	11:00	12:10
	YH 727	11:15	12:40
	W9 119	11:45	12:55
	6T 501	13:45	14:55
	W9 109	14:00	15:10
	K7 224	14:15	15:30
	YH 731	15:00	16:25
	YJ 791	15:45	16:55
TUE	W9 141	06:00	09:05
	YH 909	06:00	09:20
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	6T 351	06:30	08:45
	YJ 141/W97141	06:30	08:45
	W9 143	06:45	09:35
	W9 201	09:30	10:40
	YJ 761	11:00	12:10
	YH 711	11:00	12:25
	K7 822	11:30	13:45
	6T 501	14:00	15:10
	W9 109	14:00	15:10
	YJ 791	14:30	15:40
	YH 731	15:30	16:55
WED	YJ 901	06:00	08:15
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	W9 141	06:30	08:45
	W9 201	07:30	09:40
	YJ 911	10:00	12:10
	YH 711	10:30	11:55
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	6T 351	11:15	13:30
	W9 119	11:45	12:55
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:30	15:40
	YJ 129/W97129	14:30	15:40
	YH 731	15:00	16:25
	W9 129	15:30	16:40
THUR	YJ 901	06:00	08:15
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 351	06:30	08:45
	W9 141	06:30	08:45
	W9 143	06:45	09:35
	K7 828	10:00	11:15
	YH 711	10:30	11:55
	YJ 761	11:00	12:10
	6T 501	13:45	14:55
	YJ 501/W97501	14:00	15:10
	W9 129	14:30	15:40
	YH 732	15:00	16:25
FRI	YH 909	06:00	09:20
	YJ 891	06:10	09:00
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 403	06:30	09:30
	K7 242	06:45	09:00
	YJ 751/W97751	11:00	12:10
	YH 727	11:15	12:40
	6T 501	13:45	14:55
	K7 224	14:15	15:30
	YH 731	15:00	16:25
SAT	YJ 911	06:00	08:15
	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	K7 224	06:45	09:00
	YH 711	10:30	11:55
	6T 451	10:45	13:00
	YJ 761	11:00	12:10
	K7 826	12:30	13:45
	K7 224	14:15	15:30
	6T 501	14:45	15:55
	YH 731	15:00	16:25
SUN	YJ 891	06:10	09:00
	YH 917	06:10	09:15
	6T 401	06:20	09:20
	YJ 141/W97141	06:30	08:45
	6T 403	06:30	09:30
	YJ 751/W97751	11:00	12:10
	YH 737	11:15	12:40
	K7 822	11:30	13:45
	YH 731	14:00	16:25
	6T 501	14:15	15:25
	K7 224	14:15	15:30
	YJ 129/W97129	16:40	18:45

HEHO TO YANGON

Days	Flight	Dep	Arr
MON	W9 141	09:00	11:05
	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	YH 918	09:15	10:25
	YH 910	09:20	10:30
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 502	09:55	11:05
	YJ 912	13:20	15:30
	YJ 109/W97109	14:00	15:10
	6T 501	15:10	17:30
	W9 109	15:25	18:15
	YJ 762	15:50	18:00
	YH 728	16:00	18:10
	YH 732	16:25	19:15
	K7 829	16:30	17:45
	W9 120	17:05	19:15
	YJ 791	17:10	20:00
TUE	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	YH 918	09:15	10:25
	YH 910	09:20	10:30
	W9 141	09:20	11:25
	6T 402	09:35	10:45
	W9 143	09:50	11:00
	K7 223	09:50	11:05
	W9 202	10:55	12:05
	YH 712	12:25	14:30
	6T 501	15:25	17:45
	W9 109	15:25	18:15
	YJ 791	15:55	18:45
	YJ 762	16:45	17:55
	YH 732	16:55	19:45
	K7 823	17:10	19:25
WED	YJ 902	08:30	09:40
	W9 141	09:00	11:05
	YJ 141/W97141	09:00	11:05
	K7 243	09:15	11:30
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 201	09:55	11:05
	YH 712	11:55	14:00
	YJ 912	12:25	14:35
	6T 352	13:45	15:55
	YJ 129/W97129	15:55	18:45
	6T 501	15:55	18:55
	YH 732	16:25	19:15
	K7 827	16:30	17:45
	YH 738	16:40	18:50
	W9 129	16:55	19:45
	W9 120	17:05	19:15
	YJ 791	17:10	20:00
THUR	YJ 141/W97141	09:00	11:05
	6T 352	09:00	11:10
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	W9 143	09:50	11:10
	YH 712	11:55	14:45
	6T 501	15:10	17:30
	YJ 501/W97501	15:25	17:35
	YJ 762	15:50	18:00
	W9 129	15:55	18:05
	YH 732	16:25	19:15
	K7 829	16:30	17:45
	YH 730	18:00	19:10
FRI	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	YH 918	09:15	10:25
	K7 243	09:15	11:30
	YH 910	09:20	10:30
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	6T 501	15:10	17:30
	YH 728	16:00	18:10
	YH 732	16:25	19:15
SAT	YJ 912	08:30	10:40
	YJ 141/W97141	09:00	11:05
	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	K7 223	09:50	11:05
	YH 506	11:55	14:00
	6T 452	13:15	14:25
	YJ 762	15:50	18:00
	YJ 109/W97109	15:55	18:05
	6T 501	16:10	19:10
	YH 732	16:25	19:15
	K7 827	17:10	18:25
SUN	YJ 892	09:15	10:25
	YH 918	09:15	10:25
	6T 402	09:35	10:45
	6T 404	09:45	10:55
	K7 223	09:50	11:05
	6T 501	15:45	18:45
	YJ 129/W97129	15:55	18:45
	YH 732	16:25	18:40
	YH 738	16:40	18:50
	YJ 752/W97752	17:00	18:10

YANGON TO SITTWE

Days	Flight	Dep	Arr
MON	6T 611	11:30	12:55
TUE	K7 422	06:45	08:40
	6T 611	11:30	12:55
WED	6T 607	10:15	11:40
THRU	6T 611	11:30	12:55
FRI	6T 611	11:30	12:55
SAT	6T 607	11:15	12:40
SUN	K7 422	06:45	08:40
	6T 611	11:30	12:55

SITTWE TO YANGON

Days	Flight	Dep	Arr
MON	6T 612	13:15	14:40
TUE	K7 423	08:55	10:50
	6T 612	13:15	14:40
WED	6T 608	12:00	12:50
THUR	6T 612	13:15	14:40
FRI	6T 612	13:15	14:40
SAT	6T 608	13:00	15:05
SUN	K7 423	08:55	10:50
	6T 612	13:15	14:40

YANGON TO MYEIK

Days	Flight	Dep	Arr
MON	K7 319	07:00	09:05
TUE	K7 319	07:00	09:05
	YJ 301	07:00	09:10
WED	K7 319	07:00	09:05
THUR	K7 319	07:00	09:05
	YJ 301	12:15	14:25
FRI	K7 319	07:00	09:05
SAT	K7 319	07:00	09:05
SUN	K7 319	07:00	09:05

MYEIK TO YANGON

Days	Flight	Dep	Arr
MON	K7 320	11:30	13:35
TUE	YJ 302	11:25	13:35
	K7 320	11:30	13:35
WED	K7 320	11:30	13:35
THUR	K7 320	11:30	13:35
	YJ 302	16:40	18:50
FRI	K7 320	11:30	13:35
SAT	K7 320	11:30	13:35
SUN	K7 320	11:30	13:35

YANGON TO THANDWE

Days	Flight	Dep	Arr
MON	W9 141	06:30	10:00
	6T 351	06:30	10:00
	YJ 141/W97141	06:30	10:00
	K7 420	06:45	07:40
	YH 503	11:00	12:05
	6T 601	11:15	12:10
TUE	W9 141	06:00	10:20
	6T 351	06:30	10:00
	YJ 141/W97141	06:30	10:00
	K7 422	06:45	07:40
	YH 711	11:00	14:25
	6T 601	11:30	12:25
	YJ 309/W97309	12:00	12:50
WED	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	YJ 911	10:00	13:25
	6T 607	10:15	12:50
	YH 711	10:30	13:10
	6T 351	11:15	14:45
THUR	W9 141	06:30	10:00
	YJ 141/W97141	06:30	10:00
	6T 351	06:30	10:00
	K7 420	06:45	07:40
	YH 711	10:30	13:55
	6T 601	11:15	12:10
FRI	6T 351	06:30	10:00
	6T 601	11:15	12:10
	YH 503	11:00	12:05
SAT	YH 505	10:30	13:10
	6T 451	10:30	14:00
	6T 607	11:15	13:50
SUN	6T 351	06:30	10:00
	K7 422	06:45	07:40
	YH 505	10:30	13:35
	6T 601	11:15	12:10

THANDWE TO YANGON

Days	Flight	Dep	Arr
MON	K7 421	07:55	08:50
	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	6T 352	10:15	11:10
	YH 504	12:05	12:55
	6T 602	12:25	13:20
	YJ 912	14:35	15:30
TUE	K7 423	09:55	10:50
	YJ 141/W97141	10:15	11:05
	6T 352	10:15	11:10
	W9 141	10:35	11:25
	6T 602	12:40	13:35
	YJ 310/W97310	13:05	13:55
	YH 712	14:25	15:15
WED	W9 141	10:15	11:05
	YJ 141/W97141	10:15	11:05
	6T 608	13:05	14:00
	YH 712	13:10	14:00
	YJ 912	13:40	14:35
	6T 352	15:00	15:55
THUR	K7 421	07:55	08:50
	YJ 141/W97141	10:15	11:05
	W9 141	10:15	11:05
	6T 352	10:15	11:10
	6T 602	12:25	13:20
	YH 712	13:55	14:45
FRI	6T 352	10:15	11:10
	K7 243	10:35	11:30
	YH 504	12:05	12:55
	6T 602	12:25	13:20
SAT	K7 245	10:35	11:30
	YH 506	13:10	14:00
	6T 608	14:10	15:05
SUN	K7 423	09:55	10:50
	YH 506	11:35	12:25
	6T 602	12:25	13:20

Domestic

6T = Air Mandalay
W9 = Air Bagan
YJ = Asian Wings
K7 = AIR KBZ
YH = Yangon Airways
UB = FMI UB Charter
Y5 = Golden Myanmar Airlines

Subject to change without notice

ဟိုတယ်ခန်းပြတ်လပ်မှုက ခရီးသွားလုပ်ငန်းအတွက် စိန်ခေါ်မှုတစ်ခု ဖြစ်နေဆဲ

ယုယုမော်

ဟိုတယ်အခန်း လုံလောက်မှုရှိစေရန် လိုအပ်ခြင်း၊ ဝန်ဆောင်မှုများကောင်းရန် လိုအပ်ခြင်းနှင့် ဟိုတယ်အခန်းခနှုန်း ထားများမျှတရန် လိုအပ်နေခြင်းတို့ အပြင် တစ်မဟုတ်ချင်းတိုးတက်လာသည့် ခရီးသည်ဝင်ရောက်မှုနှုန်းမှာ ခရီးသွား လုပ်ငန်းအတွက် အဓိကစိန်ခေါ်မှုများ ဖြစ်ပေါ်လာလျက်ရှိသည်။

အဓိကခရီးသွားဒေသများဖြစ်သည့် ရန်ကုန်၊ မန္တလေးတို့ထက် ပုဂံ၊ အင်းလေး နှင့်ကလောဒေသများတွင်လည်း ဟိုတယ် အခန်းမရရှိခြင်းကြောင့် ခရီးသည်များ အခက်တွေ့နေရသည်ဟု ဒေသဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များက ပြောသည်။

“အခုလတ်တလော အဆင်ပြေအောင် ညောင်ရွှေမှာ မြို့မရန်ကုန်ကျောင်းတိုက် ဘုန်းကြီးကျောင်းကို ဟိုတယ်ခရီးဝန်ကြီး ဌာနနဲ့ ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ ခွင့်ပြုချက်နဲ့ နိုင်ငံခြားသားတွေကို ယာယီ တည်းခိုနိုင်အောင် လုပ်ပေးထားရတယ်” ဟု တောင်ကြီးဟိုတယ်ဇုန်ဒုတိယဥက္ကဋ္ဌ ဦးဝင်းဦးတန်က မြန်မာတိုင်း(မ်)ကို ပြောကြားသည်။

အင်းလေးဒေသ ညောင်ရွှေမြို့နှင့် အင်းလေးကန်တွင်းတွင် တစ်ရက်လျှင် ခရီးသည် ၁,၅၀၀ နီးပါး ဝင်ရောက်လျက် ရှိပြီး လက်ရှိတွင်ဟိုတယ်နှင့် တည်းခိုခန်း ပေါင်း၄၅လုံးရှိကာ အခန်းအရေအတွက် မှာ ၁,၂၀၀ ဝန်းကျင်ရှိသည်။

“အုပ်စုလိုက်လာတဲ့ ခရီးသည်တွေက တော့ အခန်းကို ကြိုမှာထားတဲ့အတွက် သူတို့အခန်းရတယ်။ မရတာက ကျောပိုး အိတ်ခရီးသည်တွေပါ။ သူတို့တွေက ဈေးသက်သာတဲ့ ဟိုတယ်တွေ၊ တည်းခို ခန်းတွေမှာပဲ ရွေးချယ်တည်းခိုကြတယ်။ အဲဒီလိုတည်းခိုခန်းတွေ၊ ဟိုတယ်တွေ တောင် အပြည့်ဖြစ်နေပြီ။ အခုဆိုရင် ဟိုတယ်တွေ တစ်နေ့ကို ပျမ်းမျှအခန်းခ ရရှိမှုက ၇၀ ရာခိုင်နှုန်းလောက်ရှိတယ်” ဟု ၎င်းက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာနမှလည်း ဟိုတယ်များအခန်းခဈေး နှုန်းမမြင့်ကြရန်နှင့် ဝန်ဆောင်မှုတိုးမြှင့် ရန် အဆက်မပြတ်တိုက်တွန်းလျက်ရှိပြီး ဟိုတယ်လုပ်ငန်းရှင်များနှင့် အခန်းခနှုန်း ထားများလျှော့ချရန် အကြိမ်ကြိမ်ညှိနှိုင်း မှုများပြုလုပ်နေဆဲ ဖြစ်သည်။ အင်းလေး ဒေသ ညောင်ရွှေမြို့ ဟိုတယ်အခန်း လုံလောက်မှုရှိစေရန် အင်ကြင်းကုန်းရွာ အနီးတွင် ဟိုတယ်ဇုန်တစ်ခုကို ထပ်မံ ဖော်ထုတ်ခဲ့သည်။

“ဟိုတယ်ဇုန်ဖော်ထုတ်ဖို့အတွက် အချိန်အကြာကြီးယူနေရတယ်။ ရှေ့နှစ် ကတည်းကစပြီး ဖော်ဆောင်ပေးမယ့် သက်ဆိုင်ရာအာဏာပိုင်တွေလည်း ခွင့် ပြုမယ့်၊ လူထုလည်း သဘောတူမယ့် နေရာမျိုးကို ရှာနေရတယ်။ အခုဟိုတယ် ဇုန်ကတော့ အတည်ဖြစ်ဖို့ သေချာ သလောက်ဖြစ်နေပြီ။ လောလောဆယ် ဟိုတယ်အခန်းခပြတ်လတ်မှုကို ဖြေရှင်း ဖို့ကတော့ သက်ဆိုင်ရာတွေ အချင်းချင်း ချိတ်ဆက်မိပြီး စည်းဝေးမှ ရမယ်” ဟု ၎င်းကပြောကြားသည်။

အင်းလေး ညောင်ရွှေဒေသတွင် ဟိုတယ်အခန်းပြတ်လတ်မှုများတွက် ထူးခြားသည့် စီမံချက်များထွက်ပေါ် မလာသေးသည့်အပြင် Home Stay နေ နိုင်ရန်အတွက်လည်း သင့်တင့်သည့်ဗဟု သုတများ ဒေသခံများတွင်ရှိရန် လိုအပ် နေသေးသည်ဟု ၎င်းက ပြောသည်။

လုပ်သက်နှစ် ၂၀ ရှိ ဝါရင့် ဧည့်လမ်းညွှန် ဦးညီညီ(သရဖီ)က လည်း “အခုလမှာ ညောင်ရွှေမှာဆိုရင် ကျောပိုးအိတ်ခရီးသည်တွေကို နေရာ အနှံ့တွေ့နေရတယ်။ တချို့ဆို ထမင်းစား ခန်းတွေ၊ ဆိုင်ခန်းတွေမှာ အိပ်နေကြတာ တွေ့ရတယ်”ဟု ပြောသည်။

“ပုဂံမှာဆိုရင်လည်း ကိုယ့်ဧည့်သည် အတွက် အခန်းဘွတ်ကင်ပေးပြီးသားဆို တော့ သူတို့အတွက်တည်းဖို့ နေရာရှိနေ ပြီးသား။ ဒါပေမဲ့ ကိုယ့်အတွက် နေရာ ရှာမရတော့ အဲဒီဟိုတယ်ရဲ့ ဧည့်ကြို ကောင်တာရှေ့မှာပဲ အိပ်ရာခင်းပြီး အိပ်ခဲ့ ရသေးတယ်’ ဟု ဦးညီညီက ၎င်း၏ အတွေ့အကြုံကို ပြောသည်။

ခရီးသွားလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် မလှဒါလီကလည်း ဟိုတယ်ဈေးနှုန်းများ တက်ပြီး ဟိုတယ်ဝန်ထမ်းများ၏ အရည် အသွေးများကို မြှင့်တင်ရန်လည်း အပူ တပြင်း လိုအပ်နေသေးသည်ဟု ပြော သည်။

“ဟိုတယ်အခန်းခတွေက နေရာတိုင်း တက်နေတယ်။ စင်ကာပူကို အလည် သွားရင် ဒေါ်လာ ၁၅၀ ဆို ဟိုတယ် ကောင်းကောင်းရတယ်။ အခုတော့ ဒီမှာ ဒေါ်လာ ၁၅၀ ဆိုရင် ဝန်ဆောင်မှုကော facilities ပိုင်းကော မကောင်းသေးဘူး။ ခရီးသည်တွေကလည်း အဲဒါကိုမကျေနပ် ကြဘူး။ ဟိုတယ်သစ်တွေ ပေါ်လာရင် ပြေလည်သွားနိုင်တယ်ဆိုပေမယ့် အခု အချိန်မှာ လက်ရှိဟိုတယ်တွေကိုပဲ အားကိုးနေရတော့ သူတို့က အဲဒီပေါ်မှာ လောဘကြီးလာတယ်။ အခုတောင် မြန်မာနိုင်ငံရဲ့ ပြယုဂ်တော်တော်ထိခိုက် လာပြီ” ဟု ၎င်းက ပြောကြားသည်။

“အများဆုံးလာတာက ကျောပိုးအိတ် ခရီးသည်၊ . ဒီမှာအများဆုံးရှိတဲ့ဟိုတယ် တွေက အဆင့်မြင့် luxury နဲ့ အလယ် အလတ်ပိုင်းတည်းခိုနိုင်တဲ့ ဟိုတယ် တွေ။ အဲဒီတော့ဟိုတယ်အခန်းပြတ်လတ် တယ်လို့ ပြောတာထက် ရှိနေတဲ့ ဝယ်လို အားအမျိုးအစားပေါ်မှာ မဖြည့်ဆည်း ပေးနိုင်တာပဲ။ အဆင့်မြင့်ဟိုတယ်တွေ၊ တချို့ဆိုရင် အခန်းလွတ်တွေရှိနေကြ သေးတယ်” ဟု ကလောမြို့လီလီတည်းခို ခန်းမှ တာဝန်ရှိသူကိုရော်ဘင်က ပြော သည်။

“ကျောပိုးအိတ်ခရီးသည်တွေက တစ်နေ့ကိုဒေါ်လာ ၃၀ လောက်မသုံးနိုင် ဘူး။ တည်းခိုခအပြင် trekking လမ်း ညွှန်အတွက်လည်း သုံးရတဲ့အတွက် ပိုက်ဆံခြွေတာ သုံးကြတယ်။ ဒီနှစ်မှာ ဟိုတယ်သစ်ငါးလုံးလောက် ထပ်ဖွင့် တယ်ဆိုပေမယ့် အဲဒီဟိုတယ်တွေ အကုန်လုံးက အဆင့်မြင့်တွေဖြစ်ပြီး တစ်ညကိုဒေါ်လာ၃၀လောက်ပေးတည်း ရတယ်။ စရိတ်နည်းဟိုတယ်တည်းခိုခန်း တွေကတော့ တစ်ညကို ဒေါ်လာ ၁၀ ကနေ ၁၄ ထိပဲ ရှိတယ်”ဟု ၎င်းက ပြောသည်။ ■

မက်စ်နှင့် ပြင်သစ်ဟိုတယ်အုပ်စုတို့ ကြယ်ငါးပွင့်ဟိုတယ်ဖွင့်လှစ်မည်

ဇော်ဝင်းသန်း

ပြင်သစ်အခြေစိုက် အယ်ကော်(Accor) ကုမ္ပဏီအုပ်စုသည် မက်စ်မြန်မာကုမ္ပဏီနှင့် အကျိုးတူးပူးပေါင်းကာ ကြယ်ငါးပွင့် အဆင့်မီ နိုဗိုတယ်ဟိုတယ် ရန်ကုန် (Novotel Hotel Yangon) အဖြစ် ယခုနှစ် ခရီးသွားရာသီအမီ ဖွင့်လှစ်ရန် စီစဉ်နေကြောင်း မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဟိုတယ်အား လက်ရှိကမာရွတ်မြို့နယ်ပြည်လမ်းပေါ်ရှိမက်စ်မြန်မာကုမ္ပဏီပိုင် ပြည်တာဝါအား ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပြီး အယ်ကော်အုပ်စုအနေဖြင့် ဟိုတယ်စီမံအုပ်ချုပ်ရေးအပိုင်းသာ ပါဝင်လုပ်ကိုင်မည်ဟု မက်စ်မြန်မာဟိုတယ် စီမံကိန်းမန်နေဂျာဖြစ်သူ ဦးဗိုလ်ချုန်ထွန်းက ပြောသည်။

"၁၄ လွှာရှိတဲ့ တာဝါ(အေ)မှာ အခန်း ၁၅၉ ခန်းရှိပြီး ၁၆-လွှာရှိတဲ့ တာဝါ(ဘီ)မှာတော့ အခန်း ၂၀၇ ခန်းပါ။ တာဝါနှစ်ခုပေါင်း စုစုပေါင်း အခန်း ၃၆၆ ခန်း ပါဝင်မှာ ဖြစ်ပါတယ်။ အဆောက်အအုံတွေကို မက်စ်မြန်မာက ပိုင်ဆိုင်ပါတယ်။ ဒါပေမဲ့ ဟိုတယ်စီမံအုပ်ချုပ်မှုအတွက်တော့ အယ်ကော်အဖွဲ့နဲ့ ညှိနှိုင်းနေပါတယ်။ဟိုတယ်ကိုတော့ ကြယ်ငါးပွင့် အဆင့်မီနိုဗိုတယ်ဟိုတယ် ရန်ကုန်အဖြစ်နဲ့ ဖွင့်လှစ်မှာဖြစ်ပါတယ်"ဟု ဦးဗိုလ်ချုန်ထွန်းက ပြောသည်။

ဟိုတယ်အား Presidential ခေါ် အဆင့်မြင့်ညှဉ်ခန်းပါ အခန်းကျယ်များ၊ အပေါ်ဆုံးတွင် Penthouse ၊မင်္ဂလာခန်းမ၊ အစည်းအဝေးခန်းမ၊ ကွန်ဖရင့်အခန်းများ၊ ကော်ဖီဆိုင်၊ ဝိုင်ဘား၊ ပြင်သစ်စားသောက်ဆိုင်၊ ရေကူးကန်၊ အားကစားခန်းမ၊ စပါးနှင့် တင်းနစ်ကစားကွင်း စသဖြင့် ဖွဲ့စည်းပါဝင်မည်ဖြစ်သည်။

ယင်းဟိုတယ်အား အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခြင်းဖြင့် လက်ရှိကြုံတွေ့နေရသော အခန်းမလုံလောက်မှု ပြဿနာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဒီဟိုတယ်သာ ပြီးသွားရင် လူပေါင်း ၆၀၀ ကျော်လောက်ကို အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နောက် ဒီလိုအခန်း အရေအတွက်များများနဲ့ ဟိုတယ်ကြီးတွေ ပေါ်ထွက်လာခြင်းအားဖြင့် လက်ရှိအခန်းမလုံလောက်တဲ့ ပြဿနာတွေ လျော့ကျသွားမှာပါ"ဟု ဦးဗိုလ်ချုန်ထွန်းက ပြောသည်။

ဟိုတယ် အဆောက်အအုံဖွဲ့စည်းမှု ဒီဇိုင်းအား စင်ကာပူနိုင်ငံက International Interior Design Association (IDDA)မှ ဆောင်ရွက်ပေးနေပြီး အတွင်းပိုင်းပြင်ဆင်မှုများကို ဗီယက်နမ်အခြေစိုက် AA Corporation မှ ဆောင်ရွက်နေကြောင်း သိရသည်။

ပြည်တာဝါ စီမံကိန်းအား ယခင်က အမျိုးသားဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီ လိမိတက်၊ အေစီအီး၊ အေဝမ်း၊ ဝါဝါဝင်းနှင့် အဓိုးရတို့မှ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး လက်ရှိမက်စ်မြန်မာကုမ္ပဏီအုပ်စုမှ ပိုင်ဆိုင်သည်။

ထို့ပြင် ကမ္ဘာ့ဒုတိယအကြီးဆုံးဟိုတယ်အုပ်စုဝင်ဖြစ်သည့် Best Western သည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ယခုနှစ်အတွင်း ဟိုတယ်ဖွင့်လှစ်ရန်ရှိကြောင်း ထိုင်း ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

သို့ဖြစ်၍ ဟိုတယ်တည်ဆောက်ရန် အတွက် မြေနေရာအား ရန်ကုန်နှင့် မန္တလေးမြို့တို့၌ လတ်တလော ရှာနေဆဲဖြစ်ကြောင်း သိရသည်။

Best Western သည် လက်ရှိ ကမ္ဘာအနှံ့အပြားရှိ လုပ်ငန်းပေါင်း ၄,၀၀၀ ကျော်ကို စီမံအုပ်ချုပ်နေပြီး မြန်မာနိုင်ငံ၌ ဖွင့်လှစ်မည့် ဟိုတယ်အတွက် ပိုင်ရှင်၊ သို့မဟုတ် အကျိုးတူလုပ်ကိုင်ရန် အတွက် အလားအလာရှိသော ရင်းနှီးမြှုပ်နှံမည့်သူများနှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း Best Western ၏ ဘန်ကောက် အခြေစိုက် အာရှနှင့်အရှေ့အလယ်ပိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ Glenn de Souza က ပြောကြောင်း ဘန်ကောက်ပို့စ်တွင် ဖော်ပြထားသည်။ ■



ရန်ကုန်မြို့ ဖိုးစိန်ဟိုတယ်တွင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က နိုင်ငံခြားသားများပါ ပါဝင်ဆင်နွှဲနိုင်သည့် ထမနဲထိုးပွဲကို ကျင်းပခဲ့ရာ နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲနေစဉ်။ "အရင်နှစ်တွေတုန်းက လာတည်းတဲ့ နိုင်ငံခြားသားတွေကို ဒီလရောက်ရင် ထမနဲကျွေးလေ့ရှိပါတယ်။ အခုနှစ်ကတော့ ခရီးသွားလုပ်ငန်းတွေကရော ခရီးသည်တွေကပါ ဟိုတယ်မှာ ထမနဲကို ကိုယ်တိုင်ထိုးတဲ့ပွဲ ကျင်းပပေးပါလို့ တောင်းဆိုတဲ့အတွက် စီစဉ်ဖြစ်တာပါ" ဟု ဟိုတယ်မှ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးအောင်ကပြောသည်။ ဟော်လန်နိုင်ငံမှလာရောက်တည်းခိုသည့် နိုင်ငံခြားသားနှစ်ဦးမှာလည်း ယခုကဲ့သို့ ထမနဲထိုးသည့်မြင်ကွင်းကို ပထမဆုံးမြင်ဖူးခြင်းဖြစ်ပြီး ကိုယ်တိုင်ပါဝင် ဆင်နွှဲခဲ့သည်ဟု ဆိုသည်။ "ထမနဲကို ကျွန်မကြိုက်တယ်။ အဲဒီ အရသာကို မြည်းကြည့်တော့ အများဆုံးရတဲ့အရသာက မြေပဲရတယ်။ ဒီလိုကိုယ်တိုင်ဝင်လုပ်ကြည့်တော့ မျော်ဖို့အရမ်းကောင်းတယ်။ အရင်တုန်းက အဲဒီလို တစ်ခါမှ မမြင်ဖူးဘူး။ ထမနဲကိုပဲ စားဖူးခဲ့တာ" ဟု Mrs Jonny က ပြောသည်။ သတင်း - ယုယုမော်၊ ဓာတ်ပုံ - ဟိုတယ်ဖိုးစိန်

INTERNATIONAL FLIGHT SCHEDULES

DAYS	Flight	Dep	Arr
YANGON TO BANGKOK			
MON	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
TUE	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
WED	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
THUR	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
FRI	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SAT	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
SUN	PG 706	07:15	09:30
	8M 335	08:40	10:25
	TG 304	09:50	11:45
	PG 702	10:45	12:40
	TG 302	14:45	16:40
	8M 331	16:30	18:15
	PG 704	18:45	20:40
	TG 306	19:40	21:35
YANGON TO DON MUENG			
MON	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
TUE	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
WED	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
THUR	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
FRI	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SAT	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
SUN	FD 2752	08:30	10:20
	FD 2756	12:50	14:40
	FD 2754	17:35	19:25
YANGON TO SINGAPORE			
MON	MI 509	00:25	05:00
	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
TUE	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	MI 517	16:40	21:15
WED	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	MI 517	16:40	21:15
THUR	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
FRI	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:30	16:05
	8M 6232	11:30	16:05
	3K 586	11:40	16:25
	8M 6232	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
SAT	8M 231	08:30	13:00
	SQ 997	10:25	14:45
	8M 6232	11:30	16:05
	3K 586	11:30	16:05
	8M 233	13:45	18:15
	MI 517	16:40	21:15
	MI 509	00:25	05:00
SUN	8M 231	08:30	13:00
	SQ 997	10:25	14:45
	3K 586	11:40	16:25
	8M 6232	11:40	16:25
	8M 233	13:45	18:15
	MI 517	16:40	21:15
YANGON TO KUALA LUMPUR			
MON	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
TUE	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
WED	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
THUR	AK 1425	08:30	12:45
	MH 741	12:15	16:30
	AK 1421	17:15	21:30
FRI	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SAT	AK 1425	08:30	12:45
	8M 501	08:55	12:55
	MH 741	12:15	16:30
	AK 1421	17:15	21:30
SUN	AK 1425	08:30	12:45
	MH 741	12:15	16:30
	AK 1421	17:15	21:30

Days	Flight	Dep	Arr
YANGON TO BEIJNG			
TUE	CA 906	14:15	21:55
WED	CA 906	14:15	21:55
THUR	CA 906	14:15	21:55
SAT	CA 906	14:15	21:55
SUN	CA 906	14:15	21:55
YANGON TO FRANKFURT			
WED	DE 2369	05:35	16:40
YANGON TO GAUNGZHOU			
MON	CZ 3056	17:40	22:15
TUE	8M 711	08:40	13:15
WED	CZ 3056	11:20	15:50
THUR	8M 711	08:40	13:15
FRI	CZ 3056	17:40	22:15
SAT	CZ 3056	11:20	15:50
SUN	8M 711	08:40	13:15
YANGON TO TAIPEI			
MON	CI 7916	10:50	16:10
TUE	CI 7916	10:50	16:10
	BR 288	11:35	17:20
WED	CI 7916	10:50	16:10
THUR	CI 7916	10:50	16:10
FRI	CI 7916	10:50	16:10
	BR 288	11:35	17:20
SAT	CI 7916	10:50	16:10
	BR 288	11:35	17:20
SUN	CI 7916	10:50	16:10
YANGON TO KUNMING			
MON	MU 2032	14:40	18:00
TUE	CA 906	14:15	17:35
	MU 2032	14:40	18:00
WED	CA 906	14:15	17:35
	MU 2032	14:40	18:00
THUR	CA 906	14:15	17:35
	MU 2032	14:40	18:00
FRI	MU 2032	14:40	18:00
SAT	CA 906	14:15	17:35
	MU 2032	14:40	18:00
SUN	CA 906	14:15	17:35
	MU 2032	14:40	18:00
YANGON TO KOLKATA			
MON	AI 234	13:40	16:55
FRI	AI 234	13:40	16:55
	AI 228	18:45	19:45
YANGON TO CHIANG MAI			
THUR	W9 9607	14:20	16:10
SUN	W9 9607	14:20	16:10
YANGON TO HANOI			
MON	VN 956	19:10	21:30
TUE	VN 956	19:10	21:30
WED	VN 956	19:10	21:30
THUR	VN 956	19:10	21:30
FRI	VN 956	19:10	21:30
SAT	VN 956	19:10	21:30
SUN	VN 956	19:10	21:30
YANGON TO HO CHI MINH			
TUE	VN 942	14:25	17:10
THUR	VN 942	14:25	17:10
SAT	VN 942	14:25	17:10
SUN	VN 942	14:25	17:10
YANGON TO GAYA			
MON	8M 601	07:00	08:20
	AI 234	13:40	15:00
WED	8M 601	07:00	08:20
FRI	8M 601	07:00	08:20
	AI 234	13:40	15:00
SAT	8M 601	07:00	08:20
YANGON TO DOHA			
MON	QR 619	08:00	11:45
TUE	QR 619	08:00	11:45
WED	QR 619	08:00	11:45
THUR	QR 619	08:00	11:45
FRI	QR 619	08:00	11:45
SAT	QR 619	08:00	11:45
SUN	QR 619	08:00	11:45
YANGON TO PHNOM PENH			
WED	8M 403	16:45	19:10
SAT	8M 403	16:45	19:10
YANGON TO SEOUL			
MON	KE 472	00:05	08:00
TUE	KE 472	00:05	08:00
WED	KE 472	00:05	08:00
THUR	KE 472	00:05	08:00
FRI	KE 472	00:05	08:00
SAT	KE 472	00:05	08:00
SUN	KE 472	00:05	08:00
YANGON SIEM REAP			
MON	8M 401	17:05	19:15
FRI	8M 401	17:05	19:15
YANGON TO HONGKONG			
MON	KA 251	01:00	06:00
TUE	KA 251	01:00	06:00
THUR	KA 251	01:00	06:00
SAT	KA 251	01:00	06:00
YANGON TO TOKYO			
MON	NH 914	22:00	06:40+1
WED	NH 914	22:00	06:40+1
SAT	NH 914	22:00	06:40+1
MANDALAY TO DON MUENG			
MON	FD 2761	11:05	13:30
TUE	FD 2761	11:05	13:30
THUR	FD 2761	11:05	13:30
SAT	FD 2761	11:05	13:30
MANDALAY TO KUNMING			
MON	MU 2030	14:40	17:20
	MU 7524	18:20	21:00
TUE	MU 2030	14:40	17:20
WED	MU 2030	14:40	17:20
	MU 7524	18:20	21:00
THUR	MU 2030	14:40	17:20
FRI	MU 2030	14:40	17:20
	MU 7524	18:20	21:00
SAT	MU 2030	14:40	17:20
SUN	MU 2030	14:40	17:20
MANDALAY TO GAYA			
TUE	8M 603	11:10	12:15
THUR	8M 603	11:10	12:15
SUN	8M 603	11:10	12:15

Days	Flight	Dep	Arr
BANGKOK TO YANGON			
MON	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
TUE	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
WED	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
THUR	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
FRI	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SAT	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
SUN	8M 336	06:40	07:25
	TG 303	08:00	08:45
	PG 701	09:05	09:55
	TG 301	13:00	13:45
	PG 703	17:05	17:55
	TG 305	17:55	18:40
	8M 332	19:20	20:05
	PG 705	20:15	21:30
DON MUENG TO YANGON			
MON	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
TUE	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
WED	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
THUR	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
FRI	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SAT	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SUN	FD 2751	07:15	08:00
	FD 2755	11:35	12:20
	FD 2753	16:20	17:05
SINGAPORE TO YANGON			
MON	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
TUE	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
WED	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
THUR	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
FRI	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
SAT	SQ 998	07:55	09:20
	3K 585	09:10	10:40
	8M 6231	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
SUN	SQ 998	07:55	09:20
	8M 6231	09:10	10:40
	3K 585	09:10	10:40
	8M 232	14:10	15:40
	MI 518	14:20	15:45
	8M 234	19:15	20:45
	MI 520	22:10	23:35
BEIJNG TO YANGON			
TUE	CA 905	8:05	13:15
WED	CA 905	8:05	13:15
THUR	CA 905	8:05	13:15
SAT	CA 905	8:05	13:15
SUN	CA 905	8:05	13:15

Days	Flight	Dep	Arr
FRANKFURT TO YANGON			
TUE	DE 2368	12:40	04:25+1
KAULA LUMPUR TO YANGON			
MON	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
TUE	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
WED	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
THUR	AK 1424	06:55	08:00
	MH 740	10:05	11:15
	AK 1420	15:40	16:45
FRI	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
SAT	AK 1424	06:55	08:00
	MH 740	10:05	11:15
	8M 502	14:00	15:00
	AK 1420	15:40	16:45
SUN	AK 1424	06:55	08:00
	MH 740	10:05	11:15
	AK 1420	15:40	16:45
GUANGZHOU TO YANGON			
MON	CZ 3055	14:45	16:35
TUE	8M 712	14:15	15:50
WED	CZ 3055	08:40	10:30
THUR	8M 712	14:15	15:50
FRI	CZ 3055	14:45	16:35
SAT	CZ 3055	08:40	10:30
SUN	8M 712	14:15	15:50
TAIPEI TO YANGON			
MON	CI 7915	07:00	09:50
TUE	CI 7915	07:00	09:50
	BR 287	07:30	10:35
WED	CI 7915	07:00	09:50
THUR	CI 7915	07:00	09:50
FRI	CI 7915	07:00	09:50
	BR 287	07:30	10:35
SAT	CI 7915	07:00	09:50
	BR 287	07:30	10:35
SUN	CI 7915	07:00	09:50
KUNMING TO YANGON			
MON	MU 2031	13:30	14:00
TUE	CA 905	13:00	13:15
	MU 2031	13:30	14:00
WED	CA 905	13:00	13:15
	MU 2031	13:30	14:00
THUR	CA 905	13:00	13:15
	MU 2031	13:30	14:00
FRI	MU 2031	13:30	14:00
SAT	CA 905	13:00	13:15
	MU 2031	13:30	14:00
SUN	CA 905	13:00	13:15
	MU 2031	13:30	14:00
KOLKATA TO YANGON			
MON	AI 227	10:10	12:55
FRI	AI 227	10:10	12:55
	AI 233	13:30	16:00
CHIANG MAI TO YANGON			
THUR	W9 9608	17:20	18:10
SUN	W9 9608	17:20	18:10
HANOI TO YANGON			
MON	VN 957	16:35	18:10
TUE	VN 957	16:35	18:10
WED	VN 957	16:35	18:10
THUR	VN 957	16:35	18:10
FRI	VN 957	16:35	18:10
SAT	VN 957	16:35	18:10
SUN	VN 957	16:35	18:10
HO CHI MINH TO YANGON			
TUE	VN 943	11:40	13:25
THUR	VN 943	11:40	13:25
SAT	VN 943	11:40	13:25
SUN	VN 943	11:40	13:25
GAYA TO YANGON			
MON	8M 602	09:20	12:30
WED	8M 602	09:20	12:30
FRI	8M 602	09:20	12:30
	AI 233	15:00	16:00
SAT	8M 602	09:20	12:30
GAYA TO MANDALAY			
TUE	8M 604	13:15	16:20
THUR	8M 604	13:15	16:20
SUN	8M 604	13:15	16:20
DOHA TO YANGON			
MON	QR 618	21:05	06:29+1
TUE	QR 618	21:05	06:29+1
WED	QR 618	21:05	06:29+1
THUR	QR 618	21:05	06:29+1
FRI	QR 618	21:05	06:29+1
SAT	QR 618	21:05	06:29+1
SUN	QR 618	21:05	06:29+1
PHNOM PENH TO YANGON			
WED	8M 404	20:10	21:35
SAT	8M 404	20:10	21:35
SEOUL TO YANGON			
MON	KE 471	18:40	22:55
TUE	KE 471	18:40	22:55
WED	KE 471	18:40	22:55
THUR	KE 471	18:40	22:55
FRI	KE 471	18:40	22:55
SAT	KE 471	18:40	22:55
SUN	KE 471	18:40	22:55
SIEM REAP TO YANGON			
MON	8M 402	20:15	21:25
FRI	8M 402	20:15	21:25
TOKYO TO YANGON			
MON	NH 913	11:10	17:05
WED	NH 913	11:10	17:05
SAT	NH 913	11:10	17:05
HONGKONG TO YANGON			
MON	KA 252	21:35	23:35
WED	KA 252	21:35	23:35
FR

ပရီမီယာလိဂ်ပွဲစဉ်(၂၈)

အသင်းကြီးတွေကို မယုံသင့်

ဇောင်ပိုးဇော်

ဆန်းဒါးလန်း–ဖူလ်ဟမ်

ဖူလ်ဟမ်ကစားပုံကောင်းလာတာ တွေ့ရပါတယ်။ ဆန်းဒါးလန်းက ကစားပုံမဆိုးပေမယ့် ခံစစ်ကအားနည်းနေပါတယ်။ အခုပွဲကအိမ်ကွင်းမို့ ဆန်းဒါးလန်းတင်ကစားပါလိမ့်မယ်။ ဒါပေမဲ့ ဖူလ်ဟမ်မှာ ကစားကွက်ရှိလို့ ဆန်းဒါးလန်းထင်သလောက်မပေါက်နိုင်ပါဘူး။ ဖူလ်ဟမ်ကို ရွေးရမှာပါ။

ဆွမ်ဆီး–နယူးကာဆယ်

နှစ်သင်းစလုံးကစားပုံတွေကောင်းကြလို့ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ကစားကွက်မှာက ဆွမ်ဆီးက ပိုပြီးတည်ငြိမ်ပါတယ်။ ခံစစ်မှာတော့ နယူးကာဆယ်က ပိုပျက်တာတွေ့ရပါတယ်။ ဆွမ်းဆီးကစားပုံကိုကြိုက်လို့ အိမ်ရှင်ကို ရွေးရမယ့်ပွဲဖြစ်ပါတယ်။

ဆောက်သမ်တန်–ကျူပီအာရ်

ကျူပီအာရ်က တန်းဆင်းဇုန်မှာ ရုန်းကန်နေပေမယ့် ကစားအားက တက်မလာပဲဖြစ်နေပါတယ်။ ဆောက်သမ်တန်က ရုန်းကန်နေပြီး ကစားအားက တက်လာတဲ့အသင်းဖြစ်ပါတယ်။ မန်စီးတီးကိုတောင် အနိုင်ကစားတဲ့ ဆောက်သမ်တန်ကို ရွေးကိုရွေးရမယ့်ပွဲဖြစ်ပါတယ်။

ဝီဂန်–လီဗာပူး

ဝီဂန်ခြေတက်လာနေပါတယ်။ တိုက်စစ်အားကောင်းလာသလို ခံစစ်ကလည်း အရင်ကထက်ပိုကောင်းလာနေတာတွေ့ရပါတယ်။ လီဗာပူးကလည်း ကစားအားကောင်းနေပါတယ်။ ဒါပေမဲ့ အခုပွဲက ဝီဂန်ကွင်းဖြစ်နေလို့ လီဗာပူး ခက်ခက်ခဲခဲကစားရမယ့်ပွဲဖြစ်နိုင်ပါတယ်။ ဝီဂန်ကိုရွေးရမယ့်ပွဲဖြစ်ပါတယ်။

အဲဗာတန်–ရက်ဒင်း

အဲဗာတန်ဟာအခုပွဲကို ကစားအားတင်ပြီး ကစားလာပါလိမ့်မယ်။ ရက်ဒင်းက ကစားအားကောင်းနေပေမယ့် ပြီးခဲ့တဲ့အပတ်က အိမ်ကွင်းမှာ ဝီဂန်ကိုရှုံးသွားခဲ့ပါတယ်။ အခုလည်း အဲဗာတန်ကွင်းမှာ ရက်ဒင်းယှဉ်နိုင်ဖို့မလွယ်တဲ့ပွဲဖြစ်ပါတယ်။

စတုတ်–ဝက်စ်ဟမ်း

စတုတ်က ပြီးခဲ့တဲ့အပတ်က ဖူလ်ဟမ်ကို ရှုံးနိမ့်သွားခဲ့လို့ အခုပွဲမှာ ကစားအားတင်ပြီးကစားလာနိုင်ပါတယ်။ ဝက်စ်ဟမ်းက အဝေးကွင်းဆိုရင် ခြေစွမ်းမကောင်းပါဘူး။ စတုတ်ကို ရွေးရမယ့်ပွဲဖြစ်ပါတယ်။

ချယ်လ်ဆီး–ဝက်စ်ဘရွန်း

ဒီပွဲကဘင်နီတက်ဇ်အတွက်ရော၊ ချယ်လ်ဆီးကစားသမားတွေအတွက်ပါ အရေးပါနေတဲ့ပွဲဖြစ်ပါတယ်။ ဒါပေမဲ့ ဝက်စ်ဘရွန်းကို လျှော့တွက်လို့မရပါဘူး။ ချယ်လ်ဆီး အနိုင်ရကောင်းရနိုင်ပေမယ့် ဝက်စ်ဘရွန်းမှာ တိုက်စစ်ကောင်းတစ်ခုရှိလို့ ဂိုးပြတ်ရနိုင်ဖို့မလွယ်တဲ့ပွဲဖြစ်ပါတယ်။

မန်ယူ–နော်ဝစ်ခ်

မန်ယူအနိုင်ရဦးမှာလို့ ထင်ရတဲ့ပွဲဖြစ်ပါတယ်။ ဒါပေမဲ့အခုပွဲမှာ စဉ်းစားရမှာက မန်ယူဟာ ကြားရက်မှာ ချန်ပီယံလိဂ်ပွဲကစားဖို့ရှိနေတာကို ထည့်တွက်စေချင်ပါတယ်။ မန်ယူဂိုးမပြတ်နိုင်တဲ့ပွဲဖြစ်လို့ နော်ဝစ်ခ်ကိုရွေးရမှာပါ။

စပါး–အာဆင်နယ်

ဒီပွဲကလန်ဒန်ဒါဘီပွဲဖြစ်ပါတယ်။ ကြီးမားတဲ့ လန်ဒန်မြောက်ပိုင်းဒါဘီပွဲဖြစ်ပါတယ်။ စပါးက ဒီနှစ်မှာ အာဆင်နယ်ထက်ပိုကောင်းတဲ့ရာသီဖြစ်ပါတယ်။ နှစ်သင်းစလုံးက တိုက်စစ်ဦးစားပေးတဲ့အသင်းတွေဖြစ်လို့ဂိုးအပြန်အလှန်သွင်းမယ့်ပွဲဖြစ်ပါတယ်။ ဂိုးများမယ့်ပွဲဖြစ်ပြီး စပါးအနိုင်ရသွားနိုင်တဲ့ပွဲဖြစ်ပါတယ်။

ဗီလာ–မန်စီးတီး

ဒီပွဲက တိုက်စစ်ဦးစားပေးကစားတဲ့ပွဲဖြစ်လာနိုင်ပါတယ်။ ဗီလာခံစစ် အားနည်းနေသလို တိုက်စစ်အား ကောင်းတဲ့အသင်းဖြစ်ပါတယ်။ မန်စီးတီးကလည်း မန်ယူကို အမီလိုက်နေတဲ့အသင်းဖြစ်လို့ တိုက်စစ်ဦးစားပေးပြီး ကစားလာနိုင်ဖွယ်ရှိပါတယ်။ ဂိုးအများကို ဦးစားပေးရမယ့်ပွဲဖြစ်ပါတယ်။ ■

ပရီမီယာလိဂ် ပွဲစဉ် (၂၇)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မန်ယူ	၂၇	၂၂	၂	၃	၆၄	၃၁	၆၈
မန်စီးတီး	၂၇	၁၆	၈	၃	၅၀	၂၄	၅၆
စပါး	၂၇	၁၅	၆	၆	၄၇	၃၂	၅၁
ချယ်လ်ဆီး	၂၇	၁၄	၇	၆	၅၅	၃၀	၄၉
အာဆင်နယ်	၂၇	၁၃	၈	၆	၅၂	၃၀	၄၇
အဲဗာတန်	၂၇	၁၀	၁၂	၅	၄၁	၃၄	၄၂
ဝက်စ်ဘရွန်း	၂၇	၁၂	၄	၁၁	၃၈	၃၆	၄၀
လီဗာပူး	၂၇	၁၀	၉	၈	၄၉	၃၄	၃၉
ဆွမ်ဆီး	၂၇	၉	၁၀	၈	၃၈	၃၄	၃၇
စတုတ်	၂၇	၇	၁၂	၈	၂၆	၃၂	၃၃
ဖူလ်ဟမ်	၂၇	၈	၈	၁၁	၃၇	၄၂	၃၂
နော်ဝစ်ခ်	၂၇	၇	၁၁	၉	၂၇	၄၁	၃၂
နယူးကာဆယ်	၂၇	၈	၆	၁၃	၃၃	၄၈	၃၀
ဝက်စ်ဟမ်း	၂၇	၈	၆	၁၃	၃၁	၄၁	၃၀
ဆန်းဒါးလန်း	၂၇	၇	၈	၁၂	၂၉	၃၆	၂၉
ဆောက်သမ်တန်	၂၇	၆	၉	၁၂	၃၈	၄၉	၂၇
ဝီဂန်	၂၇	၆	၆	၁၅	၃၃	၅၁	၂၄
ဗီလာ	၂၇	၅	၉	၁၃	၂၆	၅၂	၂၄
ရက်ဒင်း	၂၇	၅	၈	၁၄	၃၃	၅၁	၂၃
ကျူပီအာရ်	၂၇	၂	၁၁	၁၄	၁၉	၄၃	၁၇

ပရီမီယာလိဂ်ပွဲစဉ်(၂၇)

ဝက်စ်ဟမ်း	၂-၃	စပါး
မန်စီးတီး	၂-၀	ချယ်လ်ဆီး
နယူးကာဆယ်	၄-၂	ဆောက်သမ်တန်
ဖူလ်ဟမ်	၁-၀	စတုတ်
အာဆင်နယ်	၂-၁	ဗီလာ
နော်ဝစ်ခ်	၂-၁	အဲဗာတန်
ကျူပီအာရ်	၀-၂	မန်ယူ
ရက်ဒင်း	၀-၃	ဝီဂန်
ဝက်စ်ဘရွန်း	၂-၁	ဆန်းဒါးလန်း
လီဗာပူး	၅-၀	ဆွမ်ဆီး

သွင်းဂိုးအများဆုံး

ဗန်ပါစီ (မန်ယူ)	၁၉ ဂိုး
ဆွာရက်ဇ် (လီဗာပူး)	၁၈ ဂိုး
မီချူ (ဆွမ်ဆီး)	၁၅ ဂိုး
ဒမ်ဘာဘ (ချယ်လ်ဆီး)	၁၄ ဂိုး
ဂါရတ်ဘေးလ် (စပါး)	၁၃ ဂိုး

ဖာဂူဆန်ကို မော်ရင်ညိုကျော်နိုင်ဖို့ဆိုတာ

ဇောင်ပိုးဇော်

ဖာဂူဆန်နဲ့ မော်ရင်ညိုက အရင်းနှီးဆုံးမိတ်ဆွေတွေလို့သိရပါတယ်။ ဖာဂူဆန်က သူ့နေရာအစားဝင်နိုင်သူ အသင့်တော်ဆုံးသူဟာ မော်ရင်ညိုဖြစ်တယ်လို့တောင်ဆိုထားဖူးပါတယ်။ အခုတော့ ဒီမိတ်ဆွေနှစ်ယောက်က ပြိုင်ဘက်တွေဖြစ်နေကြပြီဖြစ်ပါတယ်။ ချန်ပီယံလိဂ်မှာတွေ့နေကြတာပါ။ ရီးယဲလ်မက်ဒရစ်နဲ့ မန်ယူတို့ (၁၆)သင်းအဆင့်မှာ တွေ့နေကြပုံက ပထမအကျော့မှာတွေ့ပြီးဖြစ်တာ အားလုံးအသိပဲဖြစ်ပါတယ်။ အခုတစ်ခါအိုးလ်ထရက်ဖို့ဒ်မှာ ထပ်မံတွေ့ကြတော့မှာဖြစ်ပါတယ်။

ပထမအကျော့ ဘာနေဗျူးမှာတုန်းက တုန်းက ၁-၁ သရေနဲ့ ပြီးသွားခဲ့ကြပါတယ်။ အခုဒုတိယအကျော့မှာ ဖာဂူဆန်နဲ့ မော်ရင်ညိုတို့ အမှားမခံတော့တဲ့အချိန်ကိုရောက်လာခဲ့ပြီဖြစ်ပါတယ်။ ဖာဂူဆန်က အိမ်ရှင်ဆိုတော့မော်ရင်ညိုရောက်လာမယ့်အချိန်ကို စောင့်စားနေပြီဖြစ်ပါတယ်။


ဖာဂူဆန်

မော်ရင်ညိုတစ်ယောက် အိုးလ်ထရက်ဖို့ဒ်မှာ ဖာဂူဆန်ကို ကျော်ဖြတ်နိုင်ပါ့မလားဆိုတာ ဒီတစ်ပတ်ရဲ့ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်နေခဲ့ပါပြီ။

ပထမအကျော့ ဘာနေဗျူးမှာတုန်းက မန်ယူကဦးဆောင်ဂိုးသွင်းနိုင်ခဲ့ပြီး ရီးယဲလ်က နောက်ကလိုက်ပြီးချေပဂိုးသွင်းကာ ၁-၁ နဲ့ ပြီးဆုံးသွားခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်က ခြေစွမ်းအသာနဲ့ ကစားနိုင်ခဲ့တယ်ထင်ရပေမယ့် မန်ယူရဲ့ အုပ်စုဖွဲ့ခံစစ်ကစားပုံနဲ့တန်ပြန်ထိုးဖောက်ကစားပုံတွေကလည်း ထိထိမိမိရှိခဲ့တာကို မေ့မပစ်ထားလို့မရခဲ့ပါဘူး။ ရီးယဲလ်မက်ဒရစ်က အကြိမ်ကြိမ်ထိုးဖောက်ပြီး မန်ယူဂိုးသမား ဒီဂီယာကောင်းခဲ့တာ ကြောင့် မန်ယူမနှိုးတာလို့ဆိုကြပေမယ့် မန်ယူရဲ့ ဗန်ပါစီကန်သွင်းချက်တွေ၊ ဝဲလ်ဘက်ရဲ့ကန်သွင်းချက်တွေကလည်း ထိရောက်မှုရှိခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။

မော်ရင်ညိုအနေနဲ့ ပေါ်တိုကလပ်မှာ ရှိစဉ်အခါတုန်းက အိုးလ်ထရက်ဖို့ဒ်ကွင်းမှာ မန်ယူကိုအဝေးဂိုး အားသာချက်နဲ့ ဖာဂူဆန်ကိုအနိုင်ရခဲ့ဖူးတဲ့အတိတ်တစ်ခုရှိခဲ့ပေမယ့် ဒီတစ်ခါအနေအထားမှာက အသာစီးရရှိထားသူက ဖာဂူဆန်ဖြစ်နေခဲ့လို့ မော်ရင်ညိုတစ်ယောက် နောက်ထပ်ဖာဂူဆန်ကို အနိုင်ရဖို့ဆိုတာ အတော့်ကိုပြင်ဆင်လာနိုင်မှဖြစ်တော့မှာပါ။ ဖာဂူဆန်အနေနဲ့ အဝေးဂိုးရရှိထားမှုအောက်မှာ ခံစစ်ကို လုံအောင်ပြင်ဆင်ရင်း ရီးယဲလ်ရဲ့အမှားကို စောင့်ပြီး ဂိုးသွင်းနိုင်အောင် ပြင်ဆင်လာနိုင်ဖွယ်ရှိနေပါတယ်။ မော်ရင်ညိုကတော့ ပထမအကျော့မှာ ၁-၁ သရေကြောင့် ရှုံးနိမ့်ခံထားခြင်းဆိုတဲ့အသိတစ်ခုကြောင့် ဂိုးစတင်ရနိုင်ဖို့ကိုပဲ ဦးစားပေးလာဦးမှာသေချာနေခဲ့ပါတယ်။

မော်ရင်ညိုဟာ အုပ်စုအဆင့်မှာ တုန်းက ဒေဒ့်မွန်ကိုအဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ပြီး မန်စီးတီးကိုလည်း အဝေးကွင်းမှာ ၁-၁ သရေသာ ကစားနိုင်ခဲ့တာက ရီးယဲလ်မက်ဒရစ်ဟာ အဝေးကွင်းဆိုရင် စွမ်းဆောင်ရည်အားနည်းတယ်ဆိုတာ ထင်ရှားနေခဲ့ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ရီးယဲလ်မက်ဒရစ်ဟာ သီတင်းတစ်ပတ်အတွင်းမှာ မဟာပွဲကြီးသုံးပွဲကို ကစားရမယ့်ပွဲကျပ်နေခြင်းကလည်း မော်ရင်ညိုအတွက် မဟာအခက်အခဲဖြစ်နေခဲ့ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါမှာ ရီးယဲလ်ဟာ ဘာစီလိုနာနဲ့ စပိန်ဘုရင့်ဖလားကို အဝေးကွင်းမှာကစားခဲ့ရပြီး တနင်္ဂနွေကျတော့ ဘာစီလိုနာနဲ့ပဲ အိမ်ကွင်းမှာ လာလီဂါ ဒုတိယအကျော့ပွဲစဉ်ကစားခဲ့ရပါတယ်။ အခုတစ်ခါ မန်ယူနဲ့ ချန်ပီယံလိဂ်ပွဲကစားရဦးမှာဆိုတော့ မော်ရင်ညိုအနေနဲ့သူ့ရဲ့နည်းပြသက်တမ်းတစ်လျှောက်မှာ ဒီလိုပွဲကျပ်ခြင်းမျိုးဟာ ပထမဆုံးလို့ဆိုနိုင်လောက်တဲ့ ပွဲကျပ်မှုဖြစ်နေပါတယ်။

သီတင်းတစ်ပတ်အတွင်း ပွဲကြီးသုံးပွဲကစားရမှုမှာ ဖလားပွဲက နှစ်ပွဲပါဝင်နေပြီး ကစားရတဲ့အခြေအနေကလည်း အရေးပါတဲ့ ဒုတိယအကျော့ပွဲတွေဖြစ်နေခဲ့ပြန်လို့ အမှားခံလို့မရတဲ့ အနေထားဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်မော်ရင်ညိုအတွက်တော့ ၂၀၁၃ မတ်လရဲ့ အစောဆုံးနေ့ရက်တွေဟာ မမေ့နိုင်စရာနေ့ရက်တွေဖြစ်လာတော့မှာ သေချာနေပါတယ်။ ဒီနှစ်ရာသီမှာ ရီးယဲလ်ဟာ လာလီဂါမှာ အိမ်ကွင်းကစားပုံကောင်းခဲ့ပေမယ့် အဝေးကွင်းကစားပုံက မကောင်းခဲ့ပါဘူး။ လာလီဂါအဝေးကွင်းပွဲတွေမှာ ရီးယဲလ်ဟာ ငါးပွဲအထိရှုံးထားခဲ့ပါတယ်။ ဒါကြောင့် လာလီဂါမှာ ရီးယဲလ်ဟာ ပြိုင်ဘက်ဘာစီလိုနာနဲ့ ၁၆ မှတ်ကွာဟသွားခဲ့တာပဲဖြစ်ပါတယ်။

ဖာဂူဆန်အနေနဲ့က ပရီမီယာလိဂ်မှ ပြိုင်ဘက် လက်ရှိချန်ပီယံမန်စီးတီးကို ၁၂ မှတ်ဖြတ်ထားလို့ ဖိအားနဲ့ပွဲစဉ်အနေအထားက မော်ရင်ညိုလို မကြီးမားပဲ တည်တည်ငြိမ်ငြိမ်ပြင်ဆင်လို့ရနေခဲ့တာက မန်ယူရဲ့အားသာမှုတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်မှာ ဂါလာတာစာရေး၊ ကလုခ်၊ ဘရာဂါတို့နဲ့အတူကျခဲ့ပြီး အိမ်ကွင်းမှာ ကလုခ်ကိုသာရှုံးခဲ့ပြီး အုပ်စုပထမနဲ့ တက်လာခဲ့တာပါ။ အိမ်ကွင်းမှာ ကလုခ်ကိုပွဲစဉ်(၆)မှာပဲ ရှုံးခဲ့ပါတယ်။ အဲဒီအချိန်က မန်ယူဟာပွဲစဉ်(၅)အပြီးမှာ နောက်တစ်ဆင့်ကို တက်နေတဲ့အချိန်ဖြစ်ပါတယ်။ ပွဲစဉ်(၆)ကို ဖာဂူဆန်ဟာ အာရုံမစိုက်တော့ဘဲကစားသွားခဲ့တာဖြစ်ပါတယ်။ ကလုခ်ကိုရှုံးပြီးတဲ့နောက်ပိုင်းကစပြီး မန်ယူဟာ ရှုံးပွဲမရှိခဲ့တာ လက်ရှိအထိပဲဖြစ်ပါတယ်။ ၁၇ ပွဲဆက်တိုက်ရှုံးပွဲမရှိခဲ့တာဖြစ်ပါတယ်။ ၁၇ နှစ်ပွဲမှာသရေလေးပွဲပါဝင်ခဲ့ပြီး ၂-၂ သရေပွဲတစ်ပွဲရှိခဲ့ပါတယ်။

ပထမအကျော့မှာအဝေးဂိုးရထားခဲ့သလို ရီးယဲလ်ကဘာစီလိုနာနဲ့ နှစ်ပွဲဆက်တိုက်ကစားထားရလို့ တစ်စုံတရာစွမ်းဆောင်ရည်လျော့သွားနိုင်ခြေရှိတာကြောင့် ဖာဂူဆန်ဟာ သူမိတ်ဆွေမော်ရင်ညိုရဲ့အားနည်းမှုကို အကဲခတ်မိနေမှာသေချာတယ်။ ဒါဟာဖာဂူဆန်ရဲ့အခွင့်ကောင်းဖြစ်နေလို့ မော်ရင်ညိုအနေနဲ့ ဖာဂူဆန်ကိုကျော်ဖြတ်နိုင်ဖို့အတွက် အိုးလ်ထရက်ဖို့ဒ်ခရီးက မလွယ်သော ခရီးဖြစ်လာဖို့ကာ သေချာသလောက်ရှိနေပါရဲ့။ ■

အသက်အကြိုးဆုံး မာရသွန်အပြေးသမား အနားယူ

ဟောင်ကောင် – ကမ္ဘာ့အသက်ကြီးဆုံးအပြေးသမားဟုဆိုရမည့် မာရသွန်အပြေးသမားသည် တနင်္ဂနွေနေ့က ဟောင်ကောင်၌ သူ၏နောက်ဆုံးအပြေးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ပြီးနောက် အားကစားလောကမှ အနားယူသွားသည်။ ထိုပြိုင်ပွဲမှာ ၎င်းအဖို့ အပျော်ဆုံးနေ့များထဲမှာ တစ်နေ့ပင်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောသွားသည်။

'ဟောင်ထုပ်နှင့် တော်နေဒို'ဟု ခေါ်စနိုးအခေါ်ခံရသူ ဆစ်လူမျိုး ဖော်ဂျာဆင်း (၁၀၁ နှစ်)သည်ဟောင်ကောင်၌ ကျင်းပသည့် ၁၀ ကီလိုမီတာ (ခြောက်မိုင်) မာရသွန်ပြေးပွဲတွင် တစ်နာရီ ၃၂ မိနစ် နှင့် ၂၈ စက္ကန့်ပြေး၍ပန်းဝင်ခဲ့သည်။ ထိုစံချိန်မှာ လွန်ခဲ့သောနှစ်ထက် တစ်မိနစ် ပိုမြန်သေးသော စံချိန်ဖြစ်သည်။

အိန္ဒိယပြည်ပေါက် ဗြိတိန်နိုင်ငံသားဖြစ်သူ ဆင်းက "ကနေ့ဟာ ကျွန်တော့်ရဲ့ အပျော်ဆုံးနေ့တွေထဲက တစ်နေ့ပါပဲ" ဟု ပန်ချာဘီစကားဖြင့် ပြောသည်။

အသက်ရာကျော်ဆင်းသည်အင်္ဂလန်တွင် အခြေချမနေထိုင်မီက ပန်ဂျက်ပြည်နယ်မှ လယ်သမားတစ်ဦးဖြစ်ခဲ့ပြီး အသက် ၈၉ နှစ်အရွယ်တွင်မှ မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့၍ ကမ္ဘာသိဖြစ်လာခြင်းဖြစ်သည်။

သူသည် ထိုအချိန်မှစ၍ လန်ဒန်၊ တိုရွန်တိုနှင့် နယူးယောခ်တို့တွင် ကျင်းပခဲ့သော ၄၂ ကီလိုမီတာ(၂၆ မိုင်)မာရသွန်အပြေးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ သူ၏အအောင်မြင်ဆုံးကာလမှာ တိုရွန်တိုမာရသွန်အပြေးပြိုင်ပွဲတွင်ဖြစ်သည်။ ထိုစဉ်က သူသည် ၂၆ မိုင်ကို ငါးနာရီ၊ မိနစ် ၄၀ နှင့် လေးစက္ကန့်ဖြင့် ပြေးခဲ့သည်။

ဟောင်ကောင်တွင် 'ဆစ်အသိုင်းအဝန်း'ထဲမှ သူ့ကိုထောက်ခံသူ ဆစ်လူမျိုး ၁၀၀ နှင့်အတူ ပြိုင်ပွဲဝင် ၁၀၁ ဦးတို့ သူ၏အသက် ၁၀၁ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြေးခဲ့ကြခြင်းဖြစ်သည်။

ဆင်း ယခုကဲ့သို့ အသက်ရှည်ခြင်းမှာ ၎င်းသည် အပြုသဘောစိတ်ကောင်းမွေး၍ ဘဝကို ရိုးရိုးကလေးနေထိုင်ကာ ပျော်ပျော်ရွှင်ရွှင်နေသောကြောင့် ဖြစ်သည် ဟုဆိုသည်။

(အေအက်ဖ်ပီ)

တင်ဦး ဘာသာပြန်သည်။ ■

ဆွမ်ဆီးကို ဖလားရအောင် စွမ်းဆောင်ပေးနိုင်သော မိုက်ကယ်လောဒရုပ်

လန်ဒန် – ဆွမ်ဆီးနည်းပြမိုက်ကယ် လောဒရုပ်က တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ရသော လိဂ်ဖလားပိုလ်လုပွဲ၌ မိမိ၏ အသင်းက ဘရက်ဖို့ဒ်အသင်းအား ၅-၀ ဖြင့် အပြတ်အနိုင်ရရှိလိုက်ခြင်းမှာ မိမိ၏ နည်းပြဘဝတွင် အကြီးမားဆုံး အောင်မြင်မှုရရှိလိုက်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

လောဒရုပ်သည် ဒိန်းမတ်အသင်း၌ ပြောစမှတ်ဖြစ်လောက်သည့် အဆင့်မျိုး အထိ အောင်မြင်မှုရခဲ့သောကစားသမား တစ်ဦးဖြစ်ခဲ့ဖူးသည်မှန်သော်လည်း ဆွမ်ဆီးဟူသော ဝေလကလပ်အသင်း၏ အနှစ် ၁၀၀ သမိုင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ် အရေးပါသော ဖလား တစ်လုံးကို ရရှိလိုက်ခြင်းဖြစ်၍ ဂုဏ်ယူမဆုံးဖြစ်လျက်ရှိသည်။

ထိုနေ့ကပွဲတွင် နာသန်ဒိုင်ယာနှင့် ဂျိုနာသန်ဒီဂတ်ဇ်မန်တို့က နှစ်ဂိုးစီနှင့် တိုက်စစ်မှူး မီချူးက တစ်ဂိုး အသီးသီး သွင်းယူခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်အသင်း ကနေ့ကစားခဲ့ပုံအတွက် ကျွန်တော်ဂုဏ်ယူပါတယ်။ တကယ်ခြေစွမ်းကောင်းပြခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု လောဒရုပ်က ပြောသည်။

လောဒရုပ်(၄၈ နှစ်)သည် ဆွမ်ဆီးကို မကိုင်မီက ဘရွန်ဘီ၊ ဂီတာဖေး၊ စပါးတပ်မော်စကို နှင့် မာလော့ကာတို့ကို ကိုင်တွယ်ခဲ့ဖူးသော်လည်း အောင်မြင်မှုများစွာ မရခဲ့ပေ။

"အနှစ် ၁၀၀ ကြာမှ ဖလားတစ်လုံး ရလိုက်တာဆိုတော့ နည်းပြတစ်ယောက် အနေနဲ့ လုံးဝထိပ်တန်းရောက်သွားခြင်း ပါပဲ"ဟု ၎င်းကပြောသည်။

ဘရက်ဖို့ဒ်နည်းပြ ဖီးလ်ပါကင်ဆန်ကမူ ဒိုင်လူကြီးဂျီဗင်ဖရင့်က သူ့အသင်းမှ ဂိုးသမားမက်ဒျူးအား အနီကတ်ပြထုတ်လိုက်ခြင်းအတွက် စိတ်ပျက်မိကြောင်း ပြောသည်။ ဂတ်ဇ်မန်သွင်းသွားသော တစ်ဂိုးမှာ ထိုပင်နယ်တီပြစ်ဒဏ်မှ ရလိုက်သောဂိုးဖြစ်သည်။

(အေအက်ဖ်ပီ)

တင်ဦး ဘာသာပြန်သည်။ ■



ဆွမ်ဆီးနည်းပြ မိုက်ကယ်လောဒရုပ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကမ္ဘာ့နံပါတ်(၁)နေရာသို့ ပြန်ရောက်နိုင်မည်ဟု ဖက်ဒါးရားယုံကြည်နေ

ဒူဘိုင်း – ရော်ဂျာဖက်ဒါးရားသည် ၎င်း၏ပြိုင်ပွဲအစီအစဉ်များကို လျှော့ချလာခဲ့ရာ ၎င်း၏ကမ္ဘာ့နံပါတ်(၁)ဟူသော နေ့များသည် နိဂုံးချုပ်သွားတော့မည်ဟု၍ ပြောဆိုချက်များ ထွက်ပေါ်လာသည်။ ထိုပြောဆိုယူဆချက်ကို တွန်းလှန်ဖြိုဖျက်ချရန်မှာလည်း သူ့အဖို့ အချိန်အနည်းငယ်သာ လိုအပ်ပါတော့မည်။

ဖက်ဒါးရားသည် ယခုနှစ်တွင် ပြိုင်ပွဲ ၁၄ ပွဲသာ ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် သူ၏ဇာတိမြို့ ဘာဇဲလ်တွင် ကျင်းပမည့် ပြိုင်ပွဲနှင့် မိုင်ယာမီတွင် ကျင်းပသည့် ပြိုင်ပွဲတို့တွင်တောင် ပြိုင်တော့မည် မဟုတ်တော့ပေ။ ၎င်းပြိုင်ပွဲများသည် ဂရင်းဆလမ်လေးခုပြီးလျှင် အကျော်ကြားဆုံးပြိုင်ပွဲများအဖြစ် သတ်မှတ်ထားသောပြိုင်ပွဲများဖြစ်သည်။

ယခုအခါ နံပါတ်(၂)နေရာတွင် ရှိနေသော ဖက်ဒါးရားသည် နံပါတ်(၁)နေရာရှိနိုဗက်ဂျိကိုဗစ်ရှ်၏နောက်တွင် အမှတ် ၄,၀၀၀ ကျော် လျော့၍ လိုက်နေရသည်။ ဂျိကိုဗစ်ရှ်၏ စုစုပေါင်းအမှတ်သည် ၎င်းထက် ၄၀ ရာခိုင်နှုန်း ပို၍ သာနေသည်။

ဖက်ဒါးရားကမူ မိမိဝင်ပြိုင်သမျှ ပြိုင်ပွဲတိုင်းအတွက် ကောင်းကောင်း ပြင်ဆင်ထားပြီးမှ ပြိုင်တာမျိုးဖြစ်အောင် အာရုံစိုက်သွားမည်ဟုဆိုသည်။ ပြိုင်ပွဲများများ ပြိုင်နိုင်သွားမည်ဟု မျှော်လင့်ထားပြီး မဖြစ်ပါက ပြိုင်မည့်ပြိုင်ပွဲအစီအစဉ်ပြောင်းလဲသွားနိုင်သည်ဟု ၎င်းက ပြောသည်။

ATP Tour စည်းမျဉ်းစည်းကမ်းများအရ ပြိုင်ပွဲ ၆၀၀ ပြိုင်လာခဲ့သူ၊ တင်းနစ်အားကစားသမားသက်တမ်း ၁၂ နှစ်ရှိသူ နှင့် အသက် ၃၁ နှစ်ရှိသူသည် ပြိုင်ပွဲများကို လျှော့ချသွားနိုင်သည်။ ဖက်ဒါးရားသည် ထိုစည်းကမ်းချက်သုံးချက်စလုံးနှင့် ညီနေသူဖြစ်၍ အပြစ်ဒဏ်ချမှတ်မခံရဘဲ သူ့ဆန္ဒရှိသလောက် ပွဲအရေအတွက်ကို မပြိုင်ဘဲနေနိုင် သည်။

(အေအက်ဖ်ပီ) တင်ဦး ဘာသာပြန်သည်။ ■

သတင်းတိုများ

AFC Challenge Cup

ခြေစစ်ပွဲ လက်မှတ်များတွင် ကံစမ်းမဲများ ထည့်သွင်းထားမည်

မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပ ပြုလုပ်မည့် ၂၀၁၄ AFC Challenge Cup ခြေစစ်ပွဲ အုပ်စု(က)ပွဲစဉ်များအား ဝင်ရောက်အားပေးမည့် ပရိသတ်များအတွက် ကံစမ်းမဲဖွင့်ဖောက်ပေးမည့် အစီအစဉ်များ ပြုလုပ်ပေးသွားမည် ဖြစ်သည်။ ပွဲကြည့်လက်မှတ်များတွင် ကံစမ်းမဲနံပါတ်များ ထည့်သွင်းထားမည်ဖြစ်ပြီး Samsung Galaxy S3 ဟန်းဆက်များ၊ ၃၂ လက်မ TV နှင့် အခြား တန်ဖိုးကြီးဆုမဲများစွာ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲ အတွက် ကွင်းဝင်ကြေးများကို ရိုးရိုးတန်း ၅၀၀ ကျပ်နှင့် အထူးတန်း ၁,၀၀၀ ကျပ် သတ်မှတ်ထားပြီး MRTV-4 မှလည်း တိုက်ရိုက်ထုတ်လွှင့်သွားမည်။

အေအက်ဖ်စီ 'စီ'လိုင်စင် နည်းပြသင်တန်းဆင်းပွဲကျင်းပ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူး၍ ဖေဖော်ဝါရီလ (၅)ရက်နေ့က စတင်ခဲ့သည့် အေအက်ဖ်စီ 'စီ'လိုင်စင် နည်းပြသင်တန်းဆင်းပွဲအခမ်းအနားအား ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နေ့လည်ပိုင်းက သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းရှိ နည်းစနစ်ကော်မတီ၏ သင်တန်းခန်းမတွင် ပြုလုပ် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ သင်တန်း နည်းပြဆရာ ဦးဝင်းသူမိုးနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ လက်ရွေးစင်ကစားသမားဟောင်းများ အပါအဝင် စုစုပေါင်း (၂၃)ဦး တက်ရောက်ခဲ့ကြသည်။



အိတလီစီးရီးအပွဲစဉ်(၂၇)

အင်တာတို့ ဟန်ပါမလား

ဝက္ကာ(စမ်းချောင်း)

နာပိုလီ–ဂျူဗင်တပ်

ယူရိုပါလိဂ်ပြိုင်ပွဲကပြုတ်သွားတဲ့ နာပိုလီဟာ စီးရီးအေမှာလည်း သုံးပွဲဆက်တိုက် သရေကျခဲ့ပါတယ်။ ဂျူဗင်တပ်ကတော့ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်သေချာနေပြီမို့ စီးရီးအေမှာ အာရုံစိုက်မှုတိုးမြှင့်ထားပါတယ်။ ဒါကြောင့် အခုပွဲက သရေကျနိုင်ခြေများပြီး အခြေအနေက ဂျူဗင်တပ်ဘက်ကို အကဲပိုနေသလိုပါပဲ။

အေစီမီလန်–လာစီယို

ဘာစီလိုနာ၊ အင်တာမီလန်တို့နဲ့ ဆက်တိုက်ရင်ဆိုင်ခဲ့ရတဲ့ အေစီမီလန်ဟာ လတ်တလော ပွဲကျပ်တွေဆက်နေပေမယ့် ရှစ်သမိမိပြီး စွမ်းဆောင်ရည်ကောင်းနေတယ်။ လာဇီယိုကတော့ ယူရိုပါလိဂ်နဲ့ စီးရီးအေပြိုင်ပွဲနှစ်ခု တစ်ပြိုင်နက်တည်း ဖွင့်ကစားရင် 'ကျ' သွားနိုင်တယ်။ အခြေအနေက အေစီမီလန်ဘက်မှာရှိတယ်။

တိုရီနို–ပါလာမို

လတ်တလော တိုရီနိုဟာ အားထည့်ကစားလာခြင်းနဲ့အတူ ခြေစွမ်းရော၊ ရလဒ်ပါ တိုးတက်လာတယ်။ ပါလာမိုကတော့ တန်ပြန်တိုက်စစ် အားကိုးနေပြီး သရေပွဲများနေတယ်။ အိမ်ကွင်းစွာပြီး ဂိုးသွင်းအားရှိတဲ့ တိုရီနိုကို ပိုကြိုက်တယ်။

ဆီနာ–အတ္တလန္တာ

ပြီးခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်တိုက်မှာ အင်တာမီလန်ကို ၃-၁၊ လာဇီယိုကို ၃-၀ နဲ့ ပြတ်ပြတ်သားသားနိုင်ခဲ့တဲ့ ဆီနာရဲ့ အိမ်ကွင်းခြေစွမ်းကို လျှော့တွက်လို့မရဘူး။ ဆီနာတိုက်စစ်က အိမ်ကွင်းမှာ အင်တာမီလန်နဲ့ လာဇီယိုတို့ကိုတောင် သုံးဂိုးစီသွင်းထားတယ်။ အတ္တလန္တာကတော့ ဆက်တိုက်စိုက်ဆင်းနေပြီး တိုက်စစ်ရော၊ ခံစစ်ပါ အကျဘက်ယိုင်နေတယ်။ ပုံမှန်အတိုင်းဆိုရင် ဆီနာဘက်ကပဲ နေသင့်တယ်။

ဘိုလော့နာ–ကက်ဂလီယာရီ

အိမ်ကွင်းခြေစွာတဲ့ ဘိုလော့နာဟာ ပြီးခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက်တိုက် သရေကျထားတယ်။ ကက်ဂလီယာရီကတော့ ပြီးခဲ့တဲ့လေးပွဲမှာ အေစီမီလန်ကို သရေကျပြီး ကျန်သုံးပွဲနိုင်ခဲ့တဲ့ ကက်ဂလီယာဟာ အဲဒီသုံးပွဲမှာ ၁၀ ဂိုးသွင်းထားတယ်။ ဒါကြောင့် ဘိုလော့နာကွင်းဖြစ်ပေမယ့် ကက်ဂလီယာရီကို ပိုကြိုက်တယ်။

ဖီအိုရင်တီးနား–ချီယေဗို

ဖီအိုရင်တီးနားဟာ ပြီးခဲ့တဲ့ အိမ်ကွင်းမှာ အင်တာမီလန်ကို ၄-၁ နဲ့ ဂိုးပြတ်နိုင်ခဲ့တဲ့ ခြေစွမ်းကိုသာ ဆက်ထိန်းနိုင်မယ်ဆိုရင် ကြောက်ဖို့ကောင်းတယ်။ နည်းပြမွန်တဲလားဟာ ဖီအိုရင်တီးနား တိုက်စစ်ပိုင်းမှာ အနည်းငယ်အပြောင်းအလဲတွေ လုပ်လိုက်တာ မှန်သွားပြီး ဂိုးသွင်းနှုန်းတိုးတက်လာတယ်။ ချီယေဗိုကတော့ တောက်လျှောက်ပြန် 'ကျ'လာပြီး အဝေးကွင်းမှာ အနိမ့်ဆုံးနှစ်ဂိုးသွင်းခံနေရတယ်။ဖီအိုရင်တီးနားကို ပိုကြိုက်တယ်။

ကာတာနီးယား–အင်တာမီလန်

ပါးမားကွင်းမှာ နိုင်ထားတဲ့ ကာတာနီးယားခြေစွမ်းက အတက်ဖက်ပြနေတယ်။ ကာတာနီးယားဟာ အိမ်ကွင်းမှာ ကစားကွက် စီးစီးပိုင်ပိုင်ရှိတတ်ပြီး ဂိုးသွင်းအားပါ ရှိနေတယ်။ အင်တာမီလန်ကတော့ ယူရိုပါလိဂ်ဘက်ကို အာရုံစိုက်နေလို့ စီးရီးအေ ဘက်မှာ 'လျော့'နေတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ အင်တာမီလန်ကို ယုံစားလို့ မရတော့ဘူး။ ကာတာနီးယားကိုရွေးချယ်တာ ပိုပြီးသဘာဝကျတယ်။

ပက်စ်ကာရာ–ယူဒီးနိစ်

တန်းမဆင်းရဖို့ကြိုးစားနေတဲ့ ပက်စ်ကာရာဟာ ခြေစွမ်းပြန်လည်ဦးမော့လာခြင်း မရှိသေးပေမယ့် ပွဲတိုင်းကို အားထည့်ကစားနေတယ်။ ယူဒီးနိစ်ကလည်း အိမ်ကွင်း ကောင်းပေမယ့် တန်းမဆင်းရဖို့ညှစ်နေတဲ့အသင်းတွေကို ရင်ဆိုင်တဲ့အခါ စိတ်မချ ရဘူး။ ပက်စ်ကာရာဘက်က အရဲစွန့်သင့်တယ်။

ဆမ်ဒိုးရီးယား–ပါးမား

အိမ်ကွင်းအနိုင်၊ အဝေးကွင်းသရေ ဆက်တိုက်ကစားလာတဲ့ ဆမ်ဒိုးရီးယားဟာ လတ်တလော ပရိသတ်တွေရဲ့ ယုံကြည်မှုအရှိဆုံးနဲ့ 'အလန်းဆုံး' ဖြစ်နေတယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်တိုက်နိုင်ခဲ့ရာမှာ ၁၁ ဂိုးသွင်းနိုင်ခဲ့တဲ့ ဆမ်ဒိုးရီးယားတိုက်စစ်ဟာ ထိပ်တန်းအဆင့်မှာရှိတယ်။ ပါးမားကတော့ ကစားကွက် ပျက်ပြီး နောက်တန်းပွင့်ထွက်နေတယ်။ ပုံမှန်အတိုင်းဆိုရင် ဆမ်ဒိုးရီးယားအတွက် သုံးမှတ်သေချာတဲ့ပွဲ ဖြစ်ပါတယ်။ ■

အိတလီ စီးရီးအေပွဲစဉ်(၂၆)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်	ပေးဂိုး	ရမှတ်
ဂျူဗင်တပ်	၂၆	၁၈	၄	၄	၅၃	၁၈	၅၈
နာပိုလီ	၂၆	၁၅	၃	၄	၄၆	၂၁	၅၂
လာဇီယို	၂၆	၁၄	၅	၇	၃၇	၂၉	၄၇
အေစီမီလန်	၂၆	၁၃	၆	၇	၄၅	၃၂	၄၅
အင်တာ	၂၆	၁၃	၅	၈	၄၁	၃၄	၄၄
ဖီအိုရင်တီးနား	၂၅	၁၂	၆	၇	၄၅	၃၀	၄၂
ကာတာနီးယား	၂၆	၁၂	၆	၈	၃၄	၃၁	၄၂
ရိုးမား	၂၆	၁၂	၄	၁၀	၅၄	၅၁	၄၀
ယူဒီးနိစ်	၂၆	၉	၁၀	၇	၃၅	၃၄	၃၇
ဆမ်ဒိုးရီးယား	၂၆	၉	၆	၁၁	၃၃	၃၃	၃၂
ပါးမား	၂၆	၈	၈	၁၀	၃၂	၃၅	၃၂
ကက်ဂလီယာရီ	၂၆	၈	၇	၁၁	၃၁	၄၄	၃၁
တိုရီနို	၂၆	၇	၁၁	၈	၃၂	၃၂	၃၁
ချီယေဗို	၂၆	၈	၅	၁၃	၂၆	၄၂	၂၉
အတ္တလန္တာ	၂၆	၈	၅	၁၃	၂၄	၃၈	၂၇
ဘိုလော့နာ	၂၅	၇	၅	၁၃	၃၃	၃၅	၂၆
ဂျီနိုအာ	၂၆	၆	၈	၁၂	၂၆	၃၃	၂၆
ဆီနာ	၂၆	၇	၆	၁၃	၂၃	၃၃	၂၁
ပက်စ်ကာရာ	၂၆	၆	၃	၁၇	၂၀	၄၃	၂၁
ပါလာမို	၂၆	၃	၁၁	၁၂	၂၂	၃၉	၂၀

အိတလီ စီးရီးအေပွဲစဉ်(၂၆)

ယူဒီးနိစ်	၀-၀	နာပိုလီ
လာဇီယို	၂-၀	ပက်စ်ကာရာ
ဆမ်ဒိုးရီးယား	၂-၀	ချီယေဗို
အတ္တလန္တာ	၂-၃	ရိုးမား
ကက်ဂလီယာရီ	၄-၃	တိုရီနို
ဂျူဗင်တပ်	၃-၀	ဆီနာ
ပါးမား	၁-၂	ကာတာနီးယား
အင်တာ	၁-၁	အေစီမီလန်
ပါလာမို	၀-၀	ဂျီနိုအာ
ဘိုလော့နာ	-	ဖီအိုရင်တီးနား

သွင်းဂိုးအများဆုံး

ကာဗာနီ (နာပိုလီ)	၁၈ ဂိုး
အယ်လ်ရှာရာဝီ (အေစီ)	၁၆ ဂိုး
ဒီနာတယ်လီ (ယူဒီးနိစ်)	၁၄ ဂိုး
အော်ဆာဗဲလ်ဒိုး (ရိုးမား)	၁၁ ဂိုး
ဂျီဇီတစ် (ဖီအိုရင်တီးနား)	၁၁ ဂိုး



ရိုးမားအသင်းမှ ပီဂျာနစ်နှင့် အတ္တလန္တာအသင်းမှ ကာမိုနာတို့ ဘောလုံးယှဉ်လုရန် ကြိုးပမ်းနေစဉ်။

ခြေစွာလာတဲ့ ရိုးမားကို ရွေးချယ်သင့်

ဝက္ကာ(စမ်းချောင်း)

ရိုးမား–ဂျီနိုအာ

ယခုရာသီ စီးရီးအေတွင် ထိပ်တန်းအသင်းကြီးများအနက် ပထမဆုံးသော နည်းပြကိုထုတ်ပယ် လိုက်သည့်အသင်းမှာ ရိုးမားဖြစ်သည်။ ဇန်နဝါရီလတွင် စီးရီးအေအမှတ်ပေးပွဲများ ပြန်လည်စတင်ပြီးနောက် ရလဒ်များ ဆက်တိုက် ဆိုးရွားခဲ့သောကြောင့် ရိုးမားသည် နည်းပြဇနက်ဇီမန်းကို ထုတ်ပယ်ကာ နည်းပြသစ် အင်ဒရီယာဇိုလီဖြင့် အစားထိုးလိုက်သည်။

နည်းပြဟောင်း ဇနက်ဇီမန်းလက်ထက်တွင် ရိုးမားသည် ကိုပါအီတာလျံဖလားနှင့် စီးရီးအေအမှတ်ပေးပြိုင်ပွဲနှစ်ခုတစ်ပြိုင်နက်တည်း ဝင်ရောက်ခဲ့ရာတွင် အသင်းလိုက် ဟန်ချက်ပျက်ပြားသွားသည်။ ကိုပါအီတာလျံဖလားတွင် အောင်မြင်ခဲ့သလောက် တစ်ဖက် စီးရီးအေတွင် ရလဒ်များ ဆက်တိုက် ဆိုးရွားလာသည်။ သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်သွားသော ရိုးမားသည် အိမ်ကွင်းတွင် ကက်ဂလီယာရီ ကို ၄-၂ ဖြင့် အရေးနိမ့်ပြီးနောက် ဇနက်ဇီမန်းကို ထုတ်ပယ်လိုက်ရသည်။ ဇန်နဝါရီလထဲတွင် ရိုးမားနောက်တန်း၏ လုံခြုံမှုသည် သိသိသာသာကျဆင်းသွားရာ ဘိုလော့နာနှင့် ၃-၃ သရေကျသောပွဲတွင် အထူးပေါ်လွင်ခဲ့သည်။ အစောပိုင်းက တိုက်စစ်ကောင်းပြီး ဘောလုံးသမားများအကြား ယုံကြည်မှုရှိသောကြောင့် နိုင်ပွဲများရခဲ့သော ရိုးမားသည် နောက်တန်း 'ပွင့်' လာချိန်တွင် ဂိုးသွင်းအားပါ လျော့ကျသွားသောကြောင့် နည်းပြ ဇနက်ဇီမန်းကိုယ်တိုင် ပေးဆပ်လိုက်ရသည်။

နည်းပြသစ် အင်ဒရီယာဇိုလီသည် ကစားသမားများအကြား ပျော်ဆုံးနေသော ယုံကြည်မှုနှင့်ကျဆင်းနေသော စွမ်းဆောင်ရည်များကို ယခင်အနေအထားသို့ ပြန်လည်ရောက်အောင် အတော်ပင် ကြိုးပမ်းယူခဲ့ရသည်။

အိမ်ကွင်းတွင် ချန်ပီယံလိဂ်ပြန် ဂျူဗင်တပ်ကို ၁-၀ ဖြင့် အနိုင်ရခြင်းဖြင့် ရိုးမားသည် ကျဆင်းနေသော ယုံကြည်မှုနှင့် စွမ်းဆောင်ရည်များကို ပြန်လည် မြှင့်တင်နိုင်ခဲ့သည်။ တစ်ဖန် အတ္တလန္တာကွင်းတွင် ၃-၂ ဖြင့် ထပ်မံအနိုင်ရလိုက်သောကြောင့် ရိုးမားခြေစွမ်းပြန်လည်ဦးမော့လာဖွယ်ရှိသည်။

နည်းပြသစ် အင်ဒရီယာဇိုလီလက်ထက်တွင် ရိုးမားသည် စိတ်ဓာတ်ရော၊ စွမ်းဆောင်ရည်ပိုင်းပါ ပြန်လည်တိုးတက်လာရုံတင်မက နည်းပရိယာယ်ပိုင်းတွင်လည်း တိုးတက်မှုများ ရှိလာသည်။ ထိုသို့ဖြစ်လာအောင် နည်းပြသစ် ကြောင့် ရိုးမားတိုက်စစ်တွင် ကစားကွက် ဖော်ဆောင်မှု ကောင်းမွန် လာပြီး ဘောလုံးကို စနစ်တကျ 'ကိုင်' ကစားလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ပြိုင်ဘက်နောက်ခံလူများကို ကျော်ပြီး 'ခင်း'ပေးသော ဘောလုံးများသည် ထိရောက်မှုရှိလာသဖြင့် ဂိုးသွင်းခွင့်များ ရရှိလာသည်။

နည်းပြဟောင်း ဇမန်လက်ထက်က တိုက်စစ်ဦးစားပေးခဲ့သောရိုးမားသည် နည်းပြသစ်ဇိုလီလက်ထက်တွင်လည်း တိုက်စစ်ဦးစားပေးနည်းဗျူဟာကို ဆက်လက်ကျင့်သုံးသည်။

ရိုးမားတွင် ထောက်ပြစရာ 'ပျော့ကွက်' ဟူ၍ ခံစစ်ကြောင်း လုံခြုံမှု အားနည်းသောအချက်သာရှိသည်။ ထိုအချက်ကလည်း ရိုးမားအသင်း၏ တိုက်စစ်

ပြိုင်ဘက်နောက်ခံလူများကို ကျော်ပြီး 'ခင်း' ပေးသော ဘောလုံးများသည် ထိရောက်မှု ရှိလာသဖြင့် ဂိုးသွင်းခွင့်များရရှိလာ...

ဇိုလီသည် ကစားကွက် အခင်းအကျင်း ပြောင်းလဲခဲ့ရသည်။ ယခင်က လေးယောက်ခံစစ် (four-back-system) စနစ်မှ ယခုအခါ သုံးယောက်ခံစစ် (three-back-system)စနစ်သို့ ပြောင်းလဲကာ ၃-၄-၂-၁ ကစားကွက်ဖြင့် ကျစ်လျစ်မှုရှိအောင် 'ဆွဲတင်'လိုက်သည်။

နည်းပြသစ်ဇိုလီသည် အတွေ့အကြုံရှိသော အော့စ်ဗဲလ်ဒိုကို တိုက်စစ်မြားဦး 'တင်'လိုက်ပြီး အာဂျင်တီးနား ကွင်းလယ် ဖန်တီးရှင် လာမဲလားနှင့် ဘရာဇီးလ် ကွင်းလယ်တိုက်စစ်သမား မာကွင်ဟို တို့ဖြင့် ပံုပိုးပေးထားသည်။ လာမဲလားနှင့် မာကွင်ဟိုတို့ နှစ်ယောက်စလုံးသည် ငယ်ဂုဏ်ရှိပြီး တစ်ဦးချင်း ဘောလုံး ကျွမ်းကျင်မှုစွမ်းရည်မြင့်မားသော ဗျူဟာပေါ်တွင် တည်ဆောက်ထားခြင်း နှင့်လည်း များစွာသက်ဆိုင်သည်။ သို့ရာတွင် တိုက်စစ်ကစားပုံ စီးစီးပိုင်ပိုင် ရှိလာပြီး ကစားသမားများအကြား ယုံကြည်မှုများ ပြန်လည်ရှိလာပါက ခံစစ်ကြောင်း ပြဿနာကို အနည်းနှင့် အများတော့ 'ကာမိ' သွားနိုင်သည်။

တစ်ဖက်တွင် ရိုးမားကို ရင်ဆိုင်မည့် ဂျီနိုအာသည် တန်းမဆင်းရရေးအတွက် ရှိသမျှ အစွမ်းအစအကုန်ထုတ်ကာ ပွဲတိုင်းကို ဖျစ်ညှစ်ကစားလာတာကို တွေ့ရသည်။ လတ်တလောတွင် ဂျီနိုအာသွားနေသော လမ်းကြောင်းမှာ အိမ်ကွင်းတွင် အနိုင်ကစားပြီး အဝေးကွင်း သရေကျအောင် တောင့်ခံခြင်းဖြစ်သည်။ အိမ်ကွင်းတွင် လာဇီယိုကို ၃-၂၊ ယူဒီးနိစ်ကို ၁-၀ ဖြင့် နိုင်ထားသော ဂျီနိုအာသည် ပြီးခဲ့သော အဝေးကွင်း သုံးပွဲဆက်တိုက်တွင် ဂျူဗင်တပ်နှင့် ၁-၁၊ ပါးမားနှင့် ပါလာမိုတို့ကို ၀-၀ သရေကစားထားသည်။

သို့ကလို ကြောင့် ဂျီနိုအာသည် အဝေးကွင်းပွဲစဉ်များတွင် ခံစစ်လုံခြုံအောင် တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ကိုအားပြုနေသည်မှာထွက်ပေါ်ခဲ့သော ရလဒ်များက သက်သေပြနေသည်။ တစ်ဦးချင်း ဘောလုံးကျွမ်းကျင်သူများပါဝင်နေသော ဂျီနိုအာသည် စိတ်ဓာတ်နှင့် ကစားသမားများအကြား ယုံကြည်မှုများ ပြန်လည်မြင့်တက်လာသောကြောင့် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းတွင် သိသိသာသာ ဦးမော့လာသည်။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်များတွင် ဂျီနိုအာခံစစ်ကြောင်းသည် စိတ်အာရုံစူးစိုက်မှု အပြည့်ထည့်ကာ ပြိုင်ဘက်တိုက်စစ်မှူးများအတွက် နေရာကွက်လပ်လွတ်များ တတ်နိုင်သမျှ လျှော့ချကာ ခံစစ်ဇုန်ကိုကျစ်လျစ်အောင် တည်ဆောက်ထားသည်ကို တွေ့ရသည်။

ခြုံကြည့်လျှင် နည်းပြသစ်ဇိုလီလက်ထက်တွင် ဘက်စုံထောင့်စုံမှ တိုးတက်လာသော ရိုးမားသည် ရှစ်သမိမိလာပြီး အသင်းကို ပြန်လည် 'ဆွဲတင်' လိုသောကြောင့် ပွဲတိုင်းကို အားစိုက်ကစားလာသည်။ စွမ်းဆောင်ရည်ပိုင်းရော၊ ရလဒ်ပါတိုးတက်လာသည်။ တစ်ဖက်တွင် ဂျီနိုအာသည်လည်း အဝေးကွင်း၌ ခံစစ်လုံခြုံကျစ်လျစ်ကာ တန်းမဆင်းရရေးအတွက် ညှစ်ထုတ် ကစားနေသောကြောင့် ရိုးမားအတွက် ယခုပွဲသည် ပွဲကျပ်သဖွယ်ဖြစ်လာသည်။ သို့ရာတွင် ရိုးမားတိုက်စစ်သည် ထက်မြက်သောကြောင့် အိမ်ရှင် အားသာချက်ကိုပါ ထည့်ပေါင်းလျှင် ယခုပွဲတွင် နိုင်ခြေရှိသော်လည်း ဂိုးနည်းသောပွဲဖြစ်လာဖွယ်ရှိသည်။ ■

တောင်ကိုရီးယား ဂေါက်သီးဝင်ကြွယ်ပွင့်သစ် အင်ဘီပါခ်

ကျော်ကျော်မင်း

ထိုင်းနိုင်ငံ၊ ချောင်ဘူရီမှာ ကျင်းပပြီးစီးခဲ့တဲ့ LPGA Thailand အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲဟာ အာရှပရိသတ်တွေကိုသာမက အနောက်ကမ္ဘာက အားကစားပရိသတ်တွေကိုပါ ဆွဲဆောင်နိုင်တဲ့ ထိပ်တန်းပြိုင်ပွဲတစ်ရပ်ပဲဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အဆင့်(၁) ဂေါက်သီးမယ် ရန်နီဆမ်အပါအဝင် အကျော်အမော်ဂေါက်သီးမယ်တွေ ပါဝင်ယှဉ်ပြိုင်ခဲ့တာကြောင့် ပရိသတ် အားပေးမှုများပြားခဲ့ပြီး ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့ရပါတယ်။ ပြိုင်ပွဲမစတင်မီမှာ ဆီဒင်(၄) သတ်မှတ်ခြင်းခံရသူ တောင်ကိုရီးယား ဂေါက်သီး ငွေကြယ်ပွင့်သစ် အင်ဒီပါခ်က လေးရက်တာ စုစုပေါင်းရိုက်ချက် ၂၇၆ ချက်နဲ့ သတ်မှတ်ရိုက်ချက်အောက် ၁၂ ချက် လျော့ရိုက်နိုင်ခဲ့ပြီး ဆုကြေး ဒေါ်လာနှစ်သိန်းခွဲနဲ့ ချန်ပီယံဆုဖလား ရယူသွားခဲ့တာဟာလည်း ၂၀၁၃ LPGA ပြိုင်ပွဲတွေဟာ လူငယ်လက်တက်တွေကို လျှော့တွက်လို့မရတော့တဲ့ ပြိုင်ပွဲတွေ ဖြစ်လာပြီဆိုတာကို သက်သေပြလိုက်ခြင်းပါပဲလို့ ထိုင်းမီဒီယာတွေက ကောင်းချီးပေးနေကြပါတယ်။

၂၀၁၂ တစ်နှစ်တာအတွင်းမှာ ထူးထူးခြားခြား လက်စွမ်းပြသနိုင်ခဲ့တဲ့အတွက် Vare Trophy ချီးမြှင့်ခြင်းခံရသူ တောင်ကို ရီးယား ဂေါက် သီးမယ် ပါ့ခ် ဟာ အသက် ၁၀ နှစ်အရွယ်မှာ ဂေါက်ရိုက်တံနဲ့ စတင်ရင်းနှီးခဲ့သူဖြစ်ပြီး ဂေါက်သီး အားကစားထွန်းကားတဲ့ အမေရိကား မြေကို ပြောင်းရွှေ့နေထိုင်ခွင့်ရရှိခဲ့ခြင်း ဟာလည်း သူ့ဘဝအတွက် အရေးပါတဲ့ အလှည့်အပြောင်းတစ်ရပ်လို့ ဆိုရပြီးမှာ ပဲပေါ့။ နီဗားဒါးမှာ အခြေချနေထိုင်လျက် ရှိသူ တောင်ကိုရီးယားချာတိတ်မလေး ဟာ အမေရိကားမြေရောက်ရှိပြီး အချိန် ကာလတိုအတောအတွင်းမှာပဲ ဂျူနီယာ ဂေါက် သီး အား ကစား နယ် ပယ် မှာ ထင်ရှားလာခဲ့သူပဲဖြစ်ပါတယ်။ ၂၀၀၂ US Girls Championship ပြိုင်ပွဲမှာ ထင်ပေါ် ခဲ့သူဟာ ဂျူနီယာပြိုင်ပွဲတွေမှာ တောက်လျှောက်လက်စွမ်းပြနိုင်ခဲ့ပြီး အသက် ၁၇ နှစ်အရွယ်မှာတင် LPGA အဆင့်ကို တက်လှမ်းနိုင်ခဲ့သလို ၂၀၀၈ USWomen'sOpen မှာ ချန်ပီယံဖလား ရယူနိုင်ခဲ့အပြီးမှာတော့ ဂေါက်သီး အားကစားကောင်းကင်ယံမှာ အလင်း လက်ဆုံးငွေကြယ်ပွင့်သစ်တစ်ပွင့်အဖြစ် ထင်ရှားခဲ့သူပဲဖြစ်ပါတယ်။

အသက်အငယ်ဆုံးယူအက်စ်အိုးပင်း ချန်ပီယံကို SK Telecom က နှစ်နှစ် စာချုပ်ချုပ်ခဲ့ပြီး ဒေါ်လာတစ်သန်းကျော် ၂၀၀၈ ကာလမှာ ဝင်ငွေရရှိခဲ့သူ ပါ့ခ်ဟာ JLPGA Qualifying School ကနေ အဆင့်ကောင်းကောင်းနဲ့ ၂၀၀၉ မှာ အောင်မြင်ခဲ့တဲ့အတွက် ၂၀၁၀ မှာ ဂျပန်ပြည်တွင်းပြိုင်ပွဲတွေမှာ စတင် ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါတယ်။ ၂၀၁၁ JLPGA ပြိုင်ပွဲ Daikin Orchid Ladies Open မှာ ဗိုလ်စွဲခဲ့အပြီးမှာတော့ ကို ရီးယား ဂေါက် သီးမယ် ပါ့ခ် ဟာ တစ်နှစ်ဆုကြေးဒေါ်လာ နှစ်သန်းနီးပါး ရရှိသူ ထိပ်တန်းအားကစားငွေကြယ်ပွင့် တစ်ပွင့်အဖြစ်နဲ့ ကိုးရီးယားဇာတိဂုဏ် ကို ဆောင်နိုင်ခဲ့ပါတယ်။ LPGA နိုင်ပွဲ လေးပွဲနဲ့ JLPGA နိုင်ပွဲလေးပွဲ စုစုပေါင်း ပရော်ဖက်ရှင်နယ်ပြိုင်ပွဲကြီးတွေမှာ ချန်ပီယံရှစ်ကြိမ်ဖြစ်ခဲ့ဖူးသူ အင်ဘီပါခ် ဟာ အခု ၂၀၁၃ ကိုလည်း ထိုင်းအိုးပင်း အောင်ပွဲနဲ့အတူ နှုတ်ခွန်းဆက်ဖွင့်လှစ် လိုက်နိုင်ပြီပဲဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ်ဂေါက်သီးကမ္ဘာကို ၂၀၀၆ ကာလမှ ခြေချလာခဲ့ပြီး လက်ရှိမှာ နာမည်ကြီး Srixon နဲ့ နှစ်ရှည် စာချုပ် ချုပ်ထားသူ ကမ္ဘာ့အဆင့်( ) ဂေါက်သီး မယ်ပါ့ခ်က ထိုင်းအိုးပင်း ဆုဖလားရယူ အပြီးမှာ အခုလိုဝမ်းမြောက်ကြည်နူး စကားဆိုသွားခဲ့ပါတယ်။ "ဒီပြိုင်ပွဲမှာ ကမ္ဘာကျော်တွေပါနေတော့ သရဖူ ဆောင်းခွင့်ရဖို့မျှော်လင့်ချက် သိပ်မထား ရဲခဲ့တာအမှန်ပါပဲ။ နောက်ဆုံးနေ့ကျမှ ချန်ပီယံဖြစ်နိုင်ခွင့်ရှိလာမှန်း ခံစားလာ ခဲ့ရတာပါ။ အမှားအယွင်းအနည်းပါးဆုံး ရိုက်နိုင်ခဲ့တာကြောင့်လည်း အခုပွဲကြီး တစ်ပွဲမှာ ချန်ပီယံဖြစ်ခွင့်ရတယ်လို့ပဲ ခံယူထားပါတယ်။ လာမယ့် LPGA ပြိုင်ပွဲတွေမှာ ဆက်လက်ကြိုးစားသွား မှာဖြစ်သလို ကမ္ဘာ့အဆင့်(၁)နေရာကို ပိုင်ဆိုင်ခွင့် ရည်မှန်းကြိုးစားနေပါတယ်။ ပရိသတ်တွေအားလုံးကို ကျေးဇူးအထူး တင်ရှိပါတယ်"လို့ ရင်ဖွင့်စကားဆိုသွား ခဲ့ပါတယ်။ ၂၀၁၃ ပြိုင်ပွဲရာသီအတွင်းမှာ ပူပူနွေးနွေး ထိုင်းအိုးပင်းချန်ပီယံအင်ဘီ ပါ့ခ်တစ်ယောက် ကမ္ဘာ့အဆင့်(၁)ဖြစ် လာပါ့မလားဆိုတာကတော့ စိတ်ဝင်စား စရာကောင်းနေတာအမှန်ပါပဲ။ ■



အင်ဘီပါ့ခ်

unicef

UNICEF Vacancy

RapidSMS Programmer (NO-A)

ICT Unit and C4D/PCIS, April to September (6 months)

1. Background and purpose of assignment

Background

Growing opening and reach of mobile phone and social media in Myanmar is an evolving opportunity for mobilizing Action that C4D must utilize to reach the participating and younger populace. Mobile phones provide a two way communication system. Within new technologies, the mobile phone has made users more powerful and enabled dialogue between interlocutors, in other words, creating a community of users.

UNICEF's recent Mobiles for Development (M4D) study recommended the organization invest greater resources in the M4D field as a whole so that it can leverage the low cost mobile platform in support of programming, especially to reach isolated and vulnerable groups. The equity focus, inherent in C4D principles and methodologies, opens the gateway to reaching the unreached especially through new media thus contributing to the narrowing of disparities across board.

Behaviour and social change programming in Myanmar is facing numerous challenges in their efforts to help accelerate young child survival and development. Knowledge deprivation, measured as access to information through newspapers, radio, televisions, new media e.g. mobiles and interpersonal communication, is an important poverty constraint on the development of individuals, children and societies as a whole. It is encouraging to witness the continuing reforms; however information poverty remains a challenge in facilitating behaviour and social change initiatives in the Myanmar society.

The initiative "Messaging Life, Myanmar" is premised on a combination of measurable new media interventions, delivered on a large scale, and focused on knowledge, social norms and household behaviours, will support women, youth, parents and caregivers to know and take informed decision and have far reaching impact on reducing under-five mortality.

Purpose

UNICEF Myanmar is seeking an experienced Software Programmer to develop applications for mobile phones for generating and transmitting routine and special campaign SMS/MMS and also creating forms for data collection over the mobile network. The consultant will be working closely with UNICEF team in C4D and ICT sections and also with Ministry of Health (MoH) and MWCWA to develop the system on RapidSMS framework (open source framework for developing mobile applications) by using open source programming language and relational databases.

The purpose of the consultancy is to develop and implement RapidSMS system for producing and transmitting routine and special campaign SMS/MMS over the mobile network.

2. Major tasks to be accomplished:

The consultant will complete the following key tasks:

1. Familiarize with the UNICEF standard RapidSMS systems to gain experience in RapidSMS technology;
2. Based on the UNICEF standard RapidSMS system, design the system for producing and transmitting Messaging Life campaign and SMS/MMS;
3. Develop, test, document, deploy key software modules for different intervention and be responsible for smooth running of the system;
4. Develop Web and SMS based data collection, reporting and feedback modules;
5. Provide support in developing training materials and conducting trainings for the end users and the partners.

3. End product(s) and delivery dates and details (how the work must be delivered, i.e. electronic submission, hard copy, on what computer programme etc.)

Expected deliverables

1. Linux operating system is installed
2. GSM modem is installed and configured to receive Bulk SMS
3. System design for producing and transmitting routine and special campaign SMS/MMS
4. Mobile application for different intervention as per the TOR
5. Web-based reporting system to access the data collected by RAPID SMS
6. Training module for the end users

4. Contract Supervisor and frequency of performance reviews:

Info/Comm Tech Specialist, ICT Unit for technical supervision

C4D Specialist for C4D programming linkages and utilization

5. Estimated duration of contract:

6 months (April to September 2013)

Work Schedule: The contract is expected to start in April initially for six months which may be extended based upon the requirement and availability of fund.

6. Official travel involved:

Consultant will be required to travel to field to meet the counterparts.

7. Qualification or Specialized Knowledge/Experience Required:

Academic qualifications:

- University degree or equivalent in computer science, information systems, or other relevant discipline, with specialized training in computer applications and system design

Working knowledge/experience:

- Knowledge of Python and/or Django (programming language)
- Working experience in developing mobile and other computer applications

Personal competencies:

- An action-oriented approach and strong drive for results
- Working with teams of diverse capacities

8. Recourse:

UNICEF reserves the right to withhold all or a portion of payment if performance is unsatisfactory, if work/outputs is incomplete, not delivered or for failure to meet deadlines.

Application Dead line : 11th March, 2013.

Notice to all Advertisers & Subscribers

MCM

THE MYANMAR TIMES

မြန်မာတိုင်း(မြ)

The Myanmar Times is produced weekly in both languages by MCM Ltd. The publications produced by the group comprise The Myanmar Times(English), The Myanmar Times(Myanmar) NOW! Magazine & The Crime Journal /Wheels. We ask our advertisers and subscribers to note our group is not associated or owns any other journal, magazine or newspaper. You will see our entities below. Remember, when you need to hit the decision makers and spenders in Myanmar no one does it more comprehensively than The Myanmar Times, for almost 13 years now. Call us now for all your advertising requirements.

The Myanmar Times အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် မြန်မာတွန်ဆိုလီဒိတ်ဘတ်ဒီဒီယာ (MCM) တာမှကိုမှ ဒိုက်နိုပ် ထုတ်ဝေလျက်ရှိသည်။ MCM မှ ထုတ်ဝေသော စာစောင်များမှာ The Myanmar Times (English) မြန်မာတိုင်း(မြ) NOW! Magazine နှင့် The Crime Journal / Wheels တို့ဖြစ်သည်။ ကျွန်ုပ်တို့ MCM Ltd သည် အထက်ပါ စာစောင်(၄)ခုမှတစ်ပါး အခြားမည်သည့်ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာကိုမျှ ပိုင်ဆိုင်ခြင်းလည်းမရှိ သက်ဆိုင်ပတ်သက်ခြင်းလည်း မရှိကြောင်း ကျွန်ုပ်တို့၏ကြော်ငြာရှင်များနှင့် လာဘေးကြည့်ရှုသူများအား သိစေအပ်ပါသည်။ မြန်မာနိုင်ငံတွင် သင်တို့ကုမ္ပဏီဆုတ်ကွန်နှင့် ဝန်ဆောင်မှုလုပ်ငန်းစသည့် သတင်းစဉ်းများကို အဆုံးအဖြတ်ပေးနိုင်သူများနှင့် ငွေကြေးသုံးစွဲသူများထံ ကြားသိစေလိုလျှင် မြန်မာတိုင်း(မြ)ထက် ပိုမိုထိရောက်သော မီဒီယာမရှိနိုင်ကြောင်း (၁၃) နှစ်ကြာ ဆက်သေတူခဲ့ပြီး ဖြစ်ပါသည်။ သင်၏ကြော်ငြာအတွက် လိုအပ်ချက်ကို ဖောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လိုက်ပါ။

Yangon: 392 676, 392 928, 253 642
Mandalay: 02-24450-60, 02-65391-2
Nay Pyi Taw: 067-23064 067-23065

NOW! NOW! Magazine

The Crime Journal and Wheels

MCM Book Publishing

TIMESONLINE Times Online

PRINTING MCM Commercial Printing

There is only one Myanmar Times

Established in 2000

တစ်ပတ်အတွင်း နောက်တစ်ကြိမ်တွေ့မယ့် ရီးယဲလ်-ဘာကာ

ဟိန်းသန့်

ရီးယဲလ်မက်ဒရစ် – ဘာစီလိုနာ

ငါးရက်အတွင်းမှာ ဒီနှစ်သင်း ထပ်ပြီး တွေ့ကြတာပါ။ ကိုပါဒယ်ရေး ဒုတိယ အကျော့အဖြစ် နူးကမ့်ကွင်းမှာ အဆုံးအဖြတ်ပွဲ ကစားပြီးတဲ့ နောက်မှာ လာလီဂါရဲ့ဒုတိယအကျော့ပွဲကိုလည်း ဆက်ပြီးကစား ရဦးမှာဆို တော့ ဒီနှစ်သင်းအတွက်တော့ အရေးပါတဲ့ အချိန်မျိုးလို့ ပြောရမလိုဖြစ်နေပါတယ်။ ဒီပွဲပြီးရင်လည်း ရီးယဲလ်ဟာ မန်ယူနဲ့ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပွဲကို အဝေးကွင်းမှာပဲ ထပ်ပြီးသွားကစား ရဦးမှာဆို တော့ ဘာစီလိုနာထက်စာရင် ရီးယဲလ်က ပိုပြီး အကျပ်အတည်းတွေ့မယ့်ပုံပါပဲ။

ခါတိုင်းဆိုရင် ဒီနှစ်သင်းတွေ့တဲ့အခါ မျိုးမှာ လာလီဂါရဲ့အရေးပါတဲ့ ပွဲတစ်ပွဲ အဖြစ်ရှိနေတတ်ပေမယ့်လည်း ဒီရာသီမှာတော့ နှစ်သင်းစလုံးအတွက် အခုပွဲဟာ လာလီဂါအတွက် အရမ်းအရေးပါတဲ့ပွဲမျိုးတော့ မဟုတ်တော့ပါဘူး။ ဘာစီလိုနာအတွက်ကလည်း ချန်ပီယံဆု အတွက် သိပ်ပြီးပူပန်ရတော့တဲ့အချိန်မျိုး မဟုတ်သလို ရီးယဲလ်အတွက်ကလည်း အခုပွဲထက်စာရင် မန်ယူနဲ့ကစားရမယ့် ပွဲက ပိုပြီးအရေးပါနေလို့ ဒီပွဲအပေါ်မှာ အာရုံအပြည့်ထားကြပါ့မလားဆိုတာ စဉ်းစားစရာတစ်ခုလိုဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့နှစ်သင်းစလုံးဟာ သိက္ခာထိန်းနိုင်ဖို့အတွက် ကစားသွားကြဖို့ရှိနေသလို ရီးယဲလ်အတွက်ကလည်း ချန်ပီယံမဖြစ်ခဲ့ရင်တောင် ဘာစီလိုနာကို ဒီရာသီ နှစ်ကျော့စလုံး အနှိုးမရှိအောင် ကစားနိုင်ခဲ့တယ်ဆိုတဲ့ ဂုဏ်သိက္ခာတစ်ခု အတွက်တော့ ကစားပြသွားလိမ့်မယ် ထင်ပါတယ်။ နောက်တစ်ချက်က ဒီပွဲကို နိုင်အောင်ကစားထားနိုင်ခဲ့ရင်လည်း မန်ယူနဲ့ပွဲအတွက် ယုံကြည်မှုပိုကောင်းလာနိုင်မယ့် အနေအထားမျိုးလည်းဖြစ်သွားနိုင်လို့ ရီးယဲလ်ဟာ ဘာနေဗျူးမှာ ဘာစီလိုနာကိုအတတ်နိုင်ဆုံးအကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးရင်ဆိုင်သွားမယ့်ပုံမျိုးတော့ ရှိနေပါတယ်။

ဘာစီလိုနာအတွက်ကတော့ ဒီပွဲဟာ အရမ်းအရေးမပါပါဘူး။ ဒါကြောင့် အသင်းအနေနဲ့ ပုံမှန်အားထုတ်မှုမျိုး လောက်နဲ့ပဲ ရီးယဲလ်ကိုရင်ဆိုင်မယ့်ပုံရှိတယ်။ အခုနောက်ပိုင်း ဘာစီလိုနာ ကစားနေပုံကလည်း အနည်းငယ် မောပန်းလာသလို တွေ့နေရပြီး အားထုတ်မှုအပိုင်းမှာ အနည်းငယ် လျော့ကျလာတယ်။ နောက်ပြီး ဘာစီလိုနာဟာ အင်္ဂါနေ့မှာကစားထားခဲ့တဲ့ ကိုပါဒယ်ရေးပွဲမှာသာ ရီးယဲလ်ကို ဖြတ်ကျော်ထားနိုင်ခဲ့မယ်ဆိုရင် ဒီပွဲ အပေါ်မှာ ပုံမှန်ထက် ပိုပြီးအားထုတ်မယ့် ပုံမရှိဘဲ မီလန်နဲ့ပွဲကို အနိုင်ပြန်ယူနိုင်ဖို့ ကိုပဲ အဓိကအာရုံစိုက်ထားမယ့်ပုံရှိပါတယ်။

ဒီနှစ်သင်းရဲ့ လက်ရှိအခြေအနေချင်း ယှဉ်ကြည့်လိုက်ရင်လည်း တစ်သင်းနဲ့ တစ်သင်းဟာ သိပ်အကွာကြီး မဟုတ်ပါဘူး။ ရီးယဲလ်ကလည်း ဒီရာသီခြေမငြိမ် တဲ့အသင်းတစ်သင်းအဖြစ် ရပ်တည်ပြနေသလို ဘာစီလိုနာကလည်း အခုတလောမှာ ခြေစွမ်းပိုင်းအားရစရာ သိပ်မရှိလှပါဘူး။ အထူးသဖြင့် ဘာစီလိုနာဟာ ခံစစ်ပိုင်းအားနည်းမှုတွေက သိသာလွန်းနေပြီး တိုက်စစ်ပိုင်းကသာ ဂိုးတွေရအောင် သွင်းနေနိုင်လို့သာ

> **မန်ယူနဲ့ပွဲရှိနေလို့ ရိုနယ်ဒိုကို ဒီပွဲမှာ သုံး၊ မသုံးဆိုတာ သူတို့အသင်းအတွက် အဆုံးအဖြတ်တစ်ခုလိုဖြစ်နေ ...**

နိုင်ပွဲတွေရနေတာလို့ ပြောနိုင်တယ်။ ဒါကြောင့်လည်း လက်ရှိဘာစီလိုနာရဲ့ ခံစစ်ကစားပုံအရတော့ လျင်မြန်မှုကို အားပြုထားတဲ့ ရီးယဲလ်မက်ဒရစ်ရဲ့ တိုက်စစ်ကို ထိန်းချုပ်ရာမှာ ကျိန်းသေပေါက် အခက်အခဲတွေ့ဦးမှာ သေချာသလောက်ပါပဲ။

ရီးယဲလ်အတွက်ကတော့ မန်ယူနဲ့ပွဲ ရှိနေလို့ ရိုနယ်ဒိုကို ဒီပွဲမှာသုံး၊ မသုံးဆိုတာ သူတို့အသင်းအတွက် အဆုံးအဖြတ်တစ်ခုလိုဖြစ်နေတယ်။ ရီးယဲလ်ဟာ ဒီပို့နဲ့ပွဲမှာ ရိုနယ်ဒိုကို အနားပေးကစားခဲ့ရာမှာ ဂိုးရဖို့ခက်ခက်ခဲခဲကို ဘာစီလိုနာနဲ့ ရင်ဆိုင်ခဲ့တဲ့ သုံးပွဲမှာ နူးကမ့်မှာတစ်ပွဲသာအရေးနိမ့်ထားခဲ့ပြီး ကျန်တဲ့ပွဲမှာတော့ မရှုံးအောင်ကစား ထားနိုင်ခဲ့တဲ့ အနေအထားတွေအရ တော့ အိမ်ကွင်းမှာဒီတစ်ကြိမ်ဆုံတဲ့ အခါမှာလည်း ဘာစီလိုနာကို ထိန်းပြီး ကစားသွားနိုင်လိမ့်ဦးမယ် ထင်ပါ တယ်။

ဒါကြောင့် ဒီပွဲမှာ အဓိကထားပြီး စဉ်းစားရမယ့်အချက်ကတော့ ဘာစီ လိုနာရဲ့ ကစားအားကိုပါပဲ။ ဘာစီလိုနာ ဟာ အခုနောက်ပိုင်းအဝေးကွင်းကစားပုံ အနည်းငယ်လျော့ကျနေသလို တွေ့နေ ရတဲ့အပြင် ဒီပွဲအပေါ် ဘယ်လောက် အထိ အားထည့်ကစားမလဲဆိုတာက လည်း အရေးပါနေပါတယ်။ ကြားထဲမှာ ကိုပါဒယ်ရေးအဆုံးအဖြတ်ပွဲကို နှစ်သင်း စလုံး ခြေကုန်ထုတ်ကစားထားရတဲ့ အချိန်လည်းဖြစ်လို့ အခုလိုသိပ်ပြီး အနိုင်အရှုံးသိပ်ပြီးအရေးမပါတော့တဲ့ အချိန်မျိုးမှာ ကစားရမယ့် အခုလိုပွဲမျိုး မှာတော့ နှစ်သင်းစလုံး အပင်ပန်းခံပြီး ခြေကုန်ထုတ်အားစိုက်ကစားကြမယ့် အနေအထားမျိုးမှာတော့ မရှိလောက် ဘူးလို့ထင်ပါတယ်။ နှစ်သင်းစလုံး သိက္ခာ အတွက် ထိန်းကစားရင်းပဲ သရေ တစ်မှတ်စီခွဲယူသွားကြလိမ့်မယ်ထင်ပါ တယ်။ ဂိုးလည်းနည်းနိုင်မယ့်ပွဲလို့ ထင်မိပါတယ်။ ■

အခြားပွဲစဉ်များ

* ဂီတာဖေး	-	ဇာရာဂိုဇာ
* ဒီပို့တီဗို	-	ရာယို
* အိုဆာဆူနာ	-	ဘီလ်ဘာအို
ဂရန်နာဒါ	-	မာယော့ကာ *
* ဗလင်စီယာ	-	လီဗန်တေး
* အက်စ်ပန်ညို	-	ဗယ်လာဒိုးလစ်
* မာလာဂါ	-	အလက်တီကို
ဆိုစီဒက်	-	ဘက်တစ် *
* ဆီဗီလာ	-	ဆယ်လ်တာ

စပိန်လာလီဂါ ပွဲစဉ် (၂၅)

လီဗန်လေး	ဝ-၂
ရာယို	၁-၂
ဆယ်လ်တာ	၂-၁
အလက်တီကို	၁-၀
ဘက်တစ်	၃-၀
မာလာဂါ	၁-၃
ဇာရာဂိုဇာ	၂-၂
ဒီပို့တီဗို	၁-၂
ဘီဘာအို	၁-၃
အိုဆာဆူနာ	၁-၀
ဗယ်လာဒိုးလစ်	၁-၀
ဘီလ်ဘာအို	၀-၃
ဂရန်နာဒါ	၂-၁
မာယော့ကာ	၁-၃
ဗလင်စီယာ	၂-၁
ရီးယဲလ်	၁-၂
ဆီဗီလာ	၂-၁
ဆိုစီဒက်	၁-၃

သွင်းဂိုးအများဆုံး

မက်ဆီ (ဘာစီလိုနာ)	၃၈ ဂိုး
ရိုနယ်ဒို (ရီးယဲလ်)	၂၄ ဂိုး
ဖယ်လ်ကာအို (အလက်တီကို)	၂၁ ဂိုး
အူဇုရစ်ဇ် (ဘီဘာအို)	၁၂ ဂိုး
ကက်စ်ထရို (ဘက်တစ်)	၁၂ ဂိုး

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၄)

ဒေါ့မွန်ကိုတောင် သရေခံကစားလာတဲ့ မိုချင်ရဲ့ အဝေးကွင်းနိုင်ပွဲ

ပြီးခဲ့တဲ့အပတ် ဘွန်ဒက်စ်လီဂါဟာ သရေငါးပွဲအထိရှိခဲ့တော့ ဒါဟာအကြိတ်အနယ်ကစားလာတာလို့ တွက်ဆရနိုင်ပါတယ်။ ၁၇ မှတ်ဖြတ်ထားလိုက်နိုင်ပြီဖြစ်တဲ့ ဘိုင်ယန်အတွက်ကတော့ ဘွန်ဒက်စ်လီဂါဆုဖလားကို သိမ်းပိုက်ဖို့ ဟန်ပြင်နေပါပြီ။ ဒီကြားရက်တွေမှာ ဂျာမန်ပိုကယ်ဖလားကစားရမယ့်အသင်းတွေကို သတိထားအားပေးဖို့တော့ လိုမယ်ထင်ပါတယ်။

ကိုထွဋ်(စိန်ဂျန်း)

ဟမ်းဘတ် – ဂရသာဖတ်ချ်

ပက္ခေါ- ဂရသာဖတ်ချ် ၀-၁ ဟမ်းဘတ်

ဟမ်းဘတ်မှာ ချယ်လ်ဆီးကနေ ပြောင်းလာတဲ့ အားကစားဒါရိုက်တာ ဖရန့်အာလ်နီဆင်ရှိတယ်ဆိုတာ သတိထားရလိမ့်မယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့အပတ်က ဟန်နိုဗာကို အပိုင်အခွင့်အရေးတွေ ဖြန်းတီးပစ်လို့ ဂိုးပြတ်ရှုံးခဲ့ရတယ်။ ဟမ်းဘတ်မှာ ဗန်ဒါဗတ်၊ တောင်ကိုရီးယား ကစားသမား ဆွန်ဟောင်မင်တို့ ရှိနေပြီး ဂရသာဖတ်ချ် အဝေးကွင်းနိုင်ပွဲ နှစ်ပွဲပဲရှိပါတယ်။ ဂိုးပြတ်အရှုံးကို ပေါက်ကွဲမယ့် ဟမ်းဘတ်ကိုကြိုက်တယ်။

ဒေါ့မွန် – ဟန်နိုဗာ

ပက္ခေါ- ဟန်နိုဗာ ၁-၁ ဒေါ့မွန်

ဒေါ့မွန်ဟာ မိုချင်ဂလက်ဘတ်ကို ဂျေါ်ဇီသွင်းပေးတဲ့ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် မိုချင်ကွင်းလယ်လူ ယူနက်စ်ရဲ့ ချေပဂိုးကို ခွင့်ပြုခဲ့ရတာကြောင့် အခုဆိုရင် ဘိုင်ယန်မြူးနစ်နဲ့ ၁၇ မှတ်ပြတ်သွားခဲ့ပြီဖြစ်ပါတယ်။ အဆင့်(၇) ရောက်နေတဲ့ ဟန်နိုဗာဟာ ၄-၄-၂ ကစားကွက်နဲ့ တန်ပြန်တိုက်စစ်ကို အကောင်းဆုံးအသုံးချနေတဲ့ အသင်းဆိုတာ မမေ့အပ်ပါဘူး။ တိုက်စစ်မူးနှစ်ဦးဖြစ်တဲ့ ဒီအော့ဖ်နဲ့ အက်ဘ်ဒယ်လာအိုရီ၊ ကွင်းလယ်ဖန်တီးရှင် ဟက်ဇ်ဇာနဲ့ ဂိုးသွင်း ခြေတွေ့နေတဲ့ ဟန်နိုဗာတို့ကြောင့် ဟေးနက်ဇ်က ရှော်လ်ကေးသို့မသွားချင် ခြင်းအစရှိတဲ့ကွင်းပြင်ပ ပြဿနာတွေ တန်းစီနေပါတယ်။ ရှော်လ်ကေးဟာ အဝေးကွင်းခြေစွမ်းမကောင်းဘဲ အခု အချိန်အထိ နှစ်ပွဲသာနိုင်ထားလို့ ဝုဖ်ဘတ်ကို အားပေးချင်ပါတယ်။

ဝါဒါဘရီမင် – အော့စ်ဘတ်

ပက္ခေါ- အော့စ်ဘတ် ၃-၁ ဝါဒါ

ဝါဒါဘရီမင်နောက်ခံလူ ဆီဘက် စတီဗင်ဆန်ပရိဒီဟာ တိုက်ရိုက်အနီကတ် ထိထားလို့ ဒီပွဲစဉ်ကို လွဲချော်ရမှာပါ။ ဝါဒါဘရီမင်ဟာ ဦးဆောင်ဂိုးသွင်းခံ ရရင် ကစားကွက်တည်လို့မရတတ်ပါ ဘူး။ အော့စ်ဘတ်ဟာ တန်းဆင်းဇုန် ထဲမှာရောက်နေလို့ ဘရီမင်ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိပါတယ်။ ဒါပေမဲ့ ဝါဒါ ဘရီမင်နဲ့ ဂိုးအများကို ရွေးတာက ပိုကောင်းမယ်။

နုရင်ဘတ် – ဖရိုင်းဘတ်

ပက္ခေါ- ဖရိုင်းဘတ် ၃-၀ နုရင်ဘတ်

ကြားရက်မှာ ဖရိုင်းဘတ်ဂျာမန် ပိုကယ်ဖလားပွဲကစားရမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးပြီးခဲ့တဲ့ပွဲစဉ်(၂၃)မှာ ပြိုင်ဘက်တွေကို သရေတွေချည်းကစား ထားပါတယ်။ အဆင့်(၅)နေရာက ဖရိုင်း ဘတ်အတွက် ဖရန့်ဖတ်ကို ကျော်နိုင်ဖို့ အရေးကြီးသလို နုရင်ဘတ်ကလည်း ဝုဖ်ဘတ်၊ ဒတ်ဆယ်လ်ဒေါ့ဖ်တို့နဲ့ အမှတ် တူနေလို့ သူလည်းအမှားလုပ်လို့မရပါ ဘူး။ နုရင်ဘတ်က တစ်ပွဲတစ်ဂိုးနှန်းပဲ သွင်းဂိုးရှိပါတယ်။ ဖရိုင်းဘတ်ကလည်း တစ်ပွဲတစ်ဂိုးနှန်းလောက် ပြန်ပေးနေရ လို့ ညှဉ့်သည်းကိုတောင် အလေးပေး လိုက်ချင်ပါရဲ့။

လေဗာကူဆင် – စတုဂတ်

ပက္ခေါ- စတုဂတ် ၂-၂ လေဗာကူဆင်

ကြားရက်မှာ ဂျာမန်ပိုကယ်ဖလားပွဲ ကစားထားရလို့ စတုဂတ်ပွဲပန်းနိုင်တာ သတိထားရမယ်။ စတုဂတ်ဟာ အဝါ ကတ်များများထိတတ်တဲ့အသင်းလည်း ဖြစ်ပါတယ်။ စတုဂတ်နောက်ဆုံးအဝေး ကွင်းနှစ်ပွဲဆက်တိုက်နိုင်သလို နုရင် ဘတ်ကိုလည်း ၁-၁ သရေကစားထား တယ်။ လေဗာကူဆင်ဟာ တစ်မှတ်ပဲကွာ နေတဲ့ ဒေါ့မွန်ကို မကျော်နိုင်ဘူးဖြစ်နေ တယ်။ လေဗာကူဆင်အနေနဲ့ စတုဂတ် ကို တိုက်စစ်ပိုင်းရော၊ ခံစစ်ပိုင်းမှာပါ အသာစီးရနေလို့ စတုဂတ်အိမ်ပြန်မလှ နိုင်ဘူး။

ဟော့ဖန်ဟိမ်း – ဘိုင်ယန်မြူးနစ်

ပက္ခေါ- ဘိုင်ယန် ၂-၀ ဟော့ဖန်ဟိမ်း

ဘိုင်ယန်မြူးနစ်အနေနဲ့ကတော့ ဂျာမန်ပိုကယ်ဖလားပွဲ ဒေါ့မွန်နဲ့ခွဲရမှာမို့ လို့ အကြိတ်အနယ်ဖြစ်ပြီး ပွဲပန်းနေနိုင် ပါတယ်။ ဒါပေမဲ့ဘိုင်ယန်ဟာ နောက်ဆုံး အဝေးကွင်းလေးပွဲ နှုံးပွဲမရှိသလို ဟော့ ဖန်ဟိမ်းကလည်း ဂိုးကွာခြားချက်ကျဉ်း မြောင်းအောင် ကစားတတ်တဲ့အသင်း ဖြစ်တယ်။ ဘိုင်ယန်အနေနဲ့ ဒေါ့မွန်ပွဲမှာ ပါဝင်တဲ့အဓိကကစားသမားတွေကို အနားပေးထားနိုင်တာကြောင့် ဂိုးပြတ် နိုင်ဖို့တော့ မဖြစ်နိုင်ဘူး။

ဖရန့်ဖတ် – မိုချင်ဂလက်ဘတ်

ပက္ခေါ- မိုချင် ၂-၀ ဖရန့်ဖတ်

အဆင့်(၁၀)ရောက်နေပေမယ့်လည်း မိုချင်ဟာ လက်ရှိချန်ပီယံဒေါ့မွန်ကို သရေကစားနိုင်ခဲ့တာတွေ့ရတယ်။ ယူရိုပါလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ သူ့ရဲ့ချန်ပီယံလိဂ်ဝင်ခွင့်ကို ခြိမ်းခြောက်တဲ့ ဖရိုင်းဘတ်ကို ဂိုးမရှိသရေသာ ကစားနိုင်ခဲ့ပါတယ်။ ဖရန့်ဖတ်အနေနဲ့ ၃၈ မှတ်ရထားပြီး ၃၈ ဂိုးသွင်းထားတာ ဆိုတော့ သူတို့ရဲ့ဂိုးတစ်ဂိုးဟာ တစ်မှတ် တန်နေပါတယ်။ ဘွန်ဒက်စ်လီဂါမှာ ချည်း ဂိုးမသွင်းနိုင်တာ သုံးပွဲရှိနေပြီ ဖြစ်တဲ့ ဖရန့်ဖတ်ကို အပြတ်သားဆုံး ငြင်းချင်ပါတယ်။ သွင်းဂိုးအများကိုလည်း မမေ့သင့်ပါဘူး။ ■

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၃)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရိုး	ပေး	ရမှတ်
ဘိုင်ယန်	၂၃	၁၉	၃	၁	၆၃	၈	၆၀
ဒေါ့မွန်	၂၃	၁၂	၇	၄	၅၁	၂၇	၄၃
လေဗာကူဆင်	၂၃	၁၂	၆	၅	၄၃	၃၂	၄၂
ဖရန့်ဖတ်	၂၃	၁၁	၅	၇	၃၈	၃၆	၃၈
ဖရိုင်းဘတ်	၂၃	၉	၈	၆	၂၉	၂၂	၃၅
ဟမ်းဘတ်	၂၃	၁၀	၄	၉	၂၈	၃၃	၃၄
ဟန်နိုဗာ	၂၃	၁၀	၃	၁၀	၄၆	၄၂	၃၃
မိန်ဇ်	၂၃	၉	၆	၈	၃၁	၂၈	၃၃
ရှော်လ်ကေး	၂၃	၉	၆	၈	၃၇	၃၈	၃၃
ဝလက်ဘတ်	၂၃	၇	၁၀	၆	၃၂	၃၄	၃၁
စတုဂတ်	၂၃	၈	၅	၁၀	၂၅	၄၀	၂၉
ဝါဒါဘရီမင်	၂၃	၈	၄	၁၁	၃၉	၄၇	၂၈
ဒတ်ဆယ်လ်ဒေါ့ဖ်	၂၃	၇	၆	၁၀	၂၈	၃၁	၂၇
နုရင်ဘတ်	၂၃	၆	၉	၈	၂၃	၃၀	၂၇
ဝုဖ်ဘတ်	၂၃	၇	၆	၁၀	၂၃	၃၃	၂၇
အော့စ်ဘတ်	၂၃	၃	၉	၁၁	၂၀	၃၆	၁၈
ဟော့ဖန်ဟိမ်း	၂၃	၄	၄	၁၅	၂၇	၄၈	၁၆
ဂရသာဖတ်ချ်	၂၃	၂	၇	၁၄	၁၃	၃၆	၁၃

ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၃)

ဝလက်ဘတ်	၁-၁	ဒေါ့မွန်
ဂရသာဖတ်ချ်	၀-၀	လေဗာကူဆင်
ဘိုင်ယန်	၂-၁	ဝါဒါဘရီမင်
အော့စ်ဘတ်	၂-၁	ဟော့ဖန်ဟိမ်း
ဟန်နိုဗာ	၅-၁	ဟမ်းဘတ်
မိန်ဇ်	၁-၁	ဝုဖ်ဘတ်
စတုဂတ်	၁-၁	နုရင်ဘတ်
ရှော်လ်ကေး	၂-၁	ဒတ်ဆယ်လ်ဒေါ့ဖ်
ဖရိုင်းဘတ်	၀-၀	ဖရန့်ဖတ်

သွင်းဂိုးအများဆုံး

မန်ဇူကစ် (ဘိုင်ယန်)	၁၅ ဂိုး
ကိုင်းဘလိန်း (လေဗာကူဆင်)	၁၅ ဂိုး
လီဝမ်ဒေါစကီး (ဒေါ့မွန်)	၁၄ ဂိုး
အဒမ် (မိန်ဇ်)	၁၂ ဂိုး

WEEKLY SPECIALS

Your Family's Lifestyle Choice

28.02.2013 to 13.03.2013

EVERYDAY Great value!

BEST CHOICE

KYR
Ice Cream
each/ea. ~~3,950~~ 3,550

NEW CHOICE
Fragrant Liquid Soap
Ks. ~~1,380~~ 1,200

CARABAO
Energy Drink
Buy 5,Get 1 Free

SUNKIST
Sparkling Orange
Buy 4Pcs, Get a free Cola

COCA COLA
Coke
Ks. ~~1,600~~ 1,500

QUENCH
Ks. ~~660~~ 630

STAR
Cola
Ks. ~~660~~ 630

CRUSHER
Orange
Ks. ~~660~~ 630

CYPRINA
100% Fruit Juice
each/ea. ~~1,680~~ 1,450

S & W
Pineapple Slices in Syrup
Ks. ~~1,500~~ 1,350

SNOW
Intensive Collagen Toner
Ks. ~~660~~ 500

FRESH FOOD

USA WASHINGTON RED APPLE SPECIAL
Buy 4Pcs, Ks.2,000

GRANNY SMITH GREEN APPLE
Buy 4Pcs, Ks.2,000

LIGO
Ks. ~~3,250~~ 2,950

Ks. ~~3,000~~ 2,700

THAI ORANGE
Price/Ks. ~~1,970~~ 1,780

THAI TAMARIND
Price/Ks. ~~2,650~~ 2,380

FRAGRANT PEAR
100gs/Ks. ~~325~~ 295

GREAT VALUE

MONDE VOIZ
2in1 Chocolate & Wafer Sandwich
each/Ks. ~~1,460~~ 1,040

REDONDO
Luxury Creamy Wafer Rolls
-Chocolate
-Cappuccino
each/Ks. ~~2,950~~ 2,650

NESTLE
Cerelac Baby Cereal
Ks. ~~4,200~~ 3,950

KELLOGG'S
Corn Flakes
Ks. ~~1,660~~ 1,500

MOCCONA
Buy any 1Pkt,Get a free Moccona Cup

DUWON
each/Ks. ~~580~~ 520

LACTASOY
Soy Milk Sweetened
Ks. ~~1,750~~ 1,600

DUTCH LADY
UHT Milk
Full Cream
Ks. ~~1,800~~ 1,700

Low Fat
Ks. ~~1,980~~ 1,800

HOSAN Aa
Aloe Vera Drink
Ks. ~~1,800~~ 1,650

SAMYANG
Instant Noodle with Mushroom
Ks. ~~800~~ 720

CP
Swirl Chicken Sausage
Ks. ~~2,200~~ 2,000

DELMONTE
Spaghetti Sauce
Sweet Style
each/Ks. ~~900~~ 810

UFC
Whole Lychee in Syrup
Ks. ~~1,050~~ 950

SUNAR
Sunflower Oil
Ks. ~~2,600~~ 2,340

Ks. ~~2,800~~ 2,520

SQUID
Fish Sauce
Ks. ~~980~~ 850

MOTHER'S CHOICE
Margarine
Ks. ~~1,700~~ 1,530

Ks. ~~2,500~~ 2,250

WINE SPECIAL

TORRES
Red Wine
Ks. ~~7,500~~ 6,750

Ks. ~~7,890~~ 7,050

Ks. ~~7,200~~ 6,500

BABY CORNER

SOFTLOVE
Baby Diaper
10% off

Price range from.
Ks.3,950 to Ks.10,300

JUMA SAN

47th STREET

JUNCTION 8

PRI CITY

TAMWE CENTRE

MYAT NI GHONE

TAMANA

SHWE NYE YIN

CHINATOWN POINT

JUNCTION MAW TIN

THAMINE

JUNCTION SQUARE

TA (MANDALAY)

HOME & KITCHEN

Luminarc

Rs. 9,600 **8,550**

LOCK & LOCK

DRY FOOD CANISTER

Rs. 10,500 **9,450**

BREEZE LIVING

Rs. 18,000 **16,200**

Rs. 4,900 **4,400**

HAPPY WARE

Rs. 10,200 **9,700**

MY DREAMS

Rs. 7,900 **7,100**

CLEAN & FRESH

KANEBO

20% Off

Price range from
Rs.16,000 to Rs.20,000

LAFFAIR

Rs. 4,000 **3,400**

NNO

Rs. 4,400 **3,870**

BERMAN

Each/Rs. 1,500 **1,350**

LUX

Each/Rs. 3,760 **3,380**

ELAN

Rs. 6,400 **5,800**

COLGATE

Each/Rs. 1,400 **1,270**

COLORFUL MOOD

Rs. 2,650 **2,380**

DAILY

Rs. 3,100 **2,790**

FINELINE

Each/Rs. 700 **650**

SHIELD10X

Buy any 1 Get a free Dettol Soap.

OK

10% Off

Price range from
Rs.290 to Rs.1,890

Exclusively Available @
marketplace
by City Mart

SWEET HOME FARM

Granola

Rs. 5,900 **5,300**

AUSTRALIA'S OWN

Rs. 2,950 **2,650**

Rs. 3,450 **2,200**

ORIGINS

Rs. 3,200 **2,880**

BUTTERFINGERS

Rs. 2,900 **2,700**

SUMMER HOLIDAY SPECIALS

28.02.2013 to 12.04.2013

SPECIAL ELECTRICAL OFFER

FARFALLA
Air Cooler

Rs. 58,000 **54,000**

MIDEA
Air Cooler

Rs. 60,000 **55,000**

MD
Stand Fan

Rs. 35,000 **29,700**

WASAKI
Stand Fan/Table Fan

Rs. 27,500 **25,000**

MD
Table Fan

Rs. 18,000 **16,500**

WASAKI
Table Fan

Rs. 13,900 **12,500**

LUCKY
Rice Cooker

Rs. 11,500 **10,300**

MIDEA
Electric Kettle

Rs. 16,000 **15,000**

LUCKY
Blender

Rs. 18,700 **16,800**

FARFALLA
Iron

Rs. 12,000 **10,700**

KYOTO
Single Hot Plate

Rs. 14,000 **12,600**

MIDEA

Rs. 36,000 **32,800**

We Welcome

Gift Card

Gift Voucher

WE ACCEPT TELEPHONE ORDER

ဇေကမ္ဘာမြန်မာအိုးပင်းတွင် ထိုင်းမှ ချာဝါလစ် ဗိုလ်စွဲ

ထွန်းနေဇော်

၂၀၁၃ ရာသီ Asian Tour အဖွင့်ပွဲစဉ်ဖြစ်သော ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ထိုင်နိုင်ငံသား ချာဝါလစ်မှာ လေးရက်ပေါင်းရိုက်ချက် ၂၇၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ ဗိုလ်စွဲသွားခဲ့သည်။ ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာဒုံ ဥယျာဉ်မြို့တော်အိမ်ရာရှိ Royal Mingalardon Golf and Country Club တွင် ယခုလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် ကစားသမားပေါင်း ၁၅၂ ယောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ချာဝါလစ်သည် ပထမနေ့ပြိုင်ပွဲတွင် ၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်နိုင်ခဲ့သော်လည်း အဆင့် (၉)နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။ ထိုနေ့တွင် ၎င်းနှင့်တစ်နိုင်ငံတည်း သားများဖြစ်သူ ချက်ပ်ချိုင်းနှင့် ကီရာဒက်ရှ် တို့က ၆၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ ပြိုင်ပွဲကို ဦးဆောင်ခဲ့ကြသည်။ ဒုတိယနေ့တွင် ချာဝါလစ်သည် ၆၆ ချက်ဖြင့် ရိုက်နိုင်ခဲ့ပြီး နှစ်ရက်ပေါင်းရိုက်ချက်တွင် သတ်မှတ် ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ဒုတိယနေရာသို့ရောက်ရှိလာခဲ့သည်။ ထိုနေ့တွင်လည်း ကီရာဒက်ရှ်က သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ပြီး ပြိုင်ပွဲကို ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

တတိယနေ့ပွဲစဉ်တွင် ကီရာဒက်ရှ်သည် ၇၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်နိုင်ခဲ့သော်လည်း ချာဝါလစ်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်နိုင်ခဲ့သောကြောင့် ပြိုင်ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ စတုတ္ထနေ့ နောက်ဆုံးပွဲစဉ်တွင် ချာဝါလစ်သည် ထိုနေ့တွင်မှ လက်စွမ်းပြလာနိုင်သည့် သီရိလင်္ကာနိုင်ငံသား မီသွန်းနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ ၎င်းတို့နှစ်ဦးသည် နောက်ဆုံးကျင်းမရိုက်ခင်အချိန်တွင် စုစုပေါင်းရိုက်ချက်ထက် ၁၇ ချက်စီ လျော့ရိုက်ထားကြသည်။ ထို့ကြောင့် မီသွန်းမှာ Asian Tour ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံး ဗိုလ်စွဲနိုင်သည့် သီရိလင်္ကာနိုင်ငံသားဖြစ်ရန် မျှော်လင့်ချက်ရှိနေသည်။ သို့သော် သတ်မှတ်ရိုက်ချက် ငါးချက်ရိုက်ရသည့် နောက်ဆုံးကျင်းအမှတ် ၁၈ တွင် မီသွန်းမှာ သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့ပြီး ချာဝါလစ်က တစ်ချက်လျော့ရိုက်နိုင်ခဲ့သောကြောင့် ဇေကမ္ဘာမြန်မာအိုးပင်း ဆုဖလားကြီးကို ဆွတ်ခူးသွားနိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ဆုကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာသုံးသိန်း ခွဲမြှင့်ခဲ့ပြီး ဗိုလ်စွဲသွားခဲ့သည့် ချာဝါလစ်က ဆုကြေး အမေရိကန်ဒေါ်လာ ၅၄,၀၀၀ ရရှိသွားခဲ့သည်။



ဇေကမ္ဘာမြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် ထိုင်းနိုင်ငံသား ချာဝါလစ် ဆုဖလားနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပွဲအပြီးတွင် ချာဝါလစ်က "နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ဆုဖလားပြန်လည်ရရှိခဲ့ပေမယ့် ကျွန်တော့ရဲ့ အပျော်တွေက မပြည့်စုံသေးပါဘူး။ နောက်ထပ် Asian Tour ဆုဖလားတွေ အများကြီး ရယူချင်ပါသေးတယ်။ ကျင်းအမှတ် ၁၇ ရိုက်အပြီးမှာ မီသွန်းနဲ့ ကျွန်တော် ရိုက်ချက်ချင်းတူနေခဲ့ပါတယ်။ ဒါပေမဲ့ကံကောင်းစွာပဲနောက်ဆုံး ကျင်းမှာ ကျွန်တော် သူ့ထက်သာအောင် ရိုက်နိုင်ခဲ့ပါတယ်။ ပြိုင်ပွဲအစမှာ ကျွန်တော့်အရှေ့က လူကိုးယောက်လောက်ကို ကျော်ဖြတ်နိုင်ဖို့ဆိုတာ တကယ်တော့ မလွယ်ကူလှပါဘူး။ ကျွန်တော့်ကို ကျွန်တော်ဖိအားပေးပြီး ယှဉ်ပြိုင်ခဲ့တဲ့အတွက် အခုလို အောင်ပွဲရရှိခဲ့တာပါ"ဟု ပြောကြားသွားခဲ့သည်။ ယခု ဇေကမ္ဘာမြန်မာအိုးပင်းဆုဖလားသည် ချာဝါလစ်အတွက် လေးခုမြောက် Asian Tour ဆုဖလားလည်း ဖြစ်သည်။ ■

ပြေးခုန်ပစ် အားကစား သမားများ တရုတ်တွင် လေ့ကျင့်မည်

ကျော်ဇင်လှိုင်

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့ပြေးခုန်ပစ်လက်ရွေးစင်အားကစားသမားများ အောင်မြင်မှုရရှိစေရန်အတွက် တရုတ်နိုင်ငံသို့စေလွှတ်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်စေမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးခြိုးမြှင့်မည့် အားကစားနည်းမှာ ပြေးခုန်ပစ်အားကစားနည်းဖြစ်ပြီး စုစုပေါင်း ရွှေတံဆိပ် ၄၆ ခုအထိ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ အိမ်ရှင် မြန်မာနိုင်ငံအနေဖြင့်ရွှေတံဆိပ်အများဆုံးရယူနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

လက်ရှိတွင် ပြေးခုန်ပစ်အားကစားသမားများကို လယ်ဝေးအားကစားလေ့ကျင့်ရေးစခန်းတွင် တရုတ်နည်းပြသုံးဦး၊ ဂျပန်နည်းပြတစ်ဦး၊ မြန်မာနည်းပြ ၁၇ ဦး စုစုပေါင်း နည်းပြ ၂၁ ဦးဖြင့် ပြေးခုန်ပစ်အားကစားသမား ၁၂၀ ကျော်ကို လေ့ကျင့်ပေးလျက်ရှိသည်။

နေပြည်တော်တွင် ကျင်းပပြုလုပ်လျက်ရှိသော ဆီးဂိမ်းအကြိုပြည်ထောင်စုဖလား အားကစားပြိုင်ပွဲအပြီးတွင် အရည်အချင်းရှိသော ပဏာမလက်ရွေးစင် ပြေးခုန်ပစ်အားကစားသမား ၈၀ ကျော်ကိုသာ ရွေးချယ်၍ ဆက်လက် လေ့ကျင့်သွားမည် ဟုသိရသည်။ ■

ဆီးဂိမ်း၌ ထည့်သွင်းမည့် ကမ်ပို ပြိုင်ပွဲအတွက် ကရာတေးအဖွဲ့ချုပ် ကစားသမားများ ခွဲပေးရ

ဒေါင်စည်ဟိန်း

မြန်မာနိုင်ငံက လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းမည်ဖြစ်ပြီး ၎င်းတို့ထဲတွင် မြန်မာ့ရိုးရာအားကစား တချို့အပြင် အရှေ့တောင်အာရှနိုင်ငံ တချို့၏ ရိုးရာအားကစားများလည်း ပါဝင်သည်။ SEA Games ပြိုင်ပွဲဝင် နိုင်ငံတချို့၏ ရိုးရာအားကစားနည်းတွင် အင်ဒိုနီးရှားမှ ကမ်ပိုကရာတေး ကစားနည်းကို ထည့်သွင်းခွင့်ပြုလိုက်ရာ မြန်မာကရာတေးဒိုအဖွဲ့ချုပ်မှ ကစားသမားအများအပြားကို ကမ်ပိုအဖွဲ့အတွက် လွှဲပြောင်းပေးလိုက်ရသည်။ ယင်းသို့ကစားသမားများကို လွှဲပြောင်းပေးလိုက်ရသည့်အတွက် ကရာတေးအဖွဲ့တွင် နစ်နာသွားသည်ဟု တွဲဖက် အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က ဆိုသည်။

"ဝန်ကြီးက တောင်းဆိုတဲ့အတွက် ကျွန်တော်တို့အဖွဲ့ချုပ်က ကစားသမားရှစ်ယောက်ပေးလိုက်ရလို့ ကျွန်တော်တို့ နစ်နာသွားပါတယ်။ ဒီကလေးတွေကို ကျွန်တော်တို့ ပျိုးထောင်လာတာ၊ အသီးအပွင့်တွေ အခုမရရင်တောင် ၂၀၁၅ လောက်ဆို သီးပွင့်ဝေဆာနေမှာပါ။ ဒါပေမဲ့ ဒါတွေကို ကျွန်တော်တို့ မရတော့ဘူး"ဟု ၎င်းက ပြောသည်။

ကမ်ပိုကစားနည်းအတွက် ရွှေတံဆိပ် ၁၈ ခု ခြိုးမြှင့်မည်ဖြစ်ပြီး ၎င်းကစားနည်းအား နေပြည်တော်ဆီးဂိမ်းတွင် ထည့်သွင်းရန် အင်ဒိုနီးရှားက အကြံပြုခဲ့ခြင်းလည်းဖြစ်သည်။

"အင်ဒိုနီးရှားက အတိုက်အခိုက်ကစားနည်းတွေမှာ အားသန်တော့ ကရာတေးကစားနည်း တစ်မျိုးဖြစ်တဲ့ ကမ်ပိုကို ထည့်ပြီး တိုက်တွန်းခဲ့တာ။ ကမ်ပိုကိုထည့်ရင် ရွှေတံဆိပ်ခြောက်ခုထိ ရနိုင်တယ်ဆိုပြီး ပြောလာတော့ ဝန်ကြီးလည်း စဉ်းစားတာပေါ့။ ကျွန်တော်တို့ ကရာတေးက ရွှေတံဆိပ်တွေ သိပ်မရနိုင်ဘူးဆိုတော့ အင်ဒိုနီးရှားတွေပြောတာကို လိုက်လျောလိုက်တယ်နဲ့ တူပါတယ်" ဟု ဦးတင်ဝင်းမြင့်က ပြောသည်။ ■

မလေးရှားကိုသရေကျခဲ့သည့် AFC Challenge Cup ခြေစစ်ပွဲဝင်ပြိုင်မည့် မြန်မာလက်ရွေးစင်အသင်း

ကျော်ဇင်လှိုင်

AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲမတိုင်မီ ခြေစမ်းပွဲစဉ်အဖြစ် မလေးရှား ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည်။

မလေးရှား ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ခဲ့သော မြန်မာအသင်းသည် လူငယ်ကစားသမားအများစုကို ပွဲထုတ်ရင်ဆိုင်ခဲ့ပြီး နှစ်သင်းစလုံး ထိရောက်သော ထိုးဖောက်မှုများမလုပ်နိုင်ခဲ့ဘဲ သရေသာဖြစ်ခဲ့သည်။ မလေးရှားအသင်းသည်လည်း အကောင်းမွန်ဆုံးပုံစံမရှိခဲ့ဘဲ ဂိုးသွင်းနိုင်ခြင်းမရှိသလို မြန်မာအသင်းအနေဖြင့်လည်း အားထားရသော တိုက်စစ်မှူးကောင်းမရှိသော ပြဿနာကို မဖြေရှင်းနိုင်ခြင်းကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကို သည် အသင်းအုပ်ချုပ်သူများနှင့် ပြဿနာဖြစ်ပွားခဲ့ခြင်းကြောင့် အသင်းမှ



မြန်မာနှင့် မလေးရှားတို့ ခြေစမ်းပွဲကစားနေကြစဉ်။ ဓာတ်ပုံ - အမ်အက်ဖ်အက်ဖ်

ပြန်လည်စေလွှတ်ခြင်းခံခဲ့ရခြင်းသည် တိုက်စစ်အားနည်းသော မြန်မာအသင်းအတွက် ထိုးနှက်ချက် တစ်ခုဖြစ်လာပြီး လာမည့် AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲစဉ်များကို မြန်မာ့လက်ရွေးစင်အသင်းနှင့် နည်းပြချုပ်ပတ်ဆောင်ဟွာတို့ဘယ်လိုဖြတ်သန်းမလဲဆိုသောအချက်သည် စိတ်ဝင်စားစရာဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် မတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် AFC Challenge Cup ၂၀၁၄ ခြေစစ်ပွဲ ၏ အုပ်စု(က)တွင် အိန္ဒိယ၊ ဂူအမ်၊ တရုတ် (တိုင်းပေ) စသည့်အသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး ၂ ရက်နေ့တွင် ဂူအမ်အသင်းနှင့် လည်းကောင်း၊ ၄ ရက်နေ့တွင် တရုတ် (တိုင်းပေ)အသင်းနှင့်လည်းကောင်း၊ ၆ ရက်နေ့တွင် အိန္ဒိယအသင်းနှင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲစဉ်များတွင် အုပ်စုအလိုက် ပထမရရှိသူများက တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည့်ဖြစ်ပြီး အကောင်းဆုံး ဒုတိယနှစ်သင်းမှာလည်းခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအောင်မြင်သည့် အသင်းခုနစ်သင်းသည် အိမ်ရှင်မော်ဒိုက်အသင်းနှင့်အတူ AFC Challenge Cup နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲချန်ပီယံဖြစ်သောအသင်းသည် ၂၀၁၅ ခုနှစ် အာရှဖလားနောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်းသိရသည်။ ■

မြောက်ကိုရီးယားခေါင်းဆောင် စစ်ရေးလေ့ကျင့်မှုကို ကြည့်ရှုခဲ့

တကယ့်စစ်ပွဲတစ်ပွဲကို ဆင်နွှဲရန်အတွက် တပ်များ၏ စွမ်းရည်ကို စစ်ဆေး

ဆိုးလ် – တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာသူ ပတ်ဂွမ်ဟေး၏ ကျမ်းသစ္စာကျိန်ဆိုမှု အပြီး နောက်တစ်နေ့တွင် တကယ့် စစ်ပွဲတစ်ပွဲနှင့် အလားသဏ္ဌာန်တူ ပြုလုပ်သည့် အမြောက်ကျည်ဆန် အစစ်များအသုံးပြုသော စစ်ရေးလေ့ကျင့်မှုတစ်ခုကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းက ကြည့်ရှုကွပ်ကဲခဲ့ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင် သတင်းဌာနက ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ကိုရီးယားဗဟိုသတင်းဌာန (KCNA) က စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည့် နေရာ၊ သို့မဟုတ် အချိန်ကို အတိအကျ ဖော်ပြခြင်းမရှိသော်လည်း ယင်း ကြေညာချက်မှာ တောင်ကိုရီးယားနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပြုလုပ်သည့် သမ္မတရာထူးအပ်နှင်းပွဲ အပြီး ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအခမ်းအနားတွင် တောင်ကိုရီးယား ခေါင်းဆောင်သစ် ပတ်ဂွမ်ဟေးက မြောက်ကိုရီးယားနိုင်ငံ၏ ရန်စမှုကို လုံးဝ လက်ခံမည်မဟုတ်ကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။

'တကယ့်စစ်ပွဲတစ်ပွဲကို ဆင်နွှဲရန် အတွက်' အမြောက်တပ်များ၏ စွမ်းရည်ကို စစ်ဆေးရန် ကင်က ထိုသို့စစ်ရေးလေ့ကျင့်ရန် အမိန့်ပေးခဲ့ခြင်းဖြစ်သည်ဟု KCNA သတင်းအရ သိရသည်။ လေတပ်အင်အားပြုမှုတစ်ခု၊ လေထီးစစ်သည်များ၏ စစ်ရေးပြုမှုတစ်ခုနှင့် ကျည်အစစ်များအသုံးပြုသော နည်းဗျူဟာမြောက် တိုက်ခိုက်သည့် သီးခြားစစ်ဆင်ရေးတစ်ခုတို့ကို ပြီးခဲ့သည့် ရက်သတ္တပတ်က ကင်က ကြည့်ရှုကွပ်ကဲခဲ့သေးသည်။

ခေါင်းဆောင်သစ် ပတ်ဂွမ်ဟေးက ၎င်း၏ရာထူးလက်ခံသည့် မိန့်ခွန်းတွင် "မြောက်ကိုရီးယားနိုင်ငံက ယင်း၏ နျူကလီးယားအစီအစဉ်ကို ချက်ချင်း စွန့်လွှတ်ပေးရန် တောင်းဆို ခဲ့ပြီး မြောက်ကိုရီးယား၏ နျူကလီးယား စမ်းသပ်မှုမှာ ကိုရီးယားပြည်သူတို့၏ အနာဂတ် ဘေးအန္တရာယ် ကင်းရေးကို ခြိမ်းခြောက်နေကြောင်း" သတိပေး ပြောကြားခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချပြီး တစ်ကမ္ဘာလုံးက အမျက်ဒေါသထွက်နေသော မြောက်ကိုရီးယားနိုင်ငံ၏ ဖေဖော်ဝါရီ ၁၂ ရက်နေ့ နျူကလီးယား စမ်းသပ်မှုအပြီးတွင် နှစ်နိုင်ငံတင်းမာမှုများ ပို၍ပြင်းထန်လာသည်။

နျူကလီးယားထိပ်ဖူးတပ် ပဲ့ထိန်းဒုံးကျည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက ပြစ်တင်ရှုတ်ချထားသော တာဝေးပစ်ဒုံးကျည်တစ်စင်းကို ဒီဇင်ဘာလက မြောက်ကိုရီးယားနိုင်ငံက အောင်မြင်စွာ ပစ်လွှတ်ခဲ့ပြီးနောက် ပို၍ တင်းကျပ်လာသည့် ဒဏ်ခတ်ပိတ်ဆို့မှုများကိုတုံ့ပြန်သည့်အနေဖြင့် ထိုသို့ စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း မြောက်ကိုရီး ယားက ပြောကြားခဲ့သည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း ပြုယန်းရှိ စစ်သမိုင်းပြတိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို ကြည့်ရှုစစ်ဆေးနေသည်ကို နိုင်ငံတော်သတင်းဌာနက ဖေဖော်ဝါရီ လ ၂၂ ရက်နေ့တွင်ပြသခဲ့သည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ဧဝရက်တောင်ထိပ်ကို တစ်ပတ်အတွင်း နှစ်ကြိမ်တက်နိုင်ခဲ့သူ

ခတ္တမန္နူ (နီပေါ)– ဧဝရက်တောင်ထိပ်ကို တောင်တက်ရာသီ တစ်ရာသီအတွင်း နှစ်ကြိမ်တက်နိုင်သူ ပထမဆုံး အမျိုးသမီးအဖြစ် နီပေါအမျိုးသမီး တစ်ယောက်ကို အသိအမှတ်ပြုမှတ်တမ်းတင်လိုက်ကြောင်း ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဂင်းနစ် ကမ္ဘာ့စံချိန်တင်မှတ်တမ်းက ကြေညာသည်။

အသက် ၂၉ နှစ်ရှိ နီပေါအမျိုးသမီး ချူရင်ရှားပါးသည် လွန်ခဲ့သောနှစ် မေလ ၁၂ ရက်တွင် ၈,၈၄၈ မီတာ (၂၉,၀၂၈ ပေ) အမြင့်ရှိသော ဧဝရက်တောင်ထိပ်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် အခြေစိုက်စခန်းတွင် တစ်ပတ်သာအနားယူပြီး တောင်ထိပ်သို့နောက်တစ်ဖန် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြန်သည်။

"ဒီလို အသိအမှတ်ပြုခံရတာ ကျွန်မ သိပ်ဝမ်းသာပါတယ်။ ဒီလိုမှတ်တမ်းကို နီပေါအမျိုးသမီးပဲ ရသင့်တယ်လို့ ကျွန်မဆုံးဖြတ်ထားတာ။ ကျွန်မ ခုလို မှတ်တမ်းတင်ခံရတာ ဂုဏ်ယူတယ်" ဟု နီပေါနိုင်ငံ၏ အရှေ့ဘက် တောင်ကုန်းများပေါ်မှနေ၍ ရှားပါးကပြောပြသည်။

နီပေါ အခြားအမျိုးသမီးတစ်ဦးဖြစ်သော ပါဆန်လာမူးသည် ၁၉၉၃ ခုနှစ်က ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ပေါ်သို့ ပထမဆုံးရောက်ခဲ့သော နီပေါအမျိုးသမီး ဖြစ်လာခဲ့သော်လည်း တောင်ပေါ်မှပြန်အဆင်းတွင် ကံမကောင်းအကြောင်းမလှစွာသေဆုံးသွားခဲ့သည်။

ပါဆန်လာမူး၏နောက်တွင် တောင်ထိပ်ကိုရောက်ရှိခဲ့သော နီပေါအမျိုးသမီး ၂၁ယောက်ရှိခဲ့သော်လည်း တောင်တက်တစ်ရာသီအတွင်း နှစ်ကြိမ် အောင်မြင်စွာတက်နိုင်ခဲ့သော အမျိုးသမီးမှာ ကမ္ဘာပေါ်တွင် ချူရင်ရှားပါးမှတစ်ပါး အခြားတောင်တက် အမျိုးသမီး မရှိသေးချေ။

၁၉၅၃ ခုနှစ်တွင် အက်ဒ်မန်ဟီလာရီနှင့် တန်ဇင်းနော်ဂေးတို့ ဧဝရက်တောင်ထိပ်ကို ပထမဆုံးအောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီးနောက် ပို၍ ယနေ့ထိ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ ကမ္ဘာတစ်လွှားမှ တောင်တက်သမား ၃,၀၀၀ ခန့်တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ဧဝရက်တောင်ထိပ်တက်ရန် အကောင်းဆုံး အချိန်မှာ ဧပြီလနောက်ပိုင်း နွေဦးရာသီနှင့် နွေရာသီမရောက်မီ ကြားကာလကလေးဖြစ်သည်ဟု သိရှိရသည်။ **(အေအက်ဖ်ပီ)**

ကိုကို ဘာသာပြန်သည်။ ■



တောင်ကိုရီးယား အမျိုးသမီးသမ္မတ ကျမ်းသစ္စာကျိန်ဆို

အာဏာရှင်ဟောင်းတစ်ဦးသမီးဖြစ်ပြီး အသက် ၆၁ နှစ် အရွယ် ပတ်ကွမ်ဟေးသည် စီးပွားရေးနေးကွေးလာမှုနှင့် လူမှုဖူလုံရေးစရိတ်စက ကြီးမြင့်လာမှုများအပါ အဝင် စိန်ခေါ်မှုများကို ရင်ဆိုင်ရဖွယ်ရှိ

ဆိုးလ်– ပတ်ဂွမ်ဟေးသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့အပြီး မြောက်ကိုရီးယားနိုင်ငံ၏ ရန်စမှုများကိုလုံးဝသည်းခံလိမ့်မည်မဟုတ်ကြောင်း ကတိပြုပြောဆိုခဲ့ကာ မြောက်ကိုရီးယားနိုင်ငံကိုလည်း ယင်းတို့၏နျူကလီးယားရည်မှန်းချက်များကို ချက်ချင်းစွန့်လွှတ်သွားရန် တောင်းဆိုလိုက်သည်။

အာရှတိုက်၏ စတုတ္ထစီးပွားရေးအင်အားအကြီးဆုံး နိုင်ငံခြေငါးဆောင်တစ်ဦးအနေနှင့် စစ်အာဏာရှင်ဟောင်းတစ်ဦး၏သမီးဖြစ်သူ အသက် ၆၁ နှစ်အရွယ်ပတ်သည် စီးပွားရေးနေးကွေးလာမှုနှင့် ကမ္ဘာပေါ်ရှိ အိုမင်းသူအရေအတွက် အလျင်အမြန်များပြားလာနေသော နိုင်ငံတစ်နိုင်ငံအတွက် လူမှုဖူလုံရေးစရိတ်စကကြီးမြင့်လာမှုများ အပါအဝင် စိန်ခေါ်မှုများကို ရင်ဆိုင်ရမည်ဖြစ်သည်။

ဆိုးလ်မြို့ရှိ အမျိုးသားလွှတ်တော်အဆောက်အအုံရှေ့မှ ပရိသတ် ပေါင်း ၇၀,၀၀၀ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုရာတွင် ၎င်းက မြောက်ကိုရီးယားနိုင်ငံအား ၎င်း၏ နျူကလီးယားလက်နက်ထုတ်လုပ်ရေး အကြံကြီးမှုကို ဖင့်နွှဲခြင်းမရှိဘဲ စွန့်လွှတ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းတွင်းသို့ ပြန်လည်ဝင်ရောက်ရန် တောင်းဆိုလိုက်သည်။

မြောက်ပိုင်းနိုင်ငံသည် ၎င်း၏ တတိယ နျူကလီးယားစမ်းသပ်မှုကို ယခုလအစောပိုင်းတွင် လုပ်ဆောင်ခဲ့ရာ ယင်းလုပ်ရပ်အား ကမ္ဘာတစ်ဝန်းက ပြစ်တင်ရှုတ်ချမှုပြုခဲ့ကြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိုမိုပြင်းထန်သော စီးပွားရေးပိတ်ဆို့ အရေးယူမှုပြုလုပ်မည်ဟု သတိပေးပြောကြားလိုက်သည်။

"မြောက်ကိုရီးယားနိုင်ငံရဲ့ မကြာမီက ပြုလုပ်ခဲ့တဲ့ နျူကလီးယားလက်နက်စမ်းသပ်မှုဟာ ကိုရီးယားပြည်သူတွေရဲ့ အသက်ရှင်ကျန်ရစ်မှုနဲ့ အနာဂတ် အရေးအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒါ့ပြင် ဒီဖောက်ခွဲစမ်းသပ်မှုရဲ့ သားကောင်ဟာ မြောက်ကိုရီးယားနိုင်ငံသားတွေဖြစ်တယ်ဆိုတာ မလွဲမသွေတဲ့ အချက်ဖြစ်ပါတယ်။

"ကျွန်မဘက်ကတော့ ကျွန်မတို့ နိုင်ငံသားတွေရဲ့အသက်နဲ့ ကျွန်မတို့ နိုင်ငံရဲ့ လုံခြုံမှုကိုခြိမ်းခြောက်တဲ့ အပြုအမူဟာ သမျှကို သည်းခံမှာမဟုတ်ပါဘူး"ဟုလည်း ၎င်းက ပြောကြားလိုက်ပြီး မြောက်ကိုရီးယားနှင့် ယုံကြည်မှုတည်ဆောက်ရေးပေါ်လစီကို ဆက်လက် လုပ်ဆောင်သွားမည်ဟုလည်း ပြောကြားလိုက်သည်။

> **ကျွန်မတို့ နိုင်ငံသားတွေရဲ့အသက်နဲ့ နိုင်ငံရဲ့ လုံခြုံမှုကို ခြိမ်းခြောက်တဲ့ အပြုအမူမှန်သမျှကို သည်းခံမှာမဟုတ်ပါဘူး...**

စောင့်ကြည့်လေ့လာသူများကမူ ၎င်း၏ရွေးချယ် လုပ်ဆောင်နိုင်မှုများကို မြောက်ကိုရီးယား၏ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နျူကလီးယားစမ်းသပ်မှုအပေါ် နိုင်ငံတကာ ကန့်ကွက်ပြောဆိုမှုများက ကန့်သတ်မှုပြုထားမည်ဖြစ်ပြီး ယင်းစမ်းသပ်မှုသည် ၎င်း၏ အာဏာရကွန်ဆာဇေးတစ်ပါတီတွင်းမှာ မျက်နှာချင်းဆိုင်၍ အပြန်အလှန် ဈေးဆစ်ပြောကြားမှုများအား ဆန့်ကျင်သည့် သဘောထားတင်းမာသော သူများကို ပိုမိုအတင့်ရဲလာစေဖွယ် ရှိကြောင်းလည်း ပြောကြားလိုက်သည်။

ရာသီဥတု ချမ်းအေး၍ မိုးသားများအုံ့ဆိုင်းနေသည့် တနလ်ာနေ့တွင် ပြုလုပ်သော နှစ်နာရီကြာ သမ္မတအား ပထမဆုံးအကြိမ် တင်မြောက်ပွဲအခမ်းအနားတွင် အမြောက် ၂၁ ချက် ပစ်ဖောက်အလေးပြုမှုလည်း ပါဝင်သည်။ သမ္မတ ပတ် ရောက်မလာမီ လူထုပရိသတ်အား နွေးထွေးစေရန် ပြုလုပ်သည့် ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအဖြစ် တစ်ကမ္ဘာလုံးတွင် 'ပေါ့ဟစ်'အဖြစ် နာမည်ကြီးလျက်ရှိသော ဂန်းနမ်းစတိုင်(Gannam Style) တေးသီချင်းကို ကိုရီးယားရက်ပါ PSY က ဦးဆောင်သီဆိုခဲ့သည်။

အမျိုးသမီးသမ္မတ ပတ်သည် ၎င်း၏ ဖခင်ဖြစ်သူ တောင်ကိုရီးယားနိုင်ငံ၏ ကွယ်လွန်သူ အာဏာရှင်နှင့် ကွန်မြူနစ်ဝါဒကို အလွန်မုန်းတီးသူ ကွန်မြူနစ်ဆန့်ကျင်ရေးသမား ပတ်ချွန်ဟီး စစ်အုပ်စုဖြင့် အာဏာသိမ်းဆည်းခဲ့ပြီးနောက် နှစ်ပေါင်း ၅၀ ကျော် အကြာတွင် ရွေးချယ်တင်မြောက်ခံခဲ့ရခြင်းဖြစ်သည်။ **(အေအက်ဖ်ပီ)**

၎င်အောင် ဘာသာပြန်သည်။ ■



တောင်ကိုရီးယားသမ္မတသစ် ပတ်ဂွမ်ဟေးကိုဆိုးလ်မြို့၌ နိုင်ငံတော်သို့ မိန့်ခွန်းမပြောကြားမီ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အလှကုန်ပစ္စည်းဆိုင်ရာ အများသိစေရန် ကြေညာချက်

အောက်ပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် အလှကုန်ပစ္စည်းအမျိုးမျိုးအား တီထွင်ဖန်တီးထုတ်လုပ်သူမှာ ပြင်သစ်နိုင်ငံမှဖြစ်ပြီး မည်သည့် မြန်မာနိုင်ငံသားပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံကုမ္ပဏီ လိမိတက်မျှ မဟုတ်ပါ။

YVES ROCHER
FRANCE

နှင်းသစ္စာကုမ္ပဏီလီမိတက်၊ (အမှတ် - ၂၂၊ ပုလဲရှော့ပင်းစင်တာ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့)အနေဖြင့် ပြည်ပအခွင့်ရှိသူနှင့် ဆက်သွယ်သဘောတူညီချက်ရယူ၍ ယင်းကုန်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်သော အလှကုန်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံတွင်းသို့ ၂၀၀၃ ခုနှစ်မှစတင်၍ ယနေ့တိုင်စဉ်ဆက်မပြတ် တင်သွင်းဖြန့်ဖြူးရောင်းချနေခဲ့ပါသည်။

နှင်းသစ္စာကုမ္ပဏီလီမိတက်အနေဖြင့် ယင်းအလှကုန်ပစ္စည်းအမျိုးမျိုးဆိုင်ရာ ကြော်ငြာများအား မြန်မာနိုင်ငံစာနယ်ဇင်းများတွင် အကြိမ်ကြိမ်ကြော်ငြာခြင်း၊ ယင်းအလှကုန်ပစ္စည်း အရောင်းမြှင့်တင်ပွဲများအား အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အရောင်းဆိုင်များဖွင့်လှစ်လျက် လက်လီလက်ကားရောင်းချဖြန့်ချိခြင်း၊ ယင်းအလှကုန်ပစ္စည်းများ အသုံးပြု၍ ကျန်းမာရေးနှင့် အလှအပဆိုင်ရာဝန်ဆောင်မှုများပေးခြင်း စသည်တို့ကို ၂၀၀၃ ခုနှစ်မှစတင်၍ ယနေ့တိုင်စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထိုသို့ နှင်းသစ္စာကုမ္ပဏီလီမိတက်၏ ကောင်းရောင်းကောင်းဝယ် ပြုနေခြင်းအပေါ် ယခုအခါ စီးပွားရေးမသမာသူများက အဆိုပါကုန်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်သော အလှကုန်ပစ္စည်းများကို ပြည်ပမှ ယှဉ်ပြိုင်တင်သွင်းဖြန့်ဖြူခြင်း (Parallel Import) ပြုရန် ကြိုးပမ်းအားထုတ်လာသည်ကို တွေ့မြင်သိရှိလာရပါသည်။

သို့ပါ၍ နှင်းသစ္စာကုမ္ပဏီလီမိတက်၏ တရားဥပဒေပါအခွင့်အရေးများအား ကာကွယ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ထိပါးသူ မည်သူကိုမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

နှင်းသစ္စာကုမ္ပဏီလီမိတက်၏ ညွှန်ကြားချက်အရ

ဦးခင်မောင်မြင့် B.A.(Law), LL.B., DL Graduate (WIPO-Switzerland), Advocate
ဒေါ်မြင့်သီရိ LL.B, B.Sc. Eng. (ICT), H.G.P
ဒေါ်ဟေမာန်အောင် LL.B, H.G.P

MAC Tower, အမှတ်-၅၆၁ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel : ၉၅-၁-၃၈၄၃၈၂/၇၀၆၈၄၆၊ HP : ၉၅-၉-၅၁၂၀၄၄၈
E-mail : kmm-lawyer@myanmar.com.mm

အင်ဒိုနီးရှား အာဏာရပါတီဥက္ကဋ္ဌ လာဘ်စားသည်ဟု ဖော်ထုတ်ခံရ

ဂျကာတာ– အင်ဒိုနီးရှားအစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (KPK) သည် ဒေါ်လာသန်းပေါင်းများစွာ လာဘ်စားမှုတစ်ခုနှင့်ပတ်သက်၍ သက်မကင်းသူအဖြစ် အာဏာရပါတီဥက္ကဋ္ဌအား ဖေဖော်ဝါရီလ ၂၂ ရက်က နာမည်ဖော်ထုတ်ကြေညာလိုက်ရာ ယင်းမှာ ၂၀၁၄ ခုနှစ်၊ ရွေးကောက်ပွဲမတိုင်မီ ကာလအတွင်း သမ္မတကြီး၏ပါတီအပေါ် ကျရောက်လာသည့် နောက်ဆုံး ထိုးနှက်ချက်ပင်ဖြစ်သည်။



ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အနုပ်စ်အာဘန်အင်ဂရမ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ကော်မရှင်၏ ကြေညာချက်တွင် သံသယအဖြစ်ခံရသည့် အာဏာရ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ အနုပ်စ်အာဘန်အင်ဂရမ်၏ အမည်ကို AU ဟူ၍သာ အတိုကောက် အက္ခရာနှစ်လုံးဖြင့်သာ ဖော်ပြထားကြောင်း ကော်မရှင်ပြောခွင့်ရပုဂ္ဂိုလ် ဂျိဟန်ကဆိုသည်။

၂၀၁၀ ပြည့်နှစ်ကုန်ဝိုင်းတွင် ဂျကာတာမြို့အနီးတွင် ရှုဝီးယား ၁ ဒသမ ၁၇ ထရီလျံ(အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၅ သန်း) အကုန်အကျခံ၍ ဟမ်ဘလန် အားကစားရုံတည်ဆောက်ရေးစီမံချက်၌ AU က လာဘ်လာဘအဖြစ် လက်ဆောင်ပစ္စည်းများ၊ သို့မဟုတ် လက်ဆောင်ပစ္စည်းများ လက်ခံရယူသည့် ကတိကဝတ်များ ပြုခဲ့သော အထောက်အထားများ မိမိတို့၌ရရှိထားသည်ဟုလည်း ဆိုသည်။

ယင်းသတင်းဆိုးသည် အဂတိလိုက်စားမှုများ နှိမ်နင်းနေသော ကာလအတွင်း ၂၀၀၉ ခုနှစ်က ဒုတိယအကြိမ် မဲအရေအတွက် အပြတ်အသတ်ဖြင့် အနိုင်ရသမ္မတဖြစ်လာခဲ့သော လက်ရှိသမ္မတ ဆူဆီလိုဘမ်ဘန်း ယူဒိုယိုနိုအတွက် အရှက်ရဖွယ်တစ်ရပ် ဖြစ်သွားသည်။

ယခင်နှစ် ဒီဇင်ဘာလ အစောပိုင်းတွင် သမ္မတရုံး ပြောခွင့်ရပုဂ္ဂိုလ်အဖြစ်လည်း ဆောင်ရွက်လေ့ရှိသော အားကစားဝန်ကြီး အင်ဒီမာလာရန်ဂျင်မှာ ယခုကိစ္စနှင့်ငြိစွန်းနေ၍ ရာထူးမှ နုတ်ထွက်ခဲ့ရပြီးဖြစ်သည်။

၎င်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (KPK) စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ၂၀၀၃ ခုနှစ်မှ ယနေ့ထိ လာဘ်ယူမှုဖြင့် ပထမဆုံးနုတ်ထွက်သွားရသော ဝန်ကြီးဖြစ်သည်။

ဒီမိုကရက်တစ်ပါတီ၏ ဘဏ္ဍာထိန်းဟောင်း မိုဟာမက် နာဇရူဒင်သည်လည်း အားကစားဆိုင်ရာ လာဘ်ယူမှုတစ်ခုဖြင့် ယခင်နှစ် ဧပြီလက သီးခြားထောင်ဒဏ် လေးနှစ်နှင့်ဆယ်လကြာ အပြစ်ပေးခံခဲ့ရသည်။

အာဘာနင်ဂရမ် (၄၃ နှစ်) သည် အင်ဒိုနီးရှား၏ အသက်အငယ်ဆုံး ပါတီခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် အားကစားဝန်ကြီးဟောင်း အင်ဒီမာလာရန်ဂျင်ကို အနိုင်ရပြီး ပါတီဥက္ကဋ္ဌဖြစ်လာခဲ့သည်။

အင်ဒိုနီးရှားအစိုးရ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းသည် ယခင် ဆယ်စုနှစ်ကာလတွင် အောင်မြင်မှုများရှိခဲ့သော်လည်း ယခင်နှစ်အနည်းငယ်မှစ၍ ပြန်လည်ဆိုးရွားလာသည်။

ပွင့်လင်းမြင်သာမှု နိုင်ငံတကာအဖွဲ့ (TI)၏ ယခင်နှစ် ဒီဇင်ဘာလနောက်ဆုံး ထုတ်ပြန်သည့် ညွှန်းကိန်းအရ အဂတိလိုက်စားမှုအများဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် အင်ဒိုနီးရှားသည် ၁၁၈ နေရာမှ ၁၇၆ နေရာသို့ ရောက်သွားခဲ့သည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

CHIGO

2013 ANNUAL DINNER

25th-Feb-2013 TRADERS HOTEL









၂၀၁၃-၂-၂၀၁၃ ရက်နေ့ TRADERS Hotel တွင် ကျင်းပပြုလုပ်ခဲ့သော **Myanmar Classic Group Co., Ltd.** ၏ **CHIGO** ၂၀၁၃-နှစ်ပတ်လည်ညစာစားပွဲတွင် တက်ရောက် မိုးမြင့်ခဲ့ကြသော မြန်မာတစ်နိုင်ငံလုံးရှိ အရောင်းကိုယ်စားလှယ်ကြီးများအား အထူးပင် ကျေးဇူး တင်ရှိပါသည်။

Myanmar Classic Group Co., Ltd.

တရုတ်လူမျိုးတွေလည်း အိပ်မက်တွေကိုယ်စီ ရှိကြတာပါပဲ

Southern Weekly အယ်ဒီတာတွေရဲ့အမြင်က ဖွဲ့စည်းပုံအခြေခံဥပဒေကျင့်သုံးတာကို ယုံကြည်တဲ့အိပ်မက်၊ နိဘယ် ငြိမ်းချမ်းရေးဆုရှင် လျူရှောင်ပိုဟာ ထောင်ထဲသို့အပို့မခံခင် အစိုးရနဲ့ပြည်သူတွေကြား ပဋိပက္ခဖြစ်လာတဲ့အခါ အများခံယူချက်ဟာ ပြည်သူတွေဘက်ကို ဦးတည်သွားတယ်လို့ ဆိုခဲ့

ဖေဖော်ဝါရီလ ၁၀ ရက်က စခဲ့တဲ့ တရုတ်နှစ်သစ်ကူးရာသီမှာ နေရာတိုင်းမှာ ရှိကြတဲ့ တရုတ်လူမျိုးတွေဟာ သူတို့တစ်တွေရဲ့ အနာဂတ်အတွက် သူတို့ရဲ့ လိုအင်ဆန္ဒတွေပြည့်ဝစေဖို့ ဆုတောင်းကြမှာဖြစ်တယ်။

လွန်ခဲ့တဲ့လက တရုတ်နိုင်ငံရဲ့အသင့်အတင့် လွတ်လပ်မှုရှိတဲ့ Southern Weekly စာစောင်ရဲ့ရုံးခန်းထဲမှာဖြစ်ခဲ့တဲ့အငြင်းပွားမှုဟာ အဓိကစိစစ်ဖြတ်တောက်တဲ့ကိစ္စနဲ့ သက်ဆိုင်ခဲ့တယ်။ ဒီကိစ္စဟာ လမ်းပေါ်နဲ့အင်တာနက်တို့မှာ တော်တော်ကလေးပျံ့နှံ့သွားခဲ့တယ်။ အဓိကအချက်ကတော့ သတင်းစာဆရာတွေအတွက် လွတ်လပ်မှုရှိဖို့ပဲဖြစ်တယ်။ ဒါ့ထက်နက်ရှိုင်းတဲ့အဆင့်ကို ကြည့်မယ်ဆိုရင်တော့ ဒီနှစ်သစ်ရဲ့ ရှေ့ပြေးနိမိတ်ပဲဖြစ်တယ်။ ရွေးချယ်စရာ အမျိုးသားရေးအိပ်မက်တွေပဲဖြစ်တယ်။

နိုဝင်ဘာလက ကွန်မြူနစ်ပါတီခေါင်းဆောင်ရာထူးကို ရခဲ့တဲ့ ရှီကျင်ပင်းဟာ ဒီ'အိပ်မက်'နဲ့ ပတ်သက်တဲ့ဆွေးနွေး၊ အောက်မှာဖော်ပြမယ့် စကားများနဲ့ (၁၈) ကြိမ်မြောက်ပါတီကွန်ဂရက်မှာ ရာထူးလက်ခံယူတဲ့ မိန့်ခွန်းမှာထည့်သွင်းပြောကြားခဲ့တယ်။

"ကျွန်တော်တို့လူမျိုးတွေဟာ ဘဝကို ခင်တွယ်မြတ်နိုးကြတယ်။ သူတို့တစ်တွေဟာ ပိုမိုကောင်းမွန်တဲ့ပညာရေး၊ ပိုပြီး ဘဝအာမခံချက်ရှိတဲ့ အလုပ်အကိုင်တွေ၊ ကျေနပ်လောက်တဲ့ဝင်ငွေတွေ၊ ပိုပြီး စိတ်ချရတဲ့ လူမှုရေးအာမခံချက်တွေ၊ အဆင့်မြင့်ဆေးနဲ့ ကျန်းမာရေးအတွက် ဝန်ဆောင်မှုတွေ ပို၍သက်သောင့်သက်သာရှိတဲ့နေထိုင်မှု အခြေအနေတွေ၊ ပိုပြီး လှပတဲ့ပတ်ဝန်းကျင်တွေကို မျှော်လင့်တဲ့အပြင် သူတို့ကပေါက်ဖွားလာတဲ့ သားသမီးတွေဟာလည်း ကောင်းမွန်စွာကြီးထွား ကောင်းမွန်စွာနေထိုင်သွားနိုင်ရန် လည်းမျှော်လင့်ကြတယ်။ ကျွန်တော်တို့ ရုန်းကန်တာတွေရဲ့ ပန်းတိုင်တွေ၊ ဆုတောင်းတာတွေဟာ ပိုမိုကောင်းမွန်တဲ့ ဘဝကိုရရှိဖို့ပဲ ဖြစ်ပါတယ်"



ဧနှစ်ပါရီလ ၁၀ ရက်က Southern Weekly ရုံးပြင်ပတွင်သတင်းလွတ်လပ်ခွင့်ပိုမိုရရန် တောင်းဆိုနေကြသူများနှင့်ရဲများ ထိပ်တိုက်တွေ့ဆုံကြစဉ်။ အေအက်ဖ်ပီ

ရှီဟာ ရုပ်ဝတ္ထုကိစ္စတွေကို ပြောခဲ့ပေမယ့် သူ့ရဲ့'အိပ်မက်'မှာ စိတ်ပိုင်းဆိုင်ရာ ကိစ္စတွေလည်း ပါသင့်တယ်ဆိုတာကို သဘောပေါက်ပုံရတယ်။ နောက်ရက် သတ္တနှစ်ပတ်ကြာမှာ မိန့်ခွန်းပြောတဲ့ အခါမှာတော့ သူကဒီလိုပြောခဲ့တယ်။

"လူတိုင်းမှာ စံတွေ၊ လိုက်စားမှုတွေရှိကြတယ်၊ မကြာသေးမီအချိန်အတွင်း တရုတ်လူမျိုးတွေရဲ့ အကြီးမားဆုံးအိပ်မက်ကတော့ တရုတ်နိုင်ငံရဲ့ အနုပညာ၊ စာပေ တစ်ကျော့ပြန် ခေတ်စားလာဖို့ အတွက်ဖြစ်တယ်။ တရုတ်နိုင်ငံသားတိုင်းရဲ့ အနာဂတ်နဲ့ ကံကြမ္မာဟာ အစိုးရနဲ့နိုင်ငံရဲ့ အနာဂတ်နဲ့ ကံကြမ္မာထဝ်ထူထဝ်မျှဆိုသလိုဖြစ်တယ်။ အစိုးရနဲ့နိုင်ငံ ကောင်းစားနေမှသာ လူတိုင်းလည်း ကောင်းစားမှာဖြစ်တယ်"

ဒီအတိုင်းဆိုရင် ရှီရဲ့ တရုတ်အိပ်မက်ဟာ အဆင့်နှစ်ဆင့်ရှိတယ်လို့ဆိုရမယ်။ နေ့စဉ်ဘဝရုပ်ဝတ္ထုအဆင့်နဲ့ အစိုးရနဲ့ နိုင်ငံအဆင့်မှာ စိတ်ပိုင်းဆိုင်ရာ ရည်မှန်းချက်ဖြစ်တယ်။

ကွမ်တုံမှာအခြေစိုက်တဲ့ Southern Weekly က အယ်ဒီတာတွေရဲ့အမြင်ကတော့ အိပ်မက်ရဲ့ဗဟိုအချက်အချာမှာ အရေးပါလှတဲ့ကွာဟချက်ကို တွေ့တယ်။ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာမပါဘူး ဖြစ်နေတယ်။ ဒီတော့ သူတို့က အယ်ဒီတာ့အာဘော်ကို မူကြမ်းဒီလိုရေးခဲ့တယ်။ "တရုတ်နိုင်ငံရဲ့အိပ်မက်ကဖွဲ့စည်းပုံအခြေခံဥပဒေ ကျင့်သုံးတာကိုယုံကြည်တဲ့ အိပ်မက်" ခေါင်းစဉ်နဲ့ ရေးသားခဲ့တာကို တစ်စိတ်တစ်ပိုင်းဘယ်လိုပြောခဲ့သလဲဆိုတာကို အောက်တွင်ဖတ်ရှုနိုင်ပါတယ်။

"ကျွန်တော်တို့ရဲ့ ကနေ့အိပ်မက်ဟာ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ အဆုံးသတ်သွားဖို့ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ဟာ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုကိုပါရှာတယ်။ နိုင်ငံရဲ့ အင်အားနဲ့လည်းအဆုံးမသတ်နိုင်ဘူး။ လူတိုင်းအတွက် ကိုယ့်သိက္ခာကိုယ် လေးစားမှု ပါဝင်ရမယ်၊ အဆင့်မြင့် အရာရှိပဲဖြစ်ဖြစ် လမ်းပေါ်က ဈေးရောင်းတဲ့သူပဲဖြစ်ဖြစ်၊ ဂုဏ်သိက္ခာနဲ့နေနိုင်တဲ့အထိ၊ ကျွန်တော်တို့ ဒီအိပ်မက်ကို ဆက်ပြီးမက်နေမယ်"

ဒီဂုဏ်သိက္ခာကို ငတ်ပြတ်နေတာဟာ ငွေကြေး (သို့) အစိုးရရဲ့အောင်မြင်မှုနဲ့ ဖြည့်ဆည်းလို့မရဘူးဆိုတဲ့ Southern Weekly စာစောင်ရဲ့ ကောက်နုတ်ချက်ကို ပြည်သူတွေအထဲမှ ပညာတတ်တွေ၊ ကျောင်းသားတွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဟန်ဟန်တို့လို နာမည်ကျော်ကြားတဲ့ ဘလော့ဂါတွေနဲ့ မရေတွက်နိုင်တဲ့ အဓိကကျတဲ့ သတင်းဝက်ဘ်ဆိုက်တွေက အယ်ဒီတာတွေ အပါအဝင် အင်တာနက်သုံးသူတွေရဲ့ ပွင့်လင်းပြတ်သားတဲ့ ထောက်ခံမှုကို ရခဲ့တယ်။ 'ဂုဏ်သိက္ခာ' ကိစ္စကို လူတွေတုံ့ပြန်တဲ့အချက်ကတော့ သူတို့တစ်တွေရဲ့ အတွေ့အကြုံတွေမှာ တွေ့ခဲ့တာပဲဖြစ်တယ်။ Southern Weekly စာစောင်ရဲ့တင်ပြမှုဟာ ပြည်သူတွေကြားကို ရောက်လာခဲ့တယ်။ ဒီပြဿနာရှိနေတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောစရာမလိုပါဘူး။

အစိုးရက အဖျက်အမှောင့်လုပ်ငန်းလုံ့ဆော်တယ်ဆိုတဲ့စွဲချက်နဲ့ နိဘယ် ငြိမ်းချမ်းရေးဆု စာဆိုတော်လျူရှောင်ပိုဟာ ထောင်ထဲသို့အပို့မခံခင် ရေးသားခဲ့တဲ့ ရသစာတမ်းတစ်ခုထဲမှာ ရှောင်ပိုက သူ့ထင်မြင်ချက်ကို ဒီလိုဖော်ပြခဲ့တယ်။ "အစိုးရနဲ့ပြည်သူတွေကြား ဘယ်အချိန်မဆို ပဋိပက္ခဖြစ်လာတဲ့အခါ အင်တာနက်မှ သဘောထားခံယူချက်ဟာ ပြည်သူတွေဘက်ကို ဦးတည်သွားတယ်"

လူတွေဟာ ပင်ကိုအလျောက် သူစိမ်းတွေဘက်က ကာကွယ်တတ်တယ်လို့ ရှောင်ပိုက မှတ်ချက်ချခဲ့တယ်။ ဘာကြောင့်လဲဆိုရင် ခံစားရတဲ့လူကို မသိပေမယ့် ပြဿနာရဲ့ သဘာဝဟာ ရင်နှီးနေပြီးသားဖြစ်တယ်။ မကြာခင် နှစ်တွေအတွင်းက ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေမှာ ပြည်သူတွေရဲ့ကန့်ကွက်မှုတွေဖြစ်လာရတဲ့ ဖုံးနေတဲ့အကြောင်းရင်းကတော့ လူတွေဟာ သူတို့ရဲ့ဂုဏ်သိက္ခာစော်ကားခံရတယ်ဆိုတဲ့ ခံစားမှုတွေကြောင့်ပဲ ဖြစ်တယ်ဆိုတာကို သိရခြင်းပဲဖြစ်တယ်။ **(ဝါရှင်တန်ပို့စ်)**

သောင်းညွှန့် ဘာသာပြန်သည်။ ■



ဆင်ပွဲတော်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ကိုလံဘိုမြို့ရှိ ပြည်သူ့ပန်းဓြံတစ်ခုတွင် သီရိလင်္ကာဆင်ဦးစီးတစ်ဦးက ၎င်း၏ဆင်ကို ရေချိုးပေးနေစဉ်။ ၁၉၇၉ ခုနှစ်မှစ၍ နှစ်စဉ် နှစ်ရက်ကြာကျင်းပသော နဝမ်ပါရာဟာရာ ယဉ်ကျေးမှုစီတန်းလှည့်လည်သည့်ပွဲတော်တွင် ဆင်ကောင်ရေ ၅၀ ခန့်သည် အိုးစည်မုံမောင်းတီးခတ်ကပြသူတို့နှင့်အတူ ပါဝင်ဆင်နွဲလေ့ရှိသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပြည်နယ်တစ်ခုအတွင်းမှ ထွက်ခွာရန် 'ကန်' အထူးတပ်ဖွဲ့များကို အမိန့်ပေး

ကဘူးလ်– အချက်အချာကျသည့် အာဖဂန်ပြည်နယ်တစ်ခုမှ အမေရိကန်အထူးတပ်ဖွဲ့ဝင်များသည် နှိပ်စက်ညှဉ်းပန်းမှုနှင့် လူသတ်မှုများ ကျူးလွန်နေကြောင်း ၎င်းတို့နှင့်အတူ ကူညီဆောင်ရွက်ပေးနေသော အာဖဂန်နိုင်ငံသားများက စွပ်စွဲပြောဆိုလာကြသောကြောင့် ယင်းပြည်နယ်အတွင်းမှ အမေရိကန် အထူးတပ်ဖွဲ့များ ထွက်ခွာပေးရန် အာဖဂန်သမ္မတ ဟာမစ် ကာဇိုင်းက အမိန့်ပေးလိုက်သည်။

လက်နက်ကိုင်တပ်ဖွဲ့များ၏ လုပ်ရပ်ကြောင့် ဒေသခံများအတွင်း မုန်းတီးမှုများကြီးမားလာသည်ဟုဆိုကာ တာလီဘန်စစ်သွေးကြွများ လှုပ်ရှားရာဒေသဖြစ်သည့် ဝါဒတ်ပြည်နယ်အတွင်းမှ အမေရိကန်အထူးတပ်ဖွဲ့များ သီတင်းနှစ်ပတ်အတွင်း ထွက်ခွာကြရန် သမ္မတက အမိန့်ထုတ်ပြန်ခြင်းဖြစ်သည်။

ယင်းအမိန့်နှင့်ပတ်သက်၍ အမေရိကန်စစ်တပ်မှ ပြောခွင့်ရပုဂ္ဂိုလ်က ဝေဖန်ပြောကြားခြင်းမရှိသော်လည်း ယင်းကိစ္စကို အာဖဂန်တာဝန်ရှိသူများအတွင်း ဦးစွာ ဆွေးနွေးကြရမည့်အပြင် စွပ်စွဲချက်များကိုလည်း အလေးအနက်ထားကိုင်တွယ်ပေးကြရမည်ဟု ဆိုသည်။

သမ္မတရုံး ထုတ်ပြန်ချက်တစ်ခုအရ အမေရိကန် အထူးတပ်ဖွဲ့များနှင့်အတူ ဆောင်ရွက်ပေးနေသော လက်နက်ကိုင်သူများသည် အပြစ်မဲ့ပြည်သူများအား ထပ်တလဲလဲ တိုက်ခိုက်မှု၊ ဒုက္ခပေးနှောင့်ယှက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်မှုများတွင် ပါဝင်နေသည်။

ဝါဒတ်ပြည်နယ်အတွင်းမှ အမေရိကန်အထူးတပ်ဖွဲ့ဝင်အားလုံး သီတင်းနှစ်ပတ်အတွင်း အပြီးအပိုင်ထွက်ခွာရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာနအား တာဝန်ပေးပြီးဖြစ်ကြောင်းနှင့် မကြာမီကပြုလုပ်သည့် စစ်ရေးလှုပ်ရှားမှုတစ်ခုတွင် ကိုးဦးပျောက်ဆုံးသွားသည့် သာဓကတစ်ခုကိုပါ ထုတ်ပြန်ချက်တွင် ရည်ညွှန်းဖော်ပြသည်။

ဖြစ်ရပ်တစ်ခုတွင် ညအချိန် ကျောင်းသားတစ်ယောက်ကို အိမ်ပြင်ပသို့ခေါ်ထုတ်သွားရာ နှစ်ရက်ကြာမှ ညှဉ်းဆဲဒဏ်ရာများအပြင် လည်မျိုလှီးသတ်ထားသော ထိုကျောင်းသား၏ အလောင်းကို တံတားတစ်ခုအောက်တွင် ပြန်တွေ့ခဲ့ရသည်ဟုလည်း ဖော်ပြထားသည်။

မိမိတို့၏ အထူးတပ်ဖွဲ့များအနေဖြင့် ယင်းကဲ့သို့သော လုပ်ရပ်များ မကျူးလွန်ကြောင်း အမေရိကန်ဘက်မှငြင်းဆိုနေသော်လည်း ဒေသခံ အာဖဂန်ပြည်သူများအတွင်း ပြင်းထန်သော အမုန်းစိတ်များ ပွားစေကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■














မာရူဟန် ဂျပန် လာဇိုကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင်

စီးပွါးရေးလုပ်ငန်းများအတွက် ဖွင့်လှစ်ခြင်း

ဒီဇင်ဘာ ၂၉ရက်နေ့ထုတ် ဂျပန်ရွာယ်ချက်များ ထားရှိသည့်အတိုင်း ပြုံးခ်ာက်ကင်းသည့် ကျန်းကျင်မှုအရည်အသွေးများ ၊ ကမ္ဘာက အသိအမှတ်ပြုထားသည့် ဂျပန်လူမျိုးတို့၏ရင်းနှီးဖော်ရွေမှုများနှင့် အဆင့်မြင့်ဝန်ဆောင်မှုများကို ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၈ ခုနှစ်မှ စတင်ခဲ့ပြီး ပြုန်ဟာနိုင်ငံ၌ ၂၀၁၂ ခုနှစ်တွင် ဌာနေရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီးနောက် မာရူဟန်ဂျပန် လာအိုကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျန်းမြို့တွင် လာဒိုနိုင်ငံသား စီးပွါးရေးလုပ်ငန်းရှင်များနှင့် လာအိုနိုင်ငံတွင် စီးပွါးရေးအခွင့်အလမ်းရှာဖွေနေသူများအတွက် ယခုဖွင့်လှစ်လိုက်ပါပြီ

MARUHAN
JAPAN BANK

MARUHAN
JAPAN BANK LAO

Lao PDR
Unit 14, 23 Singha Road, Ban Phonxay, Vientiane
+856 21 268 900
www.maruhanjapanbank.la.com

အိန္ဒိယနိုင်ငံမှ အငှားကိုယ်ဝန်ဆောင်မိခင်များ

စရိတ်စကအနည်းအကျဉ်းဖြင့် ရိုးရှင်းသည့်တရားဝင်လမ်းကြောင်းမှ မိဘအဖြစ်သို့ရယူလိုသည့် နိုင်ငံခြားသားစုံတွဲများ အများအပြားရှိလာ၍ စီးပွားဖြစ် အငှားကိုယ်ဝန်ဆောင်မှုသည် အိန္ဒိယနိုင်ငံတွင် အလွန်ကောင်းသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာ



အငှားကိုယ်ဝန်ဆောင်မိခင်တစ်ဦး ဆေးခန်းအတွင်းဝင်သွားသည်ကို ဖေဖော်ဝါရီလ ၅ ရက်ကတွေ့ရစဉ်။ အေအက်ဖ်ပီ

နယူးဒေလီ– ဩစတြေးလျနိုင်ငံတွင် ကလေးငယ်လိလီသည် ၎င်း၏ပထမမွေးနေ့ကိုကျင်းပနေစဉ်မှာပင် အလွန်ဝေးကွာသော အိန္ဒိယနိုင်ငံ၌မူ အငှားကိုယ်ဝန်ဆောင်ခဲ့သော မိခင်မှာ ကလေးကိုမမြင်ရဘဲ မွေးဖွားပေးလိုက်သည့်နေ့ကို မှတ်မိနေသည်။

အခြား အမျိုးသမီးကလူဒါန်းသော မျိုးဥကို အသုံးပြုခဲ့သည့် လိင်တူဆက်ဆံသော မိန်းမလျာစုံတွဲတစ်တွဲကိုယ်စား လွန်ခဲ့သော ဖေဖော်ဝါရီလ၌ နယူးဒေလီရှိ Surrogacy Centre India ဆေးခန်းတွင် မီးဖွားပေးသည့် အတွေ့အကြုံကို အသေးစိတ်ရှင်းပြရင်း ဆီတာသာပဆိုသော အငှားကိုယ်ဝန်ဆောင်အမျိုးသမီးက "ကျွန်မမျက်နှာလွှဲခဲ့ရပါတယ်" ဟု ဆိုသည်။

"ကျွန်မမှာ သားသမီးအရင်းတွေရှိနေမှပဲဟာ။ ဒီကလေးကို ဘာဖြစ်လို့တွေ့ချင်ရဦးမှာလဲ" ဟု အသက် ၁၆ နှစ်နှင့် အသက် ၁၈ နှစ်အရွယ် ဆယ်ကျော်သက်နှစ်ဦး၏ မိခင်ဖြစ်သူက ပြောသည်။ မိမိ၏သွေးသားရင်းချာမဟုတ်ဟူသော အတွေးမှန်ကိုရင်မှာပိုက်ထားရန်ကိုလည်း ဆေးခန်းကသင်ပြပေးထားကြောင်း ၎င်းကပြောသည်။

စရိတ်စကအနည်းအကျဉ်းဖြင့် နိုးရှင်းသည့်တရားဝင်လမ်းကြောင်းမှ မိဘအဖြစ် သို့ရယူလိုသည့် နိုင်ငံခြားသားစုံတွဲများ အများအပြားရှိလာ၍ စီးပွားဖြစ် အငှားကိုယ်ဝန်ဆောင်မှုသည် အိန္ဒိယနိုင်ငံတွင် အလွန်ကောင်းသောစီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာလျက်ရှိသည်။

နိုင်ငံကို ဆေးပညာနှင့်ဆိုင်သော ခရီးသွားများ လာရောက်ရာနေရာတစ်ခုအဖြစ် တွန်းအားပေးကြိုးပမ်းနေသော်လည်း ဆင်းရဲသည့်အိန္ဒိယအမျိုးသမီးများကို ချမ်းသာသောနိုင်ငံခြားသားများက ငွေပေး၍ကလေးမွေးစေသည့် အဖြစ်သည် အိန္ဒိယလူမျိုးအများအပြား၏စိတ်တွင် 'ကလေးထုတ်စက်ရုံများ' နှင့် စပ်လျဉ်းကာ လူကျင့်ဝတ်ဆိုင်ရာ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေရသည်။

ဤလုပ်ငန်းသည် ယခုအခါနှစ်စဉ် ဝင်ငွေ အမေရိကန်ဒေါ်လာနှစ်ဘီလျံကျော် လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံလုပ်ငန်းများအဖွဲ့အစည်းကြီးက ခန့်မှန်းထားသည်။

ဝေဖန်မှုများကို တိတ်ဆိတ်သွားစေရန်ကြိုးပမ်းသည့်အနေဖြင့် အိန္ဒိယအစိုးရသည် နိုင်ငံခြားသားမိန်းမလျာစုံတွဲများနှင့် အိမ်ထောင်မရှိသူများကို အငှားကိုယ်ဝန်ဆောင်သည့်လုပ်ရပ်များ မပြုစေရန် မကြာမီကပင် ဥပဒေများထုတ်၍ တားမြစ်ခဲ့သဖြင့် လူအခွင့်အရေးသမားများနှင့် ပဋိသန္ဓေရယူပေးသည့် ဆေးခန်းများက ယင်းဥပဒေကို လူအခွင့်အရေးခွဲခြားခြင်းဟု ပြောဆိုဝေဖန်ခဲ့ကြပြန်သည်။ သို့ရာတွင် အငှားကိုယ်ဝန်လုပ်ငန်းမှာမူ လည်ပတ်မြဲလည်ပတ်ခဲ့သည်။

"ကျွန်မကလေးတွေရဲ့ အနာဂတ်အတွက် ငွေစုချင်ပြီး ကလေးမရနိုင်တဲ့ မိဘတွေကို ကူညီချင်လို့ အငှားကိုယ်ဝန်ဆောင်ပေးတာပါ "ဟု သာပ (၃၁ နှစ်)က ပြောသည်။ ဧပြီလတွင် ဒုတိယအကြိမ် ကိုယ်ဝန်ဆောင်ပေးချင်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ကိုယ်ဝန်ဆောင်ပေးသူသည် ဒေါ်လာ ၆,၀၀၀ ကို ထိုလုပ်ငန်းစဉ်တစ်ခုလုံးအတွက် ကုန်ကျစရိတ် ဒေါ်လာ ၂၈,၀၀၀မှရရှိကြောင်းဆေးခန်းက အေအက်ဖ်ပီသို့ပြောပြသည်။

ကိုယ်ဝန်ဆောင်ချိန်အတွင်း သာပသည် ခင်ပွန်းသည်နှင့်အတူ Surrogacy Centre India ဆေးခန်းမှ ဌားပေးသော နယူးဒေလီရှိ အိမ်ခန်းတွင် အခြားကိုယ်ဝန်ဆောင်သူ ၁၀၀ ကျော်နှင့် နေသည်။

ဒါဂျီလင်မြို့ရှိ နေအိမ်တွင် ၎င်း၏ကလေးများရှိနေပြီး သူတို့၏မိခင်ကိုယ်ဝန်ဆောင်နေသည်ကို မသိရပေ။

၂၀၀၈ ခုနှစ်၌ ဖွင့်ခဲ့သော ထိုဆေးခန်းတွင် ၂၀၁၂ ခုနှစ်ထိ မွေးဖွားခဲ့သော ကလေး ၂၉၁ ဦးသည် ကနေဒါ၊ ဩစတြေးလျ၊ ဂျပန်၊ နော်ဝေနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် နေထိုင်နေကြသည်။

နယူးဒေလီနှင့် အိန္ဒိယနိုင်ငံအနှံ့ အဆိုပါဆေးခန်းပေါင်း ဒါဇင်များစွာရှိပြီး မိဒီယာများကို ဝင်ခွင့်မပြုခဲ့ပေ။

"အငှားကိုယ်ဝန်ဆောင်တာကို ဆန့်ကျင်ပြောဆိုသူတွေမှာ ကိုယ်ပိုင်ကလေးတွေရှိကြတယ်။ ကလေးသိပ်လိုချင်ကြတဲ့ မိဘတွေနဲ့ သူတို့ကိုတွေ့စေချင်တယ်။ သူတို့ရဲ့အခွင့်အရေးကို ဘယ်လိုငြင်းနိုင်မလဲ"ဟု ဆေးခန်းမှ ဒါရိုက်တာ ဒေါက်တာ ရှီဟနီဆက်ခ်ျ ဒက်ဂိုးက ပြောသည်။

ဘရာဇီးလ်လူမျိုး လူဇင်ဘတ်နေ မာဆီအာ (၄၀ နှစ်) သည် ကလေးရရန် သုံးနှစ်ကြိုးစားပြီးနောက် ခင်ပွန်းသည်နှင့်အတူ နယူးဒေလီသို့ ရောက်ရှိလာကြောင်း ဂိုးကပြောသည်။

အငှားကိုယ်ဝန်ဆောင်မည့် မိခင်များကို အာဟာရဖြစ်စေသည့် အစားအစာများစားရန် အရေးကြီးကြောင်း ဆေးခန်းက အကြံပေးစည်းရုံးခဲ့ရကြောင်းနှင့် အမျိုးသမီးအများစုက ထို အတွေ့အကြုံကို ထပ်မံပြုလုပ်လိုကြောင်း ဂိုးကပြောသည်။

ကျွန်မကလေးတွေ အတွက် ငွေစုချင်ပြီး ကလေးမရနိုင်တဲ့ မိဘတွေကို ကူညီချင်လို့ပါ ...

အိန္ဒိယနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ် ဥတ္တရာပရာဒေ့ရှ်မှ တစ်ဦးဖြစ်သော မင်တောရှားမား (၂၉ နှစ်) သည် အငှားကိုယ်ဝန် နှစ်ကြိမ်ဆောင်ခဲ့သည်။

"ငွေရပြီးတဲ့နောက်မှာ ကျွန်မရဲ့ ဘဝဟာ ပြောင်းလဲသွားတယ်"ဟု ရရှိသောငွေဖြင့် အိမ်သစ်တစ်လုံး ဝယ်ခဲ့သော ကလေးလေးယောက်မိခင်က ပြောသည်။ **(အေအက်ဖ်ပီ)**

ညွှန့်ညွန့်ဝင်း ဘာသာပြန်သည်။ ■

သတင်းတိုများ

အသံတိတ်စစ်သင်္ဘော တရုတ်ရေတပ်သို့ ရောက်ရှိ

ပဲကျင်း – နယ်မြေအငြင်းပွားမှုပြဿနာများ ဖြစ်ပေါ်နေစဉ်အတွင်း နိုင်ငံ၏ ပင်လယ်ချေငံကာကွယ်ရေးမြှင့်တင် နိုင်မည်ဟုယူဆရသည့် အသံတိတ်စစ် သင်္ဘောတစ်စင်း တရုတ်ရေတပ်သို့ ရောက်ရှိလာပြီဖြစ်သည်ဟု နိုင်ငံတော် သတင်းဌာနက ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ပြောသည်။ Type 056 အသံတိတ်စစ်သင်္ဘောဟု နိုင်ငံပိုင်ရှင်ဟွာသတင်းဌာနက ပြောကြားသည့် သင်္ဘောကို တရုတ်ရေတပ်သို့ ဖေဖော်ဝါရီလ ၂၅ ရက်နေ့လယ်ပိုင်းက ရှန်ဟိုင်းမြို့၌ အခမ်းအနားဖြင့် ပို့ဆောင်ခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။ လာမည့်လ၌ သမ္မတရာထူးမှအနားယူတော့မည့် သမ္မတ ဟူကျင်ထောင်ကလည်း တရုတ်နိုင်ငံသည် ရေတပ်အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သင့်သည်ဟု ဆိုထားသည်။ **(အေအက်ဖ်ပီ)**

စော်ဝင်း ဘာသာပြန်သည်။

ဘိလပ်မြေလောင်းခံထားရသည့် အမျိုးသမီးအလောင်း တွေ့ရှိ

ဘန်ဒါဆရီဘဂျဝမ် (ဘရူနိုင်း) – သူငယ်ချင်းဖြစ်သူ၏ ပန်းခြံထဲတွင် ဘိလပ်မြေ လောင်းခံထားရသည့် မလေးရှားအမျိုးသမီး အလောင်းတစ်လောင်း ရှာဖွေတွေ့ရှိခဲ့သည့် သတင်းအားဘရူနိုင်းရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပြီး ယင်းသတင်းသည် စူလတန်စော်ဘွားပိုင် နယ်မြေတွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် ထိတ်လန့်တုန်လှုပ်ဖွယ် သေဆုံးမှုဖြစ်သည်။အသက် ၃၉ နှစ် အရွယ် ဗွန်းစုချင်းအမည်ရှိ ၎င်းအမျိုးသမီးသည် သားဖြစ်သူအတွက် မွေးနေ့ကိတ်ဝယ်ရန် ထွက်သွားရာမှ အိမ်သို့ပြန်မလာသည့် အတွက် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ယောကျ်ားဖြစ်သူက လူပျောက်တိုင်တန်းခဲ့သူဖြစ်သည်။ ၎င်း၏ အလောင်းကို သေဆုံးပြီး ငါးရက်အကြာ၌ သူငယ်ချင်းတစ်ယောက်၏ အိမ်တွင် ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သူငယ်ချင်းဖြစ်သူမှာ တရုတ်နှစ်ကူး ရုံးပိတ်ရက် ခရီးသွားနေစဉ် ၎င်း၏ခြံကို ကြည့်ရှုရန်ပြောဆိုထားခဲ့သူဖြစ်သည်။ သံသယရှိသူတစ်ဦးကို ဖမ်းဆီးထားသည်ဆိုသော မလေးရှားသတင်းဌာန၏ ဖော်ပြချက်ကို အမှုဆောင်အရာရှိက မဟုတ်မှန်ကြောင်းပြောဆိုသည်။ **(အေအက်ဖ်ပီ)**

သဲသဲထွေး ဘာသာပြန်သည်။

စူလတန်စော်ဘွားနှင့် နောက်လိုက်များကိုကယ်ရန် ဖိလစ်ပိုင်က မလေးရှားသို့ သင်္ဘောတစ်စင်းစေလွှတ်

မနီလာ – ၎င်းတို့၏ ပိုင်နက်နယ်မြေကိုပြန်လည်သိမ်းယူရန် မလေးရှားနိုင်ငံဆာဘားပြည်နယ်သို့ ဝင်ရောက်နေထိုင်နေကြသည့် ဖိလစ်ပိုင်စူလတန်စော်ဘွား၏ နောက်လိုက်အမြောက်အများကို ကယ်ဆယ်ရန် ဖိလစ်ပိုင်နိုင်ငံက သင်္ဘောတစ်စင်းစေလွှတ်ရန် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ညက ပြင်ဆင်နေကြောင်း နိုင်ငံခြားရေးရာ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ လူသားချင်းစာနာအကူအညီပေးရေးသင်္ဘောသည် မလေးရှားအာဏာပိုင်များနှင့် ရက်သတ္တနှစ်ပတ်ကြာဖြစ်ပွားနေသည့် တင်းမာမှုတွင် ဘော်နီယိုကျွန်းရှိ လာဟတ်ဒါတူမြို့၌ ပိတ်မိနေသည့် စူလတန်စော်ဘွားဂျမာလူကီရမ်၏ နောက်လိုက် ဒါဇင်ပေါင်းများစွာကို ကယ်ဆယ်ရန် ဖိလစ်ပိုင်နိုင်ငံတောင်ဘက်စွန်းရှိတာဒီ-တာဝီကျွန်းပြည်နယ်မှ ဘော်နီယိုကျွန်းရှိ လာဟတ်ဒါတူမြို့သို့ ညသန်းခေါင်မတိုင်မီ ဦးတည်ထွက်ခွာမည်ဖြစ်သည်။

ယင်းသို့ဖြစ်နေစဉ်မှာပင် ဖိလစ်ပိုင်သမ္မတဘင်နန်နိုအကိုနိုက စူလတန်စော်ဘွား ဂျမာလူကီရမ်အား ၎င်း၏လက်နက်ကိုင် နောက်လိုက်များနှင့်အတူ မလေးရှားကျွန်းပေါ်တွင် ဆက်လက်ပေကပ်နေမှုအား အဆုံးမသတ်ပါက ဥပဒေကြောင်းအရ ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ သတိပေးလိုက်သည်။

တစ်ချိန်က အစွယ်လမွှစ်များ အုပ်ချုပ်ခဲ့သည့် ယင်းဒေသတွင် ဇွဲကြီးကြိုးဖြင့် ဆက်လက် အခြေချနေထိုင်နေသည့် သေနတ်သမားအယောက် ၂၀ အပါအဝင် ဖိလစ်ပိုင်နိုင်ငံသား ၄၀၀ ခန့်ကို ဖေဖော်ဝါရီလ ၁၂ ရက်ကတည်းက လုံခြုံရေးတပ်ဖွဲ့များက ဝန်းရံထားခြင်းကြောင့် ၎င်းတို့မှာ လာဟတ်ဒါတူမြို့၏ ကျဉ်းမြောင်းသည့် ပင်လယ်ကမ်းခြေနေရာတစ်ခုတွင် ပုန်းခိုနေကြရသည်။

"တောင်းဆိုထားတဲ့ အဓိကပြဿနာတွေကို ကျွန်တော်တို့ ဖြေရှင်းနေချိန်မှာ အားလုံးကို ကိုယ့်အရပ်ဒေသ၊ မိသားစုတွေဆီပြန်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ခင်ဗျားတို့ လုံခြုံရေးအတွက် ကျေးဇူးပြုပြီး ဒီအတိုင်းပဲလုပ်ကြပါ" ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အဲလ်ဘတ်ဒဲလ်ရိုစာရီယိုက ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

သင်္ဘောပေါ်တွင် ဖိလစ်ပိုင်မွတ်စလင်ခေါင်းဆောင်များ၊ လူမှုရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ လိုက်ပါမည်ဖြစ်ကြောင်းနှင့် ဝင်ရောက်နေထိုင်သည့်အုပ်စုများတွင် အမျိုးသမီးများပါဝင်နေခြင်းကို အစိုးရက အလွန်အမင်း စိုးရိမ်ပူပန်နေကြောင်း ဒဲလ်ရိုစာရီယို၏ ကြေညာချက်တွင် ပြောခဲ့သည်။

ထိုသို့သွားရောက်မည့် အကြောင်းကို ဖိလစ်ပိုင်နိုင်ငံက မနီလာမြို့ရှိ မလေးရှားသံရုံးမှတစ်ဆင့် မလေးရှားကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က အကြောင်းကြားပြီးဖြစ်သည်ဟု သိရသည်။ **(အေအက်ဖ်ပီ)**

ဝင်းသော်တာ ဘာသာပြန်သည်။ ■

ဘင်္ဂလားဒင်သေဆုံးခဲ့ရာ နေရာတွင် အပန်းဖြေစခန်းမြို့ တည်ဆောက်

ပက်ရှာဝါ – အမေရိကန် အထူးတပ်ဖွဲ့၏ လက်ချက်ဖြင့် အိုစမာဘင်လာဒင် သေဆုံးခဲ့သည့် မြို့ကလေးတွင် တိရစ္ဆာန်ဥယျာဉ်တစ်ခု၊ အပန်းဖြေရင်း အားကစားလှုပ်ရှား ဆော့ကစားနိုင်မည့် နေရာများ ပါဝင်သည့် အပန်းဖြေစခန်းကြီးတစ်ခုကို ပါကစ္စတန်အစိုးရက ဒေါ်လာသန်း ၃၀ အကုန်အကျခံ တည်ဆောက်သွားမည်ဟု သက်ဆိုင်ရာက ဖေဖော်ဝါရီလ ၄ ရက်တွင် ကြေညာသည်။

အပန်းဖြေစခန်း တည်ဆောက်မည့် နေရာမှာ ၂၀၁၁ ခုနှစ်၊ မေလ ၂ ရက်တွင် အမေရိကန်ရေတပ် အထူးတပ်ဖွဲ့ (SEALS) က အယ်လ်ကေဒါခေါင်းဆောင်အား ပစ်ခတ်ခဲ့သည့် အဘော့တဘတ်မြို့စွန် မြစ်နံဘေးရှိကော ၅၀ (ဟက်တာ ၂၀) ကျယ်ဝန်းသည့် မြေကွက်ဖြစ်သည်။

အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဖော်ဆောင်မည့် ယင်းစီမံကိန်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပိုမိုအကျိုးများစေနိုင်သော်လည်း ဘင်လာဒင် အငိုက်မိဘဝအဆုံးသတ်လိုက်ရသည့် သိကွာကျမှုကို ဆည်တင်သော မြို့ပုံရိပ်မျိုး ဖြစ်လာမည့် အခြေအနေကိုမူ မလိုလားကြောင်း ပါကစ္စတန် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ခွာ ပြည်နယ် အစိုးရကဆိုသည်။

အပန်းဖြေစခန်း တည်ဆောက်ရေးအတွက် စတင်ခွင့်ပြုငွေ ရူပီး သုံးဘီလျံ (ဒေါ်လာသန်း ၃၀)ကိုလျာထားပြီးဖြစ်ရာ ဖေဖော်ဝါရီလကုန်၊ သို့မဟုတ် မတ်လ အစောပိုင်းတွင် စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■

အီဂျစ်နိုင်ငံတွင် မီးပုံးပျံပျက်ကျ၊ ခရီးသွား ၁၉ ဦး သေဆုံး

မီးပုံးပျံတည်ဆောက်သူ ကျွမ်းကျင်ပညာရှင်က မီးပုံးပျံကို မီးခြစ်၊ သို့မဟုတ် စီးကရက်တစ်ခုခုဖြင့် မီးပွားစဉ်ပြီး အပေါက်ဖြစ်သွားခြင်းကြောင့်သာ ပေါက်ကွဲခြင်းဖြစ်နိုင်ကြောင်း၊ သေဆုံးသူခရီးသွား ၁၉ ယောက်တွင် ဟောင်ကောင်၊ ဂျပန်၊ ဗြိတိန်၊ ပြင်သစ် နှင့် ဟန်ဂေရီလူမျိုးများပါဝင်သည်



လပ်ဆာမြို့ရှိ ရှေးဟောင်းရုပ်တုကြီးများအနီးတွင် ပျံသန်းနေကြသည့် မီးပုံးပျံများကိုတွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

လပ်ဆာ (အီဂျစ်) – အီဂျစ် ရှေးဟောင်းမြို့တော် လပ်ဆာတွင် ဖေဖော်ဝါရီလ ၂၆ ရက် အရုဏ်တက်ချိန်၌ မီးပုံပျံ ပေါက်ကွဲပြီး မြေပြင်သို့ပြုတ်ကျခဲ့သောကြောင့် အာရှနှင့် ဥရောပလူမျိုးများ အပါအဝင် ခရီးသွား ဧည့်သည် ၁၉ ဦး သေဆုံးခဲ့ကြောင်း သတင်းရင်းမြစ်များ ကဆိုသည်။

အဆိုပါမီးပုံးပျံတွင် လူ ၂၁ ဦး ပါဝင်ပြီး မီးပုံးပျံအား မီးစွဲလောင်ချိန်တွင် မီတာ ၃၀၀ (ပေ ၁,၀၀၀) အမြင့်တွင် ပျံသန်းခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

မီးပုံးပျံမီးလောင်ကျွမ်း ပျက်ကျခဲ့သည့် နေရာအား ရဲတပ်ဖွဲ့နှင့် ဒေသခံများတွေ့ရှိခဲ့ရာ ၎င်းမီးပုံးပျံပျက်ကျခဲ့ရာ ကြိခင်းနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့များက ပိတ်ဆို့ကာရန်ထားခဲ့သည်။

ပေါက်ကွဲခဲ့စဉ်က မီးပုံးပျံသည် အီဂျစ်နိုင်ငံ၏နာမည်ကျော် ရှေးဟောင်းနယ်မြေဖြစ်ရာ Hatshepsut ဘုရားကျောင်းနှင့် ဘုရင်များထီးနန်းစိုက်ခဲ့ရာ အထင်ကရနေရာများတည်ရှိသော လပ်ဆာမြို့အနောက်ဘက် ကမ်းခြေတစ်လျှောက် ပျံသန်းလျက်ရှိနေခဲ့သည်။

သေဆုံးသူခရီးသွား ၁၉ ယောက်တွင် ဟောင်ကောင်၊ ဂျပန်၊ ဗြိတိန်၊ ပြင်သစ် နှင့် ဟန်ဂေရီလူမျိုးများပါဝင်သည်ဟု အီဂျစ်လုံခြုံရေး အရာရှိတစ်ဦးကဆိုပြီး ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်သစ်လူမျိုးနှစ်ဦး ပါဝင်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

"ဒီဖြစ်ရပ်မှာ ကျွန်တော်တို့ ပြင်သစ်လူမျိုးနှစ်ဦးပါတယ်လို့ သိရတယ်။ သေဆုံးသူရဲ့ မိသားစုတွေဆီကို ကျွန်တော်တို့ အကြောင်းကြားထားပါတယ်"ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖိလစ် ဝီလာလီရော့က ပြောကြားခဲ့သည်။

ဗြိတိန် ခရီးသွားကုမ္ပဏီတစ်ခုက မီးပုံးပျံပျက်ကျမှုတွင် ၎င်းတို့ကုမ္ပဏီမှ ခရီးသွားနှစ်ဦး သေဆုံးသည်ဟုဆိုပြီး ကိုးဦး သေဆုံးခဲ့သည်ဟုဟောင်ကောင်ကုမ္ပဏီတစ်ခုက ဆိုသည်။

Sky Cruise အမည်ရှိ မီးပုံးပျံပြုလုပ်သည့်ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက မီးပုံးပျံမောင်းသူနှင့် ခရီးသွားတစ်ဦးမှာ မီးပုံးပျံ မြေပေါ်သို့မကျခင် ခုန်ချခဲ့သည့် အတွက် အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း နှစ်ဦးစလုံးကို ဆေးရုံသို့ တင်ပို့ခဲ့ရသည်ဟုဆိုသည်။

မီးပုံးပျံတည်ဆောက်သူ ကျွမ်းကျင်ပညာရှင် ပြင်သစ်လူမျိုး ဖိလစ်ပ်ဘူရွန် ဝီလာထရီဒီရိုဇီရာက မီးပုံးပျံအား မီးခြစ်၊ သို့မဟုတ် စီးကရက်တစ်ခုခုဖြင့် မီးပွားစဉ်ပြီး အပေါက်ဖြစ်သွားခြင်းကြောင့်သာ ယခုကဲ့သို့ ပေါက်ကွဲခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

အခြားဖြစ်နိုင်သည့် အကြောင်းရင်းမှာ မီးပုံးပျံအား ချုပ်လုပ်ရာတွင် အားနည်းချက်များရှိခြင်းကြောင့် ဖြစ်နိုင်ပြီး မီးပုံပျံမောင်းသူ၏ ည့ဖျင်းမှုတို့ကြောင့်ဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။ အီဂျစ်နိုင်ငံတွင် ပျံသန်းသည့် မီးပုံးပျံများသည် ခရီးသည် ၂၅ ဦး တင်ဆောင်နိုင်ပြီး ယေဘုယျအားဖြင့် မီတာ ၄၀ (ပေ ၁၃၀) အမြင့်ခန့်ထိပျံသန်းကြသည်ဟု ၎င်းကဆိုသည်။

(အေအက်ဖ်ပီ)

သဲသဲထွေး ဘာသာပြန်သည်။ ■

ချပ်ဟေဂယ်ကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ရွေးချယ်

ဝါရှင်တန်– အမေရိကန် အထက်လွှတ်တော်က ချပ်ဟေဂယ်အား ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် အဆိုကို ဖေဖော်ဝါရီလ ၂၆ ရက်က ထောက်ခံလိုက်သောကြောင့် ယင်းကိစ္စအပေါ် ကြာမြင့်စွာ ဝေဖန်ကန့်ကွက်မှုများ ချုပ်ငြိမ်းသွားသည့်ပြင် သမ္မတ အိုဘားမားအတွက် မိမိ၏ ဒုတိယသက်တမ်း အစိုးရအဖွဲ့အတွင်း ဝန်ကြီးနေရာဖွဲ့စည်းမှုလုပ်ငန်းလည်း ပိုမိုပြည့်စုံသွားသည်။

ဝန်ကြီးဟောင်း လီယွန်ပန်နက်တာ၏ နေရာအတွက် ရီပတ်ဘလစ်ကင်အထက်လွှတ်တော်အမတ်ဟောင်းနှင့် ဗီယက်နမ်စစ်ပြန်တစ်ဦးဖြစ်သူ ဟေဂယ်သည် အတည်ပြုချက်ရရန် ၁၀ ရက်တာမျှ ခက်ခက်ခဲခဲ ဆွေးနွေးအပြီး အထက်လွှတ်တော်အမတ်များ၏ ၅၈-၄၁ မဲဖြင့် ထောက်ခံမှုရရှိခဲ့ခြင်းဖြစ်သည်။

ချပ်ဟေဂယ်အနေဖြင့် ပါတီနှစ်ရပ်စလုံး၏ ထောက်ခံမှုရရှိခဲ့ခြင်းကို သမ္မတအိုဘားမားက ကြိုဆိုလိုက်ပြီးနောက် နိုင်ငံအတွက် လိုအပ်နေသည့် ယခုကာကွယ်ရေးဝန်ကြီးမှာ နိုင်ငံတပ်မတော်သားများနှင့် ထိုက်တန်သူလည်းဖြစ်ကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

"ကျွန်တော်တို့ အာဖဂန်စစ်ကို အဆုံးသတ်နေချိန်မှာ ချပ်ရဲ့ဆုံးဖြတ်ချက်နဲ့ အကြံဉာဏ်တွေကိုလည်း



ကာကွယ်ရေးဝန်ကြီးသစ် ချပ်ဟေဂယ်

ကျွန်တော် အလေးအနက်ထား ရယူနေပါ့မယ်။ ကျွန်တော်တို့တပ်တွေကို ဌာနေဆီ ပြန်ခေါ်ယူပါ့မယ်။ ခေတ်ကာလရဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေစေရပါမယ်။ ကမ္ဘာ့အထက်မြက်ဆုံး တိုက်ခိုက်ရေးအင်အားစုဖြစ်အောင်လည်း ကျွန်တော်တို့စစ်တပ်ကို ဆက်လက်တည်ထောင်သွားပါ့မယ်" ဟု အိုဘားမားက ကတိပေးသည်။

ဟေဂယ်ကလည်း အထက်လွှတ်တော်က မိမိအားထောက်ခံလိုက်ခြင်းအတွက် ကျေးဇူးတင်ကြောင်းနှင့် လွှတ်တော်တွင်း အပြင်းအထန်ဝေဖန်ပြစ်တင်မှုအားလုံးကို ဘေးဖယ်ထားလိုကြောင်း ပြောကြားသည်။

"ကမ္ဘာ့ အင်အားအကောင်းဆုံးစစ်တပ်ရရှိအောင် ကျွန်တော် ဒီနိုင်ငံကြီးကို ဆက်လက်ကာကွယ်သွားပါ့မယ်" ဟုလည်းဆိုသည်။ **(အေအက်ဖ်ပီ)**

အောင်သာလင်း ဘာသာပြန်သည်။ ■

အစ္စရေးနှိပ်စက်မှုကြောင့် အကျဉ်းသားသေဆုံးဟုစွပ်စွဲ

ဂျေရုဆလင် – ပါလက်စတိုင်းတို့က အစ္စရေးတို့၏ နှိပ်စက်မှုကြောင့်ဟုဆိုသော အကျဉ်းသားတစ်ဦး သေဆုံးခဲ့ရပြီးနောက်ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အနောက်ဘက်ကမ်းခြေ၌ ကန့်ကွက်ဆန္ဒပြမှုများနှင့် မငြိမ်မသက်ဖြစ်မှုများကို နှိမ်နင်းရန် ပါလက်စတိုင်းခေါင်းဆောင်များကို အစ္စရေးတို့က တောင်းဆိုလိုက်သည်။

တစ်ချိန်တည်းမှာပင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က အကျဉ်းသား အာရာဖတ်ဂျရာဒတ်သေဆုံးခဲ့မှုကို ကန့်ကွက်ရန် ပါလက်စတိုင်းအကျဉ်းသား ၄,၀၀၀ ကျော်သည် အစ္စရေးလုံခြုံရေးတပ်များနှင့် လမ်းမများပေါ်တွင် ထိပ်တိုက်တွေ့ဆုံ၍ ပဋိပက္ခဖြစ်နေသည့်ကြားမှပင် တစ်နေ့တာ အစာငတ်ခံဆန္ဒပြခဲ့ကြသည်။

ပါလက်စတိုင်း အကျဉ်းသားရေးရာဝန်ကြီး အစ်ဆာကာရာကားက အစ္စရေး-ပါလက်စတိုင်းပူးတွဲဆောင်ရွက်သည့် သေမှုသေခင်းအလောင်းစစ်ဆေးချက် ပဏာမတွေ့ရှိချက်များကို ကိုးကား၍ အစ္စရေးတို့သည် ဂျရာဒတ်ကို သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

အစ္စရေးအကျဉ်းထောင် အာဏာပိုင်များကမူ ဂျရာဒတ်သည် နှလုံးဖောက်၍သေဆုံးသွားခဲ့ပုံရသည်ဟု ကနဦးကပြောကြားခဲ့သည်။

"ဂျရာဒတ်ရဲ့ နှလုံးဟာ ကျန်းကျန်းမာမာရှိနေတယ်လို့ စစ်ဆေးချက်မှာ အတိအလင်းဆိုနေမှတော့ ကျွန်တော်တို့ သံသယရှိခဲ့တဲ့အတိုင်းပဲ သူဟာ နှိပ်စက်ခံရလို့သေခဲ့ရတာပါ" ဟု ကာရာကားကပြောသည်။

တဲလ်အဗစ်မြို့အနီးရှိ အစ္စရေးအမျိုးသား မှုခင်းဆေးပညာဌာနခွဲ ပါလက်စတိုင်း ဆရာဝန်တစ်ဦးရှေ့မှောက်တွင် ဆောင်ရွက်သည့် အလောင်းဆေးစစ်ချက်အရ ဂျရာဒတ်၏ရင်ဘတ်တွင် ပွန်းပဲ့ဒဏ်ရာများ၊ ကြွက်သားဒဏ်ရာများနှင့် အတူပင် နံရိုးများကျိုးနေကြောင်းတွေ့ရှိခဲ့သည်ဟု ဝန်ကြီး ကာရာကားကပြောသည်။

အနောက်ဘက်ကမ်းခြေ တောင်ပိုင်း ဟီဘရွန်မြို့အနီး Sair ဒေသမှ အသက် ၃၀ အရွယ် ဂျရာဒတ်သည် ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်၏ ဖာတာလှုပ်ရှားရေး လက်နက်ကိုင်အဖွဲ့အယ်လ်အကာဆာ အာဇာနည်တပ်ဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်ဟု ပါလက်စတိုင်းတို့က ဆိုသည်။

အစ္စရေးနှင့် ပါလက်စတိုင်းနှစ်နိုင်ငံဆက်ဆံရေးသည် လပေါင်းများစွာ အစာငတ်ခံဆန္ဒပြနေသည့် အကျဉ်းသားလေးဦးနှင့်အတူ အုပ်စုဖွဲ့၍ စည်းလုံးစွာဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ခြင်းကြောင့် တင်းမာနေခဲ့ပြီးလည်း ဖြစ်သည်။ အစာငတ်ခံဆန္ဒပြသူ လေးဦးအနက် သုံးဦးကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့က ဆေးရုံတင်ခဲ့ရသည်။

(အေအက်ဖ်ပီ)

စော်ဝင်း ဘာသာပြန်သည်။ ■



ဖေဖော်ဝါရီလ ၂၆ ရက်နေ့က အနောက်ဘက်ကမ်းခြေ ဟီဘရွန်မြို့ရှိ ဒုက္ခသည်စခန်း၌ အချင်းများနေစဉ်အတွင်း အစ္စရေးလုံခြုံရေးတပ်များကို ပါလက်စတိုင်းလူငယ်များက ခဲများ၊ လေးခွများဖြင့်ပစ်နေကြစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ADVERTORIAL

Spine Architect မှ Principal Architect ဦးဇော်မိုးရွှေနှင့်တွေ့ဆုံခြင်း

ယခင်တစ်ပတ်မှအဆက်

*** ဟုတ်ကဲ့ပါ။ ဒါနဲ့ ဆက်မေးချင်တာက မြန်မာပြည်မှာ** Spine Architect **ကို ထူထောင်ဖြစ်သွားပုံနဲ့ ဒီနိုင်ငံမှာပြန် အခြေချဖြစ်သွားပုံကို ပြောပြပေးပါဦး။**

အဲဒါကတော့ မြန်မာတိုင်း(မ်)မှာလည်းအမြဲပြောနေကျပါ။ ပြန်လာရတဲ့ ရည်ရွယ်ချက်ကတော့ Architect Come Home to Beautify Country of Myanmar ပါပဲ။ စရောက်တဲ့အချိန်တုန်းက ဘာဆိုဘာမှမရှိသေးပါဘူး။ အခုအခြေအနေမှာသာ architect ကုမ္ပဏီတွေရော၊ ဆိုင်တွေရော၊ material တွေကအစ အများကြီး ပိုစုံလာတဲ့အတွက် အလုပ်လည်းလုပ်လို့ ပိုကောင်းလာတယ်၊ ရောက်စတုန်းက ရှိတာတွေနဲ့ဖြစ်အောင်လုပ်ခဲ့ရတာ၊ ပြန်လာရတဲ့ရည်ရွယ်ချက်ကလည်း ခဏခဏပြောခဲ့တဲ့အတိုင်းပါပဲ၊ ကိုယ့်နိုင်ငံမှာလည်းရှိတဲ့ပစ္စည်းနဲ့ ရှိတဲ့လူနဲ့ အခြားနိုင်ငံတွေက ပရောဂျက်တွေလိုမျိုး လုပ်နိုင်တယ်၊ အိုင်ဒီယာရှိရင်၊လုပ်တတ်ရင်၊ ဒီဇိုင်းကောင်းရင် မြန်မာနိုင်ငံမှာလည်း ဒီဇိုင်းကောင်းကောင်းနဲ့ အဆောက်အအုံတွေ ဆောက်နိုင်တယ်ဆိုတာကို ပြချင်တဲ့ဆန္ဒက အဓိကပါ။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ မြန်မာကုမ္ပဏီတစ်ခုအနေနဲ့ အခြားနိုင်ငံက လာဆောက်ထားတဲ့ဟာတွေနဲ့ပြိုင်နိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။

*** Spine Architect ကိုရော ဘယ်အချိန်က ထူထောင်လိုက်တာပါလဲ။**

၂၀၀၃ ခုနှစ်က စထူထောင်တာဆိုတော့ ဆယ်နှစ်ပြည့်ပါပြီ။

*** မြန်မာပြည်ရဲ့** architecture industry **မှာဆိုရင်** residentail **နဲ့** commercial **အဆောက်အအုံတွေမှာ ဒီဇိုင်းအယူအဆ၊** material supplier **ဘယ်ဘက်မှာပိုပြီးတော့ အားသာချက်ရှိတယ်လို့ ပြောလို့ ရပါလဲ။**

ကျွန်တော့်အမြင်မှာတော့ ဘယ်ဟာမှ အားသာတယ်လို့ ပြောလို့ မရဘူး၊ တဖြည်းဖြည်း တိုးတက်လာတာမှန်တယ်၊ နောက်တစ်ခုပြောဖို့ကျန်ခဲ့တာက skill labour။ အခုအချိန်မှာအကောင်းဆုံး contractor ကို လက်ညှိုးထိုးပြပါဆိုရင် အခုထက်ထိ ထိုးပြလို့မရသေးဘူး။ Builder အနေနဲ့ တကယ်တမ်းမှာ ကွာလတီကောင်းကောင်း၊ လက်ရာကောင်းကောင်းလုပ်နိုင်တဲ့သူကလည်း ရှားသေးတယ်။ ဥပမာ-ကြွေပြားကပ်တာ ကောင်းတဲ့လူဆိုရင် မှတ်ထားပြီး ကိုယ့်ပရောဂျက် မှာခေါ်သုံးတာမျိုးပေါ့။ ကန် ထ ရိ က် တ ာ တ စ် ခု တ ည် း ကို အားလုံးစိတ်ချလက်ချအပ် လိုက်တာမျိုး အခုထိမရသေးဘူး။ တကယ် Built လုပ်တဲ့လူတွေမှာလည်း အရေးကြီးပြီး သူတို့တွေဆီမှာ skill labour အများကြီးလိုတယ်။ သင်တန်းကျောင်းတွေ ဖွင့်သင့်တယ်၊ အခုလည်း မြန်မာပြည်မှာ စလုပ်နေပါပြီ။

ဆက်လက်ဖော်ပြပါမည်

ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်

ထားထားခင်

ဒီတစ်ပတ်မှာတော့ "Best Beautiful Home"ပြိုင်ပွဲဝင်တစ်ဦးဖြစ်တဲ့ ဗဟန်းမြို့နယ် Golden Valley (2) မှာ နေထိုင်တဲ့ မစန္ဒာနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

*** အဆင့်အတန်းမြင့်မြင့် ပြင်ဆင်ထားတဲ့ လုံးချင်းအိမ်ရဲ့ ပိုင်ရှင်တစ်ယောက်အနေနဲ့ ပြိုင်ပွဲဝင်လိုက်တဲ့အခါမှာ ကိုယ့်အိမ်က ဘယ်လို အားသာချက်မျိုးရှိမယ်ထင်ပါလဲ။**

ကိုယ့်အိမ်ကို စိတ်တိုင်းကျ လှလှပပ လေး ပြင်ဆင်ထားတယ်၊ ကိုယ်ကိုယ်တိုင် ကလည်း သပ်သပ်ရပ်ရပ်လေး နေတတ်တယ်၊ ဒီအတွက် ပြိုင်ပွဲဝင်မယ်ဆိုတော့ လည်း အထူးတလည်ပြင်ဆင်စရာ မလိုဘဲ အဆင်သင့်ဖြစ်တယ်။ ပြိုင်ပွဲရဲ့ အဆင့်အတန်းနဲ့လည်း မီမယ်လို့ ယူဆတယ်။ အဆင့်အတန်းမီတဲ့ အိမ်တစ်အိမ်ဖြစ်မယ်လို့လည်း ထင်ပါတယ်။

*** ဒီအိမ်က သုံးထပ်ဆိုတော့ အထပ်တိုင်းမှာ ဘယ်လိုထူးခြားတဲ့ပြင်ဆင်မှုတွေ ထည့်သွင်းထားပါသလဲ။**

အဓိကကတော့ ကျွန်းကြမ်းခင်းတွေ သုံးထားတယ်။ နောက်ပြီးတော့ Ceilingတွေဆိုလည်း သုံးထပ်ပေါ့။ ဒီအိမ်ဆောက်တဲ့အခါမှာ နိုင်ငံခြား catelo gue တွေ၊ နောက်ပြီးတော့ တခြားနိုင်ငံတွေသွားရင်းနဲ့ လေ့လာခဲ့တာတွေကို ကိုယ့်အမြင်၊ idea တွေကို ဆောက်တဲ့ အင်ဂျင်နီယာနဲ့ ပြန်ဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုမျိုး ကြိုတင်ပြင်ဆင်ပြီးတော့ အသေးစိတ် ကိုယ့်စိတ်တိုင်းကျ လုပ်ခဲ့တာပါ။ Ceiling မှာဆို ပိတောက်အတုံးကြီး လိုက်ဝယ်ထားတဲ့ဟာကို အသေးလေးတွေဖြစ်အောင် အသေးစိတ်ပြန်လည်ပြုလုပ်ရပါတယ်၊ အထပ်လိုက် ceiling တွေကို ဒီဇိုင်းကွဲပြားအောင် ဖွဲ့စည်းထားပါတယ်။

*** ဒါဆို မစန္ဒာရဲ့** Perfect Home **ဆိုတဲ့ အမြင်လေးကို ပြောပြပေးပါလား။**

ကိုယ်တိုင်က အိမ်သိပ်မလည်တတ်တဲ့သူဆိုတော့ အပြင်က ပြန်လာလိုက်ရင် ကိုယ့်အိမ်ထဲမှာ သန့်ရှင်းသပ်ရပ်ပြီး ကြည်ကြည်နူးနူးလေး ဖြစ်နေရတဲ့ အပိုင်းကိုပိုစိတ်ဝင်စားတယ်ဆိုတော့ အိမ်ကို တတ်နိုင်သမျှ အကောင်းဆုံးလေး သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လေးထားတယ်။ ပန်းပင်လေးတွေ စိုက်တယ်၊ ပန်းအလှထိုးတယ်၊ ဝင်လာတဲ့ လူသည်တိုင်းကလည်း အရမ်း warmly ဖြစ်တာပဲ။ အရမ်း သန့်ရှင်းသပ်ရပ်နေတာပဲ ဆိုတာကို ကျေနပ်တယ်။ ကိုယ်ကိုယ်တိုင်ကလည်း ဒီလိုနေရတာကို ပျော်မွေ့တယ်။

*** အိမ်တစ်အိမ်ရဲ့ အဆင်အပြင်ဆိုတာက ကိုယ်ရဲ့** status **ကိုဖော်ပြဖို့ အတွက်လား၊ ဒါမှမဟုတ် ဘယ်လိုမြင်ပါလဲ။**

ကိုယ်နေတဲ့အိမ်မှာ တချို့ကျတော့ ကိုယ့် status ကိုပြဖို့အတွက် အကုန်လုံးစုံအောင်ထည့်ကြတယ်ဆိုပေမယ့် ကိုယ့်အိမ်နဲ့ လိုက်ဖက်တဲ့ဟာကိုထားတာက ပို အဆင်ပြေတယ်။ ကျွန်မတို့ကျတော့ ရိုးရှင်းတာကို ပိုကြိုက်တယ်၊ ဒါပေမယ့်အဆင့်အတန်းလည်း မီရမယ်၊ ကိုယ့်အတွက် တကယ်နေ့စဉ်အသုံးဝင်တဲ့ပစ္စည်း၊ ပြီးတော့ အိမ်နဲ့လည်း လိုက်ဖက်ညီတင့်တယ်တဲ့ ပစ္စည်းမျိုးတွေကို ရွေးချယ်အလှဆင်ပါတယ်။

*** အိမ်မှာ အဖြူရောင်အသုံးများတာကို တွေ့ရပါတယ်။ အရောင်ရွေးချယ်တာနဲ့ပတ်သက်ပြီးပြောပြပေးပါဦး။**

ဟုတ်ပါတယ်။ ကိုယ်တိုင်က အဖြူရောင်ကိုကြိုက်တယ်။ ဒီအရောင်က အရာဝတ္ထုတွေကို ပိုကျယ်ဝန်းလာစေတယ်လို့လည်းခံစားရတယ်။ အဖြူရောင်ဖြစ်တဲ့အတွက် စိတ်ထဲမှာလည်း ကြည်နူးမှု fresh ဖြစ်တယ်ပေါ့။ ပြီးတော့ ဖြူစင်၊ ငြိမ်းချမ်းပြီး peaceful ဖြစ်တယ်လို့လည်း ခံယူပါတယ်။

*** ဘာများပြောလိုပါသေးလဲ။**

ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ■



စတိုင်ကျကျ အိမ်အလှပြုင်ပွဲ

ယခုပဲ ပါဝင်ယှဉ်ပြိုင်လိုက်ပါ

အလှပဆုံးသောအိမ်

အထူးဆုကြီး

GRAND PRIZE - LORENZO SOFA SET

LORENZO
LIVING STARTS HERE...

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
(၁) မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ပေါင်းရမည့် အတိုဝုံအရေအတွက် - ၄ ဝုံ
(ဧည့်ခန်း + ပင်မအိပ်ခန်း + ထမင်းစားခန်း + အိမ်တော်အိပ်ခန်းများကြည့်ရှုခွင့်ဆောက်ဝုံ)
(၃) တင်ပြရမည့်ဓာတ်ပုံအရွယ် - ၁၀" x ၁၅"

** ဝင်ရောက်ယှဉ်ပြိုင်မှုသော ပြိုင်ပွဲဝင်အားလုံးအား ကျော်ငှာ ၂၀၁၀ ခုနှစ် Castella လက်ဆောင် ဆွဲသောက်ရှားပေးမည်။ ***

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
DUNLOPILLO KING SIZE MATTRESS
OSIM UPHORIA FOOT MASSAGER

Dunlopillo
OSIM

ပြိုင်ပွဲရက်
ပေါင်းရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်

အကောင်းဆုံး INTERIOR DESIGN

အထူးဆုကြီး

PACKAGE TOUR TO BANGKOK
FOR 2 PERSONS (4 NIGHTS /5 DAYS)

ပြိုင်ပွဲဝင်များအတွက် သတ်မှတ်ချက်များ
၁။ မြန်မာနိုင်ငံသားဖြစ်ရမည်။
၂။ Interior Design သင်တန်းများ တက်ရောက်ဖြေဆိုခဲ့ကာ သက်ဆိုင်ရာလက်မှတ်ရရှိထားရမည်။
၃။ Association of Myanmar Interior Designs သို့မဟုတ် မိမိတက်ရောက်ခဲ့သော သင်တန်းကြေးမှတ်ပုံတင်ထားသော
အသင်းအဖွဲ့တစ်ခုခုတွင် အသင်းဝင်အဖြစ် ဝင်ရောက်ထားရှိရမည်။

တင်ပြရမည့် ဒီဇိုင်း
၁။ မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်ဖြစ်စေ တည်ဆောက်ပြီးစီးသော Interior Design လက်ရာတို့ကို ရွေးချယ်ရမည်။
၂။ Design အချို့အား ကြိုတင်ရေးဆွဲထားခြင်း မပြုရပါ။ (၁၀" x ၁၅" တစ်ပုံတည်းသာ)
ဥပမာ - ဂျုံနေရောင်၊ အလှဆင်ပြီးနောက် ပြီးသော်၊ စသောအတိုင်းသော်လည်းကောင်း တည်ဆောက်ပြီး Interior Design ကိုဖြစ်စေရမည်။
၃။ တင်ပြသောဒီဇိုင်း Design ၏ ပြီးပြည့်စုံမှုနှင့် ပေးသည့်အလင်္ကာ ပြိုင်ပွဲဝင်ကိုယ်တိုင်ဖြစ်သော 3D Rendering (သို့မဟုတ်) ပြီးမြောက်ပြီးသည့်ပုံ) ပြီးမှသာ ရွေးချယ်ခံစားခွင့်ရှိသော
Orthographic Plan Elevation Section များကိုလည်း ပုံတွဲတင်ပြရမည်ဖြစ်ပြီး (၁၀" x ၁၅" အတိုင်းတာဖြင့်)
၄။ အထက်ပါ ၁၀" x ၁၅" ခွံမှုံ (၂ပုံ) နှင့်အတူ Design ဖြစ်ပေါ်ထင်ရှားခဲ့ပုံ Design ယဉ်ပုံများ (Concept) ကိုလည်း A4 တစ်ရွက်စာအတိုင်းရေးသားတင်ပြရမည်။
ဓာတ်ပုံများ ၁၀" x ၁၅" အတိုင်းရရှိသည့် Design ဖိုင်တွဲသည် Design Company ဖြစ်သည့် Logo ပေးသည့်အတိုင်းသာမျှ (၄ဖွဲ့) ပေးပို့ရမည်။

ဆုကြီးများ ရယူနိုင်ပါ

ပြိုင်ပွဲစီမံ
ပေးပို့ရန်နေ့ရက်ဆုံးရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်
ဆုံးဖြတ်ပွဲကျင်းပမည့်ရက် - ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက်
Sponsor - Natlay Co.,Ltd & Casabella Home Furnishing Center
Organizer - The Myanmar Times
Supported by - Association of Myanmar Interior Design (AMID) & Natlay Design Studio (NDS)

(၇ကြိမ်မြောက်)
HONORABLE MENTIONS - 2 PRIZES
massimo
- **MASSIMO RECLINER CHAIR**
eko
Office Solution
- **OFFICE CHAIR**

"အကောင်းဆုံးသောအိမ်" ပြိုင်ပွဲအတွက် အကဲဖြတ်ဆုံးဖြတ်မည့်ပုဂ္ဂိုလ်များ
(၁) နိုင်ငံတော်
Association of Myanmar Interior Design
(၂) ဒေါ်စော်ဝတာ
(NatRay Co.,Ltd)
(၃) မဟာဇေယျစံပယ်ဝင်း
(Myanmar Consolidated Media Limited)
(၄) မဟာဘုဝနသိန်းဝင်း
(NatRay Design Studio)မှ Interior Designer

ဆက်သွယ်ရန် Interior Design အတွက် ဆက်သွယ်ရန်လိပ်စာများ
(၁) ဒေါ်စော်ဝတာ (NatRay Co.,Ltd)
(၂) မဟာဇေယျစံပယ်ဝင်း (Myanmar Consolidated Media Limited)
(၃) ဒေါ်မြင့်မြင့် (Former Principal ZK School of Design)
(၄) ဦးဝင်းမြင့် (Architect)
(၅) ဦးဇော်မိုး (Senior Interior Designer)
(၆) မဟာဘုဝနသိန်း (NatRay Design Studio)မှ Interior Designer
ဖုန်းနံပါတ်
၁။ ပြိုင်ပွဲဝင်များ ဆက်သွယ်ရန် ဖုန်းနံပါတ်များ (Interior Design များတွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ပါရှိစေရန်)
၂။ AMID အသင်းဝင် အတော်အများ ဖုန်းနံပါတ်များ ပြောင်းလဲသွားခြင်းကြောင့်
09 5090 575 | 09 5109 253 | 09 7359 3676 Email: interior.amid@gmail.com

---

အမည် ..... အမျိုးအမှတ်(နိုင်ငံသား/တိုင်းရင်းသား) ..... ဘဝင်ထောက်(ဖြူ/မည်း) ..... အသက် ..... ကျား/မ .....
အလုပ်အကိုင် ..... ဖုန်းနံပါတ် .....
အကဲဖြတ်ပေးမည့်ပုံစံ (ပုံစံနံပါတ်) ..... ဖုန်းပေးရန် ..... ဖြတ်ပုံ ..... ဖြတ်ပုံနေ့ ..... လက်မှတ် .....

Main Sponsors
MYANMAR TIMES | NatRay Design Studio | Castella
LORENZO | Dunlopillo
Co- Sponsors
NOW! | OSIM

မြင်းသားကို အမဲသားဟု လိမ်ရောင်းသည့် ကိစ္စ ကမ္ဘာ့အကြီးဆုံးကုမ္ပဏီများ အမှုပတ်နေ

မြင်းသား တန်ချိန် ၇၅၀ ကို အမဲသားဟု ပုံမှားရိုက်ထားသော အစားအစာများကို ပြန်လည်သိမ်းယူ



ပြင်သစ်နိုင်ငံတောင်ပိုင်း မောင့်ပယ်လီယာမြို့၌ ဓာတ်ခွဲပညာရှင်တစ်ဦးက စမ်းသပ်ပြန်ဖြင့် အသားစနမူနာကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြသနေစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

ပါရီ– ဥရောပ၌ ပြသနာတက်လျက်ရှိသော မြင်းသားကိုအမဲသားဟု လိမ်လည်ရောင်းချနေသည့် ကုမ္ပဏီများစာရင်းတွင် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့အကြီးဆုံး အစားအစာထုတ်လုပ်သည့် Nestale ကုမ္ပဏီနှင့် ကမ္ဘာထိပ်တန်း အမဲသားထုတ်လုပ်သူ JBS of Brazil တို့ ပါဝင်လျက်ရှိကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့ သတင်းများတွင် ဖော်ပြထားသည်။

ဥရောပအနှံ့ရှိ စူပါမားကက်ခွဲများတွင် မြင်းသားပါဝင်သည်ဟုထင်ရသော အမဲသားထုတ်ကုန် သန်းပေါင်းများစွာကို ဆိုင်ပေါ်မှ ဖယ်ရှားပစ်ရသည်ဆိုသော မကောင်းသတင်းတွင် ယခုထိပ်တန်းကုမ္ပဏီကြီးနှစ်ခု ပါဝင်လာခဲ့ခြင်းဖြစ်သည်။

၎င်းတို့ ထုတ်ကုန်များတွင် မြင်း၏ဒီအင်န်အေအချို့ကို စမ်းသပ် တွေ့ရှိရခြင်းကြောင့် Nestle ကုမ္ပဏီက အီတလီနှင့် စပိန်နိုင်ငံရှိ စူပါမားကတ်ဆိုင်များမှ ရုပ်သိမ်းခဲ့ကြောင်း Nestle ကပြောသည်။

ဂျာမန်ကုမ္ပဏီ H.J.Schypke မှ အသားနှင့်လုပ်သော ထုတ်ကုန်များ၌ မြင်းသား ဒီအင်န်အေကိုတွေ့ရှိကြောင်း Nestle က တနလ်ာနေ့နောက်ပိုင်းတွင် ထုတ်ပြန်ချက်တစ်ခု၌ဆိုသည်။

ဗြိတိန်နှင့် အိုင်ယာလန်တို့တွင် နိုင်ငံမျိုးစုံ၌အခြေစိုက်သည့် ကုမ္ပဏီကြီးက ရောင်းချသော နည်းစနစ်ကျကျ ထုတ်လုပ်သည့် အမဲသားထုတ်ကုန်များအပေါ် စမ်းသပ်ချက်အားလုံးက မြင်းသားမပါရှိကြောင်း အဂိါနေ့က ထုတ်ပြန်ကြေညာချက်တွင် Nestle က ဖော်ပြခဲ့သည်။

“တရားဝင်လက်မှတ်ရ ဖြန့်ချိသူ တွေဆီကနေ ခုတ်ထစ်ပြီးသား ကုန်ကြမ်းတွေကို ကျွန်တော်တို့ဝယ်ခဲ့တာပါ။ နောင်ဆိုရင် အသားစိမ်းတွေကို မျိုးဗီဇစစ်ဆေးပြီးမှ ဝယ်တော့မယ်” ဟု H.J.Schypke က ပြောသည်။

“တစ်ဖက်သတ် အပြစ်တင်ဖို့ စောလွန်းပါတယ်။ အသင့်စားနိုင်တဲ့ အစားအစာတွေကို စမ်းသပ်စစ်ဆေးတာ၊ သားသတ်ရုံနဲ့ အစားအစာ

တရားဝင်လက်မှတ်ရ ဖြန့်ချိသူ တွေဆီကနေ ခုတ်ထစ်ပြီးသား ကုန်ကြမ်းတွေကို ကျွန်တော်တို့ဝယ်ခဲ့တာပါ ...”

ထုတ်လုပ်တဲ့ဌာနတွေကို စစ်ဆေးတာ တွေ့ပြီလုပ်ပြီးမှ အဓိကတရားခံနဲ့ တွဲဖက်တရားခံတွေကို ဖော်ထုတ်နိုင်မှာပါ” ဟု အာဏာပိုင်များကပြောသည်။

တန်ချိန် ၇၅၀ ရှိ မြင်းသားများကို အမဲသားဟု ပုံမှားရိုက်၍ အစားအစာ အထိတ်တလန့်ဖြစ်စေသည့် ပြင်သစ်ကုမ္ပဏီ Spanghero သည် နုပ်နုပ်စဉ်းထားသော အသား၊ အသားချောင်းများနှင့် အသင့်စားနိုင်သော အစားအစာများကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပြန်လည်သိမ်းယူခဲ့သည်။

ဥရောပနိုင်ငံအနှံ့အပြား ရောင်းချခဲ့သော ၄ ဒသမ ၅ သန်းရှိ အမဲသားထုတ်ကုန်များထဲသို့ Spanghero ၏ မြင်းသားများ ရောက်ရှိသွားခဲ့ရာ Spanghero သည် အေးခဲနေသော အသားများကို သိုလှောင် ထားခွင့်မရတော့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ Spanghero ဌာနချုပ်ကို အာဏာပိုင်များက စီးနင်းဝင်ရောက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးခြင်းနှင့် နီးစပ်သော သတင်းရပ်ဝန်းတစ်ခုက အေအက်ဖ်ပီ သတင်းဌာနကို ပြောသည်။

ဗြိတိန်၊ အိုင်ယာလန်၊ ပြင်သစ်၊ ဩစတြီးယား၊ နော်ဝေ၊ နယ်သာလန်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ဘယ်လ်ဂျမ်နှင့် ဆလိုဗေးနီးယားနိုင်ငံတို့တွင်တွေ့ရသော ထုတ်ကုန်များမှ အမဲသားဟင်းပွဲများတွင် မြင်းသားပါရှိမှု ယခုအခါ အတည်ပြုခဲ့ပြီးဖြစ်သည်ဟု သိရသည်။ **(အေအက်ဖ်ပီ)**

ညွှန့်ညွှန့်ဝင်း ဘာသာပြန်သည်။ ■

ဂြိုဟ်သိမ်တစ်ခုကျခဲ့သည့် ရောမ ချိုင့်ခွက်ကြီး ဩစတြေးလျတွင်တွေ့

ဆစ်ဒ်နီ– နှစ်သန်းပေါင်း ၃၀၀ ကျော်က မြေကမ္ဘာပေါ် သို့ကျရောက်ခဲ့သည်ဟု ယူဆရသည့် ဂြိုဟ်သိမ်တစ်ခုကြောင့် ဖြစ်ပေါ်ခဲ့သော အချင်းကီလိုမီတာ ၂၀၀ (၁၂၄ မိုင်) ရှိ၊ အလွန်ကြီးမားသည့် ချိုင့်ခွက်ဒေသတစ်ခုကို ဩစတြေးလျနိုင်ငံ၏ ဝေးလံသောကုန်းတွင်းပိုင်းချိုင့်ဝှမ်းဒေသတစ်ခုတွင် သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ အဆင့်မြင့်ဧည့်သုတေသနအဖွဲ့ဝင် အင်ဒရူးဂလစ်ဆန်၏ အဆိုအရ အချင်း ၁၀ ကီလိုမီတာမှ ကီလိုမီတာ ၂၀ ထိ ရှိနိုင်သည့် ယင်းဂြိုဟ်သိမ်မှာ ယခင် သီတင်းပတ်က ရုရှားနိုင်ငံ ရူရယ်တောင်တန်းဒေသပေါ်သို့ ပေါက်ကွဲကျရောက်ခဲ့သည့် ဥက္ကာပျံနှင့်နှိုင်းယှဉ်ပါက အလွန်အမင်း ကြီးမားသည်ပြင် ထိုစဉ်ကပေါ်ပေါက်ခဲ့သည့် အကျိုးဆက်များကိုလည်း ကမ္ဘာတစ်ဝန်း ခံစားခဲ့ကြရဖွယ်ရှိသည်။

ဩစတြေးလျနိုင်ငံတောင်ပိုင်း၊ ဝါဘာတန်ချိုင့်ဝှမ်းဒေသ အရှေ့ပိုင်းရှိ ယင်းချိုင့်ခွက်ဒေသကြီးသည် တွေ့ရှိချက်အသစ်ဖြစ်ပြီး ထိမှန်ထားသည့် ချိုင့်ခွက်ပမာဏမှာ ယခုအခါ အချင်း ကီလိုမီတာ ၂၀၀ ထက်မနည်းရှိနေ၍ အလွန် အံ့ဩဖွယ်ကောင်းကြောင်း၊ ယင်းချိုင့်ခွက်သည် ကမ္ဘာပေါ်တွင် တွေ့ရှိထားသမျှ တတိယအကြီးဆုံးချိုင့်ခွက်ပင်ဖြစ်ကြောင်း ဂလစ်ဆန်က အေအက်ဖ်ပီသို့ ပြောကြားသည်။

ဂလစ်ဆန်သည် အခြားသိပ္ပံပညာရှင်တစ်ဦး၏ လမ်းညွှန်မှုဖြင့် ယင်းချိုင့်ဝှမ်းဒေသအတွင်း စတုရန်းကီလိုမီတာ ၃၀,၀၀၀ ခန့်ကို အသွင်သဘာဝပြောင်းလဲနေသော မြေသားအဖြစ် ပထမဆုံး စတင်လေ့လာတွေ့ရှိခဲ့ရာမှ ရောမချိုင့်ခွက်ကြီးကို ခြေရာကောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ သုံးကီလိုမီတာ ထုရှိသည့် နုန်းနှစ်လွှာအောက်တွင် မြုပ်နေပြီဖြစ်သော ရောမချိုင့်ခွက်ကြီးနှင့် ယင်းချိုင့်ခွက်မှလွှင့်စဉ်ခဲ့သည့် အမှုန်များနှင့် အခိုးအငွေ့များသည် ထိုစဉ်က မြေကမ္ဘာတစ်ဝန်းလုံးကို လွှမ်းခြုံထားခဲ့ကြမည်သာဖြစ်သည်။

ဖေဖော်ဝါရီလ ၁၅ ရက်က ရုရှားနိုင်ငံ ရူရယ်တောင်တန်းဒေသပေါ်သို့ ကျခဲ့သော ဥက္ကာပျံသည်လည်းကောင်း၊ ယင်းဥက္ကာပျံကျပြီး နာရီပိုင်းအကြာတွင် မြေကမ္ဘာဂြိုဟ်နှင့် အနီးကပ်ဆုံးနေရာမှ အန္တရာယ်တစ်စုံတစ်ရာ မပေးဘဲ ဖြတ်သန်းသွားသော ဂြိုဟ်သိမ်သည်လည်းကောင်း ဖြစ်ခေါင့်ဖြစ်ခဲ့ အလွန်အလွန်ရှားပါးသောဖြစ်ရပ်များပင် ဖြစ်ကြောင်း ရုရှားအမျိုးသားတက္ကသိုလ်မှ ဂြိုဟ်နက္ခတ်သိပ္ပံဌာနနှင့် ရှေးဟောင်းသုတေသနနှင့် မနုဿဗေဒကျောင်းမှ အင်ဒရူးဂလစ်ဆန်ကဆိုသည်။

(အေအက်ဖ်ပီ)

အောင်သာလင်း ဘာသာပြန်သည်။ ■

ရေဒါရှောင် F-35 တိုက်လေယာဉ်များ ပျံသန်းနိုင်တော့မည်

ဆစ်ဒ်နီ– အမေရိကန်တို့၏ နောက်မျိုးဆက်သစ် တိုက်လေယာဉ် F-35 တွင် အင်ဂျင်၌ အက်ကွဲကြောင်းဖြစ်ပေါ်သဖြင့် F-35 စမ်းသပ်ပျံသန်းမှု အားလုံးကို ရပ်ဆိုင်းထားခဲ့ရာမှ နောက် ၁၄ ရက်ခန့်အတွင်း ပျံသန်းမှုစတင်နိုင်တော့မည်ဟု ပင်တဂွန်စစ်ဌာနချုပ်မှ F-35 တိုက်လေယာဉ်စီမံကိန်း ဒါရိုက်တာက ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ကုန်ကျစရိတ်ကြီးမားသော F-35၊ သို့မဟုတ် ပူးတွဲတိုက်လေယာဉ် Joint Strike Fighter (JSF) ကို အမေရိကန် ထံမှဝယ်ယူရန် ကမ်းလှမ်းထားသော နိုင်ငံများထဲမှ အချို့မှာ လေယာဉ်ရရှိနိုင်မည့်အချိန် ကြန့်ကြာနှောင့်နှေးမှုများကြောင့် ရုပ်သိမ်းသွားကြပြီဆိုသည့် သတင်းမှာ မမှန်ကန်ကြောင်း လေယာဉ်ကိစ္စဆွေးနွေးရန် ဩစတြေးလျသို့ ခေတ္တရောက်ရှိနေသည့် ဗိုလ်ချုပ်ကြီး ခရစ္စတိုဖာဘော့ဒန်က ပြောသည်။

အမေရိကန်စစ်ဘက်အတွက် F-35 တိုက်လေယာဉ်အစင်းပေါင်း ၂,၄၄၃ စင်းနှင့် ပြည်ပမှဝယ်ယူရန်မှာကြားထားသော အခြားရှစ်နိုင်ငံအတွက် အစင်း သုံးရာ-လေးရာ ထုတ်လုပ်ရန် ပင်တဂွန်စစ်ဌာနချုပ်က ရည်ရွယ်ထားသည်။ ထိုရှစ်နိုင်ငံစီမံကိန်း၌ ဩစတြေးလျ၊ ဂျပန်နှင့် အစ္စရေးနိုင်ငံတို့သည်လည်း ရင်းနှီးမြှုပ်နှံထားကြသည်။

F-35 လေယာဉ်အင်ဂျင်ကို စစ်ဆေးစဉ် အင်ဂျင်ပန်ကာရွက်၌ အက်ကွဲကြောင်းတွေ့ရှိရသဖြင့် အင်ဂျင်ထုတ်လုပ်သော Pratt & Whitney ကုမ္ပဏီသို့ ပြန်ပို့ခဲ့သည်။ ကယ်လီဖိုးနီးယားပြည်နယ် အက်ဒွပ်လေယာဉ်စခန်းရှိ စမ်းသပ်ထုတ်လုပ်ထားသော F-35 လေယာဉ် ၅၁ စင်းစလုံးကို ပျံသန်းမှုရပ်ဆိုင်းထားခဲ့ရသည်။

ရေဒါရှောင်ကွင်းနိုင်သော F-35 မျိုးဆက်သစ် တိုက်လေယာဉ်များအပေါ် ပင်တဂွန်စစ်ဌာနချုပ်က မျှော်မှန်းချက် မြင့်မားစွာထားခဲ့ပြီး အမေရိကန် တပ်များတွင် လက်ရှိအသုံးပြုနေသော တိုက်လေယာဉ်များ၏ နေရာတွင် နောင်တစ်ချိန်၌ F-35 ဖြင့် အစားထိုးရန် ရည်မှန်းထားသည်။

ဩစတြေးလျက ၂၀၁၄ ခုနှစ်တွင် JSF နှစ်စင်းဝယ်ယူပြီး ၂၀၁၉-၂၀၂၀ တွင် နောက်ထပ် ၁၂ စင်းဝယ်ယူရန် ဖြစ်သည်။ ဩစတြေးလျသည် F-35 တိုက်လေယာဉ် ၁၀၀ ဝယ်ယူရန် မူလက လျာထားခဲ့သော်လည်း ဘတ်ဂျက်အနေအထားကြောင့် လျှော့ချရန် မနှစ်က ဆုံးဖြတ်ခဲ့သည်။ **(အေအက်ဖ်ပီ)**

ကိုကို ဘာသာပြန်သည်။ ■



သမ္မတကြီးရဲ့ ကျန်းမာရေး အခြေအနေ အမှန်အတိုင်း ပြောစေချင်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကာရာကတ်စ်မြို့ ဆန္ဒပြပွဲ တစ်ခုအတွင်း ကျောင်းသားများနှင့် ရဲများ ထိပ်တိုက်တွေ့ဆုံကြစဉ်။ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်၏ ကျန်းမာရေးနှင့်ပတ်သက်၍ အစိုးရက အမှန်အတိုင်းမပြောဟု ကျောင်းသားများက ယုံကြည်နေကြသည်။ ကင်ဆာရောဂါကြောင့် မိန့်ခွန်းမပြောနိုင်သေးသော ချာဗက်စ်သည် ကျမ်းသစ္စာ ကျိန်ဆိုရန် အဆင်သင့်ဖြစ်မည့် အချိန်ကို ကိုယ်တိုင်ဆုံးဖြတ် သွားမည်ဖြစ်ကြောင်း အစိုးရက ဆိုထားသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

အိုင်စိအာရ်စီလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်သည့် သဘောသဘာဝကို အားလုံးက နားလည်ရေးကြိုးပမ်း

ကျန်ဗာ (အိုင်စီအာရ်စီ) - လက်နက်ကိုင်ပဋိပက္ခဒဏ်ခံရသည့် များလှစွာသော လူတို့၏ဘဝရပ်တည်မှု အခြေအနေတိုးတက်လာစေရန်နှင့် သန်းပေါင်းများစွာသော လူများအား ကယ်ဆယ်ထောက်ပံ့ပေးသည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)၏ လုပ်ငန်းများစတင်သည့်အချိန်မှစ၍ ယခုတိုင်နှစ်ပေါင်း ၁၅၀ ရှိပြီဖြစ်ရာ ယင်းနှစ် ၁၅၀ ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆီးရီးယား၊ မာလီ၊ ကွန်ဂိုနှင့် အခြားနိုင်ငံများရှိ လူများသည် စစ်၏ဆင်းရဲဒုက္ခများကိုခံစားနေရသဖြင့် အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ခါတိုင်းထက်တိုး၍လုပ်ရန် သန္နိဋ္ဌာန်ချခဲ့သည်။

"ကျွန်တော်တို့ရဲ့အတိတ်ကိုပြန်လည်ဆန်းစစ်ဖို့အတွက်ရယ်၊ လက်နက်ကိုင်ပဋိပက္ခနဲ့ အခြားအကြမ်းဖက်မှု အခြေအနေတွေရဲ့ဒဏ်ခံရတဲ့လူသန်းပေါင်းများစွာအတွက်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ အထောက်အကူဖြစ်စေခဲ့တဲ့ ကျွန်တော်တို့ရဲ့အားသာချက်တွေကိုသိမြင်သဘောပေါက်လာဖို့ရယ် ကတော့ ဒီနှစ်ပတ်လည်နေ့က ကျွန်တော်တို့အတွက် အခွင့်အရေးတစ်ရပ်ပါပဲ"ဟု အိုင်စီအာရ်စီဥက္ကဋ္ဌပီတာမော်ရေးကပြောကြားခဲ့သည်။

"အခုဆိုရင် ခါတိုင်းထက်ကိုပဲ ကျွန်တော်တို့ရဲ့ မူတွေအတိုင်း တိတိကျကျ ဆက်လက်လုပ်ကိုင်ရမယ့် အပြင်အကူအညီလိုအပ်သူတွေကို ပိုပြီးကောင်းကောင်း အကူအညီပေးနိုင်ဖို့ နည်းလမ်းသစ်တွေကိုလည်း ရှာရပါမယ်။ ကျွန်တော်တို့ရဲ့ကြားနေပြီး၊ ဘက်မလိုက်ဘဲလွတ်လပ်စွာ ဆောင်ရွက်တဲ့ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေရဲ့ သဘောသဘာဝကိုအားလုံးက နားလည်အောင် ကျွန်တော်တို့နှစ်ဆတိုးကြိုးစားဆောင်ရွက်ရပါမယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အိုင်စီအာရ်စီနှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများတွေ့ကြုံနေရသော အကြီးမားဆုံးစိန်ခေါ်မှုမှာ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို လေးစားလိုက်နာမှုမရှိခြင်းပင်ဖြစ်သည်။ ထို့ဥပဒေသည်ကလေးများ၊ ဒဏ်ရာရစစ်သည်များနှင့် ဖျားနာသူများကဲ့သို့လက်နက်ကိုင် ပဋိပက္ခတွင်မပါဝင်သော သူများ၊ သို့မဟုတ်ထိန်းသိမ်းခံထားရသူများကို ဦးတည်အကြမ်းဖက်သည့် လုပ်ရပ်များကိုတားမြစ်သည်။

"အရပ်သားများကို ရန်သတ္တုရှုမပြုရန်နှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဥပဒေကို လေးစားလိုက်နာမည်ဟူသော အစိုးရများ၊


ကိုလံဘီယာအထက်လွှတ်တော်၊ အမတ်ဟောင်း ပီဒတ်ကော်ဒိုဘာ(ယာ)နှင့် အိုင်စီအာရ်စီကိုယ်စားလှယ်၊ မာရိစ်လင်မွန်နာ (လယ်) တို့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ - အေအက်ဖ်ပီ

များစာခံတွေကို လွှတ်တဲ့နေရာမှာ အဆင်ပြေ ချောမွေ့အောင်ဆောင်ရွက်ပေးတာတွေ၊ အာဖဂန်နစ္စတန်ရှိပြည်သူတွေအတွက် အန္တရယ်ကင်းတဲ့အခြေအနေမှာ ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် အကူအညီပေးတာတွေ၊ လူဦးရေသန်းတစ်ဝက်မျှရှိသော ဂိုမာတွင်ရေနှင့်လျှပ်စစ်မာတ်အားပေးပို့ရေးစနစ်ကို လည်ပတ်ဆောင်ရွက်နိုင်စေရန်အတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် နည်းပညာတို့ကို ပံ့ပိုးပေးတာတွေ၊ ဆင့်ကဲပေါက်ကွဲစေနိုင်သော လက်နက်များနှင့်ပတ်သက်သည့် လိုက်နာရန်လိုအပ်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုစာချုပ်တစ်ရပ် ထွက်ပေါ်လာအောင် ပါဝင်ဆောင်ရွက်တာတွေလို လုပ်ငန်းတွေဟာ လူများစွာရဲ့ဘဝအပေါ်မှာ တိုက်ရိုက်နဲ့ ရေရှည်ကောင်းကျိုးသက်ရောက်မှုရှိစေပါတယ်"ဟု မစ္စတာမောရေးက ပြောကြားခဲ့သည်။

"ဟင်နရီဒူးနန့်ရဲ့ စိတ်ကူးမျှော်မှန်းချက်ဖြစ်တဲ့ ကြက်ခြေနီဟာ ဆက်လက်ရှင်သန်နေရုံတင်မက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကာလတွေမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါတယ်"ဟု မစ္စတာမောရေးကပြောသည်။ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော် ကာလအတွင်း အိုင်စီအာရ်စီအနေနဲ့ ခက်ခဲတဲ့နိုင်ငံရေးအခြေအနေမျိုးတွေ၊ ရန်ပုံငွေအခက်အခဲတွေ၊ ယဉ်ကျေးမှုဆိုင်ရာအဟန့်အတားတွေ၊ မရေမတွက်နိုင်တဲ့အခြားအတားအဆီးတွေအပြင်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေနဲ့ ကာကွယ်စောင့်ရှောက်မှုတွေကို အရေးတကြီးလိုအပ်နေသူတွေထံအရောက်ပို့ပေးတဲ့အိုင်စီအာရ်စီရဲ့ ဝန်ထမ်းတွေကို တိုက်ခိုက်တာမျိုးတွေကို ကြုံတွေ့ကျော်လွှားခဲ့ရပါတယ်။ ယခင်က ဆွစ်ဇာလန်နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားခဲ့သည့် အတန်သေးငယ်သော အဖွဲ့အစည်းလေးသည် ယခုအခါ ကမ္ဘာတစ်လွှားရှိနိုင်ငံ ၉၀ ကျော်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပေါင်း ၁၀၀ ကျော်မှ အမျိုးသား၊ အမျိုးသမီး၀န်ထမ်း ၁၃, ၀၀၀ နီးပါးဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(အိုင်စီအာရ်စီ သတင်းထုတ်ပြန်ချက်) ■



THE MYANMAR TIMES

သင်ယန္တဖတ်ရမည့် အနာဂတ်သတင်းစာစောင်

www.mmtimes.com

အတွဲ ၃၁၊ အမှတ် ၆၁၀ (၁ - ၇၊ ၃၊ ၂၀၁၃)

ဒီမိုကရေစီကို ကာကွယ်ရန် မော်စီကို အိုဘားမားတိုက်တွန်း

ပြည်သူတို့ ခက်ခဲစွာရယူခဲ့ရသော ဒီမိုကရေစီကို စောင့်ရှောက်ရန် သမ္မတမော်စီတွင် တာဝန်ရှိ

ဝါရှင်တန်– ၂၀၁၁ ခုနှစ် လူထုအုံကြွမှုကြီးဖြင့် လူအသက်ပေါင်းများစွာ ရင်းနှီးခဲ့ရသော ဒီမိုကရေစီမူဝါဒများကိုကာကွယ်ပေးရန် အီဂျစ်သမ္မတ မိုဟာမက်မော်စီတွင် တာဝန်ရှိသည်ဟု သမ္မတဘာရက်အိုဘားမားက ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် သတိပေးပြောဆိုလိုက်သည်။

အီဂျစ်သမ္မတ မော်စီက မိမိသည် ဘာသာဝင်အားလုံးနှင့် အမျိုးသမီးများအပါအဝင် အီဂျစ်နိုင်ငံသားအားလုံး၏ သမ္မတဖြစ်စေရပါမည်ဟူသော တာဝန်ယူပြောဆိုမှုကို သမ္မတအိုဘားမားက ကြိုဆိုကြောင်း ခေါင်းဆောင်နှစ်ဦး တယ်လီဖုန်းဖြင့် ဆွေးနွေးပြောဆိုကြရာတွင် ထည့်သွင်းပြောကြားခဲ့သည်ဟု အိမ်ဖြူတော်မှ ထုတ်ပြန်သည်။

ကာလကြာရှည်စွာ အီဂျစ်နိုင်ငံကို စိုးမိုးထားခဲ့သော အာဏာရှင်သမ္မတ ဟော့စနီမူဘာရက်ကို ဖြုတ်ချခဲ့သည့် အာရပ်နွေဦးတော်လှန်ရေးကို ရည်ညွှန်းလျက် အီဂျစ်ပြည်သူတို့ ခက်ခက်ခဲခဲ တိုက်ခိုက်ရယူခဲ့ရသော ဒီမိုကရေစီမူဝါဒ သဘောတရားများကို ကာကွယ်စောင့်ရှောက်ပေးရန် သမ္မတ မော်စီတွင် တာဝန်ရှိကြောင်း သမ္မတ အိုဘားမားက အလေးထား ပြောဆိုခဲ့သည်။

အီဂျစ်နိုင်ငံတွင်းရှိနိုင်ငံရေးအင်အားစုအားလုံးနှင့် ညှိနှိုင်းသဘောတူညီမှုရယူပြီး နိုင်ငံရေးအပြောင်းအလဲ ကြားကာလကို အောင်မြင်အောင်လုပ်ဆောင်သွားရန် သမ္မတအိုဘားမားက အီဂျစ်သမ္မတမော်စီကို တိုက်တွန်းလိုက်သည်။

၎င်းပြင် ခေါင်းဆောင်နှစ်ဦးသည် အီဂျစ်နိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် အရေးကြီးပုံကို ဆွေးနွေးခဲ့ကြပြီး အီဂျစ်စီးပွားရေးရေရှည်တိုးတက်ရေးအတွက် အထောက်အပံ့ပေးမည်ဖြစ်ကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အီဂျစ်ပါဝင်လုပ်ဆောင်မှုကို လည်းကြိုဆိုပါကြောင်း သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။

ကျင်းပတော့မည့် ပါလီမန်ရွေးကောက်ပွဲသည် ပွင့်လင်းမြင်သာမှုရှိမည်မဟုတ်ဟုဆိုကာ အဓိကအတိုက်အခံဖြစ်သော 'အမျိုးသားကယ်တင်ရေးတပ်ဦး' (NSF) က သပိတ်မှောက်မည်ဟု ပြောထားသည်။ အမျိုးသားရေးဆွေးနွေးပွဲအဖြစ် သမ္မတမော်စီနှင့် ဆွေးနွေးရန်ကိုလည်း ငြင်းပယ်နေသည်။

ယမန်နှစ်က အီဂျစ်နိုင်ငံတွင် ပထမဆုံးကျင်းပခဲ့သည့် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲတွင် မွတ်စလင်ညီနောင်များပါတီက မဲအသာဖြင့်အနိုင်ရကာ မိုဟာမက်မော်စီ သမ္မတဖြစ်လာခဲ့သည်။ သို့ရာတွင် အီဂျစ်အစ္စလမ္မစ်လှုပ်ရှားမှု

မိမိသည် အီဂျစ်နိုင်ငံသားအားလုံး၏ သမ္မတဖြစ်စေရမည်ဟု မော်စီက တာဝန်ယူပြောဆို...

သည် အာဏာကို ချုပ်ကိုင်ထားရန် ကြိုးပမ်းနေသည်ဟု အတိုက်အခံတို့၏ စွပ်စွဲခွဲချက်များထွက်ပေါ်နေသည်။

သမ္မတ မော်စီသည် ၎င်း၏ဆုံးဖြတ်ချက်များကို တရားရုံးချုပ်က ပြန်လှန်သုံးသပ်ဆုံးဖြတ်မှု မပြုနိုင်ရန် ဥပဒေကို ပြင်ဆင်ပြီး အာဏာကို အပိုင်ကြိုးကိုင်နိုင်ရန် နိုဝင်ဘာ-ဒီဇင်ဘာလများအတွင်းက လုပ်ဆောင်လာခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြွန်ကယ်ရီသည် မတ်လ ၂ ရက်နေ့တွင် အီဂျစ်သို့ သွားရောက်လည်ပတ်ပြီး ဒီမိုကရေစီ အောင်မြင်စေရန် တိုက်တွန်းသွားမည်ဖြစ်သည်။ **(အေအက်ဖ်ပီ)**

ကိုကို ဘာသာပြန်သည်။ ■



ဖေဖော်ဝါရီလ ၂၆ ရက်နေ့က NSF ခေါင်းဆောင်များ ကိုင်ရိုမြို့၌ဆွေးနွေးနေကြစဉ် အီဂျစ်အမျိုးသားတစ်ဦးက သမ္မတမော်စီကို ဤသို့ဆန့်ကျင်အော်ဟစ်ခဲ့သည်။ လာမည့်ပါလီမန်ရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် NSF က သပိတ်မှောက်သွားမည်ဟုဆိုသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ





The Mandalay Times
Mandalay
မန္တလေး

သောကြာနေ့၊ မတ် ၁ – ဂု၊ ၂၀၁၃

သတ္တဌာန နေရာတော်သုံးခုအား ရှေးမူမပျက် ပြုပြင်မည်

ခင်ဆုဝေ



စစ်အတွင်း ပျက်စီးသွားခဲ့သည့် သုဓမ္မာဇရပ်တော်၏ ရှုပါးရှေးဟောင်းဓာတ်ပုံကို တွေ့ရစဉ်။

မန္တလေးမြို့၊ မြို့တည်နန်းတည်သတ္တဌာန ခုနစ်ဌာနတွင် ပါဝင်သော သုဓမ္မာဇရပ်တော်ကြီး၊ မဟာပဌာန်း သိမ်တော်ကြီးနှင့် ပိဋကတ်တော်ကြီး စသည့်သုံးနေရာအား ရှေးမူမပျက် ပြန်လည်တည်ဆောက်မည်ဖြစ်သည် ဟု သိရသည်။

အဆိုပါနေရာများ ပြန်လည်ပြုပြင်ရာတွင် သီတဂူဆရာတော်ကြီးမှူး၍ ရှေးမူမပျက်ပြုပြင်ရေးအတွက် တမ္မဝတီဦးဝင်းမောင်က ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ကုန်ကျစရိတ်ကို အလှူရှင်တစ်ဦးတည်းက တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတ္တဌာနခုနစ်ဌာနတွင် ပါဝင်သော နေရာများအား ရှေးမူမပျက်ပြန်လည်ပြုပြင်ရာတွင် ခန့်မှန်းခြေကျပ်သိန်းပေါင်း ၁၅,၀၀၀ ခန့်ကုန်ကျ မည်ဖြစ်ပြီး၊ တစ်နှစ်ခွဲကာလအတွင်း အပြီးပြုပြင်သွားမည်ဟု တမ္မဝတီ ဦးဝင်းမောင်ထံမှ သိရသည်။

"သမိုင်းမှာ အကြီးကျယ်ဆုံး ဆောင်ရွက်တာပါပဲ။ ဒီလုပ်ငန်းကြီးတွေက အစဉ်သဖြင့် အသေးစိတ်လုပ်ရမယ်ဆိုရင် ဆောက်လုပ်တဲ့ ကော်မတီ၊ အင်ဂျင်နီယာတွေနဲ့ စနစ်တကျဆောင်ရွက်ရလိမ့်မယ်"ဟု သီတဂူဆရာတော်က မိန့်ကြားသည်။

"ဗိသုကာပညာရှင်တွေ၊ သုတေသီတွေကလည်း သမိုင်းအထောက်အထား၊ ယဉ်ကျေးမှု အထောက်အထားတွေ၊ ဓာတ်ပုံမှတ်တမ်းတွေနဲ့အညီ စနစ်တကျ ပြုပြင် ဆောင်ရွက်မယ်လို့ သိရတဲ့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့အလွန်ပင်ဝမ်းမြောက်ရပါတယ်။ မန္တလေးယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းကာကွယ်ဖို့ဦးစားပေးချင်တဲ့အတွက် မြို့တော်စည်ပင်သာယာရေး ကော်မတီကို တာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်"ဟု သတ္တဌာန သုံးနေရာအား ပြန်လည်တည်ဆောက်ခြင်းအကြိုညှိနှိုင်း အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ပြောသည်။

တစ်ဦးတည်းအလှူရှင် မန်းမြေရာဇာကုမ္ပဏီပိုင်ရှင် ဦးကျော်ဝင်းက ၎င်းငယ်စဉ်က ဆင်းရဲနွမ်းပါးခဲ့ကြောင်း၊ သို့သော် ဘိုးဘွားမိဘများသည် ချစ်ခင် ကြင်နာခဲ့ကြကြောင်း၊ ဘိုးဘွားမိဘများ ကိုကောင်းမှုပြုလုပ်ပေးချင်သဖြင့် ထိုသို့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရှေးဘုရင်မင်းမြတ်တည်ထားဆောင်ရွက်ခဲ့သည့် သမိုင်းဝင် ဌာနများကို ပြန်လည်ဆောင်ရွက်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောသည်။

မင်းတုန်းမင်းကြီး မြို့တည်နန်းတည်ဆောက်လုပ်ခဲ့သည့် သတ္တဌာနခုနစ်ဌာနတွင် ရွှေမြို့ဝိုးတော် (နန်းမြို့ဝိုး)၊ ကျုံးတော်၊ ကုသိုလ်တော် စေတီတော်၊ အတုမရှိ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်၊ ပဌာန်းဟော ရွှေသိမ်တော်တို့ဖြစ်သည်။ ကျုံးတော်နှင့် ကုသိုလ်တော်မှလွဲ၍ ကျန်ဌာနများမှာစစ်အတွင်း ပျက်စီးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်ရွှေမြို့ဝိုးတော်နှင့် အတုမရှိ ကျောင်းတော်တို့ ပြန်လည် ပြုပြင်နိုင်ခဲ့ပြီး၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်နှင့် ပဌာန်းဟော ရွှေသိမ်တော်တို့သာ ပြုပြင်ရန်ကျန်ရှိ ခဲ့သည်။ ■

နည်းပညာမြင့် ကားများ ပြုပြင်နည်း သင်တန်းဖွင့်

လှိုင်ကျော်စိုး

နိုင်ငံခြားမှတင်သွင်းလာသော နည်းပညာအဆင့်မြင့်ကားများ ပြုပြင်နည်းသင်တန်းကို ၈၄ လမ်း၊ စာတိုက်ကွေ့ မှတ်တိုင်အနီးရှိ Global Com တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာအဆင့်မြင့် ကားပြုပြင်ရာတွင် အခက်အခဲဖြစ်နေသည့် ကားဝပ်ရှော့များနှင့် နည်းပညာတက္ကသိုလ် ကျောင်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ နည်းပညာမြင့်ကားများ ပြုပြင်နည်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းနည်းပြဆရာဖြစ်သူ ဦးညီညီနိုင်က ပြောသည်။

"သမားရိုးကျရပ်တည်လာတဲ့ ကားဝပ်ရှော့ဆရာတွေ ပြောင်းလဲနိုင်ဖို့ရယ်၊ နည်းပညာပိုင်းကို အမှီလိုက်နိုင်အောင်ရယ်၊ နည်းပညာကျောင်းသားတွေ အလုပ်ရဖို့အတွက်ပါ ဖွင့်လှစ်ရတာပါ" ဟု ၎င်းက ပြောသည်။

နည်းပညာအဆင့်မြင့် မော်တော်ကား ပြုပြင်နည်းသင်တန်းကို အင်ဂျင်ပိုင်း၊ သီအိုရီပိုင်းနှင့် လက်တွေ့ပိုင်းများကိုပါထည့်သွင်း သင်ကြားပေးမည်ဖြစ်သည်။

"OBD 2 ကနေထုတ်ထားတဲ့ Code တွေရှိတယ်။ အဲဒါတွေကို ဘာသာပြန်ပြီး သင်ပေးတယ်။ လူတိုင်းတက်ရောက်သင်ယူနိုင်ပါတယ်။ ဘာသာပြန်ထားတာတွေကိုလည်း ကားဝပ်ရှော့တွေကို ဝေပေးထားပါတယ်။ သီအိုရီအပိုင်းကတော့ လိုက်နိုင်ဖို့လိုတယ်။ စနေ၊ တနင်္ဂနွေမှာ ကားဝပ်ရှော့တွေမှာ လက်တွေ့သင်တန်းပေးပြီး ကားတွေကိုလည်း အခမဲ့စစ်ပေးပါတယ်"ဟု ဦးညီညီနိုင်က ပြောသည်။

ကားဝပ်ရှော့ဆရာများ လာရောက်သင်ယူမှုနည်းသည့် နည်းပညာအဆင့်မြင့် မော်တော်ကားပြုပြင်နည်းသင်တန်းကို အသက် ၃၀ အောက် လူငယ်များ လာရောက်သင်ယူနိုင်ကြောင်း ဦးညီညီနိုင်က ပြောသည်။

"လာတက်တော့ ကားဝပ်ရှော့ပိုင်းက နည်းတယ်။ ကားဝပ်ရှော့အသင်ကလေးတွေ၊ ဝါယာရင်းပိုင်းကလူတွေ၊ နည်းပညာလေ့လာတဲ့သူတွေ လာတက်တာများတယ်။ လေ့လာကြည့်တော့ နည်းပညာပိုင်းကို အမှီလိုက်နိုင်သူတွေက အသက် ၃၀ အောက်ပဲဖြစ်နိုင်တယ်။ အခုတော့ နည်းပညာသမားတွေနဲ့ ဝါယာရင်းသမားတွေအတွက်ပဲ သွားတော့မယ်။ ဝပ်ရှော့သမားတွေက မသေချာဘူးဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင်အမှတ်စဉ် ၂ အဖြစ် စတင်ဖွင့်လှစ်မည့် တစ်လကြာသင်တန်းအတွက် သင်တန်းကြေး ကျပ် ၅ သိန်း သတ်မှတ်ထားကြောင်း သိရသည်။ ■

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ဖြုတ်ချရန်လုပ်ဆောင်ခဲ့သော အင်နအယ်လ်ဒီပါတီဝင်များကို ဗဟိုကအရေးယူမည်ဟု ထုတ်ပြန်

ပြီးဝေကျော်နှင့် သန်းနိုင်စိုး

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်သန္တာကို ကြိုက်နှစ်သက်ခြင်းမရှိတော့သဖြင့် မဲဆန္ဒရှင်ပြည်သူများက ပြန်လည်ဖြုတ်ချရန်ကြိုးပမ်းခဲ့ရာ ထိုသို့ဆောင်ရွက်ရာ၌ ပါဝင်သောပါတီဝင်များအပေါ် အင်နအယ်လ်ဒီပါတီ ညီလာခံကျင်းပရေး ဗဟိုကော်မရှင်က အရေးယူသွားမည်ဟု ထုတ်ပြန်လိုက်သည်။

မဲဆန္ဒရှင် ၉၀,၀၀၀ ကျော်ရှိသည့် တံတားဦးမြို့နယ်၌ ပြီးခဲ့သော ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အင်နအယ်လ်ဒီပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို နှစ်သက်ခြင်းမရှိတော့သဖြင့် ယခုနှစ်ဇန်နဝါရီလ နောက်ဆုံးပတ်၌ အဆိုပါမြို့နယ် အင်နအယ်လ်ဒီရုံးတွင် လက်မှတ်ထိုးဆန္ဒကောက်ယူပွဲ ကျင်းပခဲ့သည်။

ဂုင်းနောက် မဲဆန္ဒရှင်များ၏ တစ်ရာခိုင်နှုန်းကျော်ဖြစ်သည့် လက်မှတ် ၁,၂၀၀ ကျော်ကို စုဆောင်းနိုင်ခဲ့ပြီး ဒေါ်ခင်သန္တာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုတ်သိမ်းပေးရေးအတွက် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌထံသို့ ယခုလ လေးရက်နေ့တွင် ပေးပို့ထားစဉ် ပါတီညီလာခံကျင်းပရေး ဗဟိုကော်မရှင်က အထက်ပါအတိုင်း စာထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

ယခုလ ၁၅ ရက်နေ့စွဲဖြင့် ထုတ်ပြန်ချက်အရ ဒေါ်ခင်သန္တာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်စေရန်ဆောင်ရွက်ရာ၌ပါဝင်သော ပါတီဝင်များအပေါ် ညီလာခံအဆင့်ဆင့်မှ ရွေးချယ်ခံထားရသူဖြစ်ပါက ရွေးချယ်ခံထားမှုကို အတည်မပြုရန်နှင့် ညီလာခံကော်မရှင်အဆင့်ဆင့်တွင် ပါဝင်သူဖြစ်ပါက တာဝန်မှပြန် လည်ရုပ်သိမ်းခြင်းဖြင့် အရေးယူသွားရန် ပါဝင်သည်။

"အခုကျွန်တော်ရန်ကုန်ကိုရောက်နေလို့ အင်နအယ်လ်ဒီပါတီ ညီလာခံကျင်းပရေးဗဟိုကော်မရှင်က ထုတ်တဲ့စာကို ကိုယ်တိုင်မဖတ်ရသေးပေမယ့် အကျိုးအကြောင်းတော့ သိပြီးပါပြီ။ ဖြစ်သင့်တာက ဒီလိုစာကို အများရဲ့ဆန္ဒ၊ ပြည်သူ့သဘောထားကို လေ့လာပြီးမှ ထုတ်သင့်ပါတယ်။ ဒီမိုကရေစီခေတ်မှာ ပြည်သူ့ဆန္ဒကိုလွန်ဆန်ရင် လွန်ဆန်သူရဲ့အမှားသာဖြစ်ပါလိမ့်မယ်။

ဒီလိုကိစ္စမှာ နှစ်ဖက်စလုံးအမှားဖြစ်နိုင်လို့ အခြေအနေကို ဘာမှမသိ၊ ဘာမှမဆွေးနွေးဘဲ ဘာကြောင့်တစ်ဖက်သတ် ဆုံးဖြတ်တာလဲ။ ကျွန်တော် တံတားဦးကို ပြန်ရောက်ရင် ပြည်သူ့ဆန္ဒအရပဲ ဒီကိစ္စရပ်အပေါ် ပြန်ဆုံးဖြတ်သွားမှာပါ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်ရုတ်သိမ်းရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် မန္တလေးခရိုင် ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဒေါက်တာအောင်စိုးမြင့်က ယခုလ ၂၆ ရက်တွင် ပြောသည်။

ပြီးခဲ့သော ၂၀၁၂ ဒီဇင်ဘာလ နောက်ဆုံးပတ်ကလည်း ပြည်ကြီးတံခွန်မြို့နယ်မှ အင်နအယ်လ်ဒီပါတီဝင် ရွှစ်ဦးအား အဖွဲ့ချုပ်အတွင်း စည်းလုံးမှုပြိုကွဲစေရန်နှင့် ညီလာခံကျင်းပရေး နှောင့်နှေးစေရန် ရည်ရွယ်လုပ်ဆောင်သည်ဟု သတ်မှတ်ပြီး ဗဟိုညီလာခံကျင်းပရေး ကော်မရှင်က ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းခဲ့သည်။

အဆိုပါရှစ်ဦးတွင် မြို့နယ်ညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံထားရသူများလည်း ပါဝင်ခဲ့သည်။ ■



လက်မှတ်စုဆောင်းပွဲတွင် ဒေါက်တာ အောင်စိုးမြင့်က မီဒီယာများကိုသိလိုသည်များမေးမြန်းနိုင်ကြောင်း ပြောကြားနေစဉ်။ ဓာတ်ပုံ - ပြီးဝေကျော်

UPPER MYANMAR
www.mmtimes.com
jrefmjynftxufykdowif;2

“တန်ဖိုးနည်း . . . တဲ့လားကွယ်”

ဆူးရဲနိုဲ

အခုတစ်လော မြန်မာပြည်တစ်ဝန်းမှာ ရေနွေးအိုးဆူပြီး ပလုံစီထနေသလို ဟိုနေရာပွက်ပွက်၊ ဒီနေရာပွက်ပွက်ဖြစ်နေတာက ‘တန်ဖိုးနည်း’ ဆိုတဲ့အသံဖြစ်နေမယ်ထင်ပါရဲ့နော။

ကိုယ်အပါအဝင် မပြည့်စုံမှုတွေ၊ လိုအပ်ချက်တွေများနေတဲ့သူတွေအတွက် ဘယ်အရာမဆို တန်ဖိုးနည်းစေချင်နေတာဆိုတော့လည်း ဘာတွေကို ဘယ်လိုတွေများ ဘယ်အတိုင်းအတာအထိ ‘တန်ဖိုးနည်း’ နေကြတာပါလိမ့်ဆိုတဲ့ အတွေးက သိချင်စိတ်ကို ရိုက်ခတ်လာပြီပေါ့။

တောင်းဆိုလိုက်ကြရတာ တန်ဖိုးနည်းအောင် လုပ်ပေးဖို့အသံတွေ။ တောင်းတိုင်း ဖြစ်လာတာ မလာတာ အသာထားလိုက်ပါ။ အသံတွေမှာသာ အလေးချိန်စီးနေမယ်ဆိုရင်တော့ တိုင်တည် ဦးတည်ပြီး အပြောခံနေကြရတဲ့ (သမ္မတကြီး) ဘဘဦးသိန်းစိန်တို့၊ တိုင်းဒေသကြီးအစိုးရ/ ပြည်နယ်အစိုးရတို့ ဆိုတာလည်း၊ အင်း တွေးသာကြည့်ကြပါတော့ . . . ။

ကျွန်တော်တို့တတွေကို တန်ဖိုးနည်းနဲ့ စပြီးနပန်းလုံးမိစေတာမှာ တယ်လီဖုန်းကိစ္စက ထိပ်တန်းဖြစ်မလားပဲ။ လူပြည်က အပ်တစ်စင်းနဲ့ ပြဟ္မာ့ပြည်က အပ်တစ်စင်းထိတဲ့ကိစ္စမှာ လူအဖြစ်ရဖို့မဟုတ်ဘဲ လက်ကိုင်ဖုန်းတစ်လုံး ရဖို့ကိစ္စလည်း ဟိုးတုန်းက ပါခဲ့တာကလား။ အခု ကျပ် ၅,၀၀၀ လောက်နဲ့ဖြစ်သင့်တဲ့ဖုန်းတစ်လုံးကို အဲဒီတုန်းက ဆယ့်ငါးသိန်းလောက် ငွေသွင်းပြီး တစ်ပိုင်းသေမတတ်ဝယ်ချင်တာတောင် ရခဲ့တာမဟုတ်ဘူး။ အဲလို ငွေသွင်းဖို့ လက်မှတ်ရအောင်ကို ဟိုလူကြီး လက်မှတ်ရဖို့ လုပ်ရ။ ဒီလူကြီး လက်မှတ်ရဖို့ လုပ်ရနဲ့။ ရတဲ့သူတွေကျ ငွေမသွင်းဘဲနဲ့ သိန်း ၄၀ လောက်နဲ့ ပြန်ရောင်းစားနိုင်ခဲ့တယ် မဟုတ်လား။

မြန်မာပြည်ဆင်းရဲတယ်၊ ချို့တဲ့တယ် ဆိုပြီး နိုင်ငံတကာကတောင် တင်နေတဲ့ ကြွေးမြီတွေကိုလျှော်ပစ်နေတာ၊ ဖုန်းတစ်လုံးကို ဒီလိုသိန်း ၄၀ ပေးဝယ်သူတွေရှိခဲ့တယ်ဆိုတော့လည်း ဆင်းရဲတဲ့မြန်မာပြည်သူတွေရှိတယ်ဆိုတာ ယုံကြပါ့မလားနော်။

ဒါကြောင့်များ တန်ဖိုးနည်းဆိုပြီး ရောင်းတဲ့ဖုန်းတွေက တန်ဖိုးသိန်းချီနေတာလားမသိ။ သိန်းဆယ်ဂဏန်းမဟုတ်တော့လည်း ဝယ်လိုက်ကြတာ ဝက်ဝက်ကိုကွဲနေတာပဲ။ စီးပွားရေး သမားတွေကလည်း တယ်လီဖုန်းအပို ပစ္စည်းဆိုင်တွေဖွင့်လာလိုက်ကြတာ အလုပ်တွေလဲဖြစ်မှဖြစ်။

ဩော် အခုလဲ ကြည့်ပါလား။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကတည်းက မျှော်လင့်နေကြ ပြောနေကြတဲ့ ‘တန်ဖိုးနည်းသထက်နည်း’ တယ်လီဖုန်းတွေ ချပေးမယ်ဆိုပြီး အသံတွေလဲ ထွက်လာရော အရင်က ချပေးထားတဲ့ ‘တန်ဖိုးနည်း’ တယ်လီဖုန်းတွေကိုကျေးရွာတွေအထိ အရစ်ကျစနစ်နဲ့ ရောင်းပေးပြန်ရော။ ကျေးလက်နေပြည်သူတွေအထိ ဆက်သွယ်ရေးကောင်းစေချင်လို့များလား တွေးမိပေမယ့် မယုံမရဲမို့ သတ်မှတ်လုံးရေ မပြည့်သေးလို့ထင်ပါရဲ့လို့လည်း တစ်ဘက်ကလှည့်ပြီး တွေးမိပါရဲ့။

ဖုန်းအရောင်းဆိုင်တွေကလည်း ‘တန်ဖိုးနည်းသထက်နည်း’ ဖုန်းတွေ ထွက်လာမှဖြင့် လက်ကျန်ဖုန်းတွေအတွက် အနှုံးများမှာစိုးလို့ ဈေးနှုန်းတွေ ချိုးရောင်းနေကြလေရဲ့။ ဒီလိုဒီလို တွေလှုပ်ရှားနေကြပေမယ့် ‘တန်ဖိုး နည်းသထက်နည်း’ က ‘ဝေးသထက်ဝေး’ပြီး မျှော်မိသူတွေ သာကိုယ့်ဘာ သာအပြစ်တင်ရတော့မယ်ကိန်းများ ဆိုက်လေမလားမသိ။

နောက်တစ်ခါ လာပြန်ပြီဟေ့လို့ကို ဆိုရပေဦးမယ်။ ‘တန်ဖိုးနည်း အိမ်ရာ’ တဲ့။ ဘယ်လောက်များ တန်ဖိုးနည်းမှာလဲ။ ဘယ်လိုစနစ်နဲ့ ပေးမှာလဲ။ ဘယ် သူတွေကိုပေးမှာလဲ။ တယ်လီဖုန်းတုန်းကတော့ ဝယ်ချင်တဲ့သူဝယ်လို့ရပေမဲ့ အခု အိမ်ရာကတော့ တကယ်နေစရာ မရှိတဲ့သူတိုင်း ဝယ်လို့ရမဲ့ပုံမပေါ်ပါဘူး။ အိမ်ရာတွေက လုံလုံလောက်လောက် မှ မဟုတ်တာ၊ ပေးလည်း ဟိုလူကြီးရဲ့ သားသမီးတွေ ဒီလူကြီးရဲ့ သားသမီးတွေပဲ ရမှာပါဆိုတဲ့ အသံလေးတွေကလည်း (ခံရနေကျ)လူတွေကြားမှာ ခပ်လှိုင်လှိုင်ပေါ့။



မန္တလေးမြို့တောင်ဖျားတွင် ‘တန်ဖိုးနည်း’ ဆိုပြီး ဝယ်ယူထားသည့်အတွက် မြေယာပြဿနာများဖြစ်ပွားနေပြီး နေထိုင်ခွင့်ရရှိရန် မြို့တော်ဝန်ကားကို ပိတ်ဆို့ပြီး တောင်းဆိုနေကြသည်ကို ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူလွင်

တန်ဖိုးနည်းအိမ်ရာက မန္တလေးမှာ မလာသေးဘူး၊ ရန်ကုန်မှာတော့ တန်ဖိုးနည်းအိမ်ရာတစ်လုံး သိန်းနှစ်ရာဆိုတော့ ‘သိန်းနှစ်ရာက တန်ဖိုးနည်းဆိုပဲဟဲ့’ ဆိုတဲ့ အသံလေးတွေက နေစရာ ခက်သူတွေကြားမှာ ညံစီစီ။ ဒီမှာဘာဆက်ဖြစ်မယ် မသိသေးပေမယ့် မန်းစည်ပင်မှာ တရားဝင်လိုင်စင်လုပ်ထားတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီတွေကတော့ ပုံစံမျိုးစုံ၊ ဒီဇိုင်းအဖုံဖုံ အိမ်ရာတွေကို လာတင်နေကြပြီဆိုပဲ။

မှတ်မှတ်ရရ နိုင်ငံပိုင်သတင်းစာကလာစာမျက်နှာမှာပဲ။ ‘တန်ဖိုးနည်း’ ဆိုလို့ စိတ်ဝင်စားသွားပြီး သေချာဖတ်ကြည့်လိုက်တော့ လားလား၊ ‘တန်ဖိုးနည်း အာဟာရပြည့် ဟင်းချက်ပြိုင်ပွဲ’တဲ့ တန်ဖိုးတွေနည်းနေလိုက်ကြပုံကို ပြောပါတယ်၊ ကြာလာတော့ တကယ်ရော နည်းရဲ့လားလို့ မေးလိုက်ချင်တယ်။

အဲ ဒါပေမယ့် ‘တန်ဖိုးနည်း ဟင်းချက်ပြိုင်ပွဲ’နဲ့ ပတ်သက်ပြီး ကန်စွန်းရွက် အစည်းကြီးလက်မှာ ပိုက်ပြီး ဈေးကပြန်လာတဲ့ ရပ်ကွက်ထဲက ဒေါ်ကြွားစိန်က တော့ “တန်ဖိုး နည်းဟင်းချက်ပြိုင်ပွဲတဲ့လား။ ဒါမျိုးဆိုရင်တော့ ဒေါ်ကြီးတို့ အတွက် အထွေအထူးဟုတ်မနေတော့ဘူး။ ဒေါ်ကြီးတို့ဖြင့် နေ့စဉ်နဲ့အမျှ တန်ဖိုးနည်း သထက်နည်းတဲ့ အာဟာရပြည့် ဒီကန်စွန်းရွက်ရေလုံပြုတ်ကို စားနေတာ သာကြည့်တော့”လို့ ရင်ဖွင့်ပြတော့ ကျွန်တော်လည်း ပါးစပ်ဟောင်းလောင်း လေးနဲ့ ကျန်ခဲ့ရတာပေါ့။

တစ်ခါတစ်ခါ စဉ်းစားမိတယ်။ ကိုရီးယားကားထဲကလို ရောဝတီမြစ်ဆိပ်လူသူမရှိတဲ့နေရာသွားပြီး ‘တန်ဖိုးနည်းရေ တန်ဖိုးနည်းရေ မင်းကြောင့် အပျင်းပြေပါတယ်။ ကျေးဇူးပဲ’ လို့တောင် အော်ချင်စိတ်ပေါက်နေပြီ ဗျို့။

ကျန်သေးတယ်၊ မြို့တောင်ဖျားစွန်းမှာလဲ ‘တန်ဖိုးနည်း’ တယ်ဆိုပြီး ဝယ်ထားခဲ့ကြတဲ့ မြေရာတွေက အငြင်းပွား၊ ပြဿနာတွေထတက်ပြီး မလှင်းလင်းနိုင်ခဲ့တာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်ကတည်း ကနေ အခုချိန်ထိပါပဲ။

ပြောရရင် ဆုံးပဲဆုံးပါတော့မလားမသိ။ သေချာတာကတော့ ‘တန်ဖိုးနည်း’ ဆိုတဲ့ ကိစ္စရပ်တိုင်းရဲ့ နောက်ကွယ်မှာ တကယ်လိုအပ်သူတွေအကြား မျှော်လင့်ရင်မောရမှုတွေ၊ ပဋိပက္ခတွေက နောက်ဆက်တွဲအဖြစ် အရိပ်တစ်ခုလို လိုက်ပါနေတာကတော့ မျက်မြင်ကိုယ်တွေ့ပါ။

ဩော် ‘တန်ဖိုးနည်း တန်ဖိုးနည်း’ မြန်မာပြည်ရဲ့ လာလတ္တံ့သော အနာဂတ်မှာ ဘာတွေကိုများထပ်ပြီး ‘တန်ဖိုးနည်း’ ကြဦးမလဲမသိဘူးနော်။ အဲဒီ ‘တန်ဖိုးနည်း’တွေကရော အမှန်တကယ် လိုအပ်နေတဲ့ ပြည်သူတွေဆီကို အဟုတ် ကြီး တကယ်ကြီးရောက်လာနိုင်ပါစေလို့ ဆုတောင်းရင်း . . . ။ ■

ကုန်စည်ပို့လုပ်ငန်းများ ပြည်ကြီးမဂ်လာကုန်တင်စခန်းတွင် ဌာနရမ်းရန် သဘောတူညီမှုရရှိ

ဂိုဒေါင်ကြီးတွေဆောက်ထားတဲ့ ရင်းနှီးမြှုပ်နှံငွေတွေ ဆုံးရှုံးသွားတယ်။ ကျွဲဆည်ကန်မှာဆိုရင် ဂိုဒေါင်မှာပဲ ကားဖင်ထိုးပြီး ကုန်တင်ကုန်ချလုပ်လို့ရတယ်

သန်းနိုင်စိုး

မန္တလေးမြို့တွင်းရှိ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများသည် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဌာနရမ်းရန်သဘောတူညီမှုရရှိကြောင်း မန္တလေးတိုင်းဒေသကြီး အစေးပြေးကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌဦးဝင်းမြင့်က ပြောကြားသည်။

“မန္တလေးက မြို့မိမြို့ဖတွေနဲ့ဖွဲ့စည်းထားတဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ အကြံပေးအဖွဲ့က နေဝင်ရောက်ညှိနှိုင်းပေးတဲ့အတွက် ရွှေ့ပြောင်းဖို့ သဘောတူညီမှုရရှိခဲ့ပါတယ်။ ကျွန်တော်တို့တောင်းဆိုထားတဲ့တစ်ခန်းကို တစ်လတစ်သိန်းခွဲနဲ့ ဌာနရမ်းဖို့ကို လိုက်လျောပေးပါတယ်။ မူလကအသင်းအစည်းအဝေးမှာဖေဖော်ဝါရီလ ၁၆ ရက်နေ့မတိုင်ခင် သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပြေလည်အောင်ညှိနှိုင်းမယ်၊ ညှိနှိုင်းလို့မရဘူးဆိုရင် ကုန်ဂိတ်တွေအကုန်ရပ်ပစ်မယ်လို့ ဆွေးနွေးခဲ့တယ်။ မန္တလေးကဂိတ်တွေရပ်ရုံနဲ့ ပြီးမသွားပါဘူး။ ရန်ကုန်၊ မူဆယ်၊ တောင်ကြီး၊ မုံရွာစတဲ့မြို့တွေက ဂိတ်တွေလည်း ရပ်သွားမယ်။ မန္တလေးကို ကုန်စည်တွေ ဝင်မလာဘူးဆိုရင် မြို့သူမြို့သားတွေပဲ နစ်နာမယ်။ ကုန်ဈေးနှုန်းတွေ မြင့်သွားမယ်။ ဒါကြောင့် အားလုံးအဆင်ပြေစေဖို့နဲ့ ညှိနှိုင်းလို့လည်း အဆင်ပြေတာကြောင့် ပြောင်းရွှေ့ဖို့ကို လက်ခံလိုက် တာပါ”ဟု ဦးဝင်းမြင့်က ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြည်ကြီးမဂ်လာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ၂၅ ပေ၊ ၆၀ ပေရှိ အာရ်စီနှစ်ထပ်ကွန်ကရစ်အခန်းပေါင်း ၁၅၀ ကို စတင်ဆောက်လုပ်ခဲ့သည်။ ဂိတ်ခန်းတစ်ခန်း ကျပ်သိန်း ၁,၃၅၀ ဖြင့်ရောင်းချပြီး ကျပ်ခုနစ်သိန်းဖြင့် ငှားရမ်းခွင့်ပြုခဲ့ရာ အဆိုပါ ကုန်တင်ဂိတ်ခန်း ၁၅၀ ခန်းအနက် ၁၂ ခန်းကိုသာ ကုန်တင်ဂိတ်များက ဝယ်ယူခဲ့သည်။

တောင်းဆိုထားတဲ့ တစ်ခန်းကို တစ်လ တစ်သိန်းခွဲနဲ့ငှားရမ်းဖို့ကို လိုက်လျော ပေးပါတယ်။

ထို့ကြောင့် တန်ဖိုးနည်းကုန်တင်ဂိတ်ခန်းပေါင်း ၁၃၉ ခန်း ထပ်မံတည်ဆောက်ခဲ့သည်။ တစ်ခန်းလျှင်ကျပ်သိန်း ၇၀ဝဖြင့် ရောင်းချမည်ဖြစ်ပြီး ငှားရမ်းလိုပါကလည်း တစ်ခန်းကို ကျပ်သုံးသိန်းဖြင့် ငှားရမ်းသွားမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၁၇ ရက်နေ့က ပြုလုပ်သော ပြည်ကြီးမဂ်လာကုန်တင် ယာဉ်ရပ်နားစခန်းသို့ကုန်တင်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်ရေးနှင့် ကုန်တင်ဂိတ်များ ဝယ်ယူငှားရမ်းရေးတွေ့ဆုံဆွေးနွေးပွဲ၌ မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက ပြောသည်။

“မြို့ထဲမှာ ကုန်တင်ဂိတ်ပေါင်းက ၂၀၀ ကျော်ရှိပါတယ်။ လက်ရှိသူတို့ ပြောတဲ့တန်ဖိုးနည်းကုန်ဂိတ်ခန်း ၁၃၉ ခန်းမှာ မဲစနစ်နဲ့ငှားရမ်းထားပါတယ်။ လို အပ်တဲ့အခန်းတွေကိုတော့ ဂိုဒေါင်တွေမှာ ယာယီငှားပေးထားမယ်။ နောက် လေးလကြာရင် အဆောက်အအုံတွေ ဆောက်ပေးမယ်လို့တော့ မြို့တော်ဝန်ကြီးက ပြောထားတယ်။ ကျွန်တော်တို့ အနေနဲ့ အမြန်ဆုံးရွှေ့နိုင်အောင် ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု အဝေးပြေး ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသွင်စိုးကပြောသည်။

အဆိုပါ ပြည်ကြီးမဂ်လာကုန်တင် ယာဉ်ရပ်နားစခန်းသို့ ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများ ပြောင်းရွှေ့ခြင်းသည် ကုန်စည်သယ်ယူစရိတ်များ ပိုမိုကုန်ကျလာနိုင်ကြောင်း ၎င်းက ပြောသည်။

“ပြည်ကြီးမဂ်လာကားကွင်းကို ရွှေ့ပြောင်းလိုက်တဲ့အတွက် သိန်းပေါင်းများစွာ ဆုံးရှုံးသွားတယ်။ ကျွဲဆည်ကန်ပတ်ဝန်းကျင်မှာရှိတဲ့ ဂိုဒေါင်ကြီးတွေ ဆောက်ထားတဲ့ ရင်းနှီးမြှုပ်နှံငွေတွေ ဆုံးရှုံးသွားတယ်။ ကျွဲဆည်ကန်မှာဆိုရင် ဂိုဒေါင်မှာပဲ ကားဖင်ထိုးပြီး ကုန်တင်ကုန်ချလုပ်လို့ရတယ်။ ဟိုကိုရွှေ့ပြောင်းလိုက်တဲ့အတွက် သယ်ယူစရိတ်ဟာ ကားတစ်စီးကို တစ်သိန်းလောက်ပိုကုန်ကျလိမ့်မယ်။ ၂၂ ဘီးကားတစ်စီးဆိုရင် မြို့ထဲကို အနည်းဆုံး ငါးခေါက်လောက် ကဲ့ယူရလိမ့်မယ်။ နောက်ပြီး ကုန်တင်ဂိတ်တွေက အလုပ်သမားတွေရဲ့မိသားစုတွေဟာလည်း နေရေးထိုင်ရေး၊ သွားရေး၊ လာရေးစတဲ့ အခက်အခဲတွေလည်း ရှိလာမယ်”ဟု ဦးသွင်စိုးက ပြောသည်။

ပြည်ကြီးမဂ်လာကုန်တင် ယာဉ်ရပ်နားစခန်း တည်ဆောက်ရန် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ဖျောက်ဆိပ်ကုန်းကျေးရွာမှ လယ်မြေ ၁၀၅ ဧကကို သိမ်းယူခဲ့ပြီး ဒေသခံလယ်သမားများအား ယနေ့အချိန်ထိ လျော်ကြေးပေး အပ်ခြင်း၊ ယာဉ်ရပ်နားစခန်းမှာ ၆၂ ဒသမ ဝ၈ ဧကသာရှိပြီး ပိုလျှံသောလယ်မြေများကို မူလပိုင်ရှင်ထံပြန်လည်ပေးအပ်ခြင်းများမရှိသေးကြောင်း လယ်သိမ်းခံတောင်သူ ဦးသောင်းထွန်းက ပြောကြားသည်။ ■

၅၈ လမ်း၏ ပိတ်နေသော အပိုင်းတွင် လမ်းဖောက်မည်

သန်းနိုင်စိုး

မန္တလေးမြို့ရှိ ၅၈ လမ်းသည် လမ်း ၃၀ နှင့် ၃၅ လမ်းကြားတွင် ဘုန်းကြီးကျောင်း ပိတ်နေသဖြင့် တစ်ဆက်တည်းလမ်း ဖောက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ အရာရှိတစ်ဦးက ပြောသည်။

"၅၈ လမ်းက လမ်း ၃၀ နဲ့ ၃၅ လမ်းကြားမှာ ပိတ်နေတယ်။ အဲဒီအပိုင်းမှာ လမ်းဖောက်ဖို့အတွက် သက်ဆိုင်ရာဘုန်းကြီးကျောင်းနဲ့ ညှိနှိုင်းထားတာ အကြမ်းပြင်း သဘောတူညီမှုတော့ ရထားပြီ။ လမ်းကိုတော့ ပေ ၆၀ အကျယ်ရှိတဲ့ ကတ္တရာလမ်းအဖြစ်ဖောက်သွားမှာပါ။ ၆၂ လမ်းပြီးသွားရင် ၅၈ လမ်းဟာ မြောက်ဘက် ၁၉ လမ်းကနေ တောင်ဘက်စက်မှုဇုန်ဘက်မှာရှိတဲ့ အမှတ် ၆ ရေဆိုးပစ်မြောင်းအထိတစ်ဆက်တည်း သွားနိုင်တဲ့လမ်းဖြစ်လာမှာပါ" ဟု လမ်းတံတားဌာနမှူးက ပြောသည်။

အဆိုပါ ၅၈ လမ်းကို မနော်ဟရီလမ်း နှင့် မန္တလေး-ပြင်ဦးလွင်ရထားလမ်းအကြားတွင်လည်း ပြုပြင်လျက်ရှိရာ ပြီးစီးပါက ၆၂ လမ်းယာဉ်ကြောကြပ်နေမှုကို လျော့ချနိုင်ရန် လိုင်းကားများကို ၅၈ လမ်းကိုသာ အသုံးပြုသွားလာစေမည် ဖြစ်ကြောင်း ဒေါ်ခင်မေဌေးက ပြောသည်။

မန္တလေးမြို့တွင် လမ်းအများစုမှာ တစ်ဆက်တည်းသွားလာနိုင်ခြင်းမရှိကြောင်း၊ အထူးသဖြင့် အရှေ့အနောက်လမ်းများမှာ ခါးပြတ်လျက်ရှိကြောင်း မြို့ခံတစ်ဦးက ပြောသည်။

"မန္တလေးမြို့မှာက အရှေ့အနောက် လမ်းတွေက ခါးပြတ်နေတယ်။ ၁၂ လမ်းကနေ ၂၆ လမ်းအထိက ကျဲကဖြတ်ထားတယ်။ ၂၆ လမ်းကနေပြီး ၃၅ လမ်းအထိက ဘူတာကြီးခံနေတယ်။ နောက်ပြီး ၃၇ လမ်းက နေပြီးတော့ သိပ်ပွလမ်းအထိက စစ်တပ်နဲ့ တက္ကသိုလ်ကပိတ်နေတယ်။ ၃၅ လမ်း ခုံးကျော်နဲ့ ၄၂ လမ်းခုံးကျော်တွေကလည်း ဆိုင်ကယ် တက်ခွင့် ပိတ်ထားတယ်။ ဒီတော့ အရှေ့အနောက် တောက်လျှောက် သွားနိုင်တဲ့လမ်းတွေမှာယာဉ်တွေ ပြိုပြီးသွားကြတယ်။ တစ်ကွေ့ တစ်ပတ်ကြီးသွားရတယ်။ ဘူတာကြီးခုံးကျော်ကို အခမဲ့ သွားလာခွင့်ပြုရင်တော့ ၂၆ လမ်းနဲ့ ၃၅ လမ်းမှာ အတိုင်းအတာတစ်ခု ထိတော့ ယာဉ်ကြော လျှော့ချနိုင်ပါလိမ့်မယ်"ဟု မန္တလေးမြို့ခံ တစ်ဦးဖြစ်သူ ကိုဉာဏ်ဝင်းက အကြံပြုသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ၆၆ လမ်းကို ၃၂ လမ်းမှ ၃၅ လမ်းအထိ ဖောက်ခဲ့ကြောင်းလည်း သိရသည်။ ■

ဒဏ်ရာပြင်းထန်၍ ထိုင်းနိုင်ငံသို့သွားရောက်ကုသသော သံဃာနှစ်ပါးအနက် တစ်ပါးပြန်လည်ရောက်ရှိ

အောင်ရဲသွင်နှင့် လှိုင်ကျော်စိုး

လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းရပ်ဆိုင်းပေးရန် ဆန္ဒပြတောင်းဆိုသည့် သပိတ်စခန်းများကို အကြမ်းဖက်ဖြိုခွင်းခံရမှုတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့၍ထိုင်းနိုင်ငံဘန်ကောက်ဆေးရုံသို့ ဆေးသွားရောက်ကုသခဲ့ရသည့် သံဃာတော်နှစ်ပါးအနက် ကိုရင်တစ်ပါး ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါသပိတ်စခန်းများကို အင်အားသုံးဖြိုခွင်းမှုတွင် သံဃာတော်အပါး ၁၀၀ ကျော် မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး ဆရာတော်ဦးတိက္ခဉာဏနှင့် ကိုရင်သဇ္ဇနတို့မှာ အရေပြားဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ထိုင်းစစ်ဆေးရုံသို့ ၂၀၁၂ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ဆရာတော် ဦးတိက္ခဉာဏနှင့် ဒီဇင်ဘာ ၂၅ ရက် နေ့တွင် ကိုရင်သဇ္ဇနတို့ကို ပို့ဆောင်ဆေးကုသခဲ့ရာ ဆေးကုသခြိန် နှစ်လခန့်ကြာမြင့်ခဲ့ကြောင်း သံဃာ့စောင့်ရှောက်ရေးအဖွဲ့မှ ဦးဆောင်သူဦးသု(ခ)ဦးဝိမလက မိန့်ကြားသည်။

"၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ အကြမ်းဖက်ဖြိုခွင်းခံရပြီး ကိုရင်က ဘယ်ဘက်ခြေဖျားကနေစပြီး နံရိုးပိုင်းရယ် ညာဘက်ခြေထောက်တစ်လျှောက် ပြင်းထန်စွာဒဏ်ရာရခဲ့ပြီး မုံရွာဆေးရုံမှာ စတက်ခဲ့တယ်။ မုံရွာဆေးရုံမှာ မသက်သာတဲ့အတွက် မန္တလေးပြည်သူ့ဆေးရုံကြီးမှာ ဆက်လက်ကုသတယ်။ ဒီဆေးရုံကနေပြီးတော့ ရန်ကုန်ပြည်သူ့ဆေးရုံမှာ ဆက်ကုပေမယ့် ဒီကဆေးဝါးတွေနဲ့ လုံဝမသက်သာဘူး။ ဒါကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အကြောင်းကြားပြီး ထိုင်းနိုင်ငံမှာ သွားရောက်ကုသရတာပါ။ ဆရာတော်ဦးတိက္ခဉာဏကတော့ ဒဏ်ရာအခြေအနေမသက်သာသေးတဲ့အတွက် နောက်ထပ်နှစ်လလောက်တော့နေရဦးမှာပါ။

"ထိုင်းမှာကုသတဲ့ ကုန်ကျစရိတ်တွေကိုတော့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကတာဝန်ယူပေးပါတယ်။ ထိုင်းမှာ ဆေးသွားကုဖို့စာရင်းပေးတုံးက သံဃာငါးပါး ပါ။ ဒါပေမဲ့သံဃာသုံးပါးက ဒဏ်ရာအခြေအနေစိုးရိမ်စရာမရှိတာကြောင့် ရန်ကုန်ဆေးရုံကြီးမှာပဲကျန်ခဲ့တာပါ"ဟု ဆရာတော်က မိန့်သည်။

ဆေးကုသမှုခံယူ၍ ပြန်လည်ရောက်ရှိလာသော ကိုရင်သဇ္ဇနမှာ ဆက်လက်ဆေးဝါးစောင့်ရှောက်မှု ခံယူနိုင်ရန် သီတဂူဆေးရုံကြီးတွင် ဆက်လက်ကုသမှုခံယူမည်ဖြစ်ပြီး၊ တစ်နှစ်ပြည့်ပါက ထိုင်းစစ်ဆေးရုံသို့ပြန်လည်သွားရောက်ဆေးစစ်ရမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

"ဒဏ်ရာအခြေအနေက အသက်အန္တရာယ်အတွက်တော့ မစိုးရိမ်ရတော့ပေမယ့်၊ ဘေးထွက်ဆိုးကျိုးတွေမဖြစ်ပေါ်အောင်တော့ စောင့်ကြည့်ရတဲ့အနေအထားမှာပဲ ရှိနေသေးပါတယ်။ ထိုင်းဆေးရုံကပေးလိုက်တဲ့ ဆေးဘောင်းဘီကိုလည်း ခြောက်လကနေကိုးလအထိ ဝတ်ထားရဦးမှာပါ။

"ထိုင်းစစ်ဆေးရုံ ဒဏ်ရာဆေးစစ်ချက်အရရရှိတဲ့ မီးလောင်ဒဏ်ရာမှာ ဓာတုအမျိုးအစားပစ္စည်းတွေ ပါဝင်နေတယ်ဆိုတာကို ဆေးမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ အစိုးရရဲ့ပွင့်လင်းမြင်သာမှုမရှိတာကြောင့် ဒဏ်ရာရရှိပေမယ့် ဘယ်လိုကုသရမယ်၊ ဘယ်ဆေးဝါးတွေနဲ့ ကုသရမလဲဆိုတာ မသိလို့ ဒီလောက်အထိ အခြေအနေတွေဆိုးရွားသွားတာပါ"ဟု ဆရာတော်ကမိန့်သည်။

ဒဏ်ရာရရှိခဲ့သည့် ကိုရင်သဇ္ဇနကလည်း "ကိုရင်က သပိတ်စခန်း ပရိတ်ရွက်သံဃာတွေနဲ့ရှိနေတုံးမှာ အာဏာပိုင်တွေက စက္ကန့် ၉၀ အတွင်း အမြန်ဆုံးလူစုခွဲဖို့ပြောနေတုံးပဲ ကိုရင်ရှေ့ကို ဒုံးတစ်လုံးကျလာတယ်။ ဒီလိုပဲတွေကျလာတော့ ကိုရင်တို့ပြေးနေတုန်းပဲ နောက်ထပ်တစ်လုံး ထပ်ကျလာပြီး ဒဏ်ရာရရှိသွားတာ ဖြစ်ပါတယ်။

"ဒီလိုသံဃာတော်တွေ ဒဏ်ရာပြင်းထန်စွာရအောင် ပြုလုပ်သူတွေနဲ့ ဒီလိုပြုလုပ်ဖို့ အမိန့်ပေးတဲ့သူတွေကို အမြန်ဆုံးဖော်ထုတ်ပေးပြီး တရားဥပဒေအတိုင်း အရေးယူပေးဖို့တောင်းဆိုပါတယ်"ဟု ကိုရင်က မိန့်သည်။

လက်ရှိတွင် ဒဏ်ရာရသံဃာများသည် မုံရွာမြို့၊ ဇော်တိကကျောင်းတိုက်တွင် ပြင်ပသံဃာ ၈၇ ပါး၊ သီတဂူဆေးရုံတွင် ခြောက်ပါးဆက်လက်ဆေးဝါးကုသမှုခံယူနေကြောင်း သိရသည်။



ဒဏ်ရာများသက်သာလာ၍ ထိုင်းနိုင်ငံမှ ပြန်လည်ကြွရောက်လာသည့် ကိုရင်သဇ္ဇနကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

ဆေးကုသမှုခံယူပြီး ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိလာသော ကိုရင်သဇ္ဇနသည် သက်တော် ၁၄ နှစ်ရှိပြီး မုံရွာမြို့မြို့မရွှေဂူကျောင်းတိုက်တွင် သီတင်းသုံးတော်မူကြောင်း၊ ယခုအခါတွင် သီတဂူဆေးရုံကြီး၌ ဆေးကုသမှုဆက်လက်ခံယူနေကာ အဆိုပါဒဏ်ရာရ သံဃာတော်များအား ဆေးဝါးလှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၀၄၇၈၆၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ ■

အသိမ်းခံခဲ့ရသော စိုက်ပျိုးမြေအချို့၌ တောင်သူအများစု ပြန်လည်စိုက်ပျိုးခွင့်ရ

စည်သူလွင်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ယခင်စီမံချက်များဖြင့် သိမ်းယူခံခဲ့ရသော တောင်ယာစိုက်ပျိုးမြေများတွင် တောင်သူအများစုမှာ ပြန်လည်စိုက်ပျိုးလုပ်ကိုင်ခွင့် ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့တောင်သူများ မိမိကိုယ်ပိုင်မြေနေရာတွင် ပြန်လည်စိုက်ပျိုးနိုင်ခွင့် ရရှိရေးအတွက် ပြင်ဦးလွင်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)မှ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"အသိမ်းခံခဲ့ရတဲ့နေရာတွေက တစ်နေရာနဲ့ တစ်နေရာ၊ ခုနှစ်တွေကတော့ မတူဘူး။ အရင်စစ်အစိုးရလက်ထက် တုန်းကသိမ်းထားတာတွေပါ။ စီမံချက်လည်း အကောင်အထည်မဖော်တော့တဲ့အတွက် တောင်သူတွေမိမိပိုင်ဆိုင်တဲ့ လယ်မှန်ရင် မြေစာရင်း၊ သစ်တောနဲ့ တခြားအုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး စီစဉ်လုပ်ဆောင်ပေးပါတယ်။ အခုချိန်ထိကို တောင်သူတွေ ပြန်စိုက်ပျိုးနိုင်ဖို့အတွက် ကို ဆောင်ရွက်ပေးနေရပါတယ်။ ပြန်စိုက်ပျိုးလို့ရတဲ့မြေကတော့ ကေတစ်သောင်းကျော်ထိကို ရှိနေပြီ"ဟု ပြင်ဦးလွင်မြို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်သီဟ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)က ပြောသည်။

တောင်သူများက ပြန်လည်စိုက်ပျိုးရာတွင် စီမံချက်အတွက် ဆောင်ရွက်ထားသောကျောက်တိုင်များ၊ အဆောက်အအုံများကို ဖျက်ဆီးခြင်းမပြုဘဲ စိုက်ပျိုး၍ရနိုင်သောနေရာများတွင်သာ ပြန်လည်စိုက်ပျိုးကြသည်။

"၂၀၀၉ ခုနှစ်က သိမ်းခံရတာ။ ကော်ဖီစိုက်ခင်းစီမံချက်ဆိုပြီး သိမ်းသွားတာ။ အောင်မြင်လားဆိုတော့လည်း မအောင်မြင်ဘူး။ တချို့ဆိုရင် မြေနေရာတွေကို ပြန်ပြီး လက်လွှဲရောင်းနေတာတွေ တောင်ရှိတယ်"ဟု မြေပုံကျေးရွာမှ တောင်ယာစိုက်ပျိုးသူ အသက် ၄၅ နှစ်အရွယ်ရှိ ဦးဖြူ က ပြောသည်။

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီစိုက်ပျိုးရန်နှင့် ပိုးဇာထုတ်ယူရန် လယ်ယာမြေများ သိမ်းယူခြင်းခံခဲ့ရကြောင်း၊ အချို့မြေနေရာများအတွက် နစ်နာကြေးများရရှိခဲ့သလို အချို့နေရာများတွင် နစ်နာကြေးလုံဝမရရှိကြောင်း ပြင်ဦးလွင်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းမင်းလတ်က ဆိုသည်။

"အခု တောင်သူတွေ ပြန်ပြီးစိုက်ပျိုးတဲ့နေရာတွေကတော့ စီမံချက်နဲ့ သိမ်းထားတဲ့နေရာတွေပဲရသေးတယ်။ စစ်တပ်က သိမ်းထားတဲ့ မြေနေရာတွေကတော့ တောင်သူတွေကို သီးစားပြန်ချထားလို့ လုပ်နေရတုန်းပဲရှိသေးတယ်။ သီးစားမပေးတဲ့နှစ်ဆိုရင် လုပ်ခွင့်မရဘူး။

"မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေမှာလည်း စီမံချက်နဲ့ ချထားပေးတဲ့နေရာတွေမှာ နှစ်အလိုက် စိုက်ပျိုးမှုရာခိုင်နှုန်းတွေ ပြီးရမယ်။ အခုအနေအထားက တော်တော်များများ ဘာမှကို မလုပ်တာ။

"အရင်စီမံချက်တွေ မအောင်မြင်ဘဲနဲ့ အခု ထပ်ပြီးတော့ စီမံချက်မြေနေရာတွေ ချပေးထားတာတွေ့ရတယ်။ အဲဒီနေရာတွေမှာလည်း တွင်းထွက်သယံဇာတ ပစ္စည်းတွေတူးနေတယ်လို့ သတင်းရထားတယ်။ အတည်မပြုနိုင်သေးပါဘူး"ဟု ဦးကျော်သီဟက ပြောသည်။

ပြင်ဦးလွင်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးခန်းသို့ မြေယာကိစ္စများတိုင်ကြားသူဦးရေမှာ နေ့စဉ် ၁၀ ဦးနှင့် အထက် ရှိကြောင်းသိရသည်။ ■

ကျောက်ဝိုင်း၌ အသိအမှတ်ပြုလိုင်စင်ထုတ်ပေးရန် တောင်းဆို

မန္တလေးမြို့မဟာအောင်မြေကျောက်မျက်စျေးတွင် လုပ်ကိုင်သောကဏ္ဍအလိုက် အသိအမှတ်ပြုလိုင်စင်ကတ်ပြားလုပ်ပေးရန် ကျောက်ဝိုင်းစျေးသူစျေးသားများက တောင်းဆိုထားသည်။

ဇန်နဝါရီလ ၃၀ ရက်နေ့ကပြုလုပ်ခဲ့သည့် အထက်မြန်မာပြည်ကျောက်မျက်လုပ်ငန်းရှင်များ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် ကျောက်ဝိုင်းစျေးသူစျေးသားများအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်း အသိအမှတ်ပြုလိုင်စင်ကဒ်ကို သက်သာသောနှုန်းထားဖြင့် ပြုလုပ်ပေးရန်တင်ပြထားသည်ဟု ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း အကျိုးဆောင်ကော်မတီမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်က ပြောသည်။

"ဒီကိစ္စကို အစည်းအဝေးမှာအသင်းဥက္ကဋ္ဌ ဦးရန်အောင်ဆီ တင်ပြခဲ့ပါတယ်။ သူကလည်း ကျွန်တော်တင်ပြတဲ့အကြံဉာဏ်ကို သဘောကျပါတယ်။ ဝန်ကြီးဌာနကို တင်ပြပေးမယ်ဆိုတဲ့အနေအထားမျိုးရှိပါတယ်။ ပြီးတော့ လိုင်စင်ကဒ်လုပ်ရင် သက်သာတဲ့စျေးနှုန်းလည်းဖြစ်စေချင်တယ်။ လောလောဆယ်တော့ ကဒ်စျေးနှုန်းကို ကျပ် ၃၅,၀၀၀ ခွဲလို့ပြောထားပေမယ့် ကျွန်တော်ကတော့ ကျပ် ၂၅,၀၀၀ လောက်နဲ့ဖြစ်အောင်လုပ်ပေးပါလို့တောင်းဆိုထားပါတယ်" ဟု ၎င်းက ပြောသည်။

ထိုကဲ့သို့ လိုင်စင်ကဒ်ပြုလုပ်ခြင်းအားဖြင့် ကျောက်ဝိုင်းအတွင်းရှိ စျေးသူ၊ စျေးသားများသည် ၎င်းတို့လက်ရှိလုပ်ကိုင်နေသည့် အလုပ်အမျိုးအစားအလိုက် ပွဲစား၊ ကုန်သည်အစရှိသဖြင့် ကွဲပြားစွာလုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် များစွာအဆင်ပြေနိုင်မည် ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"တရုတ်နိုင်ငံ၊ ရွှေလီမြို့ထဲက ကျောက်ဝိုင်းတွေမှာ ပွဲစားလိုင်စင်၊ ကုန်သည်လိုင်စင်တွေ ရှိကြတယ်။ မန္တလေးမြို့မှာ အလားတူ အသိအမှတ်ပြုလိုင်စင်ရှိလုပ်ငန်းတစ်ခုရှိတယ်။ ကုန်စည်ဒိုင်တွေပေါ့ အဲဒီကုန်စည်ဒိုင်တွေလို လုပ်ပေးစေချင်တာပါ"ဟု ၎င်းက ပြောသည်။

အသိအမှတ်ပြုလိုင်စင် ထုတ်ပေးခြင်းအားဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် အထက်မြန်မာပြည် ကျောက်မျက်လုပ်ငန်းရှင်များအသင်းတို့တွင် အခွန်ဝင်ငွေရရှိမည်ဖြစ်ပြီး၊ စျေးသူစျေးသားများမှာလည်း စိတ်လက်ချမ်းသာမည်ဖြစ်ကြောင်း၊ ကျောင်းဝိုင်း၌ လုပ်ကိုင်သူ စုစုပေါင်း ၅၀,၀၀၀ ကျော်ရှိကြောင်း သိရသည်။ **အောင်ရဲသွင်** ■



We have the largest classified listings in Myanmar.

In our print editions

THE MYANMAR TIMES မြန်မာတိုင်းမ်(စ်)

And now online at

www.mmtimes.com/classifieds

Post a classified ad for free now!

YANGON: 01-392928 , 01-253642 | MANDALAY: 02-24450-60 , 02-65391-2 | NAYPYITAW: 067-23064 , 067-23065

မှန်စီရွှေချ စျေးကွက်အခြေအနေကောင်းသော်လည်း အရှုံးပေါ်

ဇအောင်ရဲသွင်နှင့် လှိုင်ကျော်စိုး

မိသားစုလက်မှုပညာလုပ်ငန်း တစ်ခုဖြစ်သော မှန်စီရွှေချလုပ်ငန်းမှာ ယခုနှစ်တွင် စျေးကွက်အခြေအနေကောင်းမွန်သော်လည်း စျေးနှုန်းရရှိမှုထက်ဝက်ခန့်ကျဆင်းလျက်ရှိသောကြောင့် အရှုံးပေါ်နေသည်ဟု မှန်စီရွှေချလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ယခုနှစ် မှန်စီရွှေချစျေးကွက်မှာ ယမန်နှစ်ကထက် ကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း လုပ်ငန်းရှင်များလိုချင်သည့် စျေးနှင့် ၎င်းပစ္စည်းများကို ပြန်လည်ဝယ်ယူသော နိဗ္ဗာန်ကုန်ဆိုင်များကပေးသောစျေး ကိုက်ညီမှုမရှိသောကြောင့် ရောင်းအားကျဆင်းလာပြီး၊ လုပ်ငန်းရပ်ဆိုင်းထားမှုများရှိသည်ဟုလည်း မှန်စီရွှေချလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဖြစ်သူ ကိုကျော်သူရက ပြောသည်။

"မနှစ်က ရောင်းအားအခြေအနေရော၊ စျေးနှုန်းရရှိမှုရော ၈၀ ရာခိုင်နှုန်းလောက်ကိုကောင်းတယ်။ ဒီနှစ်အစပိုင်းကတည်းက ကျွန်တော်တို့လုပ်နေရတာလုံးဝကိုမမြတ်ဘူး။ မှန်စီထားတဲ့ပုံမှန်ဆိုဒ်အသေးတစ်လုံးကို အရင်နှစ်က ငွေကျပ်တစ်ဆယ်နဲ့ နိဗ္ဗာန်ကုန်ဆိုင်တွေကို ရောင်းနိုင်ပေမယ့်၊ ဒီနှစ်ကျတော့ အလုပ်သမားခနဲ့ ကုန်ကြမ်းစျေးတက်လာတော့ ၁၅ကျပ်ထိတိုးလိုက်တယ်။ ဒါပေမဲ့နိဗ္ဗာန်ကုန်ဆိုင်တွေက လက်မခံဘူး။ ကျွန်တော်တို့ တစ်နေ့စိုက်ထုတ်ရတဲ့ဝင်ငွေက ကျပ် ၁၀,၀၀၀ ရှိတယ်။ ကျပ်တစ်ဆယ်တန် အလုံးတစ်ထောင်ရောင်းမှ ၁၀,၀၀၀ ပြန်ရတော့ တစ်နေ့တစ်နေ့ ထမင်းစားဖို့တောင် မနည်းလုပ်နေရတယ်"ဟု ၎င်းကပြောသည်။



မန္တလေးမြို့မှ မှန်စီရွှေချလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အောင်ရဲသွင်

လအလိုက် ရောင်းအားအတက်အကျရှိသည့် မှန်စီရွှေချစျေးကွက်မှာ ဝါတွင်းသုံးလတွင် ပုံမှန်စျေကွက်အေးသော်လည်း ကျန်လများ၌ ပုံမှန်ရောင်းချရပြီး၊ အဓိကစျေးကွက်မှာ နိဗ္ဗာန်ကုန်ဆိုင်များဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့က ဘုရားကြီးထဲကဆိုင်တွေကိုပဲ အဓိကသွင်းတာဆိုတော့ စျေးနှုန်းတွေက ညှိလုပ်နေရတယ်။ အရင်နှစ်တွေက ဝါတွင်းသုံးလကလွဲရင် ပုံမှန်အလုပ်ဖြစ်ပေမယ့် ဒီနှစ်ကတော့ တကယ်ကို အလုပ်ပါးနေတာ"ဟု ၎င်းကပြောသည်။

စျေးကွက်အတွင်း ပုံမှန်ရောင်းရသော မှန်စီရွှေချပစ္စည်း ပုံမှန်ဆိုဒ်တစ်ခုလျှင် ငွေကျပ် ၁၀ မှ အမြင့်ဆုံးစိန်ပုံစံ အပြီးသတ်သွေးထားသောပစ္စည်းမှာ ကျပ် ၂,၀၀၀ ထိ စျေးရှိပြီး၊ မှန်စီရွှေချအမျိုးအစားပေါင်း ၁၅၀ ကျော်ရှိသည်။

မှန်စီရွှေချပြုလုပ်ပြီး ကုန်ချောများကို မန္တလေးမြို့တွင်း ရောင်းချမှုအပြင် နယ်မြို့များနှင့် ထိုင်းအထိပါသွားရောက်ရောင်းချမှုရှိသည်ဟု အဆိုပါလုပ်ငန်းလုပ်ကိုင်တစ်ဦးက ထပ်မံပြောသည်။

"နယ်တွေသွားရောင်းတာကတော့ အောက်မြန်မာပြည်ဖြစ်တဲ့ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်မြို့နဲ့ သထုံမြို့တွေများတယ်။ ထိုင်းနိုင်ငံသွားရောင်းရင်တော့ သူတို့ကြိုက်တဲ့ဒီဇိုင်းဖော်ခိုင်းပြီး ဝယ်ကြတယ်။ အများအားဖြင့်ဖော်ခိုင်းတာက ကြေးစည်ပုံ၊ ဦးတိုပွားပုံ၊ ပစ်တိုင်းထောင်ပုံနဲ့ ကွမ်ရင်မယ်တော်ပုံတွေပါ"ဟု ၎င်းကပြောသည်။ ■

ကြက်ပေါက်များ တင်သွင်းခွင့်မပြု၍ မွေးမြူရေးသမားများအခက်တွေ့

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် တောင်ပိုင်းကျေးရွာအုပ်စုမှ ကြက်မွေးမြူရေးသမားများသည် ကြက်ပေါက်ဝယ်ယူရာတွင် အခက်တွေ့နေပြီး ကြက်ခြံလုပ်ငန်းအရှုံးများ၍ ကြက်မွေးမြူရေးလုပ်ငန်းများလည်း နည်းပါးလာနေသည်ဟု သိရသည်။

ကြက်မွေးမြူရေးလုပ်ငန်းလုပ်သူများမှာ ကြက်ပေါက်ဝယ်ယူရာတွင် တစ်ဦးတည်းတင်သွင်းခွင့်ရထားသည့် စီပီကုမ္ပဏီထံမှသာ ဝယ်ယူနေရကြောင်း ကြက်မွေးမြူရေးလုပ်ကိုင်သူများက ပြောသည်။

"CP ကုမ္ပဏီက အစာဝယ်မှကြက်ပေါက်ရောင်းပေးတယ်။ တစ်ဦးတည်းရှိတော့ စျေးကိုင်တဲ့သဘောပေါ့။ အစာစျေးကလည်း ကုမ္ပဏီကပဲ အဓိကထိန်းချုပ်ထားသလိုဖြစ်နေတယ်။ အစာဝယ်မှကြက်ပေါက်ရောင်းမယ်ဆိုတာ မဖြစ်သင့်တော့ပါဘူး" ဟု တောင်ပြိုးကျေးရွာမှ ကြက်မွေးမြူရေးသမားတစ်ဦးကပြောသည်။

ကြက်စာအဓိကကုန်ကြမ်းဖြစ်သော ပြောင်းစျေးတက်လျှင် ကြက်စာစျေးနှုန်းတက်သော်လည်း ပြောင်းစျေးကျသည့် အခါတွင် ကြက်စာစျေးနှုန်းကျဆင်းသွားခြင်းမရှိကြောင်း ၎င်းက ပြောသည်။

ကြက်စာများကို ထုတ်လုပ်ရောင်းချနိုင်သော်လည်း ကြက်ပေါက်အလွယ်တကူဝယ်ယူမရရှိခြင်းသည် ကြက်မွေးမြူရေးသမားများအတွက် စျေးကွက်အထိခိုက်ဆုံးဖြစ်ကာ နှစ်ရှည်အရှုံးခံနေရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်ဟု အဆိုပါ ကြက်မွေးမြူရေးသမားက ပြောသည်။

"အစာစျေးကမြင့်တယ်၊ အသားစျေးကချဝယ်တော့ အမြတ်နည်းတယ်။ ရှုံးတာများတော့ ဒဏ်မခံနိုင်တော့ ကြက်ခြံတွေနည်းသွားတယ်။ တချို့လည်းမွေးတဲ့အကောင်အရေအတွက် နည်းသွားတယ်။ ကြက်ပေါက်ကို နိုင်ငံခြားက တင်သွင်းခွင့်ရရင်တော့ ကြက်စျေးကွက်ပြန်ကောင်းနိုင်တယ်။ အခုတော့ ကုမ္ပဏီတစ်ခုတည်းက ထိန်းချုပ်ထားသလိုဖြစ်နေတော့ အခြေအနေမကောင်းတာပါ" ဟု ၎င်းကပင် ထပ်မံပြောပြသည်။

ကြက်ပေါက်စျေးနှုန်းသည် တစ်ကောင်လျှင် ကျပ် ၆၃၀ မှ ၇၀၀ ကြားရှိပြီး၊ ကြက်စာစျေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၂၇,၀၀၀ မှ ၃၀,၀၀၀ အထိရှိကာ စျေးနှုန်းအပြောင်းအလဲမှာလည်း မြန်ဆန်သည်ဟု သိရသည်။

တိရစ္ဆာန်ဆရာဝန်တစ်ဦးကလည်း "ကြက်ပေါက်တွေကို တရားဝင်တင်သွင်းခွင့်ပြုရင် ကြက်မွေးမြူရေးသမားလည်း အမြတ်အစွန်းများများကျန်မယ်။ ကြက်စာရောင်းသမားတွေလည်း အလုပ်အကိုင်ဖြစ်ထွန်းလာမယ်။ စားသုံးသူလည်း စျေးနှုန်းသက်သာမယ်"ဟု ပြောသည်။

ကြက်ပေါက်များကို တောင်ကြီး၊ ပြင်ဦးလွင်မြို့များမှ မွေးမြူရေးသမားအချို့က ရောင်းချသော်လည်း CP ကုမ္ပဏီကဲ့သို့ အများအပြားမရောင်းနိုင်ကြောင်း သိရသည်။ **လှိုင်ကျော်စိုး** ■

လိမ်လည်မှု၌ ပြင်ဆင်မိန့် ချမှတ်မှု မကျေနပ်သဖြင့် တိုင်ကြားထား

တစ်ဖက်သတ်ဆန်စွာ ပြင်ဆင်မိန့်များ ချမှတ်ခဲ့သည်ဟုဆို

ပြည့်သက်ဖြိုး

'ကမ္ဘာကျော်' အမည်ဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သည့် 'ရာဇတံခွန်' ကုမ္ပဏီမှ ဝန်ထမ်းဟောင်းများက ဖြတ်လမ်းနည်းသုံး၍ တုပလိမ်လည်သည့်အမှုအပေါ် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားသူကြီးက တရားပြိုင်များဘက်မှ ရပ်တည်ပြီး တစ်ဖက်သတ်ဆန်စွာ ပြင်ဆင်မိန့်များ ချမှတ်ခဲ့သည်ဟုဆိုကာ မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်က တိုင်ကြားစာများပို့ထားကြောင်း ယခုလ ၉ ရက်ကပြောသည်။

ယင်းတိုင်ကြားစာများကို နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းထံသို့ လည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ထံသို့ လည်းကောင်း၊ ပြည်ထောင်စုဥပဒေချုပ်ထံသို့လည်းကောင်း၊ တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ထံသို့ လည်းကောင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် ရက်စွဲဖြင့် ပေးပို့ထားသည်ဟု ၎င်းက ပြောသည်။

"ဥပဒေကိုလေးစားတဲ့အနေနဲ့ နောင်အခါကို ဒီလိုမဖြစ်အောင်လို့ တိုင်ကြားရခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် အသနားခံစာကိုလည်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် ရက်စွဲဖြင့် ပေးပို့ထားသည်ဟု ဆိုသည်။

တရားစွဲခဲ့သော သူရဆယ်တင်ကို ထောင်ဒဏ် ခုနစ်နှစ်၊ ဇော်မင်းဦးကို ထောင်ဒဏ် ခြောက်နှစ်နှင့် ထွန်ထွန်းနိုင်ကို ထောင်ဒဏ်ရှစ်နှစ်တို့ဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပျဉ်းမနားမြို့နယ် တရားရုံးမှ ပြစ်ဒဏ်များချမှတ်ခဲ့သည့်အပြင် တရားသူကြီး ဦးဝင်းရှိန်မှလည်း ပုဒ်မ ၄၀၈ နှင့် ပုဒ်မ ၄၀၈/၁၁၄ တို့ဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က စွဲချက်တင်ခဲ့သည်။

သို့သော်လည်း တရားပြိုင်များဘက်မှလည်း ပြစ်ဒဏ်များချမှတ်ခြင်းအပေါ် ကျေနပ်မှုမရှိ၍ နေပြည်တော်ခရိုင်တွင် ပြင်ဆင်မှုများ ခံယူခဲ့သော်လည်း ပျဉ်းမနားမြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေနှင့် ကိုက်ညီသည့်အတွက် အတည်ပြုခဲ့သည်။

ဂင်းတို့ကလည်း ထပ်မံ၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ပြင်ဆင်မှုခံယူခဲ့သည့်အခါ တရားသူကြီး ဦးကြည်သိန်းမှ ယခင်ချမှတ်ထားသော အမိန့်ကိုပြင်ဆင်ပြီး ပြစ်ဒဏ်များလျှော့ချခဲ့ခြင်းဖြစ်သည်။

"ပြစ်ဒဏ်တွေ အလွန်အမင်း လျှော့ချခြင်းသည် ပြစ်မှုကျူးလွန်သူများအား အားပေးရာ ရောက်နေသည်ဆိုပြီး ပြစ်မှုပြင်ဆင်မှုဥပဒေအခန်းပုဒ်ထဲမှာ ဖတ်ဖူးပါတယ်။

"ဒါကြောင့် ဒီလိုတော့ မဖြစ်သင့်ဘူးလို့ ထင်ပါတယ်၊ ဒါပေမဲ့ သူတို့ကို အခုလို တရားစွဲခဲ့တာက တခြားလုပ်ငန်းရှင်တွေလည်း ကျွန်တော့်လို တုပလိမ်လည်တာ မခံရစေဖို့ စံပြအနေနဲ့ တရားစွဲခဲ့တာပါ"ဟု ဦးရဲမင်းအောင်က ပြောသည်။

ယင်းသို့ ပြစ်ဒဏ်များ လျှော့ပေါ့ချမှတ်ရာတွင် သူရဆယ်တင်ကို ထောင်ဒဏ် တစ်နှစ်အထိလည်းကောင်း၊ ထွန်းထွန်းနိုင်ကို ထောင်ဒဏ်တစ်နှစ်ခွဲနှင့် ဇော်မင်းဦးကို တစ်နှစ်အထိလည်းကောင်း ချမှတ်ခဲ့သည်။

အဆိုပါ အမိန့်ပြောင်းလဲပြင်ဆင်ချမှတ်ခြင်းနှင့်ပတ်သက်ပြီး တိုင်ကြားချက်များအပေါ် ထူးခြားမှုမရှိပါက ထပ်မံတိုင်ကြားမှုများ ပြုလုပ်သွားမည်ဟု သိရသည်။

အထက်ပါ တရားပြိုင်သုံးဦးသည် ယခင်က ရာဇတံခွန်ကုမ္ပဏီတွင် ယုံကြည်အားကိုးသူများအဖြစ် လုပ်ကိုင်ခဲ့ဖူးပြီး ၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ကုမ္ပဏီပိုင်ငွေ ကျပ် ၈,၃၁၆,၁၅၀ ကို မိမိသဘောဆန္ဒအလျောက် ယူပြီး အလုပ်မှထွက်သွားကာ ယင်းငွေများဖြင့် ကမ္ဘာကျော်နှင့် သံဓား အမည်ပြောင်း၍ မူလအရည်အသွေးနှင့် တစ်ပုံစံတည်း ဓာတ်မြေဩဇာများ တုပပြုလုပ် ဖြန့်ဖြူးခဲ့သည်ဟု ဆိုသည်။ ■

နိုင်ငံခြားသားများ စည်းကမ်းနှင့် အညီ နေထိုင်ရေး ဆွေးနွေး

ဒင်ဆုဝေ

မန္တလေးတိုင်းဒေသကြီးတွင် နေထိုင်အလုပ်လုပ်ကြသော နိုင်ငံခြားသားများအား စည်းကမ်းနှင့်လိုက်လျောညီထွေစွာနေထိုင်ရေးနှင့် စနစ်တကျဖြစ်စေရေးအတွက် တာဝန်ခံအရာရှိများအား ခေါ်ယူတွေ့ဆုံခဲ့ကြောင်း တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဦးစီးမှူး ဦးသောင်းဇော်က ဆိုသည်။

၎င်းက သက်ဆိုင်သူများအား အုပ်စုလိုက်ဆွေးနွေးခဲ့ခြင်းမျိုး မဟုတ်ဘဲ တစ်ဦးချင်းသာ ခေါ်ယူတွေ့ဆုံပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

"မန္တလေးမှာ အလုပ်လုပ်ကိုင်နေကြတဲ့ နိုင်ငံခြားသား ရာဂဏန်းလောက်ရှိတယ်။ သူတို့ကို အလုပ်လုပ်ခွင့်ပြုထားကြတဲ့ မြန်မာလူမျိုးအရာရှိတွေကို ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ နိုင်ငံခြားသားတွေက ဒီမှာသတ္တုတွင်းလိုနေရာမျိုး၊ အထပ်သားစက်ရုံလိုနေရာမျိုး စတဲ့ နေရာမျိုးစုံမှာအလုပ်လုပ်ကြတယ်။ သူတို့ရဲ့ မြန်မာလူမျိုးတာဝန်ခံတွေကို အိုဗာဓတေးမဖြစ်စေဖို့၊ လူဝင်မှုကြီးကြပ်ရေးဌာနရဲ့ စည်းမျဉ်းစည်းကမ်းတွေ သိဖို့ရာ အတွက် ခေါ်ယူဆွေးနွေးအသိပေးခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ထို့ပြင် မြန်မာလူမျိုး ဧည့်လမ်းညွှန်များကလည်း တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်းတချို့ကို သိရှိရန် လိုအပ်ကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်။ ထို့အတွက် ဟိုတယ်ခရီးသွားလုပ်ငန်းနှင့် အဝတ်ပုံးပေါင်း ဆောင်ရွက်ခဲ့ကြောင်း ဦးသောင်းဇော်က ပြောသည်။

"တချို့ကိစ္စတွေမှာ နိုင်ငံခြားသားတွေ မသိလို့ သွားမိတာရှိမယ်။ အတူလိုက်ပို့တဲ့ မြန်မာကမသိလို့ လိုက်ပို့မိတာတွေလည်းရှိနိုင်တယ်။ အဲလိုဆိုရင် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးကိုလာရောက်မေးမြန်းနိုင်ပါတယ်။ ဘယ်လိုစည်းကမ်းတွေရှိတယ်။ ဘယ်နေရာတွေကဖြင့် မသွားရဘူး။ ဘယ်နေရာကဖြင့် သွားလို့ရတယ်စသဖြင့်ပေါ့။ တိုးဂိုက်တစ်ယောက် ဆိုရင် တားမြစ်တဲ့နေရာတစ်ခု ခေါ်သွားမိတဲ့အတွက် ထောင်ခြောက်လကျတာတွေ့ဖူးတယ်။ နိုင်ငံခြားသားကတော့ black list ထဲ စာရင်းသွင်းခံရပြီး ပြည်နှင်ဒဏ်ခံရရဲ့၊ ဒီက ထွက်သွားရရဲ့ပဲရှိတယ်။ အဲလိုဖြစ်ရပ်ရှိဖူးတယ်။ နောက်ပြီး ကိစ္စတစ်ခုက တရားအားထုတ်တဲ့ ဗီဇာနဲ့ ရောက်လာတဲ့နိုင်ငံခြားသားက စာပြမယ့်ကိစ္စတစ်ခုလည်း ဖြစ်ဖူးတယ်။ အဲလိုလုပ်လို့မရဘူး။ ဗီဇာ အမျိုးအစားရှိတယ်။ ကိုယ်က ဘာဗီဇာနဲ့ လာခဲ့တာလဲ။ နောက်ပြီး မြန်မာလူမျိုး ထုံးစံအတိုင်း ဧည့်ဝတ်ကျေချင်ကြတော့ အိမ်ကို ညအိပ်အလည်အပတ် ခေါ်တာမျိုးတွေ။ စတဲ့ ကိုယ်မသိတဲ့ အကြောင်းအရာတွေကို လူဝင်မှုကြီးကြပ်ရေးကို မေးမြန်းလို့ရပါတယ်"ဟု ၎င်းက အကျယ်တဝင့်ရှင်းပြသည်။ ■

ဘယ်လိုစည်းကမ်းတွေရှိတယ်။ ဘယ်နေရာတွေကဖြင့် မသွားရဘူး။ ဘယ်နေရာကဖြင့်


ဦးသိဟသောင်းရင်


မိုမိုလွင်


မဝေမုနဲလေးမြင့်

SR ၀၄


စော်ထက်အောင်နဲ့ကျော်ငေဟိန်း


ဝင်းလဲ့သူ















ပတ်ဝန်းကျင်ကောင်းမှာ နေချင်တဲ့သူတွေအတွက် မဟာအောင်မြေက နှစ်ထပ်တိုက်



အောင်ရဲသွင်
အိမ်ခြံမြေသတင်းထောက်

ဒီတစ်ပတ်တော့ ပတ်ဝန်းကျင်ကောင်းကောင်းမှာ မိသားစုဝင်များ အေးအေးချမ်းချမ်းနဲ့ နေချင်တဲ့သူတွေအတွက် မဟာအောင်မြေမြို့နယ်ထဲက နှစ်ထပ်တိုက်လေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီတိုက်အိမ်လေးက မန္တလေးမြို့ရဲ့ အစည်ကားဆုံးလမ်းမတွေမှာပါဝင်တဲ့ ၈၃ လမ်းမကြီးပေါ်မှာ တည်ရှိတာကြောင့် သွားရေးလာရေးအထူးလွယ်ကူပါတယ်။ ကိုယ့်ရဲ့မိသားစုတွေထဲမှာ ကလေးရှိနေတယ်ဆိုရင်လည်း တိုက်အိမ်လေးရဲ့မျက်နှာချင်းဆိုင်မှာ အထက်တန်းကျောင်းကြီးက အဆင်သင့်ရှိနေပြန်ပါသေးတယ်။ အိမ်ရှင်မတွေအနေနဲ့လည်း တစ်နေ့တာချက်ပြုတ်စားသောက်ဖို့အတွက် မန်းမြို့စျေးကြီးနဲ့ ညွှန့်ပေါင်းစျေးကြီးတွေ ရှိနေတာကြောင့် အဆင်ပြေစေပါတယ်။

ဒီနှစ်ထပ်တိုက်အိမ်လေးဟာ လက်ရှိဆောက်လုပ်ပြီးစီးစအနေအထား ဖြစ်တာကြောင့် ကိုယ့်စိတ်ကြိုက်အခန်းဖွဲ့စည်းမှုတွေ အတွင်းပိုင်းပြင်ဆင်မှုတွေ ပြန်လည်ပြုလုပ်နိုင်မှာဖြစ်ပါတယ်။


တိုက်အိမ်လေးရဲ့အကျယ်အဝန်းကတော့ ပေ (၄၅ × ၂၀) စတုရန်းပေ ၉၀၀ အကျယ်အဝန်းရှိပါတယ်။ လက်ရှိမှာ အိမ်အောက်ထပ်ကို အခန်းဖွဲ့စည်းထားခြင်းမရှိဘဲ ဟောတိုက်အနေအထား၊ ခန်းဖွင့်ဖြစ်တာကြောင့် မိမိစိတ်ကြိုက် ဧည့်ခန်းကျယ်ကြီးပဲလုပ်လုပ်၊ အိပ်ခန်းပဲ ဖွဲ့ဖွဲ့ အဆင်ပြေပါတယ်။ အိမ်သာနဲ့ ရေချိုးခန်းလည်း သီးခြားပါဝင်ပါတယ်။

အိမ်အပေါ်ထပ်ကို တက်သွားလိုက်ရင်ပဲ အိပ်ခန်းတစ်ခန်း ဖွဲ့စည်းပေးထားပါတယ်။ ကျန်တဲ့နေရာကိုလည်း မိမိစိတ်ကြိုက် ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ တစ်အိမ်လုံးကို ကြွေပြားခင်းထားပြီး အပြင်ဘက်အခြမ်းကို အဖြူရောင်ဆေးခြယ်ထားပါတယ်။ အိမ်အတွင်းပိုင်းကိုတော့ ခရမ်းရောင်သုတ်ထားပါတယ်။

အိမ်ရှေ့တံခါးမကြီးကိုလည်း စတီးတံခါးနဲ့ အလှဆင်ထားပြန်ပါသေးတယ်။ ဒီအိမ်လေးရဲ့အနေအထားကို ပြန်လည်သုံးသပ်မယ်ဆိုရင် အိမ်အဝင်လမ်းက အနည်းငယ်ကျဉ်းမြောင်းတာကလွဲရင် အိမ်အပြင်အဆင်၊ ပတ်ဝန်းကျင်အနေအထား၊ လမ်းအကွက်အကွင်းအနေအထားတွေက ပြောစရာမရှိအောင် ပြည့်စုံနေပါတယ်။

ဒါကြောင့် ရေမီးအပြည့်အစုံပါဝင်ပြီး နှစ် ၃၀ ဂရန် ရှိတဲ့ ဒီနှစ်ထပ်တိုက်အိမ်လေးကို စိတ်ဝင်စားတယ်ဆိုရင်တော့ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

ဆက်သွယ်ရန် - ၇၈၃ လမ်း၊ ၃၆ လမ်း × ၃၇ လမ်းကြား၊ ရတနာဘုံမိရပ်ကွက်အနောက်၊ မဟာအောင်မြေမြို့နယ်။
ဖုန်း - ၉-၆၈၁၈၉၃၆၆
စျေးနှုန်း - ကျပ်သိန်း ၁,၃၀၀ (အရောင်း)



အငြင်းပွားမှုတွေနဲ့သာ လူပ်ခတ်နေရတဲ့ မန္တလေးအိမ်ခြံမြေ

ဖြိုးဝေကျော်

အရောင်းအဝယ် ငြိမ်သက်နေခဲ့တဲ့ မန္တလေးမြို့ရဲ့ လူနေကျပါးသေးတဲ့ အပိုင်းတွေက အိမ်ခြံမြေစျေးကွက်ဟာ အငြင်းပွားမှုတွေနဲ့သာ လူပ်ခတ်နေရကြောင်း အိမ်ခြံမြေအကျိုးဆောင်တွေက ပြောပါတယ်။

စျေးကွက်မှာ အရောင်းအဝယ်ပါးလျနေခဲ့တာ နှစ်ချီကြာမြင့်ခဲ့ပြီဖြစ်တဲ့ မန္တလေးအိမ်ခြံမြေစျေးကွက်မှာ ဆူလွယ်နပ်လွယ် ငွေကစားနိုင်ဖို့ ရင်းနှီးမြှုပ်နှံကြရတဲ့ မြေလွတ်မြေကွက်လပ်အများစုရှိတဲ့အကွက်အကွင်းတွေဟာ စျေးကွက်လှုပ်ခတ်ရမယ့်အစား အငြင်းပွားမှုတွေနဲ့သာ လူပ်ခတ်နေရလို့ကိုယ်တွေ့ကြုံနေကြရတဲ့ ကာယကံရှင်တွေအနေနဲ့ ခေါင်းခြောက်စရာ အနေအထားဖြစ်နေတယ်လို့လည်း သိရပါတယ်။

မြေရာပိုင်ဆိုင်မှု အငြင်းပွားရတာတွေအနေနဲ့ အရင်ကလည်း ရှိတယ်ဆိုပေမယ့် ပြီးခဲ့တဲ့တစ်နှစ်ကျော်အတောအတွင်းကာလတွေမှာတော့ ပိုပြီးသိသာထင်ရှားလာတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့်ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် အတွင်း မြို့အရှေ့တောင်ဘက်ခြမ်းက မြို့ကွက်သစ်တွေဘက်မှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေက သက်သေပဲဖြစ်ပါတယ်။

ဖြစ်ပျက်ခဲ့တာတွေကလည်း ရှင်းရတာလက်ဝင်တဲ့ ထုနဲ့ထည်နဲ့ပြဿနာတွေပဲ ဖြစ်ပါတယ်။

အဲဒီထဲမှာ စည်ပင် သာယာအနေနဲ့ လန ၃၉ ချပြီးဖြစ်တဲ့ မြေနေရာတွေဖြစ်ကြောင်းနဲ့ အဲဒီနေရာတွေမှာရှိနေသူတွေကိုဖယ်ရှားဖို့ အကြောင်းကြားပြီးနောက်ပိုင်းမှာ ရှိနေတဲ့ အိမ်ခြေတွေကို စက်ယန္တရားသုံးပြီး ဖယ်ရှားခဲ့ရတဲ့ ပြဿနာတွေလည်း ရှိခဲ့ပါတယ်။

ဒီနေရာမှာ ဖယ်ရှားခံခဲ့ရသူတွေအနေနဲ့ မြေဝယ်ယူစဉ်က ရပ်ကွက်တာဝန်ရှိသူတွေ ပါဝင်ချုပ်ဆိုပေးထားတဲ့ စာချုပ်စာတမ်းတွေနဲ့ ဝယ်ထားတာဖြစ်လို့ ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားခဲ့ရတာတွေလည်းရှိသလို အခုအချိန်အထိ လက်စမသတ်နိုင်သေးတဲ့ ကိစ္စရပ်တွေလည်း ရှိနေပါသေးတယ်။

၂၀၁၂ ခုနှစ်အတွင်း မပြီးပြတ်သေးတဲ့ ပြဿနာတွေနဲ့ ၂၀၁၃ ခုနှစ်ကို ချင်းနင်းဝင်ရောက်ပြီးတဲ့နောက်ပိုင်းမှာ မြေရာအငြင်းပွားမှုကို ဆက်လက်ထင်ရှားစေတဲ့ကိစ္စရပ်ကတော့ မြေကွက်လွတ်တွေကို ခြံစည်းရိုးခတ်စေပြီး အိမ်ဆောက်ကြဖို့ သတ်မှတ်လိုက်တဲ့ကြေညာချက်ပါပဲ။

၂၀၁၃ နှစ်ဆန်း၊ ဇန်နဝါရီလအတွင်းမှာပဲ မန္တလေးမြို့တော် စည်ပင်သာယာကနေ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က ချထားပေးခဲ့တဲ့မြေကွက်တွေမှာ ခြံစည်းရိုးခတ်ပြီး အဆောက်အအုံဆောက်လုပ်ကြဖို့ ကြေညာလိုက်ပါတယ်။

ဒီနေရာမှာ အဲဒီမြေကွက်လွတ်တွေမှာ ခြံစည်းရိုးကို လာမယ့်မတ်လကုန်အတွင်း အပြီးသတ်ကာရံကြဖို့၊ အဆောက်အအုံတွေကိုတော့ ၂၀၁၃ ခုနှစ်အကုန်မှာ အပြီးသတ်ဆောက်လုပ်ကြဖို့သတ်မှတ်ပါတယ်။

မန္တလေးနေ့စဉ်သတင်းစာမှာ ထည့်သွင်းအသိပေးကြေညာလိုက်တဲ့ အဲဒီကြေညာချက်မှာ ခြံစည်းရိုးနဲ့ အဆောက်အအုံအမျိုးအစားဟာ ဘယ်လိုအမျိုးအစားဖြစ်ရမယ်လို့ မပါဝင်ပေမယ့် မတ်လမရောက်သေးမီ ခြံသွားခတ်ဖို့ စီစဉ်လာကြတာတွေကိုကြည့်ရင် မြေရာအရှုပ်အရှင်း ကိစ္စရပ်တွေအပေါ်မှာ အတော်အာရုံထား လာနေကြတယ်ဆိုတာကို မှန်းဆကြည့်နိုင်ပါတယ်။

စည်ပင်သာယာအနေနဲ့လည်း ဒီလို ခြံခတ်၊ အဆောက်အအုံဆောက်ဖို့ ကြေညာရတာက ခြံစည်းရိုးမကာ၊ အဆောက်အအုံမဆောက်ခြင်းကြောင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွေကို နှောင့်နှေးစေပြီး အများအမြင်မှာ တင့်တယ်မှုမရှိခြင်းနဲ့ ကျူးကျော်နေထိုင်သူတွေ ဝင်ရောက်နေထိုင်မှုကြောင့် အုပ်ချုပ်မှုဆိုင်ရာပြဿနာတွေ ဖြစ်ပေါ်လျက် ရှိခြင်းကြောင့်လို့ ဆိုပါတယ်။

ဒီကြေညာချက်ကြောင့် ခြံဝင်းခတ်ဖို့ သွားမှပဲ မြေရာအငြင်းပွားမှုတွေ ကြုံနေရတာကတော့ လတ်တလောမှာ အထူးသဖြင့် 'လလ' အပိုင်းတွေမှာဖြစ်တယ်လို့လည်း ကြားသိရပါတယ်။

မြေဂရန် လက်ဝယ်ရှိသူက ခြံဝင်းခတ်ဖို့သွားရာမှာ တစ်ဖက်ကလည်း သူတို့နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်လာတဲ့ မြေနေရာဖြစ်လို့ နစ်နာကြေးရမှ ဖယ်ပေးနိုင်မယ်ဆိုတဲ့ အငြင်းပွားမှုတွေ ဖြစ်နေပါတယ်။

၂၀၁၂ ခုနှစ်ရဲ့ မပြီးပြတ်သေးတဲ့ မြေရာပိုင်ဆိုင်ခွင့် တစ်ပိုင်းတစ်စ ပြဿနာတွေနဲ့အတူ ၂၀၁၃ ခုနှစ်ကို ကူးလာခဲ့တဲ့လက်ရှိအဖြစ်အပျက်တွေမှာ စည်ပင်သာယာက ဘယ်လိုဆက်ပြီး ကိုင်တွယ်သွားမှာလဲ ဆိုတာကတော့ အိမ်မြေစျေးကွက်နဲ့ သက်ဆိုင်သူအားလုံးအတွက် စိတ်ဝင်စားစွာ စောင့်ကြည့်နေကြရတဲ့ကိစ္စတစ်ခု ဖြစ်လာပါပြီ။ ■



မန္တလေးမြို့ အရှေ့တောင်ဘက် စွန်းရှိ မြေလွတ်အများစုရှိနေသော အိမ်မြေအကွက်အကွင်းတစ်ခုကိုတွေ့စဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

UPPER MYANMAR
www.mmtimes.com
jrefmjynftxufykdowif;8

LS SPA ပွဲ


တက်ရောက်လာသူများ


မယ်လိုဒီ


မဝါ၊ မဆွေနဲ့ဒေါ်ခင်ဝေဝေ


ကိုနိုင်မင်းဆွေနဲ့မယဉ်မျိုးသီ


ရတနာပုံ


ရွှေဝါလွင် စီစဉ်သည်

ဒီတစ်ပတ်ရဲ့ ဆိုရှယ်ခရီးစဉ်လေးကို Okkar Thiri Company Limited ကကျင်းပတဲ့ကုန်ပစ္စည်းအရောင်းမြှင့်တင်ပွဲလေးနဲ့ စတင်လိုက်ပါတယ်။ ဒီပွဲလေးနောက်ပိုင်းသွားဖြစ်ခဲ့တာကတော့ ကိုမြင့်ကျော်နဲ့ မခင်လှဝင်းတို့ရဲ့မင်္ဂလာည့်ခံပွဲလေးပါပဲရှင့်။ ပြောင်းလဲ တိုးတက်နေတဲ့ ခေတ်ထဲမှာပညာရေးကလည်း အရေးပါတဲ့အခန်းကဏ္ဍတစ်ခုကနေပါဝင်ပါတယ်။အဲဒါကြောင့် SR World Education ကကျင်းပတဲ့ နိုင်ငံတကာပညာရေးပြပွဲကိုလည်း သွားရောက်ခဲ့ပြီး လူငယ်တွေအတွက်လက်လွှတ်မခံသင့်တဲ့အခွင့်အရေးဖြစ်တဲ့Study In Japan ကကျင်းပတဲ့ ကျောင်းမိတ်ဆက်ပွဲလေး ကိုလည်းတက်ရောက်ဖြစ်ခဲ့ပါတယ်။အလှအပအတွက်ဆိုရင် အသားအရေ ကောင်းခြင်းကလည်း ကောင်းခြင်းပါး ဖြာထဲမှာတစ်ပါး အပါအဝင်ပါပဲရှင့်။ ဒါကြောင့်မို့လို့လည်း LS Spa ဖွင့်ပွဲနဲ့ Smart Skin Center ဖွင့်ပွဲတွေကိုလည်း မဖြစ်မနေ တက်ရောက်ခဲ့ပါတယ်။ စနေနေ့က ဟိုတယ်မန္တလေးမှာ ကျင်းပခဲ့တဲ့ ရှစ်ကြိမ်မြောက် စင်ကာပူအိမ်ရာ အရောင်းပြပွဲကိုလည်း တက်ရောက်ခဲ့ပါတယ်။ နောက်ဆုံးသွားဖြစ်တဲ့ပွဲလေးကတော့ အေးမြနဒီအထူးကုဆေးခန်းဖွင့် ပွဲလေးဖြစ်ပါတယ်ရှင့်။အဲဒီပွဲက ပုံလေးတွေကို ဖော်ပြရင်း ဒီတစ်ပတ်အတွက် ဆိုရှယ်ပရိသတ်ကြီးကိုနှုတ်ဆက်လိုက်ပါတယ်နော်။

Better Life ပွဲ


ဦးကျော်မင်းထင်

8th Singapore Property Exhibition ပွဲ


တက်ရောက်လာသူများ


မမေသူ


မင်္ဂလာည့်ခံပွဲ


ကိုမြင့်ကျော်နဲ့မခင်လှဝင်း


ဦးသန်းအောင်နဲ့ဒေါ်ကြည်ဝင်း


ဦးအေးမောင်နဲ့ဒေါ်ခင်အေးမြင့်


နေဝင်းအောင်နဲ့မမူရူသင်း


စုစု

အေးမြနဒီပွဲ


အေးချမ်းဖြိုးနဲ့ Dr. သန္တာဆွေ


ဒေါ်ခင်စုနဲ့ဦးကျော်ဆန်းလွင်


Mr. Funaki



Dr. ခင်သိဂီလှမောင်


Ms Tomomi နဲ့ မဆွေဆွေဝင်း


Dr. မေဖြိုး


လှမြတ်သွယ်


Dr. သူရိန်



Smart Skin ပွဲ


ဒေါ်စိန်စိန်မြတ်နဲ့ဦးခင်ကျော်



ကိုမင်းမင်းဦး


မယ်လိုဒီ


တက်ရောက်လာသူများ

မငြိမ်းငြိမ်းအေး

De Lorenzo ပွဲ



ဦးညီညီနိုင်


ကိုဝဏ္ဏစိုး


ကိုရဲကျော်စွာ


ကိုဇင်ဝေဖြိုး




မဖြိုးဝေသောင်း

ဒုတိယအကြိမ် ဒေသတွင်း ဆွေးနွေးပွဲအပြီးတွင် အင်းသူအင်းသားများ အများပိုင်ကုမ္ပဏီထောင်

ခင်ဆုဝေ



ယခုလ ၁၅ ရက်က ဒုတိယအကြိမ် အင်းသူအင်းသားများ၏ ဒေသတွင်းဆွေးနွေးပွဲကို ကျင်းပကြစဉ်။ ဓာတ်ပုံ - ခင်ဆုဝေ

အင်းလေးဒေသတွင်း အများပိုင်ဟိုတယ်နှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းစုဖြစ်မြောက်ရေးအတွက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကကျင်းပခဲ့သည့် ဒုတိယအကြိမ်ဒေသတွင်းဆွေးနွေးပွဲအပြီးဌာ အများပိုင်ကုမ္ပဏီထူထောင်ရန်ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါကုမ္ပဏီဖြစ်မြောက်ရေးကနဦးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ရှယ်ယာတစ်ယူနစ်လျှင်ကျပ် သုံးသိန်းသတ်မှတ်၍ ရှယ်ယာရှင် ၅၀ ဦးပါဝင်နိုင်မည့် အများပိုင်ကုမ္ပဏီတစ်ခုကို ထူထောင်ရန် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ထိုနေ့ အခမ်းအနားတွင်မူ ကနဦးကော်မတီက ဆွေးနွေးပွဲ တက်ရောက်လာသူများကို တစ်ယူနစ်လျှင် သုံးသိန်းသတ်မှတ်ထားသော ရှယ်ယာများ ထည့်ဝင်ရန် ဖိတ်ခေါ်ခဲ့ရာ လုပ်ငန်းရှင် ၄၁ ဦးက စာရင်းပေးသွင်းခဲ့ကြသည်။

"ပထမအကြိမ် အစည်းအဝေးကို ကျွန်တော် မတက်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အင်းသူအင်းသားတွေ အများပိုင်ကုမ္ပဏီထူထောင်ဖို့ ကြိုးစားနေတာ ကြားရတဲ့အခါ ဝမ်းမြောက်ပါတယ်။ အင်းသူအင်းသားတွေဟာ တောင်ကြီး၊ ရန်ကုန်စသဖြင့်နေရာအနှံ့မှာ ပြန့်နေပါတယ်။ ကိုယ့်အင်းသားစိတ်နဲ့ ခုလို ကြိုးစားကြတာ အရမ်းဝမ်းမြောက်ပါတယ်။ တစ်ဦးနဲ့တစ်ဦး စည်းလုံးစာနာသစ္စာ အရင်းခံပြီး အင်းသူအင်းသားတိုင်း ပါဝင်နိုင်တဲ့ အခွင့်အလမ်းတွေကို ဆွေးနွေးကြဖို့ အကြံပြုလိုပါတယ်"ဟု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးအောင်ကြည်ဝင်းက အခမ်းအနားသို့ ပြောကြားသည်။

အင်းစာပေနှင့် ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးသက်ထွန်းကလည်း "အင်းသားတွေက လူညီမဟုတ်ပါဘူး။ တော်ပါတယ်။ ဘယ်နေရာမှာ တော်သလဲဆိုရင် စီးပွားရေး၊ ပညာရေးမှာ တော်တယ်။ တစ်ဦးချင်းပဲ တော်နေတာ။ ချိတ်ဆက်ပြီး မတော်ကြဘူး။ အဲဒါအားနည်းနေတယ်" ဟု ပြောသည်။

ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးထွန်းအောင်ကလည်း အင်းလေးကိုယ်စားပြု ပေါ်ထွန်းလာသည့်အတွက် လုပ်သင့်လုပ်ထိုက်သည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း ပြောသည်။

"၂၀၁၁-၁၂ မှာ အင်းလေးကန်မှာ နိုင်ငံခြား ခရီးသွားဧည့်သည် ရှစ်သောင်းကျော်ဝင်တယ်။ ၂၀၁၂ အကုန်မှာ တစ်သိန်းကျော် ဝင်ခဲ့တယ်။ နောင်နှစ်တွေမှာ နှစ်သိန်းကျော်ဝင်မယ်လို့ မှန်းထားတယ်။ အဲဒီတော့ အင်းသားတွေ ဘာတွေ ပြင်ဆင်ကြမလဲ"ဟု ဒေါက်တာထွန်းအောင်က ပြောသည်။

မြန်မာစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကျော်မိုးကလည်း ငွေကြေးအတွက် မဟုတ်သော်ငြားလည်း တာဝန်ယူမှုအတွက် အင်းလေးဒေသတွင်း အင်းသားများပိုင် ခရီးသွားလုပ်ငန်းစု မဖြစ်ဖြစ် အောင်လုပ်ရမည်ဟု ပြောသည်။

အင်းလေးဒေသတွင် ဟိုတယ်နှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်း အလိုက် ပိုင်ဆိုင်မှုများ၌ ဒေသခံတိုင်းရင်းသားများပိုင်လုပ်ငန်းများမှာ ၁၀ ရာခိုင်နှုန်းခန့် သာရှိပြီး ကျန် ၉၀ ရာခိုင်နှုန်း ကိုအခြား ဒေသများမှ လာရောက် လုပ်ကိုင်ကြခြင်း ဖြစ်သည်။

ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ ဟိုတယ်၊ မိုတယ်၊ အင်း အများစုမှာ အင်းသားပိုင်ဆိုင်မှု နည်းပါးပြီး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများ၏ ၇၅ ရာခိုင်နှုန်းကိုလည်း အင်းသားမဟုတ်သော အခြား လုပ်ငန်းရှင်များက ချုပ်ကိုင်ထားကြောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းခွင်နေရာများတွင် ဒေသခံတိုင်းရင်းသားများ ရရှိမှု နည်းကြောင်း သိရသည်။

ခရီးသွားများ စိတ်ဝင်စားမှုအများဆုံး ဖြစ်သည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသတွင် အင်းသူအင်းသားများ နေထိုင်သည့် ရွာပေါင်း ၄၀၀ ကျော် ရှိသည်။ ■

ဆွဲကြိုးယူပြေးသူ ၁၀ နာရီအတွင်း ဖမ်းဆီးနိုင်

မကွေးမြို့၊ ကန်သာစျေးနှင့် မျက်နှာချင်းဆိုင်ရှိ ဆိုင်ရှင်ဦးသူရစိုး၏ ဇမ္ဗူရာဇ်ရွှေဆိုင်မှရွှေဆွဲကြိုးများကို ဖေဖော်ဝါရီ ၂၄ ရက်နေ့ နေ့လယ် ၁ နာရီက ဆွဲယူထွက်ပြေးသူအား ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဆိုင်သို့အမည်မသိလူတစ်ဦး ရွှေဝယ်မည်ပြော၍ အရောင်းစာရေးမက ရွှေဆွဲကြိုး ၆ ကုံး ထုတ်ပြရာ မကြိုက်သေး၍ အခြားဆွဲကြိုးများပြသပေးရန် ပြောဆိုသဖြင့် မိန်းကလေးက ကောင်တာအတွင်းမှယူနေစဉ် လူငယ်က ရွှေဆွဲကြိုး ၆ကုံးကိုယူပြေးရာ ကာလတန်ဖိုး ၂၈သိန်း ၃ သောင်းခန့်ရှိရွှေ ၄ ကျပ်သားကျော် ပါသွားကြောင်း ဆိုင်ရှင်ဦးသူရစိုးက သက်ဆိုင်ရာရဲစခန်းသို့တိုင်တန်းသဖြင့် မကွေးမြို့၊ မြို့မရဲစခန်းက (ပ) ၄၁/၁၃၊ ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့်ကာ အမြန်ဆုံးဖမ်းဆီး၍ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ကြိုးပမ်းခဲ့သည်။

CCTV ကင်မရာမှပုံများအရ ၎င်းလူငယ်မှာ ချမ်းမြေ့သာယာရပ်ကွက်နေ ဝင်းမင်းလတ်ဆိုသူဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ရာ ပြစ်မှုကျူးလွန်သူအား ၁၀ နာရီအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ရွှေဆွဲကြိုး ၆ ကုံးအနက် ၁ ကုံးကို အမိန့်ရအပေါင်ဆိုင်တွင် ကျပ် ၃ သိန်းခွဲဖြင့် ပေါင်နှံထားကြောင်းနှင့် ကျန်ဆွဲကြိုးများကို ၎င်းနေအိမ်အိပ်ခန်းအဝတ်ခြင်းထဲမှ သိမ်းဆည်းရမိခဲ့ကြောင်း၊ ၎င်းနှင့်အတူ ဆိုင်ကယ်နှင့်စောင့်နေသူမှာ တင်ဇာထွန်း(ခ)ဇာကြီး (၂၃) နှစ် ဖြစ်ကြောင်း သိရှိရပြီး နောက်နေ့ညနေ ၄ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုအမှုအား ခိုင်မာစွာတည်ဆောက်၍ အမြန်ဆုံးတရားစွဲဆိုတင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

စောလှနွယ်(မကွေး) ■

တစ်ပတ်အတွင်း သတင်းတိုထွာ

တိုင်းဒေသကြီး လွှတ်တော်ခုံနဲ့ ခန်းမ ခြံဝင်းတံတိုင်းခတ်ရန် လုပ်ဆောင်မှုဟာ ပွင့်လင်းမြင်သာမှုမရှိလို့ တောင်သူများ ကန့်ကွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အိုးဘိုတောင်ရပ်ကွက်ရှိ လယ်ယာမြေတွေပေါ်မှာ တိုင်းဒေသကြီး လွှတ်တော်ခန်းမနဲ့ လွှတ်တော်ခုံး ဆောက်လုပ်ဖို့ လျာထားတဲ့ နေရာမှာ ခြံတံခါးခတ်ရန် မြေကျင်းများတူးဖော်နေရာ မြေပိုင်ရှင်တောင်သူများက ပွင့်လင်းမြင်သာမှုမရှိတဲ့အတွက် တိုင်းဒေသကြီးအစိုးရဝန်ကြီး အိမ်ရာအနီး လယ်ယာမြေများပေါ်မှာ ၁၆-၂-၂၀၁၃ ရက်က တောင်သူလယ်သမား ၅၀



ကျော် ကန့်ကွက်တားဆီးခဲ့တယ်လို့ သိရကြောင်း ဖေဖော်ဝါရီလ ၂၇ ရက် နေ့ထုတ် မြနန္ဒာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။

ဆီဆိုင်ဖွင့်လှစ်ဖို့ ရပ်ကွက်နေ ပြည်သူများ ထိုးမြဲလက်မှတ်များကို လိမ်လည်ရယူသွားသည့် အပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားရန်နှင့် ကန့်ကွက်ကြောင်း နှဖော်ထုတ်ရန်စီစဉ်နေ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အတွင်း တရားဝင်စက်သုံးဆီဆိုင်ကြီး အဖြစ် လုပ်ဆောင်နိုင်ရန် အဆိုပါ ဆိုင်ပတ်ဝန်းကျင်ရှိ ရပ်ကွက်နေပြည်သူတို့၏ သဘောတူထောက်ခံချက်ဟု ဆိုကာ ထိုးမြဲလက်မှတ်များကို လိမ်လည် ရယူသွားသော အကွက် တာဝန်ခံအား ၎င်းတို့အပေါ်လိမ်လည်ပြီး ထိုးမြဲလက်မှတ်များ ရယူသွားခြင်း တို့အတွက် ဥပဒေအရ အရေးယူ ဆောင်ရွက် လုပ် ဆောင်သွားမည်ဟု ဆိုကြောင်း ဖေဖော် ဝါရီလ ၂၁ ရက် ထုတ် အထက်မြန်မာသတင်း ဂျာနယ်မှာ ဖော်ပြထားပါတယ်။

လက်ပန်တောင်းတောင်တောင်သူလယ်သမားများညီလာခံကို ဆည်တည်းကျေးရွာမှာ ကျင်းပ

လက်ပန်တောင်းတောင်ဒေသ တောင်သူလယ်သမားများညီလာခံကို လက်ပန်တောင်းတောင်ခြေအနီးရှိ ဆည်တည်းကျေးရွာမှာ ၁၇-၂-၂၀၁၃ ရက်က ကျင်းပခဲ့ရာ ဒေသခံလူထုအင်အား ၁,၀၀၀ ကျော်တက်ရောက်ခဲ့ပြီး ဒေသခံတောင်သူလယ်သမားများရဲ့ လက်ပန်တောင်းတောင် ကြေးနီစီမံကိန်း လုံးဝဖျက်သိမ်းရေး မီးလောင်ပုံးများ ဖြ-ဉ် အကြမ်းဖက်ဖြိုခွင်းမှုမှာ ပါဝင်တဲ့ အဓိကတရားခံများကို အရေးယူပေးရေးနဲ့ ပြည်သူ့ဆန္ဒကို လေးစားရေး အဆိုတင်သွင်းမှုများကို တစ်ခဲနက် ထောက်ခံခဲ့တယ်လို့သိရကြောင်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် မြနန္ဒာသတင်းဂျာနယ်မှာ ဖော်ပြထားပါတယ်။ ■

မန္တလေးခရိုင်အတွင်း ဇန်နဝါရီ၌ ယာဉ်တိုက်မှု ၃၂ မှုဖြစ်ပွားခဲ့

သန်းနိုင်စိုး

မန္တလေးခရိုင်အတွင်း ဇန်နဝါရီလ၌ ယာဉ်တိုက်မှု ၃၂ မှုဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ခွဲထံမှ စုံစမ်းသိရှိရသည်။

"ယာဉ်တိုက်မှု ၃၂ မှုဖြစ်ပွားခဲ့ရာမှာ သေဆုံးသူ ၂၁ ဦးနဲ့ ဒဏ်ရာရသူ ၂၂ ဦး ရှိခဲ့ပါတယ်။ ဒီနှစ် ဇန်နဝါရီလရဲ့ ယာဉ်တိုက်မှုကတော့ လျော့ကျသွားတယ်လို့ ပြောလို့ရပါတယ်။

"ဘာလို့လဲဆိုတော့ မနှစ်ဇန်နဝါရီလတုန်းက ယာဉ်တိုက်မှု ၄၂ မှုဖြစ်ပွားခဲ့တယ်။ ဒါပေမဲ့ သေဆုံးမှုနှုန်းကတော့ မနှစ်ကထက်များတယ်"ဟု အဆိုပါယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများတွင် ကားပါဝင်သော ယာဉ်တိုက်မှုထက် ဆိုင်ကယ်ပါဝင်သော ယာဉ်တိုက်မှုက ပိုမိုများပြားကြောင်း၊ ကားပါဝင်သော ယာဉ်တိုက်မှု ၁၁ မှုတွင် သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရသူ ကိုးဦး၊ ဆိုင်ကယ်ပါဝင်သောယာဉ်တိုက်မှု ၂၁ မှုတွင် သေဆုံးသူ ၁၄ ဦးနှင့် ဒဏ်ရာရသူ ၁၃ ဦးရှိသည်ဟု သိရသည်။

"ယာဉ်တိုက်မှုတွေက ညအချိန်မှာ ဖြစ်တာများတယ်။ အထူးသဖြင့် ညနေ ၆ နာရီနဲ့ည ၁၂ နာရီကြားမှာ အဖြစ်များတယ်။ ဖြစ်လိုက်ရင်လည်း မဆင်မခြင် မောင်းနှင်မှုကြောင့် ဖြစ်တာများတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မန္တလေးခရိုင်အတွင်းရှိ ခုနစ်မြို့နယ်၌ ဖြစ်ပွားသော ယာဉ်တိုက်မှုအမျိုးအစားများတွင် မဆင်မခြင်မောင်းနှင်မှု ၁၂ မှု၊ အရှိန်ပြင်းမောင်းနှင်မှု ရှစ်မှု၊ ယာဉ်မောင်းမကျွမ်းကျင်မှုကိုးမှု၊ မူးယစ်မောင်းနှင်မှုတစ်မှုနှင့် အခြားယာဉ်ပေါ့ဆမှု နှစ်မှုတို့ဖြစ်ကြောင်း၊ ခရီးသည်ပေါ့ဆမှု၊ စက်ကိရိယာချို့ယွင်းမှု၊ ရာသီဥတုစသည့်အချက်များကြောင့်လည်း ယာဉ်တိုက်မှုများ ဖြစ်ပွားနိုင်ကြောင်းသိရသည်။

"မန္တလေးမှာ ဆိုင်ကယ်စီးရေကနှစ်ယောက်ကို တစ်စီးနှုန်းနီးပါးရှိလာ

မန္တလေးအထူးကဏ္ဍ ၈ သို့

MANDALAY EXTRA
www.mmtimes.com
rEÅv;owifjtxlu@ c

စာပေစျေးကွက်ကဏ္ဍ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်ကြမှာလဲ

ဖြိုးဝေဇော်

စစ်မှန်တဲ့ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ အဓိကအကျဆုံးအသက်ဝိညာဉ်လို့ဆိုရမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့စပ်လျဉ်းပြီး လေ့လာပိုင်းခြား၊ လက်တွေ့လုပ်ဆောင်နိုင်မယ့်အချက်တွေကိုတင်ပြထားတဲ့ မောင်ကိုနို (တရားရုံးချုပ်ရှေ့နေ)ရဲ့ စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တဲ့အကြောင်းအရာတွေရှိနေကြောင်းကို နိုင်ငံသူ နိုင်ငံသားတွေ၊ ဥပဒေပညာရှင်တွေ၊ နိုင်ငံရေးအသိုင်းအဝိုင်းတွေကြားမှာ ဆွေးနွေးပြောဆိုသံတွေ လှိုင်လှိုင်ထနေခဲ့တာကို အားလုံးသိကြပါတယ်။

ဒီစာအုပ်မှာ နိုင်ငံရဲ့အဓိကကျတဲ့ အဲဒီဥပဒေရဲ့အရေးပါမှုတွေအပေါ် ချဉ်းကပ်သုံးသပ်မှုတွေနဲ့အတူ ဒီအခြေခံဥပဒေကြီးကိုပြင်တဲ့အခါမှာ တရားဥပဒေရှုထောင့်ကသာ ပြင်ဖို့ပြောနေတာမဟုတ်ဘဲ နိုင်ငံရေးရှုထောင့်၊ ယုတ္တိဗေဒရှုထောင့် စတဲ့ရှုထောင့်အမျိုးမျိုးကနေသုံးသပ်တင်ပြထားတာကြောင့် နိုင်ငံသားတိုင်း မလွတ်တမ်းဖတ်ရှုလေ့လာသင့်တဲ့ စာအုပ်တစ်အုပ်ဖြစ်ကြောင်း ဆိုပါရစေ။

“၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်လိုအပ်ပါသလား။ အထက်ဖော်ပြပါ မေးခွန်းအပေါ် ကျွန်တော့်အနေဖြင့် ပြင်ဆင်ရန်လိုအပ်ပါသည်ဟု နိုင်ငံအကျိုးကိုရှေးရှု၍ ရိုးသားစွာ တင်ပြလိုပါသည်”ဆိုတဲ့ စာရေးသူရဲ့ စာအုပ်အဖွင့်အမှာကစပြီး စာဖတ်သူရဲ့အာရုံကို နှိုးဆွပေးပါလိမ့်မယ်။

စာအုပ်မှာအခန်း ၁၁ ခန်းခွဲခြားဖော်ပြထားပါတယ်။ အစဉ်လိုက်ဖော်ပြရရင် ‘ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးနှင့် အခြေခံသဘောတရားများ’၊ ‘မြန်မာနိုင်ငံအတွင်း ရှိခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံများ’၊ ‘မြန်မာနိုင်ငံအတွင်း ရှိခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများပါ နိုင်ငံတော်အခြေခံမူများကို နှိုင်းယှဉ်လေ့လာခြင်း’၊ ‘နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့်စနစ်များ’၊ ‘ဥပဒေပြုရေး’ နဲ့ ‘အုပ်ချုပ်ရေး’တို့ ပါဝင်ထားပါတယ်။

နောက်ပိုင်းအခန်းတွေအနေနဲ့ ‘တရားစီရင်ရေး’၊ ‘ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တပ်မတော်၏အခန်းကဏ္ဍ’၊ ‘အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များကို လေ့လာခြင်း’၊ ‘ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး’နဲ့ ‘၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အထွေထွေသုံးသပ်ချက်’ တို့ကိုလေ့လာဖတ်ရှုရမှာပါ။

ဒီအခန်းခေါင်းစဉ်တွေကို ကြည့်လိုက်တာနဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး စိတ်ကျေနပ်ဖွယ်လေ့လာခွင့်ရနိုင်မယ်ဆိုတာကို မှန်းဆနိုင်ပါတယ်။ အခန်းတိုင်းရဲ့ခေါင်းစဉ်ခွဲတွေအောက်က အကြောင်းအရာတွေကို ဖတ်တဲ့အခါ ပိုပြည့်စုံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဥပဒေဆိုင်ရာစံချိန်စံညွှန်းတွေ၊ ဒီမိုကရေစီနိုင်ငံရေးဆိုင်ရာစံချိန်စံညွှန်းတွေ၊ ယုတ္တိဗေဒသဘောတရားဆိုင်ရာ စံချိန်စံညွှန်းတွေနဲ့ ညီညွတ်ဖို့လိုအပ်သလို နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံသားအများစုရဲ့ဆန္ဒအပေါ် အခြေခံပြီး ရေးသားပြဋ္ဌာန်းမှသာ တရားမျှတသဘာဝကျမယ်ဆိုတဲ့သဘောတရားကို ပိုပြီးပြက်ပြက်ထင်ထင် သဘောပေါက်စေပါလိမ့်မယ်။

စာအုပ်မှာပါဝင်တဲ့ အခန်း ၁၁ ခန်းအောက်က အကြောင်းအရာတွေကလည်း စိတ်ဝင်စားစရာဖြစ်လို့ ခေါင်းစဉ်တိုင်းကို ဖော်ပြလိုက်ပါတယ်။ ‘ကာကွယ်ရေးဦးစီးချုပ်အား အာဏာလွှဲပြောင်းပေးခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များ’၊ ‘ပြင်ဆင်ရန်ခက်ခဲသော ဥပဒေများနှင့် လွှယ်ကူသောအခြေခံဥပဒေများ’၊ ‘၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်နည်းလမ်း’၊ ‘၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်နည်းလမ်း’၊ ‘၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပြည်သူတို့၏ အခန်းကဏ္ဍ’၊ ‘ပြင်ဆင်ရန်ခက်ခဲလျှင် ဆောင်ရွက်ရန်နည်းလမ်း’ စတာတွေကို တွေ့ရမှာပါ။



ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်အောင်တက်နေကြရတဲ့ အခုလိုကာလမှာ ဒီမိုကရေစီအစစ်အမှန်ကို လိုလားတဲ့ အရွယ်ရောက်သူမြန်မာနိုင်ငံသားတိုင်း၊ မဝေးတော့တဲ့ နောက်ထပ်ရွေးကောက်ပွဲကာလမှာ ပါဝင်စီးမျောခွင့်ရဦးမယ့် နိုင်ငံသားတိုင်းအတွက် အကျိုးကျေးဇူးရှိမယ့်ဒီစာအုပ်ကို ရွေဟာသ်စာပေကနေ ၂၀၁၃၊ ဇန်နဝါရီလမှာ အုပ်ရေ ၂,၀၀၀ ထုတ်ဝေပြီး တန်ဖိုး ကျပ် ၂,၀၀၀ ဖြစ်ပါတယ်။ ■

မန္တလေးခရိုင်အတွင်း ဇန်နဝါရီ၌ ယာဉ်တိုက်မှု . . .

မန္တလေးအထူးကဏ္ဍ က မှ

တယ်။ ဆိုင်ကယ်စီးရေများလာတာနဲ့အမျှ အပြင်ထွက်ရင်တထိတ်ထိတ်နဲ့ သွားလာနေရတယ်။ ဘယ်အချိန်များကိုယ့်ကိုဝင်တိုက်မလဲလို့။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းတော့ နေ့စဉ်လိုလိုယာဉ်တိုက်မှုတွေကိုမြင်နေရတယ်။ ရပ်၊ကြည့်၊ သွားရမယ့်နေရာတွေမှာ အရှိန်မလျှော့ဘဲဖြတ်တာ၊ ကွေ့တာတွေ လုပ်ကြတယ်။ မြို့တွင်းသတ်မှတ်မိုင်နှုန်းထက် ပိုမောင်းကြတယ်။ လမ်းလုကြတယ်။ ဒီတော့ ယာဉ်တိုက်မှုတွေကို တွေ့နေရဦးမှာပဲ။ တစ်ဦးက ပြောသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ

ကြေးမုံဝင်း

ဒီတစ်ပတ်ကတော့ ကုန်ပစ္စည်းမိတ် ဆက်ကဏ္ဍမှာ တစ်ခါမှ မဖော်ပြဖူးတဲ့ ပစ္စည်းအမျိုးအစားတစ်ခုနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ နာမည်ကြီး အမှတ်တံဆိပ်တွေကိုမှန်သက်တတ်ပြီး ရေမွှေးကို စွဲစွဲမြဲမြဲသုံးတတ်တဲ့ စာဖတ်ပရိသတ်တွေအတွက်ပါ။



RALPH LAUREN

Polo ကုမ္ပဏီကထုတ်တဲ့ Ralph Lauren တံဆိပ်ပါ။ အမျိုးသားသုံးဖြစ်ပြီး အနံ့လေးမျိုးရှိပါတယ်။ အနံ့တွေက နံပါတ်အလိုက် (၁) ကနေ (၄) အထိရှိပြီး အရွယ်အစားကတော့ 100 ml ပါ။ USA made ဖြစ်ပြီး ဈေးနှုန်းက ကျပ် ၁၂၃,၀၀၀ ဖြစ်ပါတယ်။

BVLGARI

ပြင်သစ်ရေမွှေး အမှတ်တံဆိပ် BVLGARI ကို မသိတဲ့လူ မရှိသလောက်နည်းပါလိမ့်မယ်။ အဲဒီတံဆိပ်ထဲကမှ အမျိုးသားသုံး Aqva အမျိုးအစားနဲ့ အမျိုးသမီးသုံး Rose Essential အမျိုးအစားနဲ့ မိတ်ဆက်ပေးမှာပါ။ အမျိုးသားသုံးက အစိမ်းပုပ်ရောင်ဖြစ်ပြီး အမျိုးသမီးသုံးက ပန်းနုရောင်ဖြစ်ပါတယ်။ နှစ်မျိုးစလုံးကို 100 ml အရွယ်အစားနဲ့ ရနိုင်ပြီး ဈေးနှုန်းက ကျပ် ၆၅,၀၀၀ (Aqva) နဲ့ ကျပ် ၇၅,၀၀၀ (Rose Essential) ဖြစ်ပါတယ်။



CKIN2U

CK အမှတ်တံဆိပ် ပြင်သစ်ရေမွှေးရဲ့ အမျိုးအစားတစ်ခုပါ။ အပြာရောင်က အမျိုးသားသုံး (him)နဲ့အဝါရောင်က အမျိုးသမီးသုံး (her) ဖြစ်ပါတယ်။ ဈေးနှုန်းက ၅၂,၀၀၀ ဖြစ်ပြီး အရွယ်က 100ml ပါ။



CHANCE CHANEL

ဒါကလည်း နာမည်ကြီး CHANEL အမှတ်တံဆိပ်ရဲ့ CHANCE အမျိုးအစားပါ။ အမျိုးသမီးသုံးဖြစ်ပြီး အရောင်က ပန်းရောင်ဖြစ်ပါတယ်။ အနံ့သိပ်မပြင်းတဲ့ edp အမျိုးအစားဖြစ်ပြီး USA made ပါ။ ဈေးနှုန်းက 100ml ကို ကျပ် ၁၄၇,၀၀၀ ဖြစ်ပါတယ်။



မန္တလေးအထူးကဏ္ဍ ဂ သို့





မိုးပွင့်စိမံချက် ၅ ဧပြီလတွင် စတင်မည်

ခင်ဆုဝေ



ယခင်မိုးပွင့်စိမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးစဉ်။ ဓာတ်ပုံ - စည်သူလွင်

မန္တလေးတိုင်းဒေသကြီးတွင် မိုးပွင့်စိမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်းနှစ်သောင်းကျော် ထုတ်ပေးရန် လျာထားကာ ယခင်မိုးပွင့်စိမံချက်နှင့် မတူဘဲ ဖိတ်ခေါ်သည့်မြို့နယ်၊ ရပ်ကွက်များကို ဦးစားပေးဆောင်ရွက်ပေးမည့် မိုးပွင့်၅စီမံချက်ကို ဧပြီလတွင် စတင်မည်ဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းဇော်က ပြောသည်။

"မှတ်ပုံတင်လုပ်ဖို့ ဖိတ်ခေါ်တဲ့နေရာတွေကို အဓိကဦးစားပေးလုပ်သွားပါမယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ပေးမယ့်ဝန်ထမ်းတွေ ညအိပ်နားဖို့၊ စားရေးသောက်ရေး ကူညီပေးမယ့် စသဖြင့် ကူညီပေးမယ့်ကျေးရွာတွေကို ဦးစားပေးဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းစီမံချက်အရ ဧပြီလ ၁ ရက်နေ့မှ မေလကုန်အထိ နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများ ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်သည်။

"အခမဲ့ One stop service လုပ်ချင်တယ်။ နိုင်ငံသားစိစစ်ရေးကတ်လုပ်မယ့်လူရဲ့ဓာတ်ပုံ၊ သွေးစစ်တာ၊ စာရွက်စာတမ်းမိတ္တူစသဖြင့် လူဒါန်းနိုင်ပါတယ်။ တစ်ဦးကို ငွေကျပ် ၂,၀၀၀ ကျော်ဆိုတော့ ဒီစီမံချက်က ကျပ်သိန်း ၄၀ လောက်ကုန်ကျနိုင်တာပါ။ အဲဒီအတွက် အလှူရှင်လိုအပ်နေပါတယ်"ဟု ဦးသောင်းဇော်က ပြောသည်။

မိုးပွင့်စီမံချက် ဆောင်ရွက်နေစဉ်အတွင်း သွေးနှောသူများအား နိုင်ငံသားစိစစ်ရေးကဒ်ပြား လျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက်လည်း ပူးတွဲဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

"မိုးပွင့်ကိုလုပ်တဲ့အချိန်မှာ သွေးနှောတွေကိုလည်း မချန်ဘူး။ ဆောင်ရွက်ပေးတယ်။ သွေးနှောတွေကို မြို့နယ်နုံးမှာ စိစစ်တယ်၊ တိုင်းနုံးမှာ စိစစ်တယ်။ သုံးနေရာစိစစ်တယ်။ ဘယ်သူ ဘယ်မှာကြာလဲဆိုတာ။ ဘယ်နေရာမှာ ကြာတာလဲဆိုတာ ရက်စွဲနဲ့ ပြန်စိစစ်တယ်"ဟု ဆိုသည်။

ချမ်းအေးသာစံမြို့နယ်တွင် နေထိုင်သူတစ်ဦးဖြစ်သည့် ဦးဝင်းအောင်က "ဦးသားက ပတ်စပို့စ်လုပ်တော့ ၁၈ နှစ်ပြည့်မှတ်ပုံတင်လဲဖို့ ဖြစ်လာတယ်။ ဦးတို့က သွေးနှောဆိုတော့ အရင်တုန်းက တစ်ခါတစ်ခါ လုပ်ရင်သိပ်ကြာတယ်။ လေးငါးခြောက်လလောက်ထိ ကြာတယ်။ သွားရပြီဆိုရင် အခေါက်ခေါက်အခါခါပါပဲ။ အခုနှစ်ပတ်ထဲနဲ့တင်ပြီးသွားတယ်။ ဖောင်ဖိုး၊ မိတ္တူဆွဲတာလောက်ပဲ ကုန်တာပါ'ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးသည် မိုးပွင့်စီမံချက်ကို ၂၀၁၁ လောက်ကတည်းက စတင်ခဲ့ပြီး နိုင်ငံသားစိစစ်ရေးကဒ်ပြားလေးသိန်းနီးပါး ထုတ်ပေးနိုင်ခဲ့သည်ဟု သိရသည်။ ■

ပစ္စည်းသစ်အဖြာဖြာ ဖတ်စရာ . . .

မန္တလေးအထူးကဏ္ဍ ခ မှ

DKNY

သစ်သီးအနံ့လို စိတ်လန်းဆန်းမှုကို ဖြစ်စေနိုင်တဲ့ DKNY အမှတ်တံဆိပ် ရေမွှေးပါ။ အနံ့ခြောက်မျိုးရှိပြီး အသီးရဲ့ အနံ့ကိုလိုက်လို့ ပုလင်းအရောင်ကိုလည်း ခွဲခြားထားပါတယ်။ အစိမ်း၊ အနီ၊ အနက်၊ အဝါစသဖြင့် ရှိပြီး 100ml ကို ကျပ် ၇၅,၀၀၀ ပါ။



Miss Dior Che'rie

အမျိုးသမီးသုံးဖြစ်ပါတယ်။ Che'rieအမျိုးအစားဖြစ်ပြီး သူ့ရဲ့ ရေမွှေးပုလင်းပုံစံက ဂန္ဓဝင်ဆန်ပါတယ်။ ဈေးနှုန်းက 100ml ကို ကျပ် ၁၁၀,၀၀၀ ပါ။



အခု ပြောပြခဲ့တဲ့ နာမည်ကြီးရေမွှေးအမျိုးအစားတွေကို ၇၇ လမ်းနဲ့ ၇၈ လမ်းကြား၊ ၃၃ လမ်းနဲ့ ၃၄ လမ်းကြားမှာရှိတဲ့ ဒိုင်းမွန်း ပလာဇာ ပထမထပ်က Smell and Smile Perfumes & Cosmetics မှာရရှိနိုင်ပါတယ်။

ဒီအမျိုးအစားတွေအပြင် Lancome, Estee Lauder, euphoria, Elizabeth Arden, GIO,ISSEY MIYAKE အမှတ် တံဆိပ်တွေကိုလည်း ရရှိနိုင်ပြီး ကျပ်တစ်သိန်းနဲ့အထက် ဝယ်ယူသူတွေကို သုံးလ 5 % Discount ပေးတဲ့ member card တွေထုတ်ပေးနေတဲ့အကြောင်း သတင်းကောင်းတစ်ခါတည်း ပေးလိုက်ပါတယ်။ ဒါပေမဲ့ လာမယ့် မတ်လကုန်ထိပဲတဲ့နော်။ ■





လာမည့်ဘဏ္ဍာနှစ်၌ ယာဉ်အပ်ခနှင့်ရပ်နားခများ မပြောင်းလဲ

ဖြိုးဝေကျော်

လာမည့် ဧပြီလ ၁ ရက်နေ့မှစတင်မည့် ဘဏ္ဍာနှစ်သစ်အတွက် မန္တလေးမြို့တွင်း သတ်မှတ်ထားသည့် ယာဉ်အပ်ခနှင့် ယာဉ်ရပ်နားကန့်သတ်နေရာများ၌ ရပ်ခ၊ အပ်နှံခများကို ပြောင်းလဲမည် မဟုတ်ဘဲ လက်ရှိနှုန်းထားများအတိုင်း ဆက်လက်သတ်မှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာက ယခုလ နောက်ဆုံးပတ်၌ စက်ဘီး၊ ဆိုင်ကယ်၊ ကားအပ်နှံခကောက်ခံခွင့်နေရာ ၄၀ ကျော်နှင့် ယာဉ်ရပ်နားကန့်သတ်ရပ်နားခကောက်ခံခွင့်နေရာ ခြောက်နေရာတို့ကို လုပ်ကိုင်ခွင့်အတွက် လေလံပစ်သွားမည်ဖြစ်သည်။

၎င်းနေရာများတွင် သတ်မှတ်ကောက်ခံနှုန်းထားများကိုမူ လက်ရှိနှုန်းထားများအတိုင်း ဆက်လက်သတ်မှတ်သွားမည်ဖြစ်သည်။

ယာဉ်အပ်နှံခများအဖြစ် စက်ဘီးတစ်စီးလျှင် ကျပ် ၁၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၂၀၀၊ ကားတစ်စီးလျှင် ကျပ် ၃၀၀ ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

ယာဉ်ရပ်နားကန့်သတ်နေရာများအဖြစ် လမ်း ၃၀ (၇၄ လမ်းနှင့် ၇၈ လမ်းကြားဝဲယာ)၊ လမ်း ၈၀ (၂၇ လမ်းနှင့် ၃၃ လမ်းကြားဝဲယာ)၊ ၂၆ လမ်း (လမ်း ၈၀ နှင့် ၈၄ လမ်းကြားဝဲယာ)၊ ၃၅ လမ်း (လမ်း ၈၀ နှင့် ၈၄ လမ်းကြားဝဲယာ)၊ ၈၂ လမ်း (၂၆ လမ်းနှင့် လမ်း ၃၀ ကြားဝဲယာ)နှင့် ၈၃ လမ်း (၂၆ လမ်းနှင့် လမ်း ၃၀ ကြားဝဲယာ)တို့ကို သတ်မှတ်ထားသည်။

၎င်းလမ်းများတွင် တစ်နာရီရပ်နားပါက ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၅၀၊ ကားတစ်စီးလျှင် ကျပ် ၁၀၀ (တစ်နာရီထက် မည်မျှကျော်လွန်ရပ်နားသည်ဖြစ်စေ ကျပ် ၂၀၀) ကောက်ခံရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည်။

ဆိုင်ကယ်စီးရေ ၄၀၀,၀၀၀ ကျော်နှင့် အတူ ကားစီးရေများလည်း တိုးလာနေသော မန္တလေးမြို့၌ ယာဉ်အပ်ခွင့်နှင့် ရပ်နားကောက်ခံခွင့် လုပ်ငန်းများမှာ လုပ်ငန်းရှင်များ အကြိုက်တွေ့ကြသော လုပ်ငန်းများဖြစ်ကာ လာမည့်နှစ် လုပ်ကိုင်ခွင့်အတွက်လည်း လေလံကြေးအပြိုင်ပေးကာ ဝယ်ယူကြဖွယ်ရှိသည်။

သို့ရာတွင် ရတနာပုံစျေးနှင့် ဒိုင်းမွန်းပလာဇာ၊ 78 Shopping Center၊ Great Wall Shopping Center၊ မနေ်ရမ္မံဥယျာဉ် ကလေးကစားကွင်းစသော နေရာများအပါအဝင် ယာဉ်အပ်ခံနေရာတချို့ကိုမူ လေလံအထူးချအစီအစဉ်ဖြင့် ချပေးထားကြောင်းသိရသည်။

"ယာဉ်အပ်တဲ့၊ ရပ်တဲ့နှုန်းတွေက တော့ ကောက်တဲ့ဝန်ထမ်းတွေက တစ်ခါတလေ လည်ရင်လည်သလို၊ လုပ်လို့ရရင် ရသလို ပိုကောက်နေကြတာပဲ။

သတ်မှတ်နှုန်းတွေကို လူထုကျယ်ကျယ်ပြန့်ပြန့်သိအောင် လုပ်ပေးဖို့လိုအပ်သလို ကွန်တော်တို့ကလည်း သူတို့ ဘယ်လိုပိုတောင်းတောင်း၊ သတ်မှတ်ခပဲ ပေးကြဖို့လိုပါတယ်"ဟု မန္တလေးမြို့သားတစ်ဦးဖြစ် သူကိုအောင်ကိုက ၎င်းအမြင်ကို ပြောသည်။ ■



မန္တလေးဈေးချို့ရှိ ဆိုင်ကယ်အပ်ခံ နေရာတစ်ခုကိုတွေ့ရစဉ်။ ဓာတ်ပုံ - ဖြိုးဝေကျော်

MANDALAY QuickGuide
Advertising Hotline:
02 65391 | 02 24450
www.mmtimes.com

GEMS & JEWELLERY
SILK
Fashion
Beauty Salon
Beauty Salon
Education
Travel agency
Diva fashion
Diamond Beauty Spa
Angle Beauty Salon
KMC
Seven Diamond
GI Group
Ditto fashion
LECEA
Sanstar Handbags Fashion
Beauty Mandalay
Best Care Beauty Center
Long Style Beauty Saloon
Star Flower Fashion
amara fashion
Pink Lady Beauty Salon
Hotel
Hotel Mandalay
HOTEL SHWE PYI THAR MANDALAY MYANMAR
Hotel Queen Mandalay
Mount Pleasant Hotel
NEC
PEC
Arirang
Joy House Food Center
Computer
CMSystemz
Furniture
ROYAL ROOFING
Sea Bird Foam Store
Service
Super Mobile
Color Stones Mandalay
Gem Classes for Ruby, Sapphire, Diamond & Jade
Advertising here with
ONLY 5000 KYATS
Hotline : 02 65391, 02 24450